
www.burmeseclassic.com

စိတ်ကူးချိုချိုအနုပညာ



# မြန်မာ့ခေါင်းလောင်း

လှိုင်ဝင်းဆွေ

ဒုတိယအကြိမ်ပြင်ဆင်ဖြည့်စွက်ထုတ်ဝေခြင်း

www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူ - ဦးစန်းညိမ်း ပုံနှိပ်သူ - ဒေါ်ဝင်းမာ
အဖုံးအဆင် - အမ်အက်စ်အို
၂၀၁၂၊ ဒီဇင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၇၀၀ ကျပ်

မြန်မာ့ခေါင်းလောင်း
လှိုင်ဝင်းဆွေ၊ -ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ဒုတိယအကြိမ်၊ ၂၀၁၂၊
စာမျက်နှာ ၂၅၆ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ
(၁) မြန်မာ့ခေါင်းလောင်း

## မာတိကာ

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| **အခန်း ၁။** | **မြန်မာ့ခေါင်းလောင်း** | ၁ |
| | - ခေါင်းလောင်းအစ | ၂ |
| | - ခေါင်းလောင်းအလှူ | ၄ |
| | - ခေါင်းလောင်းထိုး ဓလေ့ | ၈ |
| | - မြန်မာ့နာရီ | ၁၀ |
| | - ပဟိုရ်စည် | ၁၃ |
| **အခန်း ၂။** | **ခေါင်းလောင်းစာများ** | ၁၇ |
| | - ခေါင်းလောင်းစာ | ၁၈ |
| | - ခေါင်းလောင်းစာ အရေးအသား | ၂၃ |
| | - ခေါင်းလောင်းစာပါ စကားအသုံးအနှုန်း | ၂၆ |
| | - မြန်မာသက္ကရာဇ် | ၂၈ |
| | - ဝေါဟာရ အသုံးအနှုန်း | ၃၄ |
| | - တောင်ငူခေတ် ခေါင်းလောင်းစာ | ၃၈ |
| | - ညောင်ရမ်းခေတ် ခေါင်းလောင်းစာများ | ၄၁ |
| | - မြန်မာ့သံရည်ကျိုလုပ်ငန်း | ၇၀ |
| | - ခေါင်းလောင်းစာ မှင်လိမ်းကူးလုပ်ငန်း | ၇၅ |
| | - ကုန်းဘောင်ခေတ် ခေါင်းလောင်းစာ | |
| | (က) တိလောကခေါင်းလောင်းစာ | ၇၇ |

www.burmeseclassic.com

www.burmeseclassic.com


(ခ) ရှင်မတောင်ဘုရား ခေါင်းလောင်းစာ ၈၀

(ဂ) ဗားကရား ခေါင်းလောင်းစာ ၈၆

(ဃ) ရွှေချက်သိုစေတီ ခေါင်းလောင်းစာ ၉၁

(င) ပြည်ရွှေဆံတော် ခေါင်းလောင်းစာ ၉၃

(စ) မန္တလေးဘုရား ခေါင်းလောင်းစာ ၉၅

(ဆ) ရှင်ပင်ဘုန်းပေါင် ခေါင်းလောင်းစာ ၉၈

(ဇ) မကွေးမြသလွန်ဘုရား
ခေါင်းလောင်းစာ ၁၀၂

- ရတနာပုံခေတ် ခေါင်းလောင်းစာ ၁၀၉

- ရတနာပုံခေတ်လွန် ခေါင်းလောင်းစာ ၁၁၉

**အခန်း ၃။ ထင်ရှားသော မြန်မာ့ခေါင်းလောင်းများ** ၁၂၅

- မင်းကွန်းခေါင်းလောင်း ၁၂၈

- စဉ့်ကူးမင်းခေါင်းလောင်း ၁၃၆

- သာယာဝတီမင်းခေါင်းလောင်း ၁၄၂

ပြည်ရွှေဆံတော် ခေါင်းလောင်း ၁၄၆

**အခန်း ၄။ ခေါင်းလောင်းနှင့် အပြောက်အမွမ်း** ၁၅၅

- အပြောက်အမွမ်း ၁၅၆

- ခေါင်းလောင်းနှင့် အနုပညာလက်ရာ ၁၆၃

**အခန်း ၅။ ခေါင်းလောင်းတန်ဆာနှင့် မြန်မာမှု** ၁၇၁

- မြန်မာ့ရုပ်ပေါင်းစုအနုပညာ ၁၇၂

- ခြင်္သေ့ရုပ် ၁၇၄

- ပဉ္စရူပရုပ် ၁၇၇

- ဇော်ဂျီရုပ် ၁၇၉

- ကိန္နရာရုပ် ၁၈၁

- နရားရုပ် ၁၈၅

- သိကြားရုပ် ၁၈၉

- မနုဿသီဟရုပ် ၁၉၁

**အခန်း ၆။ ဆည်းလည်းခေါင်းလောင်းများ** ၁၉၃

- ဆည်းလည်းခေါင်းလောင်း ၁၉၄

- မင်းတုန်းမင်း၏ ထီးတော်ကြီး ၁၉၇

- ရွှေတိဂုံစေတီမှ
ဆည်းလည်းခေါင်းလောင်းများ ၂၀၃

**အခန်း ၇။ မြန်မာ့ကြေးလုပ်ငန်း** ၂၁၁

- ပန်းတဉ်းလုပ်ငန်း ၂၁၂

- မြန်မာ့ကြေးထည်ပစ္စည်းများ ၂၁၄

- ခေါင်းလောင်းသွန်းလုပ်ငန်း ၂၂၃

**အခန်း ၈။ ခေါင်းလောင်းနှင့် အမှုဝေ ဆုတောင်းခြင်း** ၂၂၇

**အခန်း ၉။ စေတီနှင့် ခေါင်းလောင်း** ၂၃၇

**အခန်း ၁၀။ ရှေးဟောင်းပစ္စည်းထိန်းသိမ်းရေး** ၂၄၅

ကျမ်းကိုးစာရင်း

- မူရင်းအထောက်အထားများ ၂၅၃

စာအုပ်စာတမ်းများ ၂၅၅


www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

## မြန်မာ့ခေါင်းလောင်း

www.burmeseclassic.com

www.burmeseclassic.com

## ခေါင်းလောင်းအစ

ရှေးဟောင်းမြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ၏ အကြောင်းကို လေ့လာလျှင် မဇ္ဈိမဒေသယဉ်ကျေးမှုကို ချွင်းချန်ထား၍ရမည် မဟုတ်ပေ။ နယ်မြေအနေအထားကိုလိုက်၍ နိုင်ငံအချင်းချင်း ကူးသန်းရောင်းဝယ်ရာမှလည်းကောင်း၊ စစ်ရေး၊ ဘာသာရေး၊ လူမှုရေးများကြောင့်လည်းကောင်း ယဉ်ကျေးမှု အနုပညာရပ်ချင်း ကူးလူးဆက်နွှယ်ခဲ့ကြသည်မှာ ဓမ္မတာပင်ဖြစ်သည်။

မြန်မာသည် မဇ္ဈိမဒေသနှင့် ဗုဒ္ဓခေတ်မတိုင်မီကတည်းက ဆက်သွယ်မှုရှိသင့်သလောက် ရှိခဲ့ပါသည်။ အနောက်ဘက်ကမ်းမြှောင်ဒေသနေ ရခိုင်အနွယ်တို့သည် မဇ္ဈိမဒေသယဉ်ကျေးမှုကို အေဒီ ၉ ရာစုလောက်ကပင် လက်ခံရယူထားပြီးဖြစ်သည်။ ထို့ပြင် နီးစပ်ရာအိမ်နီးချင်းနိုင်ငံများမှ လမ်းကြောင်းအသွယ်သွယ်ဖြင့် ယဉ်ကျေးမှုအချို့ကို စတင်ရရှိခဲ့ကြသည်။

ဤသို့ ယဉ်ကျေးမှုချင်း ကူးလူးဆက်ဆံခဲ့ကြသည်အနက် မြန်မာနိုင်ငံမှ အနောက်မဇ္ဈိမဒေသမှ ဗုဒ္ဓသာသနာတော် ရောက်ရှိပြန့်ပွားလာခြင်းမှာ ထူးခြားချက်တစ်ရပ်ဟု ဆိုနိုင်လေသည်။

ယေဘုယျအားဖြင့်ဆိုပါက ဗုဒ္ဓဘာသာ၌ ယုံကြည်သက်ဝင်သူများ အဖို့ ဝါဒကြီးနှစ်ရပ်ရှိကြောင်း တွေ့ရပါသည်။ ဟိနယာနခေါ် ထေရဝါဒဗုဒ္ဓဘာသာကို မြန်မာနိုင်ငံအပါအဝင် တောင်ပိုင်းအာရှနိုင်ငံများတွင် လက်ခံကျင့်သုံးကြသည်။ မဟာယာနဗုဒ္ဓဘာသာသည် တရုတ်၊ ဂျပန်စသည့် မြောက်ပိုင်းဒေသများတွင် ရှင်သန်လန်းဆန်းပါသည်။ ဗုဒ္ဓဘာသာအယူဝါဒသည် အာရှ



တိုက်သားများအတွက် ယဉ်ကျေးသိမ်မွေ့စေသော အကြောင်းရပ်များအနက် အကြီးမားဆုံးသော အကြောင်းရပ်တစ်ခုဖြစ်သည်ဟုဆိုက မှားအံ့မထင်။

မြန်မာရာဇဝင်များအလိုအရ အေဒီ ၄၀၀ ခန့်တွင် မဟာယာနဗုဒ္ဓဘာသာသည် သထုံနှင့် သရေခေတ္တရာတို့သို့ ရောက်ရှိလာသည်။ ထို့ပြင် သီဟိုဠ်မှ ထေရဝါဒဗုဒ္ဓဘာသာလည်း မြန်မာနိုင်ငံသို့ ပျံ့နှံ့လာသည်။ မင်းဧကရာဇ်ချင်း လက်ဆောင်တွဲလှယ်နှင်းဆက်ကြရာမှ သာသနိကအမွေများ ပါဝင်လာခြင်း၊ သာသနာပြုများ စေလွှတ်ရောက်ရှိခြင်းတို့ကြောင့် ဗုဒ္ဓဘာသာသည် အလွယ်တကူပျံ့နှံ့လာခဲ့ခြင်း ဖြစ်ပေသည်။

ဗုဒ္ဓသာသနာကိုအကြောင်းပြု၍ ဗုဒ္ဓစာပေ၊ ယဉ်ကျေးမှု၊ အနုပညာဓလေ့ထုံးစံများလည်း ရောက်ရှိလာ၏။ ဂိုဏ်းအသီးသီး၏ ဩဇာလွှမ်းမိုးမှုကြောင့်လည်း ရုပ်တု၊ ဆင်းတု သွန်းလောင်းထုလုပ်မှုများ တစ်စထက်တစ်စ ပြန့်ပွားလာပါသည်။ သာသနာတော်ခိုင်မာစည်ပင်ရန်အလို့ငှာ ရဟန်းရှင်လူပညာသည်အများအပြား ကူးပြောင်းရောက်ရှိခဲ့သည်။

ကိုးကွယ်ယုံကြည်မှုကို အကြောင်းပြု၍ ဝူ၊ ဘုရားပုထိုး၊ စေတီ သိမ်ကျောင်း ဇရပ်ဆောက်လုပ်မှု ဗိသုကာအတတ်များ ပေါ်ထွန်းလာခဲ့သည်။ ဗိသုကာလက်ရာအဆောက်အအုံများကို လှပသေသပ်ခန့်ညားစေရန် အပြောက်အမွှမ်းခြယ်သော ယဉ်ကျေးမှုထုံးဓလေ့များလည်း ထွန်းကားလာ၏။ ရှေးဟောင်း မြန်မာလူမျိုးတို့၏ အနုပညာပန်းဆယ်မျိုးသည် လက်မှုပညာလုပ်ငန်းတစ်ရပ်အနေဖြင့် တစ်ဆင့်တိုးတက်ဖို့ ဖန်တီးလာခြင်းဖြစ်သည်ဟု ဆိုရပေမည်။

အေဒီ ၁၁-၁၂ ရာစုအတွင်း ဗုဒ္ဓသာသနာတော်သည် မြန်မာနိုင်ငံ၌ အခြေခိုင်သော အုတ်မြစ်ကိုချမိပေပြီ။ ထိုခေတ်က သရေခေတ္တရာ၊ ပုဂံစသော နယ်မြေတစ်ဝိုက်တွင် သာသနာရောင်ဝါထွန်း၍ စည်ပင်ချမ်းမြေ့နေခဲ့မည်မှာ အမှန်။

သဒ္ဓါဇောထက်သန်လှသော ရှေးဟောင်းမြန်မာတို့သည် ကိုးကွယ်မှုကို အကြောင်းပြု၍ ဘုရားစေတီ၊ ဝူကျောင်း၊ ဇရပ်စသော သာသနိကအဆောက်အအုံအမျိုးမျိုးကို ဆောက်လုပ်လှူဒါန်းကြသည်။ တန်ဆောင်းပြာသာဒ်တို့ကို အတင့်အတယ်ဖြစ်အောင် အပြောက်အမွှမ်းခြယ်စီကြလေသည်။ တစ်ဖန် မိမိတို့၏ အလှူဒါနကို အရှည်တည်တံ့ကျန်ရစ်စေရန် ကျောက်ထက်အက္ခရာတင်

www.burmeseclassic.com

www.burmeseclassic.com



ရေးထိုးသည်။ ကုသိုလ်ကောင်းမှုပြုရာ သာသနိက အမွေစာရင်းကို ထည့်သွင်းကမ္ပည်းထိုးသည်။ ဖျက်ဆီးနှောင့်ယှက်သူ အဓမ္မဝါဒီတို့အတွက် ကျိန်စာအမျိုးမျိုး ကျိန်ဆိုသစ္စာပြုသည်။ ရည်မှန်းရာ နိဗ္ဗာန်ချမ်းသာနှင့် ပြည့်စုံရပါလိုကြောင်း ဆုတောင်းသည်။ ကျင်လည်သမျှ သံသရာအဖုံဖုံမှ ဝေနေယျသတ္တဝါတို့အတွက်လည်း အမျှပေးဝေသည်။ ကုသိုလ်ဒါနအတွက် အမျှပေးဝေတိုင်း ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့သည် ကြေးစည်ခေါင်းလောင်းထိုးကာ အမျှပေးဝေခဲ့ကြသည်မှာ ဓမ္မတာ။

ဤသို့ဖြင့် သာသနိကဒါနအဖြစ် ခေါင်းလောင်းသွန်းလုပ်လှူဒါန်းခြင်း၊ ခေါင်းလောင်းထိုးအမျှပေးဝေခြင်း အလေ့အထများသည် မြန်မာနိုင်ငံသို့ ဗုဒ္ဓဘာသာ ပြန့်ပွားလာသည်နှင့်တစ်ပြိုင်တည်းလိုပင် ထွန်းကားလာခဲ့သည်ဟု ဆိုနိုင်လေသည်။

## ခေါင်းလောင်းအလှူ

မြန်မာနိုင်ငံနှင့် ဗုဒ္ဓဝါဒီနိုင်ငံများတွင် သာသနိက အဆောက်အအုံများဖြစ်သော ဘုရားစေတီကျောင်းဇရပ်များ၌ ခေါင်းလောင်းများကို အထင်အရှားတွေ့ရပါသည်။ စင်စစ် ခေါင်းလောင်းသည် ဗုဒ္ဓဘာသာဝင်လူမျိုးတိုင်းအဖို့ မကင်းကွာနိုင်သော သာသနိက အမွေအနှစ်ပစ္စည်းဖြစ်လေသည်။

မြန်မာနိုင်ငံအနှံ့အပြားရှိ မြို့ရွာများမှ တန်ခိုးကြီးဘုရားစေတီများတွင် ခေါင်းလောင်းကြီးငယ် အရွယ်အစားမျိုးစုံကို တွေ့မြင်နိုင်ပါသည်။ စေတီတော်များ၏ ထီးတော်၌၊ ချိတ်ဆွဲလှူဒါန်းကြသော ရွှေငွေကြေးဆည်းလည်းများမှာလည်း ခေါင်းလောင်းအငယ်စားများသာဖြစ်သည်။ ခေါင်းလောင်းကြီးများမှ ထွက်ပေါ်လာသောအသံမှာ ဆွတ်ပျံ့ကြည်နူးဖွယ်ကောင်းသကဲ့သို့ ဆည်းလည်းခေါင်းလောင်းများမှာလည်း လေပြည်လူပ်ခတ်တိုင်း ညှိုးညှိုးညံ့ညံ့ဖြင့် သာယာနာပျော်ဖွယ် ကောင်းလေသည်။

ဤသို့ သာယာနာပျော်ဖွယ်ကောင်းသော ခေါင်းလောင်းများကို မြန်မာဗုဒ္ဓဘာသာဝင်တို့သည် အဘယ်ကြောင့် သွန်းလုပ်၍ ဘုရားစေတီဂူကျောင်းဇရပ်တို့တွင် လှူဒါန်းချိတ်ဆွဲကြရပါသနည်း။



ခေါင်းလောင်းတို့မှ မြည်ဟည်းသံသည် ကြားရသူတို့၏ စိတ်နှလုံးကို ကြည်နူးချမ်းမြေ့စေသည်။ ညစ်ညူးသော အကုသိုလ်စိတ်များကို ပျက်ကြွေလွင့်ပျောက်စေသည်။ ကြည်ညိုသဒ္ဓါစိတ်ကို ပေါက်ဖွားလာစေနိုင်သည်။ ဘာသာရေးကိုင်းရှိုင်းမှု ထက်သန်အောင် စိတ်နှလုံးကို ညှို့ငင်ဆွဲဆောင်စေသည်။ ဤသို့သော ခေါင်းလောင်း၏အကျိုးအာနိသင်ကို ကောင်းစွာသိရှိကြသည့်အလျောက် ထပ်တူထပ်မျှသော ဒါနအကျိုးကို ခံစားရစိမ့်သောငှာ ခေါင်းလောင်းများကို လှူဒါန်းကြခြင်းဖြစ်လေသည်။ စင်စစ် သုတိသာသော နိမိတ်ကိုယူ၍ သဒ္ဓါဒါန အသံအလှူကို လှူဒါန်းခြင်းဟု ခေါ်နိုင်ပါသည်။

ဗုဒ္ဓဘာသာဝင်တို့သည် မိမိတို့၏ လှူဒါန်းမှုကုသိုလ်ကိစ္စများအတွက် သတ္တဝါများအား မိမိတို့နည်းတူ ကုသိုလ်ရစေလိုသည်။ အဖို့ဘာဂအမျှယူသာဓုခေါ်စေလိုသည်။ ဤရည်ရွယ်ချက်ဖြင့် မွန်မြတ်သောစေတနာကို ခေါင်းလောင်းသံဖြင့် ဖြန့်ဝေပေးခြင်းဖြစ်လေသည်။ တစ်နည်းဆိုရသော် ပုဂ္ဂလိကဒါနကို အများကုသိုလ်ဖြစ်အောင် လက်ဆင့်ကမ်းပေးဝေခြင်းဟု ဆိုနိုင်သည်။ မြန်မာတို့၏ လူလူချင်း စာနာထောက်ထားမှု၊ အကြင်နာတရားထားမှုနှင့် မေတ္တာတရားပွားမှုများကို သာဓကဖြစ်စေသော မြတ်နိုးဖွယ်ရာ ဓလေ့ထုံးစံတစ်ရပ်ဖြစ်လေသည်။

ရှေးခေတ်က မြန်မာမင်း၊ မိဖုရား၊ မှူးမတ်၊ သူဌေးသူကြွယ်များကသာ ပုဂ္ဂလိကဒါနအဖြစ် ခေါင်းလောင်းများကို သွန်းလုပ်လှူဒါန်းပါသည်။ ဆင်းရဲသူ လူတန်းစားများမှာ ခေါင်းလောင်းသွန်းလုပ်လှူဒါန်းခြင်းကို တစ်ဦးတည်း မတတ်စွမ်းနိုင်ကြပေ။ သို့သော် ဦးစီးဦးဆောင်ပြုသူတစ်ဦးကိုထား၍ ရွာသူရွာသားများ စုပေါင်းကာ စုပေါင်းအလှူအဖြစ် ခေါင်းလောင်းသွန်းလုပ်လှူဒါန်းခြင်းပြုခဲ့ကြကြောင်းကိုမူ လေ့လာတွေ့ရှိရသည်။

ခေါင်းလောင်းသွန်းလုပ်လှူဒါန်းခြင်း အလေ့အထသည် ပျူခေတ်မတိုင်မီကတည်းက ပေါ်ပေါက်ခဲ့မည်ဟု ခန့်မှန်းရ၏။ ပျူခေတ်သို့ ရောက်သောအခါ ခေါင်းလောင်းသွန်းလှူခြင်း အလေ့အထသည် ခိုင်မာနေပြီဖြစ်သည်။

ယခုအခါ သရေခေတ္တရာပျူတို့၏ လက်ရာအစစ်ဟုခန့်မှန်းရသော ခေါင်းလောင်းတစ်လုံးကို သမိုင်းအထောက်အထားတစ်ရပ်အဖြစ် တွေ့ရှိထား

www.burmeseclassic.com

www.burmeseclassic.com



ပြီ ဖြစ်၏။ အဆိုပါခေါင်းလောင်းကို ပြည်မြို့၏အရှေ့မြောက်ဘက် ၄ မိုင်အကွာ၊ မှော်ဇာအရပ်ရှိ ဘုရားမာဘုရားကုန်းမြေမှ တွေ့ရှိရခြင်းဖြစ်သည်။ ၁၁ လက်မအမြင့်ရှိပြီး လောဟာဖြင့် သွန်းလုပ်ထား၏။ ၎င်းခေါင်းလောင်းတွင် ပျူဒင်္ဂါးများတွင် တွေ့ရလေ့ရှိသော သီရိဝစ္ဆအမှတ်အသားပုံအတွင်း သခ် (ခရုသင်း) တံဆိပ်နှစ်ခုကို သွန်းလုပ်ထားကြောင်း ထင်ရှားစွာတွေ့ရသည်။

ထို့ပြင် ရခိုင်ဝေသာလီမြို့ဟောင်း တောင်ဘက်မြို့ရိုးအနီးရှိ သလ္လာဝတီရွာ၏တောင်ဘက် အပေါင်းတော်မာတ်တောင်စေတီမှ စာရေးထိုးပါရှိသော ဝေသာလီကြေးခေါင်းလောင်းတစ်လုံးကို ရရှိထားကြောင်း သိရ၏။ ခေါင်းလောင်းသွန်းလုပ်သော ခုနှစ်၊ သက္ကရာဇ်ကို အေဒီ ၅ ရာစုဖြစ်မည်ဟု ခန့်မှန်းထားကြသည်။ သို့သော် သတိပြုဖွယ်တစ်ရပ်မှာ ရခိုင်ဝေသာလီနှင့် သရေခေတ္တရာပျူတို့၏ လက်ရာကြေးခေါင်းလောင်းများမှာ သေးငယ်၍ အထည်ကိုယ်ဒြပ် ကြီးကြီးမားမား မဟုတ်ပေ။ ထို့ကြောင့် ပုဂံခေတ်မတိုင်မီက သွန်းလုပ်သောခေါင်းလောင်းများမှာ ခေါင်းလောင်းငယ်များဖြစ်သည်ဟု ဆိုနိုင်လေသည်။ အထည်ကိုယ်ဒြပ်ကြီးမားသော ဗုဒ္ဓသာသနိက ကြေးခေါင်းလောင်းများ သွန်းလုပ်လှူဒါန်းခြင်းကိုမူ ပုဂံခေတ်ရောက်မှ ထင်ထင်ရှားရှား တွေ့လာရပါသည်။

မြန်မာ့ယဉ်ကျေးမှုဖွံ့စည်းပုံ တိုးတက်ထွန်းကားလာပြီဖြစ်သော ပုဂံခေတ်၌ ကြေးသတ္တုကို အဆင့်အတန်းမြင့်စွာ ပြုလုပ်တတ်လာကြောင်း ပန်းတဉ်းလက်ရာပညာများကို လေ့လာသိရှိနိုင်သည်။ ထို့ပြင် ပန်းတဉ်းပညာစွမ်းဖြင့် ဘာသာ၊ သာသနာရေးဆိုင်ရာ ပစ္စည်းအဖြစ် ကျောင်းကန်ဘုရားများ၌ ခေါင်းလောင်းများ သွန်းလုပ်လှူဒါန်းခဲ့ပုံကို မင်းအမတ် ဉာဏဗိစည်းကျောက်စာတွင် ဤသို့တွေ့ရှိရသည်။

> "ခေါင်လောင် ကြိယ်အပိသာ ၁၀၆ ပိသာခွယ်အော်။ သွန်အော်။
> ကူတွတ်ကာ ကြိယ် ၅၅ ပိသာခွယ်"

ကျန့်စစ်သားမင်းလက်ထက်တွင် ကြေးစင်တစ်ထောင်စီဖြင့် သွန်းလုပ်သော ခေါင်းလောင်းကြီးငါးလုံးကို ရွှေစည်းခုံဘုရားတွင် သုံးလုံး၊ အာနန္ဒာ



ဘုရားတွင်တစ်လုံး၊ မင်းအိုချမ်းသာဘုရားတွင် တစ်လုံး လှူဒါန်းခဲ့သည်။ ထို့ပြင် အလောင်းစည်သူမင်းသည် "ကြေးစင်တုလာတစ်သောင်းကို သွန်းသော ခေါင်းလောင်းကြီးနှစ်လုံးတို့ကို သဗ္ဗညုဘုရားမှာ တစ်လုံး၊ ရွှေကူဘုရားမှာ တစ်လုံး လှူတော်မူသည်" ဟု ဦးကုလားရာဇဝင်၌ ပြဆိုထားသည်။ ငါးကျပ်တစ်ပိုလ်၊ ပိုလ်တစ်ရာတစ်တုလာဟူသော မြန်မာ့ရိုးရာ ချိန်တွယ်တိုင်းတာမှုနှင့် တွက်ဆသော် ပိသာချိန်ငါးသောင်းစီရှိကြောင်း သိရ၏။ ခေါင်းလောင်းများ မည်မျှအလေးချိန်စီးမည်ကို ချိတ်ဆွဲတိုင်ကြီးများအား ကြည့်၍ ခန့်မှန်းနိုင်ပါသည်။ အဆိုပါခေါင်းလောင်းချိတ် အုတ်တိုင်ကြီးများကို သဗ္ဗညုဘုရား၏အနီးတွင် ယနေ့တိုင် တွေ့မြင်နိုင်ပါသေးသည်။

ရှင်စောပုကို ဆက်ခံသော ဓမ္မစေတီမင်းသည်လည်း ကြေးပိသာချိန်တစ်သောင်းရှိ၍ အဝရှစ်တောင်ကြေးပိသာချိန် ငါးရာစီစီးသော ခေါင်းလောင်းငယ်တို့ကို ရွှေတိဂုံဘုရားတွင် လှူဒါန်းခဲ့သည်။ သို့သော် ငဇင်ကာဦးစီးသော ပေါ်တူဂီစစ်သားတို့ သိမ်းယူဖျက်ဆီးကာ အရည်ကျိုချက်ခြင်း၊ လက်နက်ခဲယမ်းခွဲများပြုလုပ်ခြင်းစသည့် အဖျက်လုပ်ငန်းများကြောင့် မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာလက်ရာများ ဆုံးရှုံးခဲ့ရလေသည်။

ကုန်းဘောင်ခေတ်ဦးသို့ ရောက်သောအခါ ထုထည်ကြီးမားသော ခေါင်းလောင်းသွန်းလုပ်လှူဒါန်းခြင်းဓလေ့မှာ ကျယ်ပြန့်လျက်ရှိနေပြီ ဖြစ်သည်။ မည်သို့ဆိုစေ ယခုခေတ်တွင် တွေ့ရသော ရှေးဟောင်းခေါင်းလောင်းများအနက် ညောင်ရမ်းခေတ်ခေါင်းလောင်းများကိုသာ ရှေးအကျဆုံးခေါင်းလောင်းများအဖြစ် စံထားနေကြရတော့သည်။ ပုဂံခေတ်ခေါင်းလောင်းများမှာ မရှိသလောက် ရှားပါးလှလေသည်။ ပုဂံပျက်စဉ်က ကြေးခေါင်းလောင်းများကို ရွှေထင်မှတ်၍ ဖျက်ဆီးပစ်ခဲ့ကြသည်ဟု ယူဆရသည်။ ယနေ့ခေတ်တွင်မူ- ခေါင်းလောင်းသွန်းလုပ်လှူဒါန်းခြင်းဓလေ့သည် မရှိတော့သလောက် ရှားပါးနေပေပြီ။

မည်သို့ဆိုစေ မြန်မာ့ခေါင်းလောင်းများကို လေ့လာရသောအခါ ရှေးခေတ်ကုသိုလ်ရှင်များသည် ခေါင်းလောင်းများတွင် ကမ္ပည်းထိုး၍ ဘုရားကျောင်းကန်တို့၌ သဒ္ဓါဒါနအဖြစ် သွန်းလုပ်ချိတ်ဆွဲ ကုသိုလ်ပြုခဲ့ကြသည်ကို တွေ့ရ၏။ ဘာသာရေး၊ ယဉ်ကျေးမှု အထိမ်းအမှတ်ပစ္စည်းအဖြစ် သွန်းလုပ်လှူဒါန်းကြသော်လည်း သမိုင်းကိုများစွာ အထောက်အကူပြုသော ယဉ်ကျေးမှု

www.burmeseclassic.com

www.burmeseclassic.com



အမွေတစ်ရပ်ဖြစ်နေကြောင်းလည်း သိရ၏။ လေ့လာဖော်ထုတ်ရသမျှ ခေါင်းလောင်းတို့မှာ မြန်မာ့သမိုင်းကို ပြောပြလျက်ပင် ရှိသေသည်။

## ခေါင်းလောင်းထိုးဓလေ့

ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်း၌ ခေါင်းလောင်းနှင့်ပတ်သက်၍ ဓလေ့ထုံးစံအမျိုးမျိုးရှိကြသည်။ ဘာသာရေးတွင် ကောင်းမှုကုသိုလ်ပြုပြီးတိုင်း အမျှပေးဝေရာ၌ ခေါင်းလောင်းထိုးသည့် ဓလေ့ထုံးစံရှိသည့်နည်းတူ နန်းတက်ပွဲ၊ လက်ထပ်မင်္ဂလာပြုပွဲနှင့် အချို့သော မင်္ဂလာအခမ်းအနားများတွင်လည်း ခေါင်းလောင်းထိုးလေ့ရှိသည်။

အချို့နိုင်ငံများတွင် စစ်ကြီးပြီးဆုံးသည့်အခါ နိုင်ငံလွတ်လပ်သည့်အခါများ၌လည်း ဝမ်းသာသည့်အထိမ်းအမှတ်အဖြစ် ခေါင်းလောင်းထိုးလေ့ရှိကြောင်း တွေ့ရ၏။ ထို့မျှမက အချို့သော ဘုရင်များ နတ်ရွာစံသည့်အခါ အမင်္ဂလာအခမ်းအနားအတွက် ဝမ်းနည်းသော အထိမ်းအမှတ်အဖြစ် ကြေကွဲဖွယ်ကောင်းအောင် ခေါင်းလောင်းထိုးလေ့ရှိပါသည်။

မြန်မာတို့၏ ခေါင်းလောင်းထိုးဓလေ့မှာမူ အခြားနှင့်မတူ တမူထူးခြားသည်။ အေဒီ ၅ ရာစုမှ ပျူနိုင်ငံအကြောင်းကို မှတ်တမ်းတင်ထားချက်များအနက် တရုတ်နိုင်ငံ တန်ရာဇဝင်သစ်၌ "ဘုရင့်နန်းတော်တွင် ခေါင်းလောင်းနှစ်လုံးရှိသည်။ တစ်လုံးမှာ ရွှေဖြစ်၍ တစ်လုံးမှာ ငွေဖြစ်၏" ဟုဖော်ပြသည်။ မည်သည့်အကြောင်းများ ဖြစ်ပွားပေါ်ပေါက်လျှင် ဘုရင့်နန်းတော်ရှိ ဤခေါင်းလောင်းများကို ထိုးခတ်လေ့ရှိကြောင်း အတိအကျ မသိရပေ။

သို့ရာတွင် ရှေးဟောင်းရာဇဝင်ကျမ်းကြီးများ အလိုအရ သရေခေတ္တရာမြို့တည်နန်းတည် ဒွတ္တပေါင်မင်းကြီးသည် မင်းအဖြစ်ရသည်နှင့် အတိုင်းတိုင်းအပြည်ပြည်တို့ကို လက်နက်နိုင်ငံတော်အတွင်း သွတ်သွင်းခဲ့ပြီး အခွန်ကောက်ခံခဲ့သည်။ ဤသို့ အခွန်ကောက်ခံခြင်းနှင့် ပတ်သက်၍ မှန်နန်းရာဇဝင် ပထမတွဲ၊ စာမျက်နှာ ၁၇၁ တွင် ဤသို့ ဖော်ပြထားလေသည်။

"ခေါင်းလောင်းကြီး စည်ကြီးတို့ဖြင့် အခွန်ခံသောအခါလည်း ဤကဲ့သို့ တစ်ချက်ခတ်တီးသည်ရှိသော် ထိုထိုသော လူမင်း၊ နဂါးမင်းတို့



နားရင်း၌ တီးဘိသကဲ့သို့ ထိုအသံတို့သည် တည်လေ၏။ ထိုအခါ ထိုထိုသော မင်းတို့သည် ရှိသေခယမ်းသော စကားဖြင့် တောင်းပန်သည်ဖြစ်မှ အသံစဲခဲသာဟူ၏"

သရေခေတ္တရာပျူခေတ်တွင် ဒွတ္တပေါင်မင်းကြီးသည် မိမိအုပ်စိုးရာဒေသများအတွင်း အခွန်ကောက်ခံလိုလျှင် ခေါင်းလောင်းထိုးကာ ကောက်ခံလေ့ရှိကြောင်း သိရသည်။ ထို့ပြင် ခေါင်းလောင်းကြီး စည်ကြီးတို့ကို တစ်ချက်မျှတီးခတ်ရုံနှင့် လူမင်း၊ နဂါးမင်းတို့ အခွန်ဆက်သရန် ရောက်လာရသည်ဟုဆိုသဖြင့် အစွမ်းထက်မြက်သော ဘုရင်တစ်ပါးအဖြစ် မှတ်ယူနိုင်သည်။

ပုဂံ အင်းဝခေတ်များ၌ ကိုးကွယ်ယုံကြည်မှုနှင့် ပတ်သက်၍ ခေါင်းလောင်းထိုး အမျှပေးဝေခြင်းများ ဆက်လက်ရှိခဲ့ပါသည်။ တောင်ငူခေတ်သို့ ရောက်သောအခါ သာသနာရေးကိစ္စ၌ သုံးစွဲရုံမျှမက ပြည်သူ့တရားစီရင်ရေးစနစ်တွင်ပါ ခေါင်းလောင်းထိုးဓလေ့ ပေါ်ထွန်းလာခဲ့သည်။

ဆင်ဖြူရှင် ဘုရင့်နောင်မင်းတရားသည် ပြည်သူနှင့် မင်းဧကရာဇ်တို့အကြား ဆက်သွယ်ပေးနိုင်သော တရားခေါင်းလောင်း၊ တရားစည်ကြီးများကို နန်းတော်တွင် ချိတ်ဆွဲထားစေခဲ့သည်။ တရားအမှုအခင်းတစ်ခုကို တရားသူကြီးတို့၏ ဆုံးဖြတ်ချက်ဖြင့် စီရင်၍မရခြင်း၊ စီရင်ပါသော်လည်း မှန်မှန်ကန်ကန် ဖြစ်မလာခြင်းရှိသည့်အခါ ပြည်သူတို့က တရားခေါင်းလောင်းထိုး၍ မင်းဧကရာဇ်ထံ တိုင်တန်းနိုင်သော အခွင့်အရေးမျိုး ပေးခဲ့ခြင်းဖြစ်လေသည်။ စင်စစ်နိုင်ငံတော်၏ အာဏာပိုင်မင်းဧရာဇ်ထံ ပြည်သူတို့ အယူခံဝင်နိုင်သော ပြည်သူ့တရားစီရင်ရေးစနစ်၏ အရှေ့ဦးဟု ဆိုနိုင်ပါသည်။

ဆင်ဖြူရှင်ဘုရင့်နောင်၏ ကျယ်ပြန့်လှသော နိုင်ငံပိုင်နက်အတွင်း တပြေးညီ သတ်မှတ်ထားသော တရားစီရင်ရေးကိစ္စအတွက် တရားခေါင်းလောင်းထိုးကာ စီရင်ဆုံးဖြတ်လေ့ရှိကြောင်းကို မဟာရာဇဝင်ကြီး ဒုတိယတွဲ၊ စာမျက်နှာ ၂၆၆ တွင် ဤသို့ မှတ်တမ်းတင်ခဲ့ကြောင်း လေ့လာရမိသည်။

"ထိုမှတစ်ပါး တိုင်းသူပြည်သားများအတွင်းတွင် တရားစကားအရှက်အတင်ရှိ၍ တရားသူကြီးတို့က ဆုံးဖြတ်ပါသော်လည်း တရားမရ၊ မှန်ကန်ရာသို့ မရောက်သဖြင့် လျှောက်လိုသော်လည်း ဆင်ရှိ

www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် မလျှောက်ထားနိုင်သူတို့အတွက် ဒီခေါင်းလောင်းကို ထိုးဟူ၍ တရားခေါင်းလောင်း၊ တရားစည်ကို နန်းတော်ဝင်းတော်ထဲတွင် ဆွဲထားစေခဲ့သည်။

တရားစီရင်ရေးတွင် ဘက်လိုက်၍ အဂတိလိုက်စားသော နှစ်ဖက်လွှတရားသူကြီးများကို ဘုရင့်နောင်မင်းဧကရာဇ်သည် ဟန့်တားလိုဟန်ရှိသည်။ ထို့ပြင် ဆင်းရဲသော ပြည်သူလူထု၏ တွေးခေါ်မျှော်မြင်ဉာဏ်နည်းပါးမှုကို အခွင့်အရေးယူကာ တရားသူကြီးတို့၏ မတရားသော တရားစီရင်ချက်များကို မတိုင်ဝံ့၊ မတောဝံ့ မရှိရလေအောင် ဖန်တီးပေးခဲ့ခြင်းဖြစ်သည်။ ပြည်သူ့အကျိုးအတွက် ပြည်သူတို့ရှေ့မှ မားမားမတ်မတ်ရပ်တည်ခဲ့ခြင်းဟု ဆိုရပေမည်။

ဤသို့အခွန်ကောက်ခံရေးနှင့် တရားစီရင်ရေးကိစ္စများတွင်သာ ခေါင်းလောင်းထိုးခဲ့လေ့ရှိခဲ့သည် မဟုတ်ပေ။ ရှေးခေတ်မြန်မာတို့သည် အချိန်နာရီ၏ စံပစ္စည်းဖြစ်သော မြန်မာ့နာရီပဟိုရ်စည်များ တီးခတ်ရာ၌လည်း ခေါင်းလောင်းကို ပဟိုရ်စည်နှင့် တွဲဖက်၍ တစ်လှည့်စီ တီးခတ်အသံပေးလေ့ရှိကြောင်း တွေ့နိုင်လေသည်။

## မြန်မာ့နာရီ

“တင့်လှမောဟန်၊ ဆင်းသဏ္ဌာန်ကို
တပြန်တဗီ၊ တနာရီမျှ
မြွက်ချီမမေ့၊ တနေ့နေ့လျှင်”

စစ်သည်စာဆိုနဝဒေးသည် စစ်မြေတာကြမ်းသို့ လှမ်းခဲ့ရလင့်ကစား နေပြည်တော်မှ ချစ်ရသူအား တစ်ပြန်တစ်ဗီ၊ တစ်နာရီမျှ မမေ့ပါကြောင်းကို မကွေး မြသလွန်မြတ်ဘုရားထံတော်ပါးဝယ် တိုင်တည်သစ္စာဆိုခဲ့သည်။

“တပြန်၊ တဗီ၊ တနာရီ” ဟူသော ဝေါဟာရအသုံးအနှုန်းများမှာ ရှေးခေတ်မြန်မာ့နာရီ၏ ကာလအပိုင်းအခြားကိုပြဆိုရာ စကားသုံးများဖြစ်လေသည်။ ရှေးမြန်မာမင်းများလက်ထက်တွင် ယခုခေတ်ကဲ့သို့ စက်နာရီများ လုံးဝမပေါ်ပေါက်သေးသဖြင့် ရေနာရီကို သုံးစွဲခဲ့ကြသည်။

ရှေးခေတ်မြန်မာသုံးနာရီတွင် နာရီ၊ ဗီဇနာ၊ ခရာဟု သုံးဆင့်ထားသည်လည်းရှိ၏။ နာရီ၊ ပါဒ်၊ ဗီဇနာ၊ ပြန်၊ ခရာ ဟူ၍ ငါးဆင့်ထားသည်



လည်းရှိ၏။ အများအားဖြင့် ငါးဆင့်ထားခေါ်ဝေါ်သုံးစွဲမှုကို ဇေဒင်ပညာရပ်တွင်လည်းကောင်း၊ သက္ကရာဇ်အချိန်ကာလ တိကျစွာမှတ်ရာတွင်လည်းကောင်း သုံးစွဲလေသည်။ ရှေးခေတ်အချိန်နာရီ၏ စံအတိုင်းအတာမှာ အောက်ပါအတိုင်း ဖြစ်သည်။

| | | |
|---|---|---|
| လက်တစ်ချီး | = | တစ်ခရာ |
| ၁၀ ခရာ | = | တစ်ပြန် |
| ၆ ပြန် | = | တစ်ဗီဇနာ |
| ၁၅ ဗီဇနာ | = | တစ်ပါဒ် |
| ၄ ပါဒ် | = | တစ်နာရီ |
| ၆၀ နာရီ | = | တစ်ရက် |

တစ်ရက်လျှင် နာရီ ၆၀ ထားသဖြင့် နေ့တွင် နာရီ ၃၀၊ ညတွင် နာရီ သုံးဆယ်ရှိကြောင်း သိရ၏။ သို့ရာတွင် နေ့တာ ညတာ ညီမျှသောကာလ၌ (အထူးသဖြင့် တန်ခူးလ၊ သီတင်းကျွတ်လ) နေ့ညနာရီတူဖြစ်သော်လည်း နေ့ည မညီမျှသောကာလတွင် အချိန်နာရီသည်လည်း တူညီမှုမရနိုင်ပေ။ ဤကဲ့သို့ အချိန်နာရီကွာခြားမှုရှိကြောင်းကို ရှေးပညာရှိတို့က လင်္ကာဖြင့် မှတ်တမ်းတင်ခဲ့ကြသည်။

“ပတ်သံတာရှည်၊ တီးသံမြည်၊ လက်ဆည်တံစာရေး တဆယ်လောင်းမည်၊ ထမ်းပိုးရည်၊ ယင်းသည် နာရီပေး၊ ဆယ့်နှစ်လလည်၊ နေဖို့ရည်၊ ညဥ့်သည် အကြွင်းဆေး”

ဖော်ပြပါလင်္ကာအလိုအရ တန်ခူးလကစ၍ ရေတွက်ပြီး တစ်လလျှင် တစ်လုံးကျအစဉ်လိုက် ကောက်ယူရသည်။ တန်ခူးလတွင် ‘ပတ်’ ကျ၏။ ပတ်၏ နေ့နံသင့် အက္ခရာမှာ ၅ ဖြစ်၍ တစ်ဆယ်တိုးသော် ၁၅ ရ၏။ ထမ်းပိုးတင်ဆိုသည့်အတိုင်း နှစ်ပြန်တိုးသော် ၃၀ ဖြစ်၏။ ၄င်းမှာ နေ့နာရီ ဖြစ်၍ ညဥ့်လျှင်အကြွင်းဆေးဟူသော စကားအရ ကျန်နာရီ ၃၀ မှာ ညဥ့်နာရီဖြစ်လေသည်။ ကျန်သည့်လများ၏ နာရီကို သိလိုလျှင် အထက်ပါအတိုင်း တွက်ချက်ယူရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရတနာပုံခေတ်အတွင်းက ရွှေနန်းတော်ကြီးအတွင်း ပြတိုက်တော်မြောက်ဘက်တွင် နာရီတော်ရုံရှိသည်။ နာရီတော်ရုံတွင် ဗေဒင်တတ်၊ မြန်မာပညာရှိ၊ ပုဏ္ဏားပညာရှိတို့ကို နာရီတော်မှူးအဖြစ် ခန့်ထားလေ့ရှိသည်။ နာရီတော်မှူး၏ လက်အောက်တွင် နာရီစောင့်သူ မောင်းတီးသူနှစ်ယောက်စီ အလှည့်ကျထားရှိသည်။ နာရီတော်မှူးတို့မှာ တစ်လလျှင် စပါးတော် ၆၅ တင်းကျစီကို လစာငွေအဖြစ် ရရှိ၏။

၎င်းနာရီတော်ရုံတွင် ရေနာရီဖလားနှစ်လုံး ရေအင်တုံနှစ်လုံး၊ မောင်းတစ်လုံး၊ ခုနစ်လုံးရှိသော ပုတီးကြိုးတန်းတစ်ခုထားရှိသည်။

မြန်မာ့ရေနာရီသည် ရှေးခေတ်အီဂျစ်တို့ သုံးစွဲသောရေနာရီနှင့် အခြေခံအားဖြင့် တူသော်လည်း ပုံစံ၊ အမှတ်သင်္ကေတ၊ အသုံးအနှုန်းစသော အစိတ်အပိုင်းတို့မှာ ခြားနားလေသည်။ စင်စစ်ရှေးမြန်မာတို့သုံးသော ရေနာရီပုံစံမှာ သသိကရိုက်၊ ဝေဒကျမ်းများနှင့် သဒ္ဒါကျမ်းများတွင် ဖော်ပြသော နာရီပုံစံမျိုးဖြစ်သည်။ သင်္ကေတနှင့်သုံးစွဲပုံတို့မှာလည်း ၎င်းကျမ်းများတွင် ညွှန်ကြားထားသည့်အတိုင်း ဖြစ်လေသည်။

မြန်မာ့ရေနာရီမှာ ကြေးနီအချိန် ၁၆ ကျပ်သားကို စောက်လက်ခုနစ်သစ်၊ မျက်နှာအဝလက်ကိုးသစ်ရှိအောင် အတိအကျခတ်လုပ်ထားသော ဖလားဖြစ်၏။ အထူအပါးချောမွတ်ညီညွတ်ပြီး ဖလားအပြင်ဘက်နံဘေး တစ်လျှောက်တွင် အထက်အောက် ဗီဇနာကွက်မျဉ်းကြောင်း ၆၀ ရအောင် အညီအမျှ အတိအကျပိုင်းထားသည်။ ခရာကို သိလိုလျှင် ဗီဇနာကွက်အတွင်း ၆၀ စီ ရေးခြစ်ရသည်။

ဖလား၏ ဖင်အလယ်တည့်တည့်တွင်ဆယ်နှစ်အရွယ် မိန်းမငယ်၏ ဆံကေသာမျှင် ၁၆ပင်မျှ ဝင်နိုင်သော အပေါက်ငယ်တစ်ပေါက် ဖောက်ထားသည်။ ထိုဖလားကို ကြည်လင်သန့်ရှင်းသော ရေအပြည့်ထည့်ထားသည့် တင်းဝင်ရတနာအင်တုံတွင် ချထားရသည်။ ဤသို့ဖြင့် ရှေးခေတ်မြန်မာ့ရေနာရီကို စနစ်တကျသေသပ်စွာ ပြုလုပ်ထားလေသည်။ ၎င်းနှင့်ပတ်သက်၍ ပြည်မြို့ ဝန်တောင်လည်ဘုန်းတော်ကြီးက အောက်ပါအတိုင်း မှတ်တမ်းတင်ဖွဲ့ဆိုခဲ့လေသည်။



“ကြေးနီသပြာ၊ ဆယ့်ခြောက်သာကို၊
မျက်နှာခွက်ဝ၊ ပြုပြီးမှလျှင်
ယဝစတု၊ ကောဂုံလီ
လက်သစ်ညီဖြင့်၊ ကိုးသစ်ချင့်မှ
အမြင့်စောက်မှာ၊ ဥဇ္ဇတကား
သတ္တာစင်စစ်၊ ခုနစ်သစ်ဖြင့်
ခွက်လုပ်ချင့်မှ ဒသသံဝစ္ဆရာ
ဣတ္ထိယာ၏၊ ကေသာဆံမျှင်
ဆယ့်ခြောက်ပင်ကို၊ ဝင်လောက်ရုံရုံ
ဖောက်ပြီးတုံမှ၊ အမွှံသုက
ရေဝယ်ချသော်၊ ကေဝါရာ၊ နစ်တစ်ခါကို
တစ်နာရီမှတ်၊ တမောင်းခတ်လေ့”

၎င်းရေနာရီဖလားကို နေထွက်ပြုသည်နှင့် တစ်ပြိုင်နက် ရေအင်တုံ၌ အသာအယာချထားရ၏။ ရေတစိမ့်စိမ့်ဝင်ပြီးနောက် ဖလားနစ်မြုပ်လျှင် ဗီဇနာ ၆၀ ပြည့်ပြီဖြစ်သဖြင့် တစ်နာရီဟုသတ်မှတ်ပြီး ငွေမောင်းတစ်ချက်ခေါ်ရသည်။ ထိုအကြောင်းကိုရည်၍ ကင်းဝန်မင်းကြီးက “လောဟိတာ တမ္ဗ၊ သောဠသာက ဟာပဏာ၊ သတ္တဂုံ ဥဇ္ဇခေနှင့်၊ မုခေမှာ နဝဂုံ၊ ထားမှုမှန်စွာ၊ ဆယ်နှစ်ရွယ်ကညာ၊ ဆံကေသာ သွယ်ပြောင်း၊ ဆယ့်ခြောက်ပင် ဝင်ရုံလှစ်ပါလို့၊ ခါနစ်လျှင် နာရီကြော့တယ်၊ တီးတော့ငွေမောင်း” ဟု ရေးဖွဲ့ခဲ့ခြင်းဖြစ်လေသည်။

တစ်နာရီပြည့်၍ ငွေမောင်းတစ်ချက်တီးတိုင်း ပုတီးတန်းမှ ပုတီးတစ်လုံးကို ရွှေ့ရသည်။ အရန်ဖလားကို အရန်အင်တုံမှာ ချထားခြင်းတို့ကို နာရီစောင့်လုလင်များက တစ်ချိန်တည်း တစ်ပြိုင်တည်း ပြုလုပ်ဆောင်ရွက်ကြရ၏။ ပုတီးရွှေ့ခြင်းမှာ နာရီမှတ်ခြင်းဖြစ်သည်။ ဖလားခုနစ်ကြိမ်မြုပ်က ၇-နာရီရှိပြီဖြစ်သဖြင့် ငွေမောင်းသံ ခုနစ်ချက်ပေးရလေသည်။

## ပဟိုရ်စည်

ရတနာပုံခေတ်အတွင်း ဇွယ်တော်စင်နှင့် ရွှေးတော်ယူတံခါး လမ်းမ

www.burmeseclassic.com

www.burmeseclassic.com



ခြားလျက် မြောက်ဘက်ကွက်လပ်တွင် ပဟိုရ်စင်ကို ဆောက်လုပ်ထားသည်။ ထုထည်ကောင်းလှသော လေးထောင့်အုတ်ခုံ အမြင့်ခံပြီး တိုင်ဖြူလေးလုံး ထူ၍ ထိုအပေါ်မှ လေးတိုင်စင်နှင့် လည်ပေါ်ပြာသာဒ်ဆောင်ငယ် တင်ထားသည်။ ၎င်းအပေါ်ဆောင်တွင် ပဟိုရ်စည်ကြီးနှင့် ခေါင်းလောင်းကို ဆွဲထား၏။

ပဟိုရ်စင်ရှိ အမှုထမ်းတို့မှာ ပုဆိုးဒူးဖုံး၊ ခါးတောင်းကျိုက်၊ ခေါင်းပေါင်းဖြူနှစ်စထောင်၊ အင်္ကျီရှည်ကြီးများကို ဝတ်ဆင်ရသည်။ အမှုထမ်းလူငါးဦး ရှိ၍ တစ်လလျှင် လစာငွေ ၅၅/ အသနားတော်မြတ်ခံရသည်။

ရှေးခေတ်ပဟိုရ်ခေါင်းလောင်း တီးခတ်ပုံမှာ လအလိုက်ရှိသော နေ့နာရီ၊ ညနာရီကို အခြေခံ၍ ပဟိုရ်စည်တီးခတ်ရခြင်းဖြစ်သည်။ တစ်နည်းဆိုရသော် နေ့တွင်လေးပဟိုရ်၊ ညတွင်လေးပဟိုရ် မှတ်ယူတီးခတ်ခြင်းဖြစ်၏။ သို့ရာတွင် ပဟိုရ်နာရီသည် လအလိုက် နရီကွာခြားမှုများရှိလျှင်ရှိသလို အချိန်နာရီ အနည်းအများ ကွာခြားသွား၏။

ဥပမာ - မြန်မာလများအလိုက် အချိန်နာရီ ကွာခြားမှုကိုပြသော လင်္ကာအရ ''တံ'' သည် နယုန်လဖြစ်သည်။ နေ့နံသင့် အက္ခရာဂဏန်း ၇ ကိုယူ၍ တစ်ဆယ်တိုးသော် ၁၇ ရ၏။ ထမ်းပိုးတင်လိုက်ပါက နေ့နာရီ ၃၄ နာရီရကြောင်း သိနိုင်ပါသည်။ ထို့ကြောင့် နယုန်လတွင် နေ့ ၃၄ နာရီ၊ အကြွင်း ၂၆ နာရီမှာ ညဥ့်နာရီဖြစ်လေသည်။

နေ့ ၃၄ နာရီကို ထက်ဝက်ခွဲလျှင် ၁၇ နာရီ၊ ၁၇ နာရီကို ထပ်ပြန်ထက်ဝက်ယူသော် ၈ နာရီနှင့် ဗီဇနာ ၃၀ (ဇနာရီခွဲ) ဖြစ်သည်။ ၎င်းကို တစ်ပဟိုရ်ဟု မှတ်သားခေါ်ဝေါ်ပါသည်။ နေ့နာရီ ၃၄ ကို လေးပုံပုံ၍ တစ်ပုံကို တစ်ပဟိုရ်ဟုယူသဖြင့် နေ့တွင်လေးပဟိုရ် တီးရသည်။ တစ်ဖန် ညဥ့်နာရီ ၂၆ ကို လေးပုံပြုသော် ၆ နာရီနှင့် ဗီဇနာ ၃၀ ရသည်။ ၎င်းကို တစ်ပဟိုရ်လျှင် ၈ နာရီ ဗီဇနာ ၃၀ ရှိ၍ ညဥ့်နာရီတွင် ၆ နာရီဗီဇနာ ၃၀ ရှိကြောင်း သိနိုင်လေသည်။ ဤသို့ ပဟိုရ်နာရီ ကွာခြားမှုရှိသော်လည်း ပဟိုရ်ခေါင်းလောင်း တီးခတ်ရာတွင်မူ လစဉ်နေ့လေးပဟိုရ်၊ ညဥ့်လေးပဟိုရ်သာ တီးရပါသည်။

ပဟိုရ်ခေါင်းလောင်းတီးခတ်ပုံမှာ ဤသို့ဖြစ်သည်။

တစ်ပဟိုရ်ပြည့်တိုင်း နာရီတော်စောင့်တစ်ယောက်က ပဟိုရ်စည်ရုံသို့ ပြေးသွား၍ အချိန်တော်ကြားရသည်။ ဤတွင် ပဟိုရ်တီးသွေးသောက်တို့သည်



ပဟိုရ်စင်ပေါ်သို့တက်၍ ရွှေနန်းတော်ကို ဦးသုံးကြိမ်ချပြီး ပဟိုရ်ခေါင်းလောင်း တီးခတ်ရလေသည်။ တစ်ပဟိုရ်လျှင် ပထမခေါင်းလောင်းတစ်ချက် (မောင်း)၊ နောက်စည်တော်တစ်ချက် (ဒိုင်း)၊ ဤသို့ အစဉ်အတိုင်း ၁၁ ချက်ပြည့်အောင် တီးရ၏။ ထိုနည်းတူ နှစ်ပဟိုရ်တွင် ၂၂ ချက်၊ သုံးပဟိုရ်တွင် ၃၃ ချက်၊ လေးပဟိုရ်တွင် ၄၄ ချက် အသီးသီးတီးခတ်သွားရသည်။ နောက်ဆုံးတီးခတ်ချက်ကို ခပ်ကွာကွာထား၍ လေးလေးပင်ပင် တီးရလေသည်။

''အရှေ့နေသွား၊ ဖဝါးဆယ့်တစ်
အချိန်ဖြစ်လျှင်၊ တွက်သစ်ညံညံ
ခေါင်းလောင်းသံနှင့်
စည်သံပေါင်းလျက်၊ ဆယ့်တစ်ချက်တွင်''

မဟာမင်းလှမင်းခေါင် ဦးရွှန်း၏ ဥမ္မာဒန္တီပျို့နိဂုံးပုဒ်ရေ ၁၀ တွင် ဖွဲ့ဆိုချက်အရ နံနက်အရိပ် ဆယ့်တစ်ဖဝါးအချိန်သည် နေ့တစ်ပဟိုရ်ဖြစ်ကြောင်း သိရသည်။ ယခုခေတ်သုံး စက်နာရီများနှင့်တွက်လျှင် နေထွက် ၆ နာရီမှ ၉ နာရီအထိကို တစ်ပဟိုရ်ကာလဟု ခေါ်လေသည်။ ထို့အတူ နံနက် ၉ နာရီမှ ၁၂ နာရီထိ တစ်ပဟိုရ်၊ ၁၂ နာရီမှ ၃ နာရီထိ တစ်ပဟိုရ်၊ ညနေ ၃ နာရီမှ ၆ နာရီထိ တစ်ပဟိုရ်၊ ပေါင်းလေးပဟိုရ်ရှိကြောင်း သိရလေသည်။ ခေါ်ဝေါ်သုံးစွဲရာ၌ တစ်ပဟိုရ်ကို နေ့တစ်ချက်တီး၊ နှစ်ပဟိုရ်ကို နေ့နှစ်ချက်တီး စသည်ဖြင့် ခေါ်ဝေါ်၏။ ညဥ့်နာရီလေးပဟိုရ်မှာလည်း အထက်ပါကဲ့သို့ တွက်ယူတီးခတ်ရမြဲဖြစ်သည်။

ထို့ကြောင့် မြန်မာတို့၏ ခေါင်းလောင်းထိုးခြင်း ဓလေ့ထုံးစံအမျိုးမျိုး ရှိသည့်အနက် မြန်မာနာရီပဟိုရ်စည် တီးခတ်ရာ၌လည်း ခေါင်းလောင်းထိုး လေ့ရှိကြောင်း သိရလေသည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)

# ခေါင်းလောင်းစာများ

www.burmeseclassic.com

www.burmeseclassic.com

## ခေါင်းလောင်းစာ


သမိုင်းအမွေအနှစ်သည် လူမျိုးတစ်မျိုးအတွက် ဂုဏ်ယူစရာပစ္စည်းဖြစ်၏။ အတိတ်ဖြစ်စဉ်၏ အမှတ်အသားများကို အထင်အရှား လက်ဆုပ်လက်ကိုင်ပြနိုင်သည်နှင့်အမျှ ထိုပြနိုင်သူ လူမျိုးစု၏ ဂုဏ်အရှိန်အဝါသည် မြင့်မားထည်ဝါလေသည်။

မြန်မာနိုင်ငံသည် သမိုင်းအမွေအနှစ်ပစ္စည်းနှင့် ယဉ်ကျေးမှု အနုပညာလက်ရာပစ္စည်းများ ပေါများလှသောနိုင်ငံ ဖြစ်ပေသည်။ ဤသို့ပေါများစွာ ကြွင်းကျန်ရစ်ခဲ့ခြင်းမှာလည်း ရှေးမြန်မာ့တိုင်းရင်းသားတို့သည် အတိတ်ဖြစ်စဉ်၏ အချက်အလက်တို့ကို မော်ကွန်းမှတ်တမ်းထိုးရန် လက်နှေးခဲ့ကြသူများ မဟုတ်သောကြောင့်ပင်ဖြစ်သည်။ ကမ္ပည်းကျောက်စာများသည်လည်းကောင်း၊ ပေပုရပိုက်များသည်လည်းကောင်း ယခုအချိန်တိုင်အောင် တနင့်တပိုးရှိခြင်းက ဤအချက်ကို သက်သေခံနေလေသည်။

ရှေးခေတ် လူ့သမိုင်းဆိုင်ရာ အုပ်ချုပ်ရေး၊ လူမှုရေး၊ စီးပွားရေး အခြေအနေမှန်တို့ကို မသိလျှင်ဖြစ်စေ မတိကျလျှင်ဖြစ်စေ၊ သမိုင်းဝင်မှတ်တမ်းများ၊ ကြွင်းကျန်ရစ်သော အနုပညာပစ္စည်းများနှင့် တိုက်ဆိုင်စစ်ဆေးကာ အတိအကျဖော်ထုတ်ယူရလေ့ရှိသည်။ ထိုကြောင့် ခေတ်သစ်သမိုင်း သုတေသီတို့သည် သမိုင်းဝင်ယဉ်ကျေးမှုမှတ်တမ်းများ၊ ရှေးအနုပညာလက်ရာများ၏ တန်ဖိုးကို အလေးထား၍ စုဆောင်းရှာဖွေကြသည်။ မပျောက်ပျက်အောင် ထိန်းသိမ်းကြသည်။ လူ့သမိုင်းစဉ်ကို လေ့လာဖော်ထုတ်ကြလေသည်။



ဤသို့ လေ့လာဖော်ထုတ်ပေးနိုင်စွမ်းရှိသော သမိုင်းဆိုင်ရာမှတ်တမ်းများအနက် အရေးပါသော သမိုင်းမှတ်တမ်း၊ ယဉ်ကျေးမှုအနုပညာလက်ရာတစ်မျိုးမှာ မြန်မာ့ခေါင်းလောင်းများ၏ ကိုယ်ထည်တွင် ရေးထိုးမှတ်တမ်းပြုခဲ့သော "ခေါင်းလောင်းစာ" များပင်ဖြစ်လေသည်။



ပဲခူးမြို့ ရွှေမော်ဓော စေတီတော်ရင်ပြင်ရှိ
မွေစေတီမင်းကြီး၏ ခေါင်းလောင်း

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းလောင်းစာဟူသည်မှာ ခေါင်းလောင်း၏ ကိုယ်ထည်ပေါ်တွင် မော်ကွန်းတင်ကမ္ပည်းထိုးထားခဲ့သော မှတ်တမ်းစာဟုဆိုနိုင်သည်။

ရှေးခေတ်မြန်မာဗုဒ္ဓဘာသာဝင်များသည် ဘုရားစေတီ၊ ကျောင်းကန်ဇရပ်များ၌ ခေါင်းလောင်းများကို သာသနိကဒါနအဖြစ် သွန်းလုပ်ချိတ်ဆွဲကုသိုလ်ပြုလေ့ရှိခဲ့ကြသည်။ မိမိတို့၏ ကုသိုလ်ဒါနကို ခိုင်ခန့်ကြာရှည်စွာတည်မြဲစေရန်လည်းကောင်း၊ နောင်လူတို့သိရှိစေရန်လည်းကောင်း ရည်ရွယ်၍ ခေါင်းလောင်း၏ကိုယ်ထည်တွင် မော်ကွန်းစာ ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

ခေါင်းလောင်းစာများကို အကြမ်းအားဖြင့် နှစ်မျိုးနှစ်စားခွဲနိုင်သည်။ တစ်မျိုးမှာ မူရင်းခေါင်းလောင်းစာဖြစ်ပြီး အခြားတစ်မျိုးမှာ ဆင့်တိုးခေါင်းလောင်းစာဖြစ်သည်။

မူရင်းခေါင်းလောင်းစာဆိုသည်မှာ ခေါင်းလောင်းသွန်းလုပ်လှူဒါန်းစဉ်က ခေါင်းလောင်းကိုယ်ထည်ပေါ်တွင် ပတ်ဝိုက်၍ဖြစ်စေ၊ အတန်းလိုက်စဉ်၍ဖြစ်စေ ရေးထိုးကမ္ပည်းတင်ခဲ့သော ခေါင်းလောင်းနှင့်ခေတ်ပြိုင်ဖြစ်သည့် မော်ကွန်းစာများဖြစ်လေသည်။ ဆင့်တိုးခေါင်းလောင်းစာမှာကား နောင်းကာလများတွင်မှ ခေါင်းလောင်းကို ပြုပြင်မွမ်းမံသူတို့ ရေးထိုးခဲ့သော စာတန်းများဖြစ်လေသည်။ အချို့သော ခေါင်းလောင်းများတွင် မူရင်းနှင့် ဆင့်တိုးမော်ကွန်းစာများကို ပူးတွဲ၍ တွေ့ရတတ်လေသည်။

ခေါင်းလောင်းစာကို အေဒီ ၅ ရာစုမှစတင်၍ ယခုခေတ်ကာလအထိ ရေးသားခဲ့ကြသော အထောက်အထားရှိပါသည်။ မြန်မာနိုင်ငံ ပဒေသရာဇ်မင်းအဆက်ဆက်တို့၏ ခေတ်အခါဝေါအားဖြင့် ပျူ၊ ပုဂံ၊ ပင်းယ၊ စစ်ကိုင်း၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်းနှင့် ကုန်းဘောင်ခေတ်တို့တွင် ခေါင်းလောင်းစာများ ရေးထိုးမှတ်တမ်းတင်ခဲ့ကြသည်။ ခေါင်းလောင်းစာ ရေးသားကမ္ပည်းတင်ရာတွင် ဘာသာရေးအကြောင်းများသာ အများဆုံးတွေ့ရသည်။ တစ်ခါတစ်ရံ ခေါင်းလောင်းစာတွင် ထင်ဟပ်သော ရေးသားမှု၊ စကားအသုံးအနှုန်းစသည်တို့မှ ထိုခေတ်ကာလ၏ ဘာသာရေး၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုတို့ကို အကဲခတ်ခွင့်ရပါသည်။

ခေါင်းလောင်းစာ မှတ်တမ်းများတွင် သာသနာတည်တံ့ခိုင်မြဲစေရန် သွန်းလုပ်လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်၊ ကုသိုလ်ရှင် အမည်၊ နေရပ်၊



သွန်းလုပ်လှူဒါန်းသည့် သက္ကရာဇ် ခေါင်းလောင်း၏ ကြေးချိန်ပိဿာ၊ သံသရာဆုတောင်းများကို အပြည့်အစုံ တွေ့ရတတ်သည်။ တစ်ခါတစ်ရံတွင် သိုင်းဝိုင်းချဲ့ထွင်လျက် စိတ်ဝင်စားဖွယ်ကောင်းအောင် ရေးသားကမ္ပည်းတင်ခြင်းလည်း ရှိတတ်ကြောင်း တွေ့ရ၏။ ညောင်ရမ်းခေတ်ထိုး ခေါင်းလောင်းစာတချို့တွင် ခေါင်းလောင်းကို ဖျက်ဆီးသူအား ကျိန်စာတိုက်ခဲ့သည့် မှတ်တမ်းများကို လေ့လာတွေ့ရှိရပါသည်။ ပုဂံခေတ်၏ ဘာသာရေးဆိုင်ရာ အငွေ့အသက်ဖြစ်သော မိမိအလှူဒါနအား ဖျက်ဆီးသူကို ကျိန်စာတိုက်ခဲ့ခြင်း အလေ့အထ လွှမ်းမိုးနေဆဲဖြစ်ကြောင်း သိရသည်။

အချို့ ခေါင်းလောင်းစာများ၌ ကုသိုလ်ပြုသူ၏ ဆွေစဉ်မျိုးဆက်စာရင်း၊ မင်းပေးဘွဲ့အမည်နှင့် အစီးအနင်းအဆောင်အယောင်များ၊ မြန်မာ့အစဉ်အလာတစ်ရပ်ဖြစ်သော ဓာတာခွင်များကိုပါ တခမ်းတနား စီကုံးဖော်ပြတတ်ကြောင်း တွေ့ရ၏။ ဤသို့ ဖော်ပြထားခဲ့သဖြင့် သမိုင်းဆိုင်ရာ ကွဲလွဲချက်များကို အတိအကျ ဖော်ထုတ်ပေးနိုင်သော အကျိုးကျေးဇူးများကို ရရှိလေသည်။ ထို့ပြင် ခေါင်းလောင်းသွန်းလုပ်ပုံ၊ ရှေးနည်းပုံသဏ္ဌာန်များပါ မော်ကွန်းရေးထိုးထားသည်ကိုလည်း မှတ်သားဖွယ်ရာ တွေ့ရှိနိုင်သည်။

ခေါင်းလောင်းစာတွင် လက်ရေးလက်သား အမျိုးမျိုးကိုလည်းကောင်း၊ ရေးသားစီကုံးပုံ အမျိုးမျိုးကိုလည်းကောင်း တွေ့ရှိရ၏။ လေးထောင့်မန်ကျည်းစေ့လက်ရေး၊ လက်ရေးဝိုင်း၊ ခရာဝန်း၊ နောင်တွင် အသက်ရှည် စသည်ဖြင့် ခေတ်ကာလကို ခွဲခြားနိုင်သော အထောက်အထားပြယုဂ်များကိုလည်း တွေ့ရသည်။ အရေးအသားပုံစံတွင် လေးလုံးစပ်ကဗျာရတုပုံစံဖြင့် အချို့က မော်ကွန်းထိုးသည်။ အချို့မှာ စကားပြေသက်သက်ဖြင့် သရုပ်ဖော်သည်။ အချို့ခေါင်းလောင်းများတွင် လင်္ကာစကားပြေ နှစ်ထွေရော၍ မှတ်တမ်းပြုရေးထိုးပါသည်။

ယနေ့ကာလ စံထားနေရသော ညောင်ရမ်းခေတ် ခေါင်းလောင်းအချို့တွင် ဝါကျဖွဲ့စည်းပုံ တိုတောင်းပြတ်သား၏။ အဖွဲ့အနွဲ့ မရှိသလောက်နည်းသည်။ လိုရင်းကိုသာ ထိမိစွာရေးသားလေ့ရှိ၏။ အက္ခရာစာလုံးများမှာ မန်ကျည်းစေ့မှ လက်ရေးဝိုင်းသို့ မသိမသာ ကူးပြောင်းလာခဲ့ဟန်ရှိသည်။ ညောင်ရမ်းခေတ်နှောင်းကာလသို့ ရောက်သောအခါ တဖြည်းဖြည်းနှင့် အက္ခရာဝန်းဝိုင်း ဖွဲ့စည်းရေးသားလာသည်။ ဝါကျဖွဲ့စည်းမှု မတိုတောင်းတော့။ အဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



အနဲ့ များလာသည်။ အသတ်နှင့် ချောင်းငင်များ သိသာစွာရှည်လျားလာသည်။ ကုန်းဘောင်ခေတ်တွင်ကား ဗိုင်းစက်သောအက္ခရာ၊ ရှည်လျားသောအသတ်၊ ချောင်းငင်တို့နှင့် ရှိနေကြပြီဖြစ်သည်ကို တွေ့ရသည်။

ဤသို့ ကမ္ပည်းစာပါသော ရှေးကျသည့် ခေါင်းလောင်းအိုများကို မူလလှူဒါန်းရာ ဘုရားစေတီတို့တွင် တွေ့ရသကဲ့သို့ တချို့ကိုမူ မူလလှူဒါန်းရာ ဘုရားစေတီတို့၌ မတွေ့ရတော့ပေ။ နောင်ခေတ်လူတို့၏ ပြောင်းရွှေ့သယ်ယူ နေရာချထားမှုကြောင့် နေရာသစ်များသို့ ရောက်ရှိကုန်လေသည်။ အချို့မှာ မတိမ်မြုပ်သင့်ဘဲ တိမ်မြုပ်ပျောက်ကွယ်သွားရသည်။ အချို့မှာ ဖျက်ဆီးခြင်း၊ ခိုးယူခြင်း ခံရသည်။ မည်သို့ဆိုစေ ဖော်ထုတ်ရရှိသမျှသော မော်ကွန်းစာ ရေးထိုးပါရှိသည့် ခေါင်းလောင်းများကြောင့် ရှေးခေတ် လူမှုရေး၊ ဘာသာရေး၊ စီးပွားရေးဆိုင်ရာ သမိုင်းဝင် အချက်အလက်များကို သိရှိကြရသည်မှာ ခေါင်းလောင်းစာများ၏ တန်ဖိုးတစ်ရပ်ပင် ဖြစ်လေသည်။

တစ်နည်းအားဖြင့် ရှေးခေတ်ခေါင်းလောင်းစာများသည် ကျောက်စာများကဲ့သို့ သမိုင်းကြောင်းကို ပြန်လည်ပြောပြသော ယဉ်ကျေးမှု အနုပညာ မှတ်တမ်းတစ်ခုဖြစ်လေသည်။ ကျောက်စာများမှာ ရေမြေ၊ ရာသီဥတု ဖျက်ဆီးမှုဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှု ရှိနိုင်သော်လည်း ခေါင်းလောင်းစာများမှာမူကား ကြေးရည်မဖြစ်သေးပါက နှစ်များစွာ ဆက်လက်တည်တံ့နိုင်သည်။ ဖတ်ရှု လေ့လာခွင့်ရနိုင်ပါသည်။ ထို့ကြောင့် ခေါင်းလောင်းစာ၏ တန်ဖိုးသည် မသေး လှချေ။

စင်စစ် မြန်မာ့ဘာသာရေး အဆောက်အအုံများ၏ ပရိဝုဏ်များတွင် မြန်မာ့သဘာဝ၊ ဓလေ့၊ ယဉ်ကျေးမှု အစဉ်အလာ ထုံးတမ်းများနှင့် သမိုင်းကို ပြောနေသော ခေါင်းလောင်းစာများသည် မြန်မာစာပေ၏ အကိုင်းအခက် တစ်ခုလည်းဖြစ်သည်။ ယဉ်ကျေးမှု အနုပညာပစ္စည်းတစ်ခုလည်း ဖြစ်သည်။ ထို့ကြောင့် မြန်မာ့သမိုင်းကြောင်းကို ပြန်လည်ပြောပြနေသည့် ခေါင်းလောင်း စာများကို ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်လှပေသည်။

လက်လှမ်းမီသမျှ ရှာဖွေလေ့လာထားသော ခေါင်းလောင်းစာများကို ကြည့်၍ မြန်မာစာပေအတွက် တန်ဖိုးရှိသော အထောက်အထားရပ်များ၊ ခေတ် ကာလ စကားအသုံးအစွဲ၊ အက္ခရာရေးထုံးနှင့် လူမှုရေး၊ စီးပွားရေးများ အကြောင်းကို ဆက်လက်တင်ပြသွားပါမည်။



## ခေါင်းလောင်းစာအရေးအသား

မြန်မာနိုင်ငံတွင် ရှေးအကျဆုံးသော ကာလဖြစ်သည့် ပျူခေတ်နှင့် ပုဂံခေတ်တွင် လှူဒါန်းခဲ့ကြသည့် ခေါင်းလောင်းများရှိသော်လည်း ရှားပါး လွန်းပေသည်။ သို့ဖြစ်ရာ ကမ္ပည်းတင်ရေးထိုးခဲ့သော ခေါင်းလောင်းစာမှ အက္ခရာရေးထုံး၊ စကားသုံး၊ လူမှုရေး၊ စီးပွားရေးအကြောင်းရပ်များကို လေ့လာသုံးသပ်တင်ပြရန် ခက်ခဲလှပါသည်။ အစောဆုံး တွေ့ရှိရသော ခေတ်ကာလမှ ခေါင်းလောင်းစာများကိုသာ အဓိကထား၍ ခေတ်အလိုက် တင်ပြခြင်းပြုမှသာ ဖြစ်နိုင်ပေမည်။

မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော် စည်ပင်ပွင့်လန်းစ ပြုခဲ့သည့် ပျူလူမျိုးတို့၏ ခေတ်ကာလမှစ၍ ဘုရားပုထိုးစေတီများကို ဆောက် တည်ကိုးကွယ်ခဲ့ကြပါသည်။ မိမိတို့ တတ်စွမ်းသော စည်းစိမ်ဥစ္စာ အသပြာ ငွေကြေးတို့ဖြင့် သာသနိက အဆောက်အအုံ၊ သာသနိက ပစ္စည်းများကို စေတနာ သဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းလေ့ရှိကြသည်။ ထိုမှတစ်ပါး လည်း မိမိတို့ပြုသမျှသော ကုသိုလ်ဒါနအတွက် နောင်အရှည်သဖြင့် မှတ်တမ်း တည်ရစ်စေခြင်းငှာ ကမ္ပည်းမော်ကွန်းထိုးခဲ့ကြပေ၏။ အထူးသဖြင့် ပုဂံခေတ် တွင် ကျောက်စာ၊ မင်စာ၊ အုတ်ခွက်စာများဖြင့် ကမ္ပည်းတင်ခဲ့ရာ ကျောက်စာ မှာ အတွေ့ရ အများဆုံးဖြစ်လေသည်။

ပျူခေတ်၊ ပုဂံခေတ်က ရေးထိုးခဲ့သော ကျောက်စာများတွင် ထိုခေတ်၏ မြန်မာစာပေဖွံ့ဖြိုးတိုးတက်မှု၊ အက္ခရာရေးထုံးပြောင်းလဲမှု၊ စကားအသုံးအနှုန်း စသည်တို့ကို တွေ့မြင်လေ့လာခွင့် ရနိုင်ပါသည်။ ကျောက်စာကို လေ့လာ ဖတ်ရှုရာတွင် အကျဉ်းချုံးရေးနည်း၊ ဆက်စပ်ရေးနည်း၊ ဆင့်ထပ်ရေးနည်း များကို သိမထားလျှင် ထိုစာလုံးမျိုးကိုတွေ့သောအခါ မဖတ်တတ်သဖြင့် အဓိပ္ပာယ်နားမလည် ဖြစ်တတ်လေသည်။ ထို့အတူ ဆင့်ထပ်ရေးနည်း၌ပင် လုံးတူနှစ်လုံးဆင့်၊ လုံးကွဲနှစ်လုံးဆင့်၊ ဝဂ္ဂန္တ နှစ်လုံးဆင့်ဟူ၍ ကွဲပြားသေး၏။ ထေရဝါဒ ဗုဒ္ဓဘာသာစာပေဖြစ်သော ပါဠိစာပေ၏ ဩဇာသက်ရောက်မှုဟု ယူဆနိုင်ပါသည်။

စလေမြို့ ငါးမာရ်အောင်ဘုရားကုန်းရှိ သက္ကရာဇ် ၅၇၉ ခုနှစ်ဟုပါရှိ သော မိဖုရားအိုဝ်တန်လိုင်သင်ကျောက်စာ ကြောင်းရေ ၃ တွင် "န် လိုဝ်သင်

www.burmeseclassic.com



ပုရှာလွှတ်သော ကျွန်။ အိုဝ် ညိုဝ် ၁ ငေ်'' ဟူ၍ ပါရှိရာ (အို၊ ညို) တို့ကို ရေးသားရာတွင် ''ဝ်'' ဝသတ်ကြောင်း တွေ့ရသည်။ အချို့သော ကျောက်စာများတွင် (ချောင်း) ကို ''ချွောင်'' ဟု လုံးဆင့်ဖြင့် ဗျည်း၊ သရ တွဲစပ်ပုံစံမျိုးကိုရေးကြောင်း တွေ့ရ၏။ မြေကို ''မ္လေ''၊ မြစ်ကို ''မ္လစ်''၊ မြောက်ကို ''မ္လော'' ဟူ၍တွေ့ရာ ကသတ် အရေးအသားနေရာတွင် သေးသေးတင်ကြောင်း သိရ၏။ ပုဂံခေတ် ကျစွာမင်း၏ အမိန့်တော်တမ်း ကျောက်စာတွင်မူ

''အမှုနှန်စာတွင် အကြင်သူခိုဝ်သည် ဣမည် ဖ အပ္လစ်တေ ဖ္လစ်မူကာ ဣမည့်ဖ ကန်ပိယ်တေ ပိယ် အပ် အေိ ဟူ ပိယ် အေိ''

ဟု ဖော်ပြရေးသားရာအပြစ်ကို (ပ္လစ်) ဖြစ်ကို (ဖ္လစ်) ဟူ၍ရေးသားပြီး ဤကို (ဣ) ဟူ၍လည်းကောင်း၊ ပေးကို (ပိယ်)၊ ၏ကို (အေိ) ဟူ၍ ရေးထုံးပြုကြောင်း လေ့လာရမိသည်။ ဂဏန်းအရေးအသားများမှာလည်း ဗေဒင်သုံး အက္ခရာများဖြင့် အတိုချုံးရေးခဲ့ကြပေသည်။

ကျောက်စာရေးထုံးရေးနည်းနှင့် ပတ်သက်၍ စွယ်စုံကျော်ထင် အမေးအဖြေကျမ်းတွင် ဖော်ပြထားရာ အောက်ပါအတိုင်းတွေ့ရပါသည်။

ဇတ်=တော်။ သဝ်=သော်။ နဝ်=နောင်။ ခ္ဂင်=ခေါ် ဟုဝသတ်တွင် ရေးထုံးပြုပြီး ဂုယ်=၍ မိယ်=မည်၊ မေး။ ကိယ်=ကွယ်။ စိယ်=စွယ် ဟု ဖော်ပြ၏။ စိတ်ကို - စွယ်စုံကျော်ထင်ကျမ်း၌ (စွယ်) ဟု ဖတ်ရကြောင်း ပြဆိုထားပြီး ကျောက်စာတစ်ခုမှ (စိယ်သတေ) တွင် (စေသတည်း) ဟု ဖတ်မှ အနက်မှန်ကြောင်း ကွဲပြားစွာ လေ့လာသိရှိရပြန်ပါသည်။ ထို့ကြောင့် မြန်မာအက္ခရာတို့၏ ရင်းမြစ်၊ အသံအနက်၊ ပြောင်းလဲလာပုံ[illegible]မှာ များစွာ ကျယ်ဝန်းရှုပ်ထွေးမှု ရှိခဲ့သလောဟု ယူဆမိပါသည်။

မည်သို့ဆိုစေ ရှေးမြန်မာကြီးများက ကျောက်စာရေးနည်းအမျိုးမျိုးကို လင်္ကာဖြင့် ဖော်ပြခဲ့ရာ အောက်ပါအတိုင်း တွေ့ရပါသည်။

''ချလျှင် ၁ စီး၊ လုံးကြီး ၂ တင်၊ ၃ လျှင်ဆံခတ်၊
ထက်ရပ်စီးတင်၊ တစ်ချောင်းငင်မူ၊ ၄လျှင်အမြဲ
အောက်ကဆွဲလော့၊ တကွဲနှစ်ချောင်း၊ ငင်ပြန်ရှောင်းမူ
၅လျှင်ဟူ၏၊ ၆ မူသဝေ၊ သတ်လေသမျှ၊



အောက်ကအမြဲ၊ ၇-ဆွဲတည်၊ ပင်မြဲမှုချ၊
ရစ်ထလိမ်ကွေး၊ အောက်ပင့်တေည်းရေးလေအမြဲ
ဝဆွဲလုံးကြီး၊ တင်တုံပြီးမှ၊ လုံးကြီးဝဆွဲ၊ ဟဆွဲ၊ လဆွဲ
နောက်ပစ်ကဲလော့၊ ပစ်မြဲနောက်ထိုး၊ ခေါ်ရိုးစဉ်ပင်
ကျောက်တွင်ရေးနည်း၊ ဤနည်းပုံယူ၊ နှလုံးမူ၍''

စင်စစ်ပုဂံခေတ်ကျောက်စာများတွင် အက္ခရာရေးထုံး တည်ငြိမ်စနစ်ကျမှု မရှိသေးဘဲ မြန်မာစာလုံးပေါင်းဖြစ်စဉ်သို့ ပြောင်းရွှေ့ရန် အားယူစဟု ဆိုနိုင်ပါသည်။ ကျောက်စာသုံး ကမ္ဗည်းစာအရေးအသားများသည် ပျူခေတ်တွင် ပျူမွန်မြန်မာဘာသာတို့ကို ပါဠိဘာသာနှော၍လည်းကောင်း၊ ဗြဟ္မီအက္ခရာဖြင့်လည်းကောင်း ရောစပ်သုံးစွဲခဲ့ကြသည်။ ကျောက်စာတွင် ကိုယ်ပိုင်အက္ခရာရေးထုံးများကို ပိုင်ပိုင်နိုင်နိုင် ရယူသုံးစွဲနိုင်ရန် စမ်းတဝါးဝါး လျှောက်နေရသည်နှင့်တူ၏။ သို့သော် အရေးအသားဝါကျများ တိုတောင်းပြတ်သား၏။ အကျယ်ချဲ့၍ ဖွဲ့နွဲ့စီကုံးကမ္ဗည်းတင်ခြင်း မရှိပေ။ ဖော်ပြလိုသော အချက်အလက် အကြောင်းအရာများကို အပိုအလိုမရှိ အတိအကျ ပြဆိုလေ့ရှိပေသည်။ အက္ခရာပုံစံတို့မှာ မန်ကျည်းစေ့ပုံ လေးထောင့်ဆန်ဆန်ဖြစ်သည်ကို တွေ့ရ၏။

ပုဂံခေတ်ကာလ ကျောက်စာများတွင် ကမ္ဗည်းတင်ရေးထိုးခဲ့သော အလေ့အထသည် တောင်ငူ၊ အင်းဝ၊ ညောင်ရမ်းခေတ်များသို့ ဆက်လက်တည်ရှိစေခဲ့ပါသည်။ ထို့အတူ ကုသိုလ်ဒါနအတွက် မှတ်တမ်းပြုခဲ့သော ကမ္ဗည်းစာ အရေးအသားများမှာလည်း ပုဂံခေတ်ကျောက်စာရေးထုံးရေးနည်းများနှင့် ဆက်နွှယ်ခဲ့သည်ဟု ပြောရပါမည်။ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်းခေတ်များတွင် ကျောက်စာရေးထိုးမှတ်တမ်းပြုရုံမက အခြားသော သာသနိကဒါနအလှူများအဖြစ် ခေါင်းလောင်းများကိုပါ လှူဒါန်းလာကြရာ ခေါင်းလောင်း ကမ္ဗည်းစာအဖြစ် ထင်ရှားစွာတွေ့ရှိလာပါသည်။

ခေါင်းလောင်းကမ္ဗည်းစာတွင် ပုဂံခေတ်၏ အငွေ့အသက်များနှင့် ကင်းလွတ်ခြင်း မရှိခဲ့ကြပေ။ ပုဂံခေတ် အရေးအသား၊ အက္ခရာရေးထုံး၊ စကားအသုံးအနှုန်းများကို အမွေခံ၍ လာကြပေသည်။ အရေးအသားတိုတောင်းပြတ်သားဆဲ၊ အက္ခရာရေးထုံး အနည်းငယ်မျှ ပြောင်းလဲစပြုလာ၏။ စကားအသုံးအနှုန်း ကြွယ်ဝရှည်လျားမှု မရှိခဲ့။ အက္ခရာလေးထောင့် မန်ကျည်းစေ့မှ

www.burmeseclassic.com

www.burmeseclassic.com



အဝန်းအဝိုင်းသို့ ကူးပြောင်းရန် တာစူစပြုလျက်ရှိလေသည်။ အက္ခရာ၊ အသံကို လိုက်၍ သံတူများဖြင့်ပင် ရေးထိုးကမ္ဘည်းတင်ကြဆဲ ရှိသေးသည်။ စ၊ ဆ သံများ၊ တ၊ ထ၊ စ သံများတွင် စကားပြော၊ အရေးကို ရောထွေးယှက်တင် သုံးစွဲနေကြဆဲ ရှိသေးကြောင်း တွေ့ရ၏။ ဝသဒ္ဒနှိုက်နှင့် အောက်မြစ်တို့ကို လိုအပ်သည့်နေရာများတွင် ဂရုတစိုက် ဖော်ပြထားခြင်း မရှိပါ။ စာလုံးပေါင်း သတ်ပုံသတ်ညွှန်းများကို ပေါ့ပေါ့တန်တန် သဘောထားကြပုံမှာ ပေါ်လွင် နေသည်။

ခေါင်းလောင်းစာတစ်ခုတွင် "ကြောင်းဆရာ ဦးမျက်သာဦး" ဟု ဖော်ပြရာ ကျောင်းဆရာရေးရာ၌ ရရစ်ဖြင့်ကြောင်းထား၍ မြက်ကို ယပင့်ဖြင့် မျက်ထား၏။ အထူးသဖြင့် ပင့်ရစ်မမှန်ဘဲ ရေးသားကမ္ဘည်းတင်ကြသည်ကို အတွေ့ရများပါသည်။ "ချုပ်ခညိန်ယာ နိဗ္ဗူတာသို့ လျင်စွာပေါက်ရော်ယ စသော ဆုပန်ကြာ၍ များလှသတ်တဝါ" ဟူ၍ တွေ့ရှိရာတွင် (ငြိမ်းရာ)၊ (ပေါက်ရောက်)၊ (ရ) (သတ္တဝါ) စသော စာလုံးများတွင် အသံကိုသာ အားထားကြောင်း တွေ့ရသည်။ ဖတ်တော့ အသံ၊ ရေးတော့ အမှန်ဟု သိကြ ဟန် မတူပါ။

တောင်ငူခေတ်၊ ညောင်ရမ်းခေတ်များတွင် တွေ့ရသော ခေါင်းလောင်း စာများတွင် ပုဂံခေတ်အက္ခရာပုံစံများ မပျောက်ပျက်သေးကြောင်း တွေ့ရ၏။ မြန်မာအက္ခရာ (ရကောက်) ၏ ပြောင်းလဲပုံအဆင့်ဆင့်တွင် အင်းဝညောင်ရမ်း ခေတ်ကာလအထိ (၁၃) ပုံစံဖြင့်သာ ရေးလေ့ရှိကြောင်း တွေ့မိသည်။ ကုန်းဘောင်ခေတ်ဦးတွင် ဤအရေးအသားမျိုး အနည်းအကျဉ်းတွေ့ရသော် လည်း (၁) နှင့် (၇) ကို ဆက်စပ်၍ (၁၃) မှ (၅၃) ပုံသဏ္ဌာန်ဖြင့်ရေးဆွဲ လာခဲ့ပြီး ကုန်းဘောင်ခေတ်လယ်တွင် သိသိသာသာပင် (၈) ဆက်စပ်သွား ပြီးဖြစ်ကြောင်း တွေ့ရလေသည်။ (သော) ကို ၆ (၂) ဂဏန်းကို (၃)မှာမူ ပြောင်းလဲမှုမရှိသေးကြောင်း တွေ့ရ၏။

## ခေါင်းလောင်းစာပါ စကားအသုံးအနှုန်း

ပျူခေတ်၊ ပုဂံခေတ်တို့တွင် ခေါင်းလောင်းသွန်းလုပ် လှူဒါန်းမှုပြုခဲ့မည် ဟု ခန့်မှန်းရသော်လည်း တွေ့ရှိသမျှမှာ အလွန်နည်းပါးပါသည်။ ပြည်မှော်ဇာ



အရပ်မှ တွေ့ရှိရသော ခေါင်းလောင်းတွင် အမွှမ်းအပြောက်များကို တွေ့ရ၏။ ပုဂံခေတ် စေတီပုထိုး ဂူကျောင်းဘုရားတို့ကို အထင်အရှား တွေ့ရသော်ငြား လည်း ယင်းခေတ်မှ ခေါင်းလောင်းတစ်လုံးကိုမျှ မတွေ့ရချေ။ သို့ရာတွင် ခေါင်းလောင်းချိတ်ဆွဲရာ တိုင်ကြီးနှစ်တိုင်ကိုမူ ပုဂံသဗ္ဗညုဘုရား ပုရိဂုဏ် တွင်း၌ ယခုထက်တိုင် တွေ့ရသည်။

သို့ဖြစ်၍ ခေါင်းလောင်းများပေါ်တွင် ရေးထိုးထားသော ကမ္ဘည်း စာများမှာ ခေါင်းလောင်းတစ်လုံးနှင့်တစ်လုံး မတူဘဲ ခြားနားလှပါသည်။ ဆိုလိုသည်မှာ စာကြောင်းရေများခြင်း၊ နည်းခြင်းနှင့် အကြောင်းအရာကွဲပြား ခြင်းရှိသည့်အပြင် ကမ္ဘည်းစာမှာ ကြေးသားတိမ်တိမ်ထွင်းခြင်း၊ ကြေးသား နက်နက်ထွင်းခြင်းကြောင့် ထင်ရှားခြင်း မှေးမှိန်ခြင်းများရှိကြောင်းလည်း သိရ၏။ စာလုံးများ မညီညာခြင်း၊ ဝိုင်းစက်ခြင်း၊ ပြေပြစ်ခြင်း စသည်တို့ကို လည်း ကွဲပြားစွာ တွေ့ရ၏။

မည်သို့ဖြစ်စေ မတူညီသောအချက်များမှာ ခေါင်းလောင်းစာတွင် သွန်းလုပ်လှူဒါန်းသည့် သက္ကရာဇ်၊ ခေါင်းလောင်းဒါယကာ၏ အမည်၊ ခေါင်းလောင်းလှူဒါန်းရခြင်း အကြောင်းရင်း၊ ခေါင်းလောင်း၏ ကြေးချိန်၊ အဖိုးလက်ခ ဆုတောင်းစာများ ပါရှိခြင်းပင်ဖြစ်လေသည်။ သို့တိုင် ခေါင်း လောင်းတစ်လုံးနှင့်တစ်လုံး ကမ္ဘည်းတင်သော အချက်အလက်များ မတူကြပေ။ ပြည့်စုံသော အချက်အလက်ရှိသကဲ့သို့ မပြည့်စုံသော အချက်အလက်များ ရှိကြောင်းလည်း တွေ့ရ၏။

ခေါင်းလောင်းသွန်းလုပ်ပြီးသော အချိန်ကာလကို ရေးသားရာ၌ နှစ်တစ်ခုတည်းကိုသာ ဖော်၍ရေးသည့်အခါများ ရှိပါသည်။ ရေးရာတွင် ဂဏန်းသက်သက်ဖြင့် ရေးသည့်နည်းတူ လင်္ကာဖြင့် လှလှပပရေးခြင်းလည်း ရှိပါသည်။ ယင်းထက် စုံလင်သော အရေးအသားကိုး တင်ပြရပါက "သကြဇ် ၉၆၇ ခု နမြူလပြည့် စနေနေ့တွင်" ဟု လနှင့် နေ့ရက်တို့ကိုပါ ထည့်၍ ရေးထိုးထားသည်ကို ပြရပါမည်။ အချို့ အလှူရှင်များမှာ တိကျမှုကို နှစ်သက်ပုံ ပေါ်ပါသည်။ "၁၂၃၃ ကဆုန်လဆန်း ၁၄ ရက် ခုအင်္ဂါနေ့ ၂ ချက်တည်း ကျော်" ဟု နာရီကိုပါ ရေးထိုးခြင်းမျိုးကိုလည်း နှောင်းခေတ်ထိုး ခေါင်း လောင်းစာများတွင် တွေ့လာရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကမ္ပည်းစာများတွင် လကို ဖော်ပြကြသော်လည်း စာလုံးပေါင်းသတ်ပုံများမှာ အမှန်ဘက်သို့ မရောက်ကြသေးပေ။ တန်ဆောင်မုန်းကို တဝမ်းပူ၊ သဝေထိုး ဇကွဲရေးချ သေက်သဖြင့် (တဇောင်) ဟုရေး၍ (မွှံး) ကို တချောင်ငင်၊ မဟက်ထိုး ရှေ့ဆီးထည့်ရေးကြောင်း တွေ့ရပါသည်။ ထို့အတူ တန်ခူးကို (တကူ)၊ ဈေးကြီးကို (ဇေကြီ) ဟုရေးကြောင်းလည်း တွေ့ရသည်။ ရက်ကိုရေးရာတွင် ဗေဒင်အသုံးအနှုန်းများဖြင့် (၄ ဟူး။ ၅တေး။ ၆ကြာ) စသည်ဖြင့်ရေး၏။

သို့ဖြစ်ရာ ကမ္ပည်းစာများတွင် ရေးထိုးမှတ်တမ်းပြုသော သက္ကရာဇ်စကားအသုံးအနှုန်းများကို လေ့လာသိရှိသမျှ ဖော်ထုတ်တင်ပြသွားပါမည်။

## မြန်မာသက္ကရာဇ်

နိုင်ငံတစ်ခု၏ သမိုင်းအစဉ်တွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု စသည့်အဖြစ်အပျက်၊ အမှုလုပ်ကိစ္စများကို သိသာထင်ရှားစေရန် မှတ်တမ်းပြုကြရာ၌ အချိန်ကာလ အသုံးအစွဲဖြစ်သော "သက္ကရာဇ်" ဖြင့် မှတ်တမ်းကမ္ပည်းတင်ကြလေ့ ရှိပါသည်။ သက္ကရာဇ်ဟူသော ဝေါဟာရတိုသုံးစွဲလိုက်သည်နှင့် ခုနှစ်၊ လ၊ နေ့ရက်တို့ပါ တပေါင်းတည်း ပါဝင်လျက်ရှိပေသည်။

ယခုအခါ မြန်မာတို့သုံးစွဲနေကြသော သက္ကရာဇ် အသုံးအနှုန်းတွင် မြန်မာသက္ကရာဇ်နှင့် ခရစ်သက္ကရာဇ်ဟူ၍ နှစ်မျိုးအကျုံးဝင်လျက် ရှိပေသည်။ တစ်ဖန် ဘာသာရေးကို အခြေခံလျက် သာသနာသက္ကရာဇ်ဟူ၍လည်း ကွဲပြားသေး၏။ "သက္ကရာဇ်" ဟူသောဝေါဟာရသည် မည်သို့ မွေးဖွားသန္ဓေတည်ခဲ့လေသနည်း။ မည်သည့် အဓိပ္ပာယ်အနက်ကို ဆောင်လေသနည်း။ သိရှိနားလည်ရန် အမှန်လိုအပ်ပါသည်။

ရှေးမြန်မာပညာရှိတစ်ချို့၏ မှတ်တမ်းတင်ချက်အရ မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်ပြုတော်မူပြီးနောက် ခြွင်းချန်ရစ်သော သာသနာနှစ်ပေါင်း ၂၅၀၀ ကာလပတ်လုံးကို သိကြားစောင့်သည်ဖြစ်၍ သိကြားဟူသောအနက်ကိုပေးသည့် (သက္က+ရာဇ) ဟူသော ဝေါဟာရမှ (သက္ကရာဇ်) ဖြစ်လာသည်ဟုသိရ၏။ သက္ကရာဇ်ဆိုသော ဝေါဟာရနှင့် ပတ်သက်၍ မြန်မာ့စွယ်စုံကျမ်းအတွဲ-၁၃ တွင်မူ ဤသို့ဖွင့်ဆိုဖော်ပြကြောင်း တွေ့ရပါသည်။



"သာကမင်းဆက် (အိန္ဒိယမင်းဆက်) ကို အကြောင်းပြု၍ သက္ကရာဇ်ခေါ်၏။ အချို့ဆရာတို့ကမူ သက္ကာရိက ကေတိ သက္ကာရိကော ဟု နှစ်အရေအတွက်ကို အရိုအသေပြု၍ မှတ်ခြင်းတစ်နည်း - သက္ကရာဇ်ဋ္ဌိတ် ကစ္ဆာ-ပြု၍ သိကြားဟောဟူသည်။ သက္ကရာဇ်ကကို သက္ကရာဇနုပုဒ်ပြု၍လည်း သိကြားဟောမယူ။ တတ်စွမ်းနိုင်သော ပညာရှိ အစီအရင်ယူသည်။ ဤသို့ကန္နီအတွင်းဝန်ရေး မကာရန္တဗေဒင်လက်ရိုး ဋီကာတွင်ဆိုလေသည်။

ဤအဆိုအရ အိန္ဒိယနိုင်ငံသမိုင်းတွင် သာကမင်းဆက်ကို အကြောင်းပြု၍ သက္ကရာဇ်ခေါ်သည်ဟု ဆိုကြကြောင်း သိရ၏။ အိန္ဒိယနိုင်ငံ သာကမင်းဆက်မှာလည်း ခေတ်နှစ်ခေတ်ပေါ်ထွန်းခဲ့ပေရာ သာကခေတ်ဟောင်းသည် ခရစ်တော်မပေါ်မီ ၁၂၃ ခုနှစ် (BC ၁၂၃) မှစ၍၊ သာကခေတ်သစ်သည် ခရစ်တော်ဖွားပြီး ၇၈ ခုနှစ် (AD ၇၈) မှစ၍ယူကြောင်း၊ သက္ကရာဇ်သည် မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် ၄၂၀ ခုနှစ်မှ ဖြစ်ပေါ်ခဲ့ကြောင်း မှတ်သားရပေသည်။ ထိုသက္ကရာဇ်မတိုင်မီကာလကို ကလိယုဂ်နှစ်၊ သာသနာနှစ်စသည်ဖြင့် ခေါ်ဝေါ်ခဲ့ကြပါသည်။

သူရိယ သိဒ္ဓန္တကျမ်းအလိုအရမူ စတုယုဂ်တစ်ခုတွင် နှစ်ပေါင်း ၄,၃၂၀,၀၀၀ (လေးသန်းသုံးသိန်းနှစ်သောင်း) ရှိ၍ ယုဂ်လေးပါးပိုင်းခြားသည်ဟု သိရ၏။ ယင်းယုဂ်လေးပါးမှာ

(က) ကတယုဂ် (နှစ် ၁,၇၂၈,၀၀၀)
(ခ) တြေတာယုဂ် (နှစ် ၁,၂၉၆,၀၀၀)
(ဂ) ဒွါပရယုဂ် (နှစ် ၈၆၄,၀၀၀)
(ဃ) ကလိယုဂ် (နှစ် ၄၃၂,၀၀၀) တို့ဖြစ်ကြောင်း လေ့လာရမိသည်။ ယခု မြန်မာနိုင်ငံတွင် သုံးစွဲနေကြသော သက္ကရာဇ်သည် ကလိယုဂ်နှစ်များမှ မင်းအဆက်ဆက် သက္ကရာဇ်ဖြိုခဲ့သောနှစ်များ ဖြစ်လေသည်။

မြတ်စွာဘုရားသခင်၏ ဘိုးတော်အဥ္စနမင်းသည် ဒွါပရယုဂ်နှစ်ကျန် (၆၂၃၆) နှင့် ကလိယုဂ်ဆန်းနှစ် (၂၄၀၉) နှစ်ရပ်ပေါင်း၍ (၈၆၄၅) နှစ်ကိုဖြိုတော်မူသည်။ ထိုသို့ ဖြိုပြီးနောက် မဟာသက္ကရာဇ် ၆၈ ခုနှစ်တွင် မြတ်စွာဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားကို ဖွားမြင်တော်မူသည်။ အလောင်းတော်မင်းသားသည် သစ္စာလေးပါးကို ပိုင်းခြားသိမြင်ပြီး ဗုဒ္ဓဘုရားသခင်

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်သို့ ရောက်တော်မူခဲ့ပြီး မဟာသက္ကရာဇ် ၁၄၈-ခုနှစ်တွင် ပရိနိဗ္ဗာန်ပြုခဲ့လေသည်။ ၎င်းနောက် အရှင်မဟာကဿပအမှူးပြု၍ ပထမသင်္ဂါယနာတင်ပြီးလျှင် အဇာတသတ်မင်းသည် မဟာသက္ကရာဇ် ၁၄၈ ကို ဖြိုတော်မူ၍ သာသနာသက္ကရာဇ် ပြုတော်မူလေသည်။

ထိုမှ အစဉ်အတိုင်း သုံးစွဲလာခဲ့ရာ သရေခေတ္တရာမင်းဆက် ၂၅ ဆက်မြောက် သုမုန္ဒြီမင်းလက်ထက်တော်၌ နက္ခတ်ကိန်းခန်းကျသဖြင့် ဒေါ်ဒေါ်ရသ သာသနာသက္ကရာဇ် ၆၂၂ကို ဖြိုခဲ့ပြန်သည်။ ဤဖြိုနှစ်နှင့် တပြိုင်တည်းပင် အိန္ဒိယနိုင်ငံ၌လည်း မယုရမင်းလက်ထက်တွင် နက္ခတ်ကိန်းခန်းအရ သက္ကရာဇ်ဖြို၍ သာကနှစ်အစပြုခဲ့ကြောင်း လေ့လာရမိသည်။

ထို့နောက် ပုဂံပြည် ပုပ္ပားစောရဟန်းမင်း လက်ထက်တွင် ခဆပဉ္စ သက္ကရာဇ် ၅၆၀ ကို ဖြိုခဲ့၏။ သက္ကရာဇ် ၈၀၀ ပြည့်သို့ ရောက်သောအခါ ရတနာပူရ အင်းဝပြည်တွင် စိုးစံသော မိုးညှင်းမင်းတရားလက်ထက်၌ သက္ကရာဇ် ၇၉၈ ကို ဖြိုပြန်ရာ မအောင်မြင်ခဲ့ချေ။ သက္ကရာဇ်ဟောင်း အခေါ်အဝေါ် မပျောက်ဘဲ ရှိချေ၏။ မြန်မာတစ်နိုင်ငံလုံး ပုဂံခေတ် သက္ကရာဇ်ကိုသာ ဆက်လက်၍ အသိအမှတ်ပြုခဲ့သည်မှာ ယနေ့ကာလတိုင် ဖြစ်လေသည်။ ဤအခါမှစ၍ သက္ကရာဇ်အရှည်၊ သက္ကရာဇ်အတိုဟု သက္ကရာဇ်နှစ်ရပ်ဖြစ်ခဲ့သေးရာ ယင်းအခေါ်အဝေါ် အသုံးအစွဲမှာ ညောင်ရမ်းမင်းဆက်သို့တိုင် ပျောက်ပျက်ခဲ့ဟန် မတူပေ။

ညောင်ရမ်းမင်းဆက်၊ စနေမင်းလက်ထက်အခါကာလတွင် သွန်းလုပ်လှူဒါန်းခဲ့သော ပခုက္ကူမြို့ သီဟိုဠ်ရှင် ဘုရားခေါင်းလောင်းမှ ကမ္ပည်းစာတွင်-

''စီရံတိဋ္ဌတု သဒ္ဓမ္မော။ ဘရာ ယက္ခတု မေဒန္တိ။ သကြဉ် ၁၀၇၁ ဒီဃ။ ၂၇၃ ရဿ။ ဒုတိယဝါဆိုလဆန်း တစ်ဆယ်လေးရက် သောကြာနေ့တွင်'' ဟု ဖော်ပြကမ္ပည်းတင်ထားသည်ကို အထင်အရှား တွေ့ရပါသည်။

ကမ္ပည်းစာပါ (ဒီဃ) ဟူသော ဝေါဟာရမှာ သက္ကရာဇ်ရှည်ဖြစ်ပြီး (ရဿ) မှာ သက္ကရာဇ်တို အမှတ်အသားဖြစ်ကြောင်း သိရ၏။ ကောဇာသက္ကရာဇ် ၁၀၇၁ ခုနှစ်သည် ပုဂံခေတ် ပုပ္ပားစောရဟန်းမင်းလက်ထက်တွင် ဖြိုသောသက္ကရာဇ်မှစ၍ ရေတွက်ခေါ်ဝေါ်ခြင်းဖြစ်၍ ဒီဃသက္ကရာဇ် ဖြစ်ကြောင်း သိနိုင်သည်။ မိုးညှင်းမင်းတရားလက်ထက်တွင် သက္ကရာဇ် ၈၀၀



ပြည့်ကို ၂ ခုကြွင်းထား၍ ၇၉၈ ခုကို ဖြိုခဲ့ရာ၊ မအောင်မြင်ခဲ့ပေ။ သို့သော် ၎င်းမှစ၍ ၂ ခုကြွင်းဖြင့် ရေတွက်လာခဲ့သော ခုနှစ်အစဉ်ကို သက္ကရာဇ်ကို (ရဿ) ဟု ခေါ်ဝေါ်ခဲ့ကြပေသည်။

ထို့ကြောင့် သီဟိုဠ်ရှင်ဘုရားခေါင်းလောင်းစာပါ ဒီဃ နှစ် (၁၀၇၁ ခုနှစ်) မှ မိုးညှင်းမင်းလက်ထက် ဖြို (၇၉၈ ခုနှစ်) ကို ပယ်သော် ၂၇၃၊ ရဿ သက္ကရာဇ်တို ရရှိကြောင်း သိနိုင်ပါသည်။

ပုဂံမြို့ မင်းနန်းသူဘုရားသုံးဆူအတွင်းရှိ မင်းရေးဇာတာသုံးစောင် အနက် ဇာတာအမှတ် (၂) ၊ သုဒ္ဒေါဓနေ၏ ဇာတာတွင် ''သက္ကရဇ် ၁၅ အာသိန်နှစ်၊ ကဆုန်လဆန်း ၃ ရက်'' ဟု ပါရှိရာ ယင်းသက္ကရာဇ် ၁၅ မှာ မိုးညှင်းမင်းလက်ထက် မအောင်မြင်ခဲ့သော ဖြိုကြွင်းသက္ကရာဇ် ၁၅ ကို ဆိုလိုခြင်း ဖြစ်ပေသည်။ ထို့ကြောင့် ယင်းဇာတာရှင်၏ မွေးနှစ်အမှန်မှာ ကောဇာသက္ကရာဇ် (၇၉၈ + ၁၅ = ၈၁၃ ခုနှစ်) ဖြစ်ကြောင်း သိနိုင်လေသည်။

တစ်ဖန် သက္ကရာဇ်ဟုဆိုသည်နှင့် ခုနှစ်၊ လ ၊ နေ့ရက်များပါ အကျုံးဝင်စမြဲဖြစ်ရာ ယခုအခါ မြန်မာသက္ကရာဇ် အခေါ်အဝေါ်မှာ အသုံးနည်းစပြုလာပြီ ဖြစ်ပါသည်။ ခေတ်လူငယ်များဆိုလျှင် သာသနာသက္ကရာဇ်၊ ကောဇာသက္ကရာဇ်ဆိုသည်ကို လုံးဝသတိမမူကြတော့ဘဲ ခရစ်သက္ကရာဇ်ကိုသာ အစွဲအမှတ်ပြုနေကြပါပြီ။ ထိုနည်းအတူ နှစ်၏ အသုံးအစွဲ၊ အခေါ်အဝေါ်များသည်လည်း သကြံန်စာတွင်မှတစ်ပါး လုံးဝမတွေ့ရတော့ပါ။ သို့ဖြစ်ရာ ရှေးဟောင်းကမ္ပည်းစာများထဲမှ တွေ့ရှိလေ့လာရသော ကောဇာသက္ကရာဇ်ပါ ခုနှစ်၊ လ၊ နေ့ရက်များကို အကျဉ်းမျှ ဖော်ပြလိုက်ပါသည်။

**ခုနှစ်** ။ ။ ခုနှစ်၏ရှေ့တွင် သက္ကရာဇ်ဟု ရေးထိုးလေ့ရှိ၏။ သက္ကရာဇ် ဟူသော ဝေါဟာရကို ရှေးဟောင်းကမ္ပည်းစာများတွင် (သကြဉ်)၊ (စကရစ်)၊ (သက္ကရဇ်) ဟူ၍ ရေးထုံးအမျိုးမျိုး ပြုကြောင်းတွေ့ရသည်။ သက္ကရာဇ်တွင် သာသနာသက္ကရာဇ် နှင့် ကောဇာသက္ကရာဇ်ဟူ၍ နှစ်မျိုးရှိ၏။ တစ်ဖန် ပုပ္ပား စောရဟန်းမင်းလက်ထက် ဖြိုသောသက္ကရာဇ်မှ စတင် ရေတွက်သော ခုနှစ်မှာ (ဒီဃ - သက္ကရာဇ်ရှည်) ဖြစ်သည်။ အင်းဝ

www.burmeseclassic.com

www.burmeseclassic.com



မိုးညှင်းမင်းတရားလက်ထက် ၈၀၀ ပြည့်နှစ်တွင် ၂ ခု ကြွင်းထား၍ ၇၉၈ ခုကို သက္ကရာဇ်ဖြိုရာ မအောင်မြင်သော်လည်း အောင်မြင်လေဟန် အယူထား၍ ဖြိုကြွင်းသက္ကရာဇ် (ရသ - သက္ကရာဇ်တိုဟု မှတ်သားသည်။ ဤတွင် ကောဇာသက္ကရာဇ်ကို ၁၁၈၂) ဖြင့်ပေါင်းသော် သာသနာသက္ကရာဇ်ရကြောင်း မှတ်သားနိုင်သည်။

**နှစ်** ။ ။ နှစ်၏အမည်များကို ယခုအခါတွင် သကြိန်စာမှတစ်ပါး အခြားနေရာများ မသုံးစွဲကြတော့ပေ။ နှစ်တို့၏ ခေါ်ဝေါ် သုံးစွဲမှုများကို ပုဂံခေတ်နှင့် အင်းဝညောင်ရမ်းခေတ်တို့၌သာ အများအားဖြင့် တွေ့ရပါသည်။ ကုန်းဘောင်ခေတ်ဦးသို့ ရောက်သောအခါ ယင်းအခေါ်အဝေါ် များသည် စာကြီးပေကြီးများ၌သာ ကြွင်းကျန်ရစ်ပြီး လက်တွေ့၌မူ သုံးစွဲမှု မပြုတော့ကြောင်း လေ့လာသိရှိရ၏။

ပုဂံခေတ် နရပတိစည်သူမင်းလက်ထက် သင်ကြီးအဘိနန္ဒသူ ရေးထိုးသော ကျောက်စာတွင် "သကရစ် ၅၄၁ မာဃ သံ ဝစ္ဆိုရ်နှစ်မွယ်တာလ" ဟု နှစ်အမည်ကို ရေးထိုးကမ္ပည်းတင်ပါသည်။ သံဝစ္ဆိုလ်နှစ်ကိုပင် မာဃ သံဝစ္ဆိုလ်နှစ်၊ အာသိတ်သံဝစ္ဆိုလ်နှစ်၊ မြိက္ကသိုလ် သံဝစ္ဆိုရ်နှစ်၊ သြဝန်သံဝစ္ဆိုရ် နှစ် စသည်ဖြင့် အမည်အမျိုးမျိုး ကွဲပြားနေကြောင်း လေ့လာရမိ၏။

ခေါင်းလောင်းစာတွင်မူ နှစ်အမည်များ ရေးသားဖော်ပြမှု နည်းပါးပါ သည်။ နှစ်အမည်ရေးထိုးမှုကို ပုဂံခေတ် ကျောက်စာများတွင်သာ အတွေ့ရ များသည်။ ယင်းနှစ်များသည် မြန်မာတို့၏ ရှေးဟောင်းနက္ခတ်တာရာ အခေါ် အဝေါ် ယူဆမှုများကိုလိုက်၍ ခေါ်ဝေါ်သုံးစွဲခဲ့ဟန် ရှိပါသည်။ ရံဖန်ရံခါ ဖော်ပြနှစ်အမည်များသည် နက္ခတ်တာရာ လင်းလက်သောရာသီချိန်များနှင့် ကိုက်

| ရှေးရေး | ခေတ်ရေး |
| --- | --- |
| စိတ၊ စိဿနှစ် | စိတြနှစ် |
| ဝိသာခါနှစ် | ဝိသာခါနှစ် |
| ခယ်နှစ်၊ ခေထနှစ် | ဇေဋ္ဌနှစ် |
| အာသီထ၊ အာသိန်နှစ် | အာသဠှနှစ် |
| သြဝန်နှစ်၊ သရဝန်နှစ် | သရဝဏ်နှစ် |



| | |
| --- | --- |
| ပိဿျက်နှစ် | ဿဒ္ဒဘိဿျနှစ် |
| အဿယုဇနှစ် | အဿဝဏီနှစ် |
| ကြတိုက်၊ ကျတ္တိကာ | ကြတ္တိဏာနှစ် |
| မိဂဿ၊ မြိက္ကသိုရ် | မိဂဿီနှစ် |
| ပုဿ၊ ဖုဿ | ဖုဿျနှစ် |
| မာဃ | မာဃနှစ် |
| ဖလရှိန်၊ ဘာရဂုနီ | ဘာရဂုဏီနှစ် |

**လအမည်** ။ ။ ခေါင်းလောင်းစာပါ လအမည်များမှာ ခေတ်ကာလသုံး လအမည်များနှင့် များစွာကွဲပြားခြားနားခြင်း မရှိပါချေ။ ရှေးရေး လအမည်များမှာ သတ်ပုံရေးထုံးအရာ၌သာ ချို့ယွင်းခဲ့ကြောင်း တွေ့ရ၏။ ဥပမာဆိုရသော် တပိုတွဲလကို တပိုဇွဲ၊ တပိုတွယ် စသည်ဖြင့် ရေးထုံးပြုကြသည်။ နတ္တော်ကို (နတ္တဝ်) ဟု ရေးသားကမ္ပည်းတင်သည်။ တော်သလင်းလကို သစ်ဆင်းလ၊ သီတင်းကျွတ်ကို သန်တူလဟု ရေးသား ခေါ်ဝေါ်ကြပါသည်။ ရှေးခေတ်ရေးထုံးပြုသော လအမည်များကို ခေတ်အရေး နှင့်ယှဉ်၍ အောက်တွင် ဖော်ပြပါသည်။

| | |
| --- | --- |
| တကူ။ တံကူ။ တန်ကူ | တန်ခူးလ |
| ကဿုန်။ ကုဆုမ်။ ကဆုံ | ကဆုန်လ |
| နံ မျုန်။ နံမြု | နယုန်လ |
| တဆို။ မွယ်တာ | ဝါဆိုလ |
| နံကာ။ တခွေါင် | ဝါခေါင်လ |
| တဝ်သလင် | တော်သလင်း |
| သန်တူ။ သန္တူ။ သီတင်ချွတ် | သီတင်းကျွတ် |
| တဆောမုန် | တန်ဆောင်မုန်း |
| နတ္တ်။ နတော | နတ္တော်လ |
| ပြာသိုဝ်။ ပ္လသိုဝ် | ပြာသိုလ |
| တပိုဇွဲ။ တပိုဝ်တွယ် | တပို့တွဲ |
| တပေါင် | တပေါင်း |

www.burmeseclassic.com

www.burmeseclassic.com



**နေ့ရက်အမည်။** ။ နေ့အခေါ်အဝေါ်များမှာလည်း ယခုခေတ် အခေါ်အဝေါ်များနှင့် ကွဲပြားမှုမရှိပါ။ သတ်ပုံရေးထုံးသာ ကွဲပြားကြပေသည်။ တစ်ခါတစ်ရံ ဗေဒင်သုံး သင်္ကေတဂဏန်းဖြင့် ရေးသားကြသည်ကိုလည်း တွေ့ရပါသည်။ ဥပမာ တနင်္လာနေ့ကို (၂နေယ်)၊ သောကြာနေ့ကို (၆နေယ်) ဟုရေးခြင်းမျိုး ဖြစ်လေသည်။

| | |
|---|---|
| ၂နေယ်။ တန္လာနေယ် | တနင်္လာနေ့ |
| အင်္ဂါ၊ ၃ါနေ့ | အင်္ဂါနေ့ |
| ၄ဟူ။ ပုတ္တဟူ။ ပိတဟူ | ဗုဒ္ဓဟူးနေ့ |
| ၅ တေ။ ကျာသပတေ | ကြာသပတေးနေ့ |
| သုတ္တြာ။ ၆ နိယ်။ သောကြ။ သော်ကြ | သောကြာနေ့ |
| စနေ်နေယ် | စနေနေ့ |
| ၁နွေ | တနင်္ဂနွေနေ့ |

## ဝေါဟာရအသုံး

ခေါင်းလောင်းစာများအနက် အစောဆုံးတွေ့ရသော ခေါင်းလောင်းမှာ တောင်ငူခေတ်ထိုး ခေါင်းလောင်းဖြစ်ပါသည်။ ပုဂံခေတ်၏ လှူမှုထုံးစံလှေ့ပောင်းများ မကင်းစင်သေးကြောင်း တွေ့ရ၏။ အရေးအသား တိုတောင်းပြတ်သားပြီး ဆိုလိုချင်သောအချက်ကိုသာ အကျဉ်းချုံး၍ ဖော်ပြသည်။ ဝေါဟာရ အသုံးအနှုန်းချဲ့ထွင် ရှည်လျားမှုမျိုး မတွေ့ရပေ။ ညောင်ရမ်းခေတ်ထိုး ခေါင်းလောင်းများတွင်လည်း ထူးခြားသောပြောင်းလဲမှု မရှိခဲ့သေးပါ။ ကုန်းဘောင်ခေတ်သို့ ရောက်သောအခါ ပြောင်းလဲသွားပါသည်။ ဝါကျများရှည်လျားစွာ ဖွဲ့နွဲ့လာ၏။ စကားအဆင်တန်ဆာများ ပြည့်ဝလာ၏။ ဤသို့သော ခေါင်းလောင်းစာပါ အကြောင်းအရာများအနက် ထူးခြားသော ဝေါဟာရ အသုံးအနှုန်းများကို တင်ပြပါမည်။

"ရွှေမြို့တော် ထီးပေါင်းကားအရပ်နေ ရေဇကြိုကျောင်းတကာ မောင်စိုသမီးခင်ပွန်းက" ဟု ဖော်ပြသော ခေါင်းလောင်းစာတွင် (သမီးခင်ပွန်း) ဟူသော ဝေါဟာရပါရှိ၏။

ရှေးခေတ်ကာလ ရေးထိုးမှတ်တမ်းပြုသော ကမ္ပည်းစာများတွင်



အတွေ့ရများသော ဝေါဟာရဖြစ်သည်။ တချို့သော ခေါင်းလောင်းစာတွင် (သမီးခင်ပွန်း ၂ ပါး) ဟု ရေးထိုးဖော်ပြတတ်ကြောင်း တွေ့ရ၏။ မြန်မာလှူမှုရေးနယ်ပယ်တွင် အိမ်ထောင်ဖက်ပြုသူ လင်ယောကျ်ားနှင့် ဇနီးမယားအနက် လင်ယောကျ်ားက အသက်ကြီးလျှင် ၄င်းတို့ ဇနီးမောင်နှံကို သမီးခင်ပွန်းဟုခေါ်ကြောင်း၊ မယားမိန်းမက လင်ယောကျ်ားထက် အသက်ပိုကြီးပါက သားခင်ပွန်းဟု ခေါ်ဝေါ်သုံးစွဲကြောင်း ရှေးလူကြီးသူမများထံမှ တစ်ဆင့်စကား မှတ်သားရဖူးပါသည်။

"ကြေးစင်၊ ငွေစင်" ဟူသော ဝေါဟာရမှာ သန့်စင်အောင်ကျိုချက်ပြီးသော ကြေး၊ ငွေကို ဆိုပါသည်။ ရှေးခေတ်က ကြေး၊ ငွေများကို အတုံးအခဲများအဖြစ် ရောင်းဝယ်ဖောက်ကားသုံးစွဲပါသည်။ သန့်စင်မှုမရှိသေးဘဲ ကြေးရောငွေရော ဖြစ်ပါသည်။ ၄င်းကြေးရောကို ကျိုချက်သန့်စင်ပြီး ရရှိသော ကြေးကို ကြေးစင်ဟု ခေါ်လေသည်။

ကြေးခေါင်းလောင်း သွန်းလုပ်ခကို ပန်းတဉ်းဆရာအား ပေးချေရာ၌ (အဖိုးလက္ခ) (သပ္ပာလက္ခ) ဟု သုံးစွဲပါသည်။ ခေါင်းလောင်းတစ်လုံး၏ ကြေးသွန်းလုပ်အားခကို အမျိုးမျိုးတွေ့ရသည်။သွန်းလုပ်သည့် ခေါင်းလောင်း၏ ကြေးချိန်၊ အရွယ်အစားကိုလိုက်၍ ပေးချေရသဖြင့် ကွဲပြားခြားနားသည်ဟု ယူဆပါသည်။

(သဒ္ဒါ ဒါန) ဟူသော စကားသုံးမှာ မြတ်စွာဘုရားအား (သဒ္ဒ= အသံ၊ ဒါန=အလှူ) ဟူသော ဖွင့်ဆိုချက်ဖြင့်ပင် အသံဒါနပြုကြောင်း ပေါ်လွင်ပါသည်။ (ဝသုံဓရေကို ဝေပါ၏) ဟူသော အသုံးအဖွဲ့မှာ ဝသုန္ဓရေမြေနတ်သမီးအား မိမိပြုသော ကုသိုလ်ကို တိုင်တည်သစ္စာဆိုခြင်းဖြစ်သည်။ ညောင်ရမ်းခေတ်ထိုး ခေါင်းလောင်းများတွင်အဆုံး၌ (တိပုအာ) ဟူသော ဝေါဟာရသုံးကို အများဆုံးတွေ့ရသည်။ ဘုရားဆုပန်စာဖြစ်၏။ အများအားဖြင့် ပုဒိအာဟု ရေးထိုးမှတ်တမ်းပြုကြသော်လည်း ညောင်ရမ်းခေတ် ခေါင်းလောင်းစာများတွင် တိပုအာဟု ရေးထိုးကြောင်း လေ့လာရမိသည်။ ခေါင်းလောင်းစာပါ ဆုတောင်းအမျှဝေခြင်းကို ဖော်ညွှန်းရာတွင် (ကုန်းမှာနေကုန်းကုမ္ဘေ၊ ရေမှာနေ ရေကုမ္ဘေ) ဟူသော သတ္တဝါအားလုံးကို ရည်ညွှန်းသည့် ဝေါဟာရသုံးကိုလည်း တစ်ခါတစ်ရံ တွေ့ရသည်။

www.burmeseclassic.com



ခေါင်းလောင်းအလှူရှင်တို့၏ အလုပ်အကိုင် အသက်မွေးမှုမှာ အမျိုးမျိုး တွေ့ရ၏။ ခေါင်းလောင်းစာတစ်ခုတွင် (ငမျာမင် သာသမက်) ဟုတွေ့ရှိရာ (ငမျာမင်) သည် ရာထူး ဌာနရအဆင့်မဟုတ်မှုဘဲ ဒေသကို အုပ်စိုးတာဝန် ယူရသော သူကြီးဟု ယူသင့်ပါသည်။ ထိုစဉ်က ကူးခန်းကြီးနယ် အဝင်အပါ ဖြစ်သော (ငါးမြာ = ငမြာရွာ) ၏ သူကြီးဟု ဆိုနိုင်ပါသည်။ (စာတိုက်ဒကာ) ဟူသော ဂုဏ်ပုဒ်မှာ အလှူရှင်၏ အလုပ်အကိုင်ကို ရည်ညွှန်းခြင်းမဟုတ်ပေ။ ရှေးခေတ် ဘုန်းတော်ကြီးကျောင်းများတွင် ပေ၊ ပရပိုက်စာများ ထားသို သိမ်းဆည်းရာ စာတိုက်ခေါ် ပိဋကတ်တိုက် လှူဒါန်းသော ဒါယကာကို ခေါ်ဆိုခြင်းဖြစ်သည်။ တချို့သော ခေါင်းလောင်းအလှူရှင်များမှာ မင်းညီ မင်းသား၊ မင်းမှုထမ်းများဖြစ်ဟန် ရှိပါသည်။ ပန်တိမ်မှူး၊ အမြောက်မှူးဟု သုံးနှုန်းရေးထိုးကြောင်း တွေ့ရ၏။ ခေါင်းလောင်းသွန်းလုပ်သူကို (ပန်းသွန်း သမား၊ ပန်းစဉ်းသည်) ဟု ခေါ်ဝေါ်သုံးစွဲကြောင်း တွေ့ရှိရသည်။ နှောင်းခေတ် ခေါင်းလောင်းစာများတွင် အလှူရှင်၏ မျိုးရိုးအဆင့်အတန်း၊ အလုပ်အကိုင်ကို သာမက ဆွေမျိုးဉာတကာ စာရင်းများပါ ပါဝင်လာသည်။

အလှူရှင်တို့၏ ဆုတောင်း၊ အမျှဝေပုံမှာ တစ်ဦးနှင့်တစ်ဦး မတူကြ ပေ။ သို့သော် အကြမ်းသဘောအားဖြင့် မဂ်ဖိုလ် နိဗ္ဗာန်သို့ ရောက်ရလိုကြောင်း ဆန္ဒမှာ တူညီကြပေသည်။ ညောင်ရမ်းခေတ်ဦးတွင် ကျိန်စာရေးထိုးခဲ့သည့် အလေ့ပါရှိနေသေးကြောင်းကို (ဖျက်ဆီးလေ ၆ အဝီစိသို့ကြလေစေသော) ဟု ရေးသားခြင်းက သက်သေခံပါသည်။

ရှေးမြန်မာတို့သည် မိမိတို့ လှူဒါန်းသည့် ကုသိုလ်ဒါနအတွက် နောင် သံသရာအကျိုးဆက်ကို အလေးအနက်ထားကာ မျှော်မှန်းလေ့ရှိသည်။ မျှော် မှန်းသည့်အတိုင်းလည်း ဆုတောင်းတတ်ကြခြင်းဖြစ်၏။ အထူးသဖြင့် ဆုတောင်း စာများတွင် "နိဗ္ဗာန်ချမ်းသာကို ရလိုပါ၏။ သဗ္ဗညုတ ဘုရားဆုကို ရပါလို၏" ဟူသော ဓမ္မဆုတောင်းသံတို့ မွမ်းထုံခဲ့ခြင်း ဖြစ်လေသည်။ ရှေးခေတ်ကျောက်စာ ခေါင်းလောင်းစာများတွင် အလှူရှင်အမျိုးသမီးများပင် (သဗ္ဗညုတဘုရားရှင်) အဖြစ် ရပါလိုကြောင်း ဆုတောင်းတတ်ကြသေးသည်ကို လေ့လာရမိသည်။

ကုန်းဘောင်ခေတ်ထိုး ခေါင်းလောင်းစာများတွင် ဆုတောင်းအမျှဝေ မှုကို စီကာပတ်ကုံး ရေးဖွဲ့လာကြပေသည်။ မြတ်သောအမျိုးအနွယ်၌ ဖြစ်လို



ခြင်း၊ ပညာကြီးလိုခြင်း၊ အင်္ဂါကြီးငယ်များနှင့် ပြည့်စုံခြင်း၊ ရဲရင့်ခြင်း၊ ရန်သူကို အောင်နိုင်လိုခြင်းစသော လောကုတ္တရာဆုတောင်းသံများသာမက အဆုံး စွန်သော ဘဝ၌ ရဟန္တာဖြစ်ရပါလို၏ဟု တောင်းဆုဆိုဟန်ကိုလည်း တွေ့ရ ပါသည်။ နိဗ္ဗာန်မရောက်နိုင်သေးမီ ကာလ၌ သံသရာတွင် လည်နေခိုက် ဘဝ ဘဝတိုင်းတွင် သူတော်ကောင်းများ၏ တရားစကားကို အလွယ်တကူ ကြားနာရပါစေ၊ အဖန်ဖန်ကြားနာရပါစေ၊ သတိဝီရိယတို့နှင့်လည်း အမြဲ ပြည့်စုံနိုင်ပါစေ စသည်ဖြင့် ဆုတောင်းတတ်ကြသေး၏။

ခေါင်းလောင်းတစ်ခုတွင်မူ "လောက၌ အံ့ဖွယ်လေးပါးဖြစ်သည့် အလောင်းတော်ယုန်မင်း မီးတွင်အေးမြခြင်း၊ ဆယ်ခြောက်ပယ်တွင်း ငုံးမင်း မီးရှောင်ကွင်းခြင်း၊ မျောက်မင်းထံတွင် ကျူပင်အဆစ်မရှိခြင်းနှင့် ဃဋိကာရ အိမ်ရာသည် မိုးမစွတ်ခြင်းစသည့် ကပ္ပဋ္ဌိကိ ၄ ပါးကို ကမ္ဘာတည်သကဲ့သို့ ယင်းလှူဒါန်းသော ခေါင်းလောင်းသည်လည်း ကမ္ဘာပတ်လုံး မပေါက်မကွဲဘဲ အမြဲတည်ပါစေ" ဟု ထူးခြားစွာ ဆုတောင်းခဲ့သည်ကို တွေ့ရသည်။ ဆုတောင်း ရာတွင် ရိုးရိုးစင်းစင်းရှိသကဲ့သို့ ဖွဲ့နွဲ့စီကုံးသော ဆုတောင်းစာရှည်များလည်း ရှိကြရာ တချို့မှာ စကားပြေဖြင့်ရေးသည်။ တချို့မှာ ကဗျာဖြင့်ဖွဲ့သည်။ တချို့မှာ ကဗျာစကားပြေ နှစ်တွေရေးကြပါသည်။

ကုန်းဘောင်ခေတ်နှောင်း ခေါင်းလောင်းတစ်လုံးတွင် "မြတ်ကောင်း မှုကြောင့်၊ သုဂတိမုံစွာ၊ လူ့ရွာနတ်ပြည်၊ ကြက်လည်သမျှ။ ဖြစ်ကာလနိုက်။ မယမသိ။ မရှိစကား။ နားမျှလေသန့်။ မပြန့်သည်ကို။ ဖြစ်ရလို၏။ ထိုထိုဘဝ။ ဖြစ်သမျှလည်း။ တေဇတက်တိုး။ တန်ခိုးထင်ပေါ်။ သဘောတရား။ မမှား မှန်စွာ။ တင်ပြီးသာမှ။ ဟောအတုလ။ ခေမာကမ်း။ ငြိမ်းချမ်းသာယာ။ နိဗ္ဗု ကာသို့။ မကျာရောက်လို ရည်ညွှန်းဆို၍" ဟု ကဗျာသံဖြင့် တောင်းဆုကို စာစီရေးထိုးခဲ့ကြောင်း လေ့လာရမိသည်။ အမျှဝေမှုကိစ္စတွင် မိဘဆရာ ဆွေမျိုး ဉာတကာနှင့် လူဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံများ၌ ကျင်လည်ကုန်သော သတ္တဝါ များ၊ ၃၁ ဘုံသားမှအဆုံး စကြာဝဠာ အနန္တထိ သာဓုခေါ်စေပါသည်။

သို့ဖြစ်ရာ ခေါင်းလောင်းကမ္ပည်းစာတစ်ခုကို လေ့လာတိုင်း ကုသိုလ်ရှင်၊ ဆွေမျိုးဉာတိစာရင်း၊ ခုနှစ်သက္ကရာဇ်၊ ကြေးချိန်၊ အဖိုးလက်ခ၊ ဆုတောင်း အမျှဝေမှုတို့ကို ကျယ်ဝန်းစွာ သိရှိနိုင်ပေသည်။ ခေါင်းလောင်းများသည် အတိတ်ခေတ် သမိုင်းကြောင်းကို ပြောနေသည်ဟုဆိုက မှားနိုင်မည်မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



## တောင်ငူခေတ် ခေါင်းလောင်းစာ

မြန်မာနိုင်ငံတွင် ရှေးအကျဆုံးသော ခေါင်းလောင်းနှင့် ခေါင်းလောင်းစာကို လက်ညှိုးထိုးပြပါဟုဆိုလျှင် ညောင်ဦးမြို့ ရွှေစည်းခုံဘုရားရှိ ခေါင်းလောင်းကြီးမှ မှတ်တမ်းစာကို ပြရပေမည်။ တစ်ဆယ့်ခြောက်ရာစု နှစ်လယ်၏ နိုင်ငံရေးသမိုင်းအတွက် များစွာအထောက်အကူရသော ကြေးခေါင်းလောင်းစာ ဖြစ်ပါသည်။


ထိုခေါင်းလောင်းကြီးကို မြန်မာသက္ကရာဇ် ၉၁၇ ခု (အေဒီ ၁၅၅၇ ခုနှစ်) တွင် ဆင်ဖြူရှင် ဘုရင့်နောင်မင်းတရားကြီးက သွန်းလုပ်လှူဒါန်း ချိတ်ဆွဲခဲ့ခြင်းဖြစ်သည်။

ခေါင်းလောင်းစာတွင် ဘုရင့်နောင်၏ တိုက်ခိုက်အောင်မြင်ရာ အရပ်ဒေသနှင့် ထိုဒေသတို့၌ သာသနာပြုပုံများကို ရက်စွဲများဖြင့် အတိအကျ ဖော်ပြလျက် မှတ်တမ်းတင်ခဲ့ပါသည်။ ဘုရင့်နောင်သည် အစဦးဆုံး တောင်ငူကို တိုက်ခိုက်သိမ်းယူသည်။ ထို့နောက် ပြည်၊ ပဲခူးတို့ကို အောင်မြင်ပါသည်။ ဤသို့ တိုက်ခိုက်အောင်မြင်ခဲ့သော စစ်များနှင့် ပတ်သက်၍ အကြောင်းမဲ့ သက်သက် သိမ်းယူခဲ့သည် မဟုတ်ပါဟုဆို၏။ မိစ္ဆာဒိဋ္ဌိများ လက်ဝယ်ရှိသော ဒေသများ၌ သာသနာပြုလိုသဖြင့် တိုက်ခိုက်သိမ်းယူခြင်း ဖြစ်သည်ဟု ခေါင်းလောင်းစာတွင် ဖော်ပြသည်။ ထူးခြားချက်တစ်ရပ်မှာ ပေါ်တူဂီကြေးစား စစ်သားများနှင့် ဥရောပလုပ် လက်နက်ကိရိယာတို့ကို အသုံးပြု တိုက်ခိုက်ခဲ့ဟန် တူသော်လည်း ယင်းလက်နက်တို့သည် အရာရောက်အသုံးဝင်သည်ဟု မှတ်တမ်းတွင် ထည့်သွင်း၍ မဖော်ပြခဲ့ခြင်းဖြစ်သည်။

ဘုရင့်နောင်သည် မိမိတိုက်ခိုက်သိမ်းသွင်းခဲ့သော အရပ်ဒေသတို့၌ ဘုရား၊ တန်ဆောင်း၊ ကျောင်းဇရပ်များ ဆောက်လုပ်လှူဒါန်းခဲ့သည်။ သာသနာတော်အတွက် ဆောင်ရွက်ပုံကို ခေါင်းလောင်းစာတွင် ဤသို့ ကမ္ပည်းတင် ရေးထိုးခဲ့ပါသည်။

"ဟံသာဝတီပြည်ကြီးကို အုပ်စိုးတော်မူသည်မှစ၍ ကုသိုလ်အဟောင်း ပျက်သည်ကိုလည်း ပြုပြင်တော်မူ၏။ ကုသိုလ်အသစ်ကိုလည်း များစွာ ပွားစေတော်မူလျက် သာသနာကို ချီးပင့်တော်မူ၏။ ခိုးသူတန္တ အနိုင်





ညောင်ဦးမြို့၊ ရွှေစည်းခုံ ဘုရားရင်ပြင်တော်ရှိ
ဆင်ဖြူရှင် ဘုရင့်နောင် ကောင်းမှုတော် ခေါင်းလောင်း

အထက်ပြုသော ဆူးပြောင့်ကိုလည်း ကုန်အောင်ပယ်တော်မူ၏။ သတ္တဝါတို့အား တရားနှင့်ညီစွာ ဖြစ်စေလို၍ နန်းတော်တွင်းဝယ် ခေါင်းလောင်းသွန်း၍ ဆွဲထားပြီးလျှင် သတ္တဝါတို့အား တရားနှင့်အညီ ဖြစ်စေတော်မူ၏"

သက်ဦးဆံပိုင်မင်းနှင့် ပြည်သူတို့ အလွယ်တကူ ဆက်သွယ်နိုင်အောင် နန်းတော်တွင်း၌ တရားခေါင်းလောင်းတစ်လုံးဆွဲထားသည်။ ပြည်သူတို့ တရားစကား အယုက်အတင်ရှိ၍ တရားသူကြီးတို့ ဆုံးဖြတ်သော်လည်း တရားမမှု မမှန်ကန်ဟုဆိုလျှင် ဆင်းရဲသူတို့သည် ခေါင်းလောင်းထိုး၍ သက်ဦးဆံပိုင်

www.burmeseclassic.com



မင်းထံသို့ အယူခံဝင်နိုင်သည်။ ပြည်သူ့တရား စီရင်ရေး၏ နမူနာပြယုဂ်တစ်ခု ဖြစ်သဖြင့် မြန်မာ့နိုင်ငံရေးအတွေးအခေါ်၌ မှတ်သားထိုက်သော ဓလေ့တစ်ရပ်ဟု ဆိုရပေမည်။

ခေါင်းလောင်းစာတွင် ဘုရင့်နောင်၏ စစ်ပွဲများအကြောင်းနှင့် ပတ်သက်၍ အသေးစိတ်ဖော်ပြထားချက်နှင့်အတူ မှတ်သားထိုက်သော လူမှုရေး၊ ဘာသာရေးဆိုင်ရာ ဆောင်ရွက်ချက်များကိုပါ လေ့လာရမိသည်။ ဘုရင့်နောင်သည် သီဟိုဠ်ကျွန်းသို့လည်း သာသနာပြုများ စေလွှတ်သည်။ ပိဋကတ်တစ်စုံနှင့်တကွ ပျက်လေပြီးသော ကုသိုလ်အဟောင်းများကို ပြင်ဆင်ရန် သစ်စေးသမား၊ မျက်ပါးသမား၊ ပန်းရန် ပန်းချီသမား စသည်တို့ကိုလည်း သင်္ဘောဖြင့် တင်ဆောင်သွားစေခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံအတွင်း၌ ကိုးကွယ်ယုံကြည်မှုနှင့် ပတ်သက်သော လူမှုရေးအလေ့အထတစ်ရပ်ကို ပြောင်းလဲပြင်ဆင်ခဲ့ခြင်းမှာ ပို၍ထူးခြားသည်ဟု ဆိုနိုင်လေသည်။ တစ်ကြောင်းမှာ ပူဇော်ပွားနတ်ကို ကျွဲ၊ နွား၊ ကြက်၊ ဝက် သတ်၍ တစ်နှစ်တစ်ကြိမ် ပသပြီးလျှင် ကျွဲခေါင်း၊ နွားခေါင်း ကြက်ခေါင်းများကို ကြိုးနှင့်သီကာ အိမ်ရှေ့နတ်တိုင်တွင် ဆွဲချိတ်ထားသော ဓလေ့ဆိုးကြီး တစ်ရပ်ကို ပယ်ဖျောက်ခဲ့ခြင်းဖြစ်သည်။ အခြားအကြောင်းတစ်ရပ်မှာ ရှမ်းပြည်တစ်ဝန်းတွင် သာသနာအလို့ငှာ စေတီတည်ခြင်း၊ သင်ပုတ်မြေလှူခြင်း၊ သံဃာတို့ကို ကျောင်းဆောက်၍ တင်လှူခြင်း၊ စသည်များကို ပြုခဲ့သည့် စော်ဘွားတို့သေလျှင် စော်ဘွားပိုင်ဆိုင်သော ခြွေရံသင်းပင်း၊ ကျေးကျွန်၊ စည်းစိမ်ဥစ္စာများကိုပါ သတ်ဖြတ်ထည့်သွင်း မြေမြှုပ်ခြင်းဓလေ့ စသည့်များသော မိစ္ဆာဒိဋ္ဌိအယူကို တားမြစ်ခဲ့ခြင်းဖြစ်သည်။ ဤအယူဝါဒသည် အိန္ဒိယနိုင်ငံ၌ အမြစ်တွယ်ခဲ့သော ဓလေ့ဆိုးတစ်ရပ်ဖြစ်၏။ မြန်မာနိုင်ငံသို့ပါ ကူးစက်ပျံ့နှံ့လာခဲ့ဟန် ရှိပါသည်။ ထိုအကြောင်းကို ခေါင်းလောင်းစာတွင် ဤသို့ မှတ်တမ်းပြုရေးထိုးပါသည်။

> "သူတော်ကောင်းတစ်ယောက် သေလျှင် ကျွန်ယောကျ်ား၊ ကျွန်မိန်းမကို သတ်၍ထည့်သော မိစ္ဆာဒိဋ္ဌိအကျင့်ကို မကျင့်ရန်လည်း ဆုံးမကာ မြစ်တော်မူ၏"



အထက်ပါ လူမှုရေးပြုပြင်ပြောင်းလဲချက်သည် အလွန်အရေးပါ အရာရောက်သော မှတ်တမ်းတစ်ရပ် ဖြစ်လေသည်။ ခေတ်နောက်ကျနေသော နတ်ကိုးကွယ်ယုံကြည်မှု ယဇ်ပူဇော်မှု ဓလေ့တို့ကို ဖယ်ရှားပြုပြင်ခြင်းဖြစ်သဖြင့် လူမှုရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုကြီးတစ်ရပ်ဟု ဆိုရပေမည်။ ဆင်ဖြူရှင်ဘုရင့်နောင်မင်း၏ အမြော်အမြင်ကြီးသော စွမ်းဆောင်ချက်ဟု ခေါ်ဆိုရမည်သာ ဖြစ်လေသည်။

## ညောင်ရမ်းခေတ် ခေါင်းလောင်းစာများ

ညောင်ရမ်းခေတ် ခေါင်းလောင်းများအနက် ရှေးအကျဆုံး ခေါင်းလောင်းမှာ ရေစကြိုမြို့နယ်၊ ပခန်းစည်သူရှင်ဘုရား မြောက်ဘက်မုခ်တန်ဆောင်း၏ အရှေ့ဘက်တွင်ရှိသော ခေါင်းလောင်းနှစ်လုံးအနက်မှ မြောက်ဘက်က ခေါင်းလောင်း ဖြစ်ပါသည်။

ညောင်ဦးမြို့ ရွှေစည်းခုံဘုရားရှိ ဆင်ဖြူရှင်ဘုရင့်နောင်မင်းတရားကြီး၏ ကောင်းမှုတော် ခေါင်းလောင်းမှာ မြန်မာနိုင်ငံတွင် ယခုထိရှာတွေ့ သိမြင်ထားသော ခေါင်းလောင်းများအနက် ရှေးအကျဆုံး ခေါင်းလောင်းဖြစ်သည်။ ပခန်းစည်သူရှင်ဘုရားရှိ သက္ကရာဇ် ၉၆၇ ခုနှစ်ပါ ညောင်ရမ်းခေတ် ခေါင်းလောင်းမှာ ဒုတိယရှေးအကျဆုံး ဖြစ်လေသည်။

ဤခေါင်းလောင်း၏ ပုံသဏ္ဌာန်မှာ ဘုရင့်နောင်မင်းတရားကြီး သွန်းလှူခဲ့သည့် ခေါင်းလောင်းကြီးပုံနှင့် ခပ်ဆင်ဆင် တူပါသည်။ ခေါင်းလောင်းစာကို တစ်ကြောင်းစီ သီးသီးခြားခြား မရေးဘဲ ရစ်ပတ်၍ ရေးထိုးထားသည်ကို တွေ့ရ၏။ ခေါင်းလောင်းကိုယ်ထည်တွင် ရေထိုးမှတ်တမ်းပြုထားသော ကမ္ပည်းစာမှာ ဤသို့ဖြစ်ပါသည်။

> "သကြစ်ံ ၉၆၇ ခု နမြုလပြည် စနေနေ့တွင် ကူကြီနိုက်နေသော ငမျာမင် သာသမက်ဖြစ်သော သျှင်ချစ်ဆုမ် သျှီခင်ပွန် ၃ ပါသွင် ခေါင်လောင်လှူသည်၊ အကျို ၉ စ၍ ပြည်သခင်အာလည် အမျှရ တော်မူဓေသော။ အောက်အဝီဇိ အစက်ဘဝက်တိုင်အောင် လူနတ် ဗြဟ္မာအပေါင် ၉ ဝေ၏။ အမျို ၇ ဆက် ၉ပေဝေ၏ ဖျက်ဆီလေ

www.burmeseclassic.com

www.burmeseclassic.com



သော အစိဇိသို ကြလေဧသော ပြုပြင်ပေ ၉ ကုသိုဝ်အမျှ ရပဇေသော။"

တိပုအာ"

ဤခေါင်းလောင်းကို လွန်ခဲ့သောနှစ်ပေါင်း ၃၇၀ ကျော်က သွန်းခဲ့သည်။ ခေါင်းလောင်းသွန်းလုပ် လှူဒါန်းသော နှစ်မှာ မြန်မာသက္ကရာဇ် ၉၆၇ ခုနှစ် နယုန်လပြည့်နေ့ စနေနေ့ဖြစ်၏။ ခရစ်နှစ်အလိုအရ ၁၆၀၅ ခု မေလထဲတွင် ဖြစ်သည်။ ဟံသာဝတီဆင်ဖြူရှင်၏ သားဖြစ်သော ညောင်ရမ်းမင်းဆက်ကို စတင်တည်ထောင်ခဲ့သူ သီဟသူရ မဟာဓမ္မရာဇာဘွဲ့ခံသည့် ညောင်ရမ်းမင်း နတ်ရွာမစံမီ ကိုးလကျော်အချိန်က ပခန်းသားတို့ သွန်းခဲ့သော ခေါင်းလောင်းဖြစ်သည်။

ကောင်းမှုကုသိုလ်ရှင်မှာ ကူးခန်းကြီး (ပခန်းကြီး) ၌နေထိုင်သော ငမျှာမင်း၏ သားသမက်ဖြစ်သူ သျှင်ချစ်ဆုမ်တို့ ဇနီးမောင်နှံဖြစ်သည်။ (ငမျှာမင်း) မှာ ထိုစဉ်က ပခန်းကြီးနယ်အတွင်းရှိခဲ့သော ငမြာရွာ၌ အုပ်စိုးရသော ရွာသူကြီးကို ခေါ်ဆိုသည်ဟု ယူဆရပါသည်။ သျှင်ချစ်ဆုမ်ဟူသော နာမည်ကို ထောက်ဆလျှင် မင်းညီမင်းသား အဆင့်အတန်းဝင် မင်းခစား ယောကျ်ားတစ်ဦးဖြစ်ကြောင်း သိနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ညောင်ရမ်းခေတ်ကာလတွင် ယောကျ်ားများ၏နာမည်ကို (ရှင်) တပ်၍ခေါ်သော အထောက်အထားများ တွေ့ရသောကြောင့် ဖြစ်လေသည်။

ခေါင်းလောင်းစာတွင် သွန်းလုပ်သောကြေးချိန်ကို ထည့်သွင်းရေးထိုးထားခြင်း မရှိပေ။ လက်ရေးလက်သားမှာ မန်ကျည်းစေ့လက်ရေးမျိုး ဖြစ်သည်။ "ကို" ကို စာဖြင့်မရေးဘဲ ၉ ဂဏန်းဖြင့် သုံးသည်ကို တွေ့ရ၏။ "လူနတ်ပြဟ္မာအပေါင်းကို ဝေ၏။ အမျိုး ၇ ဆက်ကို ဝေ၏" စသည့် စာကြောင်းများတွင် ၉ဝေ၏ဟု သုံးစွဲထားသည်။ အစိစိသို့ ကျစေသော၊ တွင်စေသောဟု မရေးဘဲ ဇေသောဟု ရေးသားသည်။ "အထက်ဘဝဂ်တိုင်အောင်" ဟု ရေးသားရာတွင် အထက်ကို အခက်ဟု ထအစား ခကို သုံးနှုန်းထားသည်။ "သောသူ" ဟု ရေးသားရမည့်အသုံးအစွဲကို ၆ ဂဏန်းဖြင့် ဖော်ပြမှတ်တမ်းတင်ပါသည်။






သက္ကရာဇ်-၉၆၇ ခုနှစ်တွင် သွန်းလုပ်ချိတ်လှူခဲ့သည့်
ပခန်းကြီးစည်သူရှင်ဘုရားရှိ ညောင်ရမ်းခေတ်ခေါင်းလောင်း

မြန်မာစာလုံးများဖြစ်စဉ်တွင် တ၊ ထ အစား ဒ၊ ဓဟု ရေးသားသော ရေးထုံးကို ပုဂံနှင့် ညောင်ရမ်းခေတ်ကာလများတွင် သုံးစွဲလေ့ရှိသည်။ ဤသို့သော ရေးထုံးများကို ညောင်ရမ်းခေတ်နံရံပန်းချီဆိုင်ရာ မင်စာများတွင် အများဆုံး တွေ့ရ၏။ ဝါကျရေးထုံးတွင် ဝါကျရှည်ရှည်ဖြင့် စကားတန်ဆာဆင်မှု

www.burmeseclassic.com

www.burmeseclassic.com





သက္ကရာဇ် ၉၆၇ ခုနှစ်တွင် သွန်းလုပ် ချိတ်လှူခဲ့သည့် ပခန်းကြီးစည်သူရှင်ဘုရားရှိ
ညောင်ရမ်းခေတ်ခေါင်းလောင်း (မျောမင်း-တောင်းမှုတော်)



နည်းပါးကြောင်း တွေ့ရ၏။ ပုဂံခေတ်ထိုး ကျောက်စာများကဲ့သို့ ဝါကျတိုများဖြင့် လိုရင်းကိုသာ ထိမိအောင် စီကုံးကမ္ပည်းတင်ပါသည်။ ဝါကျတိုသဖြင့် သိရှိရသော အကြောင်းအရာနည်း၍ အားမရစရာဖြစ်ရသည်။ ကြွယ်ဝသော အရေးအသား၊ အသုံးအနှုန်းများဖြင့် ရေးခဲ့လျှင် မည်မျှကောင်းလေမည်နည်းဟု တမ်းတမိပါသည်။

ကျိန်ဆိုခြင်းဓလေ့များ ဆက်လက်ရှိနေသေးခြင်းကို ထောက်ဆသော် ပုဂံခေတ်ယဉ်ကျေးမှု အငွေ့အသက်များ လွှမ်းမိုးနေဆဲရှိသည်ဟု ကောက်ချက်ချနိုင်လေသည်။ ထို့ပြင် ''သမီးခင်ပွန်း ၃ ပါး''ဟု ကမ္ပည်းရေးထိုးဖော်ပြရာ၌ ၂ ဂဏန်းကို ၃ ပုံသဏ္ဌာန်တွင် သုံးနှုန်းသော အသုံးအနှုန်းဖြစ်ပါသည်။ ရှေးမြန်မာ့အစဉ်အလာတစ်ရပ်ဖြစ်သော ဇာတာခွင်များပါသည့် ပုဂံခေတ်နံရံမင်စာများတွင် အများဆုံးတွေ့ရှိရသည်။ ခေါင်းလောင်းစာတွင် ပါဝင်သော အခြားထူးခြားချက်တစ်ရပ်မှာ ခေါင်းလောင်းစာ၏ ဆုတောင်းဖြစ်သော တိုပုအာ အရေးအသားပင် ဖြစ်ပါသည်။

မြန်မာလူမျိုးတို့သည် ကုသိုလ်ကောင်းမှုကို ပြုရသောအကျိုးဆက်ကြောင့် ဘုရားဆုကို ရပါလို၏ဟု အများအားဖြင့် ဆုတောင်းတတ်ကြသည်။ သံသရာမှ တစ်ဦးတည်းလွတ်အောင် ရုန်းထွက်၍ နိဗ္ဗာန်ရောက်အောင် အားထုတ်ခြင်းထက် လူတိုင်းလူတိုင်းသည် သတ္တဝါများအားလုံးကို သံသရာဝဋ်ဆင်းရဲမှ ကင်းလွတ်စေ၍ နိဗ္ဗာန်သို့ ပို့ဆောင်ပေးနိုင်သော သဗ္ဗညုတဉာဏ်ရှင်ဘုရားသခင်အဖြစ်သို့ ရောက်အောင် ကျင့်ကြံအားထုတ်ခြင်းသည် ပို၍မြင့်မြတ်သည်ဟု ယူဆခဲ့ကြသည်။ စင်စစ် ၎င်းအယူအဆမှာ ဘုရားဆုပန် မင်းယောက်ျားဟူသော မဟာယာနဗုဒ္ဓဘာသာ၏ ယုံကြည်ယူဆချက်ပင် ဖြစ်လေသည်။

ထို့ကြောင့် ရှေးမြန်မာတို့သည် မိမိတို့ လှူဒါန်းသည့် ကုသိုလ်ဒါနအတွက် နောင်သံသရာ အကျိုးဆက်ကို အလေးအနက်ထားကာ မျှော်မှန်းလေ့ရှိပါသည်။ မျှော်မှန်းသည့်အတိုင်း ဖြစ်စေရန်လည်း ဆုတောင်းတတ်ကြခြင်းဖြစ်၏။ အထူးသဖြင့် ဆုတောင်းစာများတွင် ''နိဗ္ဗာန်ချမ်းသာကို ရပါလို၏။ သဗ္ဗညုတ ဘုရားဆုကို ရပါလို၏'' ဟူသော ဓမ္မဆုတောင်းသံတို့ မွမ်းထုံခဲ့ပါသည်။

ပုဂံခေတ်ထိုး ကျောက်စာများတွင် မင်းယောကျ်ားများသာမက နိုးမ

www.burmeseclassic.com

www.burmeseclassic.com



များပင် ဘုရားဆုပန်ခဲ့ကြောင်း တွေ့ရသည်။ မြန်မာသက္ကရာဇ် ၅၅၂ တွင် အမတ်ကြီး သိင်္ယသူရသည် မိမိပြုရသော ကုသိုလ်ဒါနကိုရည်၍ "သသာရာဆိုဝ်ငြယ်ခဝ်ကယ်သောဟ်ကုန်ရာဖြစ်သော သဗ္ဗညုမည်သော ပုဗ္ဗှာ အဖြစ်ကိုဝ်လိုဝ်သောဟ်ကြောင်" ဟု ကျောက်ထက်အက္ခရာထင်ခဲ့သည်။ သက္ကရာဇ် ၆၂၂ ခုတွင် နရသီဟပတေ့မင်းကြီး၏ အရီးစောသည် "ငါလေသိစသပ်မြင်နှ်မ်သော သဗ္ဗညုတညန် ဖုရာဆုကို လိုဝ်သောကြောင်"ဟု မိမိဆန္ဒကို ကျောက်စာရေးထိုးခဲ့ပါသည်။

မည်သို့ဆိုစေ သမ္မာသမ္ဗုဒ္ဓဘုရားသည် ပု = ပုဗ္ဗေနိ ဝါသဉာဏ်၊ ဒိ= ဒိဗ္ဗစက္ခုဉာဏ်၊ အာ = အာသဝက္ခယဉာဏ်တို့ကို အဆင့်ဆင့်အောင်မြင်တော်မူမြဲဖြစ်ရာ ပုဒိအာနှင့် ပြည့်စုံရပါလို၏ဟူသော ဆုတောင်းမှာ ဘုရားဆုပန်ဆုတောင်းစာပင် ဖြစ်လေသည်။ မြန်မာစာပေပျို့ကဗျာများတွင် "ဂမ္ဘီနက်စွာ၊ ပုဒိအာနှင့် နောင်ခါဘုရား၊ သင်ဖြစ်ကြွားက၊ ငါ့အားကယ်တင်၊ နိဗ္ဗာန်လွှင်သို့" ဟု စပ်ဆိုကြောင်း တွေ့ရ၏။

ဤဘုရားဆုပန်စာကို ပု၊ ဒိ၊ အာ ဟူ၍ရေးထိုး မှတ်တမ်းပြုကြမြဲဖြစ်သော်လည်း ညောင်ရမ်းခေတ် ခေါင်းလောင်းစာများတွင် တိ၊ ပု၊ အာ ဟု ရေးထိုးကြောင်း လေ့လာရမိပါသည်။ အတိတ်ကို မြင်သိနိုင်အောင် ပုဗ္ဗေနိဝါသနုဿတိဉာဏ်ထက် အလုံးစုံ ထိုးထွင်းသိမြင်နိုင်သော ဒိဗ္ဗစက္ခုဉာဏ်ကို ရှေးဦးစွာ ရရှိလိုကြောင်း အရေးထား၍ ဘုရားဆုပန်ဖြစ်လေသလောဟု တွေးဆဖွယ်ရာ ရှိပေသည်။ မည်သို့ဆိုစေ မြန်မာလူမျိုးတို့၏ ဘာသာရေးဆိုင်ရာဓလေ့တစ်ခုကို ဖော်ထုတ်နိုင်ခြင်းမှာ ခေါင်းလောင်းစာ၏ အကျိုးဆက်ဟု ဆိုရမည် ဖြစ်လေသည်။

ညောင်ရမ်းခေတ်လက်ရာ အခြားခေါင်းလောင်းတစ်ခုကို ပခန်းစည်သူရှင်ဘုရား အရှေ့ဘက်မုခ်အဝင် လက်ယာဘက်၌ တွေ့ရသည်။ ခေါင်းလောင်းနှစ်လုံးရှိသည့်အနက် အရှေ့ဘက်မှ ခေါင်းလောင်းဖြစ်ပါသည်။

ဤခေါင်းလောင်းကို လှူခဲ့သော နှစ်ပေါင်း ၂၇၀ ကျော်က သွန်းလုပ်ခဲ့ခြင်းဖြစ်သည်။ သွန်းလုပ်သော ခုနှစ်သက္ကရာဇ်မှာ ၁၀၇၀ ပြည့် တပို့တွဲလဆန်း ၁၀ ရက်၊ စနေနေ့ဖြစ်သည်။ မင်းရဲကျော်ထင်၏ သားတော် သီရိမဟာသီဟသူရဘွဲ့ခံ စနေမင်းလက်ထက်တွင် သွန်းလုပ်ခြင်းဖြစ်၏။







သက္ကရာဇ် ၁၀၇၀ ပြည့်နှစ်တွင် သွန်းလုပ်ချိတ်လှူခဲ့သည့် ပခန်းကြီးစည်သူရှင်ဘုရားရှိ ညောင်ရမ်းခေတ် ခေါင်းလောင်း

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းလောင်းတွင် ရေးထိုးထားသော ခေါင်းလောင်းစာများကို နှစ်ပိုင်းခွဲ၍ တွေ့ရသည်။ မူရင်း ခေါင်းလောင်းစာမှာ ခေါင်းလောင်းကိုယ်ထည်၏ အောက်ပိုင်းတွင် ရှိသည်။ ၎င်းခေါင်းလောင်းစာတွင် ဤသို့ ကမ္ပည်းတင်ရေးထိုးပါသည်။

> ''သက္ကရာဇ် ၁၀၇၀ တပိုဝ်ဖွဲလဆန် ဆယ်ရက် စနေနေ့တွင် ပုခန်မျိုဝ်ကစ၍ ဝေဝေနီနီ ရဟန်းသဃ်ာတကာတကာမကိုဝ် ×××× သည် အပယ်လေပါ၊ ကပ်သုန်ပါမှလွတ်၍ လူမင်းချမ်းသာ နတ်မင်းချမ်းသာကိုဝ် အဖန်ဖန်တလှဲလှဲ စံစားပြီ ဖ် အဆုံစွန် ဖ် ဘဝ၌ အရိမတဉ်ဖြာရှင်၌ ကြွတ်စေ ဖ် ဟူ၍ မင်ခင်ဘုံတော်ကြီ ရှင်သာရမ္မေ၊ သဃ်ာရှင်ပညာဃမ္ဘိနှိုဝ်ဆော်ဝ်၍ ခေါင်လောင်ကြီကြေ ၃၀၀ ကြော် မျိုဝ်ရှေမင်ခင်ကျောင်၌ သွန်လုပ်၍လှူသည်။ လူနတ်ဗြဟ္မာသတ္တဝါကိုဝ် အပေါင်×× ကြေ×× ကုဠေရေမြေရှင်ကစ၍ ကောင်မှုကို ဆောင်ရွက်ပေသော သူတိုဝ်သည် အမျှရစေ ဖ်၊ ဝသုတ်တရေတိုင် သက်သေတိုင်တဉ်၍ ဝေပါ၏။ ပုတီအာနှင့် ပြဠုံ ရပါလို၏။ ဩော''

အထက်ပါခေါင်းလောင်းကို လှူဒါန်းသူ ကုသိုလ်ကောင်းမှုရှင်သည် ပုဂ္ဂိုလ်တစ်ဦးတည်း မဟုတ်ပေ။ မင်းကင်းဘုန်းတော်ကြီး ရှင်သာရမ္မနှင့် ရှင်ပညာဂမ္ဘီတို့ ဦးစီးရှေ့ဆောင်ပြုကာ ဒါယကာ၊ ဒါယိကာမများ စုပေါင်းလှူဒါန်းခဲ့ခြင်းဖြစ်သည်။ ရှင်သာရမ္မသည် မင်းကင်းကျောင်းထိုင်ဘုန်းတော်ကြီးဖြစ်၍ ရှင်ပညာဂမ္ဘီသည် လက်ထောက်ကျောင်းတိုင်ဆရာတော် ဖြစ်ဟန်ရှိပါသည်။

ကြေးချိန် ၃၀၀ ကျော်ရှိသော ဤခေါင်းလောင်းကို မူလက မင်းကင်းကျောင်း၌ သွန်းလုပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ မင်းကင်းကျောင်းတိုက်ဆရာတော် ရှင်သာရမ္မ နောက်ဆက်ခံသော ရှင်ပညာဂမ္ဘီလက်ထက်တွင် ဤခေါင်းလောင်းကို တစ်ဖန်ပြုပြင်မွမ်းမံခဲ့ရဟန် ရှိသည်။ ခေါင်းလောင်းပြုပြင်မွမ်းမံရာ၌ ငွေကြေးပါဝင် ကူညီလှူဒါန်းသူများလည်း ရှိခဲ့ဟန်တူ၏။ ရှင်ပညာဂမ္ဘီလက်ထက်တွင် ထပ်မံပြုပြင်ခဲ့သော ခေါင်းလောင်းအလှူကို ခေါင်းလောင်းကိုယ်ထည်၏ အထက်ပိုင်းတွင် ဤသို့ ကမ္ပည်းတင်ထားခဲ့ကြောင်း တွေ့ရှိရသည်။



> ''ကူသန်မျိုဝ်၌ သတင်သုန် ဖ် ရှင်ပညာဃံဘီသည် ဘရဆုကို အလိုရှိ၍ သာတပွတကာ ညီညွတ်၍ ခေါင်လောင်ကြီကို စည်သူရှင် မွေတော်ပြင်၌ လှူသည်။ ကောင်မှုကိုဝ် နှိုဝ်ဆော်ဝ်ပေသသ်။ ရွာစချိုဝ် သီလသ်။ ဆင်ယင်ချောင် သီလသ်။ ကူခန်ရွာ သီလသ်။ တကာမ ၅ ယောက်၊ ကိုရုံရွာ စတိုက်တကာ ကိုရွှေစု၊ ကိုမျှိုင်၊ ရွှေဥမင်ကျောင်တကာ၊ ကန္တရာကျောင်တကာ၊ ဗုံဘရွာစတိုက်တကာတို့သ် တက်မျာသည် သာတပွက အမျာကိုဝ် နှိုဝ်ဆော်ဝ်ပေသ်။ ကြေ ငွေ ထည့်ပေသော သူတို့သည် မိမိတို့တောင်းသည့်ဆုအတိုင်း ပြည့်စုံစေသော။ လိုသောဆုအတိုင် ပြည့်စုံစေသော။''


ခေါင်းလောင်းစာအလိုအရ ဤခေါင်းလောင်းကို မင်းကင်းကျောင်း၌ ထားရှိရာမှ ပခန်းစည်သူရှင်ဘုရားရင်ပြင်တော်သို့ ပြောင်းရွှေ့လှူဒါန်းခဲ့သည်ဟု သိရ၏။ ဤသို့ လှူဒါန်းခဲ့ရာတွင် ဦးစီးဆောင်ပြုရသူ ဒါယကာ စာရင်းကိုပါ ခေါင်းလောင်းစာတွင် ရေးထိုးမှတ်တမ်းပြုကြောင်း တွေ့ရသည်။ ကူးခန်းရွာမှ သီလသည် ဒါယိကာမ ငါးယောက်၊ စသချိုလ်ရွာမှ သီလသည်၊ ဆင်ယင်ချောင်မှ သီလသည်၊ ကိုရုံ (ကိုရင့်ရွာ) မှ စာတိုက်တကာ ကိုရွှေစု၊ ကိုမြိုင်၊ ရွှေဥမင်ကျောင်းတကာ၊ ကန္တရာကျောင်းတကာ၊ ဗုံဘရွာစာတိုက်တကာတို့ဖြစ်လေသည်။ သီလသည်မှာ သီလရှင်ဟု ထင်ပါသည်။ (စာတိုက်တကာ) ဟူသည်မှာ ရှေးခေတ်ဘုန်းတော်ကြီးကျောင်းများတွင် ပေစာ၊ ပုရပိုက်စာများ ထားသိုသိမ်းဆည်းရာ စာတိုက်ခေါ် ပိဋကတ်တိုက်များ လှူဒါန်းသူ ဒါယကာပင် ဖြစ်မည်ဟု ယူဆရသည်။

ခေါင်းလောင်းစာတွင် ဖော်ပြသော ရွာစချိုလ်ဟူသည် ယခုအခေါ် ရေစကြို ဖြစ်ပါသည်။ မြန်မာစာလုံးပေါင်းဖြစ်စဉ်တွင် ချိုကို ဂျိုဟုဖတ်သကဲ့သို့ ယူသော် ရွာစဂြိုဟ်ဟု ဖတ်နိုင်သည်။ ညောင်ရမ်းခေတ်ကာလတွင် ရွာငယ်လေး တစ်ရွာအဖြစ်သာ ရှိသေးပြီး စကြို့ရွာ သို့မဟုတ် စဂြိုဟ်ရွာဟုခေါ်တွင်ကြောင်း သိနိုင်သည်။ ဆင်ယင်ချောင်ရွာမှာ ယခုအခေါ်အဝေါ် ဆင်ချောင်းရွာ ဖြစ်အံ့ထင်ပါသည်။ ကိုရုံ (ကိုရင့်ရွာ)၊ ဗုံဘ (ဘုမ္မ) ရွာများမှာ ယနေ့တိုင် ရေစကြိုမြို့နယ်အတွင်း ရှိပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com







သက္ကရာဇ် ၁၀၂၁ ခုနှစ်တွင် သွန်းလုပ်ချိတ်လှူခဲ့သည့် ပခန်းကြီးစည်သူရှင်ဘုရားရှိ ရွှေကြက်ယက်နေ အမြောက်မှူးကောင်းမှု ခေါင်းလောင်း



ယခုမှာ အလှူပြုသူတို့သည် မိမိတို့ လှူဒါန်းရသော ကုသိုလ်ကောင်းမှု အတွက် အဖို့ဘာဂကို ဝသုန္ဒရေမြေနတ်သမီးအား တိုင်တည်၍ အမျှဝေသည်။ ညောင်ရမ်းခေတ်တွင် ဝသုန္ဒရေနတ်ကို ကိုးကွယ်မှုမလေ့တစ်ရပ်အဖြစ် ယုံကြည်သက်ဝင်ခဲ့ကြသည်ဟု ယူဆရ၏။ အလျဉ်းသင့်၍ ဝသုန္ဒရေနတ်သမီး အကြောင်းကို တင်ပြသွားပါမည်။

ဝသုန္ဒရေဟူသည် မြေကိုအစိုးရသော နတ်ဖြစ်၏။ အချို့က နတ်သမီး မဟုတ်။ နတ်သားဟုဆိုကြသည်။ ဝသုန္ဒရေနတ်ရုပ်တုမှာ ပုဆစ်ဒူးတုပ်ကာ ဖားလျားချထားသော ဆံကေသာကို လက်ဖြင့်စုစည်း ညှစ်ချနေဟန် ထုလုပ်ထားသော နတ်ရုပ်ဖြစ်၏။ ထိုအရုပ်မျိုးကို မြန်မာပြည်တန်တလျားရှိ ဘုရားပုထိုးများတွင် ရှေးဟောင်းယဉ်ကျေးမှု အရုပ်တစ်ခုအဖြစ် ယနေ့တိုင် တွေ့မြင်နိုင်ကြပါသေးသည်။

စင်စစ် ဝသုန္ဒရေ နတ်ရုပ်၏ဖြစ်စဉ်မှာ မြတ်စွာဘုရားရှင်ဖြစ်တော်စဉ် နှင့် ဆက်စပ်ပတ်သက်နေသည်။

ဗုဒ္ဓဘုရားအဖြစ်သို့ မရောက်မီကာလက ဘုရားလောင်းသည် မဟာဗောဓိပင် ရွှေပလ္လင်၌ တရားကျင့်ကြံစဉ် မာရ်နတ်သည် အမျိုးမျိုးနှောင့်ယှက်၏။ ဤနှောင့်ယှက်မှုကို ပြေငြိမ်းစေရန် ဘုရားလောင်းသည် မဟာပထဝီမြေကြီးကို တိုင်တည်၍ သစ္စာဆို၏။ ထိုအခါ မဟာပထဝီမြေကြီးသည် ကြီးစွာသော အသံကိုပြု၍ နတ်သမီးအသွင် ပေါ်လာ၏။ ဒါနပါရမီပြည့်တိုင်း ဘုရားလောင်းက ရေစက်ချသဖြင့် ဤများပြားသော အလှူရေစက်ကို သက်သေထူလိုသောကြောင့် ဝသုန္ဒရေနတ်သည် မိမိဆံမှရေကို ညှစ်၍ချပြလေသည်။ ဂင်္ဂါရေတရဟောစီးသကဲ့သို့ရှိ၍ မာရ်နတ်နှင့် သူ့စစ်သည်တို့ပင် ရေထဲမျောပါရသည်ဟု ဆိုလေသည်။ ဤသည်ကို အခြေခံ၍ ဝသုန္ဒရေနတ်ရုပ်ကို နတ်သမီးရုပ်အသွင် ထုလုပ်ခဲ့ကြခြင်းဟု ယူဆကြသည်။

မြန်မာနိုင်ငံတွင် ဝသုန္ဒရေ နတ်သမီးရုပ်တုကို အေဒီ ငါးရာစုတွင် အစောဆုံး တွေ့ရပါသည်။ အထောက်အထား အနေဖြင့် ရခိုင်ပြည်နယ် မြောက်ဦးမြို့ရှိ ရှေးဟောင်းသုတေသနပြတိုက်တွင်ရှိသည့် ဝေသာလီခေတ်က ထုလုပ်ခဲ့သော ဝသုန္ဒရေနတ်သမီးရုပ်တု ခေါင်းပိုင်းတစ်ခုကို ပြရပါမည်။

မုံရွာ ဖိုဝင်းတောင်ထက် ရှင်ပင်ဆုတောင်းပြည့်ခေါ် ချမ်းသာကြီးဘုရား

www.burmeseclassic.com

www.burmeseclassic.com



အရှေ့လိုဏ်အတွင်း၌ သက္ကရာဇ် ၁၀၉၄ ခုနှစ်ရေးထိုးသော နံရံမင်စာတစ်ခုကို လေ့လာတွေ့ရှိရဖူးသည်။ "ဖုရတာကာရွှေဖြေရ တကာမဂျမ်သာ သို့မောင်နှံ့ဆော်ပံ၍" ရှင်ပင်ဆုတောင်းပြည့်ဘုရားကို အနေကဇာတင်ကြောင်း ရေးထိုးကမ္ပည်းတင်ထားခြင်းဖြစ်၏။ ၎င်းနံရံမင်စာတွင် "သိကြာ ဗြဟ္မာနပ်နကာက စ၍ ကျေတွင်လနေ့ကိုဂတော ရေတွင်လနေ ဆယ်ဂတော၊ သတ္တာ သတဝါ အပေါင်ကစ၍ ဝသုံ့ဓရေကို ဝေပါ၏။ သက်သေဖြစ်ပါစေ" ဟု ဝသုန္ဒရေကို တိုင်တည်သစ္စာပြုခဲ့ကြောင်း မှတ်တမ်းပြုပါသည်။ ကုန်းဘောင်ခေတ်ကာလသို့ ရောက်သောအခါ ဝသုန္ဒရေကို ဝေပါ၏ဟူသော အသုံးအနှုန်းကို မတွေ့ရတော့ချေ။ သို့ရာတွင် ဝသုန်မြေကို တိုင်တည်သစ္စာဆိုခြင်းကား ယနေ့ခေတ်ကာလအထိ အငွေ့အသက်အဖြစ် ကျန်ရှိနေဆဲဖြစ်လေသည်။

ပခန်းစည်သူရှင်ဘုရား ရင်ပြင်တော်ပေါ်ရှိ ညောင်ရမ်းခေတ်ဆိုင်ရာ အခြားခေါင်းလောင်းတစ်လုံးကိုမူ လွန်ခဲ့သော နှစ် ၃၀၀ ကျော်က သွန်းလုပ်ခဲ့ခြင်း ဖြစ်သည်။ မြန်မာသက္ကရာဇ်အလိုအားဖြင့် ၁၀၂၂ ခု တပေါင်းလပြည့်ကျော် ၁၁ ရက် စနေနေ့တွင် သွန်းလှူခဲ့ခြင်းဖြစ်သည်။ ညောင်ရမ်းမင်းဆက် ပင်းတလဲမင်း နန်းမကျမီ နှစ်နှစ်ခန့်အလိုတွင် ဖြစ်၏။

ကောင်းမှုကုသိုလ်ရှင်ကို ခေါင်းလောင်းစာတွင် "ဘုရားတာယကာ ရွှေကြက်ယက်နေ အမြောက်မှူးကောင်းမှု" ဟု ဖော်ပြထားကြောင်း တွေ့ရသည်။ "ငါတို့ သို့ခင်ပွန်း ချီးချံ၍ တစ်ဆယ့်နှစ်ရာသီဝယ် လတိုင် နှစ်တိုင် အမြောက်မှူးဇနီးမောင်နှံမှာ ချမ်းသာကြွယ်ဝသူများ မဟုတ်ကြောင်း ခန့်မှန်းနိုင်လေသည်။ ခေါင်းလောင်းသွန်းလုပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ပတ်သက်၍ "မိခင်၊ ဘခင်၊ အဘိုး၊ အဖွား၊ သားချင်းဆွေမျိုး၊ ဆရာသမား၊ သာခင်မွန်သာမြေကျေကျွန် ဟိလေသည်ကို အမျှရလေစေသော" ဟု ဖော်ပြသည်။

ခေါင်းလောင်းစာ၏ လက်ရေးလက်သားမှာ လုံးဝမညီညာပေ။ စာလုံးများမှာ ကြီးမားသည့်နေရာတွင် ဓိးဖြူသီးခန့်ရှိပြီး ငယ်သည့်နေရာတွင် မန်ကျည်းစေ့ခန့်သာ ရှိလေသည်။ ရည်မျောမျောပုံသဏ္ဌာန်ဖြစ်၍ ခေါင်းလောင်းပုံ မကျနဟုဆိုရပေမည်။ မွေတော်သခင် မြတ်စွာဘုရားကို သံခေါင်းလောင်းဖြင့်လှူ၍" ဟု ရေးထိုးမှတ်တမ်းပြုသဖြင့် ကြေးခေါင်းလောင်း မဟုတ်ဘဲ သံခေါင်းလောင်းကို လှူသည်ဆိုခြင်းမှာ ထူးခြားချက်တစ်ရပ် ဖြစ်လေသည်။ ဤ



မှတ်တမ်းအရ ညောင်ရမ်းခေတ်ကာလတွင် သံရည်ကျိုလုပ်ငန်းများ အခိုင်အမာ ထွန်းကားနေပြီဖြစ်ကြောင်း သိရသည်။

ညောင်ရမ်းခေတ် ခေါင်းလောင်းများအနက် ပခုက္ကူနယ်တွင်တွေ့ရှိရသော ရှေးအကျဆုံးခေါင်းလောင်းစာမှာ ဒီပင်္ကရာဘုရားခေါင်းလောင်းစာ ဖြစ်ပါသည်။

လွန်ခဲ့သော နှစ်ပေါင်း ၃၄၀ ကျော်က ဤခေါင်းလောင်းကို သွန်းလုပ်လှူဒါန်းခဲ့ခြင်း ဖြစ်သည်။ ခေါင်းလောင်းစာ အလိုအရ မြန်မာသက္ကရာဇ် ၁၀၀၈ ခု ပြာသိုလပြည့်ကျော် ၆ ရက် အင်္ဂါနေ့တွင် သွန်းလုပ်ချိတ်ဆွဲသည်ဟု သိရ၏။ ညောင်ရမ်းမင်းဆက် သီရိသုဓမ္မရာဇာ မဟာဓိပတိဘွဲ့အမည်ရှိသာလွန်မင်းတရားကြီး လက်ထက်ဖြစ်ကြောင်း သိရသည်။

ကောင်းမှုကုသိုလ်ရှင်မှာ ကူးခန်းကြီးနယ်တောင် လက်ရှိကွမ်းရွာ (ယခု ပခုက္ကူမြို့နယ် ကွမ်းရွာ) သာထွန်းကျောင်းတိုက်၌ သီတင်းသုံးသော ဆရာတော် ရှင်ဓမ္မကိတ္တိသီရိဓဇ ဖြစ်လေသည်။ ကြေးချိန် ပိဿာ ၁၃၇ ရှိသော ခေါင်းလောင်းကို ပန်းတဉ်းသမားတို့အား အဖိုးလက်ခပေး၍ သွန်းလုပ်စေပြီး ကွမ်းရွာ၊ ဒီပင်္ကရာစေတီရင်ပြင်တော်၌ လှူဒါန်းသည်ဟု ဆိုပါသည်။ ၎င်းခေါင်းလောင်းစာကို အောက်တွင် အပြည့်အစုံဖော်ပြပါသည်။

"ဓေယတု သဗ္ဗမင်္ဂလံ။ စိရံတိဋ္ဌတု သာသနေန၊ ခေါင်းလောင်းသွန်းလုပ်သည့်အခါ မင်္ဂလာရက်မြတ်ကား သက္ကရာဇ် ၁၀၀၀၈ ခု ပြာသိုလပြည့်ကျော် ၅ ရက်၊ အင်္ဂါနေ့တက် ကောဓကောဘဝါးတွင် သွန်းသည်။ သွန်းရသော အကျိုးအားဖြင့် အောင်ခြင်းမင်္ဂလာ၊ သစ္စာလေးပါးတရားအထွတ်သို့ ရောက်တော်မူပြီးသော အစိန္တေယျ အတိုင်းမသိကျေးဇူးတော်အပေါင်းနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားတည်ထားတော်မူခဲ့သော ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာတော်သုံးပါးအတွင်း မွေတော်၊ ဓာတ်တော်၊ ရုပ်တုတော်၊ စေတီတော်တို့၏ ထွက်ဝင်စည်ပင်ရာ သုနာပရန္တတိုင်း၊ ကူးခန်းမြို့၏ တောင်လက်၊ ကွန်ရွာသာကွန်းကျောင်း၌ သီတင်းသုံးသော ရှင်ဓမ္မကိတ္တိ သီရိဓဇပုဂ္ဂိုလ်သည် လူ နတ် နဂါး သိကြား ဗြဟ္မာ သတ္တဝါအပေါင်းတို့အား ကိုးကွယ်ရာ ဖြစ်စိမ့်သောငှာ ငါတို့ဘုရား

www.burmeseclassic.com

www.burmeseclassic.com



အလောင်းတော် သုမေဓာအား ဒီပင်္ကရာ မြတ်စွာဘုရား ဗျာဒိတ်ပေးစေခဲ့သော မွေတော်ဓာတ်တော်တို့ကို ဌာပနာ၍ တည်ထားကောင်းမှုပြုပြီး ဒီပင်္ကရာ နာမံတော်အမည်ရှိသော စေတီတော်ရင်ပြင်၌ ခပ်သိမ်းသော သူတို့အား ကြားကြားသမျှ သာဓု သာဓု အနုမောဒနာခေါ်စိမ့်သောငှာ မိတ်သင်္ဂဟအပေါင်းနှင့်တကွ ဒါယိကာ၊ ဒါယိကာမအပေါင်းတို့အား နှိုးဆော်ညီညွတ်၍ အချိန် ၁၃၇ ပိဿာရှိသော ကြေးစင်ကို ပန်းသွန်းသမားတို့အား အဖိုးလက်ခပေး၍ မှောမြေ့ပြေပြစ်အောင် သွန်းလုပ်စေပြီးသော် ခေါင်းလောင်းကို သွတ်သွင်းတပ်ဆင်မှုပြုသည်။ ဤသို့ပြုပြီးသော အကျိုးအားဖြင့် ဘုံသုံးပါး၌ကျင်လည်ကုန်သော၊ သံသရာမျက်ကွယ်၌ နစ်မွန်းမျောပါကုန်သော ဝေနေယျသတ္တဝါအပေါင်းတို့အား မဂ္ဂင်တည်းဟူသော သင်္ဘောလှေဖြင့် နိဗ္ဗာန်ချမ်းသာ ကမ်းတစ်ဘက်သို့ ကယ်တင်ရပါလို၏။ ဤသို့သော ကောင်းမှုကုသိုလ်အကျိုးများကို မိဘသခင်၊ ဆရာသမား ဘိုးဘွားဉာတကာ ညီညာ××× မှုကို အောက်ထက်ဘဝဂ်မှ အဝီစိ ×× ထိများစွာ မကြာ××× အမျှယူကြပါကုန်။

တိပုအာ''

ဤခေါင်းလောင်းကို လှူဒါန်းစဉ်ကာလက ကွန်းရွာ၊ ဒီပင်္ကရာ စေတီတော် ရင်ပြင်၌ဖြစ်သော်လည်း ယခုအခါ ရွှေတန့်တစ်ဘုရား ရင်ပြင်တော် အရှေ့ တောင်ထောင့်တွင် ချိတ်ဆွဲထားသည်ကို တွေ့ရလေသည်။ မူလ လှူဒါန်းရာ ဒီပင်္ကရာစေတီသည် ပခုက္ကူမြို့နယ်၊ ကွန်းရွာ ပြည်သူ့ပိုင်ဆေးပေါင်းရုံများ၏ တောင်ဘက်တွင် ရှိပါသည်။ ယခုအခါ ပျက်စီးဟောင်းနွမ်း၍ ချုံပုတ်ချုံနွယ်များ ဝိုင်းရံစပြုနေပြီ ဖြစ်သည်။ သို့သော်လည်း စေတီရင်ပြင်၌ ခေါင်းလောင်းချိတ်ဆွဲရာ တိုင်နှစ်တိုင်ကို မုခ်ဝအရှေ့ဘက်တွင် ယခုတိုင် တွေ့မြင်ရသေးသည်။

ခေါင်းလောင်းစာတွင် ×× ပြထားသည်မှာ ထုံးစက်၊ သင်္ဘောဆေးစက်များကြောင့် ဖတ်ရှုမရသော စာသားများ ဖြစ်လေသည်။ ခေါင်းလောင်းစာ၏ အလိုအရ ကွန်းရွာ၌ သာထွန်းကျောင်းတိုက် ရှိ၊ မရှိကို ဆက်လက်စုံစမ်းရာ မရှိတော့ကြောင်း သိရသည်။ သုံးထပ်တိုက်၊ မီးတောတိုက်၊ မင်း





ပခုက္ကူမြို့နယ်၊ ရွှေတန့်တစ် စေတီတော်ရင်ပြင်ပေါ်ရှိ
ဒီပင်္ကရာ ဘုရားခေါင်းလောင်းတော် (သက္ကရာဇ် - ၁၀၀၈)

ကျောင်းတိုက်များသာ ရှိတော့သည်။ ကုသိုလ်ရှင် ရှင်မမွှကိတ္တိသည် (သီရိဓဇ) ဟူသော ဘွဲ့ကို ရရှိထားသဖြင့် တိုက်ထိုင်စာချဆရာတော် တစ်ပါးဖြစ်မည်ဟု ကောက်ချက်ချနိုင်ပါသည်။

ဓမ္မာဒီပဥဆောင်းကျမ်းတွင် ရွှေတန့်တစ်ဘုရား၏ အနောက်ဘက်သည် ငကျော်နယ်တွင် ပါဝင်၍ ဘုရား၏ အရှေ့ဘက်ကျောခိုင်းနယ်မြေသည် ကူးခန်းကြီးနယ်တွင် ပါဝင်သည်ဟုဆို၏။ ထိုခေတ်ကာလက ရွှေတန့်တစ်ဘုရားသည် ငကျော်နှင့် ကူးခန်းကြီးနယ်၏ နယ်သတ်မျဉ်းကြောင်းဟု ဆိုနိုင်ပါသည်။ ထို့ကြောင့်ပင် ခေါင်းလောင်းစာတွင် ကွန်းရွာကို ကူးခန်းကြီးနယ်၏ တောင်ဘက်၌ရှိသည်ဟု ဖော်ပြရေးထိုးခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းလောင်းစာပါ အရေးအသားမှာ ဝါကျများ ရှည်လျားလာ၏။ သီကုံးဖွဲ့နွဲ့မှု ပိုလာသည်။ သတ်ပုံသတ်ညွှန်း မှန်ကန်ပီပြင်လာ၏။ လက်ရေးမှာ ခရာဝန်းသို့ ပြောင်းလဲစပြုခဲ့ပြီ ဖြစ်သည်။ သက္ကရာဇ်ရေးထိုးမှုမှာ အနည်းငယ် ထူးခြားသလိုရှိသည်။ တစ်ထောင့်ရှစ်ခုကို တစ်ထောင်တစ်ကြိမ်၊ ရှစ်ကို တစ်ကြိမ် ရေးသားဖော်ပြပါသည်။ စင်စစ် ၁၀၀၀ + ၈ = ၁၀၀၈ ဟု ရေးခြင်းမျိုးဖြစ်သဖြင့် ခေတ်ကာလသုတေသီများ အမှတ်မှားစေနိုင်သော အချက်ဖြစ်သည်။


ပခုက္ကူမြို့နယ်တွင် တွေ့ရသော ညောင်ရမ်းခေတ်ခေါင်းလောင်းများ အနက် အခြားတစ်လုံးမှာ သီဟိုဠ်ရှင် ဘုရားကြီး၏ အတွင်းရင်ပြင်တော် အရှေ့မြောက်ထောင့်တွင် ရှိသည်။

၎င်းခေါင်းလောင်းတွင် ခေါင်းလောင်းစာဖြင့် မှတ်တမ်းတင်ထားခဲ့သော်လည်း ပြည့်စုံမှုရှိသည်ဟု မဆိုနိုင်ချေ။ ကြေးချိန်ဝိသာနှင့် အခြားလှူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ အချက်အလက်မှတ်တမ်းများ လုံးဝမပါရှိပါ။ သံသရာ ဆုတောင်းဂါထာများကို ပါဠိဘာသာဖြင့် အမွှမ်းတင်ရေးထိုးထားသည်ကိုသာ တွေ့ရလေသည်။

သီဟိုဠ်ရှင် ဘုရားခေါင်းလောင်းကို မြန်မာသက္ကရာဇ် ၁၀၇၁ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၄ ရက်၊ သောကြာနေ့တွင် သွန်းလုပ်ချိတ်ဆွဲပါသည်။ မင်းကင်းကျောင်းတိုက်ဆရာတော် ရှင်သာရမ္မအမှူးပြု လှူဒါန်းသည့် ပခန်း စည်သူရှင်ဘုရားမှ ခေါင်းလောင်းထက် တစ်နှစ်ခန့် နောက်ကျသည်။ ညောင်ရမ်းမင်းဆက် စနေမင်းလက်ထက်က သွန်းလုပ်ခဲ့သော ခေါင်းလောင်းပင် ဖြစ်၏။

ကောင်းမှုကုသိုလ်ရှင်မှာ ပခုက္ကူမြောက်ဘက်ရှိ လေသာဆောင်တွင် သီတင်းသုံးသော လေသာရွှေကျောင်းဆရာတော်ပင် ဖြစ်သည်။ ကြေးချိန် ဝိသာကို မသိရသော်လည်း ခေါင်းလောင်းအဝ တစ်တောင်တစ်မိုက်၊ စောက် တစ်တောင်ကျော်၊ လုံးပတ်အဝန်း သုံးတောင်တစ်မိုက်ရှိကြောင်း လေ့လာရမိ သည်။ ခေါင်းလောင်းသွန်းလုပ်ရသော ရည်ရွယ်ချက်ဖြင့် ပါဠိဂါထာ ဆုတောင်းစာများကို အမွှမ်းတင်ရေးထိုး ကမ္ပည်းတင်သော သီဟိုဠ်ရှင်ဘုရား ခေါင်းလောင်းစာကို ဤသို့ တွေ့ရလေသည်။





ပခုက္ကူမြို့နယ်၊ သီဟိုဠ်ရှင်ဘုရား စေတီတော်ရင်ပြင်ရှိ ခေါင်းလောင်းတော် (သက္ကရာဇ် - ၁၀၇၁)

"စိရံတိဋ္ဌတု သဒ္ဓမ္မော။ ရာဇာယက္ခတုမေဒနိ္တ။ သကြဇ် ၁၀၇၁ ဒီယ။ ၂၇၃ ရသ။ ဒုတိယဝါဆိုလဆန်း တဆယ့်လေးရက် သောကြာ နေ့တွင် လေသာရွှေကျောင်းပုဂ္ဂိုလ်သည် ပဋ္ဌာနပြု၍ ဤအရပ်တွင် ရဟန်းသဃာ ရွာသူပြည်သာတို့ကို ကုသိုလ်ကောင်းမှုများ စိမ့်သောငှာ၊ လူမင်းစည်းစိမ်၊ နတ်မင်းစည်းစိမ်ကို ခံစားစိမ့်သောငှာ၊ မဂ်ဖိုလ်နိဗ္ဗာန် ကို မျက်မှောက်ပြုစိမ့်သောငှာ၊ ဣသရိယ၊ ဓမ္မယသ သီရိကာမ ပယတ္တတည်းဟူသော ဘုန်းခြောက်ပါးနှင့် ပြည့်စုံတော်မူ၍ လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ ကိုးကွယ်ရာဖြစ်တော်မူသော သိန်းခိုရှင်မြတ်စွာ ဘုရား၌ ဓါတုကံဖြစ်သော ခေါင်းလောင်းကို ဤအရပ်တွင် ရဟန်း

www.burmeseclassic.com

www.burmeseclassic.com



သင်္ဃာရှာသူပြည်သားတို့နှင့် တိုင်ပင်ညီညွတ်၍ ပူဇော်ပါသည်။ ဤသို့ ခေါင်းလောင်းပူဇော်ပါရသော အကျိုးကို ဗာလေန၊ ပသေယန၊ သုဗေား ဟာလေနစ သံဝသေဿ ဗာလေနလ္လာပ၊ သလ္လာကရေနု၊ စရောစရေ၊ ဟိနကာလေသု အဇ္ဈေသု အပါရေသု စကုသုခ၊ မိစ္ဆာဓိဝေ၊ သုတိဋ္ဌိတု ကုဒါခနံ့ နဘဝါမိ။ ။ ကုလသေဋ္ဌော မဟာဒ္ဓနော။ ပုရိသော ပညဝါဘဝေ။ ဘဂံ ပစ္စဂံ သမ္ပန္နော။ သုရောစ ဝေရ မဒ္ဒနော။ ။ ဤတောင်းအပ်သော ဆုတောင်းဂါထာတွင်ပါသည့်အတိုင်း ကြင်လယ် လေသမျှ ဘဝတို့၌ ပြည့်စုံသည်ဖြစ်၍ မိတေယျရှင်တော်ဘုရား၌ အကျွပ်တရားကို ရကုံပါလို၏။ ဤသို့ကောင်းမှု ပြုသောအကျိုးကို ရေမြေသိခင် ဘဝရှင်မင်းတရားကြီးကစ၍ အထက်ကို ဘဝဂ်၊ အောက်ကို အဝိစိ၊ အထဲငရဲတိုင်အောင် သဗ္ဗေသတ္တာ သတ္တဝါ အပေါင်းတို့ကို အမျှရစေကုံသတည်း။ သာဓုခေါ်စေကုံလိုဝ်။

တိပုအာ''

ညောင်ရမ်းခေတ်၏ အခြားခေါင်းလောင်းစာတစ်ခုကို မုံရွာဖိုဝင်းတောင်ဘုရားရင်ပြင်တွင် တွေ့ရှိလေ့လာရသည်။ ဤခေါင်းလောင်းကို မြန်မာသက္ကရာဇ် ၁ဝ၉ဝ ပြည့် ကဆုန်လပြည့်နေ့ အရုဏ်တက်၌ သွန်းလုပ်လှူဒါန်းခြင်းဖြစ်သည်။ စနေမင်း၏ သားတော် သီရိပဝရ မဟာဓမ္မရာဇာ မိပတိဘွဲ့ခံ တနင်္ဂနွေမင်း၏ လက်ထက်ဖြစ်လေသည်။

ခေါင်းလောင်းပုံသဏ္ဌာန်မှာ အခြားခေါင်းလောင်းများနှင့် လုံးဝမတူပေ။ ရှည်ရှည်မျောမျောနှင့် အချိုးအစားကျနခြင်း မရှိသော ခေါင်းလောင်းဖြစ်၏။ ကောင်းမှုကုသိုလ်ရှင်မှာ တစ်ဦးတည်းလှူဒါန်းသော ပုဂ္ဂလိကဒါနရှင် မဟုတ်ပေ။ ဟန်လင်းနယ်၊ မင်းစုရွာ (ရှေးက မင်ဇူရွာဟု ရေးထိုးသုံးနှုန်းသည်) မှ ရွာသူကြီးနှင့် ရွာသူရွာသားများ၏ စုပေါင်းကုသိုလ်တော်ဖြစ်ပါသည်။ ဤအကြောင်းကို ခေါင်းလောင်းစာတွင် လေးလုံးစပ်ကဗျာလင်္ကာသွယ်၍ ဤသို့ ရေးထိုးမှတ်တမ်းပြုပါသည်။

''ဟန်လင်းမြို့နေ၊ စည်ပင်သာယာ၊ မင်ဇူရွာမှ၊ သက္ကရာဇာ၊ တစ်ထောင်သာ၍၊ စွန်းပါကိုးဆယ်၊ ပြည့်ခါဝယ်၌၊ သံလယ်ပဋ္ဌနု၊ ကဆုန်



ဆန်းတက်၊ ဆဲ့ငါးရက်နေ့၊ ပြေ့သည့်နေ့ဝယ်၊ အရှေ့ပြဖွာတက်လာ ရောင်တင်၊ နေလုလင်၌၊ ချိန်ခွင်ဗိဿာ၊ နှစ်ရာပြည့်ကြွယ်၊ ငါးဆယ် အပေါင်း၊ ကြေးစင်ကောင်းကို ခေါင်းလောင်းလှလှ၊ သွန်းလုပ်ကြ၍''

ခေါင်းလောင်းစာ၏ လက်ရေးလက်သားမှာ လေးထောင့်မန်ကျည်းစေ့မှ ခရာဝန်းသို့ ပြောင်းလဲစပြုခါနီးအချိန်တွင် ရေးထိုးသောမှတ်တမ်းဖြစ်သည်နှင့် အညီ ခရာဝန်းမကျတကျ လက်ရေးမျိုးဖြစ်လေသည်။ ခေါင်းလောင်း၏ ကြေးချိန်ဝိဿာမှာ ၂၅ဝ ဖြစ်ကြောင်း သိရသည်။ ဟန်လင်းမြို့နေ၊ စည်ပင်သာယာ မင်ဇူရွာမှဟု ဖော်ပြသည်ကို ထောက်ဆလျှင် ဟန်လင်းပျူတို့၏ နယ်မြေသည် ချင်းတွင်းမြစ်အနောက်ဘက်ကမ်းရှိ ဖိုဝင်းတောင်ဒေသအထိ ကျယ်ပြန့်ခဲ့လေသလောဟု မှတ်ယူဖွယ်ရာရှိလေသည်။ ဤကောက်ချက်ချမှုသာ မှန်ကန်ပါက ညောင်ရမ်းခေတ်ကာလ ဟန်လင်းနယ်၏ အကျယ်အဝန်းကို တိကျစွာသိရှိနိုင်မည်မှာ အမှန်ဖြစ်သည်။ ထို့ပြင် ဟန်လင်းပျူတို့၏ နယ်မြေသည် ဖိုဝင်းတောင်ဒေသအထိ ကျယ်ပြန့်ခဲ့သည်ဟူသော သမိုင်းဆိုင်ရာ ကွင်းဆက်တစ်ခုကို ဖော်ထုတ်ကာ ကွက်လပ်ဖြည့်ပေးနိုင်မည်မှာ အမှန်ဖြစ်လေသည်။

ညောင်ရမ်းခေတ်ထိုး အခြားခေါင်းလောင်းစာတစ်ခုမှာ ရွှေတောင်မြို့၊ ရွှေနတ်တောင်ဘုရားရင်ပြင်တွင် ရှိသည်။ ရွှေနတ်တောင်ဘုရား ခေါင်းလောင်းစာကို ဘုရားစောင်းတန်းမှတက်၍ ရင်ပြင်ပေါ်သို့ ဝင်ဝင်ချင်း ညာဘက်တစ်နေရာတွင် တွေ့ရသည်။ ကွင်းချိတ် ခြသေ့ရုပ်ခံပြီး ပေါင်းကိုင်း၌ နဂါးရုပ်နှင့် ဘီးလူးရုပ်တို့ ထမ်းထားသည့် ပုံဟန်ကြေးသွန်းပုံဖော်ပါသည်။ ဝင်ရိုးထိပ်တွင် ကြာဖူးများဖြင့် တန်ဆာဆင်ထား၏။

ရွှေနတ်တောင်ဘုရား ရင်ပြင်တော်တွင် ခေါင်းလောင်းကြီးငယ် အရွယ်အစား အမျိုးမျိုးရှိသည့်အနက် ရှေးကျသော အက္ခရာ ရေးထုံးများရောပြွမ်းလျှက်ရှိသော ခေါင်းလောင်းကိုသာ မှတ်တမ်းတင်ရေးကူးခဲ့ခြင်း ဖြစ်ပါသည်။

ရွှေနတ်တောင်ဘုရားခေါင်းလောင်းတော်ကို မြန်မာသက္ကရာဇ် ၁ဝ၈၃ ခု ကဆုန်လတွင် သွန်းလုပ်လှူဒါန်းခဲ့ခြင်းဖြစ်၏။ လအမည်၊ နေ့ရက် စသည်တို့သာမက ခေါင်းလောင်းစာတို့တွင် တွေ့မြင်နေကျအတိုင်းဖြစ်သော အချိန်မှတ်တမ်းများ တိတိကျကျ မပါရှိပါ။ ချိန်ခါကာလသည် ညောင်ရမ်းမင်းဆက်

www.burmeseclassic.com

www.burmeseclassic.com



မင်းရဲကျော်ထင်၏ သားတော် စနေမင်းလက်ထက်ဖြစ်ကြောင်း သိရ၏။ ခေါင်းလောင်းဒါယကာမှာ ရွှေနတ်တောင်ဘုရား ပရိဝုဏ်၌ သီတင်းသုံးသော ဘုံသာကျောင်းဆရာတော်ဖြစ်၏။ မြို့သူမြို့သား အများလည်း ကုသိုလ်ဒါန ပါဝင်ခဲ့ကြသည်။ လှူဒါန်းသော ခေါင်းလောင်း၏ ကြေးချိန်မှာ ပိဿာ ၃၇၀ ဖြစ်ပါသည်။ မဂ္ဂင်ရှစ်ပါးကို သိမြင်၍ အရိမေတ္တယျဘုရားရှင်၏ ဗျာဒိတ်တော်ကို ခံယူရလို၏ဟု ဆုတောင်းသည်။ အရပ်ဆယ်မျက်နှာရှိ ဝေနေယျ သတ္တဝါအားလုံးကို အမျှဝေပါသည်။

ခေါင်းလောင်း၏ ကိုယ်ထည်တွင် ရေးထိုးကမ္ပည်းတင်ခဲ့သောစာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ကြောင်းရေ (၁) ။ ။ ရွှေနတ်တောင်ဖြားရှင် အနိဋ္ဌပရာ ဧ ၌ သီတင်းသုံးသော ဘုမ်သာကျောင်းပုဂ္ဂိုလ်သည် ရွှေ့တောင်မြို့ဝ်သူ မြို့ဝ်သာတိုကို အနောတဿ ဩဒိဿမေတ္တာတော်နှင့်ညီစွာ ညီညွတ်၍ သက္ကရာဇ် ၁၀၈၃ ကဆုံလတွင် ကြေစင်ချိန် ၃၇၀ သွန်လုတ်၍ လှူတန်ပါဧ့သော

ကြောင်းရေ (၂) ။ ။ အကျိုဝ်အာဖြင် သာဓိတ်၊ ၁၉၇ သဃ်ပ္ပ၊ ညာတကာ ဟိသာကမ္မံ တသာအာဓိဝ၊ ၁၉၇သမာဓိတည်ဟူသော မဂ္ဂတရာရှစ်ပါနှင့် ပြည့်စုံသ်ဖျစ်၍ အဉ်မြမေတ္တေယျ ဘဉ်ုးရှင် နိုက် ဗျာဒိတ်တဉ်ုတော်မြတ်ကို ဧသ် ဖျစ်ပါလိုဧ်၏။ ဧ်းသို့သော ကောင်မှုတို၏ အကျိုဝ် အာဖျင်အစက်ကို ဘဝက်အောက်ကိုလ် အဝိ ဇ္ဈိ တိုင် အောင် ဝေဟင်ဒဉ်ဘြုမှာနေသ် ဆယ်ကုဒေ ကုန်မှ နေသ်တိုဝ်ကိုဝ်လ် သပ္ပေ သတ္တါ သတ္တဝါတိုဝ်ကိုဝ် အမျှဝေဧ်။ အုပါမံ ယာတာ ခေါယော ဝက်ကာ အဝိ ဇ္ဈိ တော ဤ ကောင်မှုကိုဝ် သာဓုအနုမောဒနာ ခေါ်သ်ဖြစ်စေသောဝ်”

ခေါင်းလောင်းစာတွင် သတ်ပုံအမှားများလွန်း၍ အကျအပေါက်လည်း ရှိသည်ကို တွေ့ရ၏။ လက်ရေးစာလုံးများမှာ ညီညွတ်မှုမရှိပေ။ ပန်းတဉ်း ဆရာ၏ ချို့ယွင်းမှုဟု ဆိုနိုင်ပါသည်။ စာလုံးများ ကြီးလွန်းသည့်နေရာ၌ကြီး၍ ငယ်လွန်းသည့်နေရာ၌ အဆမတန် ငယ်နေသည်။ “အထက်ဘဝဂ်” ကို ရေးသားရာ၌ ညောင်ရမ်းခေတ်အသုံးအနှုန်းအတိုင်း အစက်ဟု ထအစား မကို သုံးနှုန်းထားသည်။ ဝါကျရေးထုံးတို့၌ ညောင်ရမ်းခေတ်ကာလတိုင်အောင် (ရကောက်) ကို (ဧ့) ပုံသဏ္ဌာန်ရေးဆဲရှိကြောင်း တွေ့ရ၏။ ( ဇ္ဈိ )ကို၏ ဟူ၍လည်းကောင်း (ဓိ) ကို (၁၉၇) ဟူ၍လည်းကောင်း ရေးသားခြင်းမှာ ထူးခြားသလိုရှိ၏။ သီတင်းသုံးသောဟူသည့် စကားကို ရေးရာတွင်လည်း “အနဋ္ဌ” ၏ ရေးထုံးမှာ ထူးဆန်းသလိုလို ရှိနေသည်ကို သတိပြုမိပါသည်။

ညောင်ရမ်းခေတ် အခြားခေါင်းလောင်းတစ်လုံးကို မကွေးတိုင်း၊ ရေစကြိုမြို့၊ ရွှေမုဋ္ဌောလေးမျက်နှာဘုရားတွင် တွေ့ရသည်။ အဆိုပါ ဘုရား ပရိဝုဏ်တွင် ခေါင်းလောင်းကြီးငယ် ခြောက်လုံးခန့် တွေ့ရပါသည်။ အားလုံး နီးပါးလောက်ပင် ကမ္ပည်းစာများ ရေးထိုးမှတ်တမ်းပြုထားသည်ကို တွေ့ရ သည်။ ယင်းတို့အနက် များစွာရေးကျပြီး မြန်မာ့အက္ခရာအဆင့်ဆင့် ပြောင်းလဲ ပုံအတွက် များစွာအထောက်အကူပေးနိုင်သော သမိုင်းအတွက် အဖိုးတန်လှ သည့် ခေါင်းလောင်း နှစ်လုံးကိုသာ တင်ပြပါမည်။

မြန်မာသက္ကရာဇ် ၁၁၁၀ ပြည့်နှစ် သီတင်းကျွတ်လဆန်း လေးရက်၊ အင်္ဂါနေ့တွင် သွန်းလုပ်သော ခေါင်းလောင်းကို လေးမျက်နှာဘုရား၏ အရှေ့ မြောက်ထောင့်တွင် တွေ့ရသည်။ ခေါင်းလောင်းနှစ်လုံးရှိသည့်အနက် အနောက် ဘက်မှ ခေါင်းလောင်းဖြစ်သည်။ ခေါင်းလောင်း၏ အမွမ်းတန်ဆာအဖြစ် ပုစွန်တုပ်ကွေးတွင် ခြသေ့ရုပ်၊ ပေါင်းကိုင်း၌ ဟင်္သာပန်းကိုက်၊ ဟင်္သာ၏ ခြေတွင် ငါးကြင်းသုံးကောင် ပါဝင်ခြယ်မှုန်းထားသည်။

ယင်းခေါင်းလောင်းကိုယ်ထည်၏ မြောက်ဘက်မျက်နှာတွင် စာ ကြောင်းရေ သုံးကြောင်း၊ အလယ်ရစ်နှစ်ရစ်ကြားမှာ စာကြောင်းရေ တစ် ကြောင်း၊ တောင်ဘက်မျက်နှာ၌ စာကြောင်းရေ ကိုးကြောင်းတို့ကို ကမ္ပည်း တင်ရေးထိုးထားကြောင်း တွေ့ရ၏။ တောင်ဘက်မျက်နှာ၏ အစတွင် “စီရံ တိဋ္ဌတု သာသနံ” အစချီ၍ “သီဝံမေတ္တေယ ဗုဒ္ဓဿ၊ ပါဒမူလေ၊ အသဒ္ဒိသံ၊ ဒတွာမေမွေသုဓာန္တော” ဟူသော ပါဠိဆုတောင်းဂါထာများကို ရေးထိုးမှတ်တမ်း

www.burmeseclassic.com



ပြုထားသည်။ မြောက်ဘက်မျက်နှာ၌ ရေးထိုးမှတ်တမ်းပြုသော ကမ္ပည်းစာကို ထိုခေတ်အရေးအသားအတိုင်း ဤသို့ တွေ့ရှိရလေသည်။

ကြောင်းရေ (၁)။ ။ ဓေယျတု အောင်ဆုပေတော်မူစေသော အောင်မြေ မင်္ဂလာ၊ လေမျက်

ကြောင်းရေ (၂)။ ။ နှာ၌ သ်ဒ္ဒါကောင်မှု ကျေ့စု ၄၀၀ သံဝါကြုံကြောင် ခေါင်လောင်ကောင်မှု သဗ္ဗညု၌ လေစုရက်မှာ

ကြောင်းရေ (၃)။ ။ အရာအုပ်စို မင်ပြည်စို။ ပတိန်မှူ။ ကျီစိုတိုတစ်စု။ ဂေါင်တ်၍ ရက်သူရွာသာအမျာ ကောင်မှုပြုပါသ်။

ခေါင်းလောင်းစာပါအလိုအရ တစ်ဦးတည်း ရေစက်သွန်းချ အလှူဒါန ပြုသော ကောင်းမှုကုသိုလ် မဟုတ်ပေ။ မြို့ရွာပြည်စိုး။ ပန်းတိမ်မှူး။ ကျီစိုး တို့က ဦးစီးဦးဆောင်ပြု၍ ရပ်သူရွာသား အများပြုသော ကုသိုလ်ဒါန အလှူ တော် ဖြစ်လေသည်။

ပန်းတိမ်မှူးကို ကြေးပန်းတိမ်၊ ရွှေပန်းတိမ်ဟု အစုနှစ်သင်းခွဲပြီး ရွှေတိုက်အရာရှိလက်အောက်ခံ တာဝန်ကို ယူစေရသည်။ ကျီစိုးရာထူးမှာလည်း အဝေးကျီစိုး၊ အနီးကျီစိုး ဟူ၍ နှစ်မျိုးရှိပြီး အဝေးမြို့ရွာဒေသရှိ ဘုရင်ပိုင် မြေယာထွက်ကုန်များကို တာဝန်ယူထိန်းချုပ်ရသော အမှုထမ်းကို ခေါ်လေ သည်။

ပြည်စိုး၊ ပန်းတိမ်မှူး၊ ကျီစိုးတို့တစ်စု ဦးစီးဦးဆောင်ပြု၍ ရပ်သူရွာသား အများ လှူဒါန်းသော ဤခေါင်းလောင်းတော်၏ အလေးချိန်မှာ (ကြေးစုပိဿာ ချိန် ၄၀၀) ရှိသည်ဟု ဆိုပါသည်။ ၎င်းခေါင်းလောင်းတော်ကို "သက္ကရစ် ၁၁၀၀။ သီတင်ကျွပ်လဆန် ၄ ရက် စုနေ့။ ဘဝါ ၇ လက်သစ်ပြေးတွင် သွန်သည်" ဟု ဆိုလေသည်။ မြန်မာသက္ကရာဇ် ၁၁၀၀ ပြည့်နှစ် အင်းဝ ညောင်ရမ်းဆက် မဟာဓမ္မရာဇာဓိပတိမင်းလက်ထက်တွင် သွန်းလုပ်ခဲ့သော ခေါင်းလောင်းဖြစ်သည်။

အင်္ဂါနေ့ကို (၃ နေ့) ဟု ဂဏန်းဖြင့် ဖော်ပြပြီး အချိန်နာရီတွင် "၇ လက်သစ်"ဟု ရေးသားထားသည်မှာ ထူးဆန်းသလို ရှိပေသည်။ ဖဝါး၊





**ရေစကြိုမြို့နယ်၊ လေးမျက်နှာ ဘုရားရင်ပြင်ပေါ်ရှိ ပန်းတိမ်မှူး၏ ခေါင်းလောင်းတော် (သက္ကရာဇ် - ၁၁၀၀)**


လက်သစ်စသော ဝေါဟာရတို့မှာ ရှေးခေတ်မြန်မာ့အချိန်နာရီ အတိုင်းအတာ များပင် ဖြစ်လေသည်။

ညောင်ရမ်းခေတ်ဆိုင်ရာ ခေါင်းလောင်းဖြစ်သည့်နှင့်အညီ ခေါင်း လောင်းစာအဆုံး၌ "တိပုအာ" ဟူသော ဆုတောင်းစာ အနှစ်ချုပ်ကို ရေးထိုး မှတ်တမ်းပြုကြောင်း တွေ့ရသည်။ ခေါင်းလောင်းတော်၏ အတိုင်းအတာ များမှာ အပေါ်လုံးပတ် (၃ပေ ၈ ၁/၂ လက်မ)၊ အောက်လုံးပတ် (၆ ပေ)၊ အပြင်ဘက်အချင်း (၁ပေ ၁၁ ၁/၄ လက်မ)၊ အတွင်းအချင်း (၁ပေ ၈ ၃/၄ လက်မ)၊ ထု (၂ ၃/၄ လက်မ)နှင့် အမြင့် (၂ပေ ၆လက်မ)ရှိကြောင်းတွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com





ရေစကြိုမြို့နယ်၊ လေးမျက်နှာ ဘုရားရင်ပြင်ပေါ်ရှိ
ပန်းတိမ်မှူး၏ ခေါင်းလောင်းတော် လက်ရေးမူရင်းစာ (သက္ကရာဇ် - ၁၁၀၀)

ယင်းခေါင်းလောင်းတော်နှင့် ကပ်လျက်ရှိသော အရှေ့ဘက် ခေါင်းလောင်းမှာ အမရပူရရွှေမြို့တော်၊ ထီးဖောင်းကာအရပ်နေရာ ရေစကြိုကျောင်းတကာ မောင်စို သမီး ခင်ပွန်းတို့၏ ကောင်းမှုကုသိုလ်တော် ဖြစ်လေသည်။ မြန်မာသက္ကရာဇ် ၁၁၇၉ ခုနှစ် ကဆုန်လဆန်း ၁၅ ရက်၊ အင်္ဂါနေ့ နံနက်တစ်ချက်မတီးမီအချိန်တွင် သွန်းလုပ်၍ ကြေးစင် ၉၇ ပိဿာနှင့် ၈၅ ကျပ်သား အလေးချိန်စီးလေသည်။ ခေါင်းလောင်းတော် သွန်းလုပ်ခအဖြစ် ငွေစင် ၁၉၆ ကျပ် ပေးရ၏။

ဤခေါင်းလောင်းကို နိဗ္ဗာန်မဂ်ဖိုလ်အလို့ငှာ လှူဒါန်းပူဇော်သည်ဟု ရေးထိုးမှတ်တမ်းပြုပါသည်။ ခေါင်းလောင်းကိုယ်ထည်ပါ ကမ္ပည်းစာတွင် စာကြောင်းရေ ၁၀ ကြောင်းတိတိ ရေးထိုးထားသည်။ ၎င်းကို မူရင်း အရေးအသားအတိုင်း ဖော်ပြပါသည်။

ကြောင်းရေ (၁) ။ ။ သာသနံ စိရံ တဋ္ဌတု။ ငါးထောင်သာသနာ မြင့်ကြာကာရှည်။ စည်ပင်ထွန်းဝင်။ ရန်မျိုးရှင်း၍ ခပင်...။



ကြောင်းရေ (၂) ။ ။ ... များစွာ။ သတ္တဝါတို့။ ချမ်းသာသုခ။ ရသည်ဖြစ်စေ။ မေတ္တာဝေလျက်။ နှစ်သက်ကြည်စွာ။ သဒ္ဓါစိတ်ဖော။

ကြောင်းရေ (၃) ။ ။ မနောဖြူစွာ။ သုံးဖြာသောဝဋ်မှ လွတ်မြောက်စေချင်ငှာ။ ဓမ္မိယာ လဒ္ဓ။ သန့်လှကောင်းစွာ။ ဆည်းဘူရှာ၍။

ကြောင်းရေ (၄) ။ ။ မြတ်စွာဘုရာ ကိုယ်စာတော် မွေတော် ဓါတ်တော်ဆင်တုတော်အာ သဒ္ဒဒါနဖြစ်စေချင်ဌာ၊ အမရပူ...

ကြောင်းရေ (၅) ။ ။ ...ရ ရွှေမြို့တော် ထီပေါင်ကာအရပ်နေ ရေစကြိုလ်ကျောင်တကာ မောင်စို သမီခင်ပွန်က သက္ကရာဇ် ၁၁၇၉...

ကြောင်းရေ (၆) ။ ။ ကဆုန်လဆန် ၁၅ ရက် ၃ဂါနေ့ နံနက်တစ်ချက်မတီးမီ အချိန့်တွင် သွန်လုပ်၍ ကြေစင်ချိန် ဝန်ကျပ်ပေါင် ၉၇၈၅...

ကြောင်းရေ (၇) ။ ။ ... ကို အတိုငွေစင် ၁၉၆ ပေးပူဇော၍ သာယာနာပျော်ဘွယ်ရှိသော ဤခေါင်းလောင်းကို နိဗ္ဗာန်မဂ်ဖိုလ် အလို့...

ကြောင်းရေ (၈) ။ ။ ... ငှာ လှူဒါန်းပူဇော်ပါသည်။ ဤကောင်းမှုအကျိုးကြောင့် သံသရာဘဝအဆက်ဆက်တို့၌ အပါယ် ၄ ပါး...

ကြောင်းရေ (၉) ။ ။ ... ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူငါးပါးတို့နှင့်ကင်းလွတ်၍ အဆုံးစွန်သော ဘဝ၌ နိဗ္ဗာန်တရားမြတ်ကို ရပါလို၏။

ကြောင်းရေ(၁၀) ။ ။ ဤကောင်းမှုအဘို့ကို မိဘခြာ၊ ဥတကာမှစ၍ ၃၁ ဘုံကျင်လည်ကုန်သော ဝေဏေယျတို့အား အမျှဝေပါ၏''

www.burmeseclassic.com

www.burmeseclassic.com





ရေစကြိုမြို့နယ်၊ လေးမျက်နှာ ဘုရားရင်ပြင်တော်ရှိ
ရေစကြိုကျောင်းတကာ မောင်နို၏ ခေါင်းလောင်း

ဤခေါင်းလောင်းတော်၏ ပုစွန်တုပ်ကွေးမှာ ခြသေ့ရုပ်နှစ်ရုပ်ဖြစ်ပြီး အထက်လည်ရစ်၌ ကြာမှောက်နှစ်တန်း ပါရှိသည်။ ပေါင်းကိုင်းလုံးဝ မပါပေ။ ရှေးက ရှိခဲ့ဟန်တူသော်လည်း ယခုအခါ နောက်မှ ပြုလုပ်သည့် သံချောင်းဖြင့် ချိတ်ဆွဲထားကြောင်း တွေ့ရသည်။

ခေါင်းလောင်း၏ အဝပါလုံးပတ်မှာ (၃ပေ ၁လက်မ) အောက်လုံးပတ်မှာ (၅ပေ ၁/၂ လက်မ)၊ အပြင်အချင်း (၁ပေ ၇ ၁/၄ လက်မ၊ အတွင်းအချင်း (၁ပေ ၃လက်မ)၊ ထု (၂ ၁/၈ လက်မ) ဖြစ်ပြီး အမြင့်မှာ ၁ပေ ၇ ၁/၂ လက်မ ဖြစ်လေသည်။

အထက်ပါ ခေါင်းလောင်းသည် ညောင်ရမ်းခေတ် ပျက်သုဉ်းပြီးနောက် ကုန်းဘောင်ခေတ်ဦး အစောပိုင်းကာလတွင် ရေးထိုးကမ္ပည်းတင်သော ခေါင်းလောင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံရေးသမိုင်းတွင် မင်းရဲနန္ဒမိတ်ခေါ် ညောင်ရမ်းမင်း လက်



ထက်မှစ၍ မဟာဓမ္မရာဇာဓိပတိမင်း လက်ထက်ချိန်ထိ ကာလကို အင်းဝ ညောင်ရမ်းခေတ်ကာလဟု သတ်မှတ်ပါသည်။

မဟာဓမ္မရာဇာဓိပတိမင်း လက်ထက်တွင် နန်းတွင်းပြည်တွင်းနှင့် ပြည်ပ အန္တရာယ်များ စုပြုံကျရောက်လာခဲ့သည်။ ယင်းပြဿနာများကို ဖြေရှင်းနိုင်စွမ်း မရှိသဖြင့် ထိုင်းနိုင်ငံအတွင်း၌ ပုန်ကန်ထကြွမှု၊ ဆူပူလုပ်ရှားမှုများ နေရာအနှံ့ ပေါ်ပေါက်ခဲ့သည်။ အေဒီ ၁၇၃၉ ခုနှစ်သို့ ရောက်သောအခါ တိုင်းပြည်၏ အခြေအနေသည် ယိုင်လဲပြိုပျက်ရန် တဖြည်းဖြည်း နီးကပ်လာခဲ့လေသည်။

ထိုအချိန်ကာလတွင် မြိုင်ရွာအရပ်၌ ဆရာတော် အရှင်မြတ်နှစ်ပါးတို့အား ကမကထပြု၍ ဒါယကာ၊ ဒါယိကာမအပေါင်းတို့သည် ရွှေမြတ်တင်မြတ်စွာဘုရားတွင် ခေါင်းလောင်းတစ်လုံး သွန်းလုပ်လှူဒါန်းခဲ့ပေသည်။ ၎င်းခေါင်းလောင်းစာကို ညောင်ရမ်းခေတ် နောက်ဆုံးလက်ရာခေါင်းလောင်းဟု ဆိုနိုင်လေသည်။


ခေါင်းလောင်း သွန်းလုပ်လှူဒါန်းသော သက္ကရာဇ်မှာ သာသနာသက္ကရာဇ် ၂၂၈၃ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၁၀၁ ခု နယုန်လပြည့်ကျော် ၉ ရက် စနေနေ့ဖြစ်သည်။ ပန်းစဉ်သည်တို့နှင့်တကွ သွန်းလုပ်သည်ဟုဆိုသဖြင့် ခေါင်းလောင်းကို ပန်းတဉ်းလက်မှုပညာရှင်များအား ကြီးကြပ်သွန်းလုပ်စေခဲ့ကြောင်း သိရပါသည်။ ရွှေမြတ်တင်ဘုရားတွင် လှူဒါန်းသော ဤခေါင်းလောင်းကို "သဒ္ဒါရမ္မဏဒါန" ဟူသော အကြောင်းပြချက်ဖြင့် လှူခဲ့၏။ သုတိသာ၍ မွေ့လျော်ဖွယ်ကောင်းသော အသံကို ရည်စူး၍ လှူဒါန်းသည်ဟု ဆိုနိုင်ပါသည်။ ကြေးပိဿာချိန်ကိုမူ လုံးဝထည့်သွင်း ဖော်ပြထားခြင်း မရှိပေ။

အလှူရှင် ဒါယကာများမှာ ပုဂ္ဂလိကဒါနရှင်များ မဟုတ်ပေ။ မြိုင်ရွာတောင်ကျောင်းတိုက်ဆရာတော် ရှင်ဝရဓမ္မ။ အရှေ့ကျောင်းတိုက်ဆရာတော် ရှင်အဂ္ဂဓမ္မသူမြတ်တို့ လက်ထက်တွင် ဒါယကာ၊ ဒါယိကာမ အပေါင်းတို့ စုပေါင်းလှူဒါန်းသော ကောင်းမှုကုသိုလ်ဖြစ်လေသည်။ ဤအကြောင်းကို မြိုင်မြို့ ရွှေမြင်တင် မြတ်စွာဘုရားရင်ပြင်၏ အနောက်မြောက်ထောင့်ရှိ ခေါင်းလောင်းနှစ်လုံးအနက်မှ တောင်ဘက်ရှိ ရွှေမြင်တင်ခေါင်းလောင်း၏ ကိုယ်ထည်မှ မှတ်တမ်းစာတွင် ဤသို့ တွေ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com





သက္ကရာဇ် ၁၁၀၁ ခုနှစ်တွင် သွန်းလုပ်ချိတ်လှူခဲ့သည့်
မြိုင်မြို့ ရွှေမြင်တင်ဘုရား ခေါင်းလောင်း

''စီရံတိဋ္ဌတု သံဃရွှေ့ဘာ။ မြိုင်ရွာအရပ်၌ သူကြီးကုလား၊ သူကြီးရဲသားတို့ ကြီးစိုးသောအခါ မြိုင်တောင်ကျောင်းတိုက်၌ ရှင်ဝရမ္မေ၊ အရှေ့ကျောင်းတိုက်၌ ရှင်အဂ္ဂမေ္မသူမြတ်တို့လက်ထက် ဒါယကာဖြစ်သူ လူတိုဝ်နှင့်တကွသော သဃာ်အပေါင်းသည် မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာကို ရကြခြင်း၊ ရကြပါစေခြင်းအကျိုးငှာ၊ ရှာနီးရွာစပ်၌နေသော လူအပေါင်းတိုဝ်ကိုဝ် ခေတ်နှိုဝ်ညီညွတ်၍ သာသနာတော် ၂၂၈၃ ခုနှစ်၊ သက္ကရာဇ် ၁၁၀၁ ခုသိုဝ် ရောက်သောအခါ နံယုမ်လပြည့်ကျော်ကိုးရက် စနေနေ့တွင် ပန်စဉ်သံ့တို့နှင့်တကွ သွန်းလုပ်၍ ရွှေမြတ်တင်မြတ်စွာဘုရားအား သဒ္ဒါရမ္မထာဒါနဟူသော ခေါင်းလောင်းအလှူကို လှူပါသည်။ ဤကောင်းမှု ဤအဘိုဝ်ကို ဝေနေယျသတ္တဝါအပေါင်းတို့သည် အမျှရကြပါစေသောဝ်။ ။''

ခေါင်းလောင်းတော်၏ အထက်ရစ်တွင် ပါဠိစာဖြင့် ''သေ့ိဟံ အဟံ သေ့ိတံ ဥယာသေ့ိဟံ။ ဝါယသေ့ိဟံ။ အသုကျွာ ဗုဒ္ဓေါ။ ဧက မန္တံ အဟံ ကာယေ။ ပူဇိတော။ ရမ္မတေ သုကျွာ။'' ဟူသော စာတန်းကိုလည်း ရေးထိုးထားကြောင်း တွေ့ရ၏။



ခေါင်းလောင်းစာအလိုအရ ညောင်ရမ်းခေတ်ကာလအထိ မြိုင်သည် ရွာကလေးမျှသာ ရှိသေးကြောင်း သိရ၏။ သို့ရာတွင် တစ်ရွာတည်း၌ တောင်ကျောင်းတိုက်၊ အရှေ့ကျောင်းတိုက်ဟူ၍ ဘုန်းတော်ကြီးကျောင်းတိုက်များ ကွဲပြားစွာရှိသည်ကို ထောက်သော် ရွာကြီးတစ်ရွာဖြစ်မည်ဟု ယူဆရသည်။ မြိုင်ရွာသည် ထိုခေတ်ကာလက ကူးခန်းကြီးတောင်လက်နယ်တွင် အပါအဝင်ဖြစ်၏။ မြိုင်မြို့နယ်၊ ကိုင်းရွာ၊ မနောရမ္မ ကန်တော်ကျောက်စာ ကျောဘက်ကြောင်းရေ ၁၅-၁၆ တွင် ''ကူးခန်းကြီးမြို့တောင်လက်၊ ကိုင်းမုံညှင်းကျေးရွာအနီး၌ ရေဟူသော အကြောင်းကြောင့်'' ဟုတွေ့ရ၏။ ထို့ပြင် ဇမ္ဗူဒီပဥဆောင်းကျမ်းတွင်လည်း ကူးခန်းကြီးနယ်သည် အနောက်ဘက် ဝေပုလ္လတောင်ရိုးအထိ ပါဝင်သည်ဟု ဆိုပါသည်။ ဝေပုလ္လတောင်ရိုးကား ယခုအခါ ယောနယ်ဘက်တွင် ရှိလေသည်။

ခေါင်းလောင်းကမ္ပည်းစာတွင် သူကြီးကုလား၊ သူကြီးရဲသားတိုဝ် ကြီးစိုးသောအခါဟူသော စကားအသုံးအနှုန်းကို တွေ့ရသည်မှာ ထူးဆန်းပါသည်။ ၎င်းစာတန်းသည် ညောင်ရမ်းခေတ်ကာလ မြိုင်ရွာနှင့် ပတ်ဝန်းကျင်၏ အုပ်ချုပ်ရေး မငြိမ်သက်မှုကို ဖော်ပြနေသော အထောက်အထားဖြစ်မည် ထင်ပါသည်။

မဟာဓမ္မရာဇာဓိပတိလက်ထက်တွင် ကသည်းတို့၏ ကျူးကျော်မှုဘေးရန်ကို အကြိမ်ကြိမ်ခံခဲ့ရသည်။ ကသည်းတို့သည် ချင်းတွင်းအထက်ပိုင်း ယူးလ်မြစ်မှစ၍ မြန်မာနိုင်ငံအလယ်ပိုင်း ဧရာဝတီမြစ်ကမ်းအထိ ကျူးကျော်ဝင်ရောက်ကာ အိမ်ရာကျောင်းကန် ဘုရားပုထိုးများကို မီးရှို့ဖျက်ဆီးသည်အထိ ရမ်းကားခဲ့ကြသည်။ ဤသို့ ကသည်းတို့ ဝင်ရောက်ကျူးကျော်လာသော အရပ်များအနက် မြိုင်ရွာသည်လည်း အပါအဝင်ဖြစ်မည်ဟု မှန်းဆရသည်။ ထို့ကြောင့်သာ ခေါင်းလောင်းစာတွင် သူကြီးကုလား၊ သူကြီးရဲသားဟူသော အသုံးအနှုန်းကို မှတ်တမ်းတင် ရေးထိုးခဲ့ခြင်း ဖြစ်လေသည်။

ရေးသားချက်ကမ္ပည်းစာတွင် မြန်မာအက္ခရာရေးထုံးဖြစ်စဉ်ကို ထင်ရှားစွာတွေ့ရသည်။ (၌) အရေးအသားပုံသဏ္ဌာန် ပိုမိုပီပြင်လာ၏။ (ရကောက်) အရေးအသားတွင် (ဢ) ပုံသဏ္ဌာန်မှ (ဍ) ဆက်ရေးပုံစံ သုံးစွဲလာသည်။

www.burmeseclassic.com

www.burmeseclassic.com



(ပန်းတဉ်း) ကို (ပန်းခဉ်) ဟု ခအောက်မြစ်ဖြင့် ရေးထိုးပြုဆဲရှိသည်။ သည်ကိုသို့။ ဤကို ယူ၍ရေးထိုးပြီး (၎) ပုံသဏ္ဍာန်မှာ (ဋ) ဝမ်းပဲရေးထိုး၏ မူလဇစ်မြစ်သဏ္ဍာန်ဖြစ်ကြောင်း သတိပြုမိပါသည်။

ခေါင်းလောင်း၏ ကြေးချိန်ကို သီးသန့်ရေးထိုးကမ္ပည်းတင်သဖြင့် ဖတ်ရှုရာ ၁၅၀ ဟု တွေ့ရပါသည်။ တစ်ဂဏန်းမှာ အနည်းငယ်ပျက်ယွင်းစ ပြုနေပြီဖြစ်သည်။ ခေါင်းလောင်း၏အပြောက်အမွမ်း တန်ဆာဆင်ယင်မှုကို လေ့လာရာ ခြသေ့်နှစ်ကောင်ခံပြီး ပေါင်းကိုင်းတွင် တင်းပုတ်ထမ်း ဘီလူးရုပ် ၂ရုပ်ပါရှိသည်ကို တွေ့ရ၏။ အပေါ်ရစ် ကြာပန်း၊ အလယ်၌ ကမ္ပည်းစာ တစ်တန်း၊ အောက်အရစ်၌ ပုတီးစေ့ပတ်ပြီး ၎င်း၏အောက်မှ ကြာပွင့်ရှည် တစ်တန်း ထပ်၍ မွမ်းမံထည့်တပ်ထားလေသည်။

ခေါင်းလောင်းတော်၏ အတိုင်းအထွာများမှာ အမြင့် (၁ပေ ၁၁ ၁/၂ လက်မ)၊ အပေါ်အဝန်း (၃ပေ ၂လက်မ)၊ အောက်အဝန်း (၄ပေ ၆လက်မ)၊ အပြင်အချင်း (၁ပေ ၅ ၃/၄ လက်မ၊ အတွင်းအချင်း (၁ပေ ၁ ၃/၄ လက်မ)ဖြစ်ပြီး ထုမှာ ၁ ၃/၄ လက်မ ရှိလေသည်။

အင်းဝညောင်ရမ်းခေတ် နောက်ဆုံးလက်ရာ ခေါင်းလောင်းစာတစ်ခု ဖြစ်နေခြင်းနှင့် မြန်မာနိုင်ငံအုပ်ချုပ်ရေးသမိုင်းတို့ တစ်စိတ်တစ်ဒေသ ပါဝင် ထင်ဟပ်နေခြင်းတို့ကြောင့် အဖိုးတန်သော ခေါင်းလောင်းစာဟုဆိုက မှားအံ့ မထင်။

## မြန်မာ့သံရည်ကျိုလုပ်ငန်း

ဤနေရာတွင် အလျဉ်းသင့်သဖြင့် ရှေးခေတ် မြန်မာ့သံရည်ကျိုလုပ်ငန်း အကြောင်းကို တစေ့တစောင်း တင်ပြလိုပေသည်။

ရှေးခေတ်ဟောင်း မြန်မာ့သမိုင်းကို လေ့လာလျှင် သံအသုံးအဆောင် လက်နက်ပစ္စည်း ထွန်းကားသော သံခေတ်ကို ဖြတ်ကျော်ခဲ့ကြောင်း တွေ့ရှိ ရသည်။ သံခေတ်အတွင်း အကျုံးဝင်သော ပျူတို့၏ ဗိဿနိုးမြို့ဟောင်းတွင် သံကရိယာ လက်နက်တန်ဆာအချို့ကို ကြေးကရိယာများနှင့်အတူ ရောနှော လျက် တွေ့ရှိခဲ့သည်ကို ထောက်ဆလျှင် ပျူခေတ်ကပင် သံထည်လုပ်ငန်းများ ရှိနေပြီဟု အခိုင်အမာ ယူဆနိုင်လေသည်။



မြန်မာ့သံထည်လုပ်ငန်းကို ပန်းပဲ၊ သံဂဟေဆက်နှင့် သံရည်ကျိုလုပ်ငန်း ဟူ၍ သုံးမျိုးတွေ့ရ၏။ ပန်းပဲလုပ်ငန်းသည် သံထည်ကို ပုံတင်ထပ်မှု ထုရိုက် ပုတ်ခတ်ရသောလုပ်ငန်းဖြစ်ပြီး ပျူခေတ်မှသည် ယနေ့ခေတ်ကာလအထိ မရိုး နိုင်သော မြန်မာ့လက်မှုပညာရပ်တစ်ခု ဖြစ်လေသည်။

မြန်မာတို့၏ သံဂဟေဆက်လုပ်ငန်းနှင့် သံရည်ကျိုချက်ချင်း အတတ် ပညာများကိုမူ မည်သည့်ခေတ်ကာလက စတင်ထွန်းကားခဲ့ကြောင်း ပြောပြ ရန်မှာ မလွယ်ကူပေ။ သို့ရာတွင် ပျူလူမျိုးတို့၏ အိမ်များကို ခဲပြား၊ သံဖြူ ပြားများဖြင့် အမိုးမိုးထားခြင်း၊ သာသနိကဒါနအဖြစ် ကြေးခေါင်းလောင်းများ လှူဒါန်းခြင်းစသည့် အထောက်အထားများကြောင့် ရှေးအခါကပင် သတ္တုရည် ကျိုချက်ခြင်းနည်းပညာကို တတ်ကျွမ်းနားလည်နေကြပြီဖြစ်ကြောင်း သိရှိနိုင် လေသည်။

ရာဇဝင်ကြီးတို့၌ ပုဂံအနော်ရထာမင်း သထုံကို တိုက်ရာမှအပြန် အမြောက်သေနတ် လုပ်တတ်သူများကို ယူဆောင်လာကြောင်း ဖော်ပြပါသည်။ သို့သော် ပုဂံခေတ်၏ ပြည်တွင်းပြည်ပ စစ်ပွဲများတွင် အမြောက်လက်နက် သုံးစွဲသည်ဟု အထောက်အထား လုံးဝမတွေ့ရှိရပေ။ ထို့ကြောင့် မြန်မာ့သံရည် ကျို လုပ်ငန်းသည် ပုဂံခေတ်ကာလတွင် စတင်ပေါ်ပေါက်ခြင်း ရှိ၊ မရှိ မသိနိုင်ပေ။

အေဒီ ၁၅၅၉ ခု ဘုရင့်နောင်လက်ထက်၌ ကသည်းပြည်သို့ ချီတက် တိုက်ခိုက်ရာတွင် ၎င်းတို့ထံမှ ကြေးနီ၊ သံချက်လုပ်တတ်သူများကို ခေါ်ဆောင် လာခဲ့ပြီး သံချက်လုပ်ငန်း လုပ်စေခဲ့သည်ဟု ဟံသာဝတီဆင်ဖြူရှင် အရေး တော်ပုံ၌ ဖော်ပြထားပါသည်။ ထို့ပြင် ဘုရင့်နောင်၏ ရေတပ်မတော်၌ သံလှေ များကို သုံးစွဲခဲ့ကြောင်း လေ့လာတွေ့ရှိရ၏။ ဤသမိုင်းမှတ်တမ်းအရ မြန်မာ့ သံဂဟေဆက်လုပ်ငန်းနှင့် သံရည်ကျိုချက်ခြင်းလုပ်ငန်းများသည် တောင်ငူ ခေတ်တွင် အခိုင်အမာ ထွန်းကားခဲ့ပြီဟု အတိအကျ ဆိုနိုင်လေသည်။

ညောင်ရမ်းခေတ်ကာလသို့ ရောက်သောအခါ သံရည်ကျိုသွန်းလုပ်ငန်း သည် တစ်စထက်တစ်စ ကျယ်ပြန့်တိုးတက်လာခဲ့ပါသည်။ ပခန်းမြို့စည်သူရှင် ဘုရားမှ သက္ကရာဇ် ၁၀၂၁ ခုနှစ်ရက်စွဲပါ ညောင်ရမ်းခေတ်ခေါင်းလောင်း တစ်လုံးတွင် "အမိတေယျ မွေတော် သခင်မြတ်စွာဘုရားကို သံခေါင်းလောင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် လျှ၍'' ဟု ကမ္ပည်းတင်ထားခဲ့သည်။ ခေါင်းလောင်း ဒါယကာ ရွှေကြက်ယက်နေ အမြောက်မှူး၏ ကမ္ပည်းစာကြောင့် ညောင်ရမ်းခေတ်၏ တိုးတက်သော သံရည်ကျိုလုပ်ငန်း တစ်စိတ်တစ်ဒေကို သိမြင်ခွင့်ရပါသည်။ မြန်မာ့အစဉ်အလာအားဖြင့် ခေါင်းလောင်းများကို ကြေး သို့မဟုတ် ပဉ္စလောဟာစပ်နည်းဖြင့် သွန်းလုပ်ခဲ့ကြသည်ဖြစ်ရာ ဤခေါင်းလောင်းကို သံချည်းသက်သက်ဖြင့် သွန်းလုပ်ခဲ့ခြင်းမှာ ထူးခြားချက်တစ်ရပ်ဟု ဆိုနိုင်လေသည်။

ကုန်းဘောင်ခေတ်ဦးသို့ ရောက်သောအခါ မြန်မာ့သံရည်ကျိုလုပ်ငန်းသည် ငွားငွားစွင့်စွင့် ပွင့်လန်းခဲ့ပြီဖြစ်သည်။ သံကို အရည်ကျိုချက်ပြီး လိုရာပုံကို သွန်းလုပ်နိုင်သော ပညာကိုလည်း နိုင်နင်းစွာ ကိုင်တွယ်အသုံးချတတ်လာလေသည်။ ရှေးကကဲ့သို့ မြန်မာ့အနုလက်ရာ သံထည်ပစ္စည်းများ၊ သံခေါင်းလောင်းများသာမက ကာကွယ်ရေးအတွက် မရှိမဖြစ်သော အမြောက်လက်နက်များနှင့် သာသနာ့အမွေ ဆင်းတုရုပ်ပွားများကိုပါ သံဖြင့် သွန်းလုပ်နိုင်ခဲ့ကြလေသည်။

ဘိုးတော်ဘုရားလက်ထက်တွင် မင်းအဆက်ဆက် တစ်ရံတစ်ဆစ် မဖြစ်ဖူးမြဲသော သံအမြောက်ကြီးတစ်လက်ကို အနှာအဆာ အပေါက်အပြဲမရှိ သွန်းလုပ်နိုင်ခဲ့သည်။ ၎င်းအမြောက်ကို သက္ကရာဇ် ၁၁၆၃ ခုနှစ်တွင် သွန်းလုပ်ပါသည်။ သံတိုသံစများကို သံရည်ကျိုဖို ၂၀၆ ဖိုတွင် ကျိုချက်ကာ ပန်းပဲသမား ၁၆ ယောက်ဖြင့် သွန်းလုပ်ခြင်းဖြစ်သည်။ ထိုစဉ်က သံရည်ကျိုဖိုများမှာ ဇော်ဂျီလက်ထိုးဖို (ဖိုကျင်) များ ဖြစ်ဟန်တူပါသည်။

''သံစင်ချိန်ဝင် ၁၂၈၊ သပြာကျပ်ပေါင် ၁၂၈၀၀'' ဟူသော အမြောက်ပါ စာတန်းအရ သံပိဿာ ၁၂၈ ပိဿာဖြစ်၍ အသပြာကျပ်ငွေပေါင်း ၁၂၈၀၀ ကုန်ကျကြောင်း သိရ၏။ သံတစ်ပိဿာလျှင် ငွေတစ်ရာတန်ကြေး ရှိလေသလောဟု တွေးဆဖွယ်ရာ ရှိပါသည်။

မန္တလေးတက္ကသိုလ် အနုပညာပြတိုက်ရှိ ၎င်းသံအမြောက်တွင် အကြောင်းစုံကို ဤသို့ စာတန်းထိုးကမ္ပည်းတင်ထားကြောင်း လေ့လာတွေ့ရှိရသည်။

''သကရာဇ် ၁၁၆၅ ခု၊ နယုန်လ အမရပူရ ရွှေပြည်ကြီးချောပြီပွတ်တင် သံစင်ချိန်ဝင် ၁၂၈၊ သပြာကျပ်ပေါင် ၁၂၈၀၀



ပြကတေ အရည်ကျို၍ မင်အဆက်ဆက် တရံတဆစ် မဖြစ်ဖူးမြဲ သံအမြောက်ကြီ သွန်လုပ်သည်ကာ သကရာဇ် ၁၁၆၃ ခု ပြာသိုလရထုပေါမ ဆရာ စန္ဒဂုသဟ ၂၉ အံသာ နံနက် ၄ ချက်တီကျော် ၆ နာရီတွင် ၂၀၆ ဖို ကျိုချက်စေ၍ တပဟိုရ်ကျော် ၃ နာရီ ၃ပတ်တွင် ပန်းပဲသမား ၁၆ ယောက် သွန်းစေရ၏။ တစ်နာရီနှင့် နှစ်ပတ်သော ဆင်ဖြူများ သိခင် လက်စကြာသိခင် ဘဝရှင်မင်တြာ၏ ရွှေဖုန်တော်ကြောင့် နတ်များသောင်သာ စောင်မလှာ၍ အနှာအဆာ အပေါက်အပြဲမဟိ ရည်တော်မှုတိုင် ဩင်ခြင်းသိုရောက်စေရသတည်။''

ကုန်းဘောင်ခေတ်နှောင်းသို့ ရောက်သောအခါ မြန်မာတို့သည် နယ်ချဲ့ဗြိတိသျှနှင့် စစ်မက်နှစ်ကြိမ်တွေ့ရပြီးနောက် မိမိဘဝရပ်တည်နေနိုင်ရေးအတွက် ခေတ်မီနိုင်ငံတစ်ခု ဖြစ်လာရန် ကြိုးပမ်းခဲ့ပါသည်။ အထူးသဖြင့် မင်းတုန်းမင်းလက်ထက်တွင် အိမ်ရှေ့စံကနောင်မင်း၏ ဦးဆောင်အားပေးချီးမြှောက်မှုကြောင့် ခေတ်မီစက်ရုံအလုပ်ရုံများ တည်ဆောက်နိုင်ခဲ့သည်။ နိုင်ငံတော်တည်တံ့ရေး၊ ခေတ်မီရေး၊ တိုးတက်ဖွံ့ဖြိုးရေးတို့ကို ရှေ့ရှု၍ စက်ရုံပေါင်း ငါးဆယ်ကျော်ခန့် ထူထောင်ခဲ့သည်ဟု ကုန်းဘောင်ဆက် မဟာရာဇဝင်တွင် ပြဆိုထားသည်။ ၎င်းစက်ရုံပေါင်းများစွာတွင် ခေတ်မီမြန်မာ့သံစက်ရုံ၊ သံရည်ကျိုစက်ရုံများလည်း ပါဝင်လေသည်။

မြန်မာ့သံစက်ရုံမှာ မြို့မန္တလေး၏ အနောက်မျက်နှာ ပုဏ္ဏားကုန်းသုသာန် အနောက်မြောက်ယွန်း လွှစက်ရုံအနီး၌ တည်ခဲ့လေသည်။ ပန်းပဲစက်၊ သတ္တုသွင်းစက်၊ သံရည်ကျိုစက်တို့ကို ပေါင်းစုထားရှိကာ လုပ်ဆောင်ရာ အလုပ်ရုံဖြစ်ပါသည်။ စက်ပစ္စည်းကိရိယာများမှာ ခေတ်မီပစ္စည်း အကောင်းစားများဖြစ်၍ အရည်ကျိုချက်ခြင်း၊ ပုံသွင်းခြင်းလုပ်ငန်းများကို လုပ်ဆောင်ပေးခဲ့သည်။

မြန်မာ့သံရည်ကျိုစက်ရုံကြီးကို စစ်ကိုင်းမြို့ ရွှေတောင်ဦးမော်အရပ်တွင် အုတ်မြစ်ချ တည်ဆောက်ခဲ့ပါသည်။ အုတ်မြစ်ချ အခမ်းအနားကို မဂ္ဂရာမင်းသားကြီးနှင့် ဗန်းမော်အတွင်းဝန်၊ ဘောင်ဝန်တို့ကိုယ်တိုင် ကြီးကြပ်လျက် ကြီးကျယ်ခမ်းနားစွာ ကျင်းပခဲ့ကြောင်း ၁၈၇၄ ခု၊ ဇွန်လ ၁၃ ရက်နေ့ထုတ် မြန်မာ့သံတော်ဆင့် သတင်းစာတွင် ဤသို့ ရေးသားဖော်ပြခဲ့လေသည်။

www.burmeseclassic.com



"အထက် တနင်္ဂနွေ ၂ ပတ် ၃ ပတ်လောက်က စစ်ကိုင်းဘက်တွင် သံဖိုကြီးဆောက်လုပ်ရာ အုတ်မြစ်ချမည်ဆို၍ ဘုန်းတော်ကြီးလှသော ဘုရားသားတော် မက္ကရာမင်းသားနှင့်တကွ ဇနီးမော်အတွင်းဝန်မင်း ဘောင်ဝန်မင်းတို့မှစ၍ မှူးတော်မတ်တော်ကတော်အများတို့ အကြည့်အရှု ထွက်သွားတော်မူ၍ အရပ်ရပ် သေသပ်ကောင်းမွန်စွာ လုံ့လပြု၍ ကြည့်ရှုစစ်ဆေးရန် ရွှေလှေရွှေလောင်းများနှင့် မင်းခမ်းမင်းနား ကြီးကျယ်စွာ ပြုလုပ်ကြလေသည်။"

အထက်ပါ စစ်ကိုင်းသံဖိုစက်ရုံအတွက် အလိုရှိသော ပစ္စည်းကိရိယာများ ဝယ်ယူတင်သွင်းရေး၊ အတတ်ပညာရှင်များ ရယူရေးအတွက် ဒေါက်တာကလေ့မင့်ဝီလျံက တာဝန်ယူခဲ့သည်။ မေတ္တာရိသက်သက် ကူညီခဲ့ခြင်းကားမဟုတ်ပါ။ မြန်မာဘုရင် အစိုးရထံမှ ကျသင့်သော အဖိုးငွေဖြင့် ဝယ်ယူပေးရန် စာချုပ်ခြင်းဖြစ်သည်။ ကလေမင့်ဝီလျံ၏ လိမ်လည်ကောက်ကျစ်မှုကြောင့် လိုအပ်သော စက်ပစ္စည်းကိရိယာများကို အပြည့်အစုံ မရရှိခဲ့သည်သာမက နောက်ထပ်ငွေကြေးများပင် ထပ်ဆောင်းပေးခဲ့ရသေးသည်။

သို့ရာတွင် စက်ပစ္စည်းများလည်း လက်ဝယ်သို့မရောက်၊ ငွေလည်းပြန်မရသဖြင့် မြန်မာဘုရင်အစိုးရက ဤကိစ္စကို ဖြေရှင်းပေးပါရန် နယ်ချဲ့အစိုးရထံ တိုင်တန်းခဲ့သည်။ မဟာဝန်ရှင်တော်မင်းကြီး၏ ဖျန်ဖြေပေးမှုကြောင့် စစ်ကိုင်းသံဖိုစက်ရုံအမှုမှာ ပြီးပြတ်သွားခဲ့သော်လည်း မူရင်းစာချုပ်ပါ စက်ကိရိယာများကို အပြည့်အစုံမရရှိခဲ့ပေ။ ထို့ပြင် သံရည်ကျိုစက် တပ်ဆင်ပေးရန် ခေါ်ယူထားသော နိုင်ငံခြားသားများမှာလည်း နယ်ချဲ့သူလျှိုများဖြစ်သဖြင့် မြန်မာတို့နှင့် အမှုအခင်း အကျယ်အပွား ဖြစ်ခဲ့ရသည်။ ဤသို့ အနှောင့်အယှက် ပယောဂအမျိုးမျိုးကြောင့် မြန်မာ့သံဖိုစက်ရုံမှာ ငွေကုန်ကြေးကျများပြီး အကျိုးမဖြစ်ထွန်းဘဲ ရှိခဲ့လေသည်။

မြန်မာဘုရင်အစိုးရ၏ ရည်သန်ချက်မှာ သံဖိုစက်ရုံထူထောင်၍ ပြည်တွင်းအတတ်ပညာရှင်များနှင့် ကြိုးပမ်းလုပ်ကိုင်ရန် ဖြစ်ပါသည်။ ထို့ကြောင့်ပင် သံရည်ကျိုချက်ခြင်း နည်းပညာရပ်များ လေ့လာရန်အတွက် နိုင်ငံခြားသို့ မြန်မာပညာတော်သင်များကို စေလွှတ်ခဲ့ခြင်းဖြစ်သည်။ မည်သို့ဆိုစေ စစ်ကိုင်းသံဖိုစက်ရုံကြီး လုံးဝမလည်ပတ်နိုင်ခဲ့သော်လည်း မြန်မာ့



လက်နက်စက်ရုံ၊ သံစက်ရုံများမှ သံရည်ကျိုစက်များမှာ လက်နက်ကိရိယာကုန်ထုတ်လုပ်မှုအတွက် တစ်အင်တစ်အား ဖြစ်စေခဲ့ပါသည်။ ဤအကြောင်းကို ရွှေနန်းသုံးဝေါဟာရအဘိဓာန် ၂၄၃ တွင် အောက်ပါအတိုင်း တွေ့ရသည်။

"အမြောက်လက်နက်လုပ်ဆောင်သည့် ငှင်းစက်ရုံတော်ကြီးအတွင်း မြေပုံလုပ်သည့်ဌာန၊ ထို့ပြင် ပွတ်စက်၊ ရွှေဘော်စက်၊ ဖောက်စူးစက် အမျိုးမျိုးများနှင့် သံရည်ကျိုစက် ဟန်ဘီးအကြီးအကျယ်နှင့်တကွ မီးအိုးကြီး၌ မီးတံခါးတပ်ဆင်လျက် ပြည့်စုံစွာရှိသည့်အတိုင်း ယမ်းတောင့်ထိုး အမြောက်အမျိုးမျိုး၊ ရေမြုပ်အမျိုးမျိုးကို ကောင်းမွန်စွာ လုပ်ဆောင်နိုင်သည်။"

အချုပ်ဆိုရသော် မြန်မာ့သံရည်ကျိုစက် ကုန်ထုတ်လုပ်ငန်းများသည် ရှေးမဆွကပင် ရိုးရာနည်းပညာများဖြင့် ပွင့်လင်းခဲ့ပါသည်။ ရတနာပုံခေတ်တွင် မြန်မာ့သံရည်ကျိုလုပ်ငန်းကို ခေတ်မီစက်မှုလုပ်ငန်းတစ်ခုအဖြစ် ထူထောင်ရန် ကြိုးပမ်းခဲ့သော်လည်း နယ်ချဲ့တို့၏ နှောင့်ယှက်ဟန့်တားမှု၊ နယ်ချဲ့သူလျှိုတို့၏ လိမ်လည်ကောက်ကျစ်မှုများကြောင့် အထမမြောက်ခဲ့ချေ။ တတိယအင်္ဂလိပ် မြန်မာစစ်ပွဲအပြီးတွင်မူ မြန်မာ့သံဖိုစက်ရုံကြီး၏ လက်စလက်နများမှာ နယ်ချဲ့ဗြိတိသျှတို့၏ ကိစ္စတုံး ဖျောက်ဖျက်ခြင်းကို ခံခဲ့ရလေသည်။

အကယ်၍သာ နယ်ချဲ့တို့၏ အန္တရာယ်စက်ကွင်းမှ လွတ်ကင်းခဲ့ပါမူ မြန်မာ့သံရည်ကျို ကုန်ထုတ်လုပ်ငန်းမှာ ယခုအချိန်တွင် နိုင်ငံတော်အတွက် အားထားဖွယ်ရာ မောင်းနှင်အားတစ်ခု ဖြစ်နေမည်မှာ အမှန်ပင်ဖြစ်လေသည်။

## ခေါင်းလောင်းစာမင်လိမ့်ကူးလုပ်ငန်း

ခေါင်းလောင်းကိုယ်ထည်ပေါ်မှ ကမ္ပည်းစာကို ရေးကူးရာတွင် ခေတ်အရေးဖြင့် ရေးကူးကြပြီး မူရင်းအရေးအသား အက္ခရာစာလုံးများ၏ ပုံသဏ္ဌာန်ကို ရှေးခေတ်အတိုင်း ရစေရန်အတွက်ကိုမူ မင်လိမ့်ကူးလုပ်ငန်း (RUBBING) ဖြင့် ကူးယူရပါသည်။

အလျဉ်းသင့်၍ မင်လိမ့်ကူးလုပ်ငန်းအကြောင်းကို ဖော်ပြပါမည်။

ခေါင်းလောင်းစာမင်လိမ့်ကူးရန်အတွက် မိုင်းကိုင်စက္ကူ ဘရပ်ရှ်

www.burmeseclassic.com

www.burmeseclassic.com



(BRUSH) အနုစား၊ စက်လှိမ့်မင်နှင့် တလိမ့်တုံးတစ်လက် လိုအပ်ပါသည်။ မင်လှိမ့်ကူးရန်အတွက် ရှေးဦးစွာ မိုင်းကိုင်စက္ကူကို ခေါက်ချိုးစုလုံး၍ ရေဆွတ်ပြီး ညှစ်ရသည်။ ထို့နောက် မူလစာရွက်သားအတိုင်း ရရှိအောင် စိတ်ရှည်ရှည်ဖြင့် ဖြန့်ရသည်။ အစိုဓာတ်ကြောင့် အလွယ်တကူ ပေါက်ပြဲခြင်းရှိနိုင်သဖြင့် မပေါက်ပြဲစေရန် ဂရုတစိုက် ဖြန့်ခွာရသည်။

ရေစိုမိုင်းကိုင်စက္ကူကို မူရင်းအတိုင်း ဖြန့်ခွာပြီးသောအခါ ခေါင်းလောင်းတစ်ခုလုံး၏ အထက်မှအောက်သို့တိုင် ပတ်ရစ်ပေးရသည်။ ခေါင်းလောင်းတစ်ခုလုံးအတွက် မိုင်းကိုင်စက္ကူတစ်ရွက်နှင့် မလုံလောက်ဘဲ အနည်းဆုံး လေးငါးရွက်ခန့် သုံးစွဲရလေသည်။

၎င်းမိုင်းကိုင်စက္ကူစိုတစ်ရွက် ကပ်ပြီးတိုင်း ဘရပ်ရှ်အနုစားဖြင့် အပေါ်မှ တစ်ချက်ချင်း ခပ်သာသာ ခပ်ဖြည်းဖြည်း နေရာအနှံ့ရိုက်ပေးရသည်။ ရိုက်ရာတွင် လက်ဆလက်န မှန်ကန်ဖို့လိုပါသည်။ ဖိအားဖြင့် ရိုက်ချက်ပြင်းလွန်းပါက စက္ကူစုတ်ပြဲပေါက်ပြတ်တတ်ပြီး၊ ရိုက်ချက်အား ပျော့ပါက စာလုံးအထင်နည်းမည် ဖြစ်လေသည်။ ဤသို့ ရိုက်ပေးမှုကြောင့် မိုင်းကိုင်စက္ကူပါကော်စေးတစ်မျိုးက ခေါင်းလောင်းတွင် အလိုလိုကပ်ပြီးသား ဖြစ်သွားလေသည်။

စာသားနေရာတွင် မူလကြေးကွင်းအနက်အတိုင်း စက္ကူစ ဝင်သဖြင့် မိုင်းကိုင်စက္ကူ ခြောက်သွေ့သွားသောအခါ စာလုံးပုံများပေါ်လာပါသည်။ တစ်ချိန်တည်းမှာပင် (GESTENER) စက်လှိမ့်မင်ကို လှိမ့်ခုံငယ်တွင် တင်၍ လက်ကိုင်ရာ ဆာတလိမ့်ဖြင့် ပြတ်သီကာမျှ တို့ယူလှိမ့်ပွတ်ပြီး တစ်ဖန် ခေါင်းလောင်းကိုယ်ထည်ပေါ်သို့ အကြိမ်ကြိမ်လှိမ့်ပေးရလေသည်။

ကျောက်စာကဲ့သို့ အတွင်းဖောက်နက်၍ မျက်နှာပြင်ကြမ်းလျှင် တလိမ့်ဖြင့် မလှိမ့်ရပါ။ မိန်းမသုံးပစ္စည်းဖြစ်သော တို့ပတ်ပုံသဏ္ဍာန်အတွင်းမှ ဂွမ်းစပါသည့် အဝတ်ထုပ်ကို မင်သုတ်၍ ရိုက်ပေးရသည်။ မင်များပါက မင်သီး၍ စာလုံးများ ဝါးသွားနိုင်သဖြင့် မင်ပွတ်ရာတွင် ဂရုစိုက်ရသည်။

အတန်ကြာခြောက်သွေ့အောင်ထား၍ မိုင်းကိုင်စက္ကူကို သင့်တော်မည့်နေရာမှ ကတ်ကြေး သို့မဟုတ် စားငယ်ဖြင့် အထက်အောက် ဒေါင်လိုက်လိုးဖြတ်ကာ ခွာယူလိုက်လျှင် မူရင်းခေါင်းလောင်းစာကို မူရင်းအက္ခရာပုံများအတိုင်း ကူးလှိမ့်ယူပြီး ဖြစ်လေသည်။



၎င်းလုပ်ငန်းပြီးသောအခါ ခေါင်းလောင်းစာကို ခေတ်အက္ခရာ အရေးအသားဖြင့် လှယ်ဖတ်ကူးယူရသည်။ မူရင်းအတိုင်း ကူးယူနိုင်ပါက ပို၍ကောင်းမွန်လှပါသည်။ ခေါင်းလောင်းစာ ရေးကူးရာတွင် (ကြောင်းရေ) အလိုက် ထည့်တပ် ရေးကူးခြင်းသည် အမှန်ကန်ဆုံးနည်း ဖြစ်လေသည်။

တစ်ဖန် ခေါင်းလောင်း၏ အတိုင်းအတာတို့ကို အပေါ်အဝန်း၊ အောက်နှုတ်ခမ်းအဝန်း၊ အမြင့်၊ ထု၊ နှုတ်ခမ်းဝ အချင်းစသည်တို့ကို ပေကြိုးဖြင့် တိုင်းထွာမှတ်သားပြုစုရ၏။ ခေါင်းလောင်းနှင့် ပုစွန်တုပ်ကွေး၊ ပေါင်းကိုင်း၊ ဝင်ရိုးချိတ်တို့မှာ တန်ဆာဆင်ခြယ်လှယ်သော အပြောက်အမွှမ်းတစ်ခုစီကို ဓာတ်ပုံရိုက်ယူခြင်း ပြုရလေသည်။

ဤကား (RUBBING) ခေါင်းလောင်းစာမင်လှိမ့်ကူးခြင်း လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်မှုများပင် ဖြစ်လေသည်။

## တိလောကခေါင်းလောင်းစာ

မုံရွေးတိလောကဘုရား ရင်ပြင်တွင် လှူဒါန်းချိတ်ဆွဲခဲ့သော ခေါင်းလောင်းဖြစ်၍ တိလောကခေါင်းလောင်းစာဟု အမည်တွင်ပါသည်။ ကောင်းမှုကုသိုလ်ရှင်မှာ မုံရွေး လက်ဝဲသုန္ဒရအမတ်ကြီး ဖြစ်သည်။ ငယ်မည်မှာ ''ဦးနေ'' ဖြစ်ကြောင်း မုံရွေးရာဇဝင်တွင် ပါရှိသည်။

အမတ်ကြီးသည် မိဘရပ်ရွာဖြစ်သော မုံရွေး၌ ကိုယ်စားတော်ကျောင်းကြီး ဆောက်လှူပါအံ့ဟူသော ရည်ကြံချက်အတိုင်း ကလျာဏဦးရွှေကျောင်းတော်ကို သက္ကရာဇ် ၁၁၂၀ ပြည့်နှစ် တန်ဆောင်မုန်းလဆုတ် ၁၁ ရက်တွင် ဆောက်လုပ်ခဲ့သည်။ သက္ကရာဇ် ၁၁၂၃ ခုနှစ်တွင် တိလောကစေတီကို တည်ထားကိုးကွယ်ခဲ့ပြီး ကြေးချိန် ၂၀၀ စီးသော ခေါင်းလောင်းတော်တစ်လုံးကို ၁၁၂၇ ခုနှစ် တပို့တွဲလပြည့်နေ့တွင် သွန်းလုပ်လှူဒါန်းခဲ့သည်။ ၎င်းခေါင်းလောင်းတော်ကား တိလောကခေါင်းလောင်းတော် ဖြစ်လေသည်။

တိလောကခေါင်းလောင်းတော်ကို ပျက်စီးယိုယွင်းမည် စိုးရိမ်တော်မူသော မုံရွေးဇေတဝန်ဆရာတော် အရှင်အရိယာဝံသ အာဒိစ္စရံသီမထေရ်က သက္ကရာဇ် ၁၁၉၀ ပြည့်တွင် မုံရွေးဇေတဝန်ရွှေကျောင်းသို့ ပြောင်းရွှေ့ဆောင့်ရှောက်ထားခဲ့၏။ ခေါင်းလောင်းတွင် လက်ရေးမိုင်းနှင့် ခေါင်းလောင်းစာ

www.burmeseclassic.com

www.burmeseclassic.com



ခုနစ်ကြောင်းကို အသစ်ရေးထိုးမှတ်တမ်းပြုခဲ့သည်။ ဤခေါင်းလောင်းစာအရ အမတ်ကြီး၏ ဘွဲ့မည်ရည်နှင့် ကုန်းဘောင်ဆက်သမိုင်းများကို သိရှိရသဖြင့် မြန်မာစာပေသမိုင်းအတွက် အဖိုးတန် အသုံးဝင်သော ခေါင်းလောင်းစာတစ်ခု ဖြစ်သည်ဟု ဆိုနိုင်လေသည်။

မုံရွေးဆရာတော် အရှင်အာဒိစ္စဝံသ အသစ်ရေးထိုးပြီး ဆရာတော် ဦးဥတ္တမဗုဒ္ဓိ စောင့်ရှောက်ထားသော တိလောက ခေါင်းလောင်းစာမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

> "နမောတဿ၊ အလောင်းမင်းတြားကြီး လက်ထက် လက်ဝဲသုန္ဒရ၊ လက်ဝဲနော်ရထာ၊ သားတော် အိမ်ရှေ့မင်းတြားလက်ထက် စည်သူကျော်ထင်၊ နန္ဒသူရကျော်ထင်၊ ညီတော် ဆင်ဖြူရှင်လက်ထက် နေမျိုးသီရိ ဇေယျကျော်ထင်၊ နေမျိုးမဟာကျော်ထင်၊ နေမျိုးသခ်ယာ ကျော်ထင်၊ စဥ့်ကူးမင်းလက်ထက် မင်းကြီးကျော်ထင်၊ အမရပူရမြို့တည် မင်းတြားကြီးလက်ထက်၊ မင်းကြီး မဟာသီဟသူရ၊ ဟံသာဝတီရောက်မင်းလက်ထက် ရန္တကျော်စွာ၊ ပျံချီကျော်ထင်နှင့် သော် အရှင်ရွှေဘွဲ့ တစ်ဆယ့်တစ်ကြိမ်ရှိသော အမတ်ကြီးသို့ သက္ကရာဇ် ၁၁၂၀ ပြည့် တန်ဆောင်းမုန်းလဆွတ် ၁၁ တနင်္ဂနွေနေ့ ကလျာဏီရွှေကျောင်းကို ဆောက်သို့။ တန်ခူလဆွတ် ၇ ရက် ၄ နေ့ တိလောကစေတီ တိုသို့။ သက္ကရာဇ် ၁၁၂၇ ခု တပို့တွဲ လပြည်နေ့ ကြေးအချိန် ၂ ရာ ရှိသော ခေါင်းလောင်းကြီးကို သွန်း၍ တိလောကစေတီ ဘုရားရှင်မှာ ဆွဲထားသည်။ ဣန္ဒာဝိရောဟိလင်္ကာရ သီရိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု မုံရွေးဇေတဝန် ဆရာတော် အရိယာဝံသ အာဒိစ္စရံသီ ပုဂ္ဂိုလ်တော်မြတ်က ဃဘောဒက စောရဥပဒ် ဝိပတ္တိသဖြင့် ၁၁၉၀ ပြည့် ဝါဆိုလပြည့် နေ့ ၅ တေးနေ့ ဇေတဝန်ရွှေကျောင်းတော်သို့ ပြောင်းရသည့် တိလောက စေတီဘုရားရှင် ခေါင်းလောင်းတော် ဖြစ်သည်။
>
> ခေါင်းလောင်းဒါယကာအမတ်ကြီးမှာ ၁၀၈၅ ခုဘွားဖြစ်သည်။ ၁၁၅၃ အနိစ္စဖြစ်သည်။ ၁၁၂၅ ဇေတဝန်ကျောင်းတိုက်တိုသို့။ ။"
>
> အောက်ဆုံးစာပိုဒ်မှာ ဆရာတော် ဦးဥတ္တမဗုဒ္ဓိက ဖြည့်စွက်ရေးထိုး



ထားခြင်း ဖြစ်သည်။ မူလထိုးခေါင်းလောင်းစာမဟုတ်ဘဲ ဆင့်ထိုးခေါင်းလောင်းစာ ဖြစ်သည်။ ခေါင်းလောင်းစာအရ အမတ်ကြီးသည် ၁၀၈၅ ခုဖွားဖြစ်ကြောင်း သိရ၏။ ဤအချက် မှန်ကန်ကြောင်းကို ဝေါဟာရလီနတ္ထဒီပနီ ၃၂၇ တွင် ဤသို့ ဖော်ပြပါရှိလေသည်။

> "သက္ကရာဇ် ၉၂၈ ခု တာဝန်း ၃၄၀၀ ရှိသော ဟံသာဝတီမြို့ကြီးကို တည်ထောင်တော်မူပြီးနောက် 'ရာဇဓမ္မသိ' ချီ ဟံသာဝတီမြို့ ဘွဲ့ရတုကို စပ်ဆိုရာတွင် ဆင်ဖြူများရှင် မင်းတရားကြီးအား ရတော်မူ၍ နဝဒေးဘွဲ့ သနားတော်မူကြောင်းကို ၁၀၈၅ ခုဖွား ပညာရှိ အတွင်းဝန်မင်း လက်ဝဲနော်ရထာ စီရင်သော နိဂုံးအဖြေစာတမ်းတွင် ဆိုသည်။ ။"

တိလောကခေါင်းလောင်းစာသည် မြန်မာစာပေသမိုင်းတွင် အငြင်းပွားလျက်ရှိကြသော ကုန်းဘောင်ခေတ်စာဆို (လက်ဝဲသုန္ဒရ) နှစ်ဦး နာမည်တူ ပြဿနာကို ဖြေရှင်းပေးနိုင်ခဲ့သော ခေါင်းလောင်းစာတစ်ခုဖြစ်၏။

တိလောကခေါင်းလောင်းစာအလိုအရ လက်ဝဲသုန္ဒရအမတ်ကြီးမှာ မုံရွေးရွာသားဖြစ်သည်။ အလောင်းမင်းတရား လက်ထက်တွင် လက်ဝဲသုန္ဒရ၊ လက်ဝဲနော်ရထာဘွဲ့၊ နောင်တော်ကြီးမင်းလက်ထက်တွင် နေမျိုးသီရိဇေယျကျော်ထင်၊ နေမျိုးမဟာကျော်ထင်ဘွဲ့၊ စဥ့်ကူးမင်းလက်ထက်၌ မင်းကြီးကျော်ထင် အမရပူရမြို့တည် မင်းတရားလက်ထက်၌ မင်းကြီးမဟာသီဟသူရ၊ ဟံသာဝတီရောက်မင်းလက်ထက်၌ ရန္တကျော်စွာ၊ ပျံချီကျော်ထင်ဘွဲ့ ပေါင်းသော် မင်းပေးဘွဲ့ ၁၁ မည်ရကြောင်းသိရ၏။ စင်စစ် မုံရွေးလက်ဝဲသုန္ဒရအမတ်ကြီးမှာ ပညာရှိအမတ် အတွင်းဝန် ဝန်ကြီးဖြစ်သည်။

မုံရွေးလက်ဝဲသုန္ဒရနှင့် ခေတ်ပြိုင်လက်ဝဲသုန္ဒရဘွဲ့မည်ခံ စာဆိုတစ်ဦးမှာ မန်ကျည်းတုံဇာတိဖြစ်၍ ငယ်မည်မှာ မောင်မြတ်စံဟု ခေါ်တွင်သည်။ နောက်တော်ပါမြင်းစီးရိုးဖြစ်၍ အကြီးစာရေး၊ တရားသူကြီးအဖြစ် အမှုတော်ထမ်းရွက်ခဲ့သည်။ မုံရွေးဇာတိဦးနေကို သက္ကရာဇ် ၁၁၁၉ ခု ဝါဆိုလဆန်း ၁၄ ရက်တွင် လက်ဝဲနော်ရထာဘွဲ့ ချီးမြှင့်ပြီးနောက်မှ မန်ကျည်းတုံရွာဇာတိ မောင်မြတ်စံက လက်ဝဲသုန္ဒရဘွဲ့ကို ရရှိခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သက္ကရာဇ် ၁၁၂၆ ခုနှစ်၊ ဆင်ဖြူရှင်မင်းလက်ထက်တွင် အတွင်းအပြင် သွေးသောက်ဖွဲ့ရာ မုံရွေးလက်ဝဲသုန္ဒရဘွဲ့မည်ရ အတွင်းဝန် နေမျိုးသီရိဇေယျကျော်ထင်သည် နေမျိုးသခ်ယာ သွေးသောက်စုတွင်လည်းကောင်း၊ မန်ကျည်းတုံ လက်ဝဲသုန္ဒရမှာ ဘယရန္တမိတ်ဘွဲ့နှင့် မိမိဦးစီးသော သွေးသောက်တပ်ဖွဲ့တွင်လည်းကောင်း၊ တစ်ပြိုင်နက် ပါဝင်အမှုတော် ထမ်းခဲ့ကြသည်။ မန်ကျည်းတုံ လက်ဝဲသုန္ဒရမှာ ဘယရန္တမိတ်ဘွဲ့မည်ကို မဲဇာမှ ပြန်အရောက်တွင် ရရှိခြင်းဖြစ်သည်။ ၎င်း၏ မဲဇာတောင်ခြေရတုသည် အလွန်ထင်ရှားလေသည်။

မန်ကျည်းတုံ လက်ဝဲသုန္ဒရ၏ မင်းပေးဘွဲ့ မည်ရည်များမှာ ဝိနန္ဒယပကာသနီ ဓမ္မသတ် လင်္ကာကျမ်းစာ နိဂုံးအရ "လက်ဝဲသုန္ဒရ၊ ဘွဲ့ဦးကသည်၊ ဘယရန္တမိတ်၊ ဝန်ထိတ်ကျော်ညာ မည်သာဆင့်ကဲ၊ လက်ဝဲနန္ဒမိတ်၊ မတ်ပဏ္ဍိတ်" ဟူ၍လည်းကောင်း၊ သေနင်္ဂဗျူဟာပျို့တွင် "လက်ဝဲသုန္ဒရ၊ ဘွဲ့ဦးကကို၊ ဘယရန္တမိတ်၊ ကျော်ထိတ်လျှံဝေ၊ သရေသခ်ယာ၊ မည်သာထူးကဲ၊ လက်ဝဲဘိနန်သူ၊ ရွှန်းရွှန်းလူမျှ၊ ဗမ္မာညွန့်ပုံ၊ ရွှေဘွဲ့သံဖြင့်၊ ကျော်ညံလျှံပတ်၊ စာဆိုမတ်" ဟူ၍လည်းကောင်း တွေ့ရ၏။

ဤသို့ ခေတ်ပြိုင်ထွန်းကားခဲ့သော ရှေးမြန်မာစာဆိုနှစ်ဦး၏ နာမည်တူပြဿနာကို ရှင်းလင်းပေးနိုင်ခဲ့သည်မှာ ကုန်းဘောင်ခေတ်ထိုး တိလောကခေါင်းလောင်းစာ၏ အကျိုးကျေးဇူးပင် ဖြစ်လေတော့သည်။

## ရှင်မတောင်ဘုရားခေါင်းလောင်းစာ

စာရေးသူ ရှာဖွေတွေ့ရှိထားသမျှ ကုန်းဘောင်ခေတ် ခေါင်းလောင်းစာများအနက် အခြားတစ်ခုမှာ ရှင်မတောင်ဘုရားခေါင်းလောင်းစာဖြစ်သည်။

မကွေးတိုင်း၊ ရေစကြိုမြို့နယ်၊ ပခန်းကြီးစည်သူရှင်ဘုရား၏ အရှေ့ဘက် စောင်းတန်းမှအတက် ဘုရားရင်ပြင်ပေါ် လက်ဝဲဘက်တွင် အုတ်တိုင်ဖြင့် တင်လှူထားသော ခေါင်းလောင်းတစ်လုံးဖြစ်သည်။ လွန်ခဲ့သော နှစ် ၂၀ ခန့်က အရှေ့ဘက် စောင်းတန်းအထက် လက်ယာဘက် ရေအိုးစင်အနီးတွင် သစ်သားတိုင်ဖြင့်ထားသော ခေါင်းလောင်းတော်တစ်လုံးလည်း ဖြစ်ပါသည်။ ယင်းခေါင်းလောင်းတော်သည် ကုန်းဘောင်ခေတ်ဦးတွင် တင်လှူခဲ့သော ရှေးဟောင်းကမ္ပည်းစာပါ သမိုင်းအထောက်အထားတစ်ခု ဖြစ်ပေသည်။



၎င်းခေါင်းလောင်းတော်၏ အထက်ဆင့်မှသည် အောက်ရှိ ခေါင်းလောင်းနားတိုင်အောင် ကမ္ပည်းစာများ ရေးထိုးထားသည်ကို တွေ့ရ၏။ ခေါင်းလောင်းစာများမှာ စကားပြေ သို့မဟုတ် လင်္ကာချည်းသက်သက် ရေးထိုးထားခြင်း မဟုတ်ပေ။ လင်္ကာစကားပြေ နှစ်ထွေရော၍ ရေးထိုးမှတ်တမ်းပြုထားကြောင်း လေ့လာရမိသည်။ ကနဦးစတွင် (ဇေယျတုနမတ္ထုမော၊ ဘဂဝတော၊ ဓမ္မသ သုဂတော) အစချီ ပါဠိဂါထာဖြင့် တန်ဆာဆင် ရေးဖွဲ့ထားသည်။ ၎င်းနောက် ခေါင်းလောင်းတော် ဒါယကာ၏ မိခင်ဖခင်ကို ချီးကျူးဖွဲ့ဆိုသော အမွှမ်းစာကိုယ်ကို တွေ့ရပါသည်။ ခေါင်းလောင်းစာတွင် -

> "အောင်မြေလောကဘုရား၊ အာသောကရာမတိုက် ရတနာဘုံစံကျောင်းတော်ကြီးမှစ၍ ဇမ္ဗူဒိပ်မြေအပြင်၌ များစွာသော ကူကျောင်း၊ တန်ဆောင်းဓမ္မအိမ် သိမ်ပြာသာဒ် စုလစ်မွမ်းချွန်တို့ဖြင့် တင့်တယ်ခြင်းတည်းဟူသော လောကီလောကုတ္တရာ ဂုဏ်ကျေးဇူးတို့ဖြင့် အစုံနေလထွန်းတောက်ပကဲ့သို့ ဖြစ်စေတော်မူပြီး ..."

ဟု ကမ္ပည်းစာတင်သောကြောင့် ခေါင်းလောင်းတော် ဒါယကာ၏ ဖခင်ဖြစ်သူမှာ အောင်မြေလောကဘုရား၊ အာသောကရာမတိုက် အလှူတော်ရှင် အမရပူရ ပထမမြို့နန်းတည် ဘိုးတော် (ဗဒုံ)၊ မင်းတရားကြီးဖြစ်ကြောင်း သိသာနိုင်လေသည်။ မိခင်မှာ သန္တိစော်ဘွား၏ ရင်နှစ်သည်းချာ သမီးရတနာ ဖြစ်လေသည်။ ဘိုးတော်မင်းတရားသည် သိန္နီစော်ဘွား ဆက်သလာသော သမီးကညာအား (သီရိသုဓမ္မာဒေဝီ) ဟူသော ဘွဲ့နာမံခတ်လျက် မြောက်ရွှေရေးဆောင် မိဖုရားအရာထားကာ မြှောက်စားခဲ့သည်။ အမြင့်မြို့၊ လှိုင်းတက်မြို့၊ ကမ္မမြို့များကိုလည်း အပိုင်းစား ပေးသနားခဲ့လေသည်။

ဦးမြင့်ကြည်၏ မြန်မာတေးဂီတ အနုစာပေသမိုင်းစာအုပ်တွင် ဘိုးတော်ဘုရားမြှောက်စားခဲ့သော မြောက်ရွှေရေးဆောင် မိဖုရားကို ဘကြီးတော် စစ်ကိုင်းမင်းသား၏ နှမတော်ဖြစ်သူ ယင်းတိုက်သူ၊ လှိုင်းတက်အမြင့်နှင့် ကမ္မမြို့များကို စားရသည့် **ရှင်ဝက်** ဟု ပြဆိုပါသည်။ ဘွဲ့မည်ရည်ကိုလည်း (သီရိ မဟာသုဓမ္မာဒေဝီ) ဟု ပြဆိုထားကြောင်း တွေ့ရပါသည်။

ထိုမင်းမိဖုရားနှစ်ပါးတို့ ပေါင်းဖက်ရာတွင် မဏိဇောတ ပဏ္ဍိုး

www.burmeseclassic.com

www.burmeseclassic.com



ရတနာနှင့်တူသော သားတော်မြတ်ကို ရသတည်းဟု ခေါင်းလောင်းစာတွင် ပြဆိုပါသည်။ သားတော်၏ ငယ်နာမည်မှာ မောင်ဘဲကြီး ဖြစ်သည်။ မြန်မာ သက္ကရာဇ် ၁၁၄၅ ခုနှစ်တွင် ဖွားမြင်ကြောင်း သိရ၏။ ပုခက်တင်သည်နှင့် မြန်အောင်မြို့ကို အပိုင်စားပေးသနားခဲ့ရသောကြောင့် မြန်အောင်မင်းသားဟု ကနဦး အမည်တွင်ခဲ့ပါသည်။ နောင်အခါတွင် မောင်ဘကြီးကို (သတိုး မင်းထင်ကျော်ခေါင်) ဘွဲ့မည်ပေး၍ မြန်အောင်မြို့နှင့်လဲကာ ပခန်းကြီးမြို့ကို စားစေခဲ့သည်။ အသက်ဆယ်နှစ်အရွယ်တွင် (မဟာဓမ္မရာဇာ) ဟူသော ဘွဲ့ မည်ဆင့်လျက် ရွှေစလွယ် တစ်ဆယ့်ငါးသွယ်ရ လွှတ်တက်မင်းသားကြီး အဆင့်သို့ တိုးမြှင့်သူကောင်း ပြုခဲ့ပါသည်။ ကုန်းဘောင်ဆက် မဟာရာဇဝင် ဒုတိယတွဲ၌မူ မြန်အောင်မြို့စားမင်းသား၏ ဘွဲ့အမည်ကို (သတိုးမင်းရဲ ကျော်ခေါင်) ဟု ပြဆိုပါသည်။ ထိုအကြောင်းနှင့် ပတ်သက်၍ ခေါင်းလောင်း စာတွင် ဤသို့ ရေးထိုးမှတ်တမ်းပြုကြောင်း လေ့လာမိသည်။

> "မန္တလေးပြည့်ရှင်၊ လွန်ကြင်မြတ်နိုး၊ မျက်ရှုပျိုးသား သတိုး မင်းထင်ကျော်ခေါင်၊ မြန်အောင်မြို့စား၊ ရှေးဦးထားလျက်၊ ပညာ တကာ၊ တတ်စရာသော ၊ အဌာရသ၊ သိပ္ပမျိုးတို့၌ တစ်ခုမကျန်၊ တတ်ကျေပွန်လျက်၊ နေနတ်နရ၊ သာတိရပာ၊ မဟာသတိုး မင်းမျိုး မင်းနွယ်တို့၏ အညွန့် အဆက်ဆက်လက်ခံကာ အရောင်အဝါ မင်္ဂလာ ကျက်သရေ ဩဘာအောင်ပဂိတ်၊ နိမိတ်ညွှန့်လန်း၊ လနှယ်ဆန်း၍၊ ပခန်းကြီးမြို့တဆန်၊ ထပ်ပြန်တိုးပွားစားရသတည်း။ "

မယ်တော် သီရိသုမင်္ဂလာဒေဝီနှင့် သားတော်ဖြစ်သူ ပခန်းကြီးမြို့စား သတိုးမင်းထင်ကျော်ခေါင်တို့သည် သရက္ခန်အစစ် မွေတော်အနှစ် ကိန်းဝပ် စံပယ်ရာ ရှင်မတောင်ဘုရားကို ပြုပြင်မွမ်းမံခဲ့သည်။ ရှင်မတောင်ဘုရားမှာ ပခန်းကြီးမြို့ အနောက်တူရူတာ ၃၀၀၀ ကျော်ကွာဝေးသော ရှင်မတောင် တောင်ဘက်တွင် တည်ရှိပါသည်။ ရှင်မတောင် ဘုရားကိုပြုပြင်ရာ၌ ထီးချရား သီးကသည် ဖိနပ်တော်အထိ လုံးတော်ပြည့် ရွှေချပါသည်။ စေတီတော်၏ သမံတလင်း မြေအပြင်၌လည်း သပြာကျပ်ချိန် တစ်သိန်းမကသော အုတ် ကျောက်သစ်ဖိုး ကံကျွေးလက်ခ ရွှေငွေသတ္တုဖြင့် ဘုံခုနစ်ဆင့်ရှိသော ဇရပ် ပြာသာဒ်တော်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။







သက္ကရာဇ် ၁၁၅၀ ပြည့်နှစ် တတန်းပါ ပခန်းကြီး စည်သူရှင်ဘုရားရှိ ရှင်မတောင် ခေါင်းလောင်း (ပခန်းမင်းသားကြီး၏ကောင်းမှု)

www.burmeseclassic.com

www.burmeseclassic.com



မြန်မာသက္ကရာဇ် ၁၁၅၀ ပြည့်နှစ်တွင် စေတီတော်ဘုရားဦး၌ ကုသိုလ်တော် အစဉ်ဖြစ်ပွားစိမ့်သောငှာ၊ ကြေးစင် ၁၅၀၀၀ အကိန်းရှိသော ခေါင်းလောင်းကြီးနှင့်တကွ ပရိက္ခရာရှစ်ပါး၊ ဆွမ်းဘောအဉ်၊ မရေမတွက်နိုင်သော ပစ္စည်း ပရိက်ဒါတဗ္ဗဝတ္ထုတို့ဖြင့် သားမယ်တော်နှစ်ပါးတို့သည် သံသရာအတွင်း ဆင်းရဲကင်း၍ အဆုံးစွန်၌ နိဗ္ဗာန်ရွှေပြည်ရောက်လိုသောဟု ဆုပန်တော်မူလျက် ရွှေကရားဖြင့် ရေစက်သွန်း၍ လှူဒါန်းတော်မူခဲ့သည်။

ခေါင်းလောင်းစာအလိုအရ အသက် ၅ နှစ်အရွယ်တွင် ပခန်းကြီးမြို့ကို အပိုင်စားရပါသည်။ (သားမယ်တော်နှစ်ပါး) ဟုဆိုသဖြင့် အိမ်ထောင်ဖက် မရှိသေးပါ။ သက္ကရာဇ် ၁၁၅၅ ခုနှစ် မြေးတော်စစ်ကိုင်းမင်း၏ သျှောင်ထုံးနားတွင်း မင်္ဂလာသဘင်တွင် အဆောင်အရွက်များစွာဖြင့် ချီးမြှင့်မြှောက်စားခဲ့ပြီး (မဟာဓမ္မရာဇာ) ဘွဲ့မည်ချည်လျက် လွှတ်တက်မင်းကြီးအဆင့် သူကောင်းပြုခံရပါသည်။ အရွယ်တော် သင့်သောအခါ ဘိုးတော်ဘုရားနှင့် ဟံသာဝတီပါ အင်းဝမင်း၏ မြေးတော် (သီရိသု ရတနာဒေဝီ) တို့မှမြင်သည့် (သီရိရတနာဒေဝီ) ဘွဲ့ခံသော ပခုက္ကူမင်းသမီးနှင့်အကြောင်း သင့်ပါသည်။

သို့ရာတွင် "သက္ကရာဇ် ၁၁၆၀ ခုတွင် ပခန်းမင်းသား သတိုးမင်းရဲကျော်ခေါင်ကို ရွှေကူမင်းသမီးနှင့် စုံဖက်ရာတွင် တက်ဖြိုးလျှံဝေချီ မင်္ဂလာလက်ထပ်ရတုကိုဆက်၏" ဟု ဝက်မစွတ်မြို့စား နဝဒေးပြဆိုကြောင်း တွေ့ရသည်။ ဝက်မစွတ်မြို့စားသည် ပခန်းမင်းသားကြီး၏ ကျွန်တော်ရင်းဖြစ်ပြီး မိတ္တီလာကန်တော်သည် ပြုပြင်သောကျောက်စာ ရေးကိုရေးသားသီကုံးခဲ့သူဖြစ်၏။

စာရေးတော်ကြီး ဦးရာကျော်၏ မြန်မာမဟာမင်္ဂလာမင်းစံတော် စာမျက်နှာ ၂၂၈ တွင် "သမီးတော် ရွှေဂူမင်းသမီး ဥပ္ပလဝတီမှာ ၁၁၄၄ ခုဖွား။ သားတော် ပခန်းမင်းသားနှင့် စုံဘက်တော်မူသည်။ ၁၁၇၁ ခုနှစ်ကံကုန်သည်။ အမည်ရင်း ရှင်မင်းစစ်ဖြစ်သည်။" ဟု တိကျခိုင်မာစွာ ဖော်ပြထားပေသည်။

တစ်ခါသော် ခမည်းတော် (ဗဒုံ) မင်းတရားကြီး မျက်တော်မူ၍ အညာသစ်တောသို့ အပို့ခံရရာ (အောင်မြေသာစံ) ပတ်ပျိုးကို ရေးသားဆက်သွင်းသည်တွင် အမျက်တော်ပြေ၍ နေပြည်တော်သို့ ပြန်ခေါ်ခြင်းခံရပေသည်။ ပခန်းမင်းသားကြီးသည် တေးကဗျာသီချင်း ရေးစပ်ရာ၌ ဝါသနာ



ထုံခဲ့ပြီး ပတ်ပျိုးသီချင်းခံ ၅ ပုဒ်ကို ရေးသားခဲ့ကြောင်း သိရ၏။ ပခန်းမင်းသားကြီး စပ်ဆိုခဲ့သော ကြိုးသီချင်းများမှာ...

| | |
|---|---|
| (၁) သင်းရရင်းကြိုင် | ချီကြိုး |
| (၂) ဘုန်းအကြီးဆုံးပတ်သီချင်းခံ | ချီ ထူးမခြားနားအလိုက် |
| (၃) ပတ်ကြာဝတ်မှုံ | ချီသီချင်းခံကြီး |
| (၄) အောဝ်ဖေယျာစည် | ချီဘုန်းဘွဲ့ပတ်ပျိုး |
| (၅) အောင်မြေသာစံ | ချီပတ်ပျိုး |

တို့ဖြစ်လေသည်။ အောင်မြေသာစံပတ်ပျိုးမှာ စကားလုံးအဆင်တန်ဆာ သိမ်မွေ့ပြီး ကျစ်လစ်သိပ်သည်း လှပပေသည်။ ၎င်းပတ်ပျိုးကို ရေးသားဆက်သွင်းသောကြောင့် မင်းမျက်သင့်ဒဏ်ကို ရုပ်၍ နေပြည်တော်သို့ ပြန်လည်ခေါ်ယူသူကောင်းပြုခြင်း ခံခဲ့ရပါသည်။ အချို့သုတေသီများက အောင်မြေသာစံပတ်ပျိုးကို (ပြင်စည်မင်းသားကြီး) စပ်ဆိုသီကုံးသည်ဟု ဆိုလေသည်။

ပခန်းမင်းသားကြီးအား ခမည်းတော်မင်းတရားကြီး မျက်တော်မူ၍ မြစ်ညာသစ်တောဆိုသည်ကား တစ်ကျွန်းပို့ဒဏ်ပေးခြင်းပင် ဖြစ်ပေသည်။ တောကြီးတောင်ကြီး လူသူမနီးဖြစ်လျက် ငှက်ဖျားရောဂါလည်း ထူပြောသော အရပ်ဖြစ်သောကြောင့် သေဒဏ်ပေးသည်နှင့် မခြားဖြစ်ချေသည်။ ဤကဲ့သို့ နေပြည်တော်နှင့်မနီး၊ တောကြီးအတွင်း၌ သေမင်းနှင့် မျက်နှာချင်းဆိုင်ရသော်လည်း တုန်လှုပ်ချောက်ချားခြင်းမရှိ ပကတိ တည်ငြိမ်သောစိတ်ဖြင့် အောင်မြေသာစံပတ်ပျိုးကို စီကုံးဖွဲ့ဆိုနိုင်ပေသည်။

ရွှေပြည်တော် မျှော်တိုင်းဝေးခဲ့ရသည့် ပခန်းမင်းသားကြီး၏ ကောင်းမှုတော် ခေါင်းလောင်းသည် မူလအစက ရှင်မတောင်ဘုရားတွင် ရှိခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ယခုအခါ ပခန်းကြီးမြို့စည်သူရှင်ဘုရားရင်ပြင်ပေါ်သို့ ရောက်ရှိနေခြင်း ဖြစ်ပါသည်။ ကြေးစင်ပိဿာ ၁၅၀ ရှိသော ရှင်မတောင်ဘုရား ခေါင်းလောင်းတော်တွင် အမွှမ်းအပြောက် ခြယ်လှယ်မှုနည်းပါးသည်။ ကွင်းချိတ်တွင် ခြသေ့်နှစ်ကောင်ခံလျက်ထား၏။ ၎င်းအောက်တွင် ကြာမှောက်နှစ်တန်း ပတ်လည်ခံလျက်ထား၏။ ခေါင်းလောင်းတော်သည် အရပ် (၂'.၆") အဝအကျယ် (၃'.၈")၊ ထု (၂ ၁/၈) ရှိကြောင်း တွေ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းလောင်းစာပါ လက်ရေးလက်သားမှာ ဝိုင်းစက်သေသပ်သည်။ သတ်ပုံသတ်ညွှန်းမှန်ကန်မှု ရှိသည်။ အချို့သောနေရာများတွင် ခေါင်းလောင်းထိုးတံနှင့် ကြိမ်ဖန်များစွာ ရိုက်ခတ်မိသောကြောင့် စာသားများ မှေးမှိန်ကွယ်ပျောက်နေ၏။

ခေါင်းလောင်းစာတွင် ကျေးဇူးရှင်မွေးမိခင်နှင့်တကွ ဝေနေယျသတ္တဝါအပေါင်းတို့အား၊ ပတ္တိဒါနအမျှဝေကြောင်းကို ရိုးစင်းသော ဆုတောင်းဟန်ဖြင့် ရေးကြောင်း တွေ့ရ၏။ ခေါင်းလောင်းစာတင်သော ကမ္ပည်းတင်နှစ်မှာ သက္ကရာဇ် ၁၁၅၀ ပြည့်နှစ် ကဆုန်လဖြစ်သည်။ ကမ္ပည်းစာနိဂုံးတွင် (ထက်အောက်ကျော်လျှံ၊ ခေါင်းလောင်းသံဖြင့်၊ ခြေင်သာမှု၊ အနုမောဒနာ ပြုစိမ့်ငှာလျှင်၊ ကောဇာသက္ကရာဇ်၊ ငါးဆယ်နှစ်တွင်၊ ပြိသ္သပေါ်ထွန်း၊ ကြေးစာသွန်းသည်၊ မော်ကွန်းရွှေစာသမိုင်းတည်း) ဟု ဖော်ပြခဲ့လေသည်။

ခေါင်းလောင်းတော် ဒါယကာ ပခန်းမင်းသားကြီးသည် သက္ကရာဇ် ၁၁၇၃ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်နေ့တွင် ကွယ်လွန်ခဲ့ကြောင်း၊ ကုန်းဘောင်ဆက်ရာဇဝင်တွင် ဖော်ပြထားကြောင်း တွေ့ရပါသည်။ သက်တော်နုနယ်ပျိုမျစ်သော အရွယ်တွင် ကွယ်လွန်ခဲ့သဖြင့် အကြွေစော၍ နမြောဖွယ်ရာဟု ဆိုရမည် ဖြစ်ပေတော့သည်။ ။

## ဗားကရားခေါင်းလောင်းစာ

ကုန်းဘောင်ခေတ် ခေါင်းလောင်းများအနက် နောက်ထပ်တင်ပြလိုသော ခေါင်းလောင်းမှာ ဗားကရားဆရာတော်၏ ခေါင်းလောင်းတော်ဖြစ်ပါသည်။

သာသနာပိုင် ဗားကရားဆရာတော်သည် ဇာတိရင်းဖြစ်သော မြိုင်ရွာအရပ်၌လည်း **ရွှေမြင်တင်** စေတီတော်မြတ်တွင် ကြေးစင် ၁၆၁ ပိဿာရှိသည့် ခေါင်းလောင်းတစ်လုံးကို လှူဒါန်းကောင်းမှုပါသည်။ ခေါင်းလောင်းတော်ကို လှူဒါန်းဆွဲတင်ခဲ့ရာတွင် "မီးကျီ လုံကျီ၊ ရွှေနီမင်းစံ၊ ပုစွန်တို့ဖြင့် လုံးပေါက်တော်ပြည့် မွမ်းမံတော်ခြင်း၊ အဘို့အတိုင်း မသိထိုက်သော ပဒေသာပင်၊ ကြေးစင် ၁၆၁ ရှိသော ခေါင်းလောင်းကြီးနှင့်တကွ ဖန်သားမှန်သား၊ ရွှေသားကျောက်မျက်၊ ဘို **အနုဂ်** တို့ဖြင့် စီခက်ခြယ်လှယ်အပ်သော သလွန်တော်၊ သပိတ်တော်၊ ကန္တကဒဏ်ထီးတို့ဖြင့် ပူဇော်တော်မူ" ရာ၌ ရွှေမြင်တင်စေတီတော်မြတ်အား လှူဒါန်းကောင်းမှုပြုခဲ့ခြင်း ဖြစ်သည်။





သက္ကရာဇ် - ၁၂၀၃ ခုနှစ်တွင် သွန်းလုပ် ရိုက်လှူခဲ့သော
မြိုင်မြို့ ရွှေမြင်တင်ဘုရား ခေါင်းလောင်း

ဒုတိယဗားကရားသာသနာပိုင်၏ ကောင်းမှုတော်ခေါင်းလောင်းမှာ မြိုင်မြို့၊ ရွှေမြင်တင်စေတီတော်၏ အထက်ပစ္စယံ အနောက်မြောက်ထောင့်တွင် တွေ့ရှိရ၏။ ခေါင်းလောင်းတော် နှစ်လုံးရှိသည့်အနက် မြောက်ဘက်မှ ခေါင်းလောင်းဖြစ်သည်။

သာသနာပိုင် ဗားကရားဆရာတော်၏ ကောင်းမှုလှူဒါန်းသော ခေါင်းလောင်းတွင် ကမ္ပည်းမှတ်တမ်း ရေးထိုးထားသော စာကြောင်းများကို ဤသို့ တွေ့ရှိရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"စိရံ တိဋ္ဌတု သဒ္ဓမ္မော။ ။ မြတ်စွာဘုရား သာသနာတော် ၂၃၂၆ ခုနှစ်၊ သက္ကရာဇ် ၁၁၄၄ ခု အလွန်တွင် ဘုရင်တကာတို့၏ အဓိပတိဖြစ်တော်မူသော ဘိုးတော်ဘုရားသည် သားတော်အစဉ် မြေးတော်အဆက် မြစ်တော်အညွန့် အဓွန့်ရှည်စွာ တည်စေခြင်းငှာ သိုက်လာဓာတ်ရ ထာဝရ ကိန်းခန်းကိုစိတ်လျက် ဗျာဒိတ်တော်ပန်မြတ် အတိုင်း မဏ္ဍလေးတောင်၏ လက်ယာမြေမျက်နှာတွင် ဖန်စီရင်အပ်သော သုနာပရန္တ၊ တမ္ဗဒီပစသော တိုင်းကြီးပြည်ကြီးတို့၏ ခွန်သွင်း ဆက်ပို့ရာ မဟာအမရပူရ ရွှေမြို့တော်ကြီး၏ ဒုတိယ ၂ ကြိမ်မြောက် တည်ထောင်ထပ်မံ စံနေတော်မူသော ကုန်းဘောင်ဘုရင် ဆဒ္ဒန်ဆင်မင်း ဘဝသျှင် မင်းတရားကြီး၏ သားတော်နန်းလျာ ဥပရာအလောင်းသည် ကောင်းသော အကြောင်းအကျိုးကိုပြု၍ ဆုမွန်စေခြင်းငှာ ကာရန်း ၃ ရာရှိသော ဗားကရားတိုက်တော်ကို ဝတ္တုကံ မိုးမြေနှင့်တကွ လှူတော်မူ၍ ပူဇော်ကိုးကွယ်အပ်သော လဇ္ဇီပေသလ သိက္ခကာမ သီလသမာဓိ ပရိယတ္တိ ဝိသာရဒစသော ဂုဏ်နှင့်ပြည့်စုံသော ၆ရာမ ကသော တပည့်သံဃာတို့၏ ဆရာ ဂဏာစရိယ ဂဏပါမောက္ခ ဂိုဏ်းအကြီးအမှူး ဖြစ်တော်မူသော ပညာဇောတာဘိဓဇ မဟာဓမ္မရာဇာ ဓိရာဇဂုရုဟူသော တံဆိပ်နာမံတော်၏တည်ရာ ဗားကရားဆရာ သည် မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်၏အကျိုးငှာ ပရိနိဗ္ဗာန်လွန်ပြီးသော မြတ်စွာ ဘုရား၏ ၄ပါး ဓါစေတီတော်တို့၌ ကွက်ကျုံးဝင်သောစေတီအား သက်တော်ထင်ရှား ဘုရားရှင်ကဲ့သို့ မှတ်ပြီးလျှင် သဒ္ဒါဒါနအလှူကို ရည်ညွှန်း၍ သွန်းလုပ်အပ်သော အဝန်ဝံ ဒွါ၊ အစောက် ၂၊ အဝ ၁်.၄ ကြေးချိန် ၁၀၀၆၀၁ ပိဿာရှိသော ခေါင်းလောင်းဃနတူရိယာ ကို သာသနာတော် ၂၃၈၅ ခုနှစ် သက္ကရာဇ် ၁၂၀၃ ခုတွင် တင်လှူ ပါ၏။ ဤသို့ လှူရမြတ်ပုညကြောင့် ရာဂဒေါသစသည် မီးလျှံငြိမ်းရာ မှန်သည့် နိဗ္ဗာန်ရွှေမြို့ ရောက်စေသောဝ်။ ။ "

ခေါင်းလောင်းတော်ကို လှူဒါန်းချိတ်ဆွဲသော သက္ကရာဇ်မှာ မြန်မာ သက္ကရာဇ် ၁၂၀၃ ခု၊ သာယာဝတီမင်းလက်ထက်တွင် ဖြစ်ပါသည်။ ခေါင်း လောင်းတော်၏ အလေးချိန်မှာ ၁၀၀၆၀ပါဟု ပြဆိုထား၏။ စင်စစ် တစ်ရာ



တစ်ရပ်၊ ခြောက်ဆယ်တစ်ရပ်၊ တစ်ပိဿာတစ်ရပ် စုစုပေါင်း (၁၀၀+၆၀+၁) တစ်ရာခြောက်ဆယ့်တစ်ပိဿာလျှင် ဖြစ်ပါသည်။ ခေါင်းလောင်းတော်၏ အတိုင်းအတာမှာ အဝန်း သုံးထောင်ကွာ၊ ဇောက် နှစ်တောင်၊ အဝ တစ်တောင်နှင့် လေးသစ်ရှိကြောင်း သိရ၏။ ခေါင်းလောင်း ဃဏ္ဍာတူရိယာကို သဒ္ဒါဒါန အလှူအဖြစ် ရည်ညွှန်း၍ တင်လှူသည်ဟုဆိုလေသည်။

ခေါင်းလောင်းစာတွင် မန္တလေးကို (မဏ္ဍလေး) ဟူသော ရေးထုံးနှင့် ကမ္ပည်းတင်ထားချက်မှာ စိတ်ဝင်စားဖွယ်ရာ ဖြစ်သည်။ (မဏ္ဍလေး) ဟူသော သုံးနှုန်းမှုကို ပြည်စုန်မင်း မဟာသီဟသူရ ထိုးမှတ်သည့် မန္တလေးမြို့ မင်းတဲ အရပ်ရှိ ရတနာမဥ္ဇူဘုရားကျောက်စာတွင်လည်း မုဒ္ဒဇ (ဏ)ကြီး၌ (ဍ) သံ ကောက်အဆွဲနှင့် (မဏ္ဍလေး) ဟု ရေးထိုးကြောင်း တွေ့ရ၏။

ခေါင်းလောင်း ဒါယကာ ဗားကရားဆရာတော်မှာ အမရပူရ ဒုတိယ မြို့တည် နန်းတည် သာယာဝတီမင်း၏ သားတော် နန်းလျာဥပရာဇာလောင်း ဖြစ်သူ ပုဂံမင်းသား၏ ငယ်ဆရာ ဖြစ်ပါသည်။ ပုဂံမင်းသားသည် အိမ်ရှေ့ ဥပရာဇာဘဝကပင် မိမိ၏ ငယ်ဆရာအား ကာရန်း ၃၀၀ ရှိသော ဗားကရား တိုက်တော်ကို ဝတ္တုကံမိုးမြေနှင့်တကွ တင်လှူ၍ ပူဇော်ကိုးကွယ်ခဲ့၏။ ထိုစဉ် ကပင် ဗားကရားဆရာတော်သည် သာယာဝတီမင်း ချီးမြှင့်အပ်နှင်းသော (ပညာဇောတာဘိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု) ဘွဲ့တော်ကို ရရှိခဲ့ပါသည်။ ဗားကရားတိုက်တော်ရှိ ၆၀၀ မကသော ရဟန်းသံဃာတို့၏ ဂိုဏ်းဆရာလည်း ဖြစ်ခဲ့သည်။

ဖခင်ဖြစ်သူ သာယာဝတီမင်း နာမကျန်းဖြစ်ချိန်တွင် သားတော် အိမ်ရှေ့စံ ပုဂံမင်းသားသည် အိမ်ရှေ့အိမ်တော်ဝင်းအတွင်းသို့ ပြောင်းရွှေ့ စံတော်မူသည်။ မိမိ၏ငယ်ဆရာရင်းဖြစ်သူ ဗားကရားဆရာတော်ကိုလည်း နိုင်ငံတော်အတွင်းရှိ ရဟန်းသံဃာတော်တို့တွင် ဝိနည်း၊ ဓမ္မကံတရားနှင့်အညီ စီရင်ဆုံးမပိုင်ခွင့် ပေးအပ်၍ သံဃာရာဇာဓိပတိဖြစ်သဖြင့် သာသနာပိုင်အပ်ခဲ့ လေသည်။

ပုဂံမင်း နန်းတက်သောအခါ အိမ်ရှေ့စံဘဝက ရည်ကြိတော်မူသည့် အတိုင်း မိမိ၏ ငယ်ဆရာရင်းဖြစ်သူအတွက် ဗားကရားကျောင်းတိုက်တော်ကို အသစ်ပြင်ဆင်တည်ထား ဆောက်လုပ်ကာ လှူဒါန်းခဲ့သည်။ ဤအကြောင်းကို

www.burmeseclassic.com

ကုန်းဘောင်ဆက်မဟာရာဇဝင် တတိယတွဲ၊ စာမျက်နှာ ၆၉ တွင် ဤသို့ မှတ်တမ်းပြုထားကြောင်း တွေ့ရသည်။

"သက္ကရာဇ် ၁၂၁၀ ခု တန်ခူးလဆန်း ၁၅ ရက်နေ့ ဗားကရား တိုက်တွင် မင်းအဆက်ဆက် မဆောက်မလုပ်ဖူးသော အထူးအဆန်း အပြောက်အမွမ်းတို့ဖြင့် နှစ်ကာလအရှည် လုပ်ဆောင်သော စံကျောင်းတော်၊ ကျောင်းဦးပြာသာဒ်နှင့်တကွ ဘုံလေးဆင့် နောက်ဆောင်ပါ မဟာရံတံတိုင်းမီးတား၊ အရံကျောင်း လေးဆယ့်ရှစ်နှင့်တကွ ပြီးပြေသည်ကို ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရား စစ်အင်္ဂါလေးပါး ခမ်းနားကြီးကျယ်စွာ ထွက်တော်မူပြီး ကွက်တော်မူ၍ တိုက်တော်အမည်မှာ (မဟာဝိဇယရာမတိုက်)၊ ကျောင်းတော်အမည်မှာ (မဟာဝေယံတုံသာ)ကမ္ပည်းတပ်ပြီးလျှင် သာသနာပြု ဗားကရား ဆရာတော်ကို (ပညာဓောတာဘိ သီရိပဝရဝိဇယာ လင်္ကာရ မမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇာဂုရု) ×× အား တင်လှူတော်မူသည်။"

အထက်ပါအချက်များကို ထောက်ဆလျှင် ခေါင်းလောင်းတော် လှူဒါန်း၍ ကမ္ပည်းစာရေးမှတ်သော အချိန်ကာလသည် ဘုရင်သာယာဝတီမင်း လက်ထက်ဖြစ်ကြောင်း သိရ၏။ ထိုစဉ်က ဗားကရားဆရာတော်မှာ သာသနာပိုင် မဖြစ်သေးပါ။ သို့သော် ပုဂံမင်းလက်ထက်သို့ရောက်မှ သာသနာပိုင် ဆရာတော်ဖြစ်လာကြောင်း ထင်ရှားလေသည်။ ၎င်းဗားကရာသာသနာပိုင် ဆရာတော်ဘုရားကြီးသည် ပုဂံမင်း၏ ညီတော် မင်းတုန်းမင်းတရား လက်ထက်သို့ရောက်မှ ဘဝနတ်ထံ ပျံလွန်ခဲ့သည်ဟု လေ့လာရမိသည်။

ခေါင်းလောင်းတော်တွင် အောက်နှုတ်ခမ်းအထက်၌ အမျိုးသမီး ကချေသည်များ၏ ရုပ်ပုံများ ပတ်လည်တွင် ပါရှိသည်။ အမျိုးသမီးများတွင် ဒိုဘီပုံခါးစည်း၊ အဝတ်များပတ်ရစ်ထားသည်ကို တွေ့ရ၏။ ညောင်ရမ်းခေတ် လက်ရာ နှယ်သည်ဟု ထင်ပါသည်။ ခေါင်းလောင်းအပေါ် လည်ရစ်အောက်၌ ကြာမှောက်သုံးတန်း၊ ၎င်းကို ပုတီးစေ့ကြား စံကာအောက်မှ ကပ်လျက်အရစ်တွင် အမျိုးသားကချေသည်ပုံများ ပတ်ပတ်လည် ထုဆစ်ပုံဖော်ထားလေသည်။

ခေါင်းလောင်းတော်၏ အတိုင်းအတာများမှာ အမြင့် (၁ပေ ၈ ၁/၂



လက်မ)၊ အပေါ်ဝန်း (၃ပေ ၁/၂ လက်မ)၊ အောက်အဝန်း (၅ပေ ၁/၂ လက်မ)၊ အပြင်အချင်း (၁ပေ၇ ၁/၂ လက်မ) အတွင်းအချင်း (၁ပေ ၃ ၁/၂ လက်မ) ဖြစ်ကြောင်း တွေ့ရသည်။

## ရွှေချက်သိုစေတီ ခေါင်းလောင်းစာ

ရွှေဘိုမြို့ ရွှေချက်သိုစေတီ အရှေ့ဘက်ရှိခေါင်းလောင်းနှစ်လုံးအနက် မြောက်ဘက်ခေါင်းလောင်း ဖြစ်သည်။ ခေါင်းလောင်း၏ ကောင်းမှုတော် အလှူရှင်မှာ ပြည်ကြီး တိုင်းကြီးတို့ကို အစိုးရသော၊ တစ်ရာ့တစ်ပါးသော လူမျိုးတို့ကို အစိုးရသော ရတနာသိင်္ဃရွှေမြို့တော် ပထမနန်းတည်မြို့တည် ဖြစ်သည့် အလောင်းမင်းတရားကြီး၏ မိဖုရားခေါင်ကြီး ဖြစ်လေသည်။ ဦးရီးတော် စည်ပုတ္တရာ ရွှေကာတစ်ထောင်မှူး၊ မင်းသီရိရန္တဇ၏ သမီးတော်ဖြစ်ပြီး သက္ကရာဇ် ၁၀၇၅ ခုနှစ် ဖွားမြင်တော်မူခဲ့သူဖြစ်၏။ အလောင်းတရားမင်းကြီး နန်းတက်စိုးစံ သက္ကရာဇ် ၁၁၁၅ ခုနှစ်တွင် ငယ်မည်တော် မယ်ယွန်းစံကို မိဖုရားခေါင်းကြီးအား မဟာမင်္ဂလာရတနာဝိပတိ သီရိရာဇာစန္ဒာဒေဝီဟု တောင်ညာမဟေသီ အမည်ခံတော်မူရခြင်းဖြစ်သည် ရတနာသိင်္ဃမြို့ အောင်မြေဘုံသာ ကျောင်းတော်ကြီး၊ ရတနာပူရမြို့ ဘုံသာတုလွတ်ကျောင်းတော်ကြီး၏ အလှူတော်ရှင် ဒါယိကာမလည်း ဖြစ်သည်။

ရွှေချက်သိုစေတီ ခေါင်းလောင်းတော်စာတွင် မြန်မာသက္ကရာဇ် (အဋ္ဌဒွေကေကေ) ဟု သင်္ချာန်အရ ဖော်ပြသဖြင့် သက္ကရာဇ်ကို အပြန်ယူသော် ၁၁၂၈ ခုနှစ်ဖြစ်ကြောင်း တွေ့ရသည်။ လအလိုအားဖြင့် တော်သလင်းလ ဖြစ်ပြီး လဆန်း ၆ ရက် အင်္ဂါနေ့ဖြစ်သည်ဟု သိရ၏။ (ဣမံ ဃဏ္ဍံ သာခု) သံမွမ်းထုံသော ဆိတ်ညံသောင်းသောင်း ဤခေါင်းလောင်းတော်ကို (ဗဟုလောဟေန၊ မျှာမြောင်လှစွာ၊ သုံးရာမက၊ လောဟဖြူလွှင်၊ ပေါင်ကြေစင်) ဖြင့် သွန်းလောင်းအောင်မြင်ပါသည်။ ခေါင်းလောင်းကို ပဉ္စလောဟာဖြင့် သွန်းလောင်းပြီး ကြေးစင်ချိန် ၃၀၀ မကရှိကြောင်း တွေ့ရသည်။

ထို့ကြောင့် သက္ကရာဇ် ၁၁၂၈ ခုနှစ် တော်သလင်လဆန်း ၆ ရက် အင်္ဂါနေ့တွင် အလောင်းမင်းတရားကြီး၏ တောင်ညာစံ အဂ္ဂမဟေသီဖြစ်သူ မိဖုရားခေါင်ကြီးက အချိန် ၃၀၀ရှိ ပဉ္စလောဟာ ကြေးသွန်းအစုစုဖြင့် ကောင်းမှုတော် လှူဒါန်းခဲ့ခြင်း ဖြစ်လေသည်။

www.burmeseclassic.com



ရွှေချက်သိုစေတီတော် ခေါင်းလောင်း၏ အထက်ဖောင်းရစ်တွင် (သဗ္ဗရာဇဒွေဒွေကေကေ) ဟုစပြီး (သုခိဘဝန္တုဇန္တုနော) ဟူသော ပါဠိတော် စာချည်းသပ်သပ် ခွဲခြား၍ ရေးထိုးထား၏။ ခေါင်းလောင်းစာကို စကားပြေ သက်သက်မဟုတ်မူဘဲ ပါဠိနှင့်မြန်မာ နှစ်ဘာသာကို တစ်ပိုဒ်ချင်းစီ တွဲစပ် စီကုံးရေးသားထားကြောင်း တွေ့ရပါသည်။ ဝေါဟာရစကားလုံး အကျ အပေါက်မရှိတော့သလောက် တွေ့ရ၏။

ခေါင်းလောင်းတော် ကုသိုလ်ရှင် အလှူဒါယိကာမကြီးသည် အပေါင်း သူတော်ကောင်းတို့ ကျင့်ကောင်းသဘောရှိသော ဃဏ္ဍာဒါနေနစ သဒ္ဒမည်သိ ဝေးနီးနှံ့ကြောင်း မြတ်ခေါင်းလောင်းကို လှူသောကောင်းမှုကြောင့်လည်း ကောင်း၊ စေတီတော်မြတ်ကို မြင့်မြတ်ကြီးကျယ် အံ့ဖွယ်ပေလောက် ချီးမြှောက် ရသော ကုသိုလ်မှုကြောင့်လည်းကောင်း၊ ဤနှစ်ဌာန ဝသောအကျိုးကြောင့် အားအစ ဤခေါင်းလောင်းတော်ကို လှူဒါန်းခဲ့ကြောင်း တွေ့ရပါသည်။

အလှူရှင်သည် အလှူပြုပြီးနောက် အမျှဝေခြင်း၊ ဆုတောင်းခြင်းများ ကိုလည်း ပြုခဲ့ပါသည်။ ဆုတောင်းမှုတွင်...

"ဤဌာနမှစ၍ ဖြစ်လေရာရာ သံသရာဘဝဟူသမျှ၌ အခါ ခပ်သိမ်း ချမ်းသာသော ကိုယ်စိတ်ရှိသည်သာလျှင် ဖြစ်ရလို၏။ ရန်သူ ဖြစ်ကုန်သော အခြေမရှိသော သတ္တဝါတို့သည်လည်းကောင်း အခြေ လေးခုရှိသော သတ္တဝါတို့သည်လည်းကောင်း၊ အခြေနှစ်ခုရှိသော သတ္တဝါတို့သည်လည်းကောင်း၊ အခြေများစွာရှိသော သတ္တဝါတို့သည် လည်းကောင်း ငါ၏ သာသနံ သီတင်းစကားကို ကြားကုန်၍ အရပ်မှ နေလျှင် ပြေစေကုန်သတည်း" ဟု ရှေးဦးဆန္ဒကို ပြုခဲ့လေသည်။

အမျှဝေရာတွင် "သူအပေါင်းတို့ကို ဒဏ်မပေးသဖြင့်လည်း ကောင်း၊ ဓားလက်နက်မရှိသဖြင့်လည်းကောင်း၊ နာအင်္ဂါလေးပါး ရှိသော တရားနှင့်ညီသဖြင့်လည်းကောင်း၊ ကောင်းစွာ ဆုံးမနိုင်ပါ လို၏။ မြင့်မြတ်သာယာသော အင်္ဂါနှင့် ပြည့်စုံသောစကားဖြင့် အလွန် တင့်တယ်သည်ဖြစ်၍ အကြင်မျှလောက်သော ကြားစေခြင်း အလိုရှိ သည်ဖြစ်၏။ ထိုမျှလောက် အသံကြားနှံ့စိမ့်သောငှာ စွမ်းနိုင်သည် ဖြစ်ရလို၏။ ဘဝကြီးငယ်၌ ယုတ်မာသောအမျိုး၌လည်းကောင်း၊



အပါယ်လေးပါး၌လည်းကောင်း၊ တစ်ရံတစ်ဆစ်မျှ မဖြစ်ရလို။ ယုတ် မာသော မိစ္ဆာဒိဋ္ဌိတို့ကိုလည်းကောင်း၊ မကောင်းသော အဆွေခင်ပွန်း တို့ကိုလည်းကောင်း မမှီဝဲလို။ ။" ဟူ၍ မှတ်တမ်းတင် ကမ္ဗည်း ရေးထိုးခဲ့လေသည်။

ထိုသို့ အမျှဝေပုံကို ကြည့်ခြင်းအားဖြင့် အလှူရှင်သည် သဗ္ဗအလုံးစုံ သော သတ္တဝါ ပြည့်ရှင်မှအစ မိဘဆွေရင်း ညာတကာထိ မေတ္တာထား၍ အမျိုးအနွယ်ကို ချီးမြှင့်တတ်သူ စေတနာတရား လွှမ်းကဲကြောင်း ရှိပုံကို တွေ့ရပါသည်။ ခေါင်းလောင်းတော် အလှူရှင်၏ ဆုတောင်းအမျှဝေမှုကို

"နတ်ပြဟ္မာနှင့်တကွကုန်သော ခပ်သိမ်းသော လူသုံးပါးကို လည်းကောင်း၊ သားတော်အပေါင်း သမီးရတနာတို့နှင့်တကွ ပြည်ကြီး သခင် ကျေးဇူးရှင်ဖြစ်တော်မူသော အလောင်းမင်းတရားကြီးသည် လည်းကောင်း၊ သားတော်ဖျင်ညီ သမီးရတနာနှင့်တကွသော အကျွန်ုပ် တို့၏ ပြည့်လျှံအကျိုး တက်တိုးစေတတ်၊ မြတ်သောဝတ္ထု ဤကောင်းမှု ကို ညီစွာအမျှ ပဝေင့၏။ ရပါစေကုန်သတည်း" ဟူ၍ သာဓုမောဒနာ မှတ်တမ်းတင်ခဲ့ပေသည်။

## ပြည်ရွှေဆံတော် ခေါင်းလောင်းစာ

ကုန်းဘောင်ခေတ်ဦးတွင် ကမ္ဗည်းစာရေးထိုးသော ခေါင်းလောင်းတော် တစ်လုံးကို ပြည်မြို့၊ ရွှေဆံတော်ဘုရားရင်ပြင်တော်ရှိ ရင်ပြင်၌ တွေ့ရပါသည်။ ခေါင်းလောင်းတော် အမှတ် ၄ ဟု ဖော်ပြပါသည်။

အဆိုပါ ခေါင်းလောင်းတော်၏ အလှူရှင်သည် မိမိ၏ သခင်ရင်း မင်းတရားဖြစ်တော်မူသော သရေခေတ္တရာပြည်ကြီးအား အစိုးရသည့် ပြည်မင်း တရားကြီးကို ဦးစီးခေါင်ချုပ် အမှူးပြုကာ ခေါင်းလောင်းသွန်းခဲ့ကြောင်း ဖော်ပြပါသည်။

ပြည်မင်းတရားသည် အမရပူရ ပထမမြို့တည်နန်းတည် ဘိုးတော် (ဗဒုံ) မင်းတရား၏ သားတော်ဖြစ်ပြီး (သီရိမဟာဓမ္မရာဇာ) ဘွဲ့နာမခံတော်မူ ရသူဖြစ်သည်။ ပြည်မြို့၊ နိဗ္ဗာန်ကျွန်းဦး စေတီတော် ဒါယကာဖြစ်သူ ပြည်မင်း

www.burmeseclassic.com

www.burmeseclassic.com



တရားသည် သက္ကရာဇ် ၁၁၂၇ ခုနှစ်တွင် ဖွားမြင်ပြီး ရှေးဦးစွာ စကုမြို့ကို ကံကျေးခံရသည်။ ရွှေတိုက်ဝန် သမီး ရှင်မင်းဦးနှင့် စုံဖက်တော်မူပြီး နောက်တွင် (သီရိမဟာ ရတနာ မလ္လာဒေဝီ) ဘွဲ့ခံရ မြေဒူးမင်းသီးနှင့် လက်ဆက်ခံရသည်။

ခေါင်းလောင်းတော် ကုသိုလ်အလှူရှင်မှာ ပြည်မင်းတရား၏ ကျေးကျွန်တော်ရင်းဖြစ်သူ သရေခေတ္တရာမြို့ မြို့အုပ်ခေါင်း မောင်မြတ်ကြီးနှင့် ဇနီးမောင်နှံတို့ဖြစ်သည်။ မြန်မာသက္ကရာဇ် ၁၁၅၆ ခုနှစ် ဝါဆိုလဆန်း ၈ ရက်၊ တနင်္ဂနွေနေ့တွင် ခေါင်းလောင်းတော်ကို သွန်းချိတ်ဆွဲတင်ခဲ့ခြင်းဖြစ်သည်။ အစဉ်မပြတ် သဒ္ဒါန ဖြစ်စေခြင်းအကျိုးငှာ (ကြေးစင်အချိန် အသပြာ ၉၀၀၀ ကို ငွေစင်အသပြာ ၅၄၀ လက်ခံ ကံကျေးပေး၍ သွန်းလုပ်အပ်သော) ဟူသော ကမ္ပည်းစာအရ ခေါင်းလောင်းတော်မှာ ကြေးချိန် ၉၀ ပိဿာရှိကြောင်း တွေ့ရသည်။ ကြေးသွန်းအဖိုးလက်ခငွေမှာ အသပြာ ၅၄၀ ကျပ် ရှိ၏။

ကုသိုလ်အလှူရှင်သည် သရေခေတ္တရာမြို့တော်အရပ်ဝယ် ရှေးမင်းတို့ တည်ထောင်ပြုစုခဲ့သော ရှေးဟောင်းစေတီတွင် ခေါင်းလောင်းတော်ကို ချိတ်ဆွဲလှူဒါန်းခဲ့ခြင်း ဖြစ်သည်။ အလှူရှင်သည် မိမိကုသိုလ်တော် ခေါင်းလောင်းတော်ကို ပြည်မြို့ မည်သည့်အရပ်ရှိသော ဘုရားစေတီတွင် သွန်းလုပ်ချိတ်ဆွဲခဲ့ကြောင်း အတိအကျ မဖော်ပြခဲ့ပေ။ ရှေးမင်းတို့ တည်ထားပြုစုခဲ့သော ဘုရားသခင်ဓာတ်တော် ရုပ်ပွားဆင်းတုတော်တို့၏ ကိန်းဝပ်ရာစေတီတော် ပြိုပျက်ယိုယွင်းခဲ့သောကြောင့် အုတ်အင်္ဂတေဖြင့် ပြင်ဆင်လှူဒါန်းခဲ့ခြင်းသာ ဖြစ်သည်။ စေတီတော်တွင် ထီးတော်ချရားမှသည် မြေထိတိုင် ရွှေအတိ မွမ်းမံခဲ့ခြင်းဖြစ်၏။

အလှူရှင်ဖြစ်သူ မောင်မြတ်ကြီးနှင့် ဇနီးမောင်နှံတို့သည် ခေါင်းလောင်းတော်မှ ပြုအပ်သော ကောင်းမှုကြောင့် ကုသိုလ်အစဉ်အဆက်သည် သာသနာတော် ငါးထောင်တိုင်အောင် အစွန့်ရှည်တည်တံ့စေဟူသော ဆန္ဒအာသီသဖြင့် အလှူဒါနပြုလိုပေသည်။ တစ်ဆယ့်တစ်ပါးသော မီးတို့ ကင်းငြိမ်ရာဖြစ်သော အသခ်ိတ ဓာတ်ဟုဆိုအပ်သည့် နိဗ္ဗာန်ရွှေပြည်သို့လည်း ရောက်လိုပါ၏။ နိဗ္ဗာန်ရွှေပြည် မရောက်မီကာလသော အဆက်ဆက်ဘဝသံသရာတွင် ဝတ္ထု



လေးပါး၊ သမ္ပတ္တိလေးပါးနှင့်လည်း ပြည့်စုံပါလို၏ဟူသော ဆုတောင်းပတ္တနာကို ပြုခဲ့လေသည်။

တစ်ဖန် အလှူရှင်မောင်နှံသည် ကုသိုလ်အလှူဒါန အကျိုးအားဖြင့် မဂ္ဂင် ၈ ပါးတရားဖြစ်သော ဖြောင့်မတ်အယူရှိသည့် အမျိုးလေးပါးတို့နှင့်လည်း ပြည့်စုံလို၏။ လောကဓံတရား၌ သူကောင်းသူမြတ်လောင်းတို့နှင့်သာ ပေါင်းဖက်ရပါလို၏။ ကြားတတ်မြင်တတ်လွယ်သော ပညာဉာဏ်နှင့် ပြည့်စုံရလို၏။ အဆင်းသဏ္ဌာန် လက္ခဏာအင်္ဂါ ကြီးငယ်တင့်တယ်လျောက်ပတ်ခြင်းနှင့်လည်း ပြည့်စုံလို၏။ သုံးဆောင်ပေးကမ်း လှူဒါန်းစွန့်ကြဲမကုန်နိုင်သော စည်းစိမ်ဥစ္စာ ရတနာတို့နှင့်လည်း ပြည့်စုံရလို၏ဟု ဆုတောင်းခဲ့ပါသည်။

ခေါင်းလောင်းတော် ကုသိုလ်အလှူရှင်မောင်နှံသည် ဤသို့သော ဆုတောင်း ပတ္တနာ ပြုပြီးနောက် ဝေနေယျသတ္တဝါ အပေါင်းတို့အား သာဓုခေါ် အမျှဝေပေးခဲ့လေသည်။ ထိုအကြောင်းကို ကမ္ပည်းစာတွင် ဤသို့ အောက်ပါအတိုင်း ရေးထိုးမှတ်တမ်းခဲ့တင်ခဲ့ကြောင်း တွေ့ရပေသည်။

> ''ဘုန်းတော်အလွန်ကြီးမြတ်တော် မူလှသော ရေမြေသခင် ဘဝရှင်မင်းတရားကြီး အရှင်မိဖုရား သားတော်သမီးတော် ဆွေတော်မျိုးဝ်တော် အမတ်အပေါင်းတို့အား အမျှဝေပါသည်။ အထူးသဖြင့် ကျေးဇူးမြင့်တော်မူသော ပြည်မင်းပြည်မိဘုရား သားတော် သမီးတော် ခြွေရံမှူးမတ် ပရိသတ်တို့မှစ၍ မိဘဆရာ ဆွေတကာနှင့် စကြာဝဠာ အနန္တဘုံသုံးမိခုဌ် ကျင်လည်ကုံသော သတ္တဝါပေါင်းတို့ဝ်အား အမျှဝေပါသည်။ သာဓု သာဓု ခေါ်ကြစေကုန်သော။ ''

## ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်
## မန့်နောင်ရွာ၊ ခေါင်းလောင်းစာ

ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်၊ မန့်နောင်ရွာ ခေါင်းလောင်းတွင် ''ဇေယျတု သဗ္ဗမင်္ဂလံ'' ဟူသော နိဒါန်းစကားဦးဖြင့် စချီပါသည်။ ခေါင်းလောင်းတော်ကို မြန်မာသက္ကရာဇ် ၁၁၈၉ ခုနှစ်အချိန်ကာလတွင် သွန်းလုပ်ချိတ်ဆွဲခဲ့ခြင်း ဖြစ်သည်။ ဘကြီးတော် (စစ်ကိုင်းမင်း)၏ အချိန်ကာလဖြစ်၏။

www.burmeseclassic.com



အဆိုပါကမ္ပည်းစာကအစ မှတ်သားမှတ်ရာကို တိကျပြည့်စုံစွာ ဖော်ပြရေးထိုးခဲ့ခြင်း မတွေ့ရပါ။

ခေါင်းလောင်း ဒါယကာအလှူရှင်တို့မှာ "ဗန်းမော်မြို့ ကျေးလက် စည်ကင်ရွာနေ ကျောင်းဒကာ ဦးသာကြော်၊ ကျောင်းအမ သမီး ခင်ပွန်း" မောင်နှံတို့ ဖြစ်လေသည်။ ခေါင်းလောင်းစာတွင် ထိုခေတ်က နိုင်ငံရေးပထဝီသဘောအရ ဗန်းမော်မြို့ကို ကျေးလက်ဟု ဖော်ပြသည်။ ခေါင်းလောင်းစာတည်ရှိရာ မန့်နောင်ရွာသည် မိုးမောက်မြို့နယ်ကြီးတစ်ခုအတွင်းရှိ ဒေသအဖြစ် ထိုစဉ်က ဖြစ်တည်မလာသေးပါ။ ခေါင်းလောင်းကမ္ပည်းစာတွင် (စည်ကင်ရွာ) ဟု တွေ့ရသော်လည်း ယခုစင့်ကင်ရွာဟု ခေါ်ဝေါ်ကြသည်။ မန့်နောင်ရွာနှင့် လေးမိုင်ကျော်ခန့်ဝေးသော ရွာတစ်ရွာဖြစ်၏။

ကုသိုလ်အလှူရှင် ဦးသာကြော်နှင့် ဇနီးတို့အပြင် "သား ဘုရားဒကာ မောင်ညီဆွမ်၊ မယား-ရှင်မိကော၊ ညီ-မောင်နေခံ၊ ညီ-မောင်ဖော်၊ ညီ-မောင်ရွှေထွန်း၊ ညီ-မောင်အယ်၊ ညီ-မောင်ရွှေလုံး၊ နှမ-ရှင်အုံ၊ နှမငယ်-ရှင်ယွန်း" တို့ မိသားစုဝင်တစ်စုက ခေါင်းလောင်းတော် သွန်းလုပ်လှူဒါန်းခဲ့ခြင်း ဖြစ်လေသည်။ သား ဘုရားဒကာ မောင်ညီဆွမ်ဟူသော နာမည်ပါ "ဆွမ်" ဟုဝေါဟာရစာလုံးမှာ နှစ်ဂဏန်းဖြစ်ကြောင်း တွေ့ရ၏။ ရှမ်းဘာသာအရ ယောကျ်ားလေးတစ်ယောက် ဖွားပြီးလျှင် နောက်ထပ် ယောကျ်ားလေး ထပ်ဖွားခြင်းကို (ဆွမ်) ဟု ခေါ်လေ့ရှိခြင်းဖြစ်သည်။

ခေါင်းလောင်းတော်အလှူရှင် မိသားစုတို့သည် ဗုဒ္ဓဘာသာဝင် တိုင်းရင်းသား လူမျိုးများ ဖြစ်ကြပါသည်။ ဘာသာ သာသနာတော်ကို စည်ပင်ဖွံ့ဖြိုးစေရန်အတွက် "နိဗ္ဗာန်မဂ်ဖိုလ်အလို့ငှာ" ခေါင်းလောင်းတော်ကို သွန်းလုပ် လှူဒါန်းခဲ့ခြင်းဖြစ်သည်။ စကားတန်ဆာ အဖွဲ့အနွဲ့ ရှည်လျားခြင်း မတွေ့ရ။ တိုတောင်း ရှင်းလင်းသောစကားဖြင့် ထိထိမိမိ ကမ္ပည်းစာတင်ရေးထိုးထားသည်။

ခေါင်းလောင်းသည် "ကြေးအချိန်အခွက် ၁၅၊" ဟု ဖော်ပြသဖြင့် ကြေးချိန်တစ်ဆယ့်ငါးပိဿာဖြစ်ကြောင်း တွေ့ရသည်။ ကိုယ်ထည်ကိုယ်ဒြပ် အသေးငယ်စား ခေါင်းလောင်းဟုဆိုရမည်။ ကြေးသွန်းပန်းတဉ်း လက်ခအဖိုးငွေမှာ " ငွေရွက်နီ ၄ဦ၊ ၂" ဖြစ်ပြီး ကြေးသွန်းပါ စာရေးသားထုလုပ်ပေးရသော လက်ခငွေမှာ ရွက်နီ ဒိပေးရကြောင်း ဖော်ပြထားလေသည်။



အဆိုပါ ခေါင်းလောင်းတော်ကို မိုးမောက်မြို့နယ်၊ မန့်နောင်ရွာ ဘုန်းကြီးကျောင်း၌ တွေ့ရသည်။ မန့်နောင်ရွာကို ခေါင်းလောင်းကမ္ပည်းစာအရ (မံလောင်) ဟု ဖော်ပြပါသည်။ မန့်နောင်ရွာမှာ ရှမ်းဘာသာ တိုင်းရင်းသားစကားဖြစ်၏။ (မန့်=ရွာ၊ နောင်=အင်း) ဟူသော ဘာသာအဓိပ္ပာယ်အရ ကြီးမားကျယ်ပြန့်သော အင်းရွာဟု ပြောဆိုနိုင်ပါသည်။ ရွာ၏ အင်းရွာတစ်လျှောက် ကျယ်ပြန့်စွာ တည်ရှိထားသည်။ ရွာတွင် ကျေးလက်ဆေးပေးခန်းရှိ၏။ ဘုန်းတော်ကြီးကျောင်းနှစ်ကျောင်း ရှိပါသည်။

ဒေသခံ ရှမ်းတိုင်းရင်းသားတို့၏ ကြိုးစားဆောင်ရွက်ခဲ့မှုကြောင့် ပညာရေးအနေဖြင့် အထက်တန်းကျောင်းခွဲ ရှိပေသည်။ လက်ရှိမန့်နောင်ရွာတွင် လူနေအိမ်ခြေ ၇၀၀ ခန့်ရှိသည်။ ဗန်းမော်မြို့နှင့် မိုင် ၃၀ ခန့်ဝေးမည် ဖြစ်ပါသည်။ စက်လှေများသည် ဗန်းမော်မှ ဧရာဝတီအထက်သို့ ဆန်တက်ပြီး မိုးလဲချောင်း ထွက်ပေါက်မှ ဖွဲ့ဝင်ပြီး (နှင်းအိရွာ) သို့ဝင်ရသည်။ ၄င်းမှ သုံးမိုင်ခန့် ခြေလျင်တစ်ဖုံသွားမှ မန့်နောင်သို့ ရောက်၏။

တစ်နည်းပြောရလျှင် မိုးမောက်မြို့၊ မြို့သစ် မြို့ဟောင်းကြားရှိ တာပိန်မြစ်အတိုင်း စက်တပ်လှေစီးကာ မန့်နောင်သို့ သွားနိုင်ပါသည်။ အချုပ်ဆိုရသော် ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်၊ မန့်နောင်ရွာ၊ ခေါင်းလောင်းတော်၏ ကမ္ပည်းစာကို ...

> "ဓေယျတု သဗ္ဗမင်္ဂလံ။ သက္ကရာဇ် ၁၁၈၉ ခုနှစ်တွင် ဗန်းမော်မြို့ ကျေးလက် စည်ကင်ရွာနေ ကျောင်းဒကာ ဦးသာကြော်၊ ကျောင်းအမ သမီး ခင်ပွန်း သားဘုရား ဒကာ မောင်ညီဆွမ်၊ မယားရှင်မိကော၊ ညီ-မောင်နေစံ၊ ညီ-မောင်ဖော်၊ ညီ-မောင်ရွှေထွန်း၊ ညီ-မောင်အယ်၊ ညီ- မောင်ရွှေလုံး၊ နှမ- ရှင်အုံ၊ နှမငယ်- ရှင်ယွန်း တို့ တစ်စုနိဗ္ဗာန်မဂ်ဖိုလ်အလို့ငှာ ကြေးအချိန်အခွက် ၁၅၊ အဖိုးရွှံနီ ၄ဦ-၂၊ စာတုလက်ခ ရွှံနီ ဒိပေး၍ ၊ မံလောင်ရွာ၌ ဆွဲလှူသည်။ နိဗ္ဗာန ပစ္စယော ဟောတု။ သာဓုနတ်လူ ခေါ်စေသောဝ်။ ။"

ဟု ဖော်ပြထားကြောင်း တွေ့ရလေသည်။ ခေါင်းလောင်း၏ အတိုင်းအတာမှာ ပုစ္ဆန်တုပ်ကွေးအထိ အရပ် ၂၃ လက်မ၊ လုံးပတ်ဝန်း ၂၃ လက်မ၊ ထုအထူမှာ ၁ လက်မ ၃ စိတ် ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com




## မြိုင်မြို့နယ်၊ အရှေ့ချောင်တောင်ရွာ ရှင်ပင်ဘုန်းပေါင် ခေါင်းလောင်းတော်စာ

မြိုင်မြို့နယ်၊ အရှေ့ချောင်တောင်ရွာ၊ ဘုရားစေတီရင်ပြင်တွင် ရှေးဟောင်း ခေါင်းလောင်းတစ်လုံး ရှိပါသည်။ ခေါင်းလောင်းတွင် ကမ္ပည်းစာရေးထိုးတင်လှူသော ခေါင်းလောင်းစာတွင် "စိရံတိဋ္ဌတု သဒ္ဓမော၊ ဓမ္မောဟောတု သာဂါရဝါ" ဟု အစချီထားပါသည်။ ခေါင်းလောင်းကမ္ပည်းစာတွင် အောင်သူတကာ၏ အထွဋ်ဖြစ်တော်မူသော သုံးလသနင်း တရားမင်းအစစ်ဖြစ်သည့် မြတ်စွာဘုရားသည် ဂုဏ်တော်ကြီးမြတ်ခြင်းကြောင့် အံ့ချီးဖွယ်ရာကို အဦးအစ ပူဇော်လှူတင်ခြင်း ဖြစ်သည်။

မြတ်စွာဘုရားသခင်သည် ဝါ ၄၅ ပတ်လုံး၊ သက်တော် ၈၀ အရွယ်တွင် ဘုံသုံးပါး၌ ကျင်လည်ကုန်သော ဝေနေယျသတ္တဝါတို့ကို တရားအမြိုက်တိုက်ကျွေးတော်မူပြီးနောက် ရွှေပြည်နိဗ္ဗာန် စံဝင်တော်မူခဲ့ပေသည်။ မြတ်စွာဘုရားရှင်တော် သက်ရှိထင်ရှားသကဲ့သို့ ရည်မှတ်၍ ကောင်းမှုကုသိုလ် လှူဒါန်းရှင် လူပုဂ္ဂိုလ်မှန်သမျှသည် ဘုရားစေတီ ဝှကျောင်းသိမ်ဇရပ် ကုသိုလ်ဖွယ်ရှိသော ဒါနသီလ ကုသိုလ်ကမ္မအလုံးကို စိတ်စေတနာ သဒ္ဓါရွှင်လန်းစွာဖြင့် လှူဒါန်းကုန်ကြလေသည်။ သက်တော်ထင်ရှား ဘုရားမြတ်စွာအား လှူရသကဲ့သို့ အကျိုးအာနိသင် ဖြစ်ပွားကြောင်းကို ဟောကြားတော်မူသော ဒေသနာနှင့်အညီ နာကြားရွတ်ဖတ် ကျင့်ကြံအားထုတ်ခဲ့ကြပေ၏။ ဗုဒ္ဓဘုရားရှင်တော်ကိုယ်စား ရည်မှတ်ထားခဲ့သော သာသနာတော်တွင်း၌ မနုဿ ဒုလ္လဘ လူ့ဘဝကိုလည်း အလွန်ရခဲလှပေသည်။

ဤသို့ ရည်မှတ်ထားကြလျက် ကုသိုလ်ရှင် လူတို့ဆိုသည် ဘုရားစေတီတော်မြတ် မှန်သမျှ၌ အမျှပေးဝေဆုတောင်းသံတို့ဖြင့် အသံညီးညံ ဆွတ်ပျံ့နာကြားဖွယ် ဃဏ္ဍာဒါန အနုမောဒနာနှင့်အညီ လှူဒါန်းထားရှိကြမြဲ ဖြစ်သည်။ သို့ဖြစ်ရာ ဃဏ္ဍာဒါနအလှူတော်ဖြစ်သည့် ခေါင်းလောင်းတစ်လုံးကို တည်ရစ်ခဲ့သော ကောင်းမှု ကုသိုလ်ရှင်မှာ ချောင်တောင်ရွာ၊ တောကျောင်းတိုက် ဆရာတော် ရှင်အိန္ဒာသဖ ဖြစ်လေသည်။ ဝါတော်ခြောက်ဆယ် သက်တော် ရှစ်ဆယ်ရှိ တောကျောင်းတိုက် သံဃာဆရာတော်တစ်ပါး ဖြစ်၏။ ဆရာတော်သည် မိဖအမွေ ဆင်းသက်ခဲ့ရသည့် ထန်းယာမြေကို အခြားတစ်ပါးသူနှင့်





မြိုင်မြို့နယ် ချောင်တောင်ရွာ ရှင်ပင်ဘုန်းပေါင် ဘုရားတော်ရင်ပြင်ရှိ ဆရာတော် ရှင်အိန္ဒာသဖ၏ ခေါင်းလောင်း

လဲလှယ်၍ အသပြာငွေကြေးဖြင့် ချောင်တောင်စေတီတော်မြတ်၌ သဒ္ဓါဒါန ခေါင်းလောင်းတစ်လုံးကို ကောင်းမှုလှူဒါန်းခဲ့ခြင်း ဖြစ်လေသည်။ ၎င်းခေါင်းလောင်းကို ရှင်ပင်ဘုန်းပေါင်ဘုရားရှေ့ ရင်ပြင်တော်၌ တွေ့ရပါသည်။

ခေါင်းလောင်းကောင်းမှုတော်မှာ မြန်မာသက္ကရာဇ် ၁၁၇၈ ခုနှစ် ကဆုန်လပြည့်ကျော် ၈ ရက်နေ့တွင် သွန်းလုပ်ချိတ်ဆွဲထားခြင်း ဖြစ်သည်။ ကုသိုလ်ရှင်သည် အမရပူရ ပထမ နန်းတည် မြို့တည် ဘိုးတော်မင်းတရားကြီး လက်ထက်တွင် လှူဒါန်းခဲ့၏။ ရှေးမြန်မာမင်းများသည် မိမိတို့ကိုယ်ကို သာသနာတော်ရှင် ဒါယကာ မင်းမြတ်အဖြစ် အမည်ခံယူလေ့ရှိ၏။ ရွှေတွင်း ငွေတွင်း ပယင်း ဒုတ္တာ ရတနာခုနစ်ပါးဖြင့်လည်း ပြည့်စုံကြပေ၏။ ကြန်အင် လက္ခဏာ မှန်မြတ်သော ဆင်ဖြူရတနာနှင့်လည်း ပြည့်စုံ၏။ ထို့ကြောင့်ပင်

www.burmeseclassic.com

www.burmeseclassic.com



မြန်မာရာဇာမှန်သမျှတို့သည် ဆင်ဖြူများရှင် ဘဝရှင်မင်းတရားကြီးဟု ဘွဲ့နာမံခံယူတော်မူကြသည်ချည်းပင် ဖြစ်သည်။


ခေါင်းလောင်း အလှူရှင်တော် ရှင်အိန္ဒသဖ၏ ကုသိုလ်ဒါနကိုးကွယ်ခဲ့သော ခေါင်းလောင်းကို ပုဂံမြို့၊ အကြေချောင်တောင်ရွာ စေတီတော်မြတ်ထားသည့် အရပ်ဒေသပင်ဖြစ်သည်။ ချောင်တောင်ရွာကို ယခုအခါ မြိုင်မြို့နယ်၊ အနောက်တောင်ယွန်းယွန်း၌ တွေ့ရသည်။ (ချောက်တောင်ရွာ) ဟု သညာမှတ်ထားအမည်ဖြင့် ကွဲပြားခေါ်ဝေါ်ကြပါ၏။ စင်စစ် မြိုင်မြို့၊ ချောင်တောင်ကို အရှေ့ရွာနှင့် အနောက်ရွာဟူ၍ ရွာနှစ်ရွာတွေ့ရ၏။ အနောက်ချောင်တောင်မှာ ပခုက္ကူ-ဆားလင်းကြီးကားလမ်းဘေးရှိ လင်းကတောရွာ၏ မြောက်ဘက်ရှိ၏။ အရှေ့ချောင်တောင်မှာ ပခုက္ကူ-ကမ္မရွာ၏ အရှေ့မြောက်ဘက် အနီးတွင် တွေ့ရသည်။

ခေါင်းလောင်းစာတွင် (ပုဂံမြို့) ဟု တွေ့ရသောကြောင့် အရှေ့ချောင်တောင်သည် ဘိုးတော်မင်းလက်ထက်က ပုဂံမြို့နယ်အတွင်း အပါအဝင်ဖြစ်သော နယ်မြေတစ်ခု ဖြစ်ခဲ့ပါသည်။ ထိုစဉ်က ပုဂံမြို့ ဥပစာနယ်သည် ယခုအခါ ပခုက္ကူမြို့နယ်ပါ ညောင်လှရွာနှင့်အစပ် မြစ်ချေး (မြစ်ခြေ) ရွာ၊ လင်းပင်ရွာတို့နှင့် အစပ်ဟု ပိုင်းခြားကြောင်း ပြဆိုထား၏။ ပုဂံမြို့နယ်မှာမူ ပခန်းကြီးကျေး အိုယင်ရွာမြေနှင့် ကျောခိုင်း၊ မြောက်ကို ပခန်းကြီးမြို့ကျေး မြစ်ကိုင်းရွာမြေနှင့် ကျောခိုင်းဟု သတ်မှတ်ထားကြောင်း ဗမ္ဗူဒီပဥဆောင်းကျမ်းတွင် ပြဆိုထားပေသည်။

ထိုစဉ်က ပုဂံမြို့နယ် ''နယ်ရှစ်ရပ်အတွင်းတွင် တောက်ဘက်တန်း ၂၅ ရွာ၊ တောင်ပုံတန်း ၁၇ ရွာ၊ ငကျော်တန်း ၁၀ ရွာ၊ အကြေ ကိုးရွာ၊ အညာ ကိုးရွာ၊ ကျောင်းကြီး ငါးရွာရှိပါသည်။'' ဟု ဖော်ပြထားသည်။ အဆိုပါ ကျေးရွာစုပေါင်းများစွာသည် ယခု ပခုက္ကူမြို့နယ်အတွင်းရှိ ကျေးရွာများ ဖြစ်လေသည်။ အရှေ့ချောင်တောင်သည် ခေါင်းလောင်းကမ္ပည်းစာပါ ငကျော် ၁၀ တန်းရွာ၌ (ငကျော်ရွာ၊ မြင်းဝန်ရွာ၊ တင်းတပ်ရွာ၊ ဝန်းပြည်ရွာ၊ လယ်ရာရွာ၊ ကန်တော်ရွာ၊ ပကီရွာ၊ သရက်ကန်ရွာ၊ ညောင်ရွာ၊ ချောင်တောင်ရွာ) တို့အနက် အပါအဝင် ရွာတစ်ရွာ ဖြစ်ပေသည်။

ချောင်တောင်ရွာ၊ ရှင်ပင်ဘုန်းပေါင်၌ရှိသော ကြေးစင်ခေါင်းလောင်း





**မြိုင်မြို့နယ် ချောင်တောင်ရွာ ရှင်ပင်ဘုန်းပေါင် ဘုရားတော်ရင်ပြင်ရှိ ဆရာတော်ရှင်အိန္ဒာသဖ၏ ခေါင်းလောင်းကမ္ပည်းစာများ**

အချိန်မှာ ၁၁၅ ပိဿာရှိသည်။ လက်ခအဖိုးငွေသည် ၂၅၃ ဖြစ်၏။ ခေါင်းလောင်းတော်ကို ဆောင်ကြဉ်း ဝယ်ယူပေးရသူတို့မှာ မောင်ကြာရိုးနှင့် မောင်ပေတိုးတို့ ဖြစ်ပါသည်။ ဝယ်ယူဆောင်ရွက်ရသည့် စရိတ်ကုန်ကျငွေမှာ ၆၀ ဖြစ်၏။ အလှူရှင် ဆရာတော် အိန္ဒာသဖသည် ''ကောင်းမှုအဖို့ကို ကျေးဇူးအထူးတင်ပေသော မိခင် ဖခင် ဆရာသမား သားသမီး ပေါ်ပေါ် ဆွေညာတကာ ဘဝရှင့်မင်းတရားမှစ၍ သုံးဆယ်တစ်ဘုံ၌ ကြင်လည်ကုံသော ဝေဏေယျ သတ္တဝါအပေါင်းကို အမျှဝေပေးပါ၏။ အမျှရသည် ဖြစ်စေသောဝ်။ '' ဟု အမျှဆုတောင်းမှု ပြုခဲ့လေသည်။

အချုပ်ဆိုရသော် သက္ကရာဇ် ၁၁၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်နေ့တွင် တောကျောင်းတိုက် ဆရာတော် ရှင်အိန္ဒာသဖသည် မိဘအမွေဖြစ်သော ထန်းယာမြေကို ငွေကြေးအသပြာနှင့် လဲလှယ်၍ ချောင်တောင်ရွာ၊ ရှင်ပင်ဘုန်းပေါင် ဘုရားရှေ့ရင်ပြင်၌ ကြေးချိန် ၁၁၅ ပိဿာ စီးလေးရှိသည့် ခေါင်းလောင်းတော်ကို ကောင်းမှုလှူဒါန်းခြင်း ဖြစ်လေသည်။

အရှေ့ချောင်တောင်ရွာ ဘုရားခေါင်းလောင်းစာမှာ ''စီရံ ထိန်တု၊

www.burmeseclassic.com

www.burmeseclassic.com



သဒ္ဓမော၊ ဓမ္မောဟောတု သာဂါရဝါ အောင်သူတကာ၏ အထွဋ်ဖြစ်တော်မူသော သုံးလူ့သနင်း တရားမင်းအစစ်ဘုရားသည် ၄၅ ဝါပတ်လုံး ဘုံသုံးမွာ၌ ကြင်လည်ကုန်သော ဝေနေယျတို့ကို တရားအမြိုက်တိုက်ကျွေးတော်မူပြီး၍ ရွှေပြည်နိဗ္ဗာန်၌ စံတော်မူလျှင် ကိုယ်တော်မြတ်ထင်ရှားရှိတော်မူခဲ့သလို ဒါန သီလစသော ကုသိုလ်ကမ္မအလုံးတို့ကို စိတ်စေတနာ သဒ္ဓါရွှင်လန်းစွာ လှူဒါန်းကြင်ဆောင်သောသူတို့သည် သက်တော်ထင်ရှား ဘုရားမြတ်စွာကို လှူရခဲ့သလို အကြိုးအာနိသင် ဖြစ်ပွာကြောင့်ကို ဟောကြားတော်မူသော ဒေသနာတော်နှင့် အညီ အလှူနှံကြိမ် သုံးလသော့ သာသနာတော်တွင်၌ အလွန်ရခဲလှသော လူအဖြစ်ကို ရပေသည်ကို နှလုံးစွဲမှတ်လျက် သက္ကရာဇ် ၁၁၇၈ ခု၊ ကဆုံလပြည့်ကျော် ၈ ရက်နေ့ ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော ဆင်ဖြူမြာရှင် ဘဝရှင်မင်းတရားကြီးဘုရား ရွှေလက်ထက်တော် ပုဂံမြို့ အကြေချောင်တောင်ရွာ တောကြောင်တိုက် ခြာကြီ အိန္ဒာသဖ သက်ရှစ်ဆယ်တော် ဝါတော် ခြောက်ဆယ်တော် မိဖဆင်းသက်ရသည့် ထန်ရာမြေနှင့် လဲလှယ်၍ ရှင်ပင်ဘုန်းပေါင် ဘုရားရှေ့ရင်ပြင်တော်တွင် ကြေစင်ခေါင်လောင် အချိန် ၁၁၅ ကို အဘိုငွေ ၂၅၃။ ဘံ့ငံ့ဒီ အနက် စရိတ်ကုံငွေ ၆ဝိ။ ဆောင်ချင်ဝယ်ယူသူ မောင်ကြာရီ။ မောင်ပေတိုးတို့ ဆောင်ယူ၍ လှူတော်မူသည်။ ကွ်ကောင်းမှုအဘို့ကို ကျေဇူးအထူတင်ပေသော မိခင်ဖခင် ဆရာသွာ သားသမီးပေါပေါ ဆွေညာတကာ ဘဝရှင်မင်းတရားမှစ၍ သုံးဆယ်တဘုံ၌ ကြင်လည်ကုံသော ဝေဏေယျ သတ္တဝါအပေါင်ကို အမျှဝေပါ၏။


အမျှရသည် ဖြစ်စေသောဝ်။ ။''

## မြသလွန်ဘုရား ခေါင်းလောင်းတော်

''ဇာတိမုန်အာ၊ ရင့်သမ္မာနှင့် လျှံဝါတေဇ၊ နရိန္ဒ၏
နန်းမတည်ရာ၊ မဟာအမုရ၊ ပြည်သူရမ္မ၊ ဒေသတောင်စွန်း
နောက်ရှုန်းခတ္တိ၊ နရတိဝေါဟာ၊ မြစ်ရောက၊ တာပြန်ချသော်
အသယောဖနာ၊ သချာမုန်လ၊ ထိုဌာနတွင်''

အထက်ပါ မှတ်တမ်းကမ္ပည်းစာ၏ အလိုအရ နေရာဒေသလား ဘုန်းသမ္ဘာရင့် ဂုဏ်နှင့်တေဇာ ထွန်းလင်းဖြာသော မင်းရာဇာတို့၏ နန်းမ





မကွေးမြို့၊ မြသလွန် စေတီရင်ပြင်ရှိ
မကွေးမြသလွန် ဘုရားခေါင်းလောင်းတော်

တည်ရာ ဒေသဖြစ်သည်ဟု ဆိုပါသည်။ နက်ဘုံနတ်နန်းတမျှ ခမ်းနားသိုက်မြိုက်သော မင်းနေပြည်တော်ကြီးလည်း ဖြစ်၏။ ထိုဒေသကား မည်သည့်ဒေသပေနည်း။ တခြား မဟုတ်ပါ။

(သေခြင်းကင်းရာ ပြည်သာယာ) ဟု အမိပ္ပာယ်ရသည့် မဟာအမရပူရ ရွှေနန်းတော်ကြီး ဖြစ်လေသည်။ ထိုမြို့၏ ပထမမြို့တည် နန်းတည်မင်းကား အလောင်းမင်းတရားကြီး၏ စတုတ္ထသားတော်ဖြစ်၍ ငယ်မည် (မောင်ဝိုင်း) အမည်ရ ဘိုးတော် ဗဒုံမင်းတရားကြီး ဖြစ်လေသည်၊ အမရပူရ ရွှေမြို့တော်၏ အနောက်တောင် ခပ်ယွန်းယွန်းသို့ မျှော်ကြည့်ချေလျှင်မူ ဆယ်ယူဇနာ ကွာလှမ်းသော နေရာ၌ ဌာနဒေသတစ်ခု ရှိလေသည်။ ထိုအရပ်ကား မည်သည့် အရပ်ပေနည်း။

www.burmeseclassic.com



" ရှစ်မျက်နှာရပ်၊ နှံ့စပ်ကြေညာ၊ မြစ်ဆိပ်မှာလည်း၊ ဇရာ
လောင်းစပ်၊ လှေချင်းထပ်မျှ၊ မလပ်များစွာကုမ်မှာ တသီး၊ လှေကြီး
ဝန်တင်၊ ခြေချင်တသွယ် မြို့အလယ်တွင်၊ ဈေးငယ်ဈေးကြီး၊ တသီး
ဆိုင်တန်း၊ လမ်းအဝဝ၊ ပြောပစရာ၊ သာယာပျံ့မွေး"


အင္ဂဒီသာ ရှစ်မျက်နှာတစ်ခုလုံး၌ သောင်းသောင်းညံညံနှင့် ပွားပန်းခပ်မျှ လူသူစုံဖြင့် စည်ပင်ထွန်းကားလှပါသည်။ မြစ်ဇရာဆိပ်ကမ်းတွင်လည်း လှေချင်းထပ်၍ လောင်းချင်းစပ်မျှ ပြည့်ကျပ်နေလေသည်။ မြစ်ဆိပ်ကမ်းနားတွင် လှေကြီးလှေငယ် အသွယ်သွယ်ဖြင့် ကုန်ဖလှယ်ရောင်းဝယ် ဖောက်ကားကြသည်မှာလည်း ကြက်ပျံမကျ ရှိလှသည်။ ဝန်တင်လှည်းကြီးများနှင့်တစ်ဖုံ၊ ခြေလျင်တချို့ လာရောက်ကြသူများကလည်း မရှား။

ကြည့်ပါဦး မြို့လယ်တွင် ဈေးကြီးဈေးငယ်တွေနှင့်။ ဆိုင်တန်းတွေ လမ်းတွေကလည်း ပြောပစရာမရှိ။ စည်ပင်သာယာလှပေသည်။ ဤမျှ စည်ကားဝေဆာသော မြို့အမည်ကား အဘယ်ပါနည်း။ မြစ်ကွေ့ဟုခေါ်သော မြို့မကွေးပါတည်း။

" ရှေးသမ္မာရ၊ ကုသလကြောင့်၊ အဘအမွေ
ဆက်ခံစေဟု၊ ရေမြေပိုင်သ၊ ဖနိန္ဒ၏
ကြီးလှအာဏာ၊ မိန့်တော်စာဖြင့်၊ သေချာချိပ်အိတ်
တံဆိပ်သပ်ပွား၊ ရာခွန်ထား၍၊ အများရှင်လူ
ကြည်ဖြူမေတ္တာ၊ ကရုဏာဖြင့်၊ တရားအုပ်ပြီး
မြို့သူကြီးဟု၊"

မကွေးမြို့ကား ရာပြုမြို့ဟု ခေါ်ရပေမည်။ အရိုးစစ်တမ်းအရ မကွေးမြို့တွင် အဘ၏ အရိုက်အရာကို သားက ဆက်ခံစေဟု မင်းတံဆိပ်ခတ်နှိပ်လျက် ဆိပ်တည်ပွဲကင်းကူးတို့ စသော အခွန်အဆီများကို အသနားတော်မြတ်ခံရသည့် မြို့သူကြီးတစ်ဦးရှိခဲ့ဖူးလေသည်။ ထိုမြို့ သူကြီးကား သမာဓိတရားလက်ကိုင်ထားသူဖြစ်၏။ ရှင်လူရဟန်းတို့အပေါ် မေတ္တာကရုဏာပွားလျက် တရားဓမ္မနှင့်အညီ စီမံအုပ်ချုပ်၏။ ထို့ကြောင့် သူ၏နာမည်ဂုဏ်သတင်းမှာ အကြေအညာတိုင် မွှေးပျံ့လှချေ၏။ ရပ်ဝေးရပ်နီးရှိ များဗိုလ်သူလခပင်းတို့ သိထားသော သူ့အမည်ကား -





မကွေးမြို့၊ မြသလွန် စေတီရင်ပြင်ရှိ
မကွေးမြသလွန် ဘုရားခေါင်းလောင်းတော်

" မောင်ကားရှေ့တည့်၊ အလယ်ရွှေထား၊
နောက်ကားပြည့်နေ၊ ဤသုံးထွေကို၊ စီထွေရှေ့နောက်
ရှိတိုင်းကောက်မှ"

ဟု ဖော်ပြသော ခေါင်းလောင်းစာအရ မကွေးမြို့သူကြီး မောင်ရွှေပြည့်ပါတည်း။

မြို့သူကြီး မောင်ရွှေပြည့်တွင် အဖမရှိတော့။ ကွယ်လွန်ခဲ့ရှာပြီမို့ အဖမဲ့သား ရှေနည်းငါးဟု ဆိုရပေမည်။ သူသည် မိခင်ကျောင်းအမကြီးနှင့်တကွ "မြို့ခေါင်းမောင်ပေး၊ စာရေး၊ မောင်ရောက် ထို့နောက်ပွဲမင်း၊ မောင်ညွှင်းသရာ၊ မောင်ကျင်ရာ" စသည့် ခပ်သိမ်းသော ဗိုလ်လူခပင်းတို့ကို ဆော်နှိုးစီမံ၍ သံသရာအထုံ ရေစက်ဆုံလိုသည့် ဆန္ဒပြင်းပျခဲ့လေသည်။ ထို့ကြောင့် အရှင်ပညာတိက္ခ ဆရာတော်အား အမှူးထား၍ မြတ်စွာဘုရားသခင်၏ ဓာတ်တော်မွေတော် သလွန်တော်တို့ ကိန်းဝပ်ရာ နဂုတ္တမတောင်ပေါ်ရှိ မကွေးမြို့ မြသလွန်ဘုရားတွင် ဒါနကုသိုလ်တစ်ခု ပြုခဲ့လေသည်။

သံသရာဘဝအတွင်း ဒုက္ခတွင်းမှ ကင်းလွတ်၍ နိဗ္ဗာန်မဂ်ဖိုလ် ရလိုကြ

www.burmeseclassic.com

www.burmeseclassic.com



ကုန်၍လည်း ဒါနကုသိုလ် ပြုခဲ့ကြဟန်ထင့်။ စေတနာလည်း ထက်သန်ခဲ့ကြသည်။ သာသနာတော်ကိုလည်း နှစ်လိုကြည်ညို ကြပါပေသည်။ စင်စစ်သူတို့ ပြုခဲ့သော ကုသိုလ်အမှုကား သဒ္ဓါအသံတည်းဟူသော ဃဏ္ဍာအလှူတော် ဒါနပေတည်း။

" ဥဿဟာဖြင့် ၊ မုချဖယောင်း၊ ခေါင်းလောင်းရှပ
သွန်းပြီးမှလျှင်၊ လှပချောမွန်၊ ထိုက်လုပ်ပြန်၍
ကြွင်းကျန်ကျေးစု၊ ၂၆၀၊ စွန်းလယ် ၅ လာ၊
၅ဝိသာ၍၊ ကဟာပဏာ၊ ပညာသတည့်၊"

ထိုခေါင်းလောင်းတော်ကို ရှေးဦးစွာ ပုံသွင်းဖယောင်း မံရသည်။ ထို့နောက် ကြေးရည်ကျိုသွန်းလောင်းရ၏။ လှပချောမွေ့ရန် တိုက်လုပ်ပြီးနောက် ကြွင်းကျန်သော ကြေးပိဿာမှာ ၂၆၅ ပိဿာနှင့် ၅၀ ကျပ်သားဖြစ်လေသည်။ ခေါင်းလောင်းတော်ကို ပန်းသွန်းသမားတို့အား လုပ်ဆောင်စေခဲ့ရာ ကံကြေးလက်ခ ငွေစင် တစ်ရာ့ရှစ်ဆယ် ပေးခဲ့ရသည်ဟု သိရပါသည်။

ခေါင်းလောင်းတော်၏ ပေါင်းကိုင်းအောက်ခြေ၌ ကြာဖက်များရှိသည်။ ခြသေ့်နှစ်ကောင်ခံ၍ နယားလိမ်ကြေးကွင်းနှင့် ကိန္နရာ၊ ကိန္နရီ ဖိုမတစ်ဖက်တစ်ချက် ခံထားပါသည်။ ကြေးသွန်း အနုပညာလက်ရာဖြင့် အနုစိတ်ပုံဖော်ထားပုံမှာ လက်ရာမြောက်၍ သေသပ်လှပလေသည်။ သွန်းလုပ်ပြီးသော ခေါင်းလောင်းတော်ကို ဘုရားရင်ပြင်တော်သို့တင်၍ ချိတ်ဆွဲလှူဒါန်းခဲ့ပါသည်။ ချိတ်ဆွဲလှူဒါန်းသော သက္ကရာဇ်ချိန်ခါကာလကို ခေါင်းလောင်း၏ ကမ္ပည်းစာတွင် "အင်္ဂသုံညာနှင့်၊ စမ္ပာဧက" ဟု ဖော်ပြထားပါသည်။

ရှေးမြန်မာတို့၏ သင်္ချာသင်္ကေတ အက္ခရာများ၏ အလိုအရ (အင်္ဂ=၈၊ သုံညာ=၀၊ စမ္ပာ=၂၊ ဧက=၂) ဖြစ်ကြောင်း သိရလေသည်။ ထို့ကြောင့် ဂဏန်းသင်္ကေတအရ (၈၀၂၁) ရရှိ၍ နောက်မှ ပြန်ယူသော် မြန်မာသက္ကရာဇ် (၁၂၀၈) ခုဖြစ်ကြောင်း သိရလေသည်။ ကုန်းဘောင်ခေတ်နှောင်း ပုဂံမင်းထီးနန်းတက်စ လက်ထက်တော်အခါကာလ ဖြစ်ပေသည်။

" သူရိယစက်၊ မိဿလက်တွင်၊ နက္ခတ် ၂ လုံး၊
နှစ်ပါးဆုံနှင့်၊ ကိုးလုံးအစ၊ ကျီးမြတာရာ၊
လျှံဝါရောင်စု၊ မနုရာသီ၊ ရှည်မှီ စန္ဒရာ
ဥတ္တရာနှင့်၊ မာသာစိတြ၊ မိဿ ရာသီ"



အဖွဲ့အနွဲ့ ကမ္ပည်းစာမှာ ကိလိဋ္ဌဆန်းလွန်းလှသည်။ လျို့ဝှက်သော မြန်မာတို့၏ အလေ့အထအတိုင်း လရာသီကိုလည်း မြုပ်ဝှက်ခဲ့၏။ ကမ္ပည်းစာပါ လရာသီကား မိဿရာသီ။ နက္ခတ်နှစ်လုံးစုံ၍ တာရာကိုးလုံး၏ အစဖြစ်သော ကျီးတာရာသည် နေမင်းနှင့် ယှဉ်လျက် သွားသည်ဟု ဖော်၏။ စန္ဒြားလသော်တာမှာမူ စိတ္တနက္ခတ်၊ ဥတ္တရာနက္ခတ်တို့နှင့် ယှဉ်ပြိုင်ထွန်းလင်းတောက်ပသည်ဟု ပြ၏။ ဤအချက်ကိုထောက်၍ လအလိုအားဖြင့် မိဿရာသီ၊ တန်ခူးလဖြစ်ကြောင်း သိနိုင်လာသည်။

" တီထိပုဏ္ဏ၊ စွန်ကေးရနှင့်၊ ဒီဝသောကြာ
ခရာလှည့်လည်၊ ရွှေစည်နှစ်ချက်၊ ရက်မြတ်ရာဇာ
ဤအခါဝယ်၊"

ရက်အလိုအားဖြင့် ဝို၍ သိပ်သည်းသော အကွယ်အဝှက်ဖြင့် ပြန်ဆိုထားပြန်လေသည်။ ကမ္ပည်းစာပါ တီထိဟူသော စကားမှာ ဗေဒင်လင်္ကာသုံးစကားဖြစ်၏။ လဆန်းသည်မှစ၍ တစ်ရက်နှစ်ရက်စသည်ဖြင့် ရေတွက်ရသော ရက်တို့ကို တီထိရက်ဟု ခေါ်လေသည်။ တီထိရက် ၅ မျိုးရှိပါသည်။ ရှိသော တီထိရက်ကိုတည်၍ ငါးခုနှင့်စား၊ တစ်ကြွင်းလျှင် နန္ဒတီထိ၊ နှစ်ကြွင်း လျှင် ဘဒြာတီထိ၊ သုံးကြွင်းလျှင် ဇေယျာတီထိ၊ လေးကြွင်းလျှင် ရိတ္တာတီထိ၊ သုဉ်းလျှင် ပုဏ္ဏာတီထိဟုခေါ်ကြောင်း သိရ၏။

ထို့ကြောင့် တီထိပုဏ္ဏာဆိုသည်မှာ ၅ ရက် သို့မဟုတ် ၁၀ ရက် သို့မဟုတ် ၁၅ ရက်နေ့များသာ ဖြစ်နိုင်ပေသည်။ သို့သော် စွန်းတေးရနှင့်ဟု ဆိုသောကြောင့် လပြည့်နေ့သာဖြစ်နိုင်လေသည်။ အနက်စကားဝှက်ကား မဆုံးသေး။ လပြည့်စွန်း၍ ၅ တေးရသဖြင့်၊ လပြည့်ကျော် ငါးရက်၊ သောကြာနေ့ ပဟိုရ်နှစ်ချက်တီးအချိန်တွင် ချိတ်ဆွဲတင်လှူခဲ့သော ခေါင်းလောင်းတော်ကို (သီရိဃဏ္ဍာ၊ နာမကမ္ပည်းတွဲ့တပ်၍ ခေါ်ဝေါ်စေသောကြောင့် မင်္ဂလာကျက်သရေရှိသော ခေါင်းလောင်းတော်ဟု သိရပါသည်။

တစ်ဖန် ခေါင်းလောင်းတော် လှူဒါန်းသည့် ကုသိုလ်ရှင်များသည် မိမိတို့ ပြုခဲ့သည့် ကုသိုလ်ကောင်းမှုအတွက် အဖို့ဘာဂ အမျှပေးဝေလိုကြ၏။ ဣဋ္ဌိတံ ပဋ္ဌိတံ အကျိုးနှင့် ပြည့်စုံလိုသောကြောင့်လည်း ရေစက်သွန်းလောင်း ဆုမွန်တောင်းကြကုန်၏။ ထို့ကြောင့် ...

www.burmeseclassic.com

www.burmeseclassic.com



“ အောက်ထက်ဝီဇိ၊ နဲ့ဘိဘ၀ဂ်၊ စကြ၀ဠာ
အာဏာဇာတိ၊ ခေတ်ဝိသယ၊ အနန္တတွင်
သဗ္ဗသတ္တာ၊ ဆရာ မိဘ၊ ဘုမ္မသနင်း၊
ယမမင်းက၊ တုမှ တစ္ဆေ၊ ဤမြတ်နေသား
အမှူးထား၍၊ ရညားပါစေ” ဟု အမျှပေးဝေကာ သာဓု

အနုမောဒနာ ပြုခဲ့ကြလေသည်။

အချုပ်ဆိုရသော် အမရပူရ နေပြည်တော်၏ အနောက်တောင်ယွန်းယွန်း ဆယ်ယူဇနာကွာလှမ်းသော မကွေးမြို့တွင် မြို့သူကြီးမောင်ရွှေပြည့်သည် ဆရာတော် အရှင်ပညာတိက္ခကို အမှူးထား၍ ကြေးချိန်ပိဿာ ၂၆၅ ပိဿာ နှင့် ၅၀ ကျပ်သားရှိသော သီရိဃဏ္ဍာအမည်ရှိ ခေါင်းလောင်းတော်ကို မကွေး မြသလွန်ဘုရား၌ သက္ကရာဇ် ၁၂၀၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ငါးရက် သောကြာနေ့တွင် ချိတ်ဆွဲလှူဒါန်းခဲ့ကြောင်း ကမ္ပည်းတင်ခဲ့ခြင်း ဖြစ်လေ သည်။

ယခုအခါ ထိုခေါင်းလောင်းတော်ကို မြသလွန်ဘုရားရင်ပြင်တော်တွင် အုတ်တိုင်ထူဖြင့် စိုက်ထူထားကြောင်း တွေ့ရပါသည်။ (လွန်ခဲ့သော နှစ် ၂၀ ကျော်ကမူ အရှေ့ဘက်စောင်းတန်း မုခ်၏ လက်ဝဲဘက်တွင် အုတ်တံတိုင်း နှင့် ကပ်၍ ထားရှိခဲ့ပါသည်။) ခေါင်းလောင်းတော်ပါ ကမ္ပည်းစာများကို လေးလုံး တစ်ပါဒခံ ကဗျာစပ်ထုံးအသုံးအဖွဲ့ဖြင့် ရေးထိုးမှတ်တမ်းပြုခဲ့ကြောင်း တွေ့ရပါသည်။ သတ်ပုံသတ်ညွှန်း မှန်ကန်မှုရှိသလို အချို့သောနေရာများတွင် အမှားအယွင်းများပါကြောင်း တွေ့ရ၏။ လက်ရေးလက်သားမှာ ဝိုင်းစက် သေသပ်သည်။ တချို့သောနေရာများတွင် ခေါင်းလောင်းထိုးတံဖြင့် ကြိမ်ဖန် များစွာ ရိုက်ခတ်မိသောကြောင့် စာသားများ မေးမှိန်ကွယ်ပျောက်လုမတတ် ရှိနေကြောင်း တွေ့ရပါသည်။ စာကြောင်းရေအားဖြင့် ၈ ကြောင်းတိတိ ကမ္ပည်းတင်ခဲ့ပါသည်။

ခေါင်းလောင်းတော်တွင် အပြောက်အမွှမ်းခြယ်လှယ်မှု နည်းပါးပါ သည်။ ကွင်းချိတ်တွင် ခြင်္သေ့နှစ်ကောင်ခံ၍ တစ်ဖက်တစ်ချက်ရှိ ပေါင်းကိုင်း တွင် နယားလိမ်ကြေးကွေး၊ အထက်တွင် ကိန္နရာ ကိန္နရီ ဖိုမနှစ်ရုပ်ရှိကြောင်း တွေ့ရပါသည်။

ဤကား မကွေး မြသလွန်ဘုရားရှိ (သီရိဃဏ္ဍာ) ခေါင်းလောင်းတော်၏ သမိုင်းကြောင်းပေတည်း။



## ရတနာပုံခေတ် ခေါင်းလောင်းစာများ

ရတနာပုံခေတ်သည် မြန်မာနိုင်ငံ၏ ပဒေသရာဇ် အုပ်ချုပ်ရေးစနစ် ကျင့်သုံးရာ နောက်ဆုံးခေတ်ကာလဟု ဆိုရပေမည်။ မင်းတုန်းမင်းတရားကြီး ရတနာပုံနေပြည်တော်ကို ထူထောင်နန်းစံသည်မှစ၍ သီပေါမင်းနန်းကျသည် အထိ စည်ပင်ပွင့်လင်းခဲ့သော ကာလလည်း ဖြစ်ပေသည်။

ရတနာပုံမြို့တည် မင်းတုန်းမင်းတရားကြီးသည် သာသနာတော်စည်ပင် ပြန့်ပွားရေးကို တွန်းအားပေးဆောင်ရွက်ခဲ့သူဖြစ်၏။ ရပ်ဝေးဒေသများသို့ သာသနာပြုစေလွှတ်ခြင်း၊ ပဉ္စမသင်္ဂါယနာတင်ခြင်း၊ ပဋိကတ်တော်များကို ကျောက်ထက်အက္ခရာတင် ရေးထိုးစေခြင်းနှင့် သာသနိက ဒါနအလှူတော် အဖြစ် ဘုရားကျောင်းကန်ဇရပ်များကို ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။ ဤသို့ ဘုရင်မင်းတရားကိုယ်တိုင်က ဘာသာ၊ သာသနာတော်ကို ရိုသေကိုင်းရှိုင်း ခဲ့သည်ဖြစ်ရာ ပြည်သူပြည်သားတို့သည်လည်း အမျိုးဘာသာ သာသနာကို လေးစားမြတ်နိုးခဲ့ကြမည်မှာ အမှန်ပင်ဖြစ်လေသည်။ ထို့ကြောင့်ပင် ရှေးယခင် ရှိခဲ့ပြီးသော သာသနိက အဆောက်အအုံများ လှူဒါန်းခြင်း၊ ကြေးစည်ကြေး ခေါင်းလောင်းများ လှူဒါန်းခြင်း ဓလေ့သည် ရတနာပုံခေတ်တိုင်အောင် ဆက်လက်ရှင်သန်ခဲ့သည်ဟု ဆိုနိုင်လေသည်။

ရတနာပုံခေတ်ကာလတွင် နိုင်ငံအုပ်ချုပ်သူ မင်းဧကရာဇ်မှစ၍ အခြေခံ လူတန်းစားများအထိ ကြေးခေါင်းလောင်းများကို သွန်းလုပ်လှူဒါန်းလေ့ရှိ ခဲ့ပါသည်။ ငွေကြေးတတ်စွမ်းမှု အင်အားကိုလိုက်၍ ဃဏ္ဍာဒါနကို ပြုခဲ့ကြ သည် ဖြစ်သောကြောင့် ခေါင်းလောင်းများမှာ တစ်လုံးနှင့်တစ်လုံး ကြေးချိန် ရေ အနည်းအများ ကွာခြားကြောင်း လေ့လာရမိသည်။ ခေါင်းလောင်းလှူရ ခြင်း၏ ရည်ရွယ်ချက်မှာကား အစဉ်အလာမပျက် တူညီလျက်ရှိလေသည်။ အများစုမှာ သဒ္ဒါရုံတည်းဟူသော အသံသာမှုကို ရည်စူး၍ လှူဒါန်းခြင်း ဖြစ်ပါသည်။

ဤကဲ့သို့ လှူဒါန်းရခြင်းဒါနအကျိုးဆက်ကြောင့် နိဗ္ဗာန်ရွှေပြည်သို့ လျင်စွာမှုချရောက်ရပါလိုကြောင်း ဆုတောင်းကြသည်မှာလည်း ရှေးနည်း စဉ်လာ ဓမ္မတာပင်ဖြစ်၏။ ခေါင်းလောင်းကမ္ပည်းစာတစ်ခုတွင်မူ (အနာဂတော နောင်သောအခါ၌၊ ပူရိဘုတ္တမော ယောက်ျား-မြတ်သည်၊ ဟုတ္ဝာ-ဖြစ်၍) ဟု ဆိုသဖြင့် မင်းယောကျ်ားဆုကိုပါ ပန်ဆင်လေ့ရှိကြောင်း သိရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားဆုကို ပန်ဆင်နိုင်သော မင်းယောက်ျားဘဝကို ရှေးဦးရလိုမှုကို ဖော်ပြခြင်း ဖြစ်သည်။

ရတနာပုံခေတ်ကာလတွင် ရေးထိုးခဲ့သော ခေါင်းလောင်းစာများမှာ မြန်မာနိုင်ငံအနှံ့ရှိ ဘုရားကျောင်းကန်များတွင် များပြားစွာ တွေ့ရပါသည်။ ယင်းတို့အနက်မှ လက်လှမ်းမီရာ ခေါင်းလောင်းစာအချို့ကိုသာ တင်ပြသွားမည် ဖြစ်ပါသည်။

## လက်စွပ်ရှင်ဘုရားခေါင်းလောင်းစာ

> သပြေလက်ျာ၊ တောင်ဒီပါတွင်၊ ကောဇာအဖျောင့် သိကြားစောင့်သည့်၊ တစ်ထောင့်နှစ်ရာ၊ လေးဆယ်သာ၍ သက္ကစွန်းလစ်၊ ဤနှစ်အတွင်း၊ သီတင်းကျွတ်လ၊ ဆန်းစမပျက်၊ ဆဲ့နှစ်ရက်နေ့၊ သောကြာနေ့၌ စုံစေ့မပြက်၊ ကြည်းချိန်တွက်လျှင်၊ ခွက်ငါးဆယ်ပါ သုံးပိဿာနှင့် ကျပ်မှာငါးဆယ်၊ နေရက်ဝယ်လည်း ပျော်ဘွယ်မချို့၊ တရုတ်မြို့ဝင်၊ အမည်တွင်သည့် ရုံးပင်ရွာသစ်၊ နေသောခေတ်၌၊ ရှင်ချစ်သခင်၊ လက်စွပ်ရှင်ဟု၊ ခေါ်တွင်မမှား၊ မြတ်ဘုရားမှာ စိတ်ထားကြည်စွာ၊ သဒ္ဓါဒါန၊ နိဗ္ဗာနကို၊ ရစေအကြောင်း၊ ဆုယူတောင်း၍၊ ခေါင်းလောင်းတွင်မှတ်၊ စေတနာပြတ်လျက်၊ မြတ်အလှူတော်၊ ကိုနောက်ပေါ်သည်၊ ကြင်ဘော်နှံ့နှောင်း၊ သားမောင်ကောင်းနှင့် ပေါင်းသုံးယောက်မူ၊ ကောင်းစွာလှူသည်၊ နတ်လူသာခု ခေါ်စေသောဝ်။ ။”

ခေါင်းလောင်းစာ၏ စာကိုယ်တွင် စကားပြေဖြင့် ရေးထိုးခဲ့သည် မဟုတ်ပေ။ လေးလုံးတစ်ပါဒ၊ ကဗျာစပ်လင်္ကာဖြင့် မှတ်တမ်းတင်ခြင်း ဖြစ်၏။ ခေါင်းလောင်းလှူဒါန်းသော သက္ကရာဇ်မှာ မြန်မာအလို ၁၂၄၉-ခုနှစ် သီတင်းကျွတ်လဆန်း ၁၂ ရက် သောကြာနေ့ဖြစ်ကြောင်း သိနိုင်သည်။ သီပေါမင်း ပါတော်မမူမီ တစ်လအလိုတွင် သွန်းလုပ်ခဲ့ခြင်းဖြစ်၏။

ခေါင်းလောင်းသွန်းလှူသူ ကုသိုလ်ရှင်မှာ ကိုနောက်ပေါ် ဇနီးမောင်နှံနှင့် သား မောင်ကောင်းတို့ ဖြစ်သည်။ မြင်းခြံခရိုင်၊ တလုပ်မြို့ အဝင်အပါ ရုံးပင်ရွာသစ် လက်စွပ်ရှင်ဘုရားရင်ပြင်၌ ခေါင်းလောင်းကို လှူဒါန်းခဲ့သည် ဟု ဆိုပါသည်။ သို့ရာတွင် ယခုအခါ ရေစကြိုမြို့နယ်၊ ဇယမအုပ်စု၊ ဇယမ



ရွာရှိ ရွာလယ် မမွှာရုံရှေ့တွင် စိုက်ထူချိတ်ဆွဲထားကြောင်း လေ့လာရမိသည်။ မည်သည့်အကြောင်းများကြောင့် နေရာရွှေ့ပြောင်းထားရှိခဲ့မှန်း မသိရပေ။ အများအားဖြင့် ရှေးခေါင်းလောင်းများသည် မူလနေရာဟောင်း၌ မရှိတော့ဘဲ ဤကဲ့သို့ပင် နေရာသစ်များသို့ ရောက်ရှိနေတတ်ကြောင်း တွေ့ရပါသည်။

ခေါင်းလောင်းကမ္ပည်းစာအရ ကြေးချိန် ၅၃ ပိဿာနှင့် ၅၀ကျပ်သား ရှိကြောင်း သိရ၏။ ခေါင်းလောင်းတွင် အမွှမ်းတန်ဆာ အပြောက်ခြယ်လှယ် ထည့်တပ်မှု နည်းပါးသည်။ ခေါင်းလောင်းအထက်ပိုင်းတွင် ကြာမှောက်နှစ်ဆင့် ခံထားသည်။ လည်ရစ်ကွင်းချိတ်၌ နဂါးပုံများရှိပြီး အောက်ခံအရပ်မှာ ခြသေ့ နှစ်ရုပ်ဖြစ်လေသည်။

ရတနာပုံခေတ်လွန် အခြားခေါင်းလောင်းစာတစ်ခုမှာ ရေစကြိုမြို့ လေးမျက်နှာဘုရားဝင်းအတွင်း၌ တွေ့ရပါသည်။ ခေါင်းလောင်းအလှူရှင်တို့မှာ မယ်လှည့်မိသားစုတစ်ခုဖြစ်၏။ စေတနာသုံးတန်ပြဋ္ဌာန်းလျက် အလေးချိန် တစ်ရာကျော်မျှ စီလေးသော ခေါင်းလောင်းကို လှူဒါန်းခဲ့ကြောင်း သိရသည်။

ခေါင်းလောင်းသွန်း သက္ကရာဇ်မှာ “အစ်ဒွေး သက္ကဒ္ဒါရေနှဟု မာသ ပြာသို၊ မပိုတွက်ချက်၊ ဆန်း ၅ ရက်တွင်၊” ဟု မှတ်တမ်းပြုသဖြင့် မြန်မာ သက္ကရာဇ် ၁၂၇၂ ခု ပြာသိုလဆန်း ငါးရက်ဖြစ်ကြောင်း သိရသည်။ ခေါင်းလောင်းကမ္ပည်းစာကို လေးလုံးစပ်လင်္ကာဖြင့် ပြေပြစ်စွာ ရေးဖွဲ့စီကုံးထားလေသည်။ ၎င်းကမ္ပည်းစာကို အောက်တွင် ဖော်ပြပါသည်။

ကြောင်းရေ (၁)။ ။ မင်္ဂလာထွန်းတော်၊ ကျွန်းမြေအော်တွင် ကျေ့ကော်ရစ်လည်၊ ပယ်သန်းခြီသော၊ နဒီသလာ၊ ဆိပ်ကမ်းသာဝယ်၊ သညာမချို့ ရေကြိုမြို့၌

ကြောင်းရေ (၂)။ ။ လူတို့မှန်ကူ၊ သရန်ဆူဟု၊ တဆူမြတ်စွာ လေးမျက်နှာ၏၊ ဘဂဝါစောမြတ်၊ တောင်ဘက်ရပ်တွင်၊ လေးထပ်ပြဟွှစိုရင်း တရားတို့နှင့်

ကြောင်းရေ (၃)။ ။ မိုမိုဖြေ့ဝ၊ ခေါင်းလောင်းအမ မယ်လှည့်အမြိထင်ရှား၊ သမီးသားတို့က၊ သုံးပါးစေတနာ ပြ[illegible] ထန်းကာဖြင့်၊ မဟာပုညာ၊ ကုသလကို၊

www.burmeseclassic.com

www.burmeseclassic.com



ကြောင်းရေ (၄)။ ။ ရှုဆရွယ်ကာ၊ လောဟိတာကို၊ ရာကျော်ချိန်လောင်း၊ ပိဋ္ဌာပေါင်း၍၊ ကောင်းမှုအသစ်၊ သက္ကရာဇ်မှာ၊ အစ်ဒွေးသဏ္ဌာဒ္ဒါရေနှပ္ပ၊

ကြောင်းရေ (၅)။ ။ မာသပြာသို၊ မပိုတွက်ချက်၊ ဆန်း ၅ ရက်တွင် နှစ်သက်ချို့ညောင်း၊ ကျေးခေါင်းလောင်းကို၊ စုပေါင်းသွင်းပြု၊

ကြောင်းရေ (၆)။ ။ ထိုကောင်းမှုကို ယွှမျှော်ကိုး၊ နောင်အကျိုး၌ သိဘိုး ရွယ်မှန်း ဒါနခန်းကို မဂ်လန်းတင်ဆု ရောက်စေသောဝ်။ ။''

ခေါင်းလောင်းစာတွင် သတ်ပုံအမှားများပါသည်။ ''ပိဿာ'' ကို ''ပိဋ္ဌာ'' ဟု အသဒိသဒွေဘော် (အက္ခရာမတူဆင့်ခြင်း) နည်းဖြင့် ရေးထားပါသည်။ တစ်ဖန် လေးမျက်နှာဘုရား မြောက်ဘက်ရှိ ခေါင်းလောင်းတွင်မူ ကိုယ်ထည်အထက်ရစ်၌ ''ဆရာခင်'' ဟု ပါရှိသည်။ ခေါင်းလောင်းကြေးသွန်းပညာရှင်ဟု ယူဆရသည်။

ယင်းခေါင်းလောင်းကို ကိုလိုနီခေတ်ကာလ သက္ကရာဇ် ၁၂၇၂ ခု ပြာသိုလဆုတ် ၄ ရက်နေ့တွင် ရေစကြိုမြို့နေ ဦးစံလင်း ဒေါ်ဆယ်တို့က လှူဒါန်းခြင်းဖြစ်သည်။ ကြေးချိန်စုစုပေါင်း ၁၀၉ ပိဿာရှိပြီး ကိုင်း၏ အလေးချိန်ကို ၂၃ ပိဿာဟု ခွဲခြားဖော်ပြထားပါသည်။

ခေါင်းလောင်း၏ အောက်နားရစ် အထက်တန်း၌ ဘီလူးပန်းဆွဲ၊ လက်ယှက်ပုံများ ပါရှိသည်။ အထက်လည်ရစ်မှာ ကြာမှောက်နှစ်တန်းဆင့်ထားပြီး ပုစွန်တုပ်ကွေးအဖြစ် ခြသေ့်နှစ်စီးခံထားပါသည်။ ဝင်ရိုးမှာ ကြာဖူးဖြစ်၏။ ပေါင်းကိုင်း၌ မယ်သီတာခိုးခန်းကို သရုပ်ဖော်ရာတွင် ပန်းရထား၊ ဟာနုမာန်ဘီလူးရုပ်နှစ်ရုပ်၊ ရာမ မင်းသား မြားလေးကိုင်ထားသော အရုပ်တို့ကိုပါ ပြည့်စုံစွာ သရုပ်ဖော်သွန်းလုပ်ထားလေသည်။

မြန်မာသက္ကရာဇ် ၁၂၂၃ ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ ရက်နေ့ မွန်းတည့်ချိန်တွင် သွန်းလုပ်လှူဒါန်းသော ခေါင်းလောင်းတစ်လုံးကိုလည်း တွေ့ရပါသည်။ ရေစကြိုမြို့ ဖောင်တော်ဦးဘုရားဝင်း၊ မုခ်အဝင် လက်ယာဘက်၌ ရှိ၏။ ''ဖိုးရောက်မယ်ခါ၊ ကိုအောင်သာနှင့် ကုသိုလ်ရှင်များဖြစ်ကြ



သော ရှင်နှင်းခိုင်၊ ရှင်နှင်းစိုင်၊ ရှင်မြိုင်၊ ကိုပြု'' တို့ လှူဒါန်းထားခြင်းဖြစ်ပြီး ကြေးချိန် ၇၅ ပိဿာ ၇၀ ကျပ်သားစီးလေးပါသည်။

ရတနာပုံခေတ် ထိုးခေါင်းလောင်းစာ တော်တော်များများကို ရန်ကုန်မြို့ ရွှေတိဂုံဘုရားရင်ပြင်တော်ပေါ်တွင် တွေ့ရပါသည်။

ရွှေတိဂုံရင်ပြင်တော်၏ တနင်္ဂနွေထောင့် တံခွန်တိုင်အောက်တွင် ခေါင်းလောင်းတစ်လုံး ရှိပါသည်။ သက္ကရာဇ် ၁၂၃၃ ခု၊ ကဆုန်လဆန်း ၁၄ ရက် ၃ အင်္ဂါနေ့ ၂ ချက်တည်းကျော် နာရီပြန် ၁ ချက်အချိန်တွင် သွန်းလုပ်ချိတ်ဆွဲခဲ့သည်။ ခေါင်းလောင်းတော်ကို ''အဘိမဟာဂဏ္ဍာ'' ဟု ဘွဲ့မည်မှတ်ခဲ့ကြ၏။ သာသနာငါးထောင်တိုင်အောင် ဘေးရန်ကင်းဝေးလျက် တည်ပါစေဟု စာထိုးထားသည်။ ခေါင်းလောင်းချည်းသက်သက် ကြေးချိန် ၃၇၅ ပိဿာ၊ ပုစွန်တုပ်ကွေး ကြေးချိန် ၇၀ ပိဿာ၊ ကိုင်းသံချောင်း ၅ ပိဿာ၊ စုစုပေါင်း ပိဿာ ၄၅၀ အလေးချိန်စီးပါသည်။

ခေါင်းလောင်းတော်၏ ကုသိုလ်အလှူရှင်ဒါယကာမှာ တစ်ဦးတည်း မဟုတ်ပေ။ ညောင်ရွှေမြို့ ဇာတိချက်မြှုပ်ဖြစ်သော ဆရာတော် အရှင်နန္ဒမာလာ ဖြစ်ပါသည်။ ၄င်းနှင့်အတူ ကုသိုလ်ပါဝင်ကြသော ရဟန်းပုဂ္ဂိုလ်များမှာ ၁၅ ဦး ဖြစ်ပါသည်။ စမ်းချောင်း၊ ကြည့်မြင်တိုင်၊ တွံတေးတို့မှ လူပုဂ္ဂိုလ် ဒါယကာ၊ ဒါယိကာမများလည်း ပါဝင်လျက်ရှိ၏။

''အဘိမဟာဃဏ္ဍာ'' ခေါင်းလောင်းအလှူရှင်များသည် နိဗ္ဗာန်မရောက်သေးမီ ကာလ၌ သူတော်ကောင်းများ၏ တရားကို အလွယ်တကူကြားနာပါရစေ၊ အဖန်ဖန် ကြားနာပါရစေ၊ မှတ်သားနာယူနိုင်ပါမေ၊ ကောင်းစွာလိုက်နာကျင့်ကြံနိုင်ပါစေဟု ဆုမွန်တောင်း၏။ အပြစ်မရှိသော လောကီအကျိုးစီးပွားတို့သည်လည်း အလိုရှိတိုင်း ပြည့်စုံနိုင်ပါစေဟုလည်း ဆုတောင်းကြလေသည်။

အလှူရှင်တို့ အမျှဝေပုံမှာ စိတ်ဝင်စားဖွယ် ကောင်းလှပေသည်။ လှူဒါန်းရသော ကောင်းမှုအဖို့ဘာဂကို မိဘ ဘိုးဘွား ဆွေမျိုးဉာတကာ ဆရာသမားတို့အား အမျှဝေ၏။ သိကြား နတ်ပြဟ္မာ၊ မြို့ရွာတောတောင် ရေမြေနတ်မင်းများ ငရဲယမမင်းတိုင် အမျှဝေပါသည်။ ကျွန်ုပ်တို့နှင့်တကွ ထပ်တူထပ်မျှ အမျှရကြပါစေဟု ဆို၏။ ယင်းတို့၏ ကုသိုလ်ကောင်းမှုတွက်လည်း နှစ်သိန်းလေးသောင်း အထုရှိသော မဟာပထမဝီမြေကြီးကို စိုးမိုးကွပ်ကဲသော ဝသုန္ဓရေနတ်မင်းအား သက်သေတိုင်တည်ခဲ့ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သက္ကရာဇ် ၁၂၄၃ ခု ပြာသိုလဆုတ် ၂ ရက်နေ့တွင် သွန်းလုပ်လှူဒါန်းသော ခေါင်းလောင်းကို အင်္ဂါထောင့် ဇောစိညောင်ပင်အောက်တွင် တွေ့ရသည်။ ခေါင်းလောင်းဒါယကာများမှာ ဦးကျော်ဇံနှင့် ဇနီး ဒေါ်သော့၊ သားလေးယောက်တို့ ဖြစ်ပါသည်။ ကြေးချိန် ၆၃ ပိဿာစီးလေ၏။ အလှူရှင်တို့က မိမိတို့၏ ဒါနပြုမှုကို မိဘဆရာမှစ၍ ၃၁ ဘုံရှိ သတ္တဝါအားလုံးကို အမျှပေးဝေ၏။ "ကျွန်ုပ်နှင့်အတူ အမျှရ၍ ချမ်းသာကြသည် ဖြစ်ပါစေ" ဟုလည်း ကမ္ပည်းတင်ရေးသားပါသည်။

နောင်တော်ကြီး ဘုရားခြေရင်းရှိ သုတကာရီအသင်း တန်ဆောင်း နောက်ဘက်၌လည်း ခေါင်းလောင်းတစ်လုံးကို တွေ့ရသည်။ ယင်းခေါင်းလောင်းကို သက္ကရာဇ် ၁၂၄၅ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၁၁ ရက် တနင်္ဂနွေနေ့တွင် သွန်းလုပ်လှူဒါန်း၏။ ကုသိုလ်ရှင်မှာ ဦးသာဦးနှင့် တပည့်လက်သားများ ဖြစ်လေသည်။ ကြေးချိန် ၇၅ ပိဿာလေး၏။ ကြည့်မြင်တိုင် ထီးတန်းရပ်မှ ပန်းတဉ်းဆရာ ဆရာလန်းနှင့် ဆရာကြွယ်တို့က ခေါင်းလောင်းကို သွန်းလုပ်ပေးကြခြင်းဖြစ်သည်။ အဖိုးလက်ခ မည်မျှကုန်ကျသည်ကို မတွေ့ရပေ။ "တစုတို့ ကောင်းမှု နိဗ္ဗာန်ဆု သာစုနတ်လူ ခေါ်စေသော်" ဟု ဆုတောင်းသည်ကို လေ့လာရမိ၏။

ရွှေတိဂုံစေတီ၏ ရာဟုထောင့်ရှိ ခေါင်းလောင်းကို သက္ကရာဇ် ၁၂၄၇ ခုနှစ်တွင် သွန်းလုပ်လှူဒါန်းသည်ဟု သိရသည်။ ဒါနပြုသော ခေါင်းလောင်း ကြေးချိန်မှာ ၂၉၀ ပိဿာရှိ၍ လက်ခငွေ ၇၄၇ ကျပ် ကုန်ကျပါသည်။ ခေါင်းလောင်းဒကာများမှာ ဦးဖိုး၊ ဒေါ်ပိုင်းနှင့် သား ၇ ဦးဖြစ်သည်။ ဒါနပြုရသောအကျိုးကြောင့် အပါယ်လေးဘုံမှ ကင်းဝေးခြင်း၊ လူ့နတ်စည်းစိမ်နှင့် ပြည့်စုံရလိုခြင်း၊ နိဗ္ဗာန်ကို မျက်မှောက်ပြုလိုခြင်း စသည်ဖြင့် ဆုတောင်းကြသည်။ ကုသိုလ်ကောင်းမှုကို မိဘဆရာ ဉာတကာဆွေမျိုးနှင့် သတ္တဝါအားလုံးကို အမျှဝေလေသည်။

သက္ကရာဇ် ၁၂၄၄ခုနှစ် ထိုးခေါင်းလောင်းစာတစ်ခုတွင် "ဉာဏာဘိဝံသ သီရိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်တော်ရ ပရက္ကမဆရာတော် လှူသည်ဟု ဖော်ပြပါသည်။ ကြေးချိန် ၂၇၄ ပိဿာနှင့် ၂၀ ကျပ်သားရှိ၏။

သက္ကရာဇ် ၁၂၄၆ ခုနှစ် ကဆုန်လ၌ လှူဒါန်းသော မုန်ကင်းဆရာတော်၏ ခေါင်းလောင်းကိုမူ ဒေါ်လုံမလေး တန်ဆောင်းရှေ့တွင် တွေ့ရပါသည်။



ကြေးချိန်ပိဿာ ၂၆၀ ကျော်ရှိ၏။ ခေါင်းလောင်းကမ္ပည်းစာအရ သိရသည်မှာ ၁၂၄၀ ပြည့် နတ်တော်လခန့်လောက်တွင် စေတီတော်ကြီး၏ တောင်ဘက်မျက်နှာတွင်ရှိသော မဟာရံတား နှစ်ဆယ်ကျော်ခန့် ပျက်စီးသည်ကို ဂုဏာဘိသာရဝံသ ဘွဲ့တံဆိပ်တော်ရ မုန်ကင်းဆရာတော်က ပြုပြင်ခဲ့ကြောင်း သိရ၏။ တစ်ဖန် ၁၂၄၁ ခုတွင် ရွှေပန်းအိုး၊ ရွှေပန်းတိုင်၊ ရွှေပန်းခိုင် ၂၃ ခုတို့ကို "တကုစေတီတော်၊ ဖိနပ်တော်၌ တည်ထားစိုက်ထူ၍ ဆံတော်ဓာတ်မြတ်ကို နှစ်ကြိမ်မြောက် လှူဒါန်းပူဇော်လေသည်"ဟု ကမ္ပည်းစာက ဆိုပါသည်။ ၁၂၄၂ ခုတွင် "စေတီတော်မြတ်၏ အနောက်တောင်ယွန်းရောင်၊ အရပ်တွင် ဘုံနှစ်ဆင့်၊ အမြင့် ၅၀ ဘာသာကပ်သော ပိဋကတ်တိုက်ကြီးကို တည်ထားပြုစုတော်မူသတည်း" ဟု ခေါင်းလောင်းစာက ဆိုပြန်ပါသည်။

ဤအလှူဒါနကြောင့် နိဗ္ဗာန်သို့ရောက်လိုခြင်း၊ ဝဋ်ဆင်းရဲအပေါင်းမှ လွတ်ကင်းလိုသောကြောင့် ပြုသည်ဟု ဆရာတော်က ဖော်ပြသည်။ ဤကောင်းမှုအစုစုတို့ကြောင့် သဗ္ဗညုတဉာဏ်ကို ရပါလို၏ဟုလည်း ဆုတောင်းထားကြောင်း လေ့လာရမိသည်။


နောက်ထပ် တင်ပြလိုသော ရတနာပုံခေတ်ထိုး အခြားခေါင်းလောင်းစာတစ်ခုမှာ ပခုက္ကူမြို့ ရွှေကူဘုရား ပရိဝုဏ်အတွင်းရှိ တာဝတိံသာဘုရား အနောက်ဘက်မှ ခေါင်းလောင်းနှစ်လုံးအနက် မြောက်ဘက်မှ ခေါင်းလောင်း ဖြစ်ပါသည်။ ခေါင်းလောင်း၌ အမွှမ်းအပြောက်တန်ဆာဆင်မှု မရှိပါ။ အထက်ကွင်းချိတ်တွင် နရားနှစ်ရုပ်ရှိပြီး အောက်ခံ၌ ခြသေ့ရုပ်ရှိသည်။ အရုပ်အချို့မှာ အကြောင်းတစ်ခုခုကြောင့် ကျိုးပဲ့ပျက်စီးကုန်သည်ဟု ထင်ပါသည်။ ခေါင်းလောင်းကိုယ်ထည် အထက်ပိုင်းတွင် အရစ်သုံးရစ်ပါရှိပြီး ခရုပတ်ပုံဖော်ထား၏။ ကိုယ်ထည်ပေါ်တွင် စာကြောင်းရေ လေးကြောင်းဖြင့် ကမ္ပည်းတင်ထားပြီး ဘေးမှ သန်လျက်ထမ်း ဘီးလူးရုပ်တစ်ရုပ်ကို ရေးဆွဲပုံဖော်ထားလေသည်။ ကမ္ပည်းစာမှာ အောက်ပါအတိုင်း ဖြစ်၏။

"သားထုက္ကူရွာရှင် သွေးကြီးမင်းသည် ကျေးရွာနေ လူရှင်ရဟန်းတို့ကို တိုက်တွန်းနှိုးဆော်၍ ဆရာတော် ဦးမမ္မအား လျှောက်ထား တိုင်ပင်၊ အရှင်က အရှင်မှူး၍ သားထုက္ကူတိုက်အဝင် အရှင်ဘုရားတို့နှင့်တကွ ရသမျှ ပရိက္ခရာ ရွာကလာကျည်းများကို စွက်ထည့်၍

www.burmeseclassic.com

www.burmeseclassic.com





ပခုက္ကူမြို့နယ်၊ ရွှေကူစေတီတော်ရင်ပြင်ရှိ
တာဝတီံသာ ဘုရားခေါင်းလောင်းတော်

တဏာသွေ့ာ်ကြီးမင်း ဆရာရင်းတို့ ကိုယ်စိတ်နှစ်ပါး အားထုတ်သွန်းထုပြုလုပ်အပ်သော ကြေးချိန် ၂၀၀ ကျော်ရှိသော ခေါင်းလောင်းကြီးသည် အတိတ်သာသနာ ၂၄၁၅၊ အနာဂတ်သာသနာ ၂၅၈၅၊ သက္ကရာဇ် ၁၂၃၃ ခု နတ္တော်လွှန်း ၁၃ ရက် နံနက်သွန်းသဖြင့် အပျက်အစီးမရှိ အပြီးသို့ရောက်သတည်း။ ဤသို့ပြုရ၊ သဒ္ဓါ ဒါန၊ မြတ်ပုညကြောင့်၊ ဃဏ္ဍာအလှူ ပူဇော်သူအား ၄ ပါးအပါယ်၊ ကပ်သုံးဝယ်နှင့်၊ စသွယ်ရပ်ပြစ်၊ ၅ ရစ်ရန်သူ မကတ်မှု၍ သင်းကြူထုံပြန်၊ ပြည်နိဗ္ဗာန်ကို၊ ကေန်မုက္ခ၊ ရပါလို၏ မုတိမင်းကျွင်းသော လူနတ်သုံမ်းရမ်၊ ဘုံသုံးဝဠ် ကျင်လည်ကုန်ကျ၊ ဝေဏေယျကို၊ ရပါလေစေ၊ အမျှဝေသည်။ ကောင်းထွေသာခုခေါ်စေသောဝ်။ ။ ''

အထက်ပါ ခေါင်းလောင်းစာ၏ အလိုအရ သာသနာသက္ကရာဇ် ၂၄၁၅ မြန်မာသက္ကရာဇ် ၁၂၃၃ ခု နတ်တော်လဆန်း ၁၃ ရက်နေ့ နံနက်တွင် ခေါင်းလောင်းကို သွန်းလှူကြောင်း သိရသည်။ သာသနာသက္ကရာဇ်နှင့် မြန်မာသက္ကရာဇ်တို့ကို ပူးတွဲ မှတ်တမ်းတင်သော ခေါင်းလောင်းစာများကို အများ



အားဖြင့် အတွေ့ရနည်းပါသည်။ ယခုခေါင်းလောင်းတွင်မူ သက္ကရာဇ် နှစ်မျိုးလုံး ပူးတွဲရေးထိုးထားကြောင်း တွေ့ရ၏။

ခေါင်းလောင်းစာ အရေးအသားမှာ လင်္ကာစကားပြေ နှစ်ထွေဝန်းယှက်၍ ရေးထိုးထားသည်။ လေးပါးအပါယ်၊ ကပ်သုံးဝယ်နှင့်၊ ရှစ်သွယ်ရပ်ပြစ်၊ ငါးရစ်ရန်သူ၊ မကပ်မှု၍ဟူသော အပိုဒ်တွင် ဂဏန်းများဖြင့် ရေးသားထားသည်မှာ ထူးဆန်းသလိုရှိ၏။ ခေါင်းလောင်းလှူဒါန်းသူ ကုသိုလ်ရှင်သည် သဒ္ဓါဒါနကို ရည်ရွယ်၍ လှူသည်ဟု ဆို၏။ လှူဒါန်းရသော ကောင်းမှုကြောင့် နိဗ္ဗာန်ဆုကို ရပါလိုကြောင်း ဆုတောင်း၏။ ဘုံသုံးပါး၌ ကျင်လည်ကုန်သော ဝေနေယျသတ္တဝါများအတွက်လည်း အဖို့ဘာဂ အမျှပေးဝေ၏။ အလှူဒါနနှင့်ပတ်သက်သော မြတ်နိုးဖွယ်ရာ မြန်မာလူမျိုးတို့၏ ရေးထုံးစဉ်လာများ ဖြစ်ပေသည်။

ခေါင်းလောင်း၏ ကြေးချိန်ပိဿာမှာ ၂၀၀ ကျော်စီးလေသည်။ ဤခေါင်းလောင်း လှူဒါန်းရန်အတွက် သားထုက္ကူရွာအရှင် သွေးသောက်ကြီးမင်းက ကျေးရွာနေလူရှင် ရဟန်းတို့ကို နှိုးဆော်တိုက်တွန်းခဲ့ဟန် ရှိပါသည်။ အများပြည်သူတို့ လှူဒါန်းထည့်ဝင်သမျှ ကြေးငွေအသပြာတို့ဖြင့် ခေါင်းလောင်းကို သွန်းလုပ်ထားရာ စုပေါင်းဒါနဟု ဆိုရပေမည်။ ဦးစီးဦးဆောင်ပြုသူတို့မှာ ဆရာတော်ဦးမွေနှင့် သွေးသောက်ကြီးမင်းတို့ ဖြစ်လေသည်။

ခေါင်းလောင်းစာအလိုအရ သားထုက္ကူရွာသည် သွေးသောက်ကြီးမင်း အုပ်စိုးသော နယ်ပယ်အဆင့်အတန်းတွင် ပါဝင်သည်ဟု မှတ်ယူရန်ရှိလေသည်။ သွေးသောက်ကြီးဟူသည် အစုအမှုထမ်းများအတွက် လုပ်မြေနေမြေချထားပေးရာတွင် အုပ်ချုပ်ရသော မင်းမှုထမ်းဖြစ်၏။ သားထုက္ကူရွာရှင်ဟု ဆိုသဖြင့် သူကြီးရာထူးတာဝန်ကိုပါ ထမ်းရွက်ရသူ ဖြစ်သည်ဟု ယူဆနိုင်၏။

ရှေးအခါက သားထုက္ကူရွာသည် ယခုအခါ ပခုက္ကူမြို့ ရွှေကူဘုရား၏ တောင်ဘက်ခြမ်းအရပ်ဖြစ်သော ရွှေကူရပ်ကွက်ပင် ဖြစ်နိုးအံ့ ထင်ပါသည်။ သားထုက္ကူနှင့် ပတ်သက်၍ သမိုင်းမှတ်တမ်းများတွင် အဆိုအမျိုးမျိုး တွေ့ရသည်။

မြန်မာသက္ကရာဇ် ၁၁၉၀ ပြည့်နှစ်တွင် ရေးထိုးခဲ့သော သမန္တကျော်ခေါင် ကျောက်စာအလိုအရ မြစ်ကိုင်းနှင့် သားထုက္ကူသည် ပခန်းကြီးခရိုင် အနောက်တောင်ဘက် ရွာပေါင်း ၁၆၆ ရွာတွင် အပါအဝင်ဖြစ်ကြောင်း၊

www.burmeseclassic.com

www.burmeseclassic.com



သားထုက္ကူရွာတွင်မည့်ရွာကို စတင်ထူထောင်ခဲ့သူမှာ သမန္တကျော်ခေါင်၏ ဖခင်ဖြစ်ကြောင်း သိရ၏။ တစ်ဖန် ဘားမားဂေဇက်တီးယား ပခုက္ကူခရိုင်စကြိတ်စာအုပ်တွင် သက္ကရာဇ် ၁၁၇၆ ခုနှစ်တွင် မောင်ရွှေဘွင့်ဆိုသူက သားထုက္ကူရွာကို စတင်ထူထောင်ခဲ့သည်ဟု ဆိုလေသည်။ အထက်ပါ အဆိုနှစ်ရပ်၏ အချိန်ကာလညီညွတ်မှုကို ထောက်ဆ၍ သားထုက္ကူရွာကို စတင်ထူထောင်သူမှာ သမန္တကျော်ခေါင်၏ ဖခင် ဦးရွှေဘွင့်ဆိုသူပင်ဖြစ်သည်ဟု တွေးဆကောက်ယူကြလေသည်။

သို့ရာတွင် သားထုက္ကူမှ ပခုက္ကူဖြစ်လာသည်ဟူသော အဆိုမှာ ဆင်ခြင်ဖွယ်ရာဖြစ်လေသည်။ အချို့သုတေသီများက သားထုက္ကူမှ သထုက္ကူ၊ ထိုမှ ပခုက္ကူဖြစ်လာသည်ဟုဆို၏။ သားမြတ်ကို (သမြတ်) ဟူသော ဖတ်သံနှင့် ခေါ်ဆိုကြသည့် သဘောမျိုးဖြစ်၏။ အချို့ကလည်း (ပခန်းအုပ်ကူ) မှ ပခုက္ကူဖြစ်လာသည်ဟု ယူဆကြသည်။

မည်သို့ဆိုစေ သားထုက္ကူမှ ပခုက္ကူသို့ အဆင့်ဆင့် ပြောင်းလဲလာသည်ဆိုသော အဆိုကိုလည်းကောင်း၊ မြန်မာသက္ကရာဇ် ၁၁၇၆ ခုနှစ်တွင် ပခုက္ကူရွာကို စတင်တည်ထောင်သည်ဟူသော အဆိုကိုလည်းကောင်း တွေးဆဆင်ခြင်နိုင်ရန် သမိုင်းကွင်းဆက်တစ်ခုကို အောက်တွင် ဖော်ပြလိုက်ပါသည်။

“ကိုဖား သက္ကရာဇ်

သက္ကရာဇ် ၁၁၅၉ ခု နတ်တော်လဆန်းလေးရက်နေ့တွင် ပခုက္ကူရွာနေ ကိုဖားက ကျွန်ုပ် ဖိုးဖွားပိုင်မြေ သပြေပင် အရှေ့မြေရပ်ကို ငွေသုံးလို၍ ပေါင်ပါဆိုလျှင် ၄င်းတောင်းဆိုချက်အတိုင်း ပေါင်သည်။ ငွေမွှေ ၅၀ ကဲ။ ငွေချိမ် ၁၀၅နှင့် ပေါင်ပေသည်။ မြေမှာ ပခံအုပ်ဆီ မောင်မှိုင်းကို ပေါင်နှံထားသည့်ကာလ သိရှိသူ ဦးရွှေသီး။ ကိုရွှေပေါ်။ ကိုရွှေကြီးတို့ရှေ့ စာချုပ်ထားသည်။ စာစီစာရေး မောင်ရွှေအို။ ၄င်းနောက်ပေး ၅၀၂။ ။”

အထက်ပါ ငွေချေးသက္ကရာဇ်ကို ပခုက္ကူမြို့နယ် မန်ကျည်းပင်ပုရွာနေ ဦးလှပြေ့ထံမှ ရရှိသော ပုရပိုက်စုတွင် တွေ့ရသဖြင့် ကူးယူမှတ်တမ်းတင်ထားခြင်း ဖြစ်သည်။ ထိုပုရပိုက်စုကို စာရေးသူကိုယ်တိုင် ကူးယူမှတ်တမ်းတင်ခဲ့



ပြီးနောက် ပိုင်ရှင်လက်သို့ ပြန်လည်ပေးအပ်ခဲ့ပါသည်။ ယခုအခါ အထောက်အထားတစ်ရပ်အဖြစ် ထင်ရှားစေလိုသဖြင့် ပြန်လည်တောင်းခံကြည့်ရာ ခွေးမြည့်ပျက်စီးကုန်ပြီဖြစ်ကြောင်း သိရ၏။ ခိုင်လုံသော အထောက်အထားတစ်ရပ်ကို ဆုံးရှုံးလိုက်ရသည်မှာ ဝမ်းနည်းစရာပင်။ ။

## ရတနာပုံခေတ်လွန် ခေါင်းလောင်းစာ

ရတနာပုံ ခေတ်လွန်ကာလသို့ ရောက်သောအခါ၌လည်း မြန်မာတို့၏ ခေါင်းလောင်းအလှူဒါနသည် ပျောက်ပျက်မသွားခဲ့ပေ။ ဘုရားပုထိုးဂူကျောင်းစေတီများတွင် ခေါင်းလောင်းများ ချိတ်ဆွဲလှူဒါန်းခဲ့ကြပါသည်။ ထို့အတူ ခေါင်းလောင်းစာများ ရေးထိုးမှတ်တမ်းတင်ခဲ့ပေသည်။ သို့သော် အရေးအသားတိုးတောင်းလာ၏။ တချို့လည်း ရှည်လျားစွာ ဖွဲ့နွဲ့၏။ အက္ခရာရေးထုံးများခေတ်ကာလသို့ ရောက်လာပြီဖြစ်ကြောင်း သိရ၏။ သမိုင်းအတွက် အသုံးဝင်မှုမှာ မပြောပလောက်တော့ချေ။ သို့ဖြစ်ရာ ထိုခေါင်းလောင်းစာများမှ အနည်းငယ်ကိုသာ အကျဉ်းမျှ ဖော်ပြပေးသွားပါမည်။

ကြောင်းရေ (၁)။ ။ စီရံတိဋ္ဌတု သဒ္ဓမ္မေါ။ ဒွမေဟွန်းတု၊ သကာရစ်ါး အစိန္တေရ၊ သုံးလူ့အထွက်၊ သဗ္ဗညုမြတ်စွာဘုရား သာသနာအတွင်း၌ ကျုံးကျိုက်သဖြင့်

ကြောင်းရေ (၂)။ ။ အသင့်နှစ်လုံး။ စွဲသုံးအမုံ။ သံမညန့်သက်လှေ့ရှိသော မအူလေး၍၊ အောက်ဆိတ်ရွာနေ၊ ခေါင်းလောင်းတကာ ဘိုးသီး၊ ခေါင်းလောင်း အမ နှစ်မ မမယ်ရွှေ၊ မြေး -


ကြောင်းရေ (၃)။ ။ ဖြစ်သူ ကိုသာလယ်တို့က သတ္တုဒါန ခေါင်းလောင်းကြေးချိန် ၆၂ ဝိဝိကို လှူဒါန်းပူဇော်ပါသည် လှူပါရသော အကျိုးအားကြောင့် လေးပါးအပါယ်

ကြောင်းရေ (၄)။ ။ သုံးသွယ်သောကပ်၊ ရပ်ပြစ်ရှစ်တန်၊ ရန်သူမရှိ ကင်းရပါလို တောင်းဆုဆို၏။ ထိုထိုရပ်ဘုံ ဖော်သုံးစုံနှင့် ကျွယ်ကုံသက်ရှိ၊ စီးစိမ်တည်သည်ဖြစ်သော

www.burmeseclassic.com

www.burmeseclassic.com





သက္ကရာဇ် ၁၂၉၀ ပြည့်နှစ် မအူအောက်ဆိပ် ရွှေမုဋ္ဌောဘုရားရှိ ရတနာပုံခေတ်လွန် ခေါင်းလောင်း

ကြောင်းရေ (၅)။ ။ ဤကောင်းမှုအဘို့ကိုလည်း မိဘဆရာ ဉာတကာမှ အာဒိစသား ဘုံကိုးပါး၌ ပြေးသွားမရပ် ကိန်းဝပ်သန္ဓေ မှီကပ်နေသော သဗ္ဗေသတ္တာ အဝေရာကို

ကြောင်းရေ (၆)။ ။ မေတ္တာဝေမှု ပေးချေပြုသည် သာဓု သာဓု ခေါ်စေသောဝ်။ ၁၂၆၀ ပြည့်နှစ် နံယုံလပြည့်ကျော် ၁၀ ရက်နေ့ပြီးအောင်မြင်သည်။ ကောင်းမှု နတ်လူသာဓု ခေါ်စေသောဝ်။

ကြောင်းရေ (၇)။ ။ ၁၂၉၀ ပြေ့နှစ် မအူဘုရား ဒကာ ဦးရွှေအန့် သား ကိုဘိုးသင်၊ သမီး မစိုးမြင့်တို့က အသစ်ထပ်မံ သွန်းလောင်းသည်။ ကြေးချိန် ၆၉ နတ်လူသာဓု ခေါ်စေသောဝ်။ ။



ဤခေါင်းလောင်းတွင် စာကြောင်း ၇ ကြောင်း ရေးထိုးထားသည့် အနက် ကြောင်းရေ ၇ မှာ နောက်မှထပ်ဖြည့်ထားသော အလှူဒါယကာ သစ်တို့၏ ကမ္ပည်းစာ ဖြစ်ပါသည်။ စာစီရေးသားရာ၌ ကဗျာစကားပြေ နှစ်ထွေရောယှက် ပါဝင်နေပါသည်။

ခေါင်းလောင်း၏ အပြောက်အမွှမ်းတို့မှာ ပုစွန်တုပ်ကွေးသည် ခြသေ့် နှစ်ကောင်ခံ၍ ပေါင်းကိုင်းမှာ နရားပုံနှစ်ရုပ် ရှိလေသည်။ ၎င်းခေါင်းလောင်း ကို မအူရွာအောက်ဆိပ် ဘုရားကြီး၏ အနောက်ဘက်စောင်းတန်း မြောက်ဘက် ရင်ပြင်တော်ပေါ်တွင် တွေ့ရပါသည်။

ခေါင်းလောင်း၏ ဒါယကာများမှာ မအူအောက်ဆိပ်ရွာနေ ဦးဘိုးသိး နှင့် နှမဖြစ်သူ မမယ်ရွှေ၊ မြေး- ကိုသာလယ်တို့ ဖြစ်ကြပါသည်။ "နှယ်နီ။ မဦ" စသော ရွာပေါင်းတစ်ဆယ်ကျော်သည် ကူးခန်းကြီး (ပခန်းကြီး) နယ်၌ ပါဝင်ခဲ့ပြီး ပုခံခေတ်ကပင် စတင်၍ တည်ရှိခဲ့ကြောင်း သိရ၏။ ယခုအခါ မအူအောက်ဆိပ် မအူရွာမ၊ မအူအလယ်၊ မအူတောင် စသည်ဖြင့် ကွဲပြားခေါ်ဝေါ်ကြသော်လည်း တစ်ဆက်တည်းလို တည်ရှိကြသဖြင့် မအူ လေးရွာဟု လူသိများ ထင်ရှားပါသည်။

ခေါင်းလောင်း လှူဒါန်းသောကာလမှာ ရတနာပုံလွန်ခေတ် မြန်မာ သက္ကရာဇ် ၁၂၆၀ ပြည့်နှစ် နယုန်လပြည့်ကျော် ၁၀ ရက်နေ့ ဖြစ်လေသည်။ လှူဒါန်းစဉ်က ကြေးချိန် ၆၂ ပိဿာ ၈၀ ကျပ်သားရှိ၏။ လှူဒါန်းရသော အကြောင်းမှာ သဒ္ဒါနအကျိုးကို မျှော်ထိုးရည်သန် လှူဒါန်းခဲ့ခြင်း ဖြစ်သည်ဟု ဆိုပါသည်။

ခေါင်းလောင်းကိုယ်ထည်တွင် ရှေးဦးကမ္ပည်းတင်သောစာနှင့် နောက်ထပ် ဆင့်ထိုးသော ကမ္ပည်းစာဟူ၍ နှစ်မျိုးတွေ့ရသည်ဖြစ်ရာ မူလ ခေါင်းလောင်းကို ၁၂၉၀ ပြည့်နှစ်တွင် ဦးရွှေအုံ့သားဖြစ်သူ ကိုဘိုးသင်နှင့် သမီး မစိုးမြင့်တို့က အသစ်ထပ်မံပြုပြင်ပါသည်။ ထို့ကြောင့် မူလခေါင်းလောင်း အလေးချိန်ထက် ပို၍ စီးလေးလာခဲ့ရာ ခေါင်းလောင်းသစ်သည် ကြေးချိန် ၆၆ ပိဿာ၊ ဆွဲကိုင်း အစုံနှစ်စုံ (ပေါင်းကိုင်းနှင့် ပုစွန်တုပ်ကွေး) ပေါင်းမှာ ၈၀ ကျပ်သား၊ စုစုပေါင်း ၆၆ ပိဿာနှင့် ၈၀ ကျပ်သားရှိလာကြောင်း သိနိုင်သည်။

ဤခေါင်းလောင်းတွင် သတ်ပုံသတ်ညွှန်း၊ အကျအပေါက် တော်တော် များများ မှားယွင်းနေသည်ကို တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာအက္ခရာရေးထုံးတွင် အပျက် ၆ ပါးရှိရာ (အရေးအဖတ်၊ အဖြတ်အစပ်၊ ဗန္ဓ (အနက်) တို့ကြောင့် ပျက်ရခြင်းဖြစ်၏။ အထူးသဖြင့် အက္ခရာစာလုံးကို ပြောစကားအသံအားလိုက်၍ ရေးခြင်းကြောင့် ပညာကို ပြညာ (ပြင်ညာ)၊ ပူဇော်ကို (ပူစော်) ဗိုလ်ပါကို (ဗိုပါ) စသည်ဖြင့် အရေးပျက်ကြရပါသည်။

ဤခေါင်းလောင်းစာတွင် "မဗွေဟောတု" ကို အသံစကားအားလိုက်၍ ရေးထုံးပြုရာ "ဒွမေ ဟွန်းတု" ဟု မှတ်တမ်းပြုထားကြောင်း တွေ့ရသည်။ ဤသို့ အသံကြောင့် ရေးထုံးပျက်သော စပ်ထုံးကို ခေါင်းလောင်းစာတွင် အများအပြား တွေ့ရသည်။

| အမှား | = | အမှန် |
|---|---|---|
| အစိန္တေရ | = | အစိန္တေယျ |
| ကျုံကျိုက် | = | ကြုံကြိုက် |
| အသင့်နှစ်လုံး | = | အသင့်နှလုံး |
| စွဲသုံးအမှံ | = | စွဲသုံးအမှန် |
| သံမညန့်သက် | = | သံမည့်သက် |
| မအူလေး၍ | = | မအူလေးရွာ |
| အော်ဆိတ်၍ | = | အောက်ဆိပ်ရွာ |
| ကျယ်ကုံ | = | ကြွယ်ကုံ |
| စီးစိန် | = | စည်းစိမ် |
| သက္ကဒါန | = | သဒ္ဒါန |

ရတနာပုံခေတ်လွန် ခေါင်းလောင်းစာများကို နေရာအနှံ့ တွေ့ရပါသည်။ ရွှေတိဂုံစေတီ စနေထောင့် သပိတ်မှောက်ကျောက်တိုင်အနီး ဗောဓိပင်အောက်မှ ခေါင်းလောင်းတွင် -

(၁) သက္ကရာဇ် ၁၂၈၀ ပြေ့နှစ်၊ သီပေါအပိုင်၊ ပင်နင်ရွာနေ သိမ်တကာကြီး သားဖိုမှန်စီး

(၂) ဖိုးဝကြော်နှင့်ပါသော လူ ၃၀ ကျော်တို့နှင့်တကွ လှူဒါန်းပူဇော်ယသော အကျိုး



(၃) အားကြောင့် လေးတန်အပယ် သုံးသွယ်သော ကပ်ရပ်ပြစ်ရှစ်ပါး ငါးပါးရံသူ ဘေးမှ

(၄) သမျှ ကင်းစင်ပ၍ ချုပ်ခည်နိယာ နိဗ္ဗူတာသို့ လျင်စွာ ပေါက်ရောက်ယစေသော ဆုပန်ကြာ၍

(၅) များလှသတ်တဝါ ဝေနေရာတို့ ညီညာတစု ဤကောင်းမှုကို နတ်လူ သာဒု သာခု ခေါ်စေသော။"

ဟု ဖော်ပြကမ္ပည်းတင်ပါသည်။ လှူဒါန်းရက်စွဲကို အပြည့်အစုံ မဖော်ပြ။ ကြေးချိန် လုံးဝမပါဝင်သဖြင့် ပြည့်စုံမှု မရှိဟု ဆိုရပေမည်။ သာယာဝတီမင်း ခေါင်းလောင်းတော် တန်ဆောင်း၏ အနောက်ဘက်မှ ခေါင်းလောင်းကမ္ပည်းစာမှာ -

(၁) သက္ကရာဇ် ၁၂၅၃ ခုနှစ် တပိုတွဲလပြည့်ကျော် ၁၂ ရက်နေ့။ သီပေါမြို့ဝ်း။ စီရင်စုခွန်ကော

(၂) ရွာနေခေါင်းလောင်းတကာ ဖို့လွယ်မိဘဆွေမြို့ဝ်းတစုတို့၊ ခေါင်းလောင်းတကာ ဖိုးမံဟိန်မိဘ

(၃) ဆွေမြို့တစုတို့နှင့် လှူတန်သည်။ ရံဂုံမြို့ ရွှေတိဂုံစေတီတော်မှာ ပရိပေါဂစေ

(၄) တီ။ အရားခေါင်းလောင်းကျေးချိန်။ ၂၃၆၊ ၅ဝိကို သပျာလက်ခ ၆၅၂။ ဖိုသူတော်ဘလှူတန်သည်

(၅) ကောင်မှု။ နိဗ္ဗာန်ဆု သာခုခေါ်စေသော်။"

ဟု ဖော်ပြထားပါသည်။

အချုပ်ဆိုရသော် ရတနာပုံခေတ်လွန်ခေါင်းလောင်းစာများသည် အလှူမှတ်တမ်းအဆင့်သာရှိပါသည်။ သမိုင်းအထောက်အထားအနေဖြင့် အလွန်အားနည်းကြောင်း သုံးသပ်ရမိပါသည်။

www.burmeseclassic.com

# အခန်း (၃)

# ထင်ရှားသော
# မြန်မာ့ခေါင်းလောင်းများ

www.burmeseclassic.com

www.burmeseclassic.com

ယဉ်းကျေးမှု အမွေအနှစ်ဟူသည် အတိတ်ခေတ် သမိုင်းမှတ်တမ်းများကို ဖော်ထုတ်ပေးသော အနုပညာပစ္စည်းများ ဖြစ်လေသည်။ မြန်မာနိုင်ငံတွင် တွေ့ရှိရသော ရှေးခေတ် အနုပညာလက်ရာများနှင့် မြန်မာစာပေသည် မြန်မာတို့၏ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု စသည်တို့ကို အလုံးစုံမဟုတ်သည့်တိုင်အောင် တစေ့တစောင်း ဖော်ပြကြပါသည်။

ဤသို့ အတိတ်သမိုင်း မှတ်တမ်းကန့်လန့်ကာကို ဖွင့်လှစ်ပေးသော ရှေးဟောင်းယဉ်ကျေးမှု အနုပညာပစ္စည်းတစ်ရပ်မှာ မြန်မာ့ခေါင်းလောင်းကြီးများ ဖြစ်လေသည်။

ခေါင်းလောင်းဟူသည် ကန်စွန်းပွင့်ပုံသဏ္ဌာန်ကြေးကို သွန်းလုပ်ရသော တူရိယာတစ်မျိုးဖြစ်ပြီး တန်းတွင်ချိတ်ဆွဲ၍ သမင်ချိုစသည်တို့ဖြင့် တီးခတ်ရသည်ဟု တက္ကသိုလ် မြန်မာ့အဘိဓာန် အပိုင်း ၂ တွင် ပြဆိုထားလေသည်။

မြန်မာ့ခေါင်းလောင်းကြီးများကို ပုဂံခေတ်မှစ၍ အထည်ကိုယ်ဒြပ်ကြီးကြီးမားမားဖြင့် စတင်သွန်းလုပ်ခဲ့ပါသည်။ သို့ရာတွင် ကြေးကိုရွှေထင်မှတ်ခဲ့ကြသဖြင့် ဖျက်ဆီးကျူးကျော်ခြင်း၊ နှစ်ပေါင်းများစွာကြာသဖြင့် ပျက်စီးပျောက်ကွယ်ခြင်းများ ရှိခဲ့သဖြင့် ယခုအခါ ပုဂံခေတ်လက်ရာ ခေါင်းလောင်းကြီးများကို လုံးဝမတွေ့ရှိရတော့ပေ။ အင်းဝနှင့် တောင်ငူခေတ်ဆိုင်ရာ မွန်မြန်မာခေါင်းလောင်းကြီးများမှာလည်း ပေါ်တူဂီစစ်သားတို့ ကြေးရည်၊ သံရည်ကျိုချက်ကာ အမြောက်ဆန်သွန်းလုပ် ပစ်ခဲ့ကြသဖြင့် ပျက်စီးဆုံးရှုံးခဲ့ကြရကုန်သည်။ ၎င်းတို့အနက် တချို့တစ်လေသာ မထင်မရှား ကျန်ရစ်ခဲ့ပါသည်။



မြန်မာနိုင်ငံရှိ ဘုရားစေတီပုထိုးများမှ ထူးခြားသော ခေါင်းလောင်းကြီးများကို နိုင်ငံခြားသားများက ၎င်းတို့ နိုင်ငံကြီးများသို့ သယ်ယူသွားခဲ့ကြသည်လည်း ရှိ၏။ ထိုကဲ့သို့ သယ်ယူရာတွင် သူတို့ ယူငင်ရာသို့ မလိုက်လိုဟန်ဖြင့် ဆွဲငင်၍မရ။ မြစ်တွင်းသို့ သက်ဆင်းကြကုန်သော ခေါင်းလောင်းများလည်း ရှိလေသည်။ ထို့ပြင် နိုင်ငံတော်အစိုးရ၏ မေတ္တာရပ်ခံမှုကြောင့် ပြန်လည်ပေးအပ်ခြင်းခံရသော ပြည်တော်ပြန် ခေါင်းလောင်းများလည်း ရှိခဲ့သည်။

မြန်မာသက္ကရာဇ် ၁၁၁၆ ခုနှစ်တွင် သွန်းလုပ်သော ပဲခူးရွှေမော်ဓောဘုရားမှ ခေါင်းလောင်းမှာ ကလကတ္တားမှ ပြန်လည်တောင်းယူရရှိထားသော ခေါင်းလောင်းဖြစ်သည်။ ၎င်းခေါင်းလောင်းသွန်းလုပ်ချိန်က ပဲခူးတွင် ဗညားဒလခေါ် ဆင်ဝန်ဦးအောင်လှသည် ဖြဟိုင်းမိရာဇာ သေနာပတိဘွဲ့ယူ၍ မင်းလုပ်လျက် ရှိပါသည်။ အဆိုပါ ခေါင်းလောင်းကို ဗညားဒလ၏ ညီတော် ဥပရာဇာအိမ်ရှေ့မင်းက ကြီးကျယ်သော ပဌာန်းဇရပ်ကြီး ဆောက်လုပ်ပြီး ထိုဇရပ်၌ ချိတ်ဆွဲရန် သွန်းလုပ်ခဲ့ခြင်းဖြစ်လေသည်။ လိမ္မာတတ်ကျွမ်းသော ပန်းသွန်းပညာရှင်တို့ကြောင့် ဇရပ်ကြီးမှာ ဆန်းကြယ်လှပသော ပန်းချီပန်းပုလက်ရာများဖြင့် ခြယ်မှုန်းခဲ့ပုံကို ဤသို့ဖော်ပြကမ္ပည်းတင်ခဲ့သည်။

> "စရပ်အတွင်းအပြင်၌လည်း လူအပေါင်းတို့မြင်လျှင် သတိသံဝေဂရရန် ပြဟ္မာဘုံ၊ နတ်ဘုံ၊ အပါယ်လေးဘုံ ငါးရာငါးဆယ်ဇာတ်နိပါတ်၊ ဇာတ်ကြီးဆယ်ဘွဲ့တို့ကို အကျိုးအပြစ် အဋ္ဌုပ္ပတ္တိ အစဉ်အတိုင်း ရွှေမင်ဟင်္သာပြဒါး အထူးထူးသော ဆေးဖြူဆေးနက်တို့ဖြင့် တင့်တယ်ဆန်းကြယ်စွာ ပန်းချီတို့အား ရေးဆွဲစေ၏။"

ဤကဲ့သို့ မြန်မာ့ခေါင်းလောင်းများကို နိုင်ငံခြားသားတို့ ဖျက်ဆီးသယ်ယူမှုများ ရှိခဲ့သကဲ့သို့ ပြည်တွင်း အဖျက်သမားတို့ကြောင့် ဆုံးရှုံးရသော ခေါင်းလောင်းကြီးများ ပြန်လည်ရရှိသော ခေါင်းလောင်းကြီးများလည်း ရှိကြောင်း လေ့လာရမိပါသည်။

မြန်မာသက္ကရာဇ် ၈၅၅ ခုနှစ်တွင် သွန်းလုပ်သည်ဟု ရက်စွဲပါသည့် မုတ္တမ ကျိုက်ဖျင်ဘုရားမှ ခေါင်းလောင်းကြီးသည် နိုင်ငံခြား ပယောဂကြောင်း

www.burmeseclassic.com

www.burmeseclassic.com



သော ပြည်တွင်းသူခိုးများကြောင့် ပြည်ပသို့ ပါလုနီးနီး ရှိခဲ့ရသည်။ မုတ္တမ တောင်ထိပ် ကျိုက်ဖျင်စေတီတော်မှ တောင်အောက်သို့ သယ်ချပြီးလျှင် မြစ်ထဲမှ လှေဖြင့် တစ်ဆင့်သယ်ရန် ကြိုးစားကြစဉ် လူအများမြင်ကြ၍ ခေါင်းလောင်းကြီးကို သူခိုးတို့ ပစ်ပြေးကြရာမှ ပြန်လည်ရရှိခဲ့ခြင်း ဖြစ်လေသည်။ ထိုခေါင်းလောင်းကြီးကို တောင်ထိပ်ရှိ မူလနေရာဟောင်းသို့ ပြန်၍တင်ရန် ခဲယဉ်းသောကြောင့် မုတ္တမမြစ်ကမ်း၌ရှိသော (မြသိန်းတန်) စေတီတော်ရင်ပြင်တွင် ထားရှိခဲ့ရသည်။

ထိုခေါင်းလောင်းကြီး၏ ဒါယကာမှာ မမ္မစေတီမင်းကို လုပ်ကြ၍ နန်းတက်သော သားတော် ဗညားရံမင်း ခန့်ထားသည့် မွန်အမတ် မြို့စားကြီး သမိန်လဂွမ်းဗြုဖြစ်သည်။ မြို့စားကြီးသည် ဆရာတော်ကြီး မဟာဗိချာ သီရိသုဓမ္မဗိချာ၏ စီမံဆော်နှိုးချက်အရ သက္ကရာဇ် ၈၅၅ ခု နတ်တော်လဆုတ် ၁ ရက် တနင်္ဂနွေနေ့တွင် လှူဒါန်းခဲ့ခြင်းဖြစ်သည်ဟု ယဉ်ကျေးမှုအရာရှိ မွန်းဦးဗိုကေ၏ မှတ်တမ်းအရ သိရှိရလေသည်။

ဤသို့ အတိတ်ခေတ်သမိုင်းကြောင်းကို ပြန်လည်ဖော်ပြနေသော ခေါင်းလောင်းကြီးများကို ခေါင်းလောင်းစာကမ္ပည်းမှတ်တမ်းများကြောင့်လည်း ထိုခေတ် ထိုအချိန်ကာလက လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး စသည့်အကြောင်းအရာမျိုးစုံကို လေ့လာအကဲခတ်ခွင့် ရခဲ့ပါသည်။ အထူးသဖြင့် မင်းကွန်းခေါင်းလောင်းတော်ကြီး၊ စဥ့်ကူးမင်းခေါင်းလောင်းတော်နှင့် သာယာဝတီမင်းခေါင်းလောင်းတော်တို့သည် အတိတ်သမိုင်းတို့မှ ထင်ရှားကျော်ကြားသော ခေါင်းလောင်းတော်များဖြစ်သည်ဟု ဆိုနိုင်လေသည်။

## မင်းကွန်းခေါင်းလောင်းတော်

မြန်မာနိုင်ငံ၌သာမက ကမ္ဘာတွင်ပါ ထင်ရှားကျော်စောသော မြန်မာ့ခေါင်းလောင်းကြီးတစ်ခုမှာ မင်းကွန်းခေါင်းလောင်းတော်ကြီး ဖြစ်လေသည်။

ဘိုးတော်ဘုရားအမည်ရှိ ဗဒုံမင်းသည် မန္တလေးမြို့တစ်ဖက်ကမ်း မင်းကွန်းအရပ်၌ သူ၏ကောင်းမှုတော်ဖြစ်သော မင်းကွန်းပုထိုးတော်ကြီး၏ အနီးတွင် ခေါင်းလောင်းတော်တစ်ခု ချိတ်ဆွဲလှူဒါန်းရန် ကြံစည်စိတ်ရှိခဲ့သည်။ ကြံရည်ချက်အတိုင်းလည်း သက္ကရာဇ် ၁၁၇၀ ပြည့်နှစ် ကဆုန်လဆန်း ၅



ရက်နေ့တွင် မင်းကွန်းရေလယ်ကျွန်းအရပ်၌ ပွဲသဘင်ကြီးစွာခံ၍ ခေါင်းလောင်းကြီးကို စတင် သွန်းလုပ်ပါသည်။

ခေါင်းလောင်းတော် သွန်းလုပ်ရာတွင် ကြီးကြပ်ကွပ်ကဲရသူမှာ ပန်းတဉ်းဝန် နန္ဒကျော်သူဖြစ်၏ ခေါင်းလောင်းတော်ကို ကြေးညိုဖြင့် သွန်းလုပ်ထားခြင်းဖြစ်ပြီး ရွှေစငွေစများကို ခေါင်းလောင်းကြီး၏ ကြေးသားထဲတွင် မြုပ်နှံထည့်သွင်းခဲ့သည်ဟု ဆိုလေသည်။

ခေါင်းလောင်းတော်သွန်းလုပ်စဉ်က "စနစ်ပုံစံ အဆုတ်အတက် အချိုးအစား ထူးပါးနိမ့်မြင့်" ညီအောင် ပုံကြမ်းသွန်း၍ အပေါ်မှ ဖယောင်းပုံ သွန်းပါသည်။ ခေါင်းလောင်းစနစ် ပုံစံကပ်သော ဖယောင်းသား၏ အလေးချိန်မှာ ၄၅၃၃၇ ကျပ်သားရှိ၏။ ဖယောင်းပုံဖော် ခေါင်းလောင်းတော်၏ အရပ်ကား "အောက်အနားက ခြသေ့်ခံပလ္လင်အထိ ၇တောင် ၁မိုက် ၄သစ်၊ ခြသေ့်ခံ ၁တောင် ၄သစ်၊ ခြသေ့်ခံရပ် ၃တောင် ၂မိုက်၊ ပေါင်းကိုင်း ၁တောင် ၄သစ်၊ ခေါင်းလောင်းအချင်း ၁၁တောင် ၄သစ်၊ အဝန်း ၃၃တောင် ၁မိုက် ၄သစ်" ဖြစ်ကြောင်း သိရသည်။ မင်္ဂလာအခါတော် ကျသည်နှင့် "ငါးရာတစ်ဆယ်သော ဖိုတို့ဖြင့်" ကြေးရည် စတင်ကျိုချက်ကာ သွန်းလောင်းရပါသည်။ သွန်းလောင်းရန် စင်ကြယ်သော ကြေးသားရည်၏ အလေးချိန်မှာ ၆၅၈၇၇ ပိဿာနှင့် ကျပ်သား ဖြစ်သည်။ ကြေးရည်စတင်သွန်းလောင်းသော ရက်မှာ ၁၁၇၀ ပြည့်နှစ် နယုန်လဆန်း ၁၄ ရက်မှသည် လပြည့်ကျော် ၃ ရက်နေ့ထိ ၅ ရက်မျှကြာမြင့်ခဲ့သည်။ ခေါင်းလောင်းတော်သွန်းလုပ် ပြီးပြေသည့်ကာလတွင် "ပန်းတဉ်းဆရာ လက်သမားမကျန် ညှပ်ကိုင်မလွတ် ဟုံးနတ် ပူဇော်သမား ပုဏ္ဏားမကြွင်း ပညာသည်ဟူသမျှတို့အား ရတနာမိုးကြိုးကာရွာသို့ သပြာကြေးငွေ ပုဆိုးအင်္ကျီ ခေါင်းပေါင်းဦးရစ်ဆုလာဘ်များစွာ" ပေးသနားချီးမြှင့်တော်မူကြောင်း သိရသည်။

ခေါင်းလောင်းတော် စတင်ပုံဖော်သွန်းလောင်းသည့် ကဆုန်လဆန်း ငါးရက်နေ့၌ပင် ခေါင်းလောင်းတော်၏ ပေါင်းကိုင်းကို တစ်ပြိုင်နက် သွန်းလုပ်ခဲ့ဟန် ရှိပါသည်။ ပေါင်းကိုင်းသွင်းရန်ရှိသည့် ဖိုစကို ကြေးစ၍ ကျိုချက်စေကြောင်း ဗြိုဟ်နတ်၊ ဟုံးနတ်၊ နတ်ကြီး ၁၅ ပါးများကိုလည်း ပူဇော်ပသခဲ့ကြောင်း သိရ၏။ ခေါင်းလောင်းပေါင်းကိုင်း သွန်းလုပ်ရာတွင် ကြေးချိန်ညီမျှ

www.burmeseclassic.com

www.burmeseclassic.com



ကုန်ကျခဲ့သည်ဟု မဖော်ပြသော်လည်း ပိုသောကြေးချိန်များကိုမူ တိကျစွာ ဖော်ပြခဲ့ကြောင်း အောက်ပါအမိန့်တော်အရ သိရပါသည်။

''ခေါင်းလောင်းတော်ကြီး ပေါင်းကိုင်းသွန်းရာက ကြေး ၁၁၈၀၉ ပိဿ ကျန်သည်မှာ အလျှင်ငွေတော် အဘိုးချေပြီး ခေါင်းလောင်း ၂ လုံးကို သွန်းစေ။ ခေါင်းလောင်း ၂လုံးသွန်းသည့်ပြင် ကျန်ကြေးကို အဘိုးမချေသေး။ ခေါင်းလောင်းများကို လောက်သမျှ သွန်းစေ။ သွန်းရမည့်ခေါင်းလောင်း လောင်းပုံ အဘိုးငွေတော် ထုတ်၍ပေး။ မသွန်းရ၊ ကျန်ခေါင်းလောင်းပုံကို ဥစ္စာရှင်တို့သို့ ပြန်၍အပ်။

၁၁၇၁(နှောင်း) တန်ခူးလပြည့်ကျော် ၈ ရက်နေ့ နာခံ ဖေယျနော်ရထာ တွင်ပြန်။''


ဤမျှ ထုထည်ကြီးမား၍ အလေးချိန်စီးသော ခေါင်းလောင်းတော်ကြီးကို မင်းကွန်းဘက်ကမ်း ချိတ်ဆွဲမည့်နေရာသို့အရောက် ရွှေ့ပြောင်းသယ်ဆောင်ရန်မှာ ကြီးမားသော ဝန်ထုပ်ဝန်ပိုးကြီးတစ်ခု ဖြစ်သည်။ ဘိုးတော်ဘုရားသည် ခေါင်းလောင်းတော်ကြီး ရွှေ့ပြောင်းသယ်ယူချိတ်ဆွဲရန် မည်ကဲ့သို့ စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်းကို ရှေးဦးစွာ မှူးမတ်အရာရှိများနှင့် ညှိနှိုင်းတိုင်ပင်ပါသည်။ သို့သော် မည်သူမျှ အဖြေမရှာနိုင်သဖြင့် ခေါင်းလောင်းတော်ကြီး ရွှေ့ပြောင်းချိတ်ဆွဲရေးအတွက် စွမ်းဆောင်ပေးနိုင်မည့်သူကို ရန်ကုန်မှ ရှာယူပေးရန် ဆင့်ခေါ်မိန့် ထုတ်ပြန်ခဲ့ရပေသည်။

''ခေါင်းလောင်းတော်ကြီးကို အနောက်ဘက်သို့ မည်သို့ဆောင်ယူမည်။ အမေးတော်ရှိလျှင် ဆောင်နိုင်ယူနိုင်မည့်အကြောင်း လက္ခဏာနှင့် ရှိခိုး သံတော်ဦး မတင်နိုင်ရှိကြသည်။

ဟံသာဝတီရန်ကုန်မှာ ခေါင်းလောင်းတော်ကြီးကို ဆောင်ယူနိုင်မည်ဟု ဝန်ကြီးစည်းကြီး သင်္ဘော ------ အချုပ်အတင် စက်ဆင်စက်လုပ် တတ်ကျွမ်းသူတို့ကို သင်္ဘောသားဖြစ်စေ၊ ရန်ကုန်မြို့နေဖြစ်စေ မြန်မာကုလား မည်သူမဆို ဟံသာဝတီမြို့ဝန်က စစ်မေးမြန်းပြီးလျှင် ဟံသာဝတီမြို့ဝန်ကိုယ် ရွှေဖဝါးတော်အောက် ခေါ်ယူဆန့်တက်လာရမည့် အကြောင်းနှင့် မှာထား၍ အမြောက်ဝန်ကို ရန်ကုန်မြို့သို့ ခန့်ထားသွားစေ။ ။

၁၁၇၀ တော်သလင်းလပြည့်ကျော် ၁၃ ရက်နေ့ပြန် အမိန့်တော်။''





**စစ်ကိုင်းမြို့ ကောင်းမှုတော် ဘုရားတောင်ရင်ပြင်ရှိ**
**စစ်ကိုင်းမင်းသား၏ ခေါင်းလောင်း**

သို့ရာတွင် ဘိုးတော်ဘုရား၏ ဆန္ဒကို မည်သူက ကူညီလျက် စီမံကွပ်ကဲခဲ့ကြောင်း အထောက်အထား မတွေ့ရပါ။ မည်သို့ဆိုစေ မြန်မာတို့၏ တန်ခိုးပတ္တိဖြတ်ထိုးဉာဏ်ကား ပိရိသေသပ်၍ အံ့မခန်းရှိလှသည်။ ခေါင်းလောင်းတော်ကြီးကို အလွယ်တကူ ပြောင်းရွှေ့ရန် စီမံကွပ်ကဲခဲ့ပုံမှာ ဤသို့ ဖြစ်လေသည်။

ရှေးဦးစွာ ခေါင်းလောင်းတော်၏ အောက်ခြေမှမြေသားကို ဖောင်နှစ်စင်းဝင်နိုင်စေရန် တူးဖြို၍ ယက်ထုတ်ပစ်ခဲ့သည်။ ခေါင်းလောင်းတော်၏ အောက်မှ ရေပေါ်သားများကို ကြိမ်ဝါးတို့ဖြင့် ဖွဲ့ယှက်၍ မတင်ပေးခဲ့သည်။ ထို့နောက် ခေါင်းလောင်းတော်ရှိရာ အရပ်မှ မြစ်ဆိပ်သို့တိုင်အောင် ဖောင်

www.burmeseclassic.com

www.burmeseclassic.com



နှစ်စင်းဝင်နိုင်ထွက်နိုင်သော တူးမြောင်းကြီးတစ်ခုကို တူးဖော် ဖောက်လုပ်စေသည်။ ထိုနည်းတူ မင်းကွန်းတစ်ဖက်ကမ်းရှိ ဧရာဝတီမြစ်ဆိပ်မှသည် ခေါင်းလောင်းတော်ကြီး ချိတ်ဆွဲထားရှိမည့် နေရာသို့လည်း တူးမြောင်းကြီး တစ်ခု ဖောက်လုပ်စေပါသည်။

ထိုစဉ်က ပဒေသရာဇ်ဘုရင်များ၏ အာဏာစက် မည်မျှကျယ်ပြန့်ကြောင်းကို သိသာနိုင်ပါသည်။ တူးမြောင်းများ ဖောက်လုပ်မှုအတွက် လူအင်အား မည်မျှ သုံးစွဲခဲ့ရကြောင်းကို တိကျစွာ မသိရသော်လည်း ထိုခေတ်၏ လူမှုရေး ကွာဟချက်နှင့် အခြေခံလူတန်းစာတို့၏ ဘဝသရုပ်ကို ခန့်မှန်းနိုင်ပါသည်။ သို့ရာတွင် အခြေခံလူတန်းစားတို့သည် မြန်မာလူမျိုးတို့၏ အထွတ်အမြတ်ထားရာ သာသနာရေးကိစ္စ ဖြစ်သဖြင့် လုပ်အားအလှူကို ကြည်ဖြူနှစ်သက်စွာ ဖြည့်ဆည်းပေးခဲ့ကြမည်မှာ အမှန်ပင် ဖြစ်လေသည်။

၁၁၇၂ ခု တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်နေ့နာခံ ဖေယျနော်ရထာပြန်၊ အမိန့်တော်တွင် -

“ခေါင်းလောင်းတော်ကြီးကို အနောက်ဘက်မြစ်ကမ်းက ခေါင်းလောင်းတော် ထားရပ်သို့တင်ရန် တူးမြောင်းတူးမည်မှာ ထောင်ရှိသံကွင်းတတ်လူတို့နှင့် အကျဉ်းရှိလူတို့ကို သံကွင်းတပ်ပြီးလျှင် အကြီးအကြပ် ခန့်ထား၍ ယခုကပင် မြောင်းကို တူးနှင့်စေ။ ။”

မြောင်းဖော်ခြင်းလုပ်ငန်းမှာ အကျဉ်းသားတို့ဖြင့် လုံလောက်ခဲ့ဟန်မတူပါ။ လေ့တော်သားစုပါ ပါဝင်လာခဲ့ကြောင်း တွေ့ရ၏။ တူးမြောင်းများ ဖောက်လုပ်မှု ပြီးပြေသောအခါ ခေါင်းလောင်းတော်၏အောက်မှ အလံနှစ်ဆယ်၊ အတောင်ရှစ်ဆယ်ရှိသော မင်္ဂလာဖောင်တော်နှစ်စင်း တည်ဆောက်၍ ပိုးခင်းကာ ရွှေပိန်းချသည်။ ဖောင်တော်ကို ကရဝိတ်ငှက်ရုပ်ပုံဖော်၍ ပိုးတွန့်အခင်းများ ခင်းစေသည်။ ဝါဆိုဝါခေါင် ရေဖောင်ဖောင်ကာလတွင် ဧရာဝတီမြစ်ရေသည် တူးမြောင်းများမှသည် ခေါင်းလောင်းထားရှိရာ ဖောင်တော်အောက်ခြေသို့တိုင်အောင် စီးဝင်လာသည်။ ဤသို့ဖြင့် မင်္ဂလာဖောင်နှစ်စင်းပေါ်မှ မင်းကွန်းခေါင်းလောင်းတော်ကြီးသည် ဧရာဝတီမြစ်ကို ဖြတ်ကူးလျက် မင်းကွန်းစေတီတော်အနီးသို့ အလွယ်တကူပင် ရောက်ရှိခဲ့လေသည်။

မင်းကွန်းခေါင်းလောင်းတော်ကြီး ဆောင်ယူတင်လှူတော်မူသည့် အစီ



အစဉ်နှင့်ပတ်သက်၍ ကုန်းဘောင်ဆက် မဟာရာဇဝင် ဒုတိယတွဲ၊ စာမျက်နှာ ၁၈၄ တွင် ဤသို့ မှတ်တမ်းတင်ခဲ့ပါသည်။

“မင်းကွန်းပုထိုးတော်ကြီး တစ်ဖက်အလယ်ကျွန်းတွင် ကြေးချိန်ပိဿာငါးသောင်းကျော်တို့ဖြင့် သွန်းလုပ်တော်မူသော ခေါင်းလောင်းတော်ကြီးကို အနောက်ဘက် ပုထိုးတော်ကြီးသို့ ဆောင်ယူတင်လှူတော်မူမည်ကို စီရင်တော်မူသည်ကား...

ခေါင်းလောင်းတော်ကြီး အောက်မြေကို ဖောင်ထည့်သာအောင်တူးယူစေပြီးလျှင် အလံ ၂၀ ရှိသော ကရဝိတ်ဖောင်တော်နှစ်စင်းကို ခေါင်းလောင်းတော်ကြီး အောက်ဆီတည့်တည့်တွင် တည်လုပ်စေသည်။ ဖောင်တော်နှစ်စင်း အလုပ်အဆောင်ပြီးပြေလျှင် ပိုခင်း၍ ဖောင်တော်ကို ရွှေပိန်းထည့်တော်မူသည်။ ဖောင်တော်တည်ရပ်ကသည် မြစ်ဆိပ်သို့ဆိုက်အောင်ကိုလည်း ဖောင်ချောင်းတည် လုပ်စေသည်။ အနောက်ဘက်မှာလည်း ပုထိုးတော်ကြီးမြောက် ဧရာဝတီမြစ်ဆိပ်ကမ်းကသည် ခေါင်းလောင်းတော်တည်ရာအဆိုက် ဖောင်ချောင်းတူးလုပ်စေသည်။ ခေါင်းလောင်းတော်အောက်တည် လုပ်သည့် ကရဝိတ်ဖောင်တော်နှစ်စင်းတွဲမှစ၍ အလုပ်အဆောင်အလုံးစုံပြီးပြေ၍ ဝါဆိုဝါခေါင်ရေပြည့်လျှမ်းသကာလ ဖောင်တော်နှစ်စင်းတွဲသည်။ ခေါင်းလောင်းတော်ကြီးကို ရွက်ဆောင်လျက် ရေပေါ်တွင်နေသည်။ ထိုအခါ ဆင်ဖြူများသခင် ဘဝသျှင်မင်းတရားကြီး ဘုရားကိုယ်တိုင် လှော်ကား၊ လက်သင်၊ ရွှေလှေရွှေလောင်း မြစ်လုံးညီးလျက် ပွဲသဘင်စုံနှင့် ဖောင်တော်ကို ခြံရံထုတ်ယူ၍ အနောက်ဘက် ခေါင်းလောင်းတော် တင်လှူမည့်အရပ်သို့ ဆောင်ယူတော်မူပြီးလျှင် ပွဲသဘင်ကြီးစွာ ခံတော်မူ၍ ခေါင်းလောင်းတော်ကြီးကို စီရင်ဆွဲလှူတော်မူ၏။”

ဤမျှထုထည်ကြီးမားလှသော မင်းကွန်းခေါင်းလောင်းတော်ကြီး၏ အောက်တွင် လူည်းနှစ်စီး လှည့်ရှောင်နိုင်သည်ဟု ဗြိတိသျှမှတ်တမ်းများက ဆိုလေသည်။ ထို့ပြင် ခေါင်းလောင်းကြီး၏ အတိုင်းအတာများမှာ အပြင်ဘက်အချင်းသည် နှုတ်ခမ်းဝ၌ ၁၆ပေ ၃လက်မရှိသည်။ အတွင်းဘက်နှုတ်ခမ်းဝအထက် ၄ပေနှင့် ၈လက်မနေရာ၌ အချင်းသည် ၁၀ပေ ရှိသည်။ ခေါင်းလောင်းကြီး၏ အမြင့်သည် ၁၁ပေနှင့် ၆လက်မရှိ၍ အပြင်ဘက်အမြင့်သည်

www.burmeseclassic.com

www.burmeseclassic.com



၁၂ ပေရှိလေသည်။ အတွင်းထိပ်ပိုင်း၏အချင်းသည် ၈ပေနှင့် ၆လက်မရှိလေသည်။ ခေါင်းလောင်းကြီး၏အထုသည် ၆ လက်မမှ ၁၂လက်မထိရှိ၍ အလေးချိန်မှာ အကြမ်းအားဖြင့် တန်ချိန် ၈၀ခန့်ရှိမည်ဟု အင်္ဂလိပ်တို့က ခန့်မှန်းဖော်ပြကြသည်။

သို့ရာတွင် ကုန်းဘောင်ဆက် မဟာရာဇဝင်တွင် ဖော်ပြထားသော အတိုင်းအတာအရ အလေးချိန်ကို တတိကျကျ တွက်ချက်ယူသော် ထိုထက်ပို၍ အလေးချိန်စီးကြောင်း သိရသည်။ မြန်မာတို့ကမူ ခေါင်းလောင်းကြီး၏ အလေးချိန်ကို "မမင်းဖြူ မှန်မှန်ပြော"ဟု နေနံသင့် သင်္ချာနည်းဖြင့် အမှတ်အသားထားကြပါသည်။ အဆိုပါ နံသင့်သင်္ချာနည်းအရ တွက်ယူက (၅၅၅၅၅) ပိဿာရရှိပြီး ပိဿာ ၁၀၀၀ လျှင် ၁.၆၉၂၉ တန်ဖြစ်သောကြောင့် အဆမတန်စီးလေးလွန်းနေမည် ဖြစ်ပါသည်။ မတစ်လုံးချေ၍ (မင်းဖြူမှန်မှန်ပြော) အဆိုအရ ကြေးချိန် ၅၅၅၅ ကို တန်ချိန်ဖွဲ့လျှင် ၉၀.၅၂ တန်ရှိသည်ဟု တွက်ရနိုင်ပါသည်။ ကမ္ဘာတွင် တတိယအကြီးဆုံး ခေါင်းလောင်းဖြစ်သည်ဟု မြန်မာ့စွယ်စုံကျမ်း အတွဲ ၂ တွင် ပြဆိုထားသော်လည်း ရှေးဟောင်းသုတေသနထုတ်၊ ရှေးဟောင်းအဆောက်အအုံများ ပြင်ဆင်ချက်စာရင်းတွင် ကမ္ဘာ့ ဒုတိယ အကြီးဆုံးခေါင်းလောင်း ဖြစ်သည်ဟု ပြဆိုထားလေသည်။

၁၉၈၂ ခုနှစ် မတ်လထုတ် (Guideness Book of World Records) စာအုပ် စာမျက်နှာ-၂၃၈ တွင် "လက်ရှိအသုံးပြုလျက်ရှိသော အလေးချိန်အကြီးဆုံးခေါင်းလောင်းမှာ တန်ချိန် ၁၀၁ ဒဿမ ၄ ရှိသော မြန်မာနိုင်ငံ မန္တလေးမြို့နယ်ရှိ မင်းကွန်းခေါင်းလောင်းဖြစ်သည်" ဟု ဖော်ပြထားပါသည်။ ၄င်းဖော်ပြချက်သည်ပင် မှန်ကန်မှုအနီးစပ်ဆုံး မရှိသေးဟု ဆိုချင်ပါသည်။ ရှင်းပါအံ့။

ဒေါက်တာတိုးလှ၏ (နှစ်ဆယ်ရာစု၏ မဟာလူသား) စာအုပ်ပါ မင်းကွန်းပုထိုးတော်ကြီး ခေါင်းလောင်းစာတော် ကမ္ပည်းတော်ကြီးတွင် ဖယောင်းမဲပြီး ခေါင်းလောင်းတော်၏ အလေးချိန်ကို ၆၅၈၇၂၆၀ မက အသပြာကျပ်ချိန်ရှိသော စနစ်ပုံဟု ဖော်ပြကြောင်း တွေ့ရ၏။ ဖယောင်းသားအလေးကို ဖယ်ထုတ်ပြီးပါက ကြေးချိန် ၆၅၄၁၉၂၃ ကျပ်သားရှိရမည်ဟု



ဆိုနိုင်ပါသည်။ သို့သော် ကြေးစင်သွန်းရည်ကိုပင် ဖော်ပြရာ၌ ၆၅၈၇၇.၁ ပိဿာဟု ပြဆိုထားသည်ကို တွေ့ရ၏။ စင်စစ်ကြေးရည်ကျိုသွန်း ပိဿာ ၆၅၈၇၇.၁ ပိဿာအနက် ခေါင်းလောင်းတော်၏ ကြေးသားပိဿာချိန်မှန်မှာ ၆၅၄၁၉ ပိဿာနှင့် ၂၃ ကျပ်သားဟုဆိုနိုင်ပြီး ပိုလျှံကြေးသားမှာ ၄၅၇ ပိဿာနှင့် ၈၇ ကျပ်သားရှိသည်ဟု တွက်ရပါသည်။ ယင်းပိုလျှံကြေးသားကို အရည်ကျိုသွန်း၍ မြေးတော်စစ်ကိုင်းမင်းသားက ခေါင်းလောင်းတစ်လုံး သွန်းလုပ် လှူဒါန်းခဲ့ပြန်ရာ ကြေးချိန်မှာ ၄၈၇၄၅ ကျပ်သားရှိကြောင်း တွေ့ရသဖြင့် အထက်ပါ ခေါင်းလောင်းတော်ကြီး၏ ပိုလျှံကြေးထက် အနည်းငယ်သာ ပိုနေကြောင်း ကိုက်ညီစွာ တွေ့ရပါသည်။

ထို့ကြောင့် မင်းကွန်းခေါင်းလောင်းတော်ကြီး၏ အမှန်ကြေးချိန်သည် ၆၅၄၁၉ ပိဿာနှင့် ၂၃ ကျပ်သားရှိသည်ဟု ဆိုနိုင်ပါသည်။ (ပေါင်းကိုင်းချိတ်၏ အလေးချိန် မပါဝင်သေးပါ။) အဆိုပါပိဿာချိန်ကို ပိဿာ ၁၀၀၀ လျှင် ၁.၆၉၂၉ တန်ဖြင့် တွက်ချက်ယူပါက တန်ပေါင်း (၁၁၀.၇၅) တန်ရပါသည်။ သို့ဖြစ်ရာ မင်းကွန်းခေါင်းလောင်းတော်၏ အလေးချိန်မှာ တန် ၁၁၀.၇၅ တန်ရှိကြောင်းသိနိုင်လေသည်။

### တွက်ချက်ပုံ

| | | ပိဿာ ကျပ်သား |
|---|---|---|
| ဖယောင်းသားချိန် + သွန်းရမည့်ကြေးချိန် | = | ၆၅၈၇၂.၆၀ |
| ဖယောင်းသားချိန် | = | ၄၅၃.၃၇ |
| သွန်းရမည့်ကြေးချိန် | = | ၆၅၄၁၉.၂၃ |
| တစ်ဖန် | | |
| ကြေးရည်ကျိုသန့်စင်ချိန် | = | ၆၅၈၇၇. ၁ |
| သွန်းရမည့်ကြေးချိန် | = | ၆၅၄၁၉.၂၃ |
| သွန်းပြီးပိုလျှံကြေးချိန် | = | ၄၅၇.၈၇ |

ထို့ကြောင့်

မင်းကွန်းခေါင်းလောင်းတော်

www.burmeseclassic.com

www.burmeseclassic.com



သွန်းကြေးချိန်ပေါင်း = ၆၅၄၁၉ ပိဿာ ၂၃ ကျပ်သား
တန်ဖွဲ့ပါက ပိဿာ ၁၀၀၀ လျှင် ၁.၆၉၂၉ တန်ဖြစ်သောကြောင့်

= (၆၅၄၁၉.၂၃ × ၁.၆၉၂၉ တန်) / ၁၀၀၀

= ၁၁၀.၇၅ တန်

မည်သို့ဆိုစေ Guidness Book of World Records စာအုပ်ပါ လက်ရှိအသုံးပြုလျက်ရှိသော အလေးချိန် အကြီးဆုံးခေါင်းလောင်းမှာ မင်းကွန်းခေါင်းလောင်းဖြစ်သည်ဆိုသော အချက်မှာမူ အမှန်ပင် ဖြစ်ပါသည်။

ခေါင်းလောင်းကြီးကို မူလကသတ္တုပြားဖုံးထားသော သုံးချောင်းပူးယက်မကြီး၌ ချိတ်ဆွဲထားသည်။ ထိုယက်မကြီးသည် ကျွန်းတိုင်ကြီးများကို ငုံ၍ ဆောက်လုပ်ထားသော အုတ်တိုင်းကြီး နှစ်တိုင်ပေါ်တွင် တင်ရှိထားခဲ့သည်။ ခေါင်းလောင်းကြီးမှာ ဟိုဘက်သည်ဘက် မလှုပ်နိုင်ချေ။ ခေါင်းလောင်းကြီးကို ထောက်ထားသည့် အုတ်တိုင်ကြီးများသည် ၁၈၃၉ ခုနှစ်၊ မြေလျှင်ဒဏ်ကြောင့် အက်ပွဲပျက်စီးခဲ့ဖူးသည်။ ခေါင်းလောင်းကြီးမှာလည်း မြေပြင်နှင့် ထိလုခမန်း ပြုတ်လျှောကျခဲ့၏။ အောက်သို့ လုံးဝပြုတ်ကျမသွားစေရန် ခေါင်းလောင်းနှုတ်ခမ်းများ အောက်မှ သစ်သားတုံးကြီးများဖြင့် ထောက်ပေးထားခဲ့ရသည်။

၁၈၉၆ ခုနှစ်သို့ရောက်မှ သံမဏိတိုင်များဖြင့် ထောက်ခံ၍ သံယက်မနှစ်ချောင်းဆင့်ကာ ပြန်လည်ထူထောင် ချိတ်ဆွဲခဲ့ရသည်။ ၁၉၅၆ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့တွင် စစ်ကိုင်းကို ဗဟိုပြု၍ လျှင်ပြင်းထန်စွာ လှုပ်ခဲ့သော်လည်း ခေါင်းလောင်းတော်ကြီးမှာ လုံးဝ ထိခိုက်ပျက်စီးခြင်း မရှိခဲ့ပေ။ ဘုရားပုထိုးစေတီ အများစုမှာ ပြိုပျက်ဆုံးပါးမှု များခဲ့သည်။ စစ်ကိုင်းနှင့် အင်းဝတစ်ဝိုက်တွင် ယခုထက်တိုင် တွေ့မြင်ရသေးသော ဘုရားစေတီပျက်တို့မှာ ထိုငလျင်၏ဒဏ်ကို ခံခဲ့ရသောကြောင့် ဖြစ်လေသည်။

## စဉ့်ကူးမင်း ခေါင်းလောင်းတော်

စဉ့်ကူးမင်း၏ ဖခင်ဖြစ်သော ဆင်ဖြူရှင်မင်းသည် ကိုယ်လေးချိန်မျှသော ပေါင်ချိန် ၁၇၀၊ ရွှေချိန် ၄၇ ပိဿာနှင့် ၃၅ ကျပ်သားကို မျက်ပါးခတ်





ရန်ကုန်မြို့၊ ရွှေတိဂုံ စေတီတော်ရင်ပြင်ရှိ
စဉ့်ကူးမင်း ခေါင်းလောင်းတော်

စေပြီး စေတီတော်ကြီးအား ဆက်သွားဖူးမှ ဖိနပ်တော်အထိ ရွှေအပြည့်မွမ်းမံစေသည်။ ထို့ပြင် ထီးတော်သစ်လည်း တင်လှူခဲ့သည်။ ဤကဲ့သို့ ထီးတော်တင်လှူချိန်၌ စေတီတော်ကြီးသို့ လှူဒါန်းရန် သွန်းလုပ်နေသော ခေါင်းလောင်းကြီးသည် ပြီးပြေချောမောခြင်း မရှိခဲ့သေးပေ။ ထို့ကြောင့်...

> "ကြေးစင်အချိန် တစ်သောင်းငါးထောင်ငါးရာငါးဆယ်ငါးပိဿာ အကျပ်ငါးဆယ်ရှိသော ခေါင်းလောင်းတော်ကြီး မပြီးမပြေသည့်ကိုလည်း ပြီးပြေအောင် သွန်းလုပ်ရမည်ဟု ပန်းတဉ်းဝန် ပညာဒေဝကို ထားတော်မူခဲ့၍ လုပ်ဆောင်ရသည်" ဟု ကုန်းဘောင်ဆက် မဟာရာဇဝင်၌ မှတ်တမ်းတင်ခဲ့ပါသည်။"

www.burmeseclassic.com

www.burmeseclassic.com



ခမည်းတော် ဆင်ဖြူရှင်လက်ထက်တွင် မပြီးပြတ်သည့် ခေါင်းလောင်းကြီးကို စဉ့်ကူးမင်းသည် ပြီးမြောက်အောင်မြင်သည်အထိ သွန်းလုပ်စေခဲ့သည်။ အလွန်သာယာသော အသံမြည်သောကြောင့် ခေါင်းလောင်းကြီးကို "မဟာဃဏ္ဍာ" ဟူသောဘွဲ့ကိုပေး၍ သက္ကရာဇ် ၁၁၄၀ ပြည့်၊ တပိုတွဲလဆန်း ၁ ရက်နေ့တွင် ရင်ပြင်တော်၏ ရာဟုထောင့်တွင် တင်လှူခဲ့လေသည်။

သို့ဖြစ်ရာ စဉ့်ကူးမင်းလက်ထက်တွင် လှူဒါန်းသည့်အတွက် စဉ့်ကူးမင်းခေါင်းလောင်းဟု ခေါ်ကြသော ခေါင်းလောင်းကြီးသည် အမှန်စင်စစ်မှာ ဆင်ဖြူရှင်မင်းတရားကြီး၏ ခေါင်းလောင်းဖြစ်ပါသည်။ တစ်နည်းဆိုရသော် ယခုစဉ့်ကူးမင်းခေါင်းလောင်းဟု အများကခေါ်နေကြသော ခေါင်းလောင်းသည် ဆင်ဖြူရှင်မင်းတရားကြီး၏ ခေါင်းလောင်းသာ ဖြစ်လေသည်။ စဉ့်ကူးမင်းသည် ခမည်းတော်၏ မပြီးမပြတ် အဆုံးသတ်မသွားနိုင်သော ကိစ္စကို ပြီးဆုံးခြင်းရောက်အောင် ဆောင်ရွက်ပေးခဲ့သူသာဖြစ်ကြောင်း သိနိုင်သည်။ စင်စစ် သက္ကရာဇ် ၁၁၃၆ ခုနှစ် မတိုင်မီ၊ အင်းဝ ဆင်ဖြူရှင်မင်းလက်ထက်တွင် ခေါင်းလောင်းတော်ကို သွန်းလုပ်ခဲ့ရာ မပြီးပြတ်ခဲ့ချေ။ သားတော် စဉ့်ကူးမင်းလက်ထက်သို့ရောက်မှ ပြီးစီးခဲ့သည်။ သက္ကရာဇ် ၁၁၄၀ ပြည့်တွင် ချိတ်ဆွဲလှူဒါန်းခဲ့ခြင်း ဖြစ်လေသည်။

စာကြောင်းရေ ၁၂ ကြောင်းရှိသော စဉ့်ကူးမင်း ခေါင်းလောင်းကြီး၏ ပုစွန်တုပ်ကွေးတွင် နဂါးရုပ်များကို ထုလုပ်ထားသည်။ ပေါင်းကိုင်းအလယ်တွင် နတ်သားရုပ်ရှိသည်။ အောက်တွင် ခြသေ့်ရုပ်များကို တစ်ဖက်တစ်ကောင်စီ ရုံထား၏။ ၎င်း၏ ဘေးတစ်ဖက်တွင် နတ်သားရုပ်နှင့် အခြားတစ်ဖက်တွင် နတ်သမီးရုပ်များ ခြံရံထားသည်။ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲ ဖြစ်ပွားသည့် အချိန်ထိ ဤခေါင်းလောင်းကြီး၏ ပေါင်းကိုင်းမှာ ပန်းတဉ်းလက်ရာဟူ၍ ခြသေ့်ရုပ် တစ်ဖက်တစ်ကောင်စီသာ ရှိခဲ့ပါသည်။ ခေါင်းလောင်းကိုလည်း တန်ဆောင်းဖြင့် ယခုကဲ့သို့ မထားဘဲ ရင်ပြင်တွင် ကျွန်းတိုင်ကြီးနှစ်လုံးကို တန်းပစ်၍ ချိတ်ဆွဲထားခဲ့ပါသည်။ ခေါင်းလောင်းကိုယ်ထည်တွင် အဆင်တန်ဆာ အင်းကွက်များကိုလည်း ရေးထိုးမှတ်တမ်းပြုထား၏။

ခေါင်းလောင်းစာအလိုအရ မဟာဓမ္မရာဇာဓိပတိဘွဲ့ အမည်ရ စဉ့်ကူးမင်းသည် သဒ္ဓါ၊ သတိ၊ ဟိရီ၊ ဩတ္တပ္ပ၊ သုတ၊ စာဂ၊ ပညာစသည့် သူတော်



ကောင်းတရား ၇ ပါး၊ ဒါန၊ သီလ၊ ပရိစာဂ စသော မင်းကျင့်တရား ဆယ်ပါးနှင့် ပြည့်စုံသည်ဟု သိရ၏။ ထို့ပြင် ဘုရားအလောင်း သူတော်ကောင်းတို့ ကျင့်အပ်သော တရားတို့နှင့်လည်း ပြည့်စုံသည်ဟုဆို၏။

ခေါင်းလောင်းတော်၏ စာကြောင်းရေ ၁၀ တွင်...

"ဤခေါင်းလောင်းကြီးကို ထို၍ နတ်ရွာမက်ဖို့ဆုကို ခံနိယူသဖြင့် သဒ္ဓါဒနပူဇော်စိမ်သောငှာ သာသနာတော် နှစ်ထောင်သုံးရာ နှစ်ဆယ့်နှစ်နှစ် သက္ကရာဇ် ၁၁၄၀ တပိုတွဲလဆန်း ၁ ရက် ၄နေ့ ညဉ့် ၃ ချက်တီးကျော် ဟံသာတနက္ခတ် မွန်တည်တူရာသီ မြတရင်နေ့ရာသီ ၅ နဝင် ကြိုက်သော ကောင်မြတ်သော မင်္ဂလာကြက်သရေရှိသော အခါ၌ ဗိဿာ ၁၅၅၅၅ ရှိသော ကြေးတို့ဖြင့် အချင်း ၅ အရပ်ဂ့္ဂ.၂ လုမ်ပတ် ၁၅ အထူ ၂ ရှိသော ခေါင်းလောင်းကြီးကို သွန်းစေ၍ ဆံတော်ရှင် စေတီတော်မြတ်အား ပူဇော်တော်မူသည်။" ဟူ၍ ကမ္ပည်း ရေးထိုးဖော်ပြသည်။

ခေါင်းလောင်းတော်ကို သက္ကရာဇ် ၁၁၄၀ ပြည့် တပိုတွဲလဆန်း ၁ ရက်၊ ဗုဒ္ဓဟူးနေ့ ညဉ့်သုံးချက်တီးကျော်၌ ချိတ်ဆွဲပူဇော်ပါသည်။ ကြေးချိန် ပိဿာ ၁၅၅၅၅ ဖြစ်၏။ အချင်းငါးတောင်၊ အရပ် ခုနစ်တောင် နှစ်မိုက်၊ လုံးပတ် တစ်ဆယ့်ငါးတောင်နှင့် ထု နှစ်မိုက်နှင့် လက်ငါးသစ် ရှိလေသည်။ မဟာဃဏ္ဍာ ဘွဲ့အမည်ကမ္ပည်းတပ်၍ ရွှေတိဂုံဘုရားရင်ပြင်တော်တွင် ချိတ်ဆွဲရန် လှူဒါန်းခြင်း ဖြစ်လေသည်။

ခေါင်းလောင်းစာတွင် မင်းကြီးသည် မိမိပြုခဲ့သာ ကုသိုလ်ကောင်းမှု အစုအစုအတွက် ဆုတောင်း၍ အမျှဝေပါသည်။ ဆုတောင်းစာမှာ ရှည်လျားစွာ ဖွဲ့နွဲ့စီကုံးထားပါသည်။ ၎င်းကို ဤသို့ ကမ္ပည်းတင်ကြောင်း လေ့လာရမိသည်။

"ဤသို့လျှင် သဒ္ဓါဒါနဝတ္ထု ပုဇ္ဇောရသော ကောင်းမှုတော်ကြောင့် ဒါနစသော ပါရမီကို ဖြည့်စွက်ဆောင်ရွက်၍ ပညာဓိက သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော် အထူးထူးဖြင့် သုမ်ဉီလူနတ် ပရိသတ်တို့အား တရားတည်း ဟူသော အောင်ဆုပေး၍ ချမ်းသာသုခ နိဗ္ဗာနသို့ တင်ပို့ရသည် ဖြစ်လိုသော။ ။ ဘဝကြီးငယ် ကျင်လည်သမျှ သုဂတိဘဝ လူမင်းနတ်မင်

www.burmeseclassic.com



အဖြစ်ကိုသာရ၍ နတ်လူဗြဟ္မာ သတ္တဝါအပေါင်တို့သည် ချစ်ကြည် အပ်သော အရာနှိုက် သာယာသဖြင့် ကျူရင့်သော ကရဝိတ်ငှက်ပင် အသံကို နှစ်သိမ့်သကဲ့သို့ ကြောက်စေအပ်သော အရာနှိုက် ကုသမင် ပုဏ္ဏက အာဠ္ဝကတို့ အသံကဲ့သို့ အလိုရှိရာ အရပ်တိုင် ကြာနှမ် သော အာဏာပါရသောအသံနှင့် ပြည့်စုမ်သည်ဖြစ်လိုသောဝ် အကြောင် ကြောင် အလိုရှိအပ်သော တောင်တအပ်သော အကြောင်းသည်ရှိ၏ ထိုထိုရ်အလိုရှိအပ် တောင်တအပ်သော အကြောင်အကျိုးသည် နှစ်လုမ် ကြံကာမျှဖြင့် ပြည့်စုမ်သည်ဖြစ်လိုသော် အကြောင်အကြောင် အလိုမရှိအပ် မတောင်တအပ်သော အကြောင် သဘာဝသည်ရှိ၏။ ထိုထို အလိုမရှိ အပ် မတောင်ပါအပ်တော သဘာဝမွှအလုပ်စုမ်ကို တရံတဆစ်မျှ မကြိမ် မတွေမမြင် မကြားရသည်ဖြစ်လိုသော အရိမေတ္တေယ ရှင်တော် ဘုရားပွင့်တော်မူသောအခါ လူသုပ္ပါးတို့၏ အထွတ်ဝိသုဒ္ဓိနတ် ဖြစ်လပ် ထွန်ပူသော ဗျာဒိပွန်းကို ပန်ဆင်ရသည် ဖြစ်လိုသော ဖြစ်ဖြစ်သမျှ သံသရာဝယ် သဗ္ဗညုတ ဉာဏပါရမီကို ဝသီဘူတ ပြည်စွမ်းရှက် ဆောင် အခေါင်အမြတ် ဗုဒ္ဓတ္တစရိယ လောကတ္ထစရိယကို နှလုမ် အလိုပြည်သည်အတိုင် ဆောင်ရွက်နိုင်သည် ဖြစ်လိုသော။ ။"

စဉ့်ကူးမင်းသည် ဆုတောင်းပြီးသည့်အခါ ကောင်းမှုကုသိုလ်ကို အမျှ ဝေပါသည်။ အမျှဝေရာ၌ ...

"ကျေးဇူးအထူးကြည်လှသော မယ်တော် အမိဘုရားခွည်တော် ဆင်ဖြူရှင် ဘဝရှင်မင်းတရား ဘိုးတော်အလောင်းမင်းတရား၊ ဘကြီး တော်မင်တရား၊ ဘွားတော်ကြီး အမိဘုရား သာတော် သမီးတော် မင်ညီ မင်းသား ဆွေတော်မျိုးတော် မောင်မမိသံ မှုမက်ဗိုပါ ဆရာ သူမြတ် ပရိသတ်တိုအာ အမျှရသ်ဖြစ်စေသော။ ။"

ဟု ကမ္ပည်းတင်ပါသည်။ ၎င်းစဉ့်ကူးမင်း ခေါင်းလောင်းတော်၏ အတိတ် သမိုင်းစဉ်ကား စိတ်ဝင်စားဖွယ် ကောင်းလှပေသည်။

အင်္ဂလိပ် မြန်မာ ပထမစစ်ပွဲအပြီးတွင် အောက်မြန်မာနိုင်ငံအနက် ရခိုင်၊ တနင်္သာရီတို့သည် ဗြိတိသျှနယ်ချဲ့လက်အောက်သို့ ကျရောက်ခဲ့ပါသည်။



နယ်ချဲ့တို့သည် စစ်ပွဲကာလအတွင်း အောက်မြန်မာနိုင်ငံမှ စိတ်ဝင်စားဖွယ် အနုပညာလက်ရာမွန်သမျှကို စုစည်းသိမ်းယူရန် ရည်ရွယ်ခဲ့၏။ သိမ်းယူရန် ရည်ရွယ်သော အနုပညာလက်ရာများအနက် ရွှေတိဂုံကုန်းတော်ပေါ်ရှိ စဉ့်ကူး မင်း ခေါင်းလောင်းတော်ကြီးမှာလည်း တစ်ခုအပါအဝင် ဖြစ်လေသည်။

ခရစ်သက္ကရာဇ် ၁၈၂၄ ခုတွင် ဗြိတိသျှနယ်ချဲ့တို့သည် စဉ့်ကူးမင်း ခေါင်းလောင်းတော်ကြီးကို အင်္ဂလန်နိုင်ငံသို့ပို့ရန် ရည်ရွယ်ချက်ဖြင့် ရွှေတိဂုံ ကုန်းတော်ပေါ်မှ သယ်ယူခဲ့ကြသည်။ မြန်မာလူမျိုးတို့အဖို့ကား ယဉ်ကျေးမှု အနုလက်ရာများ ဆုံးပါးရခြင်း၊ အမျိုးဘာသာ သာသနာက အမွေတစ်ရပ်ကို သိမ်းယူခံရခြင်းတို့ကြောင့် မျက်ရည်စက်လက်၊ ဝမ်းပမ်းတနည်း ရှိကြကုန်၏။

ဗြိတိသျှနယ်ချဲ့တို့သည် ခေါင်းလောင်းကြီးကို လှိုင်မြစ်အတွင်းရှိ အင်္ဂလိပ်သင်္ဘောတစ်စင်းပေါ်သို့ တင်ဆောင်ခဲ့ကြသည်။ သို့ရာတွင် ခေါင်း လောင်းတော်၏ အလေးချိန်ဒဏ်ကို မခံနိုင်သဖြင့် သင်္ဘောမှာ တိမ်းစောင်း သွားခဲ့ရာ ခေါင်းလောင်းတော်ကြီးသည် ရေသို့ သက်ဆင်းခဲ့ရရှာသည်။ ဗြိတိသျှ နယ်ချဲ့တို့က ခေါင်းလောင်းတော်ကို ပြန်လည်ဆယ်တင်ရန် နည်းအမျိုးမျိုး ဖြင့် ကြိုးပမ်းခဲ့ကြသည်။ သို့ရာတွင် အောင်မြင်မှု မရခဲ့ပေ။

ပထမ အင်္ဂလိပ် မြန်မာစစ်ပွဲ စစ်ပြေငြိမ်းပြီးသောအခါ သံဃာတော် တို့က ဗြိတိသျှအာဏာပိုင်တို့ထံသို့ ခေါင်းလောင်းတော်ကို မြန်မာလူမျိုးများ အား ဆယ်ယူခွင့်ပြုရန် တောင်းဆိုခဲ့ကြသည်။ ဗြိတိသျှတို့က ၎င်းတို့ကိုယ်တိုင် ဆယ်ယူ၍မရသည်ကို မြန်မာများ ဆယ်ယူမည်ဆိုသောအခါ အထင်အမြင် သေးစွာဖြင့် ခွင့်ပြုခဲ့ကြသည်။

မြန်မာလူမျိုးတို့ ခေါင်းလောင်းကြီးကို ဆယ်ယူမည့်နေ့တွင် အင်္ဂလိပ် မြန်မာ လူအုပ်ကြီးမှာ လှိုင်မြစ်ကမ်း၌ ကမ်းလုံးပြည့် ညွတ်နေသည်။ မြန်မာ တိုင်းရင်းသားမှန်သမျှတို့သည် ခေါင်းလောင်းတော် ဆယ်ယူရေးလုပ်ငန်းတွင် အားကြိုးမာန်တက် ကိုယ်စီကိုယ်ငှ ပါဝင်ကူညီအားပေးကြ၏။ ရေငုပ် ကျွမ်း ကျင်သောသူများကို ရေအောက်တွင်မြုပ်နေသည့် ခေါင်းလောင်းကြီးအား ဝါးလုံးကြိမ်နွယ် အများအပြားဖြင့် ဝိုင်းဝန်းချည်နှောင်ပေးကြသည်။ ဤသို့ ဖြင့် ခေါင်းလောင်းကြီးမှာ ရေပေါ်သော ဝါးလုံးများ၏ ဆွဲမှုဖြင့် တစ်စတစ်စ

www.burmeseclassic.com

www.burmeseclassic.com



ရေပေါ်သို့ ပေါ်လာသည်။ လူအများကလည်း ကြိုးများဖြင့် သိုင်းကာ ဆွဲတင်ပေးကြသည်ဖြစ်ရာ များမကြာမီ ကုန်းပေါ်သို့ ရောက်ခဲ့လေသည်။

မြန်မာနိုင်ငံရှိ လူရှင်ရဟန်းများက မိမိတို့ ဆယ်ယူရရှိသော ခေါင်းလောင်းတော်ကို ရွှေတိဂုံဘုရားရင်ပြင်တော်ရှိ မူလနေရာတွင် ပြန်လည်တင်ထား ချိတ်ဆွဲခဲ့လေသည်။ သမိုင်းဝင် စဉ့်ကူးမင်းခေါင်းလောင်းတော်ကြီးကို ယခုအခါ ရွှေတိဂုံဘုရားအနောက်မြောက် ရာဟုထောင့်၌ ထင်ရှားစွာ တွေ့နိုင်လေသည်။

မြန်မာတို့၏ စည်းလုံးညီညွတ်မှုကို မီးမောင်းထိုးပြနေသော ဖြစ်ရပ်ပေတကား။

## သာယာဝတီမင်း ခေါင်းလောင်းတော်

"သီရိပဝရာ ဒြိတြာလောကာဓိပတိဝိဇယ မဟာဓမ္မ ရာဇာဓိရာဇာ" ဘွဲ့အမည်ရှိ သာယာဝတီမင်းသည် ဒဂုံဆံတော်ရှင်ဘုရားကို ဖူးမြော်ကန်တော့ရန် ကြံရည်ရင်း ရှိသည့်အတိုင်း သက္ကရာဇ် ၁၂၀၃ ခု တော်သလင်းလပြည့်ကျော် ၇ ရက်တွင် အမရပူရ နေပြည်တော်မှ ဥက္ကလာပသို့ ရေကြောင်းကြည်းကြောင်းချီ၍ စုန်တော်မူခဲ့သည်။ မင်းစီးဖောင်တော်မှာ ပြည်ကြီးမွန်ဖောင်တော်ဖြစ်၏။ ဖောင်တော်မှ ရွှေတိဂုံအနောက်ဘက်ရှိ ယာယီနန်းတော်သို့ တက်လှမ်းကြွချီခဲ့သည်။ အဆိုပါလမ်းကို ယခုအခါ လမ်းမတော်ဟု ခေါ်သည်။

သာယာဝတီမင်းသည် ရန်ကုန်၌စံနေစဉ် တာဝန်း ၁၈၀၀ ရှိသော မြို့ကို တူးဖို့ တည်တော်မူသည်။ ရွှေတိဂုံစေတီ တောင်ဘက်မုခ်ဝတွင် မုဆိုးထိုင် ထိုင်နေသော ကျောက်ဘီလူးရုပ်ကြီး နှစ်ခုကိုလည်း လှူတော်မူသည်။ အမရပူရတွင် မျက်ပါးခတ်ခဲ့သော ရွှေကျပ်ချိန် ၃၂၀၀ ကို ရွှေတိဂုံ၌ ငှက်ပျောဖူးမှ ဖိနပ်တော်အထိ ကပ်လှူတော်မူသည်။ အနောက်နန်းမတော် မမြကလေးကလည်း ရွှေတိဂုံအနောက်ဘက် စောင်းတန်းအတွက် ကုသိုလ်ဒါန ပြုခဲ့ပါသည်။

သာယာဝတီမင်းသည် ဒဂုံဆံတော်ရှင်ဘုရားတွင် သဒ္ဒါဒါနဖြစ်စေခြင်းငှာ ခေါင်းလောင်းသွန်းလုပ် လှူဒါန်းရန်လည်း ကြံရွယ်ခဲ့သည်။ ထို့ကြောင့် သက္ကရာဇ် ၁၂၀၃ ခု သီတင်းကျွတ်လဆန်း ၁၀ ရက်နေ့တွင် အခါတော်ကျသည်နှင့် ခေါင်းလောင်းမြေပုံကို စတင်လုပ်ဆောင်စေခဲ့သည်။ သို့ရာတွင်



ခေါင်းလောင်းကြီးကို သွန်းလုပ်ရာ၌ သတ်မှတ်ထားသောကာလအတွင်း လုပ်ဆောင်ပြီးမြောက်ခြင်း မရှိခဲ့ပေ။ ထိုနှစ် တပို့တွဲလဆန်း ၂ ရက်၊ ဥက္ကလာပမြို့မှ နေပြည်တော်သို့ တပ်ဝင်းအခင်းအကျင်းနှင့်တကွ ပြန်လည်မဆန်တက်မီ နှစ်ရက်အလိုတွင် ခေါင်းလောင်းသွန်းလုပ်ခြင်း ကိစ္စအတွက် ကြေးသွန်းအမှုတော်ကျွမ်းနားလည်သူ ဝန်ထောက်မင်းကြီး မဟာစည်သူ၊ ပန်းတဉ်းဝန်၊ လက်နက်တိုက်ဝန်၊ မင်းကြီးမဟာ မင်းကျော်သခ်ယာတို့ကို အပြီးသတ်အောင် ကြီးကြပ်သွန်းလုပ်ရန် ခန့်ထားတာဝန်ပေးခဲ့ရသည်။ ကြေးသွန်းပန်းတဉ်း အမှုထမ်းဦးရေမှာ ငါးဆယ်ကျော်ဖြစ်ပါသည်။

ခေါင်းလောင်းတော်၏ အတိုင်းအတာ၊ အလေးချိန်နှင့် ပုံစံစနစ်များကို တိကျစွာ သတ်မှတ်လုပ်ဆောင်စေခဲ့ကြောင်းကို ကုန်းဘောင်ဆက်၊ မဟာရာဇဝင်၊ ဒုတိယတွဲ စာမျက်နှာ ၁၉ တွင် ဤသို့ လေ့လာရမိသည်။

> "အရပ် ကိုးတောင်တမိုက်သုံးသစ်။ အနားလုံးပတ်တဆဲ့ငါးတောင်၊ ခါးစည်းလုံးပတ် တဆဲ့သုံးတောင် တမိုက်လေးသစ်။ ထုနှစ်မိုက်လေးသစ်။ ကြေးစင်ချိန်ဝန် ဗိဿာ နှစ်သောင်း ငါးထောင်ကိုးရာလေးဆယ်။ ကျပ်လေးဆဲ့ကိုးကျပ်ကို ပေါင်းကိုင်းနရသီဟ ခြသေ့်လေးစီးပါး ပုံစံစနစ်နှင့်တကွ ××××× "

ခေါင်းလောင်းတော်၏ ကမ္ပည်းစာကြောင်းရေ ၇၉ နှင့် ၈၀ တွင် ထိုအကြောင်းကို ပြည့်စုံစွာ မှတ်တမ်းတင်ခဲ့ကြောင်း ဤသို့ တွေ့ရပါသည်။

> (၇၉) ဝန်မင်းကြီး မဟာစည်သူ၊ ပန်တဉ်ဝန်၊ လက်နက်တိုက်ဝန်၊ မင်းကြီး မဟာမင်းကျော်သခ်ရာတို့ ကြီးကြပ်ဖန်ဆင်း သွန်းလုပ်ကြ၍ ပြီးအောင်မြင်ခြင်းသို့ ရောက်သော သဒ္ဒါဒါနကုသိုလ်တော် ကြေးစေ။ ကျပ်ချိန်ပေါင် ၂၅၉၄၀၄၉ တို့ဖြင့်။ ပေါင်း
> (၈၀) ကိုင်းနရသီဟ ခြသေ့်လေးစီးနှင့်တကွ အရပ် ၉ ဒိ၃်။ အချင်း ၅။ လုံးပတ် ၁၅။ အထူ ၂ ၄ရှိသော မဟာတိသဒ္ဒဃဏ္ဍာအမည်ရှိသော ခေါင်းလောင်းကြီးကို သွန်းလုပ်ချောမြေ့စေ၍။..."

သာယာဝတီမင်း၏ ကောင်းမှုတော် ခေါင်းလောင်းကြီးကို စနစ်တကျ

www.burmeseclassic.com

www.burmeseclassic.com





ရန်ကုန်မြို့၊ ရွှေတိဂုံ စေတီတော်ရင်ပြင်ရှိ
သာယာဝတီမင်းခေါင်းလောင်းတော်

ပုံစံလှအောင် သွန်းလုပ်ခဲ့ကြရသဖြင့် အချိန်ကာလအားဖြင့် သုံးနှစ်ခန့် ကြာမြင့်ခဲ့ပါသည်။ လုပ်ဆောင်ပြီးပြေသော ခေါင်းလောင်းတော်ကို ၁၂၀၆ ခု တပေါင်းလတွင် ဟံသာဝတီမြို့ဝန် အရာရှိတို့ကိုယ်တိုင် ကြပ်မတ်၍ ပွဲသဘင်စုံခံကာ လှူဒါန်း ရေစက်ချခဲ့ပါသည်။ မင်းကြီးကား ဤကုသိုလ်တော်ကို ကိုယ်တိုင်ကိုယ်ကျ ကြွရောက်၍ ချီးမြှင့်ခြင်း မပြုနိုင်ခဲ့ပေ။ ခေါင်းလောင်းကို (မဟာတိသဒ္ဒ ဃဏ္ဍာရာဇာ) ဟူသော ဘွဲ့ကမ္ပည်းတပ် ရေးထိုးစေခဲ့လေသည်။

၎င်းခေါင်းလောင်းတော်သည် မြန်မာနိုင်ငံတွင် မင်းကွန်းခေါင်းလောင်းမှလွဲလျှင် အကြီးဆုံးသော ခေါင်းလောင်းဖြစ်လေသည်။ တန်ချိန် ၄၂ တန်ခန့် စီးလေးသော သာယာဝတီမင်း ခေါင်းလောင်းတော်ကို ယခုအခါ ရွှေတိဂုံဘုရား အရှေ့မြောက်ထောင့်တွင် ထင်ရှားစွာ တွေ့မြင်နိုင်လေသည်။



၎င်းစစ် သာယာဝတီမင်း ခေါင်းလောင်းတော်သည် စာကြောင်းရေး အများဆုံးသော ခေါင်းလောင်းဖြစ်၏။ တချို့မှာ နေရာထပ်မျှ ကမ္ပည်းတင်ထားပါသည်။ စာကြောင်းရေ ၁၀၀ တိတိရှိ၏။ စာကြောင်းရေ ၁ မှ ၂၈ အထိ ရေးသားဖော်ပြချက်မှာ ပါဠိဖြင့် ဖြစ်ပါသည်။ စာကြောင်း ၂၈ မှ ၁၀၀ အထိသည် ပါဠိ မြန်မာပြန်များ ဖြစ်သည်။ တချို့နေရာတွင် အဆင်တန်ဆာ အင်းကွက်များကို မှတ်တမ်းတင်ထားသည်။ တချို့မှာ ကိလိဋ္ဌစာတစ်မျိုး ပုံဖွဲ့စည်းထားသော ထီးဖြူတော်ဂါထာ၊ ယပ်ဂါထာ၊ တံခွန်တိုင်ဂါထာများကို ရေးထားခြင်း ဖြစ်လေသည်။

သာယာဝတီမင်း၏ ခေါင်းလောင်းစာသည် ဗုဒ္ဓဘုရား၏ ဖြစ်တော်စဉ်များနှင့် အစပျိုးထားသည်။ ဒီပင်္ကရာ ဘုရားရှင်ကိုယ်တော်မြတ် ကြွလာသည်ကို ဗမ္မိကတောင်ခွင်၌ ဈာန်အဘိညာဉ်ဝင်စားနေသော သုမေဓာရှင်ရသေ့ မြင်သည်မှစ၍ ဗျာဒိတ်တော်ပေးပုံကို ဖော်ပြထားသည်။

သို့ရေးသားပြီးနောက် အပ္ပဏ္ဏကဇာတ်၊ ဝေဿန္တရာဇာတ်တို့ဖြင့် ဖော်ပြ၍ ပါရမီဖြည့်ပုံအလုံးစုံကို ရေးထိုးမှတ်တမ်းပြုပါသည်။ ထို့နောက် နတ်သက်ကြွေ၍ မိဖုရားမာယာဝမ်းသို့ ဝင်ပုံ၊ တောထွက်ပုံ၊ ဒုက္ကရ စရိယာကျင့်ပုံ၊ သုဇာတာ၏ ဃနာနို့ဆွမ်းကို ဘုဉ်းပေးဖုံစသည်တို့ကို ဝေဝေဆာဆာဖြင့် ရေးသားထားပါသည်။ ထိုမှတစ်ဖန် မာရ်ငါးပါးကို အောင်မြင်၍ သဗ္ဗညုတဉာဏ်တော်ကို ၇ ပုံမှစပြီး ပရိနိဗ္ဗာန် စံဝင်တော်မူသည်အထိ စိတ်ဝင်စားဖွယ် ဖော်ကျူးပါသည်။ ၎င်းပြင် ဂေါတမဘုရား ပရိနိဗ္ဗာန်ပြုပြီးနောက် သက္ကရာဇ် ၁၁၉၈ တွင် သာယာဝတီမင်း နန်းတက်သည်မှစ၍ ကုသိုလ်ဒါနကောင်းမှုများကို စီကာပတ်ကုံး ရေးသားမှတ်တမ်းတင်ပါသည်။

ခေါင်းလောင်းတော်တွင် ဖော်ပြသောဆုတောင်းမှာ...

"ကုသိုလ်တော်အစု ကောင်းမှုတော်မြတ်ကြောင့် အထွတ်ခေါင်ဖျား ဘုရားတကာ ပြည့်စုံရသော ကျေးဇူးကို အထူးဖြင့် သုံးဦးလူနတ်ပရိသတ်အား ကယ်ချွတ်နိုင်သူ သရဏ္ဍူထွတ် ဖြစ်ပါစေ။ ဘဝများစွာ သံသရာတွင် ကျင်လည်သမျှ ဥက္ကဋ္ဌစစ် မင်ခြည်နှင်နှင်ဖြစ်၍ ကျိုးမြတ်ဟောပြ၊ သမ္မဒ္ဒဘို့ သုခဖြိုးခိုင် သူတပါးအား ပေးစွမ်းနိုင်သည်

www.burmeseclassic.com

www.burmeseclassic.com



> ဖြစ်ပါစေ။ ဖြစ်ဖြစ်သမျှ ဘုံဘဝဝယ် သမ္မုဒ္ဒလမ်း ဘုရားငြိမ်းကို၊ ကိုစွမ်းစိတ်ခိုင် ဖြည့်ဆောင်နိုင်သည် ဖြစ်ပါစေ''

ဟုဖြစ်၏။ သာယာဝတီမင်းသည် အမျှဝေရာ၌ ကျယ်ကျယ်ပြန့်ပြန့် ပေးဝေခဲ့ကြောင်း တွေ့ရ၏။ ကုသိုလ်အဖို့ဘာဂကို ဘိုးဘေးမှစ၍ သားမြေးစဉ်ဆက်၊ လက်အောက်ခြွေရံသင်းပင်း၊ ဆရာမိဘ၊ နတ်ဒေဝါ၊ ရက္ခစိုးပါမကျန် သတ္တဝါအားလုံးကို ရွယ်၍ အမျှဝေ သာဓုခေါ်စေပါသည်။ ခေါင်းလောင်းစာ၌...

> ''စကြာဝဠာ၊ ဆီလာထုတ်ခြင်း၊ မကျွင်းစေရ ရွှေနုတ်မြွက်ဟ၊ ဝေဌတော်မူသည်။ ကာလနှောင်ခါ ဝေးရှည်ကြာ၍၊ ကုသိုလ်တော်ကို၊ ငါပင်မေ့လည်း မမေ့ရစေ၊ သိကြားစေဟု၊ ဝသုန္ဓြေအား၊ သက်သေတိုင်ထား၊ ရွှေကရားဖြင့်၊ ရေစက်ချ၍ အမျှဝေတော်မူသည်။ နတ်လူ သာဓု သာဓု၊ ကောင်းချီးပြု၍၊ အောင်ဆုယူကြစေကုန်သောဝ်။ ။''

မည်သို့ဆိုစေ သာယာဝတီမင်းခေါင်းလောင်းတော်သည် ကုန်းဘောင်ခေတ်၏ ကြေးချိန်အစီးလေးဆုံးသော ခေါင်းလောင်းဖြစ်လေသည်။ အထည်ကိုယ်ဒြဗ် ကြီးကြီးမားမားဖြစ်သော ခေါင်းလောင်းတော်များ လှူဒါန်းကြသည့် ကေရာဇ်မင်းများအနက် သာယာဝတီမင်းသည် နောက်ဆုံးဘုရင်တစ်ပါးဖြစ်လေသည်။ ၎င်းနောက် ဆက်ခံအုပ်စိုးခဲ့သော မင်းများလက်ထက်တွင် ခေါင်းလောင်းကြီးများ လှူဒါန်းမှု နည်းပါးသွားကြကြောင်း တွေ့ရပါသည်။

## ပြည်ရွှေဆံ ခေါင်းလောင်းတော်

မြန်မာ့ယဉ်ကျေးမှု အနုပညာလက်ရာများ မွှမ်းထုံနေသော ရှေးခေတ်မြန်မာခေါင်းလောင်းများကို ထိုခေတ်ထိုအခါက နယ်ချဲ့ပေါ်တူဂီ၊ နယ်ချဲ့အင်္ဂလိပ်တို့၏ ဖျက်ဆီးသိမ်းယူမှုကြောင့် ဆုံးရှုံးခဲ့ရသည်မှာ နည်းလှမည်မထင်။ ယင်းတို့အနက် ပြည်ပအဖျက်သမားတို့က ကြေးရည်ကျို ဖျက်ဆီးခြင်းမပြုဘဲ သိမ်းယူသွားသော ခေါင်းလောင်းများလည်း ရှိခဲ့ပါသည်။ ပြည်ပသို့လည်းမပါ။ မြန်မာ၌လည်း ထင်ရှားစွာမကျန်ဘဲ မြစ်ထဲသို့ သက်ဆင်းရသော ခေါင်းလောင်းတော် တစ်လုံးမှာ ဓမ္မစေတီမင်း၏ ခေါင်းလောင်းတော် ဖြစ်ပါသည်။



ဓမ္မစေတီမင်းသည် အလေးချိန်ပိဿာ ၁၈၀၀၀၀ ရှိသော ကြေးခေါင်းလောင်းတစ်လုံးကို ရွှေတိဂုံစေတီ၌ လှူဒါန်းခဲ့ပါသည်။ အဆိုပါ ခေါင်းလောင်းကို အနောက်ဘက်လွန်မင်း လက်ထက်တွင် ပေါ်တူဂီနယ်ချဲ့ ဇေင်ကာက ရွှေတိဂုံစေတီတော်မှ ဖြုတ်ယူခဲ့သည်။ များလှစွာသော လူတို့၏ လုပ်အားကိုသုံးစွဲ၍ ကုန်းတော်ပေါ်မှ ခေါင်းလောင်းကြီးကို မြစ်ဆိပ်သို့ အောင်မြင်စွာ သယ်ဆောင်နိုင်ခဲ့လေသည်။ သို့ရာတွင် လှေပေါ်သို့ တင်ရာ၌ လှေကွဲသည့်အတွက် ဒေါပုံမြစ်ထဲသို့ ခေါင်းလောင်းကြီးသည် သက္ကရာဇ် ၉၇၄ ခုခန့်တွင် ကျနစ် ဆုံးရှုံးခဲ့ရသည်။ ထိုအချိန်မှစ၍ ယနေ့ထက်တိုင် ခေါင်းလောင်းကြီးကို ဆယ်ယူရရှိခဲ့ခြင်း မရှိပါ။ ယခင်အချိန်ခါများက ဆိုပါမူ မြစ်ရေကျချိန်များ၌ ခေါင်းလောင်းကြီး၏ ပုစွန်တုပ်ကွေး၊ ပေါင်းကိုင်းကြီးကို မြင်ရကြောင်း အဆိုရှိပါသည်။

တစ်ဖန် နိုင်ငံရပ်ခြားသို့ သိမ်းယူသွားသည့် ခေါင်းလောင်းအချို့ကို ပြန်လည်တောင်းယူရရှိသကဲ့သို့ ယူငင်သူတို့ကိုယ်တိုင် ပြန်လည်ပို့ဆောင်ပေးခဲ့သဖြင့် ပြန်လည်လက်ခံရရှိသည်လည်း ရှိပါသည်။ ၎င်းတို့ကို ပြည်တော်ပြန်ခေါင်းလောင်းဟု ကမ္ပည်းမှတ်ကြပါသည်။

ပြည်တော်ပြန်ခေါင်းလောင်း တစ်လုံးကို ပြည်မြို့ ရွှေဆံတော်ဘုရားရင်ပြင်တော် ရာဟုထောင့်တွင် တွေ့ရပါသည်။ ''အိလပ်ပြန်ခေါင်းလောင်းတော် (The Bell Returned From England)ဟု ကမ္ပည်းရေးထိုးထားပေသည်။ ခေါင်းလောင်းမှာ အလွန်လှပသော ရှေးရိုးမြန်မာ့လက်ရာဟောင်းတစ်ခုဖြစ်ပြီးလျှင် အခြားခေါင်းလောင်းများထက် ပို၍ ပုံပန်းကျနသည်။ ခေါင်းလောင်း၌ အမွှမ်းအပြောက် တန်ဆာဆင်မှု နည်းပါသည်။ ခေါင်းလောင်းကမ္ပည်းစာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

> ''စိရံတိဋ္ဌတု သဒ္ဓမ္မော။ အစိန္တေယ အပ္ပမေယ၊ လောကသချာ မြွက်နှစ်စီမန်ရောင်လွှန် တင်ဆုပ်ရွှေကုမ်းသပ္ပာယ် ဖြစ်တော်မူသော မြတ်စွာဘုရားထားတော်မူခဲ့သော။ သာသနာတော်တွင်းနိုက် ကြိမ်ကြိုက်သဖြင့် အသင့်နှစ်လုံး၊ စွဲသုံးအမှန် သမ္မာဉာဏ်သက်လှေရှိသော
>
> ရတနာပူရ ရွှေမြို့တော်နေ ခေါင်းလောင်းတကာ မောင်အောင်ဘွဲ့ မင်းရာဇကျော်ထင် မရားရှင်မင်းရောက် သမီးအကြီး ခင်ဘုံ

www.burmeseclassic.com



> သမီးငယ် ရှင်တုံ သားသမီးတစုတို့သည် သဒ္ဓါသီလစသော သူတော်ဥစ္စာ ရတနာ ၇ ပါး မြတ်တရားကို သိုထားဝမ်းတွင်း နှစ်လုံးသွင်းလျက် ဖြောင့်စစ်သောနှာ များစွာကံကျေး လက်ခံပေး၍ ကြေးချိန်အခက် လေးဆယ့်ကိုးပိဿာ ၂၅ ကျပ် ဤခေါင်းလောင်းကို လှူဒါန်းပါ၏။ ဤသို့ လှူရသော အကျိုးအားဖြင့် အသခတဏ္ဍ ဝိဝေတဏ္ဍ ဝိပရိတဏ္ဍ အမတဏ္ဍဟု ဆိုအပ်သော နိဗ္ဗာန်တရားမြတ်ကို ရပါလို၏။ ဤကောင်းမှုအဖို့ကို မိခင်ဖခင် ဆရာသမား ဝေနေရတို့အား အမျှဝေပါ၏။ ”

ခေါင်းလောင်းစာသည် ပြည့်စုံမှု မရှိပေ။ ခေါင်းလောင်းသွန်းလုပ်လှူဒါန်းသော ရက်စွဲအတိအကျကို လုံးဝဖော်ပြထားခြင်း မရှိပေ။ ကုန်းဘောင်ခေတ်နှောင်းကာလ ရေးထိုးမှတ်တမ်းပြုသော ခေါင်းလောင်းဟုသာ သာမန်မှတ်ယူနိုင်ပါသည်။ ခေါင်းလောင်း ဒါယကာမှာ မင်းရာဇကျော်ထင်ဘွဲ့မည်ရ မောင်အောင်တူ ဖြစ်ပါသည်။ ဇနီးဖြစ်သူ ရှင်မင်းရောက်နှင့် သမီးအကြီး ခင်ဘုံ၊ သမီးငယ် ရှင်တုံ တို့၏ ဒါနကုသိုလ်လည်း ပါဝင်သည်။ ခေါင်းလောင်း ကြေးချိန်မှာ ၄၉ ပိဿာ၊ ၂၅ ကျပ်သားဖြစ်ကြောင်း သိရ၏။ ကုသိုလ်ရှင်က “နိဗ္ဗာန်တရားမြတ်ကို ရပါလို၏” ဟု ရိုးစင်းစွာ ဆုတောင်းသည်။ မိဘဆရာသမား၊ ရေမြေသခင်မှအစ ဝေနေယျသတ္တဝါအပေါင်းကို ရည်၍ အမျှပေးဝေကြောင်း ကမ္ပည်းတင်ပါသည်။

ခေါင်းလောင်းကိုယ်ထည်ပါ ကမ္ပည်းစာအနေဖြင့် စိတ်ဝင်စားဖွယ် မကောင်းသော်လည်း ခေါင်းလောင်းသမိုင်းစဉ်မှာ ထူးခြားစိတ်ဝင်စားဖွယ် ဖြစ်ပါသည်။

မြန်မာနိုင်ငံမှ ယူဆောင်သွားသော အဆိုပါခေါင်းလောင်းကို ဘိလပ်မှ ပြည်မြို့သို့အရောက် ပြန်လည်ပို့ပေးသူမှာ “လက်ဖတင်နင် ကာနယ်အိပ်ချ် ဂေါ်ဒဝင်အော်စတင်” ဆိုသူဖြစ်သည်။ ၎င်းသည် ပဲခူးခရိုင် ဝန်ရှင်တော်မင်းကြီး အိန္ဒိယပဋိညာဉ်ခံ ဘွဲ့ခံ “ဒဗလယူ အက်ဖ် ဂရေဟမ်” မှတစ်ဆင့် ဆက်သွယ်ပေးပို့ခဲ့ခြင်း ဖြစ်၏။ ခေါင်းလောင်းကြီးကို ဘိလပ်မှ ပြန်ပို့စဉ်က ထင်းရှူးသေတ္တာကြီးဖြင့် ထည့်၍ ရန်ကုန်မြို့မှတစ်ဆင့် ပြည်မြို့ အရေးပိုင်ရုံးသို့ ပေးပို့ခဲ့သည်။ ၎င်းမှတစ်ဆင့် ပြည်မြို့ ကမ်းနားလမ်းရှိ စာဖတ်ရုံတည်ရှိသော နေရာ ဘုရင်မပန်းခြံသို့ ပို့၏။ ထိုပန်းခြံမှတစ်ဆင့် ခမ်းနားသိုက်မြိုက်စွာ



အတီးအမှုတ် အကအခုန် အဆောင်အယောင်တို့ဖြင့် မြို့ကို လှည့်လည်ပြီးမှ ဘုရားကုန်းတော်ပေါ်သို့ ပို့ဆောင်ခဲ့ခြင်း ဖြစ်သည်။

ပြည်မြို့ ရွှေဆံတော်ဘုရား ရင်ပြင်တော်ပေါ်ရှိ ဘိလပ်ပြန် ခေါင်းလောင်းနှင့် ပတ်သက်၍ အသေးစိတ်ဖော်ပြချက်ကို ၁၉၇၀ ခု အောက်တိုဘာလထုတ် မြဝတီမဂ္ဂဇင်းပါ ဆရာကြီး ဒဂုန်ရွှေမျှား၏ ဆောင်းပါးမူရင်းအတိုင်း အလျဉ်းသင့်စွာ ဖော်ပြလိုက်ပါသည်။

‘လက်ဖတင်နင် ကာနယ် အိပ်ချ် ဂေဒဝင်အော်စတင်” ထံမှ မြန်မာပြည်ဘုရင်ခံ၏ ကိုယ်မူကိစ္စ ဆောင်ရွက်ရသော အပါးတော်မြဲ အတွင်းဝန်ထံ ပေးပို့သောစာမှာ...

**မိတ်ဆွေခင်ဗျား...**

ယနေ့ ကျွန်တော်ရေးသားမည့် အကြောင်းကို မိတ်ဆွေမှတပါး အခြားသူ သာ၍သိနိုင်မည် မဟုတ်သဖြင့် နှောင့်ယှက်ခြင်းပင် ဖြစ်လေသော်ငြားလည်း တောင်းပန်၍ ရေးလိုက်ပါသည်။

ကျွန်ုပ်သည် ၁၈၅၁ ခု၊ ၁၈၅၂ ခုနှစ်တွင် ပဲခူးနှင့် ရန်ကုန်မြို့များကို သိမ်းယူသော တပ်မတော်တွင် အုပ်ချုပ်သော စစ်ဗိုလ်ချုပ်ကြီး ဆာသောမတ် (စ်) ဂေါ်ဒဝင်၏ မြေးဖြစ်ပါသည်။ ၁၈၅၃ ခုနှစ်တွင် ကျွန်ုပ်၏ဘိုး စစ်ဗိုလ်ကြီး၏ သက်တော်စောင့်အဖြစ်နှင့် အမှုတော်ကို ထမ်းပါသည်။ ဤကဲ့သို့ အမှုမထမ်းမီကာလက ရှိုင်ရယ်အိုင်ရစ်တပ်တွင် အမှုထမ်းရာ ကျွန်ုပ်သည် ပြည်မြို့သို့ ရောက်သောအခါ အသက် ၁၉ နှစ်သာ ရှိပါသေးသည်။

ယခုပေးသောစာ၏ အဓိပ္ပာယ်မှာ တစ်ရံရောအခါက ရွှေဆံတော်ဘုရား ကုန်းတော်ပေါ်တွင် ဆွဲထားသော မြန်မာလူမျိုးတို့ သွန်းလုပ်သော ခေါင်းလောင်းများတွင် စံပြလောက်အောင် အလှပဆုံးသော ခေါင်းလောင်းအကြောင်း ဖြစ်ပါသည်။ အရေးတော်မပြီးမီ မြန်မာပြည်ရှိ အင်္ဂလိပ်စစ်သည်တော်တပ်က ခေါင်းလောင်းနှစ်ခုကို လက်ဆောင်ပဏ္ဏာအဖြစ်ဖြင့် ဆက်သကြသည်။

တစ်ခုမှာ ပဲခူးမြို့တွင်ရှိသော အကြီးဆုံးခေါင်းလောင်းဖြစ်၍ ထိုစဉ်က စစ်ဗိုလ်ချုပ်ကြီး ဆာစီလျံဝမ်းကို ဆက်သသော ခေါင်းလောင်းဖြစ်ပါသည်။ ထိုခေါင်းလောင်းသည် ဘိလပ်နိုင်ငံ လန်ဒန်တာဝန်ခေါ် ရဲတိုက်အတွင်း၌

www.burmeseclassic.com



ယခုတိုင် ရှိပါသည်။ အခြားတစ်ခုမှာ ဤစာနှင့်သက်ဆိုင်သည့် ပြည်မြို့ ခေါင်းလောင်းကို စစ်ဗိုလ်ချုပ်ကြီး ဂေါ်ဒဝင်သို့ ဆက်သကြသည်။ ထိုစစ်ဗိုလ်ကြီး ဂျင်နရယ် ဂေါ်ဒဝင်သည် ကျွန်ုပ်၏အမိမှ ဆက်နွယ်သော အဖိုးဖြစ်သဖြင့် ယခုကျွန်ုပ်တို့ ဆွေမျိုးနွယ်ကို ဂေါ်ဒဝင်အော်စတင်ဟု ခေါ်တွင်ပါသည်။

ကျွန်ုပ်သည် ထိုခေါင်းလောင်းကို ပြည်မြို့ရှိ ဗုဒ္ဓဘာသာဝင် လူအပေါင်းအား ပြန်၍ လှူဒါန်းရန် သင့်လျော်လိမ့်မည်ဟု မကြာမကြာ စဉ်းစားတွေးထင်မိပါသည်။ ၄င်းသည် ရှေးအဆက်ဆက်က ခေါင်းလောင်းဖြစ်သဖြင့် မြန်မာဗုဒ္ဓဘာသာဝင် လူစုတို့က ပြန်၍ လိုချင်ကြမည် ထင်ပါသည်။ သို့လိုချင်ကြပါလျှင် အကောင်းဆုံးနည်းမှာ ထိုခေါင်းလောင်းကို မိမိနေရာဟောင်းသို့ ပြန်၍ပို့ရန် ဖြစ်ပါသည်။ ခင်ဗျားက ပြည်မြို့သူ ပြည်မြို့သားတို့၏ စိတ်ဝမ်းထဲ၌ မည်ကဲ့သို့ ရှိကြမည်ကို စုံစမ်း၍ ကျွန်တော့်အား အကြံပေးစေလိုပါသည်။

မြန်မာလူမျိုးများသည် ကျွန်တော်မြန်မာပြည်မှာ ရှိစဉ်ကနှင့် ယခုများစွာပြောင်းလဲကြပြီးဟု ကေန်မဆိုနိုင်ပါ။ ပြည်မြို့က လူများသည် ဤခေါင်းလောင်းအကြောင်းကို အရေးတယူ လုပ်ကြပါဦးမည်လား။ မြန်မာလူမျိုးတို့လက်မှ ယူလာသည်မှာ နှစ်အတော်ပင် ကြာရှည်နေပြီဖြစ်သဖြင့် ထိုခေါင်းလောင်း၌ ယခင်ကတည်ရှိသည့် တန်ခိုးအာနုဘော်သည် ယခုရှိပါဦးမည်လား။

ကျွန်ုပ်သည် ပဲခူးမြို့ကို စိတ်၌စွဲမြဲမှတ်သားမိပါ၏။ ထိုနယ်ရှိ လူများသည် ကျွန်ုပ်တို့ အုပ်ချုပ်သည့်နေ့မှစ၍ ကျွန်ုပ်တို့ အုပ်ချုပ်ခြင်းကို လိုလားနှစ်သက်ကြသောသူများ ဖြစ်ကြပါသည်။ အုပ်ချုပ်သည့် ဘုရင်ခံတို့မှာ ဖယ်ရာသခင်၊ နောက်ဘရောင်းသခင်၊ ၄င်းနောက် ဖိုက်ချ်သခင်နှင့် အခြားသခင်တို့ဖြစ်ကြရာ ထိုသခင်အားလုံးတို့ကိုပင် ကျွန်ုပ် သိရှိခဲ့ပါ၏။ ထို့ကြောင့် ပြည်မြို့က ကေန်စင်စစ် ရှေးအထက်ထက်က ဆင်းသက်သော ခေါင်းလောင်းဟု စုံစုံမက်မက် လိုချင်ကြပါမူ ၄င်းသည် မိမိပစ္စည်းဖြစ်သည့်အလျောက် ပြန်၍ပေးလှူလိုပါသည်။

သို့ရာတွင် ကျွန်ုပ်တောင်းပန်လိုသော အရာမှာ ၄င်းခေါင်းလောင်းကို ဤနိုင်ငံမှ ပြည်မြို့အရောက် ကုန်ကျမည့်စရိတ်ကိုခံကြ၍ ရွှေဆံတော်ဘုရားကုန်းတော်နေရာဟောင်းသို့ ခေါင်းလောင်းကိုပြန်၍ ထားကြစေလိုပါသည်။



အကယ်၍ ၄င်းခေါင်းလောင်းကို အလိုမရှိ၊ ပြန်၍ မယူလိုပါလျှင်လည်း 'ဝင်းလဖို့' အနီး ရှားလ်ဖို့အိမ်တော်တွင် ဆွေစဉ်မျိုးဆက် နှစ်သက်ခြင်းရှိသော ပစ္စည်းမျိုးကို သိမ်းဆည်းထားသကဲ့သို့ ၄င်းပစ္စည်းကို ကျွန်ုပ် ထားလိုပါသည်။

၁၈၅၁ ခု၊ ၁၈၅၂ ခုနှစ်က အဖြစ်အပျက်များကိုသိသူ ပြည်မြို့မှာ တစ်ယောက်မျှ ရှိတော့မည် မထင်ပါ။ ယခုအခါ ကလကတ္တားမြို့ အေဒင်ဥယျာဉ်အတွင်းရှိ ကျောင်းသည် ယခင်က ပြည်မြို့ မြစ်ကမ်းပေါ်တွင် တည်ရှိသော ကျောင်းဖြစ်သည်။ ၄င်းကျောင်းအနီးရှိအိမ်တွင် ကပ္ပိတန်လတ္တာ နေထိုင်၍များမကြာမီပင် ၄င်းသည် အသတ်ခံရပါသည်။ အထက်က ကျွန်ုပ် ဖော်ပြခဲ့သောသူများ၏ အလုပ်ဝတ္တရားတို့ကို စဉ်းစားလျှင် အံ့ဩဖွယ်အလွန်ကောင်းပါသည်။ ထိုအခါက ၄င်းတို့သည် ပဲခူးနှင့် ရန်ကုန်နယ်မှာသာ အခြေစိုက်ကြပြီးနောက် ယခု ခင်ဗျားအုပ်ချုပ်နေသော နိုင်ငံကြီးဖြစ်လာအောင် ပြုလုပ်ကြသူများ ဖြစ်ကြသည်။

မြန်မာပြည်တွင် ကျွန်ုပ်ရှိစဉ်က ၄င်း၏အရှေ့မြောက်ပိုင်းအကြောင်းကို ကျွန်ုပ်သိရသည်။ ၁၈၇၃ ခုနှစ်မှာ ကျွန်ုပ်သည် နာဂတောင်တန်းနှင့် မဏိပူရနယ်များသို့ သွားရောက်ကြည့်ရှု တိုင်းထွာခဲ့ရသည်။ အမြင့်ပေ ၁၂၆၀၀ ရှိသော စာရာမေတီတောင်ထွတ်ကို ကျွန်ုပ်သည် ပထမဆုံး သွားရောက်ကြည့်ရှုမှတ်သားသူ ဖြစ်ပါသည်။ ၄င်းတောင်ထွတ်ထိပ်သို့ ယခုတိုင် မည်သူမျှ ရောက်ဖူးဦးမည်မထင်''

(ဤနေရာတွင် စာရွက်၏ အောက်ပိုင်းမှာ ဆွေးမြေ့စုတ်ပြတ်နေသဖြင့် ဤမျှသာရေးကူးနိုင်ခဲ့သည်ဟု ဆရာကြီး ဒဂုန်ရွှေမျှားက ဖော်ပြထားပါသည်)

အထက်ပါစာပိုဒ်နှင့်တွဲလျက် အခြားစာတစ်စောင်ကို တွေ့ရရာ ထိုစာမှာ ပဲခူးခရိုင်ဝန်ရှင်တော်မင်းကြီးက ပြည်မြို့တွင် ထိုအချိန်က အုပ်ချုပ်နေသူ အရေးပိုင် မစ္စတာပင်နယ်ထံသို့ စစ်ဗိုလ်မစ္စတာ အော်စတင်၏ စာနှင့်ပတ်သက်၍ အကြောင်းကြားစာ ဖြစ်၏။ ၄င်းစာမှာ အောက်ပါအတိုင်း မူရင်းမှ မြန်မာဘာသာသို့ ပြန်ဆိုဖော်ပြထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့

မစ္စတာပင်နယ်
အရေးပိုင်မင်း
ပြည်မြို့။

မှ ................

မစ္စတာဒဗလျူအက်ဖ်ဂရေဟမ် (အိုင်စီအက်စ်)
ပဲခူးခရိုင်ဝန်ရှင်တော်မင်းကြီး
ရန်ကုန်မြို့။
စာနံပါတ်။ ၁၂၅၄/၁၉၁၈
နေ့စွဲ ။ ၁၉၁၈ ခု၊ စက်တင်ဘာလ ၂၃ ရက်

မိတ်ဆွေပင်နယ် ...

အချိန်ကုန်မည်စိုးသဖြင့် စာများကို မူလအတိုင်းပေးလိုက်ပါသည်။ ၎င်းကို ပြန်စာနှင့်တကွ ပြန်ပေးလိုက်စေလိုပါသည်။ ကျွန်ုပ်ထင်မြင်ချက်မှာ ပြည်မြို့သူ မြို့သားတို့ ၎င်းခေါင်းလောင်းအကြောင်းကို နှစ်ပရိစ္ဆေဒကြာလှသဖြင့် မေ့လျော့သဖြင့် သိကြလိမ့်မည် မထင်သည့်ပြင် လက်ဖတင်နင်ကာနယ် ဂေါ်ဒဝင်အော်စတင် လျှုဒါန်းသည်ကိုလည်း လိုလိုချင်ချင် ရှိကြလိမ့်မည်မဟုတ်ဟု သဘောရသည်။ ထိုကဲ့သို့ သဘောရသော်လည်း အမှန်ဟုတ်မှ ဟုတ်ဦးမည်။ ဘုရင်ခံက မြို့သူမြို့သားတို့နှင့် တိုင်ပင်ဆွေးနွေးစေလိုသဖြင့် အထူးသဖြင့် ရွှေဆံတော်ဘုရား ဘဏ္ဍာတော်ထိန်းအဖွဲ့ လူကြီးမင်းအား အလိုရှိ၊ မရှိ တိုင်ပင်စေလိုပါသည်။ ၎င်းနောက် အကြောင်းပြန်စေလိုသည်။

(အထက်ပါ စာပိုဒ်မှာလည်း လက်မှတ်ထိုးသည့်နေရာ၌ အပေါက်များ ဖြစ်နေသဖြင့် ဖတ်၍ မရဟုဆိုပါသည်။)

အချုပ်ဆိုရသော် ဒုတိယအင်္ဂလိပ် မြန်မာစစ်ပွဲတွင် ဂေါ်ဒဝင်အား ပြည်မြို့ရှိ စစ်သားများက ဤခေါင်းလောင်းကို ပဏ္ဍာအဖြစ် ဆက်သခဲ့သည်။



နှစ်ပေါင်း ၆၀ ကျော်အကြာ ၁၉၁၅ ခုနှစ်သို့ ရောက်သောအခါ ခေါင်းလောင်းကြီးကို လက်ဝယ်ဆက်ခံသိမ်းပိုက်ထားသူက မူလနေရာသို့ ပြန်ပို့လိုသဖြင့် ပြည်မြို့အရေးပိုင်မှတစ်ဆင့် စာဖြင့်ကမ်းလှမ်းဆက်သွယ်ခဲ့သည်။ ဤသို့ဖြင့် မူလနေရာဟောင်းသို့ ဘိလပ်မှပြန်လည် ရောက်ရှိလာသော ခေါင်းလောင်းဖြစ်သောကြောင့် ''ဘိလပ်ပြန်ခေါင်းလောင်း'' ဟု အမည်တွင်ခဲ့ခြင်းဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

## ခေါင်းလောင်းနှင့် အပြောက်အမွမ်း

www.burmeseclassic.com

www.burmeseclassic.com

## အပြောက်အမွမ်း

မြန်မာမှုပန်းအတတ်ပညာတွင် အမွမ်းတန်ဆာများဖြင့် ကြွရွလှပအောင် ပုံဖော်ခြင်းကို အပြောက်အမွမ်းခြယ်သည်။ အပြောက်အပြိန်းစီသည်ဟု ဆိုလေသည်။

အပြောက်အမွမ်းနှင့် ပတ်သက်၍ ...

> မည်သည့်ဝတ္ထုမှာမဆို လုပ်ရာဌာနတွင် လှပအောင် ဌာနန္တရ အတန်းအဆင့်အလျောက် အပြောက်ခြယ်လှထည့်တပ်သည်ကို ဆိုလိုသည်။ အပြောက်ခေါ်သော ခြယ်လှယ်သည့် အရာမပါသော အရာဝတ္ထုဖြစ်မှု အဖြူထည်ဟူ၍ ခေါ်လေ့ရှိသည်ဟု မြန်မာမင်း အုပ်ချုပ်ပုံစာတန်း ပဉ္စမတွဲ စာမျက်နှာ ၅၇ တွင် ဖော်ပြထားလေသည်။

မြန်မာ့အနုပညာ ပန်းလက်ရာတို့တွင် အပြောက်အမွမ်းကို စုလစ်မွမ်းချွန်ဟုလည်း ခေါ်သည်။ စုလစ်ဆိုသောစကားမှာ မွန်စကားဖြစ်၏။ ပေါရာဏကထာ လင်္ကာသစ်တွင် (စုလစ်အထွတ်၊ တမွတ်မြတ်ဖျား) ဟု ဖော်ပြခြင်းကို ထောက်သော် စုလစ်မွမ်းချွန်ကို အဆောက်အအုံ၊ လက်မှုပစ္စည်းတို့၏ အထွတ်၌ ဆန်းကျယ်စွာ ထုလုပ်ဖော်ဆစ်သော အမွမ်းတန်ဆာဟု ဆိုနိုင်လေသည်။

ထို့ကြောင့် အင်းဝခေတ်စာဆို စစ်လျှင်ထောင်မှူး ရှင်ထွေးညိုက သူ၏ ပြည်စုန်မော်ကွန်း ၆၃ တွင် မြန်မာ့အနုပညာလက်ရာ အမွမ်းတန်ဆာနှင့် ပတ်သက်၍ ဤသို့ ဖော်ပြစပ်ဆိုခြင်း ဖြစ်လေသည်။



"ကြက်မောင်နှားရစ်၊ စုလစ်မွမ်းချွံ
အလျှံတပြက်၊ စွန်းနှစ်ဘက်၌
ကြာကွက်ကိရုန်း၊ အလှဆန်းသား
ကမန်းရုပ်ကောင်း၊ ထုရင်မောင်းနှင့်"

တစ်ဖန် စုလစ်ခေါ် အပြောက်အမွမ်းကိုပင် ရှေးအခါက ကျိုးရန်း (ကီးရန်း) ဟု တစ်မျိုးတစ်ဖုံ ခေါ်ဝေါ်သေးသည်။ စာဆို ရှင်အဂ္ဂသမာဓိက သူ၏ နေမိဘုံခန်းပျို့ ၄ တွင် "အဆန်းအဆန်း ရွှေကျိုးရန်းနှင့်၊ မကန်းခံတွင်း၊ ခြသေ့်နင်းလျက်၊ ပြောက်ကွင်းရေးချဲ့" ဟု စပ်ဆိုလေသည်။ အပြောက်အပြိန်း၊ အပြောက်အမွမ်း စုလစ်မွမ်းချွန်၊ ကျိုးရန်း စသည့် ဝေါဟာရတို့သည် အမွမ်းတန်ဆာ ဆင်ယင်မှုတို့တွင် သုံးစွဲသော အနက်တူစကားလုံးများ ဖြစ်ကြောင်း သိနိုင်လေသည်။

အပြောက်အမွမ်း လက်ရာမွန်တို့ကို လေ့လာလျှင် သဘာဝကျမှုထက် အဆန်းတကြယ်ရှိမှု၊ စက္ခုပသာဒရှိမှုကို ဦးစားပေး၍ တန်ဆာဆင်လေ့ရှိကြောင်း တွေ့ရသည်။ စိတ်ကူးဉာဏ်ကို စေစားလျက် သဘာဝထက်လွန်၍ ဆန်းကြယ်နိုင်သမျှ ဆန်းကြယ်အောင် မွမ်းမံခြယ်လှယ်ခြင်း ဖြစ်လေသည်။

အပြောက်အမွမ်း တန်ဆာဆင်ခြင်းတွင် သစ်သားကို ပြုလုပ်သော အပြောက်၊ ကျောက်ကိုပြုလုပ်သော အပြောက်၊ အင်္ဂတေကို ပြုလုပ်သော အပြောက်၊ ရွှေငွေကို ပြုလုပ်သောအပြောက်၊ ကြေးသံ စသော သတ္တုတို့ကို ပြုလုပ်သောအပြောက်၊ စုတ်ဖြင့်ရေးသောအပြောက်၊ စုတ်ဖြင့်ထိုးသော အပြောက်၊ အပ်ဖြင့်ထိုးချုပ်သောအပြောက်၊ သားရိုးကို ပြုလုပ်သောအပြောက် ဟူ၍ ကိုးမျိုးရှိလေသည်။

သစ်သား၌ ပြုလုပ်သော အပြောက်အမွမ်းများကို ပန်းပုနှင့် ပန်းပွတ်ပညာတို့တွင် အများဆုံးတွေ့ရှိရသည်။ ပန်းပုပညာကို ကျယ်ပြန့်သော လူမှုကိစ္စအဝဝတို၌ အသုံးချခဲ့သည့်အလျောက် နုရွလှပသော အပြောက်အမွမ်းများဖြင့် တန်ဆာဆင်ခြင်းမှာလည်း တိုးတက်ဝေဆာလာခဲ့လေသည်။ လူသုံးပစ္စည်းများမှအစ ဘုရား၊ ကျောင်း၊ ဇရပ်၊ ပြာသာဒ်များတွင် တုရင်၊ ပန်းဆွဲ၊ ခြင်္သေ့ ကနုတ်ပန်း အမျိုးမျိုးကို သုခမမြောက်အောင် ထုလုပ်ခဲ့ကြသည်။ ဇာတ်ခိုးတ်

www.burmeseclassic.com

www.burmeseclassic.com





မြန်မာ့ခေါင်းလောင်းတစ်လုံးတွင် အပြောက်အမွမ်းရှိ ကွင်းချိတ်ပါ ဓာတ်တော်ရုပ် ကြေးသွန်းများ

တော် ရုပ်လုံးများကို အနုပညာစွမ်းအားဖြင့် ဝေဆာဖူးကြွအောင်လည်း စီမံခြယ်လှယ်ခဲ့ကြသည်။

ရုပ်လုံး၊ ရုပ်ကြွ၊ ရုပ်ခုံးစသည့် ပုံသဏ္ဌာန်သုံးမျိုးဖြင့် အနွဲ့၊ အတွဲ့၊ အတွန့်အချိတ်၊ အစိတ်အကျဲ၊ အတွယ်အကပ် မှန်ကန်သော ခြူးနွယ်ခြူးလိမ်၊ အတွန့်အလိပ်များကိုလည်း တန်ဆာဆင်ခဲ့သည်။ ဘီလူးပန်းဆွဲ၊ ဂဠုန်နဂါး၊ ကိန္နရာ၊ နတ်သိကြား၊ ဥဒေါင်း၊ ဇော်ဂျီ၊ မျောက် စသည်တို့ကိုလည်း လက်ရာမြောက်အောင် အပြောက်အမွမ်းတင်၍ အလှဆင်ခဲ့ကြသည်။

အင်းဝခေတ်စာဆို ရှင်အဂ္ဂသမာဓိသည် ပြာသာဒ်မှန်ကင်း၊ စုလစ်စိန်တောင်၊ အပြောက်အမွမ်းများ၊ အရုပ်ပန်းခက်များ၊ ဓာတ်စုံပန်းပုရုပ်များ စသည့် အနုပညာလက်ရာတို့ဖြင့် ဝေဆာနေ၍ ဂုဏ်ကျက်သရေ တင့်တယ်လှပသော



သောဏဒိန်နတ်သား၏ ဘုံပြာသာဒ်ကို ဤသို့ အဆန်းတကြယ် ဖွဲ့ဆိုခဲ့လေသည်။

> "ကျစ်လျစ်ခုံလှည့်၊ ရုပ်ပုံပြည့်လျက်၊ ကြည့်လည်း မငြီး ခြူးသီးခြူးရွက်၊ ခြူးခက်ညွှန့်ကောင်း၊ နှာမောင်းနွယ်ထိုး၊ သရစ်ချိုးမျှ၊ နရိုးပွင့်ကာ၊ သင်းတွဲကြာနှင့်၊ ကြက်လျှာတစ်သား၊ စုလစ်သွန်းသွန်း ကြက်မောင်းစွန်းနှင့် မွမ်းချွန်းစီလျဉ်၊ အသည်လက်ဘီး ရွှေသားပြီး၏"

စုတ်ဖြင့်ထိုးသော အပြောက်မျိုးတွင် ရှေးခေတ် မင်သေ့ထိုးနည်းသည် အပါအဝင်ဖြစ်၏။ မင်သေ့ထိုးရာ၌ ဆေးနီဆေးနက် အရောင်နှစ်မျိုးကို သုံးစွဲလေ့ရှိသည်။ နဂါး ဂဠုန် ဂုမ္ဘာန် ယက္ခ ကိန္နရာ စသော အရုပ်များ၊ လှပသော ပန်းခွေများ ပန်းခက်များဖြင့် အပြောက်အမွမ်းခြယ်ကာ မင်သေ့ထိုးကြသည်။

စုတ်ဖြင့်ရေးသော အပြောက်မျိုးကား ပန်းချီအနုပညာလက်ရာ ဖြစ်သည်။ ရှေးရိုးမြန်မာ့ပန်းချီ ရေးနည်းတွင် ကနုတ်၊ နာရီ၊ ကပီ ဂဇာဟူသော အခြေခံရေးနည်း လေးမျိုးကို သုံးစွဲသည်။ ကနုတ်ခြူးနွယ်များကို ကွေးကော့ခွေလိပ်၍ အနုအရွဖြစ်အောင် ရေးဆွဲကြသည်။ မှန်ကူကွက်၊ ထိုင်ဖုံး၊ စိန်တောင်ရွက်လိပ်၊ မုတ်ထောက်၊ မုဒရက်၊ ပန်းဘီလူး စသည့် ပန်းမျိုးပေါင်းများစွာဖြင့် အပြောက်အမွမ်းခြယ် တန်ဆာဆင်ကြသည်။ ကောက်ကြောင်းမျဉ်းတို့ဖြင့် အပျော့အညွတ်၊ အနွဲ့အနှောင်းပီ၍ သက်ဝင်လှုပ်ရှားအောင် မွမ်းမံရေးခြယ်ကြသည်။ မြင်းခြံမြို့မှ ပုသိမ်သို့ စာတိုက်မှူးနှင့်ပေးသော ဦးပုည မေတ္တာစာတွင် စုတ်ဖြင့်ရေးခြယ်သော အပြောက်အမွမ်းကို ဤသို့ တန်ဆာဆင်ရေးဖွဲ့ခဲ့ကြောင်း လေ့လာရမိသည်။

> "ပန်းချီတကာ့ ဝိဇ္ဇာ၊ စိတြဂီဝါ၊ ရွှေမင်ဆေးဇဝါ၊ ပြာသာနှင့် ကွက်ဆန်း၊ သဇင်ပန်း၊ မလေးတွဲ့၊ နဂါးသွဲ့ ခြူးနွယ်ရုံဝတ်မှုံနှင့် ဝတ်ဆံ၊ ပြန်ကဟပ် ပြန်ကဟပ်၊ ဓာတ်ရုပ်စုံအတွက်၊ ကောင်းကင်ဖျံကျေးငှက်တို့၊ တေးချယ်ကျ ပလီဟန်ဆေးစက်ကျ စီမံလျက်"

အပ်ဖြင့် ထိုးချုပ်ရသော အပြောက်မျိုးမှာ ရွှေချည်ထိုးလုပ်ငန်း ဖြစ်သည်။ ရှေးခေတ် မြန်မာမှူးမတ် မိဖုရား စသည်တို့ ခြူးပန်းခြူးနွယ် ကနုတ်

www.burmeseclassic.com

www.burmeseclassic.com





ပခုက္ကူနယ်တွင် တွေ့ရသော ညောင်ရမ်းခေတ်
နံရံဆေးရေးပန်းချီ

နွယ်သော တုရင်တန်ဆာများ၊ ပန်းပြောက်၊ ပန်းနွယ် ဖောက်ထိုးထားသော လက်ကျပ်လက်စည်း၊ စည်းပုံမကိုဋ်၊ သရဖူစသော အဆင်တန်ဆာများကို ဝတ်ဆင်ခဲ့ကြကြောင်းကို ပခုက္ကူမြို့နယ်၊ ဘုရားကုန်းကျေးရွာ၊ ကုန်းဘောင်ခေတ်နှောင်း နံရံဆေးရေးပန်းချီပုံများတွင် လေ့လာတွေ့မြင်ရသည်။

ထို့ပြင် ရှေးခေတ်မင်း မိဖုရားများ ကွယ်လွန်လျှင်ဖြစ်စေ၊ ဘုန်းတော်ကြီးများ ပျံလွန်တော်မူလျှင်ဖြစ်စေ၊ အမင်္ဂလာပစ္စည်းအဖြစ် သုံးစွဲခဲ့ကြသော သန်လျင်းများတွင်လည်း ဘော်ကြယ်၊ ရွှေချည် ငွေချည် ကျောက်မျက်စီလျက်၊ ဇာတ်နိပါတ်တော် သရုပ်ဖော်ပုံများကို အပြောက်မစွမ်း ခြယ်လှယ်ခဲ့ကြကြောင်း အထောက်အထား တွေ့ရပါသည်။



ရွှေခြည်ထိုးလုပ်ငန်းနှင့်တွဲ၍ တွေ့ရသော အပြောက်မျိုးမှာ ရွှေငွေကို ပြုလုပ်သော ပန်းတိမ်လုပ်ငန်း အပြောက်အမွမ်း ဖြစ်ပါသည်။ ကျောက်မျက်ရတနာကိုးပါးဖြင့် အဝတ်တန်ဆာများကို မွမ်းမံခြယ်လှယ်ရာ၌ ပန်းတိမ်လက်ရာ အပြောက်အမွမ်းသည် အရေးကြီးလှပေသည်။ ထို့ပြင် မဟာမင်းခမ်းတော် ပစ္စည်းများကို ပြုလုပ်ရာ၌လည်း အပြောက်အမွမ်းစုံဖြင့် ကြွရွလှပအောင် လက်ရာအနုအသန့်ဖြင့် လုပ်ဆောင်ရသည်။ ဖလားထွေးခံတို့ ခြယ်မှုန်းသော အပြောက်အမွမ်းများကို နေမိဘုံခန်းပျို့ ၂၆ တွင် ဤသို့ ထင်ရှားစွာ တွေ့မြင်နိုင်ပါသည်။

> “ပတ္တမြားမြုပ်ကာ၊ နီလာအရွက်
> သန္တာခက်ဝယ်၊ ကျေးငှက်ရုပ်ဆန်း
> ကြာသွန်းသွန်းနှင့်၊ ကြာဝန်းကြာယွဲ့
> ခြူးနွဲ့ခြူးခိုင်၊ ခြူးတိုင်ခြူးသီး
> ရွှေသားပြီးသည်၊ မီးမီးဟူမှား
> ဖလားထွေးခံ၊ မျက်တိရံလျက်”


သားရိုးဖြင့်ပြုလုပ်ရသော အပြောက်မှာ ပန်းယွန်းခေါ် ယွန်းထည် အနုပညာလက်ရာ မွမ်းမံဖြစ်လေသည်။ နှီးခွေခြင်း၊ နှီးခွေမှ အဖြူထည်၊ ငှင်းမှ အကြမ်းထည်၊ အကြမ်းမှ သားရိုးကိုင်၍ လှပသေသပ်အောင် သစ်စေးဖြင့် သုတ်လိမ်းကာ အချောသပ်ရသော လက်မှုပညာဖြစ်သည်။ ထိုမှတစ်ဖန် ယွန်းထည်ပေါ်တွင် ပန်းနွယ်ပန်းခက် အရုပ်စုံများကို အပြောက်ခြယ်မွမ်းမံရလေသည်။

ကြေး၊ သံစသော သတ္တုကိုပြုလုပ်သော အပြောက်အမွမ်း လက်ရာမျိုးကို ပန်းပဲနှင့် ပန်းတဉ်းလုပ်ငန်းတွင် တွေ့ရ၏။ သံကိုပြုလုပ်သော ပန်းပဲပညာ၊ အနုပညာလက်ရာ အပြောက်များကိုမူ ရှေးခေတ်သုံး မြန်မာ့ဓားများတွင် ထင်ရှားစွာ တွေ့မြင်နိုင်ပါသည်။ မြန်မာမင်းများလက်ထက်က ဒူးနေရာ၊ တော်နေရာ အတွင်းတော် မြဲနေရာရသူ အမှုထမ်းများကို ချီးမြှင့်ရာ၌ အပြောက်အမွမ်းတင်သော ဓားအမျိုးမျိုးကို ရာထူးဌာန္တရအလိုက် ပေးခဲ့ပါသည်။ မင်းတုန်းမင်းတရားကြီး ထီးနန်းတက်သောအခါ အိမ်ရှေ့မင်းအဖြစ် ရာထူး

www.burmeseclassic.com

www.burmeseclassic.com





ပခုက္ကူမြို့နယ်တွင် တွေ့ရသော ကုန်းဘောင်ခေတ်
နံရံဆေးရေးပန်းချီ

ဌာနန္တရ ချီးမြှင့်ခြင်းခံရသော ကနောင်မင်း ကိုင်ဆောင်ခွင့်ရသည့် ဓားနှင့် ပတ်သက်၍ အပြောက်အမွမ်းခြယ်လှယ်ထားပုံကို ကုန်းဘောင်ဆက် မဟာ ရာဇဝင်၊ စာမျက်နှာ ၁၇၇ တွင် ဤသို့ တွေ့ရပါသည်။

> "ကား အဆောက်အအိမ် ရွှေသားပိန်း။ ။ အဆောက်ရင်းဖျား ခွေးမ ပတ္တမြား ကျောက်တန်းအပြည့်စီ၊ အတွင်းရောင်လင်း သမ္ဘာရာ ခွံထိပ်၊ နဝရတ်စီ၊ လက်ကိုင်ရောင်လင်း အိမ်ရင်းဖျား ခွေးမသံပတ် ကိုးကန့်၊ ပတ္တမြားသုံးရစ်စီ၊ အိမ်ပတ္တမြား ကျောက်တန်းစီခြူးဆွဲ၊ လေးဆယ်တော် ငါးဆယ်တော် ထားလိုက် တဆဲ့နှစ်။



တစ်ဖန် ကြေးဖြင့် ပြုလုပ်ထားသော ကြေးသွန်းလက်ရာအနုပညာများကို ကွမ်းအစ်၊ ထုံးဘူး၊ ကြေးစည်၊ ခေါင်းလောင်း၊ ကြေးကလပ်ဖလားများတွင် အများဆုံးတွေ့ရသည်။ စင်စစ် မြန်မာ့အမွေ ရှေးဟောင်းအနုပညာ ပစ္စည်း မှန်သမျှတို့မှာ လုပခန့်ညားၡ လက်ရာသေသပ်သော အပြောက်အမွမ်း မျိုးစုံဖြင့် ခြယ်လှယ်မွမ်းမံ ထားခဲ့ကြသည်သာဖြစ်၍ ထိုအပြောက်အမွမ်း များ၏ ပသာဒအလှနှင့် ရသတို့သည် ကြည့်မြင်ရသူတို့၏ စိတ်နှလုံးကို သိမ်းကျုံးဆွဲငင်နိုင်စွမ်း ရှိလေသည်။

အထူးသဖြင့် နိုင်ငံခြားသားများသည် မြန်မာ့လက်ရာ အပြောက် အမွမ်းထည် ပစ္စည်းများကို ပို၍သဘောကျ နှစ်ခြိုက်ကြသည်။ ကြိုက်ဈေး ပေး၍လည်း ဝယ်ယူစုဆောင်းတတ်ကြသည်။ ဤအထာကိုသိသော မသမာ သူတို့က မြန်မာ့ရှေးဟောင်း အနုပညာပစ္စည်းများကို နည်းမျိုးစုံဖြင့် ခိုးယူ ရောင်းချနေကြသည်မှာ ဝမ်းနည်းဖွယ်ရာ ဖြစ်လေသည်။ ယဉ်ကျေးမှုဆုံးလျှင် လူမျိုးပါ ပြုန်းတတ်သည်ဆိုသောအချက်ကို ဆင်ခြင်၍ အနုပညာပစ္စည်း ခိုးယူမှုကို ဟန့်တားတိုက်ဖျက်ရန်မှာ အမျိုးသားရေး တာဝန်တစ်ရပ်ဖြစ်သည် ဟု ဆိုချင်ပါတော့သည်။

## ခေါင်းလောင်းနှင့် အနုပညာလက်ရာ

ရှေးမြန်မာများသည် ကြေးခေါင်းလောင်းများကို သာသနိကအလှူ အဖြစ် ဘုရားတန်ဆောင်းများတွင် လှူဒါန်းလေ့ရှိခဲ့ပါသည်။ ရှေးဟောင်း စေတီပုထိုး၊ ကျောင်းကန်များသို့ ရောက်သော ဘုရားဖူးခရီးသည်တစ်ဦးသည် ရင်ပြင်တော်ပေါ်ရှိ ကြေးခေါင်းလောင်းများကို ထိုးဖူးကောင်း ထိုးဖူးပါလိမ့် မည်။ အကယ်၍ ခေါင်းလောင်းထိုး ဘုရားဖူးသည် ခေါင်းလောင်း၏ ကိုယ် ထည်မှ စာတန်းကို ဖတ်ရှုလျှင် ခေါင်းလောင်းနှင့် ပတ်သက်သည့် အကြောင်း ကုန်စင်ကို သိရချိမ့်မည်။ ခေါင်းလောင်း၏ အထက်ဘက်ကို သတိတရ မော့ကြည့်မိပါလျှင် အဆန်းတကြယ် ပြောင်မြောက်သော မြန်မာ့အနုပညာ လက်ရာ အစုစုကို တွေ့မြင်နိုင်ပေလိမ့်မည်။ ကွင်းချိတ်ကို တန်ဆာဆင်ထား သည့် ပန်းတည်းကြေးသွန်းလက်ရာ အပြောက်များပင် ဖြစ်လေသည်။

ခေါင်းလောင်း ကွင်းချိတ်များတွင် သိကြားရုပ်၊ ပဉ္စရူပရုပ်၊ ခြင်္သေ့ရုပ်၊

www.burmeseclassic.com



ကိန္နရာ အဖိုအမရုပ် စသည်များကို ကနုတ်ပန်းအပွင့်အနွယ်၊ အခွေအလိပ်တို့ဖြင့် အသေးစိတ် ခြယ်မှုန်းထားတတ်ကြသည်။ တည်ငြိမ်ခံ့ညားသော၊ အနေအထား ပြေပြစ်လှပသော ကနုတ်ပန်း အပြောက်အမွှမ်းတို့မှာ ဝေဆာလှပသော ပန်းပွင့်ပန်းဖူး ပန်းရိုးပန်းနွယ် အခိုင်ကြီးတစ်ခိုင်ကို တွဲလောင်းဆွဲထားသည့်နှယ် ထင်မှတ်ရလေသည်။

ဤသို့သော ခေါင်းလောင်းများ၏ အနုပညာလက်ရာများကို လေ့လာကြည့်လျှင် ခေတ်အလိုက်ပုံစံများ ကွဲပြားကြောင်း တွေ့ရှိနိုင်သည်။ သို့ရာတွင် ခေတ်ချင်း တူသော်လည်း ပုံစံနှင့် ဟန်မတူသည်လည်း ရှိ၏။ ရည်ရွယ်ချက်နှင့် လက်ရာမြောက်မှု ကွာခြားခြင်းတို့ကြောင့် ဖြစ်မည်ဟု ယူဆရပါသည်။

မြန်မာနိုင်ငံတွင် တွေ့ရသော ရှေးအကျဆုံး တောင်ငူခေတ် ဘုရင့်နောင်၏ ကောင်းမှုတော် ခေါင်းလောင်းကြီးကို ကွင်းချိတ်၍ တန်ဆာဆင်သော အပြောက်မျိုး လုံးဝမတွေ့ရပေ။ ပန်းခွေဖြင့် ရိုးရိုးစင်းစင်းသာ အပြောက်ခြယ်သည်။ ခေါင်းလောင်းထုထည်ကြီး၍ အထက်ပိုင်းမှာ မို့သည်။ အလယ်ပိုင်းတွင် ဟိုက်၍ ခေါင်းလောင်းအနားမှာ အနည်းငယ် ကော့လန်နေသလို ရှိသည်။ သီဟိုဠ်လက်ရာမျိုး လွှမ်းမိုးနေဟန် တူပါသည်။

ဤခေါင်းလောင်းပုံနှင့် ဆင်ဆင်တူသော အခြားခေါင်းလောင်းမှာ ပခန်းစည်သူရှင်ဘုရားရှိ ခေါင်းလောင်းဖြစ်ပါသည်။ သို့ရာတွင် ခေါင်းလောင်း၏ ဟိုက်သောနေရာ၌ ကွာခြားမှုရှိပါသည်။ ခေါင်းလောင်း၏ အထက်ချိတ်တွင် နဂါးနှစ်ရုပ်ကို တစ်ဆက်တည်းခံ၍ သွန်းလုပ်ထားသည်။ အောက်ခြေကွင်း၌ ခြသေ့နှစ်ရုပ်ခံသည်။ နှစ်များစွာ ကြာပြီဖြစ်သဖြင့် လက်ရာအဆင့်အတန်း ပြောင်မြောက်မှုကို ခန့်မှန်း၍ မရနိုင်တော့ပေ။ မည်သို့ဆိုစေ တောင်ငူ ညောင်ရမ်းခေတ်ခေါင်းလောင်းများ၏ အမွှမ်းအပြောက်ခြယ်မှုကို ခြုံငုံကြည့်လျှင် အမွှမ်းတန်ဆာဆင်မှု နည်းပါးကြောင်း တွေ့ရသည်။ ခေါင်းလောင်းကွင်း၏ တစ်ဖက်တစ်ချက်တွင် အများအားဖြင့် ခြသေ့ရုပ်နှစ်ကောင်သာ ခံလေ့ရှိ၏။

စင်စစ် ရှေးမြန်မာတို့သည် ကေသရာဇာခြသေ့၏ တင့်တယ်ထည်ဝါသော အရည်အချင်းများကို သဘောကျနှစ်ခြိုက်ကြဟန် ရှိသည်။ ရှေးပညာရှိကဝိတို့သည် နောင်းလူတို့အား ခြသေ့ပမာ နေထိုင်ကျင့်ကြံကြရန် ဆုံးမစကား



အများပင် ထားခဲ့သည်။ ကဗျာစာဆိုတို့သည်လည်း ခြသေ့ကို နည်းအမျိုးမျိုးဖြင့် ဖွဲ့နွဲ့အမွှမ်းတင်ခဲ့ကြသည်။ ဤသို့ အမြတ်တနိုးထားခဲ့ကြသော ခြသေ့ကို ရှေးခေတ်မြန်မာ့အနုပညာ လက်ရာများတွင် အလျဉ်းသင့်သလို ထည့်သွင်းရုပ်လုံးဖော်ခဲ့ခြင်း ဖြစ်သည်။

မြန်မာတို့သည် ခြသေ့ပုံကို သစ်သားထွင်း၍လည်းကောင်း၊ ကြေးသွန်း၍လည်းကောင်း၊ အုတ်အင်္ဂတေကိုင်၍လည်းကောင်း၊ ရွှေချည်ငွေချည်ထိုး၍လည်းကောင်း၊ ရွှေပန်းတိမ် ငွေပန်းတိမ် ခတ်၍လည်းကောင်း ပြုလုပ်ခဲ့ကြသည်။ သို့ရာတွင် ပြုလုပ်သော လက်မှုပညာရှင်၏ လက်ရာကိုလိုက်၍ ခြသေ့ပုံစံ အမျိုးမျိုး ကွဲပြားခြားနားကြောင်း တွေ့ရသည်။ ရှည်မျောခြင်း၊ ပုဝိုင်းခြင်း၊ ပြေပြစ်ခြင်းများသာမက သွင်ဟန် ရက်စက်ကြမ်းကြုတ်သောပုံစံ၊ ခံ့ညားတည်ငြိမ်သောပုံစံ စသည်ဖြင့် အမျိုးစုံဖြစ်လေသည်။

ညောင်ရမ်းခေတ် ခေါင်းလောင်းများမှ ခြသေ့ရုပ်တို့သည် တည်ငြိမ်ခံ့ညားသော်လည်း လက်ရာမသွက်လှပေ။ ပုံစံ ရိုးစင်းလွန်းပြီး ကြွရွမှုနည်းပါးသည်။ သွန်းလုပ်သော အရုပ်များတွင် ကိန္နရာဖိုမ၊ သိကြား၊ ပဥ္စရူပစသော အရုပ်ဟူ၍ လုံးဝမတွေ့ရချေ။ သို့ရာတွင် ညောင်ရမ်းခေတ်၏ ခေါင်းလောင်းများပေါ်တွင် ခြယ်သော အပြောက်များမှာ ထူးခြားမှုရှိသည်။ ထူးခြားမှုရှိသလို ကွဲပြားမှုလည်းရှိကြောင်း လေ့လာရမိသည်။

ညောင်ရမ်းခေတ် ခေါင်းလောင်းများ၏ အထက်ပိုင်းတွင် ကြာမှောက်ခံလုံးဝ မတွေ့ရပေ။ ပုတီးစေ့ပတ်၍ဖြစ်စေ၊ ခရုပတ်မျဉ်းကြောင်းဖြစ်စေ၊ အရေးကြောင်းသုံးကြောင်း သို့မဟုတ် နှစ်ကြောင်းဖြစ်စေ ခံ၍ပုံဖော်ပါသည်။ ဖိုဝင်းတောင်ဘုရားခေါင်းလောင်းတွင် ဗောဓိရွက်ပုံခံ၍ ၎င်းအထက်မှ ပုတီးစေ့ပတ်ထားကြောင်း တစ်မူထူးခြားစွာ တွေ့ရှိရသည်။ ခေါင်းလောင်း လှူဒါန်းသူများသည် ဗောဓိသဗ္ဗညုဘုရားလောင်းဆုကို ပန်ဆိုလိုသဖြင့် ဗောဓိရွက်ပုံဖော်သွန်းခဲ့လေသလောဟု တွေးဆဖွယ်ရာ ရှိပါသည်။ သို့မဟုတ်လျှင် ဗောဓိပင်နှင့် ရွှေပလ္လင်ကို အောင်တော်မူပြီး သဗ္ဗညုတဉာဏ်တော် ရရှိသော မြတ်ဘုရားလောင်းဆုကို ပန်လိုသဖြင့် ဖော်သွန်းခဲ့လေသလောဟုလည်း ဆင်ခြင်မိပါသည်။ မည်သို့ဆိုစေ ရည်ရွယ်ချက်မှာမူကား ရှိလိမ့်မည် ထင်ပါသည်။ အသေအချာပြော၍ မရနိုင်ပါ။ ဤသို့ အဓိပ္ပာယ်ဖော်ညွှန်းနိုင်သော အနုညာ

www.burmeseclassic.com

www.burmeseclassic.com





မန္တလေးမြို့ မဟာမြတ်မုနိဘုရားရင်ပြင်ရှိ
မနုသီဟရုပ်ခံ ခေါင်းလောင်း

လက်ရာတစ်မျိုးကို စစ်ကိုင်းကောင်းမှုတော် ဘုရားသို့ စာရေးသူ ဘုရားဖူး ရောက်စဉ်က တွေ့မြင်ခဲ့ဖူးပါသည်။

စေတီတော်၏ ဖိနပ်တော် ပတ်လည်တွင် လက်ဝဲဘက်၌ ကြာဖူး၊ လက်ယာဘက် သန်လျက်ကိုင်ထားသော နတ်ရုပ်တုများရှိသည်။ မကိုဋ် ဆောင်း၍ မင်းဝတ်တန်ဆာဆင်ထားကြ၏။ ကြာဖူးကိုင်ထားခြင်းသည် မပွင့် သေးသော ဘုရားအလောင်းအလျာအဖြစ် လည်းကောင်း၊ သန်လျက်ကိုင်ထား ခြင်းသည် မင်းဖြစ်ကြောင်းကိုလည်းကောင်း၊ အဓိပ္ပာယ်ဖော်ဆောင်ပေသည်။ ကုသိုလ်ရှင်သည် မိမိကိုယ်မိမိ ဘုရားဆုပန် ဘုရားအလောင်း (ဗောဓိသတ္တ) အဖြစ် ရည်ညွှန်းခြင်းပင် ဖြစ်လေသည်။



ကုန်းဘောင်ခေတ်ဦးသို့ ရောက်သောအခါ ခေါင်းလောင်း၏ ကြေး သွန်း အနုပညာလက်ရာများမှာ ပိုမိုတိုးတက်လာခဲ့သည်။ အရုပ်မျိုးစုံဖြင့် အမွှမ်းအပြောက် ခြယ်လာကြသည်။ ကြွရွလှပသော အဆင်တန်ဆာများဖြင့် ဝေဝေဆာဆာ ရှိလေသည်။ သက္ကရာဇ် ၁၁၄၆ ခု ဘိုးတော်ဘုရားလက်ထက် တွင် သွန်းလုပ်လှူဒါန်းခဲ့သော ဟံဇားမြို့ ဝမ်းသာရွာ၊ ဖောင်ကန့်နားဘုရားမှ ခေါင်းလောင်းစာတွင် ခေါင်းလောင်း၏ သွင်ပြင်ပုံသဏ္ဌာန်နှင့် အပြောက် အမွှမ်းများကို ဤသို့စပ်ဆိုကမ္ပည်းတင်ထားကြောင်း တွေ့ရ၏။

"ကြေးစည်ခေါင်းလောင်း၊ တင့်ကြောင်းစီရင် သွင်ပြင်လက္ခဏာ၊
ဆိုသည်မှာကား၊ အောက်ဝါကားကား၊ အဖျားပုစွန်တုပ်၊
လက်ကုပ်ကျင်ကျင်၊ ပလ္လင်ကျားပျံ၊ ထက်ယံမနု၊
ဟောက်မည်ပြုသို့"


ကုန်းဘောင်ခေတ်နှောင်းတွင်မူ အနုပညာလက်ရာများကို သဘာဝ ကျမှုထက် အဆန်းတကျယ်ဖြစ်အောင် ထည့်သွင်းပုံဖော်လာခဲ့ကြသည်။ ကနုတ်၊ နာရီ၊ ကပိ၊ ဂဇာတို့ဖြင့် ဝေဆာလှပအောင် အနုစိတ် သွန်းလုပ်လာ ကြသည်။ ဝင်ရိုးတိုကြာဖူး၊ ပဋ္ဋရူပရုပ်တို့ဖြင့် သွန်းလုပ်ပါသည်။ ပဋ္ဋရူပရုပ် ဆိုလျှင် အထောင်အမတ်များတွင် အလျားဖြတ်ဖြစ်နေ၍ ကြည့်ရာတွင် ပန်း ရလှသည်။ ခေါင်းပိုင်းတွင် နာမောင်း၊ ဦးချိုအစွယ်၊ တောင်ပံတို့ဖြင့် အားများ နေသော်လည်း နောက်ပိုင်းမှ ငါးကြင်းမြီးကို ကားကားယားယား အရွယ်ကြီး ထားခြင်းဖြင့် အလေးချိန် မျှသွားပေသည်။

သက္ကရာဇ် ၁၂၃၃ ခုနှစ်စွဲပါ သားထုက္ကူရွာရှင် (ယခု-ပခုက္ကူမြို့ ရွှေကူရုပ်) သွေးသောက်ကြီးမင်း၏ ကောင်းမှုတော် ခေါင်းလောင်းတွင် အထက်ကွင်းချိတ်၌ ကော့ညွတ်သော နဂါးရုပ်နှစ်ရုပ်၊ အောက်ခံခြသေ့ရုပ် နှစ်ရုပ်က ခုန်ပျံမြူးကြွတော့မည့်အလား၊ ဖော်သွန်းထားသည်ကို တွေ့ရသည်။ ခေါင်းလောင်းစာ၏ဘေးတွင် သန်လျက်ထမ်း ဘီလူးရုပ်ဖြင့် အပြောက်ခြယ် ပါသည်။

ကိုလိုနီခေတ်တွင် သွန်းလုပ်ခဲ့ကြသော ခေါင်းလောင်းများ၌ကား အပြောက်အမွှမ်းခြယ်လှယ်မှုကို ဦးစားပေးလာကြပြီ ဖြစ်သည်။ ခေါင်းလောင်း

www.burmeseclassic.com





မန္တလေးမြို့ မဟာမြတ်မုနိဘုရားရင်ပြင်ရှိ
အပြောက်အမွှမ်းပါ ခေါင်းလောင်း

ရစ်တွင် အရေးအကြောင်းများခံ၍ အောက်မှ ကြာမှောက်တစ်ဆင့် သို့မဟုတ် နှစ်ဆင့်ခံကြ၏။ ကြာစွယ်ကြာဖူး၏ အခွေအလိပ်ကို ပျောင်းနွဲ့၍ ကြွရှုလှပအောင် ပုံဖော်ပါသည်။ ပုစွန်တုပ်၊ စိုင်ပေါင်၊ ပလ္လင်တို့ကို ခြသေ့ရုပ်၊ နဂါးရုပ်၊ သိကြား၊ ကိန္နရာ၊ ဇော်ဂျီရုပ်များဖြင့် အဆန်းတကြယ်ဖြစ်အောင် ပြုလုပ်ကြသည်။ လက်ရာသေသပ်၍ လှပနွဲ့နှောင်းမှုကြောင့် ရှုကြည့်ရသည်မှာ ပသာဒရှိလှလေသည်။

ပခုက္ကူမြို့ သီဟိုဠ်ရှင်ဘုရားပြတိုက်မှ ခေါင်းလောင်းငယ်များတွင် မြူးကြွသော ခြသေ့ရုပ်ကိုခံလျက် တောင်ဝှေးထမ်းဇော်ဂျီ၊ ကိန္နရာ၊ သိကြား၊ ပဥ္စရူပရုပ်များဖြင့် တန်ဆာဆင်ထားသည်မှာ ရှုမငြီးဖွယ်ရာ ဖြစ်လေသည်။ ခေါင်းလောင်းကိုယ်ထည်နှင့် ပုံသဏ္ဌာန်တို့မှာလည်း လက်ရာကျနသေသပ်ပြီး အချိုးအစား ညီမျှလာပြီဖြစ်သည်။ ဘုရားကုန်းရွာ ဘုန်းတော်ကြီးကျောင်းမှ ခေါင်းလောင်း၏ အထက်ဘက်ရှိ အဆန်းတကြယ် ပြောင်မြောက်သော မြန်မာ့အနုပညာလက်ရာများကို ဖော်ပြထားပါသည်။

လှပစွာ သွန်းလုပ်ထားသော ခေါင်းလောင်းကွင်း တစ်ဖက်တစ်ချက်တွင် ခြသေ့နှစ်ကောင်ရှိသည်။ ခေါင်းလောင်းဆွဲရန် ထုပ်တိုင်မှကျနေသော



ချိတ်တစ်ဖက်တစ်ချက်စီတွင် ကိန္နရီ ကိန္နရာရုပ်များရှိသည်။ ထိုချိတ်အထက်တွင် သိကြားရုပ်တစ်ရုပ် ရှိ၏။ ချိတ်မှာ ကြာဖူးဝင်ရိုးခံ၍ ခေါင်းလောင်းကို တွဲလောင်းဆွဲထားသည်။

အမြီးထောင်ထောင်၊ အတောင်ဝိုက်ဝိုက်နှင့် ကိန္နရာရုပ်များတွင် လူကိုယ်နှင့် ငှက်အောက်ပိုင်းကို အချိုးကျစွာ ဆက်စပ်ထားသည်။ ဟန်အမူအရာများမှာ ကြော့ရှင်း၍ ပျံတော့မည့်ပုံ အသက်ဝင်နေသည်။ မျက်နှာပေးနှင့် လက်အနေအထားမှာ လှုပ်ရှားတော့မယောင် အသွင်ဆောင်နေကြသည့် အဝတ်တန်ဆာ ဒွာဒရာများတွင် ကနုတ်ပန်းပွင့် အခွေအလိပ်များကို အသေးစိတ်တွေ့မြင်ရ၏။

ချိတ်အထက်မှ သိကြားရုပ်၏ အဆင်တန်ဆာ အမွှမ်းအမံမှာလည်း ကြွရှုလှပနေ၏။ တည်ကြည်ငြိမ်သက်ပြီး လက်နှစ်ဖက်မှာ လှုပ်ရှားတော့မည့် အသွင် ရှိလေသည်။ ရှေးနောက်ဝဲယာ ဘယ်နေရာမှကြည့်ကြည့် ဝေဆာ မြိုင်ဆိုင်လှသော မြန်မာ့အနုပညာ လက်ရာများပေတည်း။ ။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅)

# ခေါင်းလောင်းတန်ဆောနှင့် မြန်မာမှု

www.burmeseclassic.com

www.burmeseclassic.com

## မြန်မာ့ရုပ်ပေါင်းစု အနုပညာ

မြန်မာ့ခေါင်းလောင်းများ၏ အထက်နှင့်အောက် ကွင်းချိတ်တို့တွင် ခြင်္သေ့ရုပ်၊ သိကြားရုပ်၊ ကိန္နရီ ကိန္နရာရုပ်၊ နရားရုပ်၊ ဇော်ဂျီရုပ်၊ ကျားရုပ် မျောက်ရုပ်စသည်ဖြင့်လည်းကောင်း၊ ဝင်ရိုးကို ပဋ္ဌရူပရုပ်၊ ကြာဖူး ကြာပန်းတို့ဖြင့်လည်းကောင်း အပြောက်အမွမ်း ခြယ်လှယ်ထားသော ခေါင်းလောင်းတန်ဆာများကို အများဆုံး တွေ့ရပါသည်။ ၎င်းအရုပ်များမှာ မြန်မာ့ယဉ်ကျေးမှု အမွေပစ္စည်းတစ်ခုဖြစ်သော ခေါင်းလောင်းများတွင်သာမက ဘုရားတန်ဆောင်း ကျောင်းပြာသာဒ်နှင့် လူသုံးပစ္စည်းများတွင်ပါ အတွေ့ရများသော မြန်မာ့ယဉ်ကျေးမှု ရုပ်ပေါင်းစု အနုလက်ရာရုပ်များ ဖြစ်လေသည်။

စင်စစ် မြန်မာ့ရုပ်ပေါင်းစု အနုပညာသည် အလွန်ရှေးကျသော သမိုင်း အမွေအနှစ်တစ်ခု ဖြစ်လေသည်။ ရှေးရိုး မြန်မာ့ပန်းချီသည် အိန္ဒိယအလယ်ပိုင်းရှိ အဇန္တာပန်းချီနှင့် ဆက်သွယ်မှု ရှိခဲ့သည်ဟု သုတေသီများက ဆိုပါသည်။ ထိုအဇန္တာဂူများတွင် ကိန္နရီ ကိန္နရာရုပ်များနှင့် ကျေးငှက် တိရစ္ဆာန်ရုပ်များကို တွေ့ရှိရသည်ဖြစ်ရာ မြန်မာ့ရုပ်ပေါင်းစု အနုပညာသည်လည်း အိန္ဒိယ ရှေးရိုးပန်းချီနှင့် ဆက်နွယ်နေသည်ဟု ခန့်မှန်းနိုင်လေသည်။

မြန်မာနိုင်ငံတွင် ပျူယဉ်ကျေးမှု စတင်ထွန်းကားရာ ခေတ်မှစ၍ မြန်မာ့ရုပ်ပေါင်းစု အနုပညာကို အစောဆုံး တွေ့မြင်လာရသည်။ ပုဂံ သရပါတံခါး အနီးမှ ရရှိသော ကျန်စစ်သား၏ မွန်ကျောက်စာသည် ပုဂံနန်းတော်အကြောင်းကို ဖော်ကျူးသော ကျောက်စာဖြစ်၏။ ထိုကျောက်စာကို ကျောက်တိုင်



ကြီးလေးခု၏ မျက်နှာ ၁၆ ဘက်တွင် ရေးထိုးထားကြောင်း ဆရာကြီး ဦးဖေမောင်တင်က ဖော်ပြရေးသားခဲ့လေသည်။

ဆရာကြီး ကျေးဇူးကြောင့် ကျန်စစ်သားမင်း၏ နန်းတော်မှ မြောက်ဘက်လှည့်သော အဆောက်အအုံနှင့် စပ်လျဉ်း၍ လူရုပ်၊ ခြင်္သေ့ရုပ်၊ ရွှေနရားရုပ်၊ ရွှေဝမ်းဘဲရုပ်များအကြောင်းကို ကျောက်စာမျက်နှာ ၁ တွင် ဤသို့ တွေ့ရပါသည်။

> "ရာဇပလ္လင်တည်ရာ အခန်းပတ်လည်၌ ကသောလူရုပ်၊ စည်တီးသော လူရုပ် .........သော လူရုပ်ရှိ၏။ ထောင့်လေးခု၌ ခြင်္သေ့လေးကောင် တည်ရာ လေးဘက်ပတ်လည်၌ တောက်ပသော ရွှေစင်ဖြင့် လုံးဝပြီးသော ခြင်္သေ့လေးကောင်ရုပ်၊ ရွှေအမွှမ်းပန်း၊ ရွှေဖြင့်ပြီးသော ဆင်ဦးခေါင်း၊ အထက်နှစ်ဘက်တွင် ရွှေနရားရုပ်တို့ တည်ရှိကုန်၏။ နရားအထက်၌ ရွှေတုဂိုဏ်ပကာန်း ရွှေတုဂိုဏ်းမကာန်းအထက်တွင် ... အဖူးအပွင့် အသီးရှိသော ... ဥသျှစ်အသီး၊ ကြာပဒုံမာအထက်တွင် နှစ်ဘက်လုံး၌ ပုလဲကိုက်သော ရွှေဝမ်းဘဲရုပ်နှစ်ခု၊ အလယ်တွင် ထုဂိုဏ်စုလစ်အထက်၌ တောက်ပသည့် ရွှေဖြင့်ပြီးသော မွန်မြတ်သည့် ရတနာဖြင့် တန်ဆာဆင်အပ်သော ဩဘုရားမရှိ၏။ နှစ်ဘက်တွင် ထုဂိုဏ်တိုင် ထိပ်မွန်း ဦးခေါင်းအထက်၌ တုဂိုဏ်အတွင်းရှိ ရွှေပန်းကုံးတွဲလွဲဆွဲပုလဲ ရွှေငှက်ပျောရွက်နှင့်တကွ သာစုခေါ်ခြင်းပြုနေသော ရွှေနတ်သားရုပ် နှစ်ခု၊ ထုဂိုဏ်ထိပ်ဖွန်းအသီးသီးပေါ်၌ ရွှေပန်းလိပ်၊ ရွှေမွှမ်းပန်းရှိသည့် တောက်ပသောရွှေ၊ နှစ်ဘက်၌ ရွှေနရားရုပ်နှစ်ခု တည်ရှိ၏။ ထိုနရားရုပ်အထက်၌ တောက်ပသည့် ရွှေဖြင့်ပြီးသော ပန်းပင်ရိုး၊ ပန်းရွက်တို့ကို ချီသော ရွှေဝမ်းဘဲရုပ်နှစ်ခု၊ ရွှေမကာန်းနှစ်ကောင်၏ နှာမောင်းနှစ်ခု အထက်၌..."

မြန်မာတို့သည် အနုအယဉ် အလှအပတို့တွင် စိတ်ကူးစိတ်သန်းကောင်း ကြသူများဖြစ်၏။ မြန်မာ့ရိုးရာ အရုပ်များကို ပန်းချီပန်းပုက နှုတ်သွင်းလျက် စပ်ဟပ်ဖော်ယူလိုက်သောအခါ အနုပညာမှော်ဝင်လာသဖြင့် စိတ်ကူးရုပ်သည် သဘာဝရုပ်သွင်အလား ထင်မှတ်ရသည်။ ဤနည်းဖြင့် မကာန်း၊ ပဋ္ဌရူပ ဇရား၊

www.burmeseclassic.com

www.burmeseclassic.com



ခြင်္သေ့၊ ကိန္နရီ၊ ကိန္နရာ ဇော်ဂျီစသည့် ပန်းချီ ပန်းပု ပန်းသွန်းရုပ်များသည် အနုပညာနယ်၌ ရေပန်းစားလာခဲ့ရလေသည်။

ရှေးမြန်မာတို့သည် မြန်မာ့ရိုးရာအရုပ်များကို ရည်ရွယ်ချက်ကင်းမဲ့စွာဖြင့် အမွှမ်းအပြောက်ခြယ် တန်ဆာဆင်ခဲ့ကြသည် မဟုတ်ပေ။ သူ့ရည်ရွယ်ချက်နှင့်သူ နေရာထားလျက် စင်တင်သုံးစွဲခဲ့ကြခြင်း ဖြစ်သည်။ သို့ဆိုလျှင် မြန်မာမှု ဓလေ့ထုံးစံနှင့် ၄င်းအရုပ်များသည် မည်သို့ ဆက်စပ်မှုရှိကြလေသနည်း။ လေ့လာသိရှိထားသမျှ ထုတ်နုတ်တင်ပြပါမည်။

## ခြင်္သေ့ရုပ်

ခြင်္သေ့သည် မြန်မာတို့ အလေးအမြတ်ထားသော သတ္တဝါတစ်မျိုးဖြစ်သည်။ မြန်မာ့ခြင်္သေ့ရုပ်များမှာ အဆင်တန်ဆာတို့ဖြင့် မွှမ်းမံခြယ်လှယ်ထားသဖြင့် ထူးခြားလှပပေသည်။ ကနုတ်ပန်း အခက်အလက်၊ အကွေးအညွှတ်များဖြင့် ကျော့ရှင်းလှသည်။ ဟန်ပြည့်ဝ၍ မာန်ပါလှသည်။

မြန်မာ့ယဉ်ကျေးမှု နယ်ပယ်တွင် ခြင်္သေ့၏ အဆင်းနှင့် ခွန်အားကိုလိုက်၍ တိဏ၊ ကာဠ၊ ပဏ္ဍု၊ ကေသရ ဟူ၍ အမျိုးလေးမျိုးကွဲကြောင်း ကျမ်းများ၌ လာရှိပါသည်။ ထို့ကြောင့် ရှင်မဟာသီလဝံသက ပါရမီတော်ခန်းပျို့၌ "ပဏ္ဍု၊ ကာဠ၊ ကေသရနှင့် တိဏဟူသည် လေးဆူအရိုး၊ ခြင်္သေ့မျိုးတွင်" ဟူ၍ ဖွဲ့နွဲ့ရေးသားခြင်းဖြစ်သည်။

ခြင်္သေ့ကို လေ့လာကြည့်လျှင် တင့်တယ်ထည်ဝါခြင်း၊ ခွန်အားဗလသူမတူအောင် ကြီးခြင်း၊ စွမ်းရည်ရှိခြင်း၊ ရဲရင့်ခြင်း၊ စိုးပိုင်မှု တန်ခိုးရှိခြင်း၊ လုံ့လဝီရိယနှင့် ပြည့်စုံခြင်း၊ စိတ်ခိုင်မာခြင်း စသည့် အရည်အချင်းတို့နှင့် ပြည့်စုံနေသည်ကို တွေ့နိုင်လေသည်။ သို့တစေ ခြင်္သေ့တိုင်းကားမဟုတ်ပေ။ ခြင်္သေ့မျိုးအားလုံးအနက် ကေသရာဇာခြင်္သေ့မျိုးမှာ ခွန်အားအကြီးဆုံးနှင့် စွမ်းရည်အရှိဆုံးဖြစ်သည့် အလျောက် ကေသရာဇာ ခြင်္သေ့မင်းကိုသာ အမွှမ်းတင်ပမာ ပြုကြသည်။

ကေသရာဇာခြင်္သေ့မင်းကား အဆင်းသဏ္ဍာန် တင့်တယ်ထည်ဝါမှုနှင့်ပြည့်စုံသည်သာမက လျောင်းထိုင်ရပ်သွား လေးပါးသော ဣရိယာပထတို့၌လည်း တင့်တယ်ထည်ဝါသည်ဖြစ်၏။ တစ်ဖန် အိပ်ခြင်းလေးပါးရှိသည့်အနက်



ခြင်္သေ့၏ အိပ်ခြင်းနှင့် မြတ်စွာဘုရား၏ အိပ်စက်ခြင်းနှစ်ပါးသာလျှင် အမြတ်ဆုံး ဖြစ်သည်။ စွမ်းအားမာန်နှင့် ဖွဲ၊ လုံ့လ၊ ဝီရိယတို့မှာလည်း အံ့ချီးနည်းယူဖွယ် ကောင်းလှပေသည်။ ကေသရာဇာ၏ တင့်တယ်ထည်ဝါမှု၊ ရဲရင့်ကြံ့ခိုင်စွမ်းရည်ပြည့်ဝမှုကို ရှင်မဟာရဋ္ဌသာရက ကိုးခန်းပျို့ စာမျက်နှာ ၉၂ တွင် ဤသို့ အကျယ်တဝင့် ဖော်ပြခဲ့လေသည်။

> "ရတနာ့ဂူ၊ နန်းမဥ္ဇူက၊ ထွက်ပြုတွန်ထူး၊ သံရှင်ကြူးလျက်၊ ရွှင်မြူးထွေသာ၊ မျှော်ရာရာ၌၊ ဘယ်ညာကြွားကြွား၊ ကြိုးသံလွှားသော်၊ နွားလားတတွန့်၊ လျှင်သန်မြန်၍၊ တိုင်းမှန်သတောင်၊ တောင်လည်းမကၢ၊ ကောင်းကင်ဝသို့၊ ခုန်ထမြောက်စွာ၊ မြေညီမှာမူ၊ လေးရာတာထောက်၊ စွန်းစွန်းရောက်လျက်၊ ကုန်းမြင့်ထက်က၊ ဆင်းသက်စုတ်စုတ်၊ ပြေးအားထုတ်မူ ဂါဝုတ်တိုင်အောင်၊ ဆောင်သားဇဝန၊ စွန်းထာမဖြင့် ပေါက်ပြသုံးခါ၊ ဟောကြားရာသို့၊ လိုက်နာမှီလျှင်း ခြင်္သေ့မင်း..."

ဤသို့ စွမ်းရည်သတ္တိပြည့်ဝမှု၊ ရဲရင့်ကြံ့ခိုင်မှုရှိသော ခြင်္သေ့၏ စရိုက်ဓလေ့ကို မြတ်စွာဘုရားလည်း ကျင့်သုံးတော်မူသည်။ ရှေးမြန်မာမင်း အဆက်ဆက်လည်း ကျင့်သုံးခဲ့သည်။ လူတို့သည်လည်း ကျင့်ထိုက်သည်သာ ဖြစ်၏။ ထို့ကြောင့် ဝိသေသဂုဏ်ထူး မြောက်မြားစွာ ပြည့်စုံကုံလုံသော ခြင်္သေ့ကို မြန်မာတို့ အမြတ်တနိုးထားကြခြင်း ဖြစ်လေသည်။


၁၉၆၂ ခုနှစ်အတွင်းက ဗိဿနိုးမြို့ဟောင်းကို ဆဌမအကြိမ်မြောက် တူးဖော်ခဲ့ရာတွင် အမှတ် ၂ ကုန်းမှ လူရုပ်၊ ဘီလူးရုပ်၊ ခြင်္သေ့ရုပ်၊ မကန်းရုပ်စသော အရုပ်များအပြင် ကြာပန်းကြာရွက်နှင့် အခြားအင်္ဂတေရုပ်ကြွ အမျိုးမျိုးကို ရရှိခဲ့သည်။ ဤအချက်ကို ထောက်ဆလျှင် မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံတွင် ခြင်္သေ့ရုပ် ထုလုပ်သုံးစွဲမှုနှင့် ပတ်သက်၍ ပျူခေတ်ကပင် စတင်ခဲ့သည်ဟု ဆိုနိုင်သည်။

ပုဂံခေတ်ထိုး ရွှေစည်းခုံဘုရားကျောက်စာတွင်လည်း (ခြင်သိယ်မြိယ်ခံ ၁ ဆူ)ဟူ၍ ရေးထိုးခဲ့သဖြင့် ခြင်္သေ့ရုပ်ကို သာသနာရေးနှင့် ပတ်သက်သော အသုံးအဆောင်များအဖြစ် ခိုင်မာကျယ်ပြန့်စွာ သုံးစွဲနေကြပြီဟု ဆိုနိုင်သည်။ ထို့ပြင် ရှေးဘုရား၊ ပုထိုးစေတီ၊ စောင်းတန်းပြာသာဒ်များ၏ မုခ်ဝအဝင်တွင်

www.burmeseclassic.com

www.burmeseclassic.com





ရန်ကုန်မြို့ မိုးကောင်းစေတီတော်အတွင်းရှိ
အပြောက်အမွမ်းပါ ခေါင်းလောင်း

လည်း ခြင်္သေ့ရုပ်ကြီးများ ထုလုပ်ခဲ့ကြကြောင်း ယနေ့တိုင် အထင်အရှား တွေ့ရသည်။

ဤသို့ ထုလုပ်ထားရှိခြင်း၏ ရည်ရွယ်ချက်မှာ ခြင်္သေ့၏ ဂုဏ်ပုဒ်ကို အသိအမှတ်ပြုခြင်း၊ အစောင့်အရှောက်သဘောထားခြင်း၊ ခြင်္သေ့သည် ရန် အပေါင်းအောင်မြင်သည်ဖြစ်၍ ဘေးရန်အပေါင်းမှ ကာကွယ်စောင့်ရှောက် စေလိုသော သဘောကြောင့် ဖြစ်လေသည်။ ရှေးဟောင်းစကားပုံပြင်များ အဆိုအရ ဖခင်ခြင်္သေ့မင်းအား မြားဖြင့်ပစ်သတ်ခဲ့သော သီဟဗာဟုမင်းသည် မိမိပြုမိမှားသော အပြစ်ဒဏ်မှ လွတ်ငြိမ်းရန်အတွက် ဘုရားပုထိုးစေတီများ တွင် ခြင်္သေ့မင်းရုပ်ပုံ ထုလုပ်စေခဲ့ခြင်းမှ အစပြုခဲ့သည်ဟု မှတ်သားရမိသည်။

ထို့ပြင် ရှေးခေတ် မြန်မာ့သူရဲကြီးအောင်လံတွင် ဟိန်းဟောက်သော အနေအထားဖြင့် အစိမ်းရောင် ခြင်္သေ့ရုပ်ကို သုံးစွဲခြင်းမှာ ရဲရင့်ကြံ့ခိုင်ခြင်း၊ တင့်တယ်ခြင်း၊ အောင်မြင်ခြင်းလက္ခဏာများကို မင်္ဂလာနိမိတ်ယူထားခြင်း ဖြစ်လေသည်။ သီဟာသနပလ္လင်၏ အောက်ခုံတွင် ကေသရာဇာခြင်္သေ့ရုပ် ထုလုပ်ထားရှိခြင်းမှာကား တန်ခိုးအာဏာကြီး၍ အရပ်ကိုးမျက်နှာကို မြိုးထူး



ခန့်လွှားကြီးဝါးလျက် ဘေးအန္တရာယ်စုံကို နှိမ်နင်းနိုင်သည့် နိမိတ်ကိုယူခြင်း ဖြစ်လေသည်။

ထို့မျှမကသေး၊ ရှေးမြန်မာမင်းများလက်ထက်က လူမှုအသုံး အဆောင် ပစ္စည်းများတွင် ခြင်္သေ့ရုပ်အမှတ်တံဆိပ်များကို များစွာတွေ့ရ၏။ မြန်မာ့လက်မှု အနုပညာပန်းဆယ်ဖြာတွင် ခြင်္သေ့ရုပ်ကို နေရာအမျိုးမျိုးတွင် ခြယ်လှယ် သုံးစွဲခဲ့သည်။ ထို့ပြင် မင်းခမ်းတော်ဝင် ပစ္စည်းများဖြစ်သော ခြင်္သေ့ခံ ကွမ်းခွက် ရတာနာ၊ ခြင်္သေ့ခံကရားတော်၊ ခြင်္သေ့အလေး၊ ခြင်္သေ့ခံမှန်ပြုတင်း စသည်ဖြင့် အမျိုးမျိုးရှိလေသည်။

ဤသို့လျှင် ခြင်္သေ့သည် မြန်မာ့ပတ်ဝန်းကျင်များနှင့် ကျယ်ပြန့်စွာ ဒွန်တွဲလျက် ရှိလေသည်။ မြန်မာ့ယဉ်ကျေးမှု၏ နယ်ပယ်တွင်လည်း ရှုထောင့် အထွေထွေ၊ ဝိသေသအမျိုးမျိုးဖြင့် ခေတ်အဆက်ဆက် ရပ်တည်ခဲ့သည်။ စင်စစ် ခြင်္သေ့နှင့်ဆိုင်သော မြန်မာ့ယဉ်ကျေးမှုတို့ကား မြောက်မြားလှ၏။ နိုင်ငံတစ်ဝန်းရှိ ခြင်္သေ့ရုပ်လုံးရုပ်တုများ၊ ခြင်္သေ့ရုပ်ပါ အမှတ်တံဆိပ် အသုံး အဆောင်များသည်ကား မြန်မာတို့၏ အမျိုးသား လက္ခဏာ၊ ယဉ်ကျေးမှု အနုလက်ရာ ရဲစိတ်ရဲမာန်အဖြစ် ရပ်တည်နေကြသည်သာ ဖြစ်လေသည်။

## ပဥ္စရူပရုပ်

မြန်မာ့ခေါင်းလောင်းများတွင် အမွှမ်းတန်ဆာအဖြစ် အသုံးများသော အခြားအရုပ်မှာ ပဥ္စရူပရုပ်ဖြစ်သည်။ မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် "ရူပ ငါးကောင်" ရှိလေသည်။ ၎င်းတို့မှာ ပဥ္စရူပ၊ သတ္တရူပ၊ နဝရူပ၊ ဒသရူပနှင့် ဧကာဒသရူပတို့ ဖြစ်လေသည်။

မြန်မာ့လက်မှု အနုပညာရှင်များသည် ရူပရုပ်ငါးကောင်ရှိသည့်အနက် အရင်းခံ ပဥ္စရူပရုပ်ကိုသာ ရိုးရာဟန်မပျက် ရေးဆွဲထုလုပ်ခဲ့ကြသည်သာ များပါသည်။ ကျန်ရူပလေးကောင်မှာ ရေးဆွဲထုလုပ်ရာ၌ လက်ဝင်သဖြင့် သုံးစွဲခြင်းမပြုခဲ့ကြပေ။ ယခုအခါ ပဥ္စရူပမှတစ်ပါး ကျန်ရူပလေးကောင်စလုံး သည် တိမ်မြုပ်ပျောက်ကွယ်လုနီးနီး ရှိပါတော့သည်။ ပဥ္စရူပနှင့် ပတ်သက်၍ တကယ်ရှိသည်၊ မရှိသည်ကို အသေအချာ မသိရသော်လည်း မြန်မာစာပေ မှတ်တမ်းများတွင် အမျိုးမျိုးကွဲပြားနေကြောင်း လေ့လာရမိသည်။ ဦးပုည၏။

www.burmeseclassic.com

www.burmeseclassic.com



"ဖလ်ရောင်မှန်ရောင်" ချီတောဘွဲ့တွင် "ပဥ္စရူပ၊ အသွင်တူတဲ့ ယဉ်မူလှတို့၊ မြမြက်ကိုစား၊ ချိုတခါခါ၊ ကိုယ်မာယာနှင့်" ဟု စပ်ဆိုသည်ကို ထောက်၍ ပဥ္စရူပသည် မြက်ကိုစားသော ခြေလေးချောင်းသတ္တဝါဟု ယူဆရသည်။ သို့ရာတွင် ပဥ္စရူပ၏ အသွင်သဏ္ဌာန်ကိုမူ တိကျစွာ မဖော်ပြခဲ့ပေ။

မြဝတီမင်းကြီးဦးစ ဖွဲ့ဆိုသော "ကုန်းဘောင်ပရမေ" ချီ ဘုန်းတော်ဘွဲ့ ပတ်ပျိုးကြီးတွင်မူ "အဆင်းငါးဖြာ၊ ကမ္ဘာလေရှည်မြင့်ညောင်း၊ အကြောင်း ကဲလွန်စွာ၊ သီဟာငယ်လေမြိုင်သနင်း၊ ငါးကြင်းတူမကွာ၊ နာဂါစွယ်လျှ၊ မဟီသာ၊ ငှက်မွန်ဆင်းဝါ၊ ဟင်္သာရွှေမုခ၊ ဟတ္ထိနာဂ၊ စွယ်လျှနှာမောင်း၊ ကုန်းဘောင်မင်္ဂလာ၊ ရှိဦးလေတင်ဆက်ကာ" ဟု ပဥ္စရူပ၏ အသွင်ပုံသဏ္ဌာန် ကို ပုံဖော်စပ်ဆိုခဲ့ကြောင်း တွေ့ရ၏။

မြဝတီမင်းကြီး၏ ဖွဲ့ဆိုချက်အရ အဆင်းငါးဖြာရှိသော ပဥ္စရူပ၏ အသွင်ကို စိစစ်ကြည့်ရာ အောက်ပါအတိုင်း တွေ့ရ၏။

ငှင်းတို့မှာ ...

၁။ တောကိုအစိုးရသော ခြင်္သေ့မင်း၏ ရုပ်အဆင်း
၂။ ငါးကြင်း၏ အမြီး
၃။ ဆင်၏အစွယ်နှင့် နှာမောင်း
၄။ ကျွဲ၏ချို
၅။ ဟင်္သာငှက်၏ နှုတ်သီး စသည်တို့ဖြစ်သည်။

သို့ရာတွင် ဖေယျာသင်္ခယာ၏ ရွှေဘုံနိဒါန်းကျမ်း၌လာသော ပဥ္စရူပ ဖောင်တော်၏ ပုံသဏ္ဌာန်ကို "ဆင်နှာမောင်းအစွယ်နှစ်ချောင်း၊ နွားလပို့၊ ငါးကြင်းအမြီး၊ တိုးချိုနှစ်ဖက်၊ လက်တစ်ဖက်၊ နောက်ပံ့အမြီး၊ တိုးအမြီး၊ ခြေတစ်ဖက်၊ မြင်းနားနှစ်ဖက်၊ လက်တစ်ဖက် ခြေတစ်ဖက်၊ လှော်ကားပဲ့ရုပ် ပေါင်းငါး၊ ပဥ္စရူပဖောင်" ဟု ဖော်ပြထားလေသည်။

ဆင်ဦးခေါင်းခံသော ပဥ္စရူပနှင့် ခြင်္သေ့ဦးခေါင်းခံသော ပဥ္စရူပဟူ၍ ကွဲလွဲကြောင်း သိသာနိုင်သည်။ ထို့ကြောင့် ပဥ္စရူပ၏ အင်္ဂါအစိတ်အပိုင်း များမှာလည်း မူကွဲလွဲချက်ရှိကြောင်း တွေ့ရသည်။ ခေတ်နှင့်အချိန်အခါကို လိုက်၍ ကွဲလွဲချက်ရှိမည်ဟု ယူဆရ၏။ ယနေ့ခေတ်ကာလ မြန်မာ့လက်မှု



အနုပညာတို့ ရေးဆွဲထုလုပ်သော ပဥ္စရူပရုပ်ကား သတ္တဝါငါးမျိုး၏ အဆင်း သဏ္ဌာန်ကို ပေါင်းစပ်ထုလုပ်ထားခြင်း ဖြစ်လေသည်။ ငှင်းသတ္တဝါ ငါးမျိုးမှာ ခြင်္သေ့ဦးခေါင်း၊ ဆင်၏အစွယ်နှင့် နှာမောင်း၊ သမင်ဦးချိုနှင့် ခြေလက်၊ ဟင်္သာ၏ အကောင်နှင့် ငါးကြင်းမြီးတို့ ဖြစ်လေသည်။

မည်သို့ဆိုစေ ပဥ္စရူပ၏ ဩဇာသက်ရောက်ရာ နယ်မြေမှာ ကျယ်ဝန်း လှလေသည်။ မြန်မာ့အတွေး၊ မြန်မာ့အမြင်၊ မြန်မာ့စိတ်ကူးဉာဏ်မှ ပေါက်ဖွား လာသော အနုပညာ၊ လက်ရာစစ် ပဥ္စရူပရုပ်ကို ရှေးမြန်မာ့ပန်းချီ၊ ပန်းပု၊ ပန်းသွင်းလက်ရာများတွင် အများဆုံး သုံးစွဲခဲ့သည်။ မြန်မာ့အနုပညာပစ္စည်း များတွင် ပဥ္စရူပရုပ်၏ ကနုတ်အသွားအလာများမှာ ဝေဆာမြိုင်ဆိုင်သည်။ ဆန်းကြယ်သော စိတ်ကူးဖြင့် ရေးခြယ်ထုလုပ်သည်ဖြစ်၍လည်း အဆန်း တကြယ်ရှိပြီး နုရွှခံညားလှလေသည်။

မြန်မာ့ရိုးရာ ကြေးခေါင်းလောင်းအချို့တွင် ပဥ္စရူပရုပ် ဝင်ရိုးခံ၍ သွန်းလုပ်သည်ကိုတွေ့ရ၏။ ပဥ္စရူပ ပတ်မထမ်းရုပ်ဆိုလျှင် မြန်မာ့မင်္ဂလာ ဆိုင်းဝိုင်းတော်၏ အင်္ဂါရုပ်တစ်ခုဖြစ်ပြီး လူသိများကာ ယခုတိုင် ခေတ်စား လျက် ရှိလေသည်။ သစ်သားပန်းပုထည်၊ မှန်စီရွှေချထည်များတွင်လည်း စင်တင်သုံးစွဲခြင်းခံရသည်။ ထို့ပြင် မြန်မာ့ရိုးရာစပ် ပညာဖြင့် ပြုလုပ်ထား သော ပဥ္စရူပရုပ်များသာမက ပဥ္စရူပရုပ်တံခွန်တိုင် ပတ္တလားများ စသည်ဖြင့် အမျိုးမျိုး ရှိလေသည်။

## ဇော်ဂျီရုပ်

ဇော်ဂျီသည် မြန်မာ့ယဉ်ကျေးမှု အနုလက်ရာစင်မြင့်ပေါ်သို့ အဘယ် ကြောင့် ရောက်လာရသနည်းဆိုသည်ကို တွေးတောဖွယ် ဖြစ်လေသည်။ ရှေးဟောင်းမြန်မာ့မှတ်တမ်းမှတ်ရာများတွင် ဇော်ဂျီ၏ သရုပ်သဏ္ဌာန်ကို ဖော် ထုတ်ခဲ့ကြောင်း မတွေ့ရပေ။ သို့သော် မြန်မာနှင့် အိမ်နီးချင်း တိုင်းနိုင်ငံများ တွင် ဇော်ဂျီများရှိကြောင်း တွေ့ရ၏။ ယိုးဒယားဝတ္ထု ဇာတ်လမ်းများတွင် လည်း ဇော်ဂျီများ ပါရှိသည်။ စင်စစ် ဇော်ဂျီကို အိန္ဒိယဆေးပညာများမှ မွေးဖွားခဲ့သည်ဟု ယူဆနိုင်ပေသည်။

ဇော်ဂျီဟူသော ဝေါဟာရသည် ဟိန္ဒူစကားဖြစ်သော ဇော်ဂီမှ ဆင်း

www.burmeseclassic.com

www.burmeseclassic.com



သက်လာခြင်းဖြစ်သည်။ ဇော်ဂျီ၏ အဝတ်အစားမှာ နီမောင်းသောအရောင်ဖြစ်၏။ သွက်လက်သော လှုပ်ရှားမှုနှင့် ကိုယ်နေဟန်မှာ ရဲရင့်ဖျတ်လတ်သည့် အသွင်ကို ဆောင်လေသည်။ ရှေးဒဏ္ဍာရီဝတ္ထုများတွင် ပြဒါးရှင်၏ တန်ခိုး၊ ဆေးကြိမ်လုံး၏ တန်ခိုးတို့ဖြင့် မြေလျှိုးမိုးပျံနိုင်သည်ဟု ယုံကြည်ထားကြလေသည်။ မြန်မာမှုမှတ်တမ်းများ၌မူ ဇော်ဂျီဟူသော ဝေါဟာရနှင့် ပတ်သက်၍ အင်းဝခေတ်တွင် အစောဆုံး စတင်တွေ့ရှိရသည်။ ကုန်းဘောင်ခေတ်သို့ ရောက်သောအခါ မြန်မာ့ရုပ်သေးသဘင်ပွဲတွင် ဇော်ကကို စင်တင်ကပြလာခဲ့သည်။

မြန်မာ့ရုပ်သေးသုခုမ ပွဲသဘင်များတွင် ဇော်ဂျီကို နန်းဇော်နှင့် တောဇော်ဟူ၍ နှစ်မျိုးခွဲခြားသတ်မှတ်သည်။ နန်းဇော်မှာ နုယဉ်သိမ်မွေ့စွာကသည်။ တောဇော်မှာ ကြမ်းတမ်းပေါ့ပါးစွာကသည်။ သို့သော် မြန်မာ့သုခုမပွဲသဘင်တွင် ဇော်ကဟုဆိုလျှင် အနုရေးအကြမ်းပါ စွယ်စုံကပြ အသုံးတော်ခံလေ့ရှိကြောင်း တွေ့ရသည်။

မြန်မာ့ဇော်ကကို လေ့လာလျှင် အမျိုးစုံလင်ကြောင်း တွေ့ရ၏။ ဇော်ဂျီ၏လက်တွင် ဆေးတောင်ဝှေးခေါ် တုတ်ရှည်တစ်ချောင်းပါရှိသည်။ ပခုံးထက်တွင်ထမ်းသည်။ အဖျားနှစ်ဖက်ကိုကိုင်၍ ခုန်ပျံကသည်။ တောင်ဝှေးကို ထောက်၍ တောင်ဝှေးထိပ်တွင် ကျွမ်းထိုးအုန်းပင်စိုက်သည်။ ထို့ပြင် တောင်တက်ဟန်၊ သစ်သီးရှာဟန်၊ ဖိုထိုးဟန်၊ ဆေးကြိတ်ဟန်၊ သူယောင်မယ်နှင့် မြူးထူးပျော်ပါးဟန် စသည်ဖြင့် အမျိုးမျိုးအဖုံဖုံ ကပြလေ့ရှိသည်။ ဤသို့သော မြန်မာ့ရုပ်သေးသဘင်မှ တစ်မူထူးခြားသော တောင်ဝှေးထမ်း ဇော်ဂျီရုပ်၏ ဇော်က ကဟန်သည် မြန်မာ့မျက်စိပသာဒတွင် စွဲမက်စဖွယ် ဖြစ်လာခဲ့ဟန် တူပါသည်။ ဇော်ရုပ်ကို မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင်ပါ စတင်သုံးစွဲလာကြလေသည်။

ဘုရားကျောင်းကန်ရှိ မြန်မာ့သစ်သားပန်းပုများတွင် ဇော်ဂျီရုပ် အမျိုးမျိုးကို တွေ့မြင်ရသည်။ မြန်မာ့ငွေပန်းတိမ်၊ ပန်းတော့၊ ပန်းချီ၊ ပန်းတဉ်း စသည့် လက်မှုအနုပညာ အထည်ပစ္စည်းများတွင်လည်း ထုလုပ်သုံးစွဲကြလေသည်။ ယုတ်စွအဆုံး ရှေးအခါက ထိုးကွင်းမင်ကြောင် ထိုးသည့်နေရာတွင်ပင် ဇော်ပျံရုပ်ကို တွေ့မြင်ရ၏။ မည်သည့်ဇော်ဂျီရုပ်ကိုပင်ကြည့်ကြည့် ခေါင်း



ခါး ခြေ လက်ကအစ အကွေးအညွှတ်၊ အကော့အပျံတို့ဖြင့် သုခုမဆန်သောဟန်အမူအရာများကို တွေ့မြင်ရသည်။ ဤသည်ပင်လျှင် မြန်မာ့ဇော်ဂျီရုပ်၏ တစ်မူထူးခြားသော အနုပညာဝိသေသ လက္ခဏာဟု ဆိုရပေမည်။

## ကိန္နရာရုပ်

ကိန္နရာ ကိန္နရီ ငှက်မျိုးသည် လက်တွေ့လောကတွင် တကယ်ရှိသည်၊ မရှိသည်ကို အသေအချာ မသိရပေ။ သို့သော် မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် မြန်မာတို့သည် ကိန္နရာကို ရှေးခေတ်ကပင် အကျွမ်းတဝင်ရှိခဲ့ကြဖူးလေသည်။ မဟာဂီတနယ်တွင် ဟောဝန်စုံမြိုင်သည် ကိန္နရာချောင်းခြား ပတ်ပျိုးအဖြစ် ထင်ရှား၏။ မနော်ဟာရီပျို့၊ သုဓာပျို့၊ စန္ဒကိန္နရီပျို့ စသည့် ကိန္နရာ ကိန္နရီ ဇာတ်လမ်းများလည်း အများအပြားရှိ၏။

အထူးသဖြင့် မြောက်ပိုင်း ဗုဒ္ဓဝါဒနိုင်ငံ၏ ပိဋကတ်ဝင်ဇာတ်ဖြစ်သော သုဓနုဇာတ်သည် မြန်မာနိုင်ငံတွင်သာမက တရုတ်၊ တိဗက်၊ နီပေါ၊ အာရှအလယ်ပိုင်း၊ အရှေ့တောင်အာရှတို့သို့ ပျံ့နှံ့ခဲ့ပါသည်။ မြန်မာနိုင်ငံ ကယားပြည်နယ် အလံတော်တွင် ဒွေးမယ်နော်ကို အစွဲပြု၍ ကိန္နရီပျံနေပုံကို ထည့်သွင်းထားသည်။ ကယားပြည်နယ် ငွေတောင်သည် ကိန္နရာ ကိန္နရီတို့ ပျော်စံရာ ကယားအမျိုးသားတို့ စတင်ရာဒေသဟု ယူဆကြလေသည်။

ကိန္နရာ ကိန္နရီနှင့်ပတ်သက်၍ ကိန္နရာကိုအဖို၊ ကိန္နရီကို အမဟု မြန်မာတို့ အသိအမှတ်ပြုထားကြသည်။ ကိန္နရာ ဟူသောဝေါဟာရကို ကျော်အောင်စံထား ဆရာတော်၏ အဘိဓာန်ပါဠိနိဿျတွင် ''ကိံ ပုရိသော၊ ကိန္နရာ၊ ကိန္နရော၊ ကိန္နရာ'' ဟု အဓိပ္ပာယ်ဖွင့်ကြောင်း တွေ့ရသည်။ ဂျပ်ဆင်အဘိဓာန်၌ ကိန္နရာ၊ ကိန္နရီကို "A Fabulous animal having the body of a bird and a human face, a harpy" ဟု အနက်ဖွင့်ပါသည်။ (Harpy_ သည် ဂရိဂန္ထဝင်လာ မိန်းမမျက်နှာနှင့် ငှက်ကိုယ်ရှိသော သတ္တဝါဖြစ်ရာ ကိန္နရီနှင့် သဘောချင်း ဆင်သည်ဟု ယူဆရသည်။

မြန်မာအဘိဓာန်ကျမ်း အကျဉ်းချုပ်တွင်မူ ''ငှက်ကိုယ်နှင့်လူခေါင်းရှိသည်ဟူ၍လည်းကောင်း၊ လူကိုယ်နှင့် မြင်းမျက်နှာရှိသည်ဟူ၍ လည်းကောင်းဆိုသော သတ္တဝါထူး'' ဟု ဖွင့်ဆိုထားပါသည်။ မြန်မာ့စွယ်စုံကျမ်း

www.burmeseclassic.com

www.burmeseclassic.com



ကမူ "လူတစ်ပိုင်း ငှက်တစ်ပိုင်းသတ္တဝါမျိုး ဖြစ်သည်" ဟု ဆိုပါသည်။ အဘိဓာန်ဋီကာ၌မူ "မြင်း၏ မျက်နှာနှင့်တူသော မျက်ခွက်ရှိ၍ လူနှင့်တူသော ကိုယ်အင်္ဂါရှိသည်ဟု ဖွင့်ဆိုထားကြောင်း" တွေ့ရပါသည်။

ကိန္နရာမှာလည်း အမျိုးအစားများလှ၏။ မာန်လယ်ဆရာတော်၏ မာဃ ဒေဝလင်္ကာသစ်တွင် "ဟေမာလယ၊ တောမြိုင်မက၊ ဒေဝစန္ဒယကုဏနှင့်၊ ဒုမကောန္တ၊ ဒက္ခမာဏဝီ၊ ထိုပြီအပ၊ ကဏ္ဍပါဂု၊ အစပြုသား၊ လူကိုယ်လူ လက်၊ လူမျက်ခွက်နှင့် တစ်ချက်ရုပ်ဆောင်း၊ မြင်းခေါင်းထူလှည့်၊ ငှက်၏ ကိုယ်မှာ၊ လူမျက်နှာက၊ လူဝါလူ့သွင်၊ ဆံပင်နောက်လန်၊ သမံငယ်သွေး၊ ငှက်မွေးတောင်ပေါက်၊ ရွယ်မဖောက်ဘဲ" ဟူ၍ ရေးစပ်ခဲ့ရာ ငှက်ကိုယ်နှင့် လူမျက်နှာ ကိန္နရာရှစ်မျိုးရှိကြောင်း သိရ၏။ ကိမ္ပုရိသ၊ ဒေဝ၊ စန္ဒ ၊ ဒုမ၊ ဒက္ခမာနဝိက၊ ကောန္တ၊ သကုဏ၊ ကဏ္ဍပါရုရဏ စသည်ဖြင့် ရှစ်မျိုးရှိကြောင်း အသိတိနိပါတ်၊ မဟာကုဏလဇာတ်တွင် အမျိုးအစားခွဲထားသည်။ ကိန္နရာတို့ ပျော်စံရာဒေသမှာ မဇ္ဈိမဒေသမြောက်ပိုင်း ဟိမဝန္တာတောနှင့် ပတ်ဝန်းကျင်ဖြစ်သည်။

ကိန္နရာတို့၏ ရုပ်ဆင်းပုံသဏ္ဍာန်နှင့် ပတ်သက်၍ အမျိုးကိုလိုက်၍ ကွဲပြားကြောင်း အဆိုအမိန့် အမျိုးမျိုး တွေ့ရပါသည်။ ကိမ္ပုရိသ ကိန္နရာမျိုးမှာ မြင်း၏မျက်နှာနှင့်တူသော မျက်နှာရှိ၏။ လူနှင့်တူသော ကိုယ်လက်အင်္ဂါရှိ၏။ လူ၏ အသွင်သဏ္ဍာန်နှင့် စိုးစဉ်းမျှတူသည်ဟု အဘိဓာန်ဋီကာတွင် ပြဆိုပါသည်။ ပက္ခီ ကိန္နရာမှာ ရွှေအတိပြီးသော အမြီးအတောင်၊ ဘယက်တန်ဆာ တို့ဖြင့် ဝတ်ဆင်သည်။ ဒုမကိန္နရာနှင့် စန္ဒကိန္နရာမျိုးမှာ ရွှေဖြင့်ပြီးသော ဘယက်၊ လည်မှာဒွါဒရာ ခါးကြိုး၊ ခြူးမျိုးယှက်ဆိုင်းသင်တိုင်း နားတောင်း စသော တန်ဆာတို့ဖြင့် တင့်တယ်စွာ ဆင်ယင်သည်။ သကုဏကိန္နရာတို့မှာ ငှက်သဏ္ဍာန်ကိုယ်ခန္ဓာ၊ လူ၏ ဦးခေါင်းမျက်နှာ ရှိလေသည်။

မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည် အဋ္ဌနာဋိယသုတ်တွင် ပါရှိသော ဒက္ခမာနဝိကကို ညောင်ကန်ဆရာတော် ဘုရားကြီးက ရွှေလုံတံစွဲကုန်သော လူမျက်နှင့်တူသောငှက်ဟု နိဿျပြန်ဆိုတော်မူခဲ့သည်။ စင်စစ် လူမျက်နှာ ရှိသော ကိန္နရာငှက်သာဖြစ်၏။ ရွှေလှင်ကန်တောင်ဝှေးကို စွဲကိုင်၍ ကြာဖက်တစ်ခုကိုနင်းပြီး အခြားကြာဖက်သို့ တောင်ဝှေးကို ထောက်၍သွားလာသည်ဟု ဆို၏။ ၎င်းကား ဒက္ခမာနဝိက ကိန္နရာမျိုးပေတည်း။



အမရပူရမြို့တည် ဘိုးတော်မင်းတရားကြီးလက်ထက် အာသံနိုင်ငံမှ ရောက်ရှိလာသည့် အလျားတစ်ထောင်နှစ်မိုက်ခန့်၊ အနံတစ်ထွာခန့် ကရမက် သစ်ခေါက်ပုရပိုက်ပေါ်တွင် ငှက်သဏ္ဍာန် လူ၏ဦးခေါင်း၊ မျက်နှာတပ်ထားသော သကုဏကိန္နရာမျိုးပုံတစ်ပုံ၊ လူ၏ပုံသဏ္ဍာန်တွင် မြင်း၏မျက်နှာကဲ့သို့ ရှည်သော မျက်နှာတပ်၍ ရေးဆွဲထားသည့် ကိမ္ပုရိသ ကိန္နရာမျိုးတစ်ပုံ၊ နှစ်ပုံနှစ်မျိုးရေးသားပါရှိကြောင်း သိရသည်။

၁၈၃၇ ခုနှစ်က အင်္ဂလိပ်အရေးပိုင် မယ်စယ်ဘော်ရနီ (မေဂျာဘာနေး) ဆက်သသော ကမ္ဘာလုံးပုံသဏ္ဍာန် ဆယ့်နှစ်ရာသီရုပ်တွင် မေထုန်ရာသီရုပ် ပါရှိ၏။ ၎င်းမေထုန်ရာသီ ကိန္နရာဖိုမရုပ်မှာ လူရုပ်သဏ္ဍာန် ဆံပင်နောက်ကျန်၊ ယမ်းဆံနှင့် လက်ဝဲလက်ယာ ငှက်တောင်တပ်၍ ရေးဆွဲထားသည့် ပုံသဏ္ဍာန် မျိုး ဖြစ်သည်ဟု ဝေါဟာရလီနတ္ထဒီပနီဆရာက ဆိုလေသည်။

ကုန်းဘောင်ခေတ်တွင် သလ္လာဝတီမြစ်အတွင်း၌ ကိန္နရာတစ်ဦး မျော လာဖူးသည်ဟု မြန်မာရာဇဝင်ကျမ်းများတွင် ပြဆိုထားသည်။ ဤအကြောင်းကို လက်ဝဲသုန္ဒရ အမတ်ကြီးက သူ၏ (ဝိနိစ္ဆယ ပကာသနီ ဓမ္မသတ်လင်္ကာ) နိဂုံးတွင် ဤသို့ မှတ်တမ်းတင်ခဲ့သည်။

"နတ်ကိန္နရာ၊ ဟောဝန္တာက၊ ချိန်ခါရေဦး
မျောလာဖူးဟု၊ ချီးကြူးကြေညာ၊ ထင်ရှားစွာသား
သလ္လာဝတီ၊ ရေသီတာလျှမ်း၊ ထိုမြစ်ကမ်းမှ"

ကိန္နရာတို့သည် နူးညံ့သော အမူအရာရှိ၏။ ပန်းဝတ်ဆံတို့ကိုသာ သုံးဆောင်စားသောက်လေ့ ရှိ၏။ ငါးပါးသော အဆင်းအင်္ဂါတို့နှင့်ပြည့်စုံ၏။ ဘုရားပွင့်တော်မူသည့်နေ့၌ ဝမ်းသာရွှင်ပျ ခုန်ကမြူးထူးလေ့ရှိ၏။ အဆိုပါ အင်္ဂါလေးရပ်နှင့်ညီသော မင်္ဂလာရှိသတ္တဝါဟု မြန်မာတို့ မှတ်ယူကြပါသည်။

ဤသို့လျှင် လူနှင့် တိရစ္ဆာန်တို့၏ ခန္ဓာကိုယ် အစိတ်အပိုင်းများ ပေါင်းစပ်ထားသည့် အရုပ်များအနက် ကိန္နရာရုပ်မှာ မြန်မာတို့အဖို့ မျက်စိ အယဉ်ဆုံး၊ အတွေ့မြင်ရဆုံးအရုပ် ဖြစ်လာခဲ့ရသည်။ အနုပညာပစ္စည်းများကို ဖန်တီးပြုစုရာတွင် ကိန္နရာရုပ်သည် အသုံးအများဆုံးရုပ်တု ဖြစ်လာခဲ့သည်။

ပုဂံခေတ် အင်းဝခေတ်တို့တွင် ကိန္နရာ ကိန္နရီကို ပန်းချီရေးရေး

www.burmeseclassic.com

www.burmeseclassic.com



ခြယ်၍လည်းကောင်း၊ ပန်းပုရုပ်ထုလုပ်၍လည်းကောင်း အနုလက်ရာခြယ်မှုန်းကြသည်။ ပုဂံခေတ်လက်ရာ ကိန္နရာပုံတို့မှာ မျက်နှာရှည်ကာ မျက်စိချွန်းသော ပုံသဏ္ဍာန်ရှိ၏။ အင်းဝခေတ်ဦးတွင်မူ မျက်နှာအနည်းငယ် ဝိုင်းသယောင် စံထားရေးဆွဲကြ၏။ ကုန်းဘောင်ခေတ်နှောင်းကာလ နောက်ပိုင်းမှစ၍ ပန်းချီ ပန်းပုများတွင် သုံးစွဲရုံမျှမက မြန်မာ့ခေါင်းလောင်းများတွင်ပါ ကိန္နရီ ကိန္နရာရုပ်များ ထုလုပ်အပြောက်ခြယ်လာကြသည်။

ရှေးခေတ် မြန်မာ့ရာဇပလ္လင်ဥကင်၏ လက်ဝဲလက်ယာတွင်လည်း ကိန္နရာရုပ် ထုလုပ်ထည့်သွင်းလေ့ ရှိပါသည်။ ထုလုပ်တပ်ဆင်သည့် အကြောင်းမှာ ကိန္နရာတို့သည် နူးညံ့သော အမူအရာရှိ၍ ပန်းဝတ်ဆံကိုသာ စားလေ့ရှိ၏။ နတ်မျိုးဖြစ်သောကြောင့် ငါးပါးသောအဆင်းနှင့် ပြည့်စုံသည်။ ဘုရားပွင့်တော်မူသည့်နေ့၌ ဝမ်းမြောက်ဝမ်းသာ ကခုန်မြူးထူးခြင်း ပြုသည်။ ဤသို့သောအကြောင်း ရှေးနိမိတ်ကို ယူကာ ဘိသိက်ခံရာ ဥကင်မှခ်တံခါးဖွင့်ရာ၌ ကိန္နရာကဟန်အရုပ်ကို ထုလုပ်ကြခြင်း ဖြစ်လေသည်။

မြန်မာ့ရုပ်ပေါင်းစု အနုပညာတွင် ကိန္နရာဟုဆိုလျှင် အဖိုအမတွဲဖက်၍ ရေးဆွဲထုလုပ်ကြသည်သာ များ၏။ လက်မှုပညာရှင်တို့သည် ကိန္နရာ ကိန္နရီပုံများကို မြူးကြွဟန်နှင့်ကော့ပျံမည့်နှယ် ဖန်ဆင်းတီထွင်ကြသည်။ သွင်ပြင်ပုံသဏ္ဍာန်မှာ လူကိုယ်၊ ငှက်အောက်ပိုင်းနှင့် ဘယက် ဒွါဒရာအပြည့်အစုံကို ကောက်ကြောင်းက နှုတ်များဖြင့် ခမ်းနားတင့်တယ် ကြည့်ချင်စဖွယ်ဖြစ်အောင် ဖန်တီးယူလေ့ရှိသည်။ အတောင်တပ်ထားသော လက်ကိုချိုး၍ ကွေးညွတ်ပျော့ပျောင်းစွာ လှုပ်ခတ်နေပုံမှာ ထပျံတော့မည့်နှယ် ရှိလေသည်။ ဤသို့ မျက်စိပသာဒရှိ၍ အနုပညာမြောက်သော ကိန္နရာရုပ်များကို ခေါင်းလောင်းဆွဲရန် ချိတ်များတွင် တစ်ဖက်တစ်ချက်စီမှ ပုံဖော်ကြေးသွန်းလေ့ရှိလေသည်။

သက္ကရာဇ် ၁၂၈၁ ခုနှစ်တွင် သွန်းလုပ်သော ကြေးချိန်သုံးထောင်ကျော်စီးသည့် ရန်ကုန် ကျိုက္ကစံဘုရားရင်ပြင်ပေါ်မှ ခေါင်းလောင်းကြီးတွင် အချိုးအစားကျနသော ကိန္နရီရုပ်များကို တွေ့ရပါသည်။ ထို့ပြင် ပခုက္ကူမြို့နယ် နန်းတဲရွာနှင့် ဘုရားကုန်းကျေးရွာတို့မှ ခေါင်းလောင်းများတွင်လည်း ကိန္နရီ ကိန္နရာရုပ်များဖြင့် အပြောက်ခြယ်ထားကြောင်း လေ့လာရမိသည်။





မြန်မာ့ခေါင်းလောင်းတစ်လုံးတွင် အပြောင်အမွှမ်းရှိ
ကွင်းချိတ်ပါ မြွေသို့၊ ကြာဝင်ရိုး၊ ကိန္နရာ ကိန္နရီအရုပ်များ

၎င်းကိန္နရာရုပ်များမှာ အမြီးထောင်ထောင်၊ အတောင်ဝိုက်ဝိုက်နှင့် ဟန်အမူအရာ ကျော့ရှင်းသည်။ မျက်နှာပေးနှင့် လက်အနေအထားမှာ လှုပ်ရှားတော့မယောင် အသွင်ဆောင်နေသည်။ ကနုတ်ပန်း အပွင့်အနွယ် အခွေအလိပ်တို့ဖြင့် အသေးစိတ် မွမ်းမံထားသည်မှာ သက်ဝင်လှုပ်ရှားလှန်းလေသည်။

## နရားရုပ်

ရှေးဟောင်း မြန်မာ့ခေါင်းလောင်းများတွင် အတွေ့ရများသော အခြားအနုပညာလက်ရာ အရုပ်တစ်ခုမှာ နရားရုပ်ဖြစ်လေသည်။ နရားသည် နဂါးကဲ့သို့ ဦးခေါင်း၊ လည်ပင်း၊ ကိုယ်၊ အမြီးများရှိသည့်အပြင် ခြေလေးချောင်းလည်း ပါရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့နဂါးသည် နတ်မျိုးဖြစ်၍ ပါဒေန နာဂစ္ဆတိတိနာဂေါဟု ဝိဂြိုဟ် ပြုသည့်အလျောက် ခြေတို့ဖြင့် မသွားသောကြောင့် နဂါးဟု ခေါ်ကြောင်း သိရသည်။ မြန်မာ့နရားကိုမူ မြန်မာစာပေသမိုင်းများတွင် မည်သို့မျှ အဓိပ္ပာယ် ဖွင့်ဆိုပြခြင်း မရှိကြပေ။ ထို့ကြောင့် နရားသည် မြန်မာ့နဂါးကို ခြေလေး ချောင်း တပ်ပေးခြင်းဖြစ်ပြီး စိတ်ကူးယဉ် အနုပညာမှော်ဝင်စားရာမှ ပေါက်ဖွား အခြေခံခြင်း ဖြစ်လေသလောဟု တွေးတောဖွယ်ရာ ရှိလေသည်။

မြန်မာ့နဂါးနှင့် ပတ်သက်၍ မြန်မာ့စာပေမှတ်တမ်းတွင် အမောက် အတက်ပါသော သတ္တဝါဟုဆိုပါသည်။ တရုတ်မှတ်တမ်းတစ်ခုတွင်မူ "နဂါး၏ ခေါင်း၌ ဒရယ်၏ ဦးချိုကဲ့သို့ ချိုရှိသည်။ ဦးခေါင်းသည် ကုလားအုပ်ခေါင်း နှင့်တူ၍ မျက်လုံးသည် နတ်မိစ္ဆာမျက်လုံးနှင့်တူသည်။ အကြေးခွံသည် ငါးကြင်း အကြေးကဲ့သို့ ရှိနေ၍ လက်သည်းမှာမူ လင်းယုန်ငှက်၏ လက်သည်းမျိုး ဖြစ်သည်။ ဖဝါးသည် ကျားဖဝါးကဲ့သို့ဖြစ်၍ နားရွက်မှာမူ နွားနားရွက်နှင့် ဆင်သည်" ဟု ဖော်ပြထားသည်ကို တွေ့ရ၏။

အမျိုးအစားအားဖြင့်ကြည့်လျှင် ကဋ္ဌမုခနဂါး၊ ပုတိမုခနဂါး၊ အဂ္ဂိမုခ နဂါး၊ သတ္တမုခနဂါး စသည်မှ အခြေခံ၍ ထပ်ဆင့်ပွားများရာ နောက်ဆုံးတွင် အမျိုးပေါင်း ၁၀၂၄ ရှိသည်ဟုဆို၏။ တချို့ နဂါးမျိုးမှာ အဆိပ်ရှိမြွေမျိုး ဖြစ်၍ တချို့မှာ အဆိပ်မဲ့သည်ဟု သိရ၏။ နဂါးတို့၏ နေရာဒေသမှာ အိုင် ကြီးများ၊ သမုဒ္ဒရာကြီးများနှင့် တောတောင်ကြီးများအောက်တွင် ကျက်စားလေ့ ရှိကြောင်း လေ့လာသိရှိရပါသည်။

နဂါးတို့သည် ကြီးစွာသော၊ ခပ်သိမ်းသော ရန်စစ်ကို ငြိမ်းနိုင်သည်ဟု လူတို့အယူရှိကြသည်။ စမ္မေယျဇာတ်တွင် အင်္ဂမင်းနှင့် မာဂဓမင်းနှစ်ပါးတို့ စစ်ဖြစ်ရာ မဂဓမင်းဘက်မှ နဂါးစစ်ကူသောကြောင့် အနိုင်ရဖူးသည်။ ဤ ကျေးဇူးကြောင့် မာဂဓမင်းက မဏ္ဍပ်ဆောက်ပြီးလျှင် နှစ်စဉ်မပြတ် အမြဲ ပူဇော်ကြောင်း သိရသည်။

မြန်မာရာဇဝင်တွင် ပုဂံပြည်တော်သူကြီးမင်း လက်ထက်၌ မိမိယာခင်း တွင် ဥယျာဉ်ကြီး သာသာစွာ ပြုပြီးသော် နဂါးရုပ်ကြီးစွာ ထုလုပ်၍ထား ကြောင်းသိရ၏။ ထိုအခါလက်ကို မင်းနှင့်တကွသော ပြည်သူတို့သည်လည်း နဂါးကို မြတ်နိုးရိုသေကိုးကွယ် ပူဇော်ခဲ့ကြဟန်ရှိပါသည်။



ထို့ကြောင့်ပင် မြန်မာ့လက်မှုအနုပညာရှင်တို့သည် ကျမ်းဂန်သမိုင်း များအရ ဘုရားတန်ဆောင်း ကျောင်းကန်များတွင် နဂါးရုပ်ကိုထည့်သွင်း လုပ်ဆောင်ခဲ့ကြခြင်း ဖြစ်သည်။ ဘုရားရှင်၏ စက်တော်ရာများ၌လည်း နဂါး တစ်ကောင် (သို့) နှစ်ကောင်ရစ်ပိုင်း၍ ပုံဖော်ကြပါသည်။ နဂါးရုံဘုရားများ တွင် တင်ပလ္လင်ခွေ ရုပ်ပွားတော်များအောက်၌ နဂါးကိုယ်လုံးဖြင့် ရစ်ပတ်ပလ္လင် ဖွဲ့ကာ ပါးပျဉ်းဖြင့် ဖြန့်မိုးထားပုံကို ပြုလုပ်ကြခြင်းဖြစ်သည်။ တစ်ခါတစ်ရံ တွင် နဂါးလိမ်ရုပ်ဖြင့် ဖော်ဆောင်ထားသော နဂါးနှစ်ကောင်ပုံကို ခေါင်း လောင်းပုစွန်တုပ်ကွေးများတွင် တွေ့မြင်ရလေသည်။

နဂါးကို ထုလုပ်အပြောက်ခြယ်ရာ၌ ပါးပျဉ်းအလှကိုယ်တွန့်လိမ်မှု အလှ၊ ရစ်ပတ်ဖွဲ့ခွေမှု အလှများကိုသာ အဓိကထား၍ ထုလုပ်ကြသည်ဖြစ်ရာ လှုပ်ရှားနှောင်းမှု နည်းပါးပြီး အဆန်းတကြယ် မရှိပေ။ ထို့ကြောင့် မြန်မာ့ စိတ်ကူးဖြင့် နဂါးကို ခြေဆင်းထည့်ကာ အထက်မှအောက်၊ အမြင့်မှအနိမ့် ကိုယ်ကို တွန့်ဆင်း၍ ခေါင်းကိုပြန်မော့ပြီး အမြီးကွေးထားသည့် နရားဟန်ကို ထုလုပ်ကြသည်ဟု ဆိုနိုင်လေသည်။

ဤသို့ဖြင့် နရားသည် နဂါးထက်အခြေခိုင်၍ ပြေပြစ်ကျော့မော့လာ သည်။ ခြေလေးချောင်းပါရှိသည့်အတွက်လည်း ခြေကုပ်ယူနိုင်သောကြောင့် ကျော့မော့သောဟန်ကို ပို၍ အားမာန်ပြည့်ဝစေသည်။ အနုပညာရှင်များအဖို့ အနုပညာလက်ရာဖန်တီးရာတွင် နဂါးထက် အသုံးတည့်သော နရားကို အဆင်း အနေအထားဖြင့်သာ အပြောက်ခြယ်ထုလုပ်ကြသည်က များသည်။ အောက်မှ အထက်၊ အနိမ့်မှအမြင့်သို့ ဦးလည်မော့ဟန်မျိုး မထုလုပ်ကြပေ။ မြန်မာ့ နရားရုပ်တုများကို ပန်းကနုတ်များဖြင့် ဆင်ယင်ပြည့်စွက်၍ အနေအထားကို လည်း တွဲဖက်အသုံးပြုသည့် အသုံးအဆောင်ပစ္စည်းများနှင့် လိုက်လျောညီ ထွေရှိအောင် စိတ်ကူးကာ ဖန်တီးပြုလုပ်ကြသည်။

မြန်မာ့နရားသည် ပျူခေတ်ကပင် မြန်မာ့ပတ်ဝန်းကျင်နှင့် ရင်းနှီး ကျွမ်းဝင်နေခဲ့ပြီဖြစ်သည်။ ပျူခေတ်မြန်မာ့အနုပညာရှင်တို့သည် နရားရွှေလက် ကောက်၊ နရားရွှေလက်စွပ်များကို ဖန်တီးပြုလုပ်ခဲ့ကြကြောင်း အထောက် အထားများ တွေ့ရ၏။

မြန်မာ့အနုပညာရှင်များသည် နရားရုပ်တုများကို တိုင်ထောင်နရား၊

www.burmeseclassic.com



တိုင်ဖုံးနရား၊ တိုင်ဆင်းနရား၊ ရေမိတ်နရား၊ နရားခြေထောက်၊ အဆင်းနရား၊ ပလ္လင်ခါးပန်းနရား၊ နရားလိမ်၊ နရားပျံစသည်ဖြင့် အမည်ခွဲခြား၍ ခေါ်ဝေါ်ကြသည်။

တိုင်ဖုံးနရားကို ဇရပ်တိုင်၊ ပြာသာဒ်တိုင် စသည်တို့၌ တန်ဆာဆင်ရန် ထုထွင်းကြသည်။ အဆောက်အအုံ၏ တိုင်ခြေများတွင် တိုင်ဆင်းနရားကို ဘေးဘက်မှ ထုထွင်းတပ်ဆင်ကြသည်။ ရှေးခေတ် ဘုန်းတော်ကြီးကျောင်းများ အုတ်လှေကားများတွင် နရားတစ်ဖက်တစ်ကောင်စီ မွမ်းမံအပြောက်ခြယ်ကြသည်လည်း ရှိ၏။ ရေစကြိုမြို့နယ်၊ ညောင်ပင်ရွာအနီးရှိ ယာကြီးကုန်းရွာပျက်မှ ရှေးဟောင်းဘုရားမုခ်များတွင် အဆင်းနရားဖြင့် ဖြည့်ဆည်း တန်ဆာဆင်ထားကြောင်း တွေ့ရဖူးပါသည်။

နယားခြေထောက်မှာ ယွန်းစားပွဲ၊ ငွေကလပ်စသည့် လူ့အသုံးအဆောင်ပစ္စည်းများကို အလှဆင်ရန် နရားသုံးကောင် သို့မဟုတ် လေးကောင်ခံ၍ အသုံးပြုကြသည်။ အချို့သော ဘုရားပလ္လင်များ၌ တစ်ဖက်တစ်ချက်စီမှ ခါးပန်းများတွင် နရားပုံထည့်သွင်းစီမံထားကြောင်း လေ့လာမိသည်။ ထို့ပြင် ပလ္လင်၏ လက်ရန်းခြေထောက်များကိုလည်း နရားဖြင့် မွမ်းမံခြယ်လှယ်သည်ကို တွေ့ရ၏။ ရှေးခေတ်လက်ရာ တန်ဆောင်းပြာသာဒ်၊ လင်းနို့တောင်များနှင့် လူသုံးပစ္စည်းအချို့တွင် ပန်းခက်ပန်းနွယ်များအကြား၌ နရားထည့်ကာ အလှတန်ဆာ ဆင်တတ်ကြသေးသည်။

နရားလိမ်လက်ရာမှာ အများအားဖြင့် ယွန်းထည်ငွေထည်များ၏ ခြူးနွယ်ခြူးခက်ယှက်သော အတွင်းကွက်လပ်များတွင် တွေ့ရသည်။ ညောင်ရမ်းခေတ် ခေါင်းလောင်းများတွင် ခေါင်းလောင်းအထက်ကွင်းမှ ချိတ်ခွေကို နရားပျံနှစ်ရုပ်ဖြင့် သွန်းလုပ်လေ့ရှိကြောင်း လေ့လာရမိသည်။ နရားပျံ၌ ကိုယ်ထည်ပေါ်တွင် အတောင်ပုံစံ အရစ်ကြောင်းများစွက်၍ ပုံဖော်လေ့ရှိသည်။ မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် ပျံသန်းတော့မည့်ဟန် မြူးကြွနေသော နရားပုံရုပ်ကို မြန်မာ့ဆိုင်းဝိုင်းကြီးများမှ ပတ်မထမ်း အရုပ်တစ်ခုအသွင်တွေ့ရသည်။

မြန်မာ့အနုပညာရှင်တို့သည် အမျိုးမျိုးသော နရားများကို ပုံဖော်ရာတွင် တစ်ဦး၏လက်ရာနှင့်တစ်ဦး လက်ရာမတူကြပေ။ လက်ရာအနုအရင့်နှင့်



စိတ်ကူးဉာဏ်ပညာရည် ကွာခြားမှုကြောင့်လည်းကောင်း၊ နှစ်သက်ရာပုံဟန်ကို အသုံးပြုကြသောကြောင့်လည်းကောင်း ဖြစ်ဟန်တူပါသည်။

မြန်မာ့အနုပညာရှင်တို့သည် နရားကို ရှေ့ခြေစုံ နောက်ခြေစုံပူးထား၍ ထွင်းထုသည်လည်းရှိ၏။ ခြေစုံသော ပုံသဏ္ဌာန်မှာ တည်ငြိမ်ခံ့ညား၍ ခြေလှမ်းဟန်မှာ လှုပ်ရှားမှုအသွင်ကို ပေါ်လွင်ထင်ရှားစေသည်။ နရားမုတ်ဆိတ်ကိုမူ တစ်ခုတည်းပြု၍ ထုလုပ်သည်လည်းရှိ၏။ ဘေးသို့ နှစ်ခုခွဲ၍ မွမ်းမံသည်လည်း ရှိ၏။ လိမ်ကျစ်ထားသော မုတ်ဆိတ်ရှည်မျိုး ပုံဖော်သည်ကိုလည်း တွေ့ရ၏။ ထို့ပြင် နရား၏ အမောက်ကို ရှေ့သို့ကွေးကော့ဟန်၊ ဦးခေါင်းထက်သို့ ထောင်တင်ဟန်စသည်ဖြင့် အလှဆင်ကြသေးသည်။

မည်သို့ဆိုစေ မြန်မာ့နရားသည် မြန်မာမှု အနုပညာပစ္စည်းများနှင့် သာသနိက အဆောက်အအုံများတွင် အနှံ့အပြား စင်တင်သုံးစွဲခဲ့သော ရှေးအစဉ်အလာ ရုပ်ပေါင်းစုအနုပညာရုပ်တစ်ခု ဖြစ်လေသည်။

## သိကြားရုပ်

သိကြားဟူသော ဝေါဟာရသည် သက္ကမှဆင်းသက်လာခြင်း ဖြစ်၏။ မာဂဓဘာသာကိုစွဲ၍ သက္ကကို သကကံရိုက်အလို ရရစ်နှင့်သိကြားဟူ၍ ခေါ်ဝေါ်ခြင်းဖြစ်ကြောင်း သိရ၏။ ဤအကြောင်းကိုရည်၍ အင်းဝခေတ်စာဆိုရှင်မဟာရဋ္ဌသာရက သူ၏ စာဘုမ္မသာရကိုးခန်းပျို့တွင် ဤသို့ရေးဖွဲ့ဖော်ပြသည်။

"သက္က သကြ၊ မာဂဓနှင့်
သက္ကဋ္ဌဘာသာ၊ ဝေါဟာအပြား
ထိုနှစ်ပါးတွင်၊ ဣအားအက္ခရာ
လွဲကာလည်းပြု၊ မြန်မာမှုဖြင့်
ယခုလူတွင်၊ သိကြားထင်သည်"

ဤအစပ်အဖွဲ့ကို ထောက်ဆလျှင် သိကြားဟု ဣသရတင်၍ ဝိသဇ္ဇနီနှင့် ရေးသားခေါ်ဝေါ်စေလိုကြောင်း သိနိုင်သည်။ သက္ကသဒ္ဒါပုဒ်၏ အနက်ကို ရှေးလူဖြစ်သောကာလ ရှိသေစွာ ဒါနပြုဖူးသောကြောင့် သက္ကတွင်ကြောင်း

www.burmeseclassic.com



သဂါထာဝဂ္ဂသံယုတ် ပါဠိတော်ကဆိုသည်။ သဒ္ဒနီတိတွင်မူကား မိမိ၏ အကျိုး၊ သူတစ်ပါးအကျိုးကို စွမ်းနိုင်သောကြောင့် သက္ကဟု ဆိုအပ်ကြောင်း ဖော်ပြသည်။ အဘိဓာန်ဋီကာ၌ အသူရာနတ်မင်းနှင့် စစ်ခင်းကာ အောင်နိုင်ခဲ့သောကြောင့် သိကြားမည်ကြောင်း အနက်ပေးပါသည်။

မြန်မာဗုဒ္ဓဘာသာဝင် လူမျိုးတို့သည် မြတ်စွာဘုရားထားရစ်ခဲ့သော သာသနာတော်နှစ် ငါးထောင်အနက် အနှစ် ၂၅၀၀ ကို သိကြားသာသနာဟု ခေါ်ကြလေသည်။ ဤကာလအတွင်း မကောင်းသူပယ် ကောင်းသူကယ်ရန် သာသနာကို သိကြားစောင့်သည်ဟု ဆိုလေသည်။

ရှေးမြန်မာမင်းများလက်ထက် ရာဇပလ္လင် ဥကင်မုခ်ထွတ်အထက် တုရင်စီမာန်တွင် သိကြားရုပ်နှင့် မှန်တိုင်ထားသည်။ ရည်ရွယ်ရင်းမှာ သာသနာတော်ကို စောင့်ထိန်း၍ မကောင်းသူကို မကောင်းလျှောက်၊ ကောင်းသူကို ကောင်းလျှောက်၊ ချီးမြှောက်နှိမ့်ချခြင်း၌ မှန်ကန်တော်တည့်ဖြောင့်မတ်စွာ ဆုံးမပေးစေခြင်း နိမိတ်ပြုသောကြောင့် ဖြစ်သည်ဟု ဝေါဟာရလီ နတ္ထဒီပနီတွင် ပြဆိုသည်။

ဤသည်ကိုရည်၍ မြန်မာစာပေပညာရှိတို့က "ဘုန်းလျှံကုသိန်၊ စံပယ်ချိန်ဝယ်၊ မုနိန်ဗျာဒိတ်၊ မိန့်နိမိတ်ကြောင့်၊ ဒေဝိသရာ၊ တေဇာပထင့်၊ မြင့်မိုရ်ရှင်လျှင်၊ လူ့ခွင့်မျှော်ကြည့်၊ စောင့်ဆောင်ဖြည့်"ဟု စပ်ဆိုလေသည်။ သာသနာတော်အား သိကြားစောင့်မသည်ကိုရည်၍ နေ့ရက်လနှစ် စွဲမှတ်သည့် အရာများတွင် သက္ကရာဇာ (သက္ကရာဇ်) ဟု ရေးသားခေါ်ဝေါ်သည်။ ထို့ပြင် သာသနိက အဆောက်အအုံ၏ ရှေ့မုခ်ဦးထိပ်တွင် သိကြားရုပ်ထုလုပ် တပ်ဆင်သည်ကိုလည်း တွေ့ရ၏။

မြန်မာ့ရုပ်ပေါင်းစု အနုပညာတွင် သိကြားရုပ်ထုလုပ်သုံးစွဲမှုကို ရှားပါးစွာ တွေ့ရသည်။ မြင့်မြတ်သော တန်ခိုးရှင်ဖြစ်၍ နေရာတိုင်း ထုလုပ်အပြောက်ခြယ်မရသောကြောင့် ဖြစ်မည်ဟု ယူဆရ၏။ ပခုက္ကူမြို့ (အသောကရာမ) အရှေ့တိုက်၏ အရှေ့ဘက် အုတ်တံတိုင်းထောင့်များတွင် သာသနာတော်စောင့် သိကြားရုပ်များကို အင်္ဂတေရုပ်လုံးဖြင့် ထုလုပ်ထားကြောင်း တွေ့ရသည်။

ရတနာပုံခေတ်မှစ၍ ခေါင်းလောင်းအချို့၏ ကွင်းထိပ်အထက်ဘက် အဆုံးမှ သိကြားရုပ် ထုလုပ်မှုမျိုးဖြင့် တန်ဆာဆင်အပြောက်ခြယ်လာခဲ့ကြ



သည်။ စင်စစ် သိကြားရုပ်ကို သာသနာတော် စည်ပင်ပြန့်ပွားရေး၊ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ပတ်သက်၍ ပြုလုပ်ကြသော သာသနိက အဆောက်အအုံများ၌သာ အများဆုံးထုလုပ်ကြကြောင်း လေ့လာရမိသည်။ ရှေးခေတ် မြန်မာမင်းစီးလှေများတွင် ဦးပိုင်း၌ ခရုသင်းကိုင်လျက် ရေစင်ဖျန်းဟန်ထုလုပ်သော သိကြားရုပ်များလည်း ရှိသည်။

အပြောက်အမွမ်းခြယ်လှယ်မှုတွင် သိကြား၏ မကိုဋ်တုရင်တန်ဆာများ၌ အကော့အညွှတ် အကွေ့အဝိုက်များဖြင့် ပုံဖော်ကြသည်။ တည်ငြိမ်ခံ့ညားမှုရှိရန် ရည်ရွယ်သဖြင့် အဆန်းတကြယ်စီမံမှု နည်းပါးလှလေသည်။

## မနုသီဟရုပ်

"ရုပ်ပလီ၊ မနုသီခေါ်ဆိုကြ၊ ကိုယ်ကနှစ်ကွဲ။
သည်အကောင်၊ ဘယ်ကျမ်းဘယ်စာစောင်၌၊
မဟာနောင်ကိုယ်တော်တွေ့လျှင် ညွှန်းဖော်၍ခွဲ"

သတပဒီကပုစ္ဆာနာကျမ်းလာ မန်လည်ဆရာတော်ဘုရားကြီး၏ အမေးပုစ္ဆာဖြစ်သည်။ ဤအမေးကို မင်းကွန်းအလယ်တောရ ဆရာတော်က...

"ရုပ်ပလီ၊ မနုသီကိုယ်နှစ်ခွဲငယ်လို့၊ ဆိုကြအများ။
မြို့သထုံ၊ ပြည်သူ့ဝဏ်ရွှေဘုံ၌၊ သည်ရုပ်ပုံဟန်ပန်ယူလို့
ရန်သူကို ပယ်နိုင်ကြောင်းငယ်နှင့်၊ ကျမ်းဟောင်းစာစောင်မြတ်မှာ၊
ကျမ်းတတ်စကား။"

ဟူ၍ ဖြေဆိုခဲ့ကြောင်း တွေ့ရ၏။ ထို့ကြောင့်ပင် "မနုသီဟ ကိုယ်နှစ်ခွ" ဟု အပြောအဆို များပါသည်။ စင်စစ် မနုသီဟမှာ (မနုဿ+သီဟ)ဖြစ်၍ မနုဿမှာလူ၊ သီဟမှာ ခြင်္သေ့ ဖြစ်ပါသည်။ မနုသီဟကို လူခြင်္သေ့ဟု ဆိုရမည် ဖြစ်ပါသည်။

ရွှေဘုံနိဒါန်းကျမ်းလာ မနုသီဟလေ့တော်ပုံကို "ဦးကား မနုသီဟ လူမျက်နှာလူလက်၊ ခြင်္သေ့ကိုယ်နှစ်မြွာ၊ ခြင်္သေ့ခြေ၊ လက်နှစ်ဖက်ချင်းထိသည်။ ရင်အုပ်နှင့်လက် ထိသည်။ ခေါင်းနှင့်ကိုယ်ထိသည်။ ထိသုံးပါးဟုဆို၏" ထို့ပြင် ပညာရှိတို့ စပ်ဆိုခဲ့သည်မှာ "မနုသီဟ၊ ရုပထင်ရှား၊ ထိသုံးပါးနှင့်

www.burmeseclassic.com

www.burmeseclassic.com



ကြွားကြွားထင်ပြီ၊ ယောက်သံကဲ့သို့" ဟူ၍ ဖော်ပြထားရာ မနုသီဟာ၏ ဖွဲ့စည်းပုံသဘောကို မြင်နိုင်ပါသည်။ မနုသီဟာရုပ်ကို ထုလုပ်ရာ၌ ရန်သူ အပေါင်းကို ပယ်နှိမ်နိုင်သောအကြောင်းရှိသဖြင့် ထုလုပ်ထားရှိကြခြင်းဖြစ် ကြောင်း သိရသည်။

မနုသီဟာရုပ်တုယဉ်ကျေးမှုသည် မည်သည့်ခေတ်ကာလကစတင်၍ ပေါ်ပေါက်ခဲ့ကြောင်း တိကျစွာ မပြောနိုင်ချေ။ အင်းဝညောင်ရမ်းခေတ်ကာလ ခေါင်းလောင်း၏ ပုစွန်တုပ်ကွေး တစ်ဖက်တစ်ချက်စီတွင် မနုသီဟာရုပ်တုများ တပ်ဆင်ထားတတ်သည်ကို တွေ့ရပါသည်။ မြန်မာနိုင်ငံအရပ်ရပ်ရှိ ဘုရားစေတီ ကျောင်းကန်များတွင် အပေါ်ပိုင်းနတ်ရုပ် ဦးခေါင်း၊ အောက်ပိုင်း ခြသေ့ ကိုယ်နှစ်ခုပုံရှိသော မနုသီဟာရုပ်တုကို အများဆုံး တွေ့ရပါသည်။ ရန်ကုန်မြို့ ရွှေတိဂုံကုန်းဘောင်ပေါ်တွင် များပြားလှသော စေတီရံများ၏ ထောင့်တိုင်းလိုလို တွင် မနုသီဟာရုပ်များကို အများဆုံးတွေ့ရပါသည်။

# အခန်း (၆)

# ဆည်းလည်းခေါင်းလောင်းများ

www.burmeseclassic.com

www.burmeseclassic.com

## ဆည်းလည်းခေါင်းလောင်း

ရှေးခေတ် မြန်မာဗုဒ္ဓဘာသာဝင်များသည် ဆည်းလည်းခေါင်းလောင်းများကို ဘုရားစေတီတို့၏ ထီးတော်များတွင် ဝန်းရံလျက် ချိတ်ဆွဲလှူဒါန်းလေ့ရှိပါသည်။ ငွေကြေးတတ်စွမ်းနိုင်သူများအဖို့ ဆည်းလည်းများနှင့်တကွ ထီးတော်ကိုပါ လှူဒါန်းကုသိုလ်ပြုကြသည်။ ငွေကြေး မတတ်စွမ်းသူများမှာ ထီးတော်တွင် ချိတ်ဆွဲရန်အတွက် ဆည်းလည်းလုံးရေအလိုက်သာ အလှူဒါန ပြုကြပါသည်။

မြန်မာနိုင်ငံ အနှံ့အပြားရှိ မြို့ရွာများမှ တန်ခိုးကြီးဘုရားစေတီများတွင် ခေါင်းလောင်းကြီးငယ် အရွယ်အစားမျိုးစုံကို တွေ့မြင်ရသည်။ စေတီတော်များ၏ ထီးတော်၌ ချိတ်ဆွဲလှူဒါန်းကြသော ရွှေငွေကြေးဆည်းလည်းများမှာလည်း ခေါင်းလောင်းအငယ်စားများ ဖြစ်သည်။ ခေါင်းလောင်းကြီးများမှ ထွက်ပေါ်လာသောအသံမှာ ခွတ်ပျံ့ ကြည်နူးဖွယ်ကောင်းသကဲ့သို့ ဆည်းလည်းခေါင်းလောင်းများမှာလည်း လေပြည်လှုပ်ခတ်တိုင်း ညိုးညိုးညံညံဖြင့် သာယာနာပျော်ဖွယ် ကောင်းလေသည်။

ရှေးမြန်မာတို့သည် မိမိတို့ သဒ္ဓါတတ်အားရှိသမျှ ထီးတော်၌ ချိတ်ဆွဲရန် ဆည်းလည်းများပြုလုပ်ကောင်းမှု ပြုခဲ့ကြသည်။ ဤကဲ့သို့ ကောင်းမှုပြုကြောင်းကိုလည်း ဆည်းလည်းများပေါ်တွင် ကမ္ပည်းစာများ ရေးထိုးခဲ့ရာ ထိုစာတို့နှင့် လှူဒါန်းခဲ့သော ဆည်းလည်းတို့ကို လေ့လာကြည့်သောအခါ ထိုခေတ် လူတန်းစားများ လူမှုရေး၊ စီးပွားရေး အကြောင်းများကို တစေ့



တစောင်း လေ့လာသိရှိရပေသည်။ ထို့ကြောင့် ဆည်းလည်း ကမ္ပည်းစာများသည်လည်း ခေါင်းလောင်းကမ္ပည်းစာကဲ့သို့ သမိုင်းဆိုင်ရာ အထောက်အထားတစ်ခုဖြစ်သည်ဟု ဆိုနိုင်သည်။

ဆည်းလည်းဟူသည် "လေတိုက်လျှင် လှုပ်ခတ်ရန် ညောင်ရွက်ဆွဲအဆန် ထည့်တပ်ထားသည့် ခေါင်းလောင်းငယ်ဖြစ်သည်" ဟု တက္ကသိုလ်မြန်မာအဘိဓာန် အပိုင်း ၅ တွင် ဖော်ပြထားပါသည်။

ရှေးဟောင်းကမ္ပည်းစာအချို့တွင် ဆည်းလည်းဟူသော ဝေါဟာရကို အသံထွက်အတိုင်း ဆွဲလွဲဟူ၍ ရေးသားကြောင်း ရံဖန်ရံခါ တွေ့ရသည်။ ဆည်းလည်းဟူသော စကားရပ်ကို ယခုအခါ၌ ရှေးစကားအဖြစ် သတ်မှတ်လာသည်။ ခေါင်းလောင်းကြီးတို့နှင့် ဆည်းလည်းတို့မှာ အရွယ်အကြီးအငယ်မျှသာ ကွာသဖြင့် ခေါင်းလောင်းကြီးတို့ကို စွဲ၍လည်း ခေါင်းလောင်းဟုပင် ခေါ်ဝေါ် ရေးသားလာကြပါသည်။ ဆည်းလည်းမှာ သာယာသောအသံမြည်တတ်ခြင်းတို့ကြောင့် သာယာသောအသံကို ပြုတတ်သော ကလေးသူငယ်တို့ကို အိမ်၏ ဆည်းလည်းဟု တင်းစားခေါ်ဝေါ်ကြပေသည်။

ဆည်းလည်းခေါင်းလောင်းများကို လေ့လာလျှင် အများဆုံးမှာ ရွှေ၊ ငွေ၊ ကြေးစသော သတ္တုတစ်မျိုးမျိုးဖြင့် သွန်းလုပ်လေ့ရှိကြောင်း တွေ့ရ၏။ ထို့ပြင် ပဉ္စလောဟာစပ်နည်းအရ သွန်းလုပ်သော သတ္တုစပ်ခေါင်းလောင်းများမှာမူ လှူဒါန်းသူ နည်းပါးသည်နှင့်အမျှ ရှားပါးစွာ တွေ့ရှိရသည်။

သမိုင်းမှတ်တမ်းများအရ သာယာဝတီမင်းသည် ရွှေတိဂုံဘုရားထီးတော်တွင် သံသေဆည်းလည်းခေါင်းလောင်း နှစ်လုံးကို လှူဒါန်းခဲ့ကြောင်း သိရ၏။ မင်းတုန်းမင်းလက်ထက်သို့ ရောက်သောအခါ ထီးတော်ဟောင်းအစား ထီးတော်အသစ် ပြန်လည်တင်ခဲ့ရာ သံသေဆည်းလည်းလုံးရေ သုံးလုံး ဖြစ်လာခဲ့သည်။

ပြဒါးသေတစ်ပြည်ဝ၊ သံသေတစ်ဆွေဝဟူသော မြန်မာဆိုရိုးစကားတစ်ခုရှိ၏။ မှန်သည်၊ မမှန်သည် အပထား။ မြန်မာလူမျိုးတို့သည် ၎င်းဆိုရိုးစကားနှင့်အညီ သံသေဆည်းလည်းများကို အမြတ်တနိုး ထားကြကြောင်း သိရ၏။ လျှောင်ဒဏ်ကြောင့် ရွှေတိဂုံဘုရားမှ သံသေခေါင်းလောင်းများ ပြုတ်ကျခဲ့ဖူးရာ အချို့သော မြန်မာဗုဒ္ဓဘာသာဝင်တို့သည် သံသေခေါင်းလောင်း

www.burmeseclassic.com

www.burmeseclassic.com



များကို ရေတွင်စိမ်ကာ ၄င်းရေကို သောက်သုံးခဲ့ကြဖူးကြောင်း မှတ်သားရမိပါသည်။ အနာရောဂါကင်းရှင်း၍ ကျန်းမာသော အကျိုးအာနိသင်ကို ရရှိသည်ဟု ယုံကြည်ယူဆကြဟန် ရှိပါသည်။

မြန်မာဗုဒ္ဓဘာသာဝင် အချို့ကမူ ဆည်းလည်းမြည်သံသည် မိုးကို ရွာစေနိုင်သည်ဟု ယုံကြည်ကြ၏။ အဘယ်ကြောင့် ဤသို့ ယုံကြည်ယူဆကြသည်ကိုမူ မသိတတ်နိုင်ပေ။ သို့ရာတွင် ဆည်းလည်းခေါင်းလောင်း သွန်းလုပ်ရာ၌ မြန်မာဗုဒ္ဓဘာသာဝင်များအဖို့ တူညီသော ရည်ရွယ်ချက်များ ရှိလေသည်။ အခြားမဟုတ်ပါ။ သံသရာမှ လွတ်မြောက်ရပါလို၏။ နိဗ္ဗာန်ကို ရပါလို၏ ဟူသော ရည်ရွယ်ချက်ဖြင့် ကောင်းမှုကုသိုလ်ပြုကြခြင်း ဖြစ်လေသည်။

မြန်မာနိုင်ငံ၌ ရွှေတိဂုံစေတီတော်တွင် ဆည်းလည်းခေါင်းလောင်းများကို အများဆုံးတွေ့ရသည်။ စေတီတော်၏ ထီးတော်ကြီး၌ ပုဂ္ဂလိကဒါနအဖြစ်လည်းကောင်း၊ စုပေါင်းဒါနအဖြစ်လည်းကောင်း၊ လှူဒါန်းချိတ်ဆွဲခဲ့သော ဆည်းလည်းခေါင်းလောင်းများမှာ များပြားလှလေသည်။ စင်စစ် ဆည်းလည်းတို့ကို ကောင်းမှုပြုရာ၌ ထီးတော်တွင် ချိတ်ဆွဲရသည်ဖြစ်၍ ထီးတော်ဟောင်းပြင်ဆင်ခြင်း၊ ထီးတော်သစ်တင်လှူခြင်း ကြုံကြိုက်သည့်အခါမှသာ ချိတ်ဆွဲလှူဒါန်းမှုပြုနိုင်သည်ဟု ယူဆရပါသည်။ ရံဖန်ရံခါ စိန်ဖူးသစ်၊ ငှက်မြတ်နားသစ်၊ တင်လှူခြင်း ပြုလုပ်ပါကလည်း ဆည်းလည်းများ ချိတ်ဆွဲလှူဒါန်းနိုင်မည် ဖြစ်ပါသည်။

ကုန်းဘောင်ခေတ်ဦး ဆင်ဖြူရှင်မင်းတရားလက်ထက် ၁၇၆၈ ခုနှစ်တွင် မြေငလျင်ပြင်းစွာလှုပ်၍ ဆပ်သွားဖူးမှအစ ပထမဖောင်းရစ်တိုင်ပြိုကျသဖြင့် ထီးတော်မြေခခဲ့ပါသည်။ ဆင်ဖြူရှင်မင်းသည် ထီးတော်ကို သံတစ်ထပ်၊ ကြေးတစ်ထပ်လုပ်၍ အစုစုရွှေချိန်ပိဿာ ၂၇၀ ခတ်လုပ်ပြီး နဝရတ်ကိုးပါးစီခြယ်သည်။ စေတီတော် ပြုစဉ်ကရသော ငွေဆည်းလည်းလုံးရေ ၃၄၁၊ ရွှေဆည်လည်းလုံးရေ ၁၄၊ ပဥ္စလောဟာဆည်းလည်း ၁ လုံးတို့နှင့်အတူ ရွှေဆည်းလည်း၊ ငွေဆည်းလည်း အချိန်ပိဿာ ၂၀၀ ကိုပါ တင်လှူခဲ့ကြောင်း သိရ၏။ ကမ္ပည်းစာပါသော ဆည်းလည်းပေါင်း ၇၃ လုံးရှိသည်။ ရွှေဆည်းလည်း ၉ လုံးပါဝင်လျက် ရွှေရောငွေဆည်းလည်း၊ ငွေဆည်းလည်း ငွေနှင့်



အခြားရော ဆည်းလည်း ၆၄ လုံးဖြစ်သည်။ ဆင်ဖြူရှင် မင်းတရားလှူဒါန်းသော ထီးတော်ကို ရွှေတိဂုံစေတီ၌တင်ပြီးနောက် နှစ်ပေါင်း ၂၀ ခန့်ကြာသည်အထိ ဆည်းလည်းခေါင်းလောင်းအသစ် လှူဒါန်းခြင်းကို မတွေ့ရပေ။

၄င်းနောက် သာယာဝတီမင်းလက်ထက်တွင် ထီးတော်၌ဆည်းလည်းသစ်များ လှူဒါန်းခြင်း၊ ၁၈၅၅ ခုနှစ်တွင် စစ်ကဲဦးထော်လေး အမှူးပြု၍ ထီးတော်ပြင်ခြင်း စသည့် အချိန်အခါ၌ အခြားသောကောင်းမှုကုသိုလ်ရှင်တို့ကလည်း ဆည်းလည်း ခေါင်းလောင်းများကို လှူဒါန်းချိတ်ဆွဲခဲ့ကြကြောင်း တွေ့ရပါသည်။ ရွှေတိဂုံစေတီတော်၏ ဆည်းလည်း ခေါင်းလောင်းများအကြောင်းကိုပြောလျှင် ထီးတော်ကြီး၏အကြောင်းမပါဘဲ ပြည့်စုံလိမ့်မည် မဟုတ်ပေ။

## မင်းတုန်းမင်း၏ ထီးတော်ကြီး

၁၉၉၀ ပြည့်နှစသ် ရှေးဦးပိုင်းက ရွှေတိဂုံဘုရားရှိ ထီးတော်ကြီးနှင့် ဆည်းလည်းအချို့မှာ မင်းတုန်းမင်းတရားကြီး၏ ကောင်းမှုကုသိုလ်ပင် ဖြစ်ပါသည်။ မင်းတုန်းမင်း၏ ကုသိုလ်တော်ဖြစ်သော ထီးတော်ကြီးနှင့်ပတ်သက်၍ တင်ဆောင်လှူဒါန်းပုံမှာ စိတ်ဝင်စားဖွယ်ရာ ဖြစ်လေသည်။

အချိန်ကား ၁၈၆၉ ခု နိုဝင်ဘာလ ၁၁ ရက်နေ့ဖြစ်၏။ တောရဆရာတော် ဦးပြား (ဦးပဏ္ဍိတ) ကမကထပြုသော ရွှေတိဂုံဘုရားလူကြီးများနှင့် ရန်ကုန်မြို့သူ မြို့သားအချို့တို့သည် အစည်းအဝေး တစ်ခုကို ကျင်းပနေကြ၏။ ကိစ္စမှာ ရွှေတိဂုံစေတီတော် ထီးတော်သစ်ပြန်လည် တင်ဆောင်လှူဒါန်းရေးနှင့် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်ရေးကိစ္စပင် ဖြစ်လေသည်။

ကုန်သေးထန်းရပ်မှ ဗုဒ္ဓဘာသာဝင်လူကြီးများက မန္တလေးရတနာပုံမြို့စံ ဘဝရှင်မင်းတရားကြီးထံ တင်ပြအသနားခံရန် အကြံပေးကြသည်။ အစည်းအဝေး တက်ရောက်သူအားလုံး သဘောကြိုက်ညီသဖြင့် ထိုကိစ္စကို ဆောင်ရွက်ရန်အတွက် ပန်းဆိုးတန်းရပ်မှ ဦးထွန်းအောင်ဆိုသူကို ရွေးချယ်စေလွှတ်လိုက်ကြသည်။ ကိုထွန်းအောင်သည် ရွှေသေတ္တာငယ်နှင့် ထည့်သွင်းပေးလိုက်သော အသနားခံလွှာကို ယူဆောင်၍ မန္တလေးမြို့သို့ ဆန်တက်ခဲ့သည်။ မြန်မာသက္ကရာဇ် ၁၂၃၁ ခု နတ်တော်လပြည့်ကျော် ၈ ရက်နေ့၌

www.burmeseclassic.com

www.burmeseclassic.com



မင်းတုန်းမင်းတရားကြီး လက်ဖက်ရည်ဆောင်တော်တွင် ဗိုလ်ရှုခံတော်မူခိုက် ရန်ကုန်မြို့နေ ဗုဒ္ဓဘာသာဝင်လူကြီးများ၏ အသနားခံလွှာကို ဆက်သွင်းခဲ့လေသည်။

ရွှေတိဂုံစေတီတော်ကို ဖိနပ်တော်မှသည် ငှက်မြတ်နားတိုင် ထီးဖျားစိန်ဖူးထိ ရွှေလုံးတော်ပြည့် ကပ်လှူရန် ငွေကောက်ခံကြရာ ကျပ်သုံးဒင်္ဂါးနှစ်သောင်းကျော် ရရှိခဲ့သည်။ တစ်ဖန် ဘုရားဝတ္တက မြေအတွင်းမှ အလှူတော်ငွေ တစ်သောင်းနှစ်ထောင်ကိုလည်း ကောက်ခံရရှိခဲ့သည်။ လက်ဝယ်ရှိငွေနှစ်ရပ်ပေါင်း သုံးသောင်းနှစ်ထောင်ကျော်ဖြင့် ရည်မှန်းချက်ကို အကောင်အထည်ဖော်ရန်မှာ မလွယ်ကူပါသဖြင့် ဘဝရှင်မင်းတရားကြီးက ကူညီမစပါရန် အကြောင်းများကို အသနားခံလွှာတွင် ဖော်ပြထားလေသည်။

သဒ္ဓါတရား ပွားများထက်သန်ရင်းစွဲရှိသော မင်းတုန်းမင်းသည် ရွှေသားထီးအတွက် ငှက်မြတ်နားကို သိင်္ဂီမင်းစံအလျှံရွှန်းအိ ပကတိရွှေမြတ်နဝရတ်ကိုးသွယ်စီခြယ် မွမ်းမံသော ထီးတော်သစ်ကို တင်လှူရန် ကတိပြုလေသည်။ ထို့ပြင် စေတီတော်အလုံး ရွှေမွမ်းမံရာတွင် စုပေါင်းလှူဒါန်းငွေသုံးသောင်းနှစ်ထောင်နှင့် လုံလောက်မှု မရှိပါက နောက်ထပ်လိုမည့်ငွေများကိုပါ ထုတ်ပေးရန် သဘောတူခဲ့သည်။ မင်းတုန်းမင်း၏ အမိန့်တော်မှတ်လွှာပါ အချက်များကို သိရှိကြသော ရန်ကုန်မြို့နေ ပြည်သူအားလုံးသည် ရွှင်ပြုံးဝမ်းသာစွာဖြင့် ထီးတော်သစ်တင်ရန် ပြင်ဆင်လုပ်ကိုင်ခဲ့ကြလေသည်။

ထီးတော်သစ်မတင်မီ လှူဒါန်းကြသော ဆည်းလည်းများကို ကြည့်လျှင် ၁၈၆၉ ခုနှစ်တွင် ရွှေဆည်းလည်းတစ်လုံး အပါအဝင် ဆည်းလည်းပေါင်း ၅၆ လုံး၊ ၁၈၇၀ ပြည့်နှစ်တွင် ရွှေဆည်းလည်း ၃ လုံးအပါအဝင် ဆည်းလည်းပေါင်း ၄၁ လုံးချိတ်ဆွဲလှူဒါန်းခဲ့ကြောင်း တွေ့ရသည်။ ငွေဆည်းဆည်းအများဆုံး လှူကြ၏။ အနည်းဆုံး အလေးချိန်မှာ ၉၂ ကျပ်ချိန်ဖြစ်ပြီး အများဆုံးမှာ ၂ ပိဿာ ၅၀ ကျပ်ချိန်ထိ ရှိလေသည်။ ထို့ပြင် ရွှေရော ငွေဆည်းလည်း၊ မိုးကြိုးရောငွေဆည်းလည်း၊ မိုးကြိုးဆည်းလည်းတို့လည်း ပါဝင်ကြသည်။ ဆည်းလည်းတွင် ပါဝင်သော အစိတ်အပိုင်းတို့၏ အလေးစိတ် အချိန်ကို

"ဆည်းလည်းအခြိမ် ၈ဒိ ၃၄၊ ငြိတ်ချိန် ၃ဒိ၊ အဆံအခြိမ် ၁ဦ၂၂၊ ညောင်ယွက်အခြိမ် ၁ဒိ ၂၂ပေါင်း စုစုငွေအခြိမ် ၁၄ဒိ ၅၂ ၁၄" ဟူ၍



ဖော်ပြတတ်လေသည်။ ဆည်းလည်းအလှူရှင်တို့မှာ "ဘုရားတကာ၊ ကျောင်းတကာ၊ ဇရပ်တကာ၊ တန်ဆောင်းတကာ" စသည်တို့ ပါဝင်ကြ၏။ တိုင်းရင်းသား အသီးသီးတို့ကလည်း ဆည်းလည်းခေါင်းလောင်း လှူဒါန်းပူဇော်ကြပါသည်။ မွန်၊ ရက္ခိုင်၊ ရှမ်းတို့ဖြစ်ကြ၏။ မွန်တို့က မွန်စာနှင့် မှတ်တမ်းတင်သကဲ့သို့ ရှမ်းတို့ကလည်း ရှမ်းစာဖြင့် ကမ္ပည်းရေးထိုးပါသည်။ ကောဇာသက္ကရာဇ်၏အစား ခရစ်နှစ်ကို ရေးသားလာကြောင်းလည်း တွေ့ရ၏။ အရပ်ဒေသစုံ၊ အလုပ်အကိုင်စုံ တွေ့ရသဖြင့် ထိုခေတ်က လူမှုရေး၊ စီးပွားရေးကို တစေ့တစောင်း သိနိုင်သည်။ ငွေကြေးဖလှယ်မှုတွင် "မြန်မာငွေ" ဟူသော ဝေါဟာရကြောင့် ကျပ်သုံးငွေ ဒင်္ဂါးသွန်းလုပ်သုံးစွဲခြင်း ရှိသကဲ့သို့ နိုင်ငံခြားငွေ သုံးစွဲမှုလည်း လက်ခံနေပြီဟု ဆိုနိုင်ပါသည်။ ရွှေငွေမိုးကြိုးတို့ကို ငွေဒင်္ဂါးဖြင့် တန်ဖိုးသတ်မှတ်ပြီး ရွှေတစ်ကျပ်သား ၂၅၊ ငွေတစ်ပိဿာ ၁၄ ကျပ်၊ မိုးကြိုးတစ်ကျပ်သား ၁၀ ကျပ်၊ ကြေးတစ်ပိဿာ ၅ ကျပ်ရှိကြောင်း သိရသည်။

မင်းတုန်းမင်း၏ ကောင်းမှုကုသိုလ်တော် ထီးတော်ကြီးကို ခရစ်သက္ကရာဇ် ၁၈၇၀ ပြည့် မေလ ၇ ရက်တွင် စတင်လုပ်ဆောင်ခဲ့ရာ ၁၈၇၁ ခုနှစ်ဦးတွင် လုပ်ဆောင်ပြီးပြေရှိခဲ့လေသည်။

ထီးတော်သစ်မှာ ဘုံခုနစ်ဆင့်ပါဝင်ပြီး ပထမဘုံမှ သတ္တမဘုံရောက် ထီးတော်အရပ်မှာ ၁၇ကိုင် ၄လက်မရှိလေသည်။ ကလပ်ဆပ်သွားဖူး ငှက်မြတ်နားစိန်ထွတ်ထိ ၄ ကိုက်နှင့် ၅ လက်မရှိပြီး ထီးတော်၏ စုစုပေါင်းအရပ်တော်မှာ ၂၂ ကိုက်၊ ၄ ဒသမ ၅ လက်မ မြင့်လေသည်။ ထီးတော်သစ်တွင် ထည့်သွင်းလုပ်ဆောင်သည့် ရွှေသားကျပ်ချိန်မှာ ၂၀၂၂၉ ကျပ် ၄ မူး (ဒသမ ၃၂၅ တန်)ရှိပြီး ကျောက်နီ၊ မြ၊ စိန်၊ ကြောင်၊ နီလာ၊ ပုလဲ၊ ဥဿဖုရား၊ ဂေါမိတ်၊ သန္တာလုံးရေပေါင်း ၃၆၄၁၁ ဖြင့် မွမ်းမံခြယ်စီထားလေသည်။ ထီးတော်ကြီး၏ ချရားသီးမှ ဖိနပ်တော်ထိ မွမ်းမံခြယ်စီရန်အတွက် ရွှေဆိုင်းရေ ၂၇၆၈၄ ကုန်ကျလေသည်။

မင်းတုန်းမင်းသည် ထီးတော်သစ်ကြီးကို ဖေဖော်ဝါရီလ သို့မဟုတ် မတ်လတွင် ရန်ကုန်သို့ ပို့ဆောင်ပေးရန် ကြံရွယ်ခဲ့ပါသည်။ သို့ရာတွင် အောက်မြန်မာနိုင်ငံ၏ အခြေအနေ အရပ်ရပ်ကြောင့် ထီးတော်ကို စက်တင်ဘာလတိုင်

www.burmeseclassic.com

www.burmeseclassic.com



မပို့ဆောင်ဖြစ်ခဲ့ပေ။ အောက်တိုဘာလသို့ ရောက်သောအခါ ထီးတော်ကို ရေစက်သွန်းချလှူဒါန်းပြီး ဝန်ထောက် ပုပ္ပားမြို့စားမင်းကြီး မဟာ မင်းကျော်မင်းထင် ဦးစီးကြီးကြပ်၍ ရေနန်းစကြာသဘောပေါ်သို့ ဇင့် ဆောင်ရလေသည်။ ဤအကြောင်းနှင့် ပတ်သက်၍ ကုန်းဘောင်ဆက်ရာဇဝင် တတိယစာမျက်နှာ ၃၈၁ တွင် ဤသို့ ဖော်ပြထားလေသည်။

> "ရွှေဖြား စမြောင်သိုင်း နှစ်၊ ငှင်းနောက် ရွှေတော်ပြေး စည်တော်ခုံ၊ ငှင်းနောက် ခရာပုံထောင် ဇာတ်အထီးအက၊ ယင်းမှ နောက်၍ ဝတ်သန့်ဝတ်ကောင်းနှင့် သွေးသောက်သားတို့ ယပ်စွဲကိုင်လျက် ဝဲယာခြံရံစီစဉ်ခင်းကျင်းလိုက်စေပြီးမှ ထီးတော်ဘုံများကို အစီအစဉ်အတိုင်း ပင့်ဆောင်ရသည်။ မင်းညီ၊ မင်းသား၊ မှူးတော်၊ မတ်တော်တို့လည်း အသနားတော်မြှတ်ခံရသည့် ဖောင်း၊ နားတောင်း၊ ဝတ်လုံ ဆင်ယင်ပြီးလျှင် ခြံရံလိုက်ပို့ကြရ၏။ ရွှေနန်းတော်က သန်လျက်မော်ဆိပ်ကမ်း ရောက် ခရီးလမ်းစဉ် တစ်လျှောက်မှာလည်း ရာဇမတ်ကာရံပြီးလျှင် သဲငွေကြဲ၍ ပုဆိုးပစ္စု၊ ငှက်ပျောပင်ရှင် ကြံပင်ရှင် တံခွန်းကုက္ကားမုလေးပွား စိုက်ဆောက်ဆွဲဆင်ရသည်။ တိုင်းသူပြည်သား အပေါင်းတို့လည်း ပန်းပေါက်ပေါက်နှံ့သာ စသည်တို့ဖြင့် ထွက်၍ ပူးမြော်ပူဇော်ကြသည်။ လမ်းခွင်မလပ်ပြည့်သောဟူ၏"

ရေနန်းစကြာသဘောတော်ထက်သို့ ထီးတော်ရောက်လျှင် တစ်ညဉ့်ရပ်ဆိုင်း၍ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်နေ့ ကောင်းမြတ်သည့် အခါတော်တွင် ကြီးကြပ်မည့်သူ ဝန်ထောက် ပုပ္ပားမြို့စားမင်းကြီး မဟာမင်းကျော်မင်းထင်နှင့် စာရေးကြီး မင်းလှသီရိကျော်သူ၊ စာရေးနေမျိုးသူရိန်၊ ရွှေတိုက်စိုး၊ မင်းလှမင်းထင်ရာဇာ၊ သံတော်ဆင့် သဘောတော်စီး နေမျိုးရာဇသီရိ၊ သံချက်ဝန် ပညာသိဒ္ဓိကျော်သူ၊ ထို့ပြင် ပန်းပဲအမှုထမ်း၊ ပန်းတိမ်တော် အမှုထမ်း၊ ထီးတော်ခေါင်းလက်သားတို့နှင့်တကွ သန်လျက်မော်ဆိပ်ကမ်းမှ သဘောပေါ် ခုန်ဆင်းခဲ့ရလေသည်။

ထီးတော်သစ်ကြီးကို ရတနာပုံနေပြည်တော်မှ ဧရာဝတီမြစ်စဉ်အတိုင်း ပင့်ဆောင်လာစဉ်အတွင်း ရန်ကုန်မြို့၌လည်း ထီးတော်သစ်ကြီးနှင့်ပတ်သက်၍ လုပ်မှုဆောင်တာ ကိစ္စအဝဝကို ပြီးစီးအောင် ဆောင်ရွက်ထားနှင့်ကြလေသည်။



ထီးတော်ကြီး ခေတ္တထားရှိရန် တန်ဆောင်းတော်ကို ရေနံ ကုမ္ပဏီကြီးတစ်ခုမှ အသက်နှစ်ဆယ်ကျော်အရွယ်ရှိ မမဘွားဆိုသူက လှူဒါန်းပါသည်။ တန်ဆောင်းတော်ကြီးအတွင်း မြေညှိပြင်ဆင်ရန် စရိတ်အဖို့အတွက် ဖျာပုံမြို့အုပ်သူကြီး ဦးစံသာက ကျပ်ဒင်္ဂါး ၉၅ ကျပ်ထည့်လှူခဲ့သည်။ ထီးတော်ကြီးကို ကြပ်မပင့်ဆောင်လာသူ မြန်မာမှူးမတ်များနှင့် လက်မှုပညာသည်များနေထိုင်ရန်အတွက် သစ်လုံးတိုင်နှင့် ဖျဉ်ကြမ်းခင်းထားသော အိမ် ၁၁ အိမ်ကို မဟာဝန်ရှင်တော်မင်းကြီးက ဆောက်လုပ်ပေးပါသည်။

စေတီတော်မြတ်တွင် ထီးတော်တင်ရန်၊ ချရန် ငြမ်းချည်ခြင်း၊ ထီးတော်ကို အတင်အချလုပ်ခြင်းစသော တာဝန်သုံးရပ်ကို သန်လျင်မြို့အုပ်မင်း မောင်ဝိုက်နှင့် ဗိသုကာဆရာကြီး ဦးရွှေလုပ်တို့ ဦးစီးသော လူတစ်စုက အခကြေးငွေမယူဘဲ ဆောင်ရွက်ပေးရန် တာဝန်ယူလေသည်။ ထီးတော်ကြီးကို ရန်ကုန်မြစ်ဆိပ်မှသည် သိင်္ဂုတ္တရကုန်းတော်ပေါ်သို့ ပင့်ဆောင်ရန်မှာ လူများလွန်းသဖြင့် စာရေးတံမဲချ၍ တာဝန်ပေးရလေသည်။

သန်လျင်မြို့အုပ်မင်း ဦးဝိုက်နှင့်အတူ ကုသိုလ်လိုသူ လူအပေါင်းတို့သည် ထီးတော်တင်ရန် ငြမ်းချည်ခြင်းလုပ်ငန်းကို မိုးစွတ်နေပူ မရပ်မနေ ကြိုးပမ်းလုပ်ဆောင်ခဲ့ကြပါသည်။ စေတနာသဒ္ဓါစိတ်ဖြင့် အခမဲ့ကူညီကြသော ငြမ်းချည်သူများအတွက် တရုတ်တန်းနှင့် သိမ်ကြီးဈေး၊ ဈေးသည်များက ဆန်တင်း ၃၀ ကျော်၊ အမဲဟင်းလျာ၊ ကွမ်းဆေး လက်ဖက်အစုံကို ပေးပို့လှူဒါန်းခဲ့သည်။ ထို့ပြင် ရန်ကုန်သို့ အရောင်းအဝယ်ကိစ္စဖြင့် ခေတ္တရောက်ရှိနေကြသော ရခိုင်သားအချို့ကလည်း ဆန်ဆယ်တင်းပို့လှူသည်။ ပုဇွန်တောင်၊ ကြည့်မြင်တိုင် အရပ်မှ လူများကလည်း ထမင်း၊ ဟင်းများ ချက်ပြုတ်ကျွေးမွေးလှူဒါန်းသည်။ လမ်းမတော်ရပ်ကွက်မှ ဗုဒ္ဓ ဘာသာဝင်တို့ကမူ မြစ်တွင်း၌ မီးဖောင် ၄၀၀၀၀ မျှော၍ ရောက်ရှိလာမည့် ထီးတော်သစ်ကြီးကို ကြိုဆိုပူဇော်သမှု ပြုကြလေသည်။

သက္ကရာဇ် ၁၈၇၁ ခု အောက်တိုဘာလ ၂၂ ရက်တွင် ထီးတော်သစ်ကြီး ပင့်ဆောင်တင်ယူလာသော ရေနန်းစကြာသဘောသည် နံနက် ၈ နာရီခွဲအချိန်တွင် ရန်ကုန်မြို့ဆိပ်ကမ်းသို့ ရောက်ရှိပါသည်။ တစ်မြို့လုံး အုန်းအုန်းကျွက်ကျွက်ဖြစ်ကာ လူချင်းအထပ်ထပ်တိုးဝှေ့လျက် ဆိပ်ကမ်းသို့ လာရောက်ကြိုဆိုပူးမြော်ကြလေသည်။ များပြားလှစွာသော လူထုသည် သဘောပေါ်သို့

www.burmeseclassic.com

www.burmeseclassic.com



ကူး၍ တက်ရောက်ဖူးမြော်ရန် အာသီသရှိကြသည်။ သို့သော် အလုအယက် တိုးဝှေ့တက်ရောက်ကြမည့်အဖြစ်ကြောင့် သဘော်နစ်မြုပ်မည်ကို စိုးရိမ်သည့်အတွက် သက်ဆိုင်ရာမှ လုံးဝခွင့်မပြုခဲ့ချေ။

၁၈၇၁ ခု အောက်တိုဘာလ ၂၄ ရက်နေ့ နံနက် ၈ နာရီခွဲအချိန်မှစ၍ ထီးတော်ကို တစ်ဘုံစီ ဝန်ချီစက်ဖြင့် ဆိပ်ခံတံတားပေါ်သို့ တင်ယူပါသည်။ တံတားထိပ်ဦး ဝဲယာတစ်ဖက်စီမှ မြန်မာ့ဆိုင်းဝိုင်းကြီးများကို ငြိမ့်ညောင်းသာယာစွာ တီးမှုတ်၍ အရပ်ပွဲများဖြင့် ကခုန်သီကျူးကြကာ ပူဇော်မှုပြုကြသည်။ ထိုမှတစ်ဖန် ထီးတော်ကြီးကို ထီးတော်ထားရှိရန် တန်ဆောင်းတော်သို့ စည်းကားသိုက်မြိုက်စွာ ထမ်းယူသယ်ဆောင်ကြလေသည်။

တန်ဆောင်းတော်သို့ ထီးတော်ကြီးရောက်သောအခါ အဖိုးအနဂ္ဃထိုက်သော ကျောက်မျက်ရတနာစုံ ခြယ်စီမွမ်းမံထားသည့် ငှက်မြတ်နားကိုလုံခြုံအောင် အစောင့်အရှောက်များ ချထားရသည် တန်ဆောင်းမှ မြေသို့ကျအောင် အတွင်းအပြင် ပိတ်ဖြူများ ပတ်ရစ်လွှမ်းကြက်ထားသည်။ ဖန်မီးအိမ်အမျိုးမျိုး လုံးရေတစ်ရာခန့်ဖြင့်လည်း ထွန်းညှိပူဇော်၏။ ညဘက်တွင် တန်ဆောင်းတော်၏ အရှေ့ဘက်၌ ဘီလစ်မင်းသား မောင်ပုတ်နီ၊ အခွန်စာရေးမင်း မောင်ဘအိုတို့ ကြပ်မတ်၍ ရုပ်သေးပွဲကို မိုးအလင်းကပြကာ ထီးတော်ကို ပူဇော်ကြသည်။

ထီးတော်ကြီးကို မတင်မီကာလအတွင်း စေတနာဓော ထက်သန်လှသော မြန်မာဗုဒ္ဓဘာသာဝင် အပေါင်းတို့သည် ရွှေထည်၊ ငွေထည်၊ စိန်ကျောက်၊ မြလက်စွပ်၊ လက်ကောက်ပုတီး နားတောင်းစသည့် ရတနာမျိုးစုံကို ပါဝင်လှူဒါန်းကြပါသည်။ မရေတွက် မချိန်တွယ်နိုင်သဖြင့် စုပုံ၍သာ ထားခဲ့ရသည်။

သက္ကရာဇ် ၁၈၇၁ ခု နိုဝင်ဘာလ ၁၆ ရက်နေ့တွင် ဆင်ဖြူရှင်မင်းတရားကြီး၏ ကောင်းမှု ထီးတော်ဟောင်းကို အခမ်းအနားဖြင့် အောက်သို့ချဆောင်ပါသည်။ တတိယဘုံအဆင့်အထိသာ ပြီးခဲ့၏။ ထီးတော်ကြီး၏ ကြေးစလောင်းအထက် သုံးကိုက်လောက်က စတုတ္ထဘုံဆင့်နားတွင် သရီးမံ၍ထားသော အလုံးကိုတွေ့ရသဖြင့် ထုချေကြည့်ရာ ဌာပနာထားခဲ့သော ငွေဆင်း



တုတော်များနှင့် စိန်ကျောက်ရတနာများကို တွေ့ခဲ့ရသည်။ ထို့ပြင် မြန်မာအက္ခရာပါဠိဖြင့် ဆုတောင်းစာ ရေးထားသော ရွှေပြားတစ်ချပ် အင်းချ၍ ဂဏန်းသွတ်ပြီးလျှင် ရှမ်းအက္ခရာစာ ရေးသားပါရှိသော ငွေပြားတစ်ချပ်ကိုလည်း ရရှိခဲ့၏။ ထီးတော်ဟောင်းကို အောက်သို့ချသောလုပ်ငန်းသည် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ပြီးဆုံးပါသည်။

ထီးတော်သစ်ကြီးကို နိုဝင်ဘာလ ၂၀ ရက်နေ့ ညနေ ၄ နာရီတွင် ကောင်းကင်ပုံ့ရထားဖြင့် စတင်ပင့်ဆောင်ခဲ့၏။ သို့ရာတွင် စက်ကြိုးပြတ်သဖြင့် အထက်သို့ ချောမောစွာ မရောက်ရှိခဲ့ပေ။ လမ်းခုလတ်တွင်ပင် ငြမ်းကကြိုးနှင့်ဆွဲချည်ထားရသည်။ နိုဝင်ဘာလ ၂၁ ရက်နေ့ မွန်းလွဲ ၃ နာရီခွဲလောက်တွင် ထီးတော်သစ်၏ ပထမဘုံဆင့်ကို ကြေးစလောင်းသံတိုင်မှာ တပ်ထားမိ၍ အလုံးစုံပြီးပြေ အောင်မြင်ခဲ့လေသည်။ ထီးတော်သစ်ကြီး၏ ဘုံအဆင့်ဆင့်ကို တင်ဆောင်လှူဒါန်းခြင်းမှာ နိုဝင်ဘာလ ၂၄ ရက်တွင် အလုံးစုံပြီးပြေ အောင်မြင်ခဲ့လေသည်။

## ရွှေတိဂုံစေတီမှ ဆည်းလည်းခေါင်းလောင်းများ

ဆင်ဖြူရှင်မင်းသည် ဆည်းလည်းလုံးရေ ၇၉၀ ပါသော ထီးတော်ကြီးကို ရွှေတိဂုံစေတီတော်တွင် တင်လှူခဲ့ကြောင်း သမိုင်းမှတ်တမ်းများတွင် ပြဆိုပါသည်။ ၎င်းနောက်ဆက်ခံသော ကုန်းဘောင်ဆက်မင်း အသီးသီးသည်လည်းကောင်း၊ စေတနာရှင် ပြည်သူများကလည်းကောင်း ထီးတော်ကြီးကို ပြုပြင်မွမ်းမံခဲ့ကြသည်နှင့်အညီ ဆည်းလည်းများကို ဖြည့်စွက်လှူဒါန်းခဲ့ပါသည်။ ထိုခေတ် လှူဒါန်းသော ဆည်းလည်းတို့၌ ၁၇၇၁ ခုနှစ်က ဘုန်းတော်ကြီး ဦးဝိသုဒ္ဓ တင်လှူသော ငွေချိန် ၇၀ ကျပ်သားရှိ ဆည်းလည်းမှာ အစောဆုံးဖြစ်ပါသည်။ ဆည်းလည်းခေါင်းလောင်းများ ပြုတ်ကျသဖြင့် အလေးချိန် တိုးမြှင့်ကာ ပြန်လည်တင်လှူသော ခေါင်းလောင်းများလည်း ရှိပါသည်။

၁၈၅၅ ခုနှစ် နှစ်ဦးတွင် စစ်ကဲကြီး ဦးထော်လေးက ဆည်းလည်းသစ်လုံးရေ ၁၄၈ လုံးကို ကုသိုလ်ရှင်များပါဝင် လှူဒါန်းစေလျက် ချိတ်ဆွဲလှူဒါန်းပါသည်။ အများပြည်သူတို့ လှူဒါန်းသော ဆည်းလည်းလုံးရေမှာ ကိုးလုံးဖြစ်၏။ ယင်းဆည်းလည်း ခေါင်းလောင်းများအနက် လေးလုံးမှာ

www.burmeseclassic.com



တစ်လုံးလျှင် ၄၀ သားစီ အလေးချိန်စီး၏။ ရွှေငွေ မိုးကြိုးတို့ဖြင့် ပြုလုပ်ထားသော ဆည်းလည်းများဖြစ်ပြီး အလေးဆုံးဆည်းလည်းမှာ တစ်ပိဿာ ၈၀ ကျပ်သားရှိသည်။ ဆည်းလည်းအချို့မှာ အလေးချိန်နှင့် ကမ္ပည်းမှတ်တမ်းစာများ၊ ခေါင်းလောင်း၏ ဘွဲ့နာမည်များပါရှိကြောင်း တွေ့ရပါသည်။

၁၈၅၇ ခုနှစ်တွင် ကြည့်မြင်တိုင်ရွာမှ အများပြည်သူတို့က ဆည်းလည်းသုံးလုံးကိုလည်းကောင်း၊ ၁၈၅၈ ခုတွင် ကျောင်းအုပ်ဆရာကြီး ဦးဖိုး မိသားစုက ငွေခေါင်းလောင်းတစ်လုံး၊ ၁၈၆၁ ခုနှစ်တွင် ဦးမိုးမိသားစုက ငွေဆည်းလည်း တစ်လုံးကိုလည်းကောင်း၊ မောင်ရင်မောင် မငွေပွင့် ဖနီးမောင်နံ့က ကျောက်မျက်ရတနာ ၁၇ လုံးစီ ခြယ်မြုပ်နံ့ထားသော ငွေဆည်းလည်း နှစ်လုံးကိုလည်းကောင်း လှူဒါန်းကြပါသည်။ ထိုဆည်းလည်းတို့နှင့်အတူ ချိတ်ဆွဲတင်လှူသော ထူးခြားသော ဆည်းလည်းနှစ်လုံး ရှိပါသည်။

ယင်းတို့မှာ ဘိုးတော်မင်းတရားလက်ထက် ထိုးလုပ်သည့် သံသေခေါင်းလောင်းများ ဖြစ်ပါသည်။ သံသေခေါင်းလောင်း ၂ လုံးကို ရွှေနီ ရွှေဖြူ ငွေဖြူတို့နှင့် စပ်၍ ၁ပိဿာ ၇၀ ကျပ်သားရှိ ဆည်းလည်းတစ်လုံးနှင့် ၁ ပိဿာ ၇၅ ကျပ်သားရှိ ဆည်းလည်းတစ်လုံးကို သာယာဝတီမင်းက ပြုပြင်သွန်းလုပ်လှူဒါန်းခဲ့ခြင်း ဖြစ်သည်။ ထိုဆည်းလည်းနှစ်လုံးအနက် ၁ ပိဿာ ၇၀ ကျပ်သားရှိသော ဆည်းလည်းလုံးမှာ မင်းတုန်းမင်းလက်ထက်တွင် မြေသို့ သက်ကျခဲ့သည်။ ထူးခြားသော ဆည်းလည်းဖြစ်၍တစ်ကြောင်း၊ ကုသိုလ်ပျက်စီးယိုယွင်းလျှင် သားစဉ်မြေးဆက် ပြင်ဆင်ခွင့်ရှိသော မြန်မာ့ထုံးတမ်းဓလေ့ ရှိသည်က တစ်ကြောင်းကြောင့် မင်းတုန်းမင်းသည် ရွှေစင်ကျပ်ချိန် ၁၇၀ ကျပ်ဖြည့်ရောပြီး ခေါင်းလောင်းတစ်လုံး ထပ်ပွားလျက် နှစ်လုံးပြုပြင် တင်လှူတော်မူပါသည်။ ၄င်းဆည်းလည်း ခေါင်းလောင်းတစ်လုံးစီ၏ အလေးချိန်မှာ ၁၇၀ ကျပ်သားစီ ရှိပါသည်။ ထိုအကြောင်းကိုရည်၍ ဆည်းလည်းကိုယ်ထည်တွင် ...

"ရတနာပုံ ရွှေမြို့တော်ကြီးတည်၊ ဘဝရှင်မင်း တရားကြီးဘုရားသေားတော်၊ ခမည်းတော်တို့ ရိုက်ရာတော်ခံ ဖြစ်တော်မူသည့်အတိုင်းသေားတော်ဘုရား သံသေဓာတ်နှင့် ခမည်းတော်ဘုရား ၁၂၀၃ ခုနှစ်



ပဥ္စလောဟာစပ်နှော လှူသည့်ဆည်းလည်းတော်မြေသို့ သက်ကျရှိသည်ကို ဆက်သလာ၍ ၁၂၃၃ ခု တပို့တွဲလဆန်း ၁၅ ရက်နေ့ ဆည်းလည်းရင်း ၁၇၀ တွင် ရွှေစင်ကျပ်ချိန် ၁၇၀ ဖြည့်၍ ဆည်းလည်းတော် ၂။ တစ်လုံးလျှင် ၁၇ဝိ ကျ ရွှေတိဂုံဘုရားရှင်အား သွန်းလုပ်လှူတော်မူသည့် ကုသိုလ်တော်"ဟူ၍ ကမ္ပည်းမော်ကွန်းရေးထိုးခဲ့သည်ကို တွေ့ရ၏။

မင်းတုန်းမင်း၏ ထီးတော်သစ်ကြီး မတင်မီကာလ ၁၈၆၉ ခုနှစ်တွင် ရွှေဆည်းလည်းတစ်လုံး အပါအဝင် ဆည်းလည်းပေါင်း ၅၆ လုံးချိတ်ဆွဲတင်လှူခဲ့၏။ ၁၈၇၀ ပြည့်နှစ်တွင် ရွှေဆည်းလည်း ၃ လုံးအပါအဝင် ဆည်းလည်းပေါင်း ၄၁ လုံး တင်လှူချိတ်ဆွဲခဲ့ကြောင်း တွေ့ရ၏။ ရွှေရောငွေဆည်းလည်း၊ မိုးကြိုးရော ငွေဆည်းလည်း၊ မိုးကြိုးဆည်းလည်း စသည်ဖြင့် ပါဝင်၏။ တချို့သော ဆည်းလည်း ကမ္ပည်းစာတွင် ဆည်းလည်းချိတ် အချိန်အဆ၊ ညောင်ရွက်အချိန်၊ ဆည်းလည်းအလေးချိန်ပေါင်း စသည်ဖြင့် ခွဲခြားဖော်ပြကြောင်းလည်း တွေ့ရပါသည်။

မင်းတုန်းမင်းတရားကြီး၏ ကောင်းမှုကုသိုလ် ထီးတော်သစ်ကြီးတွင် ရွှေဆည်းလည်းလုံးရေ ၄၀၊ မိုးကြိုးဆည်းလည်း ခုနှစ်လုံး၊ ငွေဆည်းလည်းလုံးရေ ၄၄၀၊ ဆည်းလည်းသစ်လုံးရေ စုစုပေါင်း ၄၈၇ လုံးပါရှိသည်။ မူလရှိရင်းစွဲ ထီးတော်ဟောင်းမှ ဆည်းလည်းများမှာ ရွှေဆည်းလည်း ၁၆ လုံး၊ မိုးကြိုးဆည်းလည်း ၅ လုံး၊ သံသေဆည်လည်း ၃ လုံး၊ ငွေဆည်းလည်း ၇၆၁ လုံးဖြစ်၍ စုစုပေါင်း ဆည်းလည်းလုံးရေ ၇၈၅ လုံး ဖြစ်လေသည်။ ထို့ပြင် ကြေးဆည်းလည်းလုံးရေ ၁၆၁ လုံးသာမက နောက်ထပ် လှူဒါန်းသော ဆည်းလည်းမျိုးစုံ လုံးရေပေါင်းများစွာလည်း ရှိပါသေးသည်။

တချို့သော ဆည်းလည်းခေါင်းလောင်းများတွင် ကမ္ပည်းစာပါရှိသဖြင့် ကွပ်သည့်ရွှေချိန်ကျောက်ဖိုးမှအစ လှူဒါန်းသူ၏အမည်၊ ခေါင်းလောင်း၏ ဘွဲ့တော်စသည်တို့ကို အလွယ်တကူ သိရှိရသည်။ ဆည်းလည်းသစ်လုံးရေပေါင်းများစွာအနက်မှ ခေါင်းလောင်းကမ္ပည်းစာပါရှိသော အရေအတွက်မှာ ရွှေဆည်းလည်း ၂၃ လုံးအပါအဝင် စုစုပေါင်း ၃၀၀ ကျော် ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထီးတော်သစ်တွင် မင်းတုန်းမင်းတရားကြီး၏ ကုသိုလ်ကောင်းမှုဖြစ်သော ဆည်းလည်းများအပြင် ပုဂ္ဂလိကဒါနအဖြစ် လှူဒါန်းကြသော ဆည်းလည်းများမှာလည်း မနည်းလှပေ။ အချို့ခေါင်းလောင်းဆည်းလည်းများကို မူလအလေးချိန်တွင် ထပ်တိုးဖြည့်စွက်၍လည်းကောင်း၊ အချို့ကို တစ်လုံးမှသည် ငါးလုံးထိ အရေအတွက် တိုးအောင်ခွဲ၍လည်းကောင်း၊ ပြန်လည်သွန်းလုပ်ပါသည်။

သက္ကရာဇ် ၁၈၅၇ ခုနှစ်က ကြည့်မြင်တိုင်ရပ်သားတို့ သွန်းလုပ်လှူဒါန်းသော ဆည်းလည်းဟောင်းကို ပုဇွန်တောင်ရပ်နေ ဦးအိုက ရွှေဆိုင်း ၂၀ ဖြည့်လှူပြီး အရပ်နေသူတော်ကောင်းတို့က ရွှေဆိုင်း ၇၀ ထပ်စွက်ကာ ဆည်းလည်းအသစ် သွန်းလှူကြောင်းကို သက္ကရာဇ် ၁၈၇၁ ခု၊ နိုဝင်ဘာလ ၂၄ ရက် သောကြာနေ့ထုတ် မြန်မာ့ဂေဇက် သတင်းစာတွင် ဤသို့ ဖော်ပြထားကြောင်း တွေ့ရလေသည်။

> ''ကြည့်မြင်တိုင်ရပ်သားတို့ သွန်းလုပ်လှူသော ဆည်းလည်းဟောင်းကမ္ဗည်းမှာ ၁၀ဝိ၊ ဖြူပါသည်။ လူကြီးစုံရာနှင့် ချိန်ကြည့်ရာ ၇၀ သာ ရှိပါသည်။ ၎င်းဆည်းလည်းကို ပုဇွန်တောင်ရပ်နေ တိုက်ကျောင်းတကာ နံတောင်လေ့သူကြီးဆရာ ကိုအိုက ရွှေဆိုင်း ၂၀ လှူ၍ တောင်းယူပြီးလျှင် နှီးဆော် ထည့်လှူသွန်းလုပ်ရာ မအောင်နိုင်၍ ၁၁ ကြိမ်တိုင်မှ အထမြောက်၍ လှူဒါန်းရလေသည်ဟု ကြားသိရသည်။''

မင်းတုန်းမင်း၏ ထီးတော်ကြီးတင်ပွဲနှင့် ပတ်သက်၍ မကြုံစဖူး ထူးကဲစွာ စည်ပင်ကြောင်းကို ရှေးခေတ် သတင်းစာများတွင် အကျယ်တဝင့်ဖော်ပြကြပါသည်။ နိုင်ငံခြားသားများကိုယ်တိုင်လည်း မြန်မာတို့၏ ဗုဒ္ဓဘာသာအပေါ် သက်ဝင်ယုံကြည်မှု၊ ကိုးကွယ်ကိုင်းရှိုင်းမှုများကို ရင်သပ်ရှုမောဖြစ်ကြရသည်။ ရွှေတိဂုံဘုရား၌ အသစ်တင်လှူသော ဆည်းလည်းခေါင်းလောင်းများ၏ ကြည်လင်အေးမြသော လှုပ်ခတ်မြည်ကျူးသံကိုပင် အင်္ဂလိပ်ကဗျာလင်္ကာဖြင့် သီဆိုအမွှမ်းတင်ခဲ့ကြသည်။ နိုင်ငံခြားသားတို့ ချီးကျူးသီကုံးခဲ့သော ရွှေတိဂုံဘုရား ဆည်းလည်းတော်သံ ကဗျာတေးမှာ အောက်ပါအတိုင်းဖြစ်လေသည်။



> "Those bells! Those bells! in the silent night, How sweet and soft Their melody seems, Now high, now low, Now fast, now slow, They full me to sleep and play in my dream And soothe me till the breaks the morning light,"

၎င်းအင်္ဂလိပ်တေးကဗျာကို ဗြိတိသျှတူရိယာများနှင့် သီဆိုတေးမှုတ်လျှင် အဓိပ္ပာယ်ယဉ်ကျေး၍ နားဝင်ချိုလှသည်မှန်၏။ သို့သော် မြန်မာ့တူရိယာစောင်း၊ နှဲတို့ဖြင့် တီးမှုတ်သီဆိုရန်မှာ မလွယ်ကူချေ။ ထို့ကြောင့် အင်္ဂလိပ်တေးကဗျာမှာ မူရင်း အဓိပ္ပာယ်မပျက်စေဘဲ မြန်မာသံဖြစ်အောင် ပြန်ဆိုပေးလိုက်သော ''မောင်ဆွဲရ၏ (ဆည်းလည်းတော်သံ) တေးထပ်'' ကို ၁၈၇၁ ခု၊ ဒီဇင်ဘာလ ၂၁ ရက်နေ့ထုတ် မြန်မာဂေဇက်သတင်းစာတွင် ဤသို့ တွေ့ရလေသည်။

## ''ဆည်းလည်းတော်သံ တေးထပ်''

> ရိပ်ကြာဆိတ်စာ မိုတ်ခါမျှကို၊ ဆည်းလည်းသံက ငြိမ့်ညောင်းသာ။ ထီးနန်းဟန်ရ ခြိမ့်မောင်းဖြာသည် ချိုသေသာ ဆော်လာသွင်း၊ သံနိမ့်သံမြင့် သံမျိုးစုံတယ်။ သံရှည်တပုံ သံလေးသာလို့ညွင်း။ ။ ပျော်အောင်သိပ်လို့ မောင်လိပ်ပြာငယ်၊ အိပ်မက်စရာ ဖန်လာရင်း၊ သူဇာနတ်သွင် ကျော့ယဉ်မင်းက၊ အခင်းမလှ သူကြီးငယ်၊ ဟာဆုတိပ်တော်မှုပုံများလို့၊ အိုပါးအပ်ခု ခွန်းတုံ့ပြန်ကာလှယ်၊ ရောင်နီလင်းပေါ် ဆင်းပါဆိုတယ်၊ တကယ်လိုလို သည်အိပ်မက်က သဥ္စာညှောင်ချက် ရွှေဆည်းလည်းတော်သည် နတ်များကူလို့ဖန်၊ ဆော်လေသွေးလို့ ငြိမ့်အေးရန်မှာ၊ ခြိမ့်ခြိမ့်ညံ သံမျိုးစံပလေး။
>
> သင်းကြူညှောင်၊ ခင်းပူအောင် သူစလို့၊ သာလှငြိမ့်အေး။ ဆည်းလည်းသံ၊ နည်းမှီးရန် ကုန်မလင်းနိုင်ဘူး။ စက်ရင်းဆောင် သဥ္စာက ကြုံပြန်လာ မြင်အိပ်မက်တယ်ကို၊ တွေးရှက်မိသေး။ ။''

ရွှေတိဂုံဘုရားတွင် ဤကဲ့သို့သော မင်းတုန်းမင်းကြီး လှူဒါန်းခဲ့သည့် ကောင်းမှုတော် ဆည်းလည်းခေါင်းလောင်းများသာ ရှိခဲ့သည်မဟုတ်ပေ။ အခြား ပုဂ္ဂလိက လှူဒါန်းသူများစွာလည်း ရှိသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံ နယ်စပ်ဒေသ အနှံ့အပြားမှ ဘုရားဖူးလာကြသူတို့ကလည်း ဆည်းလည်းခေါင်းလောင်းများကို မိမိတို့ တတ်စွမ်းသမျှ လှူဒါန်းခဲ့ကြသည်။ မြန်မာများသာမက မွန်၊ ရခိုင်၊ ရှမ်းစသော တိုင်းရင်းသားလူမျိုးအချို့ကလည်း မိမိတို့ဘာသာ စကားဖြင့် ရေးထိုးမှတ်တမ်းပြုထားသော ဆည်းလည်းများကို ချိတ်ဆွဲလှူဒါန်းခဲ့ကြကြောင်း သိရ၏။ ထို့ပြင် နိုင်ငံခြားသားကုန်သည်ကြီးများ လုပ်ငန်းရှင်ကြီးများကလည်း ကြည်ညိုသဒ္ဓါစိတ်ပွားကာ ရွှေတိဂုံစေတီတော်၌ ဆည်းလည်းများ သွန်းလုပ်လှူဒါန်းခဲ့ကြပါသည်။

ရွှေဂုံစေတီတော်ရှိ ခေါင်းလောင်းဆည်းလည်းများအနက် အချို့မှာ ခေါင်းလောင်းတွင် ရေးထိုးမှတ်တမ်းပြုသော ကမ္ပည်းစာများ ပါရှိသည်။ အချို့မှာ ခေါင်းလောင်းစာရေးထိုးထားခြင်း မရှိပေ။ ကမ္ပည်းစာပါသော ခေါင်းလောင်းများကို လေ့လာကြည့်ခြင်းဖြင့် ထိုခေတ်ထိုအခါက လူနေမှုစနစ်နှင့် အကြောင်းအရာ အချက်အလက်အချို့ကို သိရှိမြင်တွေ့နိုင်လေသည်။

အချို့သောခေါင်းလောင်း ဆည်းလည်းစာများတွင် ကုသိုလ်ရှင်တို့၏ နေထိုင်ရာရပ်ကွက်၊ လမ်းများကို ရေးထိုးမှတ်တမ်းတင်ထားခဲ့သည်။ အထူးသဖြင့် ထိုခေတ်က ရပ်ကွက်နှင့် လမ်းနာမည်များမှာ ဗြိတိသျှ အာဏာပိုင် ပုဂ္ဂိုလ်များကို ဂုဏ်ပြုမှည့်ခေါ်သော နာမည်များသာ ဖြစ်၏။ ဥပမာအားဖြင့် ဒါလဟိုဇီ၊ ဖရေဇာလမ်းစသည်တို့ ဖြစ်လေသည်။ ထိုစဉ်က ကြည့်မြင်တိုင်၊ ကုက္ကိုင်းစသည်တို့မှာ ရွာသိမ်ရွာငယ်လေးများသာ ဖြစ်ကြ၏။

ဆည်းလည်းကုသိုလ်ရှင်အချို့မှာ နိုင်ငံခြားသား ကုန်သည်များ၊ ရေနံ၊ သစ်တောနှင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းရှင်ကြီးများဖြစ်ကြသဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းတွင် နိုင်ငံခြားသား လက်ဝါးကြီးအုပ်စနစ်ကို သိသာထင်ရှားစွာ မြင်တွေ့ခွင့် ရပါသည်။ ထို့ပြင် နေ့စဉ်နှင့်အမျှသော ကုန်သွယ်လုပ်ငန်းများမှလည်း နိုင်ငံခြားသား၊ တရုတ်၊ ကုလား၊ သူဌေးပွဲစားများ၏ လက်တွင်ဆုပ်ကိုင်လှုပ်ကစားခြင်းခံခဲ့ရကြောင်း သိသာနိုင်ပါသည်။

အချို့ဆည်းလည်းခေါင်းလောင်းများမှာ သွန်းလုပ်သော သတ္တု၏ အလေးချိန်၊ ကျသင့်တန်ဖိုးများကို ရေးထိုးလျက် ကမ္ပည်းတင်ထားပါသည်။ ထိုမှတ်တမ်းများအရ ထိုခေတ်ကာလ ရွှေတစ်ကျပ်သား၏ တန်ဖိုးမှာ ကျပ်သုံးဒင်္ဂါး ၂၂ ပြားဖြစ်ကြောင်း သိရသည်။ ငွေတစ်ပိဿာကို ကျပ်ဒင်္ဂါး ၁၄



ပြား၊ မိုးကြိုးတစ်ကျပ်သားကို ၁၀ ကျပ်၊ ကြေးတစ်ပိဿာကို ၁၅ ကျပ် စသည်ဖြင့် တန်ဖိုးရှိကြောင်း မှတ်သားရ၏။

တစ်ဖန် နယ်ချဲ့ဗြိတိသျှလက်အောက်ရှိ ရန်ကုန်မြို့တော်၏ နယ်နမိတ် အကျယ်အဝန်းမှာ အရှေ့ကို စတော့ကိတ် (ယခုခေတ် သိမ်ဖြူ)၊ ရေကျော်၊ ပုဇွန်တောင်နှင့် ဗိုလ်တထောင်ရပ်ကွက်များ၊ မြောက်ကို ရွှေတိဂုံဘုရား ပရိဝုဏ်၊ အနောက်ကို အလုံရပ်ကွက်၊ တောင်ကို မြစ်ကမ်းတို့ဖြင့် ပိုင်းပတ်သတ်မှတ်ထားကြောင်း လေ့လာရမိသည်။ ထိုစဉ်က လမ်းမတော်နှင့် တရုတ်တန်းရပ်ကွက်များမှာ လူအစည်ကားဆုံး ဖြစ်လေသည်။

အချို့ဆည်းလည်းများတွင် တိုတောင်းပြတ်သားသော ကမ္ပည်းစာများ ရေးထိုးထားသည်။ အချို့မှာ ကုသိုလ်ရှင် နာမည်များကိုသာလျှင် ဖော်ပြမှတ်တမ်းတင်ပါသည်။ ဆည်းလည်းခေါင်းလောင်းတစ်လုံးတွင်မူ သပိတ်မှောက် ကျောင်းသားများ တစ်စုကောင်းမှုဟူသော စာတန်းကို ရေးထိုးကမ္ပည်းတင်ထားခဲ့ကြောင်း ထူးခြားစွာတွေ့ရ၏။ ၁၉၂၀ ပြည့်နှစ် တက္ကသိုလ်ကျောင်းသားများ၏ သပိတ်မှောက်အရေးအခင်းကို အမှတ်ရဖွယ်ပင် ဖြစ်လေသည်။

မည်သို့ဆိုစေ ခေတ်ကာလ နှောင်းလာသည်နှင့်အမျှ ဆည်းလည်းခေါင်းလောင်းများ သွန်းလုပ်လှူဒါန်းခြင်းသည် တစ်စထက်တစ်စ နည်းပါးလာခဲ့သည်။ ယခုအခါတွင်မူ လုံးဝပျောက်ကွယ်လုနီးပါး ရှိလေပြီ။ ဘုရားကို ထီးတော်အသစ်တင်မှသာ ထီးတော်နှင့်အတူ ဘုံဆင့်အသီးသီး၏ ပတ်လည်၌ ဆည်းလည်းလုံးငယ်များ၊ ရွှေပြားခတ်ညောင်ရွက်များကို လှူဒါန်းကြသည်သာ ရှိပါတော့သည်။ ရေးကကဲ့သို့ ကမ္ပည်းမှတ်တမ်းစာ ရေးထိုးခြင်းကိုမူ လုံးဝ မတွေ့ရတော့ပေ။ ။

www.burmeseclassic.com

# အခန်း (၇)

# မြန်မာ့ကြေးလုပ်ငန်း

www.burmeseclassic.com

www.burmeseclassic.com

## ပန်းတဉ်းလုပ်ငန်း

အေဒီ ၉ ရာစုခန့်လောက်က အိန္ဒိယနိုင်ငံတွင် ဘာသာရေးဆိုင်ရာ ရုပ်တုများကို ပန်းတဉ်းအတတ်ပညာဖြင့် ကြေးသွန်းပုံခတ်ကာ ပြုလုပ်ခဲ့ကြသည်။ ယဉ်ကျေးမှုချင်း ကူးလူးဆက်ဆံကြသည့်အလျောက် နောင်အခါတွင် ၎င်းတို့၏ ဘာသာရေးဆိုင်ရာ ယဉ်ကျေးမှု အမွေအနှစ်များသည် ဗုဒ္ဓဝါဒီနိုင်ငံများဖြစ်သော အရှေ့တောင်အာရှနိုင်ငံများသို့ ပျံ့နှံ့ရောက်ရှိလာသည်။ မြန်မာနိုင်ငံတွင် ရခိုင်ဘက်မှလည်းကောင်း၊ သုဝဏ္ဏဘုမ္မိဘက်မှလည်းကောင်း၊ ကူးလူးဆက်ဆံ ရောက်ရှိခဲ့သည်ဟု ယူဆရ၏။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ပန်းတဉ်းအတတ်ပညာကို အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ယဉ်ကျေးမှုအနုပညာသည်တို့ထံမှ ဆက်ခံရရှိခြင်း ဖြစ်သည်ဟု ဆိုနိုင်လေသည်။

စင်စစ် ပန်းတဉ်းအနုပညာရပ်သည် ရှေးအထက်ကျော်ကာရီကပင် အနောက်နိုင်ငံများ၌ စစ်လက်နက်ပစ္စည်းများ၊ လူသုံးလက်နက်ပစ္စည်းများ ပြုလုပ်ခြင်းဖြင့် ထွန်းကားခဲ့သည်။ အာရှနိုင်ငံများတွင်မူ ကိုးကွယ်ယုံကြည်မှု ဘာသာရေးဆိုင်ရာ အနုပညာတစ်ရပ်အနေဖြင့် ထွန်းကားခဲ့ပါသည်။ ထို့ပြင် လူမှုအသုံးအဆောင်ပစ္စည်းများပြုလုပ်ရာ၌လည်း ပန်းတဉ်းလုပ်ငန်းသည် ထင်ရှားခဲ့၏။

မြန်မာ့ပန်းတဉ်းအနုပညာရပ်မှာမူ ပျူခေတ်မတိုင်မီကပင် စတင်ထွန်းကားခဲ့ဟန်ရှိသည်။ သမိုင်းအထောက်အထားများအရ ပျူခေတ်တွင် ပန်းတဉ်းလုပ်ငန်းမှာ အခြေခိုင်မာနေပြီဟု ဆိုနိုင်လေသည်။ ဤအချက်ကို ပျူခေတ်လက်ရာဖြစ်သော ကချေသည်ကြေးရုပ်များ၊ သီရိဝစ္ဆအမှတ်အသားပါ ကြေးခေါင်းလောင်းများကို တွေ့ရခြင်းက သက်သေခံနေပေသည်။



ပန်းတဉ်းဟူသော ဝေါဟာရကို ပုဂံခေတ်ထိုးကျောက်စာများတွင် မတွေ့ရပေ။ သို့သော် ပုဂံခေတ်ကျောက်စာတစ်ခုတွင် ဂူထွတ်တန်ဆာ ပန်တျန့်လက်တွင် ချိန့်ပေး၍ ခတ်သောကြေးကား ၄၇ ပိဿာ၊ ဂဗိုလ် ၄ ကျပ်၊ ခတ်သော ယုတ်သောကြေးကား ၇ ပိဿာ ၉ ကျပ်ဟူ၍ ဖော်ပြထားသည်ကို ထောက်ဆလျှင် ပန်းတဉ်းလုပ်ငန်းကို ပန်တျန့်ဟုခေါ်ဝေါ် သုံးစွဲခဲ့ကြောင်း သိရသည်။ အင်းဝ၊ ညောင်ရမ်းခေတ်ခေါင်းလောင်း စာအချို့တွင်မူ ပန်ခဉ်ဟု ဖော်ပြမှတ်တမ်းပြုလေသည်။ ပန်းသွန်းလုပ်ငန်းဟူ၍လည်း သုံးစွဲ၏။

မြန်မာမင်းများလက်ထက်က ကြေးထည်အနုပညာပစ္စည်းများ ပြုလုပ်ရာ၌ တာဝန်ခံဆောင်ရွက်ပေးရသော ပန်းတဉ်းဝန်များကို ခန့်ထားခဲ့ပါသည်။ မင်းတုန်းမင်းလက်ထက်တော်တွင် ဦးရွှေတင်ဆိုသူမှာ ပန်းတဉ်းဝန်ရာထူးဖြင့် ခစားထမ်းရွက်ရသူဖြစ်သည်။ ဦးရွှေတင်သည် ကာလကတ္တားမြို့တွင် ပညာသင်ယူခဲ့ပြီး အမြောက်ပစ်နည်း ကျမ်းငယ်တစ်စောင်ကို ဘာသာပြန်ဆိုခဲ့သည်။

ပန်းတဉ်းအမှုထမ်းတို့နှင့် ပတ်သက်၍ ရွှေနန်းသုံးဝေါဟာရအဘိဓာန် စာမျက်နှာ ၁၆၉ တွင် ဤသို့ရှင်းလင်းဖော်ပြထားသည်ကို တွေ့ရလေသည်။

ကြေးသတ္တုနှင့် စပ်လျဉ်းသော ကြေးစည်၊ ခေါင်းလောင်းရုပ်ပွားရုပ်တုတော်၊ ထွေးအင်၊ လက်ဆေးခံ၊ လင်ပန်း၊ ဖလား၊ ဖွန်း စသော ခတ်လုပ်ရန် သွန်းလုပ်ရန် အလုပ်အဆောင်တော်များ ရှိသမျှကို ပန်းတဉ်းဝန်၊ ပန်းတဉ်းစာရေးတို့ ဆင့်ဆိုရာ နာခံထမ်းရွက်ရသည်။ ၎င်းပန်းတဉ်း အမှုထမ်း ၂၂ တို့မှာ တစ်လလျှင် စပါးတင် ၄၀၆ တင်း သနားတော်မြတ်ခံရသည်။ ၎င်းစပါးများကို အိုးထိမ်း မော်ဆိပ်မှာ ခံယူကြရသည်။

ရှေးခေတ်ရှေးအခါက ကြီးမားသောပန်းတဉ်းလုပ်ငန်းများသည် မင်းဧကရာဇ်၊ မှူးမတ်၊ မင်းညီမင်းသားတို့နှင့်သာ ဆက်ဆံရသော လုပ်ငန်းဖြစ်ခဲ့၏။ ဆင်းရဲသားလူထုအတွက်မှာမူ လူမှုအသုံးအဆောင်ပစ္စည်းများနှင့် အလှအပသုံးပစ္စည်းအနည်းငယ်တို့သာလျှင် ပြုလုပ်နိုင်ကြပါသည်။ ပန်းတဉ်းလုပ်ငန်းမှာ ခဲယဉ်းလက်ဝင်သလောက် အချိန်ကုန်သည်။ ငွေဝင်ပေါက်ကျဉ်းမြောင်းသဖြင့်လည်း ပန်းတဉ်းလုပ်ငန်းဖြင့် အသက်မွေးသူမှာ အလွန်ရှားပါးလှလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့ရိုးရာ ပန်းတဉ်းပညာရပ်မှာ ကြေးနီ၊ ကြေးဝါကို သွန်းခတ်ပြုလုပ်ခြင်းဖြစ်သဖြင့် လုပ်ငန်းနယ်ပယ်ကျယ်ပြန့်၏။ မြန်မာ့ကြေးလုပ်ငန်းကို ကြေးသွန်းလုပ်ငန်းနှင့် ကြေးခတ်လုပ်ငန်းဟူ၍ ခွဲခြားထား၏။ ကြေးသွန်းလုပ်ငန်းမှာ ကြေးကိုအရည်ကျို၍ ဖယောင်းပုံတွင် သွန်းလောင်းပြီး ပြုပြင်မွမ်းမံရသောလုပ်ငန်းဖြစ်သည်။ ကြေးခတ်ခြင်းမှာ ကြေးကိုအတုံးလိုက်၊ အခဲလိုက်မှ လိုအပ်သလို ပုံစံဖော်ထုခတ်ခြင်း ဖြစ်သည်။ သို့ရာတွင် ကြေးသွန်းလုပ်ငန်းနှင့် ကြေးခတ်လုပ်ငန်းမှာ ခွဲမရလောက်အောင် အမြဲတမ်း ဒွန်တွဲနေသည့်အပြင် ပန်းတိမ်ပညာနှင့်လည်း နီးနွယ်စပ်ယှက်နေလေသည်။

မြန်မာ့ပန်းတဉ်းလုပ်ငန်းတွင် မောင်း၊ ကြေးစည်၊ လင်းကွင်း ခေါင်းလောင်း၊ ကြေးနောင်စသော တူရိယာပစ္စည်းများ၊ ခြူ၊ ဆွဲလွဲ (ဆည်းလည်း) စသော သေးငယ်သည့် ပစ္စည်းအမျိုးမျိုးနှင့် အိမ်သုံးအိုးခွက် ပန်းကန်သောက်ရေခွက်များကို ပြုလုပ်ရာ၌ ရှေးဦးစွာ အရည်ကျိုသွန်းပြီးမှ လိုအပ်သလို ပုံဖော်ကာ ထုခတ်ပေးရခြင်းဖြစ်သည်။ ပန်းတဉ်းလုပ်ငန်းတွင် ကြေးချည်းသက်သက် ပြုလုပ်သော ပစ္စည်းများကို ပြုလုပ်ရသည်လည်းရှိ၏။ ကြေးကို သွပ်၊ သံ၊ ခဲမဖြူ စသည်တို့ဖြင့် ရောစပ်၍ ပုံသွန်းခတ်ရသည်လည်း ရှိလေသည်။ ဤသို့ သတ္တုရော ကြေးပန်းတဉ်းအတတ်တွင် အချိုးကျရောစပ်တတ်ဖို့ အရေးကြီးလေသည်။

ယခုခေတ်ကာလတွင် မြန်မာ့ယဉ်ကျေးမှု ပန်းတဉ်းကြေးသွန်းလုပ်ငန်းကို မန္တလေးမြို့ တစ်မြို့တည်း၌သာလျှင် အများဆုံးလုပ်ကိုင်လျက်ရှိပေသည်။ ရှေးမြန်မာမင်းများလက်ထက်က ပန်းတဉ်းအတတ်ပညာရှင်များ၊ လုပ်ငန်းရှင်များ အများအပြားရှိခဲ့သော်လည်း ယခုအခါ လွန်စွာနည်းပါးနေပြီဖြစ်သည်။ အခက်အခဲ မျိုးစုံတို့ကြောင့် ရောင်းကုန်အဖြစ် မလုပ်ကိုင်နိုင်ကြတော့ဘဲ မှာယူသူရှိမှသာလျှင် လက်ခံလုပ်ကိုင်ပေးနေရသော အခြေအနေသို့ ဆိုက်ရောက်နေလေသည်။

## မြန်မာ့ကြေးထည်ပစ္စည်းများ

မြန်မာနိုင်ငံတွင် ကျောက်ခေတ်အသီးသီးကို လွန်မြောက်ခဲ့ပြီးနောက် ကြေးခေတ်သို့ ရောက်ရှိခဲ့သည်ဟု ဆို၏။ ယခုအခါ သမိုင်းမတင်မီ ခေတ်



ကာလ၏ ကြေးဝါလက်နက်ကရိယာများကို မြန်မာနိုင်ငံ အနှံ့အပြားမှ စုဆောင်းတွေ့ရှိထားပြီ ဖြစ်သည်။ မြန်မာ့ကြေးခေတ်သည် လွန်ခဲ့သော နှစ် ၆၀၀၀ ခန့်က ရောက်ရှိခဲ့သည်ဟု ယေဘုယျသတ်မှတ်ထားသော်လည်း ကျယ်ပြန့်သော လေ့လာစူးစမ်းမှုများ မပြုလုပ်နိုင်ကြသေးပေ။ မည်သို့ဆိုစေ ကြေးလက်နက်ကရိယာများကို နေရာအနှံ့အပြားမှ ရရှိထားသောကြောင့် မြန်မာနိုင်ငံတွင် ကြေးကျိုချက်ခြင်း၊ ကြေးသွန်းခြင်း အတတ်ပညာများမှာ ရှေးမဆွကပင် ရှိခဲ့သည်ဟု ယူဆရမည် ဖြစ်လေသည်။

မြန်မာနိုင်ငံ သမိုင်းမတင်မီကာလ၏ ကြေးထည်ပစ္စည်းများမှာ အများအားဖြင့် ပဲကွပ်၊ ပုဆိန်၊ လှံသွား၊ မြားဖူး စသည့်လက်နက်ကရိယာများသာ ဖြစ်ခဲ့သည်။ အဆင့်အတန်း နိမ့်ကျခြင်းမရှိဘဲ လက်ရာသေသပ်ကောင်းမွန်သည်ကို တွေ့ရှိရ၏။ အချို့သော သုတေသီများက အိန္ဒိယနိုင်ငံကြေးပစ္စည်းလက်ရာတို့၏ ဩဇာအရိပ်အငွေ့များ ထင်ဟပ်နေသည်ဟု အဆိုပြုကြသည်။

ထို့ပြင် မြန်မာတိုင်းရင်းသား ကရင်၊ ကယားလူမျိုးတို့၏ ဖားစည်ကို ကြေးနက်ဖြင့် သွန်းလုပ်ထားသဖြင့် မြန်မာနိုင်ငံ ကြေးခေတ်မှာ အခြေခံလာခြင်းပေလောဟု တွေးတောဖွယ်ဖြစ်ကြောင်းကို တိုင်းခြားသုတေသီတို့က ဆိုကြသည်။ တစ်ဖန် အရှေ့တောင်အာရှနိုင်ငံများဖြစ်သော ဗီယက်နမ်၊ လာအို၊ ထိုင်း၊ ကမ္ဘောဒီးယားတို့တွင် တွေ့ရသော ရှေးဟောင်း ကြေးဖားစည်များနှင့်လည်း တူသည်ဟုဆိုသည်။ ထိုအချက်ကို အခြေခံ၍ မြန်မာ့ကြေးခေတ်သည် တရုတ်နှင့် ဗီယက်နမ်နိုင်ငံရှိ ကြေးခေတ်ယဉ်ကျေးမှု ဟန်များနှင့်လည်း ဆက်စပ်လျက် ရှိသည်ဟု ဆိုလေသည်။

မြန်မာ့ကြေးခေတ် ထွန်းကားမှု အတိုင်းအတာကာလသည် အချိန်များစွာ ကြာမြင့်ခဲ့ဟန် မတူပေ။ သို့သော် သံခေတ်အတွင်း အကျုံးဝင်သော ပျူတို့၏ မြို့တော်ဟောင်းများတွင် သံကရိယာများနှင့် ကြေးထည်ပစ္စည်းများကို ရောနှောတွေ့ရှိရသဖြင့် ကြေးထည်သုံးစွဲမှု ဆက်လက်ရှင်သန်ခဲ့သည်ဟု ဆိုနိုင်လေသည်။

ပျူခေတ်ကာလက လူ့အရိုးများထည့်သွင်း မြှုပ်နှံခဲ့သော ကြေးအရိုးအိုးတစ်ခုကို တွေ့ရှိရသဖြင့် ပျူခေတ်တွင် ကြေးထည်ပစ္စည်းများ သွန်းလုပ်မှု ခိုင်မာနေပြီဟု သိရသည်။ ထို့ပြင် ဗုဒ္ဓသာသနိကဆိုင်ရာ ဆင်းတု၊ ရုပ်ပွားတော်

www.burmeseclassic.com

www.burmeseclassic.com



များ၊ တန်ခိုးကြီးနတ်ရုပ်များနှင့် ခေါင်းလောင်း၊ ကြေးစည်တူရိယာတို့ကို ကြေးဖြင့် သွန်းလုပ်ခဲ့၏။ လူတို့၏ ဝတ်စားတန်ဆာများ လူမှုအသုံးအဆောင် ပစ္စည်းများတွင်လည်း ကြေးသွန်းပုံခတ်ကာ အနုပညာလက်ရာမျိုးစုံဖြင့် လှပအောင် အနုစိတ်ပုံဖော် ယူခဲ့ကြသည်။ အထူးသဖြင့် ရွှေငွေ ကြေးနီ ကြေးဝါ တို့ဖြင့် လင်ဗန်း၊ ကလပ်၊ ခွက်၊ ဖလား၊ ပန်းကန်ပြားတို့ကို ရုပ်စုံထု၍လည်းကောင်း၊ ကနုတ်ပန်း ခြူးနွယ်ခြူးခက်တို့ဖြင့်လည်းကောင်း အလှအပတန်ဆာဆင်ခဲ့ကြသည်။

သရေခေတ္တရာနှင့် ခေတ်ပြိုင်ထွန်းကားစည်ပင်ခဲ့သော ရခိုင်ဝေသာလီခေတ်တွင်လည်း ကြေးထည်ပစ္စည်း အများအပြားကို သုံးစွဲခဲ့ကြကြောင်း တွေ့ရှိထားကြပြီးဖြစ်သည်။ အာနန္ဒစန္ဒြကျောက်စာကြောင်းရေ ၄၈ တွင် "ရီတိမာယာ နိဗ်မ္မာနိ၊ ဏာသီတာမြ မယာနိစ၊ ကာရီတာနိ မုနိန္ဒြသျှ၊ ဘာရသံချာပြမာဏာတား" ဟု ပါရှိ၏။ အဓိပ္ပာယ်မှာ မြတ်စွာဘုရား ဆင်းတုတော်များကို ကြေးဝါ၊ ကြေးဖြူ၊ ကြေးနီများဖြင့် အလေးချိန်အရေအတွက် ပမာဏအားဖြင့် ပြုလုပ်စေအပ်ပြီးဟု ဖြစ်ပေသည်။ ဤကျောက်စာအရ ဘုရင်များသည် ကြေးသတ္တုကို အလေးထားသုံးစွဲခဲ့ကြကြောင်း ထင်ရှားလေသည်။

ဝေသာလီတွင် တူးဖော်တွေ့ရှိသမျှ သွန်းလုပ်ပစ္စည်းများမှာ ကြေးထည်ပစ္စည်းများချည်းသာ ဖြစ်၏။ ဗုဒ္ဓဆင်းတုတော်များ ခေါင်းလောင်း ဒင်္ဂါးများ၊ ဆီမီးခွက်၊ ပုရပိုက်များ စသည်တို့ကို ကြေးမျိုးစုံဖြင့် သွန်းလုပ်သည်။ အနုပညာလက်ရာ အဆင့်အတန်း မြင့်မားလှသဖြင့် ပန်းတဉ်းလက်မှု ပညာရှင်တို့၏ စွမ်းရည်အဆင့်ကို ကောင်းစွာ သိရှိရသည်။

ပုဂံခေတ်သို့ ရောက်သောအခါ ကြေးစည်၊ ကြေးမောင်းနှင့် ကြေးထည်ပစ္စည်းများ လှူဒါန်းခြင်းဓလေ့သည် ပိုမိုတိုးတက်ထွန်းကားလာပြီဖြစ်သည်။ ဆင်းတု ရုပ်တုတော်များနှင့် ဘာသာရေးဆိုင်ရာ စေတီပုထိုးတို့၏ အထွတ်များ၌ ထီး၊ ဆည်းလည်းကြေးကွန်ချာများကို ကြေးဖြင့် ပြုလုပ်သုံးစွဲခဲ့သည်။ ပုဂံမြို့ရှိ လေးထောင့်ကန်ရပ်၊ လေးမျက်နှာဘုရား ကျောက်စာတွင် "ကျောက်ပုထိုးကိုကား ဆေးရေး၍ ကြေးချည်နှင့်ခတ်၏" ဟု ရေးထိုးသောကြောင့် ကြေးလုပ်ငန်းတွင် သုခမမြောက် အနုစိတ်လုပ်ငန်းဖြစ်သော ကြေးချည်များကို နိုင်နင်းစွာ နန်းဆွဲလျက် အကွက်အချိတ် အလိပ်အခွေတို့ဖြင့် အမျိုးမျိုး တန်ဆာဆင်နိုင်ခဲ့ကြောင်း သိရသည်။



ပုဂံခေတ် အိမ်သုံးပစ္စည်းများ၊ လှူအသုံးအဆောင်ပစ္စည်းများမှာလည်း များသောအားဖြင့် ကြေးထည်ပစ္စည်းများ ဖြစ်ကြသည်။ အထူးသဖြင့် ကြေးပွတ်၊ ကြေးကရား၊ ကြေးလင်ဗန်း၊ ကြေးဖလားများ၊ ခေါင်းလောင်းဆည်းလည်းနှင့် တူရိယာများ လက်ကောက်လက်ကျပ်၊ ဘယက်လည်ဆွဲ၊ နားတောင်း နားကပ်၊ မကိုဋ်သရဖူစသည်တို့ကို ကြေးနီ၊ ကြေးဝါတို့ဖြင့် ပြုလုပ်ဝတ်ဆင်သုံးစွဲခဲ့ကြပါသည်။ ငွေကြေးတတ်စွမ်းနိုင်သူများကမူ လက်ဝတ်တန်ဆာများကို ရွှေငွေဖြင့် ပြုလုပ်ဆင်ယင်ကြသည်။

အင်းဝ၊ ညောင်ရမ်းခေတ်များတွင် ဘာသာရေးဆိုင်ရာ ကြေးထည်ပစ္စည်းများ၊ လှူအသုံးအဆောင် ကြေးထည်ပစ္စည်းများ ပြုလုပ်သုံးစွဲခြင်းမှာ ဆက်လက်တည်ရှိခဲ့သည်။ ထို့ပြင် စစ်မက်ထူပြောသော ကာလဖြစ်၍လည်းကောင်း၊ နိုင်ငံခြားမှ လက်နက်လုပ်တတ်သူများ ခိုးဝင်လာခြင်းကြောင့်လည်းကောင်း၊ ကြေးအမြောက်များ သွန်းလုပ်သုံးစွဲစ ပြုခဲ့ပါသည်။ လက်မှုပညာအဆင့်အတန်းမှာမူ ပုဂံခေတ်လက်ရာကဲ့သို့ လှပနှဲ့နှောင်းသေသပ်မှုမရှိဘဲ အဆင့်နိမ့်ကျစ ပြုလာသည်။

ကုန်းဘောင်ခေတ်သို့ ရောက်သောအခါ စစ်လက်နက်သုံးပစ္စည်းများဖြစ်သော မိန့်ညှိုကြိုးသေး၊ ဗာလည်ကွေး၊ သံချပ်တန်ဆာများ၊ ကြေးအမြောက်များ၊ ကျည်လုံးများကိုပါ ပန်းတဉ်းပညာဖြင့် စီမံပြုလုပ်ခဲ့ကြလေသည်။ အလောင်းမင်းတရားသည် ဟံသာဝတီကို ချီတက်လုပ်ကြံသောအခါ ကြေးချိန် ၇၀၀ ရှိသော ဖုံးအမြောက်ကို သွန်းပြီး "ကျည်ဝနှစ်မိုက်၊ အလျားခုနစ်တောင်၊ ကျည်စေ့လုံးပတ် နှစ်ထွာ၊ အချိန်ငါးဆယ် ထိုဖုံးအမြောက်နှင့် မီးဖြူးမီးဝါ သွတ်၍ ညနေညနေတိုင်း ဟံသာဝတီမြို့တွင်းသို့ ဆယ်လုံးဆယ်လုံး မပြတ်ပစ်ခတ်" ရသည်ဟုဆိုသဖြင့် အမြောက်ဖုံးဆံများကို ကြေးဖြင့် သွန်းလုပ်ကြောင်း သိနိုင်သည်။ ရတနာပုံခေတ်တွင်မူ အမြောက်လက်နက်စက်ရုံများ ထူထောင်ပြီး ကြေးအမြောက်၊ သံအမြောက်ကြီးများနှင့် အမြောက်ဆံ၊ ဖုံးဆံများကိုပင် အဆင့်မြင့်မြင့် ထုတ်လုပ်နိုင်ခဲ့သည်။

တစ်ဖန် ကုန်းဘောင်ခေတ် ရောင်းဝယ်မှုတွင် ရွှေ၊ ငွေ၊ ကြေး၊ ဘော် စသည့် ငွေလေးမျိုးကို အတုံးလိုက်ပိုင်းဖြတ်ကာ သုံးစွဲခဲ့ကြကြောင်း တွေ့ရ၏။ ကုန်ပစ္စည်းချိန်တွယ်ရာတွင် လိုအပ်သော အလေးများကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



ဟသ်ာ၊ တိုး၊ ခြသေ့်ရုပ်များဖြင့် ကြေးငွေအများပြုလုပ်ခဲ့သေးသည်။ ထိုခေတ်ကာလက ကြေးနီ ၂ ကျပ် ၂ မတ်ချိန်ခွဲ၊ ကြေးနီ ၅ ကျပ်ကို တစ်ချိန်၊ ကြေးနီ ၆ ကျပ်ကို တစ်ဖိုလ်ဟုခေါ်ဝေါ် သုံးစွဲခဲ့သည်။ ကြေးစင်နက် တစ်ခွက်တစ်ဆယ်မှာကား စံရွှေတစ်ကျပ်နှင့် ညီမျှပြီး ကြေးစင် ၅ ပိဿာကို ရွှေဟာမန်တစ်ကျပ်နှင့် ညီလေသည်။

ဂုဏ်ရွှေတစ်ကျပ်လျှင်မူ ကြေးစင် ၃ ပိဿာနှင့်ညီ၏။ ကြေးကို အတုံးအခဲလိုက် ရောင်းဝယ်ကြသည်မဟုတ်သေး။ ပဒုံမင်းလက်တွင် တစ်ကျပ်သုံး၊ ငါးမူးသုံး၊ တစ်မတ်သုံး၊ တစ်မူးသုံး ကြေးဒင်္ဂါးများကို ရွှေပြည်စိုးတံဆိပ်ခတ်နှိပ် သုံးစွဲစေခဲ့သည်။ သို့သော် ပြည်သူပြည်သားတို့၏ ရောင်းဝယ်သုံးဆောင်ကြသည်များမှာ ကြေးနီ ဒင်္ဂါးများကို မနှစ်မြို့က် မသုံးမဆောင်ကြသည်ဖြစ်၍ သုံးမြဲခဲကိုသာ သုံးစွဲရောင်းဝယ်စေဟု အမိန့်တော်ပြန်လည်ထုတ်ဆင့်ခဲ့ရပါသည်။

ထို့ပြင် ကြေးထည်ပစ္စည်း ပြုလုပ်သုံးစွဲမှု၌ ပို၍ ထူးခြားသောအချက်မှာ ကြီးမားသော ဗုဒ္ဓကြေးသွန်းရုပ်တုတော်ကြီးများကို သွန်းလုပ်နိုင်ခဲ့ခြင်း ဖြစ်လေသည်။ မြန်မာ့ကြေးသွန်းလုပ်ငန်းနှင့် စပ်လျဉ်း၍ နိုင်ငံခြားသားများပင် အံ့ဩချီးမွမ်းယူရသော မဟာသကျသီဟဆင်းတုတော်ကြီးကို ဘကြီးတော်မင်းတရားလက်ထက်တွင် သွန်းလုပ်ခဲ့ခြင်းဖြစ်၏။ ပဉ္စလောဟာ ကြေးစပ်နည်းဖြင့် စီမံသွန်းလုပ်ထားသောကြောင့် အရောင်အဆင်း လွန်စွာတင့်တယ်သပ္ပာယ်သည်။ ဆင်းတုတော်ပမာဏမှာ အဋ္ဌကထာကျမ်းထွက်အတိုင်း အရှင်မေတ္တေယျဘုရားရှင်၏ ပမာဏဉာဏ်တော်အတိုင်းအထွာနှင့် တွက်၍ သွန်းလုပ်သည်ဟု သိရသည်။ ကြေးဆင်းတုတော်ကြီးကို မြေပုံကိုင်၍ ပုံယူသော်အချိန်မှာ မြန်မာသက္ကရာဇ် ၁၁၈၆ ခုနှစ်ဖြစ်သည်။ ထိုမှ နောက်မြေပုံ၊ ဖယောင်းပုံများ ထုတ်လုပ်ပြီးစီးသဖြင့် ပန်းတဉ်းဝန်၊ ပန်းတဉ်းသမားတို့ ကြီးကြပ်ကာ ကြေးသွန်းပါသည်။ မဟာသကျသီဟ ဆင်းတုရုပ်ပွားတော်ကြီး သွန်းလုပ်ပုံနှင့် ပတ်သက်၍ ကုန်းဘောင်ဆက် မဟာရာဇဝင် ဒုတိယတွဲ၊ စာမျက်နှာ ၄၅၇ တွင် ဤသို့ ဖော်ပြထားကြောင်း တွေ့ရပါသည်။

"သက္ကရာဇ် တစ်ထောင့်တစ်ရာ့ရှစ်ဆဲ့နှစ်ခု တပေါင်းလပြည့်ကျော်သုံးရက်နေ့၊ အခါတော်အတိုင်း ကြေးနီ၊ သံ၊ သံလွဲ ကြေးစင်ဗိသာ



တစ်သောင်းခြောက်ထောင်၊ ငွေသပြာတစ်သောင်း၊ ရွှေသပြာတစ်ထောင်၊ စုစု ပဉ္စလောဟာချိန်ဝန်ဗိဿာ တစ်သောင်းခြောက်ထောင်တရာ့တစ်ဆယ်။ ဆန္ဒနိဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း စေတနာတော် ထက်သန်လှသည်ဖြစ်၍ ရွှေသားကလာပ်ပါသောက်တော်ရွှေဘလား၊ ရွှေသာကလပ်ပါ ရွှေကြုတ်တော်များကို ထည့်သွင်းတော်မူသည်။ မင်းမိဘုရား၊ မင်းညီမင်းသား မှူးတော်မတ်တော်တို့ကလည်း ရွှေဘလား၊ ရွှေကလပ်၊ ရွှေအုပ်ဆောင်း၊ ရွှေထုံးဘူးများကို အသီးသီးထည့်သွင်းကြပြီးလျှင် ရွှေနန်းတော်အတွင်းမင်းညီမင်းသား မှူးတော်မတ်တော်၊ သူဌေးသူကြွယ်၊ ပန်းတဉ်းဝန်၊ ပန်းတဉ်းအစု အမှုထမ်းတို့ ကြီးကြပ်စေပြီးလျှင် ဖိုတစ်ထောင်ဖြင့် တပြိုင်နက် ကျိုချက်ပေး၍ သဘင်ပွဲလမ်း မင်းခမ်းမင်းနား ကြီးကျယ်စွာ ခင်းကျင်းပြီးလျှင် ကိုယ်တော်တိုင် ရှေးဦးစွာ သွန်းလောင်းတော်မူပြီးနောက် မင်းညီမင်းသား မှူးတော်မတ်တော်တို့ သွန်းလောင်းကြရသည်။ အမြင့်ပမာတော် ကိုးတောင့်နှစ်မိုက်ထက်ဝယ် အချင်းပမာဏတော် ခုနှစ်တောင် တမိုက်လေးသစ်၊ ဓမ္မခဏ်နေရာတော် အချင်းရှစ်တောင့်တမိုက်လေးသစ်၊ အမြင့်နှစ်မိုက်လေးသစ်၊ မောင်းတော်လုံးပတ်၊ သုံးတော်နှစ်မိုက်လေးသစ် လက္ခဏာကြီးငယ်တို့ဖြင့် ထင်ရှားတင့်တယ်သော ဘုရားကိုယ်တော်မြတ် သဏ္ဌာန်တော်ကို သွန်းလုပ်ပြီးပြေအောင်မြင်သည်"

ငှင်းရုပ်ပွားတော်ကြီး တည်ရာဌာနမှာ မဟာမုနိရုပ်ပွားတော်အနောက်လေးထပ်ကျောင်းနေရာတွင် ဘုံခုနစ်ဆင့်ရှိသော အုတ်ပြာသာဒ်တွင် ကျောက်ဖြူပလ္လင်၌တင်၍ ဘုရင်နှင့်တကွ လူအများ စုပေါင်းကိုးကွယ်ကြပါသည်။

ဤကဲ့သို့ ကြီးမားသောရုပ်တု၊ ဆင်းတုကြေးသွန်းလုပ်ငန်းများမှာ ယခုအခါတွင် လုံးဝမရှိတော့သလောက် ဖြစ်နေပေပြီ။ ပုဂ္ဂလိကဒါနအဖြစ် မတတ်စွမ်းနိုင်ကြ၍လည်း စုပေါင်းဒါနအဖြစ် ကြေးချိန် ၂၀၀ မှ ၃၀၀ အတွင်း ဆင်းတုတော်ကြီးများသာလျှင် အကြီးဆုံး သွန်းလုပ်ကြတော့သည်။ သို့သော် မန္တလေးမြို့ မဟာမြတ်မုနိဘုရားကြီး၏ ပရိဝုဏ်အတွင်းရှိ

www.burmeseclassic.com

www.burmeseclassic.com






မဟာမြတ်မုနိဘုရား ရင်ပြင်တော်ရှိ ဪမ်းချမ်းသာယာ
ကြေးစည်တော်ကို ထမ်းလျက်ရှိသော အောင်ကျော်ဒေဝါနတ်ရုပ်

အောင်ကျော်ဒေဝါနှင့် အောင်ကျော်ဇေယျာနတ်ရုပ်ကြီးများ၊ ဪမ်းချမ်းသာယာ ကြေးစည်တော်ကြီး၊ ချမ်းအေးပြည့်သာ မင်္ဂလာအောင်မောင်းတော်ကြီးတို့မှာမူ မျက်မှောက်ခေတ်၏ ထုထည်အကြီးဆုံးသော ကြေးသွန်းအနုပညာထည်များ ဖြစ်လေသည်။

နတ်ရုပ်ကြီးများကို ဖယောင်းပုံ ရုပ်တုငယ်ပြုလုပ်၍ မြေမံကြေးသွန်းလောင်းရပါသည်။ နတ်ရုပ်တစ်ရုပ်လျှင် နှစ်ပိုင်းခွဲကာ အရုပ်နှစ်ခုစီကို ဖယောင်းပုံ လေးရုပ် ပြုလုပ်ရသည်။ အနောက်ဘက်မှ နတ်ရုပ်ကြီးမှာ အောင်ကျော်ဇေယျာအမည်ရှိပြီး အမြင့် ၁၅ပေ ၅ လက်မ၊ ကြေးချိန် ၁၂၃၄ ပိဿာစီးသည်။ အရှေ့ဘက်မှ နတ်ရုပ်ကြီးကို အောင်ကျော်ဒေဝါဟု အမည်ပေးထားသည်။





မဟာမြတ်မုနိဘုရား ရင်ပြင်တော်ရှိ ဪမ်းချမ်းသာယာ
ကြေးစည်တော်ကို ထမ်းလျက်ရှိသော အောင်ကျော်ဇေယျာနတ်ရုပ်

အမြင့် ၁၅ပေ ၈လက်မရှိပြီး ကြေးချိန် ၁၂၇၄ ပိဿာလေးသည်။ ၁၉၇၁ ခုနှစ် မေလ ၉ ရက်နေ့တွင် အလုံးစုံပြီးပြေသဖြင့် ပွဲလမ်းသဘင်ခင်းကာ ခမ်းနားစွာဖွင့်လှစ်ပွဲ ကျင်းပခဲ့သည်။


ဪမ်းချမ်းသာယာ ကြေးစည်တော်ကြီးမှာ အလျား ၁၀ ပေ၊ အမြင့် ၇ပေ၊ ၅လက်မ၊ ခေါင်းထု ၇လက်မ၊ အနားထု ၈လက်မ၊ အောက်နားထု ၅လက်မရှိပြီး အလေးချိန် ၃၂၆၄ ပိဿာစီးလေး၏။ ၎င်းကို မန္တလေးမြို့ တမ္ပဝတီခတ်တန်းရပ်နေ ပန်းတဉ်းဆရာ ဦးမြသောင်းနှင့် သားများက ပုံသွန်းလောင်း လုပ်ကိုင်ပေးသည်ဟု သိရ၏။

ကြေးစည်တော်ကြီးကို ချိတ်ဆွဲလှူဒါန်းနိုင်ရန် အနယ်နယ်အရပ်ရပ်မှ

www.burmeseclassic.com

www.burmeseclassic.com





မဟာမြတ်မုနိဘုရား ရင်ပြင်တော်ရှိ ချမ်းအေးပြည်သာ ကြေးမောင်းတော်ကြီး

ဒါနရှင်လူ ပုဂ္ဂိုလ်အပေါင်းသည် ကြေးတိုကြေးစ၊ သံမဏိတိုင်ကြီးများ၊ သံထုပ်ကြီးများကို လှူဒါန်းခဲ့ကြသည်။ လှူဒါန်းရရှိသော ကြေးတိုကြေးစများကို အမျိုးအစားအလိုက်ခွဲခြား၍ ဖိုကျင်များဖြင့် အရည်ကျိုရ၏။ တစ်ချိန်တည်းမှာပင် ကြေးစည်တွေကို ဖယောင်းပုံထုလုပ်ပြီး၍ မြေမံပါသည်။ ထို့နောက် ကြေးရည်သွန်းလောင်း၍ မြေပုံမှ ဖော်ထုတ်ကာ ထားရှိရမည့်နေရာသို့ ရွှေ့ပြောင်းရန် အချောကိုင်သည်။

မျက်နှာပြင်တစ်ဖက်တွင် ပန်းစက်လ၊ စကြာ၊ ယုန်ရုပ်ရေးဆွဲပြီး အခြားတစ်ဖက်တွင် နေစကြာဒေါစရုပ် ပန်းခက်များ ရေးဆွဲပါသည်။ ထို့ပြင် ဆွဲပေါက်ကိုလည်း ထပ်မံချ့ပေးခဲ့သည်။ လုပ်ငန်းအားလုံး ပြီးပြေသောအခါ မဟာမြတ်မုနိဘုရား ရင်ပြင်တော်သို့ ရွှေ့ရန် ဝန်ချီစက်ဖြင့် မ၍ လှည်းပေါ်တင် ရွှေ့ပြောင်းယူခဲ့ရလေသည်။ ယခုအခါ နတ်ရုပ်နှစ်ရုပ်ထမ်း ကြေးစည်တော်ကြီးကို မဟာမြတ်မုနိဘုရား ပုရိဂုဏ်တွင် ထင်ရှားစွာ တွေ့နိုင်လေသည်။

ထို့ပြင် ယခုခေတ်ကာလ၌ ကြေးစည်၊ ကြေးနောင်မောင်း၊ ကြေးဆင်းတု၊ လင်းကွင်း၊ ခြူ ဆည်းလည်းနှင့် ပုံတူကြေးသွန်းထည်များကိုလည်း ကြေးဖြင့်ပြုလုပ်ကြောင်း တွေ့ရပါသည်။ ပုံတူကြေးသွန်းရုပ်တုများအနက်



ဗိုလ်ချုပ်အောင်ဆန်း၏ ပုံတူကြေးရုပ်များ၊ ရှာစားကြီး စိန်ဗေဒါကြေးရုပ်တု တို့မှာ ထင်ရှားသော သာဓကများဖြစ်လေသည်။

## ခေါင်းလောင်းသွန်းလုပ်ငန်း

ရှေးခေတ် မြန်မာ့ခေါင်းလောင်းများသည် ကမ္ဘာကျော်ကြား၍ နိုင်ငံတကာမှ နှစ်သက်မြတ်နိုးကြပါသည်။ မြန်မာ့ခေါင်းလောင်းများ၏ ထူးခြားချက်မှာ အသံမြည်ဟည်းပုံ သာယာနာပျော်ဖွယ်ရှိခြင်းပင် ဖြစ်သည်။

ကြေးသွန်းစပ်ရာ၌ ရှေးဟောင်းမြန်မာတို့ စပ်နည်းမှာ ပဥ္စလောဟာ စပ်နည်း ဖြစ်သည်။ ပဥ္စလောဟာမှာ ရွှေ၊ ငွေ၊ ကြေး၊ သံ၊ ခဲဟူ၍ ငါးမျိုးသော သတ္တုကို ဆိုလိုသည်။ ဤသတ္တုငါးမျိုးကို ရောစပ်ရာတွင် အချိန်အတွယ် တိကျမှု လိုအပ်လေသည်။ ကြေးစပ်ကောင်းပါမှ အသံသာ၍ နားထောင်ကောင်းသည်။ သို့ရာတွင် ယင်းခေတ်ကာလ၌ ပစ္စည်းရှားပါးမှုကြောင့်လည်းကောင်း၊ ကုန်ကျတန်ဖိုး ကြီးမြင့်မှုကြောင့်လည်းကောင်း၊ ပဥ္စလောဟာ စပ်နည်းကို မသုံးစွဲကြတော့ချေ။ ခေါင်းလောင်း ဆည်းလည်းသွန်းလုပ်ငန်းတွင် ကြေးနီ၊ ခဲ၊ သွပ်စသော သတ္တုသုံးမျိုးကို ရောစပ်ကာ သွန်းလုပ်ကြသည်။ အချို့မှာလည်း ကြေးနီ သို့မဟုတ် ကြေးဝါတို့ သွပ်တို့ရောစပ်၍ အချိန်အဆအတိုင်း သွန်းလုပ်ကြပါသည်။ မည်သို့ဆိုစေ ရောစပ်သော ကြေးသတ္တုမှာမူ သန့်စင်မှုရှိမှသာ ကောင်းလေသည်။


ခေါင်းလောင်းသွန်းလုပ်ရာ၌ အကောင်းစပ်ခေါင်းလောင်းတစ်လုံးလျှင် ကြေးနီ ၁၀ ပိဿာနှင့် ခဲမဖြူ ၁ ပိဿာ ၅၀ ကျပ်သား ရောစပ်သွန်းလုပ်လေ့ရှိကြောင်း သိရ၏။ အညံ့စပ်ခေါင်းလောင်းများတွင် ကြေးဝါနှင့် ခဲမဖြူ သို့မဟုတ် သွပ်တို့ဖြင့် ရောစပ်သွန်းလုပ်သည်။ သွပ်ပါသော ခေါင်းလောင်းမှာ အသံညံ့သည်။ အဆင့်အတန်း မမြင့်ပေ။

ခေါင်းလောင်းသွန်းလုပ်ရာတွင် ရှေးဦးစွာ အကြမ်းပုံစံကို စတင်လုပ်ကိုင်ရသည်။ ထို့နောက် ဖယောင်းပုံ ကပ်ရ၏။ ဖယောင်းပုံတွင် ခေါင်းလောင်း၏ အဓိက ခါးထုကအစ လိုအပ်သောပုံကို ကျနသေသပ်အောင် အသေးစိတ်ပြုလုပ် ဖန်တီးရသည်။ ဖယောင်းပုံအဆင့်၌ ပန်းပုံဖော်ရာမှအစ

www.burmeseclassic.com

www.burmeseclassic.com





အပြီးတိုင်ထည့်သွင်းရပြီး စိတ်ကြိုက်ဖြစ်လာသောအခါ အချောကိုင်ရသည်။ ၎င်းနောက် မြေပုံတိုက်၍ ကြေးရည်ကျိုသွန်းလောင်းရသည်။

ကြေးသွန်းပြီးပါက ကြေးရောင်တက်လာစေရန် တံစဉ်းချော ချောရသည်။ ထိုမှတစ်ဆင့် ကြေးရောင်တင် ပွတ်စင်ဖြင့် အပြီးသတ် ချောပေးသည်။ ရှေးအခါက ထန်းလက်ဖက်ဖြင့် ဘိလပ်မြေ အရည်ဖျော်ထိုး၍ အရောင်တင်လုပ်ငန်းကို လုပ်ကိုင်ကြသည်။ ယခုအခါ မော်တာဖြင့် လည်ပတ်နိုင်သော ပွတ်စင်ဖြင့် ခေတ်မီစွာ အရောင်တင်နိုင်ကြသည်။ အရောင်တင်ရာ၌ အဝတ်ဘီးကို မော်တာဖြင့်လှည့်၍ ပွတ်တိုက်ပေးခြင်း ဖြစ်သည်။ အဝတ်ဘီး၌ လပ်စတာခဲခေါ် အရောင်တင်ဆီ ပွတ်ပေးရသည်။ ၎င်းမှာ ခေါင်းလောင်းသွန်းလုပ်ငန်း၏ နောက်ဆုံးအဆင့်ပင် ဖြစ်လေသည်။

ဆည်းလည်းသွန်းလုပ်ငန်းမှာလည်း ခေါင်းလောင်းသွန်းလုပ်ငန်းနှင့် မခြားနားလှပေ။ ရှေးဦးစွာ ပုံကြမ်းဖော်၍ ဖယောင်းပုံသွန်းရသည်။ ဖယောင်းပုံ ဖော်ပြီးသောအခါ ကြေးသွန်းရန် အပေါ်ဆုံးမှ မြေထပ်မံရသည်။ ကြေးသွန်းရန်အတွက် ဖယောင်းပုံကို မီးတိုက်သည့်အခါ နောက်ချေးပြာများ မီးအုံ၍ အပူပေးရသည်။ ကြေးသွန်းဝေါဟာရအရ ပုံတိုက်သည်ဟု ခေါ်၏။ ဖယောင်းရည်များ စီးဆင်းရန် မြောင်းနှင့် ဖယောင်းရည်စုဆောင်းရန် အိုးတစ်လုံးကို အောက်မှ ခံထားရသည်။ ပုံတိုက်ဖယောင်းထုတ်ပြီးမှ ဆည်းလည်းများကို



သုံးလုံးတွဲ ငါးစုံပူး၍ အပေါ်မှ ကြေးလောင်းပေါက်ပြုလုပ်ကာ တစ်ချိန်တည်း သွန်းလုပ်ကြလေသည်။ ၎င်းနောက်အပေါ်မှ မြေမံများစွာ ယူ၍ တံစဉ်းတိုက် ပွတ်စင်တင် အချောကိုင်ရလေသည်။

ယခုခေတ်ကာလတွင် ခေါင်းလောင်းများမှာ အခြားသော ကြေးထည်ပစ္စည်းများနှင့် နှိုင်းစာလျှင် အရောင်းရမတွင်ကျယ်လှသဖြင့် မှာယူသူရှိမှသာ သွန်းလုပ်ကြတော့သည်။ ထို့အပြင် အထည်ကိုယ်ဒြပ်ကြီးမားသော ကြေးခေါင်းလောင်းများကို လှူဒါန်းချိတ်ဆွဲခြင်းမှာလည်း တစ်နေ့တခြား ရှားပါးလာကြသည်ကို တွေ့ရပါသည်။ ခေါင်းလောင်းသွန်းပညာရပ်တို့ တဖြည်းဖြည်းနှင့် မေးမှိန်ပျောက်ကွယ်သွားရတော့မည့် အဖြစ်မှာ ဝမ်းနည်းဖွယ်ရာကောင်းလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၈)

## ခေါင်းလောင်းနှင့် အမျှဝေဆုတောင်းခြင်း

www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံတွင် အေဒီ ၅ ရာစုမှစတင်၍ ယခုခေတ်ကာလအထိ ခေါင်းလောင်းကိုယ်ထည်ဒြပ်ပါရှိသော ခေါင်းလောင်းစာကို ရေးထားခဲ့ကြသော အထောက်အထား ရှိပါသည်။ မြန်မာနိုင်ငံ ပဒေသရာဇ်မင်း အဆက်ဆက်တို့၏ ခေတ်အခေါ်အဝေါ်အားဖြင့် ပျူ၊ ပုဂံ၊ ပင်းယ၊ စစ်ကိုင်း၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်းနှင့် ကုန်းဘောင်ခေတ်တို့တွင် ခေါင်းလောင်းစာများကို ရေးထိုးမှတ်တမ်းတင်ခဲ့ကြသည်သာ ဖြစ်၏။ ခေါင်းလောင်းစာ ကမ္ပည်းများတွင် ဘာသာရေးအကြောင်းများသာ အများဆုံး တွေ့ရပါသည်။ တစ်ခါတစ်ရံ ခေါင်းလောင်းစာတွင် ထင်ဟပ်သော ရေးသားမှု စကားလုံး အသုံးအနှုန်း စသည်တို့မှ ထိုခေတ်ဘာသာရေး၊ ယဉ်ကျေးမှု၊ လူမှုရေးတို့ကို အကဲခတ်ခွင့်ရသည်။

ခေါင်းလောင်းစာမှတ်တမ်းများတွင် သာသနာတည်တံ့ ခိုင်မြဲစေရန် သွန်းလုပ်လှူဒါန်းရခြင်း ရည်ရွယ်ချက်၊ ကုသိုလ်ရှင်အမည်၊ နေရပ်၊ သွန်းလုပ် လှူဒါန်းသည့် သက္ကရာဇ်၊ ခေါင်းလောင်း၏ ကျေးချိန်ပိဿာ၊ သံသရာ ဆုတောင်းများ အပြည့်အစုံ တွေ့ရတတ်သည်။ ညောင်ရမ်းခေတ် ခေါင်းလောင်းစာ အချို့တွင် ခေါင်းလောင်းကို ဖျက်ဆီးသူများအား ကျိန်စာတိုက်ခဲ့သည့် မှတ်တမ်းများကို လေ့လာတွေ့ရှိရသည်။ ပုဂံခေတ်၏ ဘာသာရေးဆိုင်ရာ အငွေ့အသက်များ လွှမ်းမိုးနေဆဲဖြစ်ကြောင်း သိရသည်။

စင်စစ်မြန်မာဗုဒ္ဓဘာသာဝင်တို့သည် ဗုဒ္ဓသာသနာကို ကိုးကွယ်ယုံကြည်ပုံနှင့် ဆုတောင်းမှုများကို အမြဲအစဉ်မှတ်တမ်း ပြုကြပါသည်။ ဗုဒ္ဓတရားတော်ကို အလေးအနက် လေ့လာကျင့်ကြံအားထုတ်မှု နည်းပါးခြင်း၊ နိဗ္ဗာန်ရောက်ကြောင်း ဒါနသီလ ဘာဝနာတရားအားထုတ်မှုထက် ဒါနအလှူကိုသာ အလေး



ထား ဂရုစိုက်ခြင်း၊ ဆုတောင်းဆုယူခြင်း အလေ့အထတွင် အလုပ်လုပ်လျှင် ရခြင်းစသော အာသီသပြင်းပြကြဟန်ရှိ၏။ အထူးသဖြင့် ပုဂံခေတ်ထိုးကျောက်စာများတွင် ဤလေ့အထကို အများအပြား တွေ့ရှိရပါသည်။

ပုဂံခေတ်ကာလတွင် ကျန်စစ်မင်းသားကြီး၏ သားတော် ရာဇကုမာရ်သည် (ဘုရားဆုပန်သည်) ဟု မြစေတီကျောက်စာတွင် ကမ္ပည်းတင်ရေးထိုးထားသည်။ ဤသို့သော မြန်မာနိုင်ငံတွင် ပုဂံခေတ်ကာလဦးတွင် (ဘုရားဆုပန်ခြင်း၊ ဂေါတမသို့ ပွင့်တော်မူခြင်း) ဟူသော ဆုတောင်းအမျှဝေမှုတို့ အမွှမ်းအထုံများပြား တွေ့ရသည်။ သံသရာဆင်းရဲမှ ထွက်မြောက်ချင်လိုသဖြင့် နိဗ္ဗာန်ပြည်ကို လိုသည်ဟုလည်းဆို၏။ တချို့သော ပုဂ္ဂိုလ်များသည် ဆုတောင်းမျှဝေမှု အတွေ့အလာမရှိဘဲ လူနတ်စည်းစိမ် နိဗ္ဗာန်စည်းစိမ်ကိုသာ ရရှိလေစေကုန်ဟု ဆုယူတောင်းကြသည်။

တချို့သော ပုဂံခေတ် လူသတ္တဝါတို့သည်လည်း (အန္တရာယ် မရှိစေဖြစ်၏။ အသက်ရှည်စွာ၌ ရ၏။ နှလုံးစိတ်ချမ်းသာရ၏။ ခပ်သိမ်းသော ချမ်းသာနှင့် ပြည့်စုံရလို၏) ဟု ဆုတောင်းဆုယူလေ့ရှိကြောင်း တွေ့ရသည်။ တချို့လည်း (ဥစ္စာရတနာပုံထက် ဖြစ်ရလို၏။ မရှိ မသိ လိုခြင်းရစေ၏) ဟု ဆုတောင်းဆန္ဒပြုကြလေသည်။

ပုဂံခေတ် ပြည်ခွင်မယား၊ မင်းသမီး မြေး၏ ဆုတောင်းချေသမှုကား ထူးဆန်း၏။ အလှူရှင်မှာ အမျိုးသမီးတစ်ဦးဖြစ်ပြီး ကိုယ်တိုင်က ဘုရားဆုပန်ရယူလိုသည်ဟုဆိုကြောင်း တွေ့ရသည်။ တချို့မှာလည်း နိဗ္ဗာန်ပြည် အမရ (သေခြင်းကင်းရာပြည်) သို့ ဝင်စေလို၏ဟု ဆိုသည်။

ဤသို့ဖြင့် ပုဂံခေတ်ထိုးကျောက်စာ အများအပြား၌ ဗုဒ္ဓဘာသာ(မဟာယာန၊ ထေရဝါဒ) အဆုံးအမကိုယူ၍ ဘုရားစေတီကျောင်းပြာသာဒ် စရပ်စသော သာသနိကတိုက်းတွင် လှူဒါန်းအမှု အစုစုကိုရည်၍ ဆုတောင်းဆုယူ တွေ့ရချည်းသာဖြစ်၏။ တိုတောင်းသော ဝါကျဖြင့် ရေးသားကြ၏။ အချို့လည်း ဝါကျရှည်များဖြင့် အမွှမ်းတန်ဆာရေးသီကြသည်။ ပုဂံခေတ်နှောင်းမှစ၍ ညောင်ရမ်း၊ တောင်ငူခေတ်သို့တိုင် ဘုရားဆုပန်လို၏ဟူသော အမျှဝေ ဆုတောင်းမှု အလေ့အထကို ခေါင်းလောင်းကိုယ်ထည်များ၌ပါ ကမ္ပည်းစာဖြင့် အမွှမ်းတင်ရေးထိုးလာကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှေးဟောင်း မြန်မာ့ခေါင်းလောင်းများအနက် မြန်မာသက္ကရာဇ် ၈၅၅ ခုနှစ် နတ်တော်လဆုတ် ၁ ရက်တွင် ရေးထိုးပါသော ခေါင်းလောင်းစာ ကမ္ပည်းတင်ခဲ့သည့် ခေါင်းလောင်းတစ်လုံးမှာ မုတ္တမရှိ ကျိုက်ဖျင်ကူဘုရား ခေါင်းလောင်း ဖြစ်ပါသည်။ ထိုခေါင်းလောင်းကြီး၏ ဒါယကာမှာ ဓမ္မစေတီ မင်းကို လုပ်ကြံ၍ နန်းတက်သော သားတော် ဗညာရံမင်းခန့်ထားသည့် မွန် အမတ် မြို့စားကြီး (သမိန်လဝွန်းဗြူ) ဖြစ်သည်။ မြို့စားကြီးသည် ဆရာတော် ကြီး မဟာဗိဇ္ဇာ သီရိသုဒ္ဓဗိဇ္ဇာ၏ စီမံဆော်နိုးချက်အရ တပည့်တပန်း ဆွေမျိုး ဉာတိများနှင့်တကွ ကျိုက်ဖျင်ကူဘုရားတွင် ခေါင်းလောင်းလှူဒါန်းခဲ့ခြင်း ဖြစ်သည်ဟု ယဉ်ကျေးမှုအရာရှိ မွန်ဦးဗိုကေ၏ မှတ်တမ်းအရ သိရှိရပါသည်။ မြို့စားမင်းနှင့်တကွ ဆွေမျိုးဉာတိအားလုံးသည် (ကုသိုလ်ကို မျက်မှောက်ပြု စိမ့်သောငှာ) ဟု ဆုတောင်းကမ္ပည်းစာ တင်ခဲ့သည်။ ခေါင်းလောင်းအလှူ တော်အတွက် သံသရာကျင်လည်ရာ ဘဝအထိုထိုတွင် ကင်းချုပ်လျက် နိဗ္ဗာန် ရွှေပြည်အမတသို့ ရစေလိုဟု ဆုတောင်းမျှဝေခြင်း ဖြစ်လေသည်။ ဝါကျ အနှစ်ချုပ်မှာ တိုတောင်းလွန်းလှ၏။

သက္ကရာဇ် ၈၉၉ ခုနှစ်တွင် မော်လမြိုင်မြို့စား သိင်္ဂသူရသည် ကျိုက် သန်လန်စေတီသို့ ခေါင်းလောင်းတစ်လုံး လှူဒါန်းခဲ့ပါသည်။ အဆိုပါ ခေါင်း လောင်းကမ္ပည်းစာတွင် မြို့စားမင်းသည် ခေါင်းလောင်း၏ အာနုဘော်ကြောင့် ဝဿန်ကာလ မိုးဥတုအချိန်၌ မိုးသည် မပြတ်ရွာစေသတည်း။ မင်းအများ ကမ္ဘာမြေကြီးတရားနှင့်အညီ အုပ်ချုပ်စေသတည်း။ သတ္တဝါအပေါင်း ရတနာ သုံးပါး၌ မပြတ်ကြည်ညိုကြပါစေ။ ဒါနအစရှိသော ကုသိုလ်၌ မွေ့လျော် ကြပါစေ။ မပြတ်ဖြစ်တည်ပါစေဟု အမျှဝေဆုတောင်း ပတ္ထနာပြုမှုပြီးနောက်မှ (မသေရာလမ်းကြောင်းတည်းဟူသော နိဗ္ဗာန်သို့ ရောက်ရပါစေသတည်း)ဟု သံသရာဘေးဒုက္ခ၊ ဝဋ်ဆင်းရဲမှုတို့ ကင်းပြတ်၍ နိဗ္ဗာန်ဆုရလိုကြောင်း ဆု တောင်း သစ္စာထားလေသည်။

မြန်မာသက္ကရာဇ် ၉၁၉ ခုနှစ်၊ နယုန်လဆုတ် ၁ ရက် တနင်္ဂနွေနေ့ တွင် ဆင်ဖြူရှင် ဘုရင့်နောင်မင်းတရားကြီးသည် ညောင်ဦးရွှေစည်းခုံတွင် ကြေးခွက် ၂၁၀၀ ပိဿာခန့်ရှိသော ခေါင်းလောင်းကြီးတစ်လုံးကို သွန်းလှူ ခဲ့ပေသည်။ မင်းကြီးသည် မိမိကုသိုလ်ကောင်းမှု ခေါင်းလောင်းတော် ကမ္ပည်း



စာတွင် (ခေါင်းလောင်းပူဇော်ရသော အကျိုးကြောင့် နောင်အနာဂတ် ဘုရား ဖြစ်လို၍) ဟု ရည်ရွယ်ချက် ဆုတောင်းမှုကို ဖော်ပြပြီးမှ တောင်းသည့်ဆု အတိုင်း ငါ့အား ပြည့်စုံပြီးမှ ဘုံသုံးပါး၌ ကျင်လည်ကုန်သော သတ္တဝါအပေါင်း တို့အား ဒေသနာဉာဏ်၏ အသံကို ငါကြားပြီးမှ အမြိုက်တည်းဟူသော နိဗ္ဗာန်ချမ်းသာသို့ ရောက်စေသတည်း) ဟု တောင်းဆု မှတ်တမ်းတင်ခဲ့ လေသည်။

သက္ကရာဇ် ၉၅၅ ခုနှစ်တွင် ရေးထိုးခဲ့သော ရှင်မုဋ္ဌောဘုရားအရှေ့ဘက် စောင်းတန်းတွင် ချိတ်ဆွဲထားသော ခေါင်းလောင်းစာတွင် (ဤကဲ့သို့ ဆုတောင်း ပြုလုပ်ရသော ကုသိုလ်ကြောင့် မင်လေးပါး ဖိုလ်လေးပါး ရပါစေ၊ လပြည့်ဝန်းကြီး ထွန်းလင်းတောက်ပသကဲ့သို့ သာသနာတော်အတွင်း ထင်ရှား ပါစေ) ဟုလည်းကောင်း (ဤကုသိုလ်အကျိုးကို လှူနတ်နှင့်တကွ မင်းကေရာဇ် တို့သည် ရန်သူအပေါင်းမှ ကင်းဝေး၍ဘဝတိုင်း ချမ်းသာကြပါစေ) ဟု တိုရှင်းစွာဖြင့် ဆုတောင်းထားကြောင်း တွေ့ရ၏။

သက္ကရာဇ် ၉၆၇ ခု နယုန်လပြည့် စနေနေ့တွင် သွန်းလုပ်သော ခေါင်းလောင်းတော်တစ်ခု၏ ကမ္ပည်းစာ၌ (အကျိုး ၉ စ၍ ပြည်သခင်အာလည် အမျှရတော်မူဖေသော။ အောက်အဝီစိ၊ အကေ်ဘဝဂ်တိုင်အောင် လူနတ် ဖြဟ္မာအပေါင်း ၉ ဝေ၏။ အမျိုး ၇ ဆက် ၉ ပေးဝေ၏) ဖျက်ဆီလေ ဖြ အဝီစိသို့ ကြလေဖေသော။ ပြုပြင်လေ ဖြ ကုသိုအမျှရပဖေသောဟူသော ကုသိုလ်ဒါန အမျှဝေ ဆုတောင်းကို ပြည့်စုံစွာ ရေးသားကြောင်းတွေ့ရသည်။

ထိုမျှမကသေး။ မိမိ ရေစက်သွန်းသော ကုသိုလ်ဒါနကို ဖျက်ဆီး လေသောသူမှန်သမျှကို အဝီစိကျလေကုန်စေဟု ကျိန်စာရေးထိုးခဲ့ကြောင်း တွေ့ရ၏။ မြန်မာလူမျိုးတို့သည် ကုသိုလ်ကောင်းမှု အကျိုးဆက်ကြောင့် ဘုရားဆုကို ရပါလို၏ဟု အများအားဖြင့် ဆုတောင်းတတ်ကြသည်။ မိမိ တစ်ဦးတည်းက သံသရာလွတ်အောင် ရုန်းထွက်၍ နိဗ္ဗာန်ရောက်အောင် အား ထုတ်ခြင်းထက် လူတိုင်းလူတိုင်း ဝေနေယျသတ္တဝါအားလုံးကို သံသရာဝဋ် ဆင်းရဲမှ ကင်းလွတ်စေ၏။ ထို့ပြင် နိဗ္ဗာန်သို့ ပို့ဆောင်ပေးသော သဗ္ဗညုတ ဉာဏ်ရှင် ဘုရားသခင်အဖြစ်သို့ ရောက်အောင် ကျင့်ကြံအားထုတ်ခြင်းသည် ပို၍မြင့်မြတ်သည်ဟု ယူဆခဲ့ကြပေသည်။ စင်စစ် ၄င်းအယူအဆမှာ ဘုရား

www.burmeseclassic.com

www.burmeseclassic.com



ဆုပန်မင်းယောက်ျားဟူသော မဟာယာနဗုဒ္ဓဘာသာ၏ ယုံကြည်ယူဆချက်ပင် ဖြစ်လေသည်။

ပုဂံခေတ်ထိုးကျောက်စာများတွင် မင်းယောက်ျားများသာမက မိန်းမများပင် ဘုရားဆုပန်ခဲ့ကြောင်း တွေ့ရသည်။ သက္ကရာဇ် ၆၂၂ ခုတွင် နရသီဟပတေ့မင်းကြီး၏ အရီးစောသည် (ငါလေ သိစပ်မြင်နှံမ်သော သဗ္ဗညုကညန်ဖုရားဆုကို လိုဝ်သောကြောင့်) ဟု မိမိဆန္ဒကို ကျောက်စာရေးထိုးခဲ့ပါသည်။ ထိုကဲ့သို့ပင် သက္ကရာဇ် ၁၂၅၁ ခု ဝါခေါင်လပြည့်ကျော် ၅ ရက်နေ့တွင် ရေးထိုးသော ခေါင်းလောင်းစာတစ်ခုတွင် အလှူရှင်မဖြစ်သူ (မယ်အိုဇာ) ဆိုသူက (ဤသို့ လှူဒါန်းပူဇော်ရသော ကုသိုလ်ကံကြောင့် အနာဂတေ နောင်သောအခါ၌ ပုရိသဘုတ္တမော ယောက်ျားမြတ်သည် ဟုတ္တာဖြစ်၍ နိဗ္ဗာနသုခံ နိဗ္ဗာန်ရွှေပြည်မြတ်သို့ ပါပေနယျာမ ရောက်ရပါလိုကုန်၏) ဟု ဆုတောင်းပန်ဆိုခဲ့ကြောင်း တွေ့ရပေသည်။

ထို့ကြောင့်လည်း ရှေးမြန်မာတို့သည် မိမိတို့ လှူဒါန်းသည့် ကုသိုလ်ဒါနအတွက် နောင်သံသရာအကျိုးဆက်ကို အလေးအနက်ထားကာ မျှော်မှန်းလေ့ ရှိပါသည်။ မျှော်မှန်းသည့်အတိုင်း ဆုတောင်းလေ့ရှိကြခြင်း ဖြစ်သည်။ အထူးသဖြင့် ဆုတောင်းစာများတွင် ( နိဗ္ဗာန်ချမ်းသာကို ရပါလို၏။ သဗ္ဗညုတဘုရားဆုကို ရပါလို၏) ဟူသော မွေဆုတောင်းသံတို့ မွမ်းထုံခဲ့ပေသည်။

သက္ကရာဇ် ၁၀၇၀ ခုနှစ် ရေးထိုးသော ညောင်ရမ်းခေတ် ခေါင်းလောင်းစာတစ်ခုတွင် (ပုတိအာနှင့်ပြည့် ပါလိုဝ်၏။ ဩော။) ဟု ရေးထိုးကမ္ပည်းတင်ကြောင်း တွေ့ရ၏။ တချို့သော ခေါင်းလောင်းစာတွင် (တိပုအာ) ဟူသော အက္ခရာသုံးလုံးဖြင့် ကျယ်ပြန့်ဝန်းပြည့်စုံသော ဘုရားဆုပန်စာကို တိုရှင်းစွာ ရေးထိုးကြသည်။ သမ္မာ သမ္ဗုဒ္ဓဘုရားဟူသည် ပု= ပုဗ္ဗေနိဝါသဉာဏ်။ ဒိ=ဒိဗ္ဗစက္ခုဉာဏ်။ အာ=အာသဝက္ခယဉာဏ်တို့ကို အဆင့်ဆင့်အောင်တော်မူမြဲဖြစ်ရာ ပုဒိအာနှင့် ပြည့်စုံရပါလို၏ဟူသော ဆုတောင်းမှာ ဘုရားဆုပန်စာ ဆုတောင်းခြင်းပင် ဖြစ်လေသည်။

အဆိုပါ သက္ကရာဇ် ၁၀၇၀ ခုနှစ် ခေါင်းလောင်းစာတွင် (လှူနတ်ဖြပ္ပာ သတ္တဝါတိုဝ်အပေါင်း ××× ကြေး ××× ကုဋေရှေမြေရှင်ကစ၍ ကောင်းမှု ၉ ရွက်ဆောင်ပေသော သူတိုဝ်သည် အမျှရစေ ၆ ဝသုတ်တရေတိုင်





ပခုက္ကူမြို့နယ်၊ မောင်တော်ဦးစေတီတော် ရင်ပြင်ရှိ
မယ်အိုဇာ ခေါင်းလောင်းတော်

သက်သေတိုင်တဲ့၍ ဝေပါ၏) ဟု ရေးသားထားကြောင်း တွေ့ရသည်။ ဃဏ္ဍာအလှူပြုသူတို့သည် မိမိလှူဒါန်းရသော ကုသိုလ်ကောင်းမှုအတွက် အဖို့ဘာဂကို ဝသုန္ဒရေအား တိုင်တည်၍ အမျှဝေသည်ဟု ဖော်ပြထားသည်။ ညောင်ရမ်းခေတ်တွင် ဝသုန္ဒရေနတ်ကို ကိုးကွယ်မှု ဓလေ့တစ်ရပ်အဖြစ် ယုံကြည်သက်ဝင်ခဲ့ကြသည်ဟု ယူဆရ၏။ ဝသုန္ဒရေဟူသည် မြေကို အစိုးရသော နတ်သမီးဖြစ်သည်။ ဝသုန္ဒရေနတ်သမီးမှာ ပုဆစ်ဒူးတုပ်ကာ ဖားလျားချထားသော ဆံကေသာကို လက်ဖြင့်စုစည်းညှစ်ချနေဟန် ထုလုပ်ထားသော နတ်ရုပ်ဖြစ်သည်။ ထိုအရုပ်များကို ရှမ်းပြည်နယ်ဒေသတချို့တွင် ယခုထက်တိုင် တွေ့မြင်ရကြောင်း တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာသက္ကရာဇ် ၁၁၁၄ ခု တပို့တွဲလဆွတ်န်း ၁၅ ရက်၌ ရေးထိုးသွန်းလုပ်ခဲ့သော ရွှေမော်ဓောဘုရားခေါင်းလောင်းစာတွင် အလှူရှင်သည် အလှူပြုပြီးနောက် အမျှဝေခြင်း၊ ဆုတောင်းခြင်းများကို ဤသို့ ကမ္ပည်းရေးထားပေသည်။

‘‘ခမည်းတော် မယ်တော်တို့အား အမျှဝေးပါ၏။ အသက် ၁၂၀ ကျော်ရှည်၍ သူတစ်ပါးကို ထက်မြက်သော ဘုန်းတန်ခိုးပါရမီရှင် ငါ၏နောင်တော် မင်းတရားကြီးအားလည်း အမျှဝေပါစေ ××× မယ်တော် ခမည်းတော်တို့၏ မင်းမျိုးမင်းနွယ် အစဉ်အဆက်ဖြစ်သူတို့အားလည်း အမျှပေးဝေပါ၏။ မဟာအမတ်ပညာရှင်တို့ကိုအားလည်း အမျှပေးဝေပါ၏။ သူဌေးသူကြွယ်တို့အားလည်း အမျှပေးဝေပါ၏။

ဆုတောင်းစာတွင် ‘‘ငါသည်လည်း ပြုလုပ်သော ကုသိုလ်ကောင်းမှုကြောင့် နိဗ္ဗာန်မရောက်မီ ရှင်အာနန္ဒာသည် ဗဟုသုတနှင့် ပြည့်စုံ၏။ ရှင်သာရိပုတ္တရာသည် တရားနှင့် ပြည့်စုံ၏။ ရှင်မောဂ္ဂလန်သည် တန်ခိုးကြီး၏။ ရှင်သီဝလိမထေရ်သည် ဘုန်းနှင့်ပြည့်စုံ၏။ ကစ္စယနာသည် ရုပ်အဆင်းနှင့်ပြည့်စုံ၏။ အနုရုဒ္ဓထေရ်သည် နတ်မျက်စိကဲ့သို့ မျက်စိနှင့်ပြည့်စုံ၏။ ဗာကုလထေရ်သည် အနာရောဂါကင်း၏။ ဝေဿန္တရာသည် ကောင်းမွန်မှုတပေသော ပေးကမ်းစွန့်ကြဲခြင်းရှိ၏။ နေမိမင်းသည် အသက်ရှည်၏။ မိလိန္ဒမင်းသည် ကောင်းမွန်စွာ ပုစ္ဆာမေးမြန်း၏။ နာဂသေနသည် ဖြေကြားအပ်၏။ ဘဝတိုင်း၊ ဘဝတိုင်း၌ ငါ့အား ထိုပုဂ္ဂိုလ်များကဲ့သို့ ဖြစ်ပါစေ’’ ဟု ဆုတောင်းခဲ့ပေသည်။

အဆုံး၌ (သဗ္ဗညုတဉာဏ်ပါရမီနှင့် ပြည့်စုံပြီးလျှင် သြဃလေးပါး၌ နစ်မြုပ်နေသော သတ္တဝါတို့အား ရှေးဘုရားရဟန္တာတို့ နားခိုရာ အရပ်ဖြစ်သည့် နိဗ္ဗာန်ပြည်ကြီးသို့ ဆယ်တင်ပါဆောင်ရပါလို၏) ဟု ဘုရားဆုပန်စာကို တောင်းဆိုလေသည်။

တချို့သော ခေါင်းလောင်းရှင် အလှူတို့သည် မိခင်၊ ဖခင် အဘိုးအဘွား သားချင်းဆွေမျိုး ဆရာသမား သားခင်ပွန်း သားမြေးကျေးကျွန်တို့အား အနုမောဒနာတရားဖြင့် အမျှဝေကြ၏။ အောက်ထက်ဝီစိမှ အထက်ဘဝဂ်တိုင်အောင် သာဓုသံခေါ်ယူပေသည်။ ဤမျှဆုတောင်းမှုပုံကို သက္ကရာဇ် ၁၀၀၈



ခုနှစ်တွင် ကွမ်းရွာ၊ ဒီပင်္ကရာဘုရား၏ ခေါင်းလောင်းတော်တွင် တွေ့ရပါသည်။ (ဤသို့ပြုပြီးသော အကျိုးအားဖြင့် ဘုံးသုံးပါး၌ ကျင်လည်သော သံသရာ မျက်ကွယ်၌ နစ်မွန်းမျောပါကုန်သော ဝေနေယျသတ္တဝါ အပေါင်းတို့အား မဂ္ဂင်တည်းဟူသော သင်္ဘောလှေဖြင့် နိဗ္ဗာန်ချမ်းသာကမ်း တစ်ဖက်သို့ ကယ်တင်ရလိုပါ၏။ ဤသို့သော ကောင်းမှုကုသိုလ် အကျိုးများကို မိခင်ဘခင်၊ ဆရာသမား၊ ဘိုးဘွား ဉာတကာညီညာ ××× မှုကို အောက်ထက်မှ ဘဝဂ်မှ အဝီစိ ××× ထိ များစွာမကြာ ×××× အမျှယူကြပါကုန်) ဟူ၍ ကမ္ပည်းတင်လှူဒါန်းရှင် ဆရာတော် ရှင်ဓမ္မလိင်္ဂသီရိဇေက အမျှဝေပေးမှုပြုပြီး (တိပုအာ) ဆုတောင်း ပန်ဆင်ခဲ့လေသည်။

ထို့ပြင် သီဟိုဠ်ရှင် ဘုရားခေါင်းလောင်းစာတွင် ဆရာတော် လေသာရွှေကျောင်း ပုဂ္ဂိုလ်က (မိတေယျရှင်တော်ဘုရား၌ အကျွတ်တရားကို ရကုံပါလို၏။ ဤသို့ ကောင်းမှုပြုရသောအကျိုးကို ရေမြေ့သခင် ဘဝရှင် မင်းတရားကြီးကစ၍ အထက်ကို ဘဝဂ် အောက်သို့ အဝီစိတိုင်အောင် သဗ္ဗေသတ္တာ သတ္တဝါအပေါင်းတို့ကို အမျှရစေကုံသတည်း။ သာဓု ခေါ်စေကုံလိုဝ်) ဟူသော အမျှဝေဆုတောင်းခြင်းကို ပြည့်စုံအောင် ကမ္ပည်းတင်ခဲ့ပေသည်။ တချို့သော အလှူရှင်တို့သည် (လှူတိုဝ်နှင့် တကွသော သံဃာအပေါင်းသည် မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာကိုရကြခြင်း၊ ရကြပါစေခြင်း) ဟု ဝေါဟာရ ကြွယ်ဝစွာဖြင့် သုံးနှုန်းထားကြောင်း တွေ့ရ၏။

ညောင်ရမ်းခေတ် ခေါင်းလောင်းစာများတွင် ဝါကျရှည်များဖြင့် အမွှမ်းအတင် စီကုံးလာကြပြီဖြစ်သည်။ ဝေနေယျ သတ္တဝါအားလုံးအတွက် အမျှပေးဝေကြသည်။ ဘုရားဆုပန်ခြင်း (သမ္မာသံဗုဒ္ဓ) အဖြစ် တောင်းဆုလေ့ရှိသည်။ တချို့တွင် လေးလုံးပါဒ၊ ကဗျာစပ်ပုံရေးထိုးလည်း တွေ့ရပါသည်။ တချို့လည်း စကားပြေစပ် ပုံသဏ္ဍာန်ဖြင့် ဖွဲ့ထိုးလာ၏။ တချို့လည်း ကဗျာစကားပြေနှစ်ထွေရောလျက် သီစပ်ကမ္ပည်းတင်ကြပေသည်။

ပခုက္ကူမြို့၊ ရွှေကူမြတ်စွာဘုရား ပုရဝုဏ်အတွင်းရှိသော တာဝတိံခေါင်းလောင်းစာတွင် (လေးပါးအပယ်၊ ကပ်သုံးဝယ်နှင့်၊ ရှစ်သွယ်ရပ်ပြစ်၊ ငါးရစ်ရန်သူ၊ မကပ်မူ၍) ဟူသော အပိုဒ်၌ လေးလုံးစပ်ကဗျာပုံသဏ္ဍာန်ဖြင့် ဂဏန်းများ ရေးသားထားသည်မှာ ထူးဆန်းသလို ရှိပါသည်။ သို့တိုင် ကိုယ်စာ

www.burmeseclassic.com

www.burmeseclassic.com



ပါ ကမ္ဗည်းစာအချက်အလက်မှာ တိုတောင်းလွန်းပေသည်။ လေးလုံးတစ်ပါဒ စပ်၊ ကဗျာပုံသဏ္ဌာန်တစ်ခုတွင် ဝါကျရှည်လျားဖြင့် အမျှဝေဆုတောင်း ရေးသားခဲ့ကြောင်းကို သက္ကရာဇ် ၁၂၀၈ ခုနှစ်ပါ မကွေးမြသလွန် ဘုရား ခေါင်းလောင်းစာတွင် ဤသို့ တွေ့ရပေသည်။

"အောက်ထက်ဝီစီ၊ နှံဘိဘဝဂ်၊ စကြာဝဠာ၊
အာဏာဇာတိ၊ ခေတ်ဝိသယ၊ အနန္တတွင်၊
သဗ္ဗသတ္တာ၊ ဆရာမိဘ၊ ဘုမ္မသနင်း၊ ယမမင်းက
တုစ တစေ၊ ဤမြေနတ်သား၊ အမှုူးထား၍
ရညားပါစေ၊ အမျှဝေသည်၊ လူမြေနတ်ရပ်၊
နှံ့စပ်ကြေညာ၊ ဖြဟ္မာပေါင်းသောင်း၊ အပေါင်း
သာဓု ခေါ်စေသော်။ ဣဒံမေပုညံ၊
အာသဝက္ခယ် ဝဟံဟောတု။ ။"

# အခန်း (၉)

# ခေတ်ကြီးနှင့်ခေါင်းလောင်း

www.burmeseclassic.com

www.burmeseclassic.com

စေတီရိုးရိုးတစ်ဆူ၏ ဗိသုကာလက်ရာ အစိတ်အပိုင်းတို့ကို လိုရင်းမျှ ရေတွက်ပြရသော် ရှေးဦးစွာ မြေပေါ်၌ ပန်းတည်းခုံခေါ် စတုရန်းပုံ ဖိနပ်တော် အုတ်ခုံရှိလေသည်။ ထိုအထက်၌ ပလ္လင်အောက်ပိုင်းသဏ္ဌာန် ပစ္စယာသုံးဆင့်၊ ၎င်းအထက်မှ ကျည်းဝန်းကို တည်ဆောက်သည်။ ထိုအထက်တွင် ခေါင်းလောင်းပုံနှင့် သပိတ်မှောက်ရှိ၍ အထက်သို့ ဖောင်းရစ်အသွယ်သွယ် ပုံဖော်ပါသည်။ ၎င်းနောက် ကြာမှောက်၊ ရွှဲ၊ ကြာလန်နှင့် ချယားသီး၊ သို့မဟုတ် ငှက်ပျောဖူး၊ ၎င်းနောက် အထက်မှထီး၊ ငှက်မြတ်နားနှင့် စိန်ဖူးတော်တို့ အသီးသီး ရှိလေသည်။

စေတီတော်တို့တွင် အဘယ်ကြောင့် ခေါင်းလောင်းပုံထည့်သွင်း၍ တည်ဆောက်ရသည်ကို စာပေကျမ်းဂန်များတွင် အထောက်အထား မတွေ့ရပေ။ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်တော်မူပြီးနောက် ဓာတ်တော်မွေတော်များကို ရှစ်ပြည်ထောင်မင်းတို့ ခွဲဝေယူကာ ဌာပနာသွင်းတည်လုပ်ကြသော စေတီများ၏ ပုံသဏ္ဌာန်ကိုလည်း ကျမ်းဂန်များ၌ အထူးအထွေ ဖော်ပြခြင်း မရှိပေ။ မျက်မြင်လက်တွေ့လည်း မရှိသောကြောင့် အတိအကျ မသိနိုင်ပေ။ ထိုစဉ်အခါက တည်လုပ်သော ဓာတုစေတီတော်တို့တွင် ခေါင်းလောင်းပုံ ထည့်သွင်းတည်ဆောက်သည်ဟု မှတ်ယူရန်မှာ ခဲယဉ်းလှသည်။

သို့သော်လည်း စေတီ၊ ပုထိုး၊ ထူပါ ဟူသော ဝေါဟာရတို့ကို အနက်ကြံဆခြင်းဖြင့် စေတီနှင့် ခေါင်းလောင်းဆက်သွယ်မှုကို အတိအကျမဟုတ်လင့်ကစား ရေးရေးမျှ ဖော်ထုတ်ပေးနိုင်သည်ဟု ဆိုရပေမည်။



စေတီဟူသည်မှာ အရိုအသေပြုအပ်သော အရာဝတ္ထုဖြစ်သည်။ တစ်ဖန် စေတီကို သာရီရိကစေတီ၊ ပရိဘောဂစေတီနှင့် ဥဒ္ဒိဿစေတီဟူ၍ သုံးမျိုး ခွဲခြားထားသည်။ တရားဒေသနာတော်တို့ကို ပေပြား၊ ရွှေပြား၊ ငွေပြားပေါ်တွင် ရေးထိုးဌာပနာပြုသော ဓမ္မစေတီနှင့် ဓာတ်တော်၊ မွေတော်တို့ကို ဌာပနာပြု တည်လုပ်သော ဓာတုစေတီဟူ၍လည်း ရှိသေးကြောင်း အချို့သုတေသီများက ဆိုကြသည်။

မည်သို့ဆိုစေ မြန်မာနိုင်ငံ၌ တွေ့ရသော စေတီ၊ ဘုရားများ၏ ပုံစံသည် အကြမ်းအားဖြင့် နှစ်မျိုးသာ ရှိပါသည်။ ၎င်းတို့မှာ မြေစိုက်စေတီလုံးနှင့် လိုဏ်ပါသော ဂူဘုရားများဖြစ်၏။ လိုဏ်ပါသော ဂူဘုရားများတွင် ကိုးကွယ်ပူဇော်ရန် ဗုဒ္ဓဘုရားသခင်၏ ရုပ်တုဆင်းတုတော်များကို ထားရှိသည်။ ပန္နက်ပုံစံမှာ လေးထောင့်ပုံဖြစ်ပြီး အာရုံခံမုခ်များဖြင့် ပေါင်းကူးဆက်စပ်ပါသည်။ အလယ်မဏ္ဍိုနှင့် အာရုံခံအထက်တွင်မှ အမိုးအဆင်ခြေလျှော၊ ပစ္စယာအဆင့်ဆင့် ကွမ်းတောင် သို့မဟုတ် ခေါင်းလောင်းပုံ စေတီငယ်များဖြင့်ဆင့်ကာ တည်ဆောက်လေသည်။

မြေစိုက်စေတီလုံးတွင်မူ နှစ်မျိုးခွဲခြားတွေ့ရှိရပါသည်။

ပထမပုံစံမှာ ထူပါ (ဓာတ်တော်ကြုတ်) ပုံသဏ္ဌာန်ပါရှိသော မြေစိုက်စေတီလုံးဖြစ်၏။ ဒုတိယပုံစံမှာ ပစ္စယာအဆင့်ဆင့်၊ ခေါင်းလောင်းပုံခါးပတ်၊ ဘီလူးပန်းဆွဲ၊ ဖောင်းရစ်၊ ကြာမှောက်ကြာလှန်၊ ထုပိကာ၊ နတ်လှေကား၊ ထောင့်စိုက်စေတီ၊ ကလသာအိုးများဖြင့် တန်ဆာဆင်တည်ဆောက်ထားခြင်း ဖြစ်သည်။ ဤနှစ်မျိုးအနက် ထူပါပုံမြေစိုက်စေတီလုံးများမှာ ခေတ်ဦးပိုင်းကျ၍ ကာလနှောင်းသည်နှင့်အမျှ ဗိသုကာလက်ရာပုံစံ အမျိုးမျိုးဖြင့် ဆန်းသစ်တီထွင်ကာ ဒုတိယပုံစံ မြေစိုက်စေတီလုံးများ တည်ဆောက်ခဲ့ကြသည်ဟု ယူဆရပေသည်။

စင်စစ်မြန်မာနိုင်ငံတွင် စေတီတည်ထားမှု ဗိသုကာအနုပညာသည် သာသနာတော်စည်ပင် ပြန့်ပွားလာသည့်အလျောက် အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသမှ တိုက်ရိုက်သော်လည်းကောင်း၊ သီဟိုဠ်နိုင်ငံနှင့် မွန်နိုင်ငံ သုဝဏ္ဏဘုမ္မိမှ တစ်ဆင့်သော်လည်းကောင်း ပျံ့နှံ့ရောက်ရှိလာခြင်း ဖြစ်လေသည်။ စေတီတည်ထားမှု ပြန့်ပွားရာ ရင်းမြစ်ဇာတ်ဖြစ်သော မဇ္ဈိမဒေသတွင်လည်း မြေစိုက်စေတီများ

www.burmeseclassic.com

www.burmeseclassic.com



နောက်မှ မုခ်ခံစေတီ၊ လိုဏ်ဂူပါဘုရားများကို တည်ဆောက်ခဲ့ကြခြင်း ဖြစ်သည်။

စေတီတည်ထားမှု ဗိသုကာပညာတွင် စေတီ၊ ပုထိုး၊ ထူပါဟူသော ဝေါဟာရများကို ကြားဖူးကြပေလိမ့်မည်။ ပုထိုးဟူသည် သသက်ရိုက်ဘာသာ၊ ပရိထု၊ ၎င်းမှ ပါဠိဘာသာ ပုထုသို့ ပြောင်းလဲဆင်းသက်လာသည်ဟု ယူဆရန် ရှိ၏။ အနက်မှာ ကျယ်ပြန့်ခြင်း၊ ကြီးကျယ်ပြန့်ပြောခြင်း၊ အနန္တဂုဏ်နှင့် ပြည့်စုံခြင်း စသည်ကို ပေးပါသည်။

ထူပါဟူသော ဝေါဟာရမှာမူ သသက်ရိုက်ဘာသာ သတူ(ပ်)မှ ဆင်းသက်လာခြင်းဖြစ်၏။ သတု (ပ်)သဒ္ဒါသည် တောင်ပူစာ၊ တောင်ကုန်း ဟူသော အနက်အဓိပ္ပာယ်ကို ဟော၏။ တောင်ပူစာ၊ တောင်ကုန်းပေါ်တွင် တည်ထား၍ အမြတ်တနိုးကိုးကွယ်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့၏ ဆံတော်၊ ဓာတ်တော်တို့ကိုလည်း သတု(ပ်) မည်ကြောင်း သိရ၏။ ၎င်းသတု(ပ်) ဝေါဟာရသည် တုပ်၊ ၎င်းမှသည် ပါဠိမြန်မာဝေါဟာရ ထူပသို့ ရွေ့လျောဆင်းသက်လာသည်ဟု ယူဆနိုင်၏။ သတု(ပ်)ဝေါဟာရသည်ပင်လျှင် ချီးမွမ်းထိုက်သောအနက် ဟောသတုတသဒ္ဒါမှ ပေါက်ဖွားလာသည် ဖြစ်သောကြောင့် စေတီ၊ ထူပ ဟူသော ဝေါဟာရများသည် ပူဇော်ကိုးကွယ်ထိုက်သောအရာ၊ ချီးမွမ်းအပ်သော အရာဟု ပေါ်လွင်လေသည်။ ပုထိုးဟူသည်မှာလည်း အလားတူ အဓိပ္ပာယ် သက်ရောက်ပါသည်။

ထူပဟူသော ဝေါဟာရ၏ အနက်အဓိပ္ပာယ်ကို ထောက်ဆသော် စေတီ၏ မူလသဏ္ဌာန်သည် ကုန်းမို့မို့တောင်ပူစာ ပုံသဏ္ဌာန်ကဲ့သို့ ရှိသည်ဟု ယူဆနိုင်လေသည်။ အသောကမင်း နန်းစံပြီးနောက် ခေတ်နှောင်းကာလတွင် တည်ဆောက်ကိုးကွယ်သော စေတီများမှာ ကုန်းမို့မို့တောင်ပူစာနှင့် တူသော စက်ဝိုင်းခြမ်းပုံသဏ္ဌာန်၏ ညီပြန့်သော ထိပ်ပေါ်တွင် သေတ္တာသဏ္ဌာန် လေးထောင့်ဥာပနာတိုက်၊ ၎င်းအလယ်တွင် ပိန္နဲတိုင်စိုက်ထူကာ ထီးတင်ထားသော စေတီပုံများသာ ဖြစ်လေသည်။ ဤသို့သော မဇ္ဈိမဒေသရှိ စေတီပုံသဏ္ဌာန် မျိုးကို မြန်မာနိုင်ငံ သရေခေတ္တရာ ပျူခေတ်တွင် အထင်အရှားတွေ့ရ၏။ ရှေးဟောင်း သုတေသနဌာနမှ သရေခေတ္တရာ မြို့ဟောင်း၏ ခင်ဘကုန်း၌ တူးဖော်သောအခါ ထီးသုံးဆင့်ပါသော စေတီဝိုင်းနှင့် ငွေခေါင်းပွ စေတီငယ်



နှစ်ဆူကို တွေ့ရှိခဲ့သည်။ ငွေခေါင်းပွစေတီများမှာ အချိုးအစားမြင့်မြင့်လုံးလုံး ရှိပြီး ထီးတော်အဆင့်ဆင့် တပ်ထားပါသည်။ မဇ္ဈိမဒေသဟန် နွယ်ယှက်သော အခါ စက်ဝိုင်းခြမ်းပုံကို ဓာတ်တော်ကြုတ်သဏ္ဌာန် မြင့်မားလုံးဝန်းစွာ မွမ်းမံတည်ဆောက်ထားခြင်းဖြစ်မည်ဟု ယူဆရ၏။

သရေခေတ္တရာပျူခေတ်တွင် တည်ခဲ့သော ဒုတ္တပေါင်မင်း၏ ကုသိုလ်တော် ဘောဘောကြီးဘုရားနှင့် သရမာဘုရားတို့မှာလည်း ဖောင်းရစ်မပါဘဲ လုံးဝန်းမို့မောက်သော သဏ္ဌာန်ဖြင့် ဆောက်တည်ထားသည်ကို တွေ့ရသည်။ ပြူစောထီးမင်း၏ ကောင်းမှုဟု အဆိုရှိသော ပုဂံမြို့ ဘုရားစေတီလုံးသည်ပင် ဘောဘောကြီးဘုရား ပုံသဏ္ဌာန်နှင့် မကွာခြားလှပေ။

ပုဂံခေတ်သို့ ရောက်သောအခါ သီဟိုဠ်ကျွန်းရှိ မဟာစေတီ၊ ထူပါရာမ စသော စေတီများကို အတုယူကာ ထူပါ၏ နေရာကိုယူလာသော ခေါင်းလောင်းပုံသဏ္ဌာန်၊ ၎င်းအထက်တွင် ဟာမိကခေါ် ဓာတ်တော်တိုက်၊ ၎င်းအထက်မှ ချွန်တက်သွားသော ဖောင်းရစ်များဖြင့် တန်ဆာဆင်ခြယ်လှယ်ကာ တည်ဆောက်လာကြသည်။ သီဟိုဠ်လက်ရာဟန်လွှမ်းသော ပုဂံဘုရားများမှ ညောင်ဦးနှင့် ကျောက်ပန်းတောင်းကားလမ်း အထွက်ရှိ ဆဗ္ဗဒဘုရား၊ ပုဂံရှိ စိမ်းညက်ညီမဘုရား၊ ပေါ်တော်မူဘုရား၊ ရွှေဖက်လိပ်ဘုရား စသည်တို့ ဖြစ်လေသည်။

ခေတ်နှောင်းလာသည်နှင့်အမျှ မူလစေတီရိုးရိုးပုံကို ဗိသုကာလက်ရာဖြင့် ပုံသဏ္ဌာန်အမျိုးမျိုး ဖော်ဆောင်ဆောက်လုပ်လာကြသည်။ ပစ္စယာကို အခြေခံ၍ တစ်ဖြိုးတည်းဖြစ်ပြီး လုံးဝန်းသော ခေါင်းလောင်းပုံသဏ္ဌာန်များကို တင်ကာ ၎င်းအထက်မှ ခါးပတ်ဖောင်းရစ်နှင့် ထိပ်ဖူးတို့ကို ချွဲထွင်ပူဇော်ခဲ့ကြသည်။

၁၀ ရာစုခေတ် လက်ရာဖြစ်သော မြင်းကပါစေတီဘုရားမှာ မူလပုံဟောင်းကို အထက်ပါပုံစံအတိုင်း ပြောင်းလဲပြုပြင်ကာ ဆောက်လုပ်ထားခြင်းဖြစ်သည်။ အဆင်တန်ဆာ မကျယ်ဝန်းသေးဘဲ ရိုးရိုးပင်ရှိသော်လည်း ယခုခေတ် စေတီတော်ပုံများ၏ ရှေ့တော်ပြေးဟု ဆိုနိုင်လေသည်။

၎င်းမြင်းကပါစေတီပုံစံကို ပစ္စယာသုံးဆင့်၊ ခေါင်းလောင်းပုံ၊ ငါးပတ်၊ ဖောင်းရစ်၊ ကြာမှောက်ကြာလှန်၊ ထုပိကာ၊ ထောင့်စိုက်စေတီ၊ နတ်လေးအား

www.burmeseclassic.com

www.burmeseclassic.com



စသည်ဖြင့် အဆင်တန်ဆာ အသွယ်သွယ် ခြယ်လှယ်မွမ်းမံလိုက်ရာ အချိုးအစား ကျနပြေပြစ်သော စေတီပုံသဏ္ဌာန်များအသွင်သို့ ပြောင်းလဲလာခဲ့လေသည်။ လောကနန္ဒာစေတီ၊ ညောင်ဦးရွှေစည်းခုံစေတီတော်၊ ဓမ္မရာဇိကဘုရား မင်္ဂလာစေတီ စသည်တို့မှာ အသွင်သစ်ဖြင့် မြင်တွေ့ရသော ပုံသဏ္ဌာန်များ ဖြစ်လေသည်။

အထက်ပါ စေတီပုံသဏ္ဌာန်ပြောင်းလဲမှုကို ကြည့်လျှင် မြန်မာစေတီ ရိုးရိုး၏ သပိတ်မှောက်နှင့် ခေါင်းလောင်းပုံမှာ မဇ္ဈိမဒေသ စေတီတို့မှ တစ်ဆင့်ပြီး တစ်ဆင့် ပြောင်းလဲဆင်းသက်လာခြင်း ဖြစ်သည်ဟု ဆိုနိုင်လေသည်။ ရှေးဦးစွာ အမှုခေါ် စက်ဝိုင်းခြမ်းပုံသဏ္ဌာန်၊ ၎င်းနောက် လုံးဝန်းမြင့်မောက်သော ထူပ ထူပါမှ ပစ္စယာခံ၍ ခေါင်းလောင်းပုံသို့ ပြောင်းလဲလာခြင်း ဖြစ်လေသည်။

မြန်မာနိုင်ငံရှိ ဘုရားစေတီများတွင် ခေါင်းလောင်းပုံ ရှိကြသော်လည်း တစ်ဆူနှင့်တစ်ဆူ အသွင်မတူကြပေ။ ဗိသုကာလက်ရာ မွမ်းမံတန်ဆာဆင်ရာ၌ ကွာခြားသည်နှင့်အမျှ ပုံစံအမျိုးမျိုး ရှိခဲ့သည်။ ခေါင်းလောင်းပုံအချို့မှာ တစ်ဖြိုးတည်းဝန်းဝိုင်းဖြောင့်မတ်၏။ အချို့မှာ အလယ်ပတိုက်၍ နှုတ်ခမ်းထား၏။ အချို့မှာ ပုဝိုင်းသယောင်ရှိလေသည်။ ပစ္စယာကို အခြေခံ၍ ခေါင်းလောင်းပုံ ထုထည်ကြီးလျှင် ကြီးသည့်အလျောက် ငယ်လျှင်ငယ်သည့်အလျောက် အထက်ပိုင်းသို့ ပြေပြစ်တင့်တယ်အောင် ဆောက်လုပ်ခဲ့၏။ ထို့ကြောင့်ပင် အချို့သော စေတီများမှာ ခေါင်းလောင်းပုံမှ အထက်သို့ သွယ်ပျောင်းငယ်ဝေါင်းစွာ သေးသိမ်နေလေသည်။ အချို့မှာ စေတီလုံး၏ ပြေပြစ်မှုကို ရည်ရွယ်ဟန်ဖြင့် ခေါင်းလောင်းပုံကို အချိုးကျကျ ပုံဖော်ထားသည်။

တစ်ဖန် စေတီ၏ခေါင်းလောင်းပုံ ပတ်လည်တွင် အထက်အောက် အမြှောင်းများ (ကွမ်းတောင်သဖွယ်) အရစ်ကြောင်းများ၊ ဘီလူးပန်းဆွဲများနှင့် အခြားအပြောက်တန်ဆာများ၊ ခြယ်လှယ်တန်ဆာဆင့်လေ့ ရှိခဲ့ကြသည်။ အချို့ဘုရားများတွင် ခေါင်းလောင်းပုံ ပတ်လည်လေးမျက်နှာ၌ မုခ်ကပ်လေးခုထားပြီး ၎င်းအတွင်း၌ ဓမ္မစကြာ မုဒြာဆင်းတုတော်များ ကိန်းဝပ်စေပါသည်။ ခေါင်းလောင်းပုံခါးပတ်၌လည်း ဘီလူးပန်းဆွဲများ တွဲလွဲဆွဲလျက် ပုံဖော်လေသည်။ ထို့ပြင် စေတီအချို့တွင် ဓာတ်တော် မွေတော် ဌာပနာ ပစ္စည်းများကို ခေါင်းလောင်းပုံအတွင်း ဌာပနာထားလေ့ရှိကြောင်း မှတ်သားရမိသည်။



အချုပ်ဆိုရသော် စေတီပုထိုးများတွင် ခေါင်းလောင်းပုံ ထည့်သွင်းဆောက်လုပ်ခြင်းမှာ ကြီးမားသော ရည်ရွယ်ချက်ရှိခြင်း မဟုတ်မူဘဲ စေတီများ၏ ဗိသုကာလက်ရာ ပုံသဏ္ဌာန်အဆင့်ဆင့် ပြောင်းလဲရာမှ သညာတွင် ပေါ်ပေါက်ခဲ့ခြင်းဖြစ်ကြောင်း သိနိုင်သည်။ ထို့ပြင် ဘုရားစေတီရှိ ခေါင်းလောင်းပုံသဏ္ဌာန်သည် တစ်ခုနှင့်တစ်ခု တူညီမှုမရှိကြဘဲ အချို့ စေတီများ၏ ခေါင်းလောင်းပုံ အစိတ်အပိုင်းတွင် အပြောက်ခြယ်မွမ်းမံထားကြောင်း တွေ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၀)

## ဈေးပောင်းပစ္စည်းထိန်းသိမ်းရေး

www.burmeseclassic.com

www.burmeseclassic.com

သမိုင်းအမွေအနှစ်ဆိုသည်မှာ နိုင်ငံနှင့်လူမျိုး၏ ရှေးဟောင်းယဉ်ကျေးမှု အနုပညာပစ္စည်းများကို ခေါ်ခြင်းဖြစ်၏။ တစ်ဖန် ရှေးဟောင်းယဉ်ကျေးမှု အနုပညာပစ္စည်းဟူသည် နန်းစဉ်ရတနာများ၊ ရှေးဟောင်းပစ္စည်းများ၊ ခေတ်အလိုက် ပေါ်ပေါက်ခဲ့သော လက်မှုအနုပညာပစ္စည်းများ စသည်တို့ ဖြစ်လေသည်။

အဆိုပါ ပစ္စည်းတို့သည် တစ်နေရာတည်းတွင် စုစည်းတည်ရှိကြသည် မဟုတ်ပေ။ ကျောက်ဂူကြီးများထဲတွင် ရှိချင်ရှိနေမည်။ မြေသားအောက်တွင် ရှိချင်ရှိနေမည်။ ခမ်းနားထည်ဝါသော နေရာများတွင် ဆက်လက် တည်ရှိချင် တည်ရှိမည်။ မည်သို့ဆိုစေ ပညာရှင်တို့သည် တိမ်မြုပ်ပျောက်ကွယ်နေသော ရှေးဟောင်းအနုပညာပစ္စည်းများကို သိပ္ပံနည်းကျ ရှာဖွေကြ၏။ စနစ်တကျ တူးဖော်လေ့လာကြ၏။ အနယ်နယ်အရပ်ရပ်သို့ ကွင်းဆင်းသုတေသနပြု၍ နည်းမျိုးစုံဖြင့် စုဆောင်းထိန်းသိမ်းကြ၏။

မြန်မာနိုင်ငံသည် ရှေးဟောင်းအမွေအနှစ် ပစ္စည်းများနှင့် သမိုင်းဆိုင်ရာ မှတ်တမ်းမှတ်ရာများ ပေါများလှသော နိုင်ငံဖြစ်သည်။ သမိုင်းသုတေသီနှင့် ရှေးဟောင်းသုတေသန ပညာရှင်တို့၏ ကျေးဇူးကြောင့် တိမ်မြုပ်နေသော ယဉ်ကျေးမှု အမွေအနှစ်များ ပြန်လည်ပေါ်ထွက်လာရသည်လည်း ရှိ၏။ မဖော်ထုတ်နိုင်သေးခြင်းကြောင့် တိမ်မြုပ်နေသည်လည်း ရှိ၏။ မည်သို့ဆိုစေ မည်သည့်တိုင်းနိုင်ငံ၏ သမိုင်းဆိုင်ရာ မှတ်တမ်းမှတ်ရာများ ပြည့်စုံသည်ဟု မဆိုသာ။ ရှာဖွေတွေ့ရှိသမျှ သမိုင်းအထောက်အထားများ၊ ယဉ်ကျေးမှု ပစ္စည်းများကို အကဲဖြတ်ကောက်ချက်ချကာ ဟာကွက်များကို ဖြည့်ဆည်းပေးရမြဲ ဖြစ်သည်။



သမိုင်းဝင်ပစ္စည်းနှင့် အတိတ်ဖြစ်စဉ် မှတ်တမ်းမှတ်ရာများကို ရှာဖွေတွေ့ရှိလျှင်လည်း ပြတိုက်ကြီးများအတွင်း ကမ္ဘာချင်အောင် သွင်းနှံ့ထိန်းသိမ်းထားကြစမြဲ။ ရှေးဟောင်းလက်ရာ အမွေအနှစ်များကိုလည်း မပျောက်ပျက်အောင် ပြုပြင်မွမ်းမံကြစမြဲ။ ထိန်းသိမ်းစောင့်ရှောက် သိုမှီးကြစမြဲ။

ဤသို့ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို ကျားကုတ်ကျားခဲ ရှာဖွေစုဆောင်း ထိန်းသိမ်းကြရခြင်းမှာ အဘယ်ကြောင့်ပါနည်း။

စင်စစ် သမိုင်းအမွေအနှစ်ဟူသည် လူမျိုးတစ်မျိုးအတွက် ဂုဏ်ယူစရာ ပစ္စည်းဖြစ်၏။ အတိတ်သမိုင်းဖြစ်စဉ်၏ အမှတ်အသားများကို အထင်အရှား လက်ဆုပ်လက်ကိုင် ပြနိုင်သည်နှင့်အမျှ ထိုပြနိုင်သူ လူမျိုးစု၏ ဂုဏ်အရှိန်သည် မြင့်မားထည်ဝါလေသည်။ အတိတ်ဖြစ်စဉ် သို့မဟုတ် သမိုင်းမှတ်တမ်းများမရှိသူ၊ သို့မဟုတ် ရှိပါလျက် အစအနရှာမရအောင် ပျောက်ဖျက်ခံရသူများမှာ ညွှန်ပြစရာ သက်သေခံပစ္စည်းမရှိသဖြင့် ကမ္ဘာ့အလယ်တွင် မျက်နှာငယ်လှပေသည်။ ထို့ကြောင့် လူမျိုးတစ်မျိုး၏ အတိတ်သမိုင်းဖြစ်စဉ်သည် ထိုလူမျိုး၏ အသက်တမျှ တန်ဖိုးကြီးလှပေသည်။

ထို့ပြင် အတိတ်သမိုင်းကို လေ့လာဖော်ထုတ်ရာ၌ ရှေးဟောင်းအနုပညာပစ္စည်းများသည် အရေးပါလှသော အထောက်အထားပစ္စည်းများ ဖြစ်ကြသည်။ အတိတ်ခေတ် အသီးသီးမှ လူသားတို့၏ ယုံကြည်ကိုးကွယ်မှု၊ လက်မှုအနုပညာ၊ စီးပွားရေး အခြေအနေအဆင့်အတန်း၊ တစ်ဒေသမှ တစ်ဒေသသို့ ယဉ်ကျေးမှု ပျံ့နှံ့သောအကြောင်း စသည်တို့ကို ထင်ထင်ရှားရှား ဖော်ညွှန်းသော သက်သေခံပစ္စည်းများလည်း ဖြစ်ကြသည်။

ဤအချက်များကြောင့်ပင် သမိုင်းအမွေအနှစ်ဖြစ်သော ရှေးဟောင်းယဉ်ကျေးမှု အနုပညာပစ္စည်းများကို ရှာဖွေစုဆောင်း ထိန်းသိမ်းကြခြင်း ဖြစ်လေသည်။

လူမျိုးတည်သမျှ ယဉ်ကျေးမှုတည်တံ့၍ ယဉ်ကျေးမှု ကွယ်ပျောက်လျှင် လူမျိုးပါပျောက်တတ်သည်မှာ အမှန်ဖြစ်၏။ မြန်မာနိုင်ငံ၌လည်း ရှေးဟောင်းပစ္စည်းများ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးတာဝန်ကို အမျိုးသားရေးတာဝန်ကြီးတစ်ရပ်အနေနှင့် စွဲမြဲစွာ ခံယူကျင့်သုံးလျက် ရှိနေပေသည်။ ထိုသို့ ကျင့်သုံးရာ၌ ပိုမိုထိရောက် ကျယ်ပြန့်စေရေးအတွက် ရှေးဟောင်းပစ္စည်းများ

www.burmeseclassic.com

www.burmeseclassic.com



ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေး ဥပဒေကို ၁၉၆၂ ခုနှစ်တွင် ထုတ်နုတ်ပယ်ဖျက် ဖြည့်စွက်ချက်များနှင့်အတူ ပြန်လည်ပြင်ဆင် ပြဋ္ဌာန်းခဲ့ပေသည်။

၄င်းအက်ဥပဒေအရလည်း ရှေးမြို့တော်ဟောင်းများ တူးဖော်လေ့လာမှု၊ စေတီပုထိုးများ ပြန်လည်ပြင်ဆင်မှုနှင့် အဖိုးထိုက်တန်သော ရှေးဟောင်းပစ္စည်းများကိုပါ ထိန်းသိမ်းစောင့်ရှောက်ပေးလျက် ရှိလေသည်။ ယဉ်ကျေးမှုအနုပညာဦးစီးဌာနမှလည်း ရှေးဟောင်းအမွေအနှစ်များကို လေ့လာဖော်ထုတ်သူများအား ဆုချီးမြှင့်ခြင်း၊ ဂုဏ်ပြုလက်မှတ်ပေးအပ်ခြင်းများ ပြုလုပ်ပါသည်။ ရှားပါးသော သမိုင်းအမွေအနှစ်များကို အပ်နှံသူများအားလည်း ထိုက်သင့်သလို အရေးပေးချီးမြှင့်သည်မှာ မျက်မြင်သာဓက ဖြစ်လေသည်။

သို့ရာတွင် မြန်မာနိုင်ငံ၌ တွေ့ရှိရသော သမိုင်းဆိုင်ရာ ရှေးဟောင်းအမွေအနှစ်များမှာ များပြားလှသည့်အလျောက် နိုင်ငံတော်အစိုးရက တာဝန်ယူ မစောင့်ရှောက်နိုင်သည်လည်း ရှိလေသည်။ ဤအချက်ကို အခွင့်ကောင်းယူ၍ မသမာသူတို့က သမိုင်းအမွေအနှစ်များ၊ ရှေးဟောင်း ပစ္စည်းများကို အနောက်နိုင်ငံမှ ပုဂ္ဂလိကစုဆောင်းသူတို့ထံသို့ လည်းကောင်း၊ အနုပညာပစ္စည်း မှောင်ခိုသူတို့ထံသို့လည်းကောင်း ခိုးယူရောင်းစားနေကြသည်မှာ အလွန်အမင်း ကျယ်ပြန့်နေပေပြီ။

ပြဿနာ၏ အစကား နိုင်ငံခြားခရီးသည်တို့သည် အိမ်သားတို့ကိုပြရန်၊ မှတ်တမ်းဓာတ်ပုံအဖြစ် စုဆောင်းရန်၊ ဘုရားကျောင်းကန်တို့မှ ရှေးလက်ရာ အပိုင်းအစ တစ်စတစ်စဆိုသလို ယူဆောင်လေ့ရှိသည်။ ဓာတ်ပုံဖြင့် မှတ်တမ်းတင်လေ့ရှိသည်။ ယင်းမှစ၍ အရှေ့တောင်အာရှဒေသ၏ ယဉ်ကျေးမှုအနုပညာလက်ရာတို့မှာ အနောက်ဥရောပနိုင်ငံများ အလယ်တွင် ဝင့်ထည်ခဲ့၏။ လူအများကို စိတ်ပါဝင်စားစေခဲ့ကြသည်။ ယခင်က တရုတ်နှင့် ဂျပန်ကိုသာ စိတ်ဝင်စားခဲ့ကြသော ဥရောပသားတို့သည် အရှေ့တောင်အာရှရှိ နိုင်ငံတိုင်းလိုလိုမှ အနုပညာလက်ရာအမွေအနှစ်များကို မျက်စိကျစပြုခဲ့၏။ ထို့ကြောင့်ပင် လွန်ခဲ့သော ဆယ်နှစ်တာကာလမှစ၍ ရှေးဟောင်းအနုပညာလက်ရာတို့ကို တရားမဝင် အရောင်းအဝယ်လုပ်လာကြသည်။

မြန်မာနိုင်ငံတွင် ဘုရားကျောင်းကန်တို့မှ သစ်သားပန်းပုရုပ်များ၊ ရွှေချရုပ်ပွားတော်၊ ကြေးဆင်းတုတော်တို့မှာ မကြာခဏ အခိုးခံနေရပေသည်။



ထိုမျှ မကသေး။ အထည်ကိုယ်ခြပ် သေးငယ်သော ရှေးဟောင်းအလေးများ၊ ကြေးထည်ပစ္စည်းများနှင့် အခြားလက်မှုအနုပညာ ပစ္စည်းများမှာလည်း မသမာသူတို့ နည်းအမျိုးမျိုးဖြင့် ခိုးယူရောင်းစားခြင်းကို ခံနေရသည်။

မြန်မာနိုင်ငံ ပဲခူးတိုင်း မော်ဓာမြို့ရှိ သရေခေတ္တရာ ရှေးဟောင်းသုတေသနပြတိုက်၌ ပြသထားသော ပျူပန်တျာကြေးရုပ်ငယ်ငါးခုအနက် ကြေးရုပ်ငယ်လေးခုမှာ ၁၉၆၇ ခုနှစ်၊ မတ်လ ၆ ရက်နေ့ညတွင် အခိုးခံရသည်။ ယင်းကြေးရုပ်များ ပျောက်ဆုံးပြီး ၁၆ နှစ်အကြာတွင် သက်ဆိုင်ရာ သံရုံးမှတစ်ဆင့် နယူးယောက်မြို့မှ ရှေးဟောင်းပစ္စည်းနှင့် အနုပညာလက်ရာပစ္စည်းများ စုဆောင်းရောင်းဝယ်ဖောက်ကားသူ မစ္စတာရောဗတ်အယ်လ်စဝပ်သ်က ယင်းပစ္စည်းများကို မူလပိုင်ရှင်ဖြစ်သော ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန ဦးစီးဌာနသို့ ပြန်လည်ပေးအပ်သဖြင့် ၁၉၈၃ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့တွင် လက်ခံရရှိခဲ့ပေပြီ။

စင်စစ် အနုပညာပစ္စည်း ကုန်သွယ်ရောင်းဝယ်မှု ဤမျှစည်ပင်နေခြင်းမှာ ငွေကြေးအမြောက်အမြား စိုက်ထုတ်လုပ်ကိုင်၍ ဖြစ်ရသည်။ အရောင်းအဝယ်မှာ အနုပညာပစ္စည်း သူခိုးတို့မှ စတင်လျက် ပြတိုက်နှင့် စုဆောင်းသူတို့၏ လက်ဝယ် အဆုံးသတ်လေသည်။ ရှေးဟောင်းပစ္စည်း၏ တန်ဖိုးမှာလည်း ခေတ်ကာလလိုက်၍လည်းကောင်း၊ ပစ္စည်း၏ရှေးကျမှုကို လိုက်၍လည်းကောင်း၊ လက်ရာအနုအရင့်ကိုလိုက်၍ လည်းကောင်း ကွာခြားကြသည်။

မြန်မာနိုင်ငံတွင် တွေ့ရသော အနုပညာပစ္စည်း ခိုးထုတ်မှုတို့မှာ တိုင်းရင်းသား သစ္စာဖောက် မသမာသူ သူခိုးများမှ စတင်လေသည်။ ၄င်းအနုပညာပစ္စည်းသူခိုးတို့ ခိုးယူရောင်းချချင်လာအောင်လည်း မက်လုံးပေး၍ ခိုင်းစေကြသည် မဟုတ်လော။ စင်စစ် မြန်မာနိုင်ငံ၌ ရှေးဟောင်းပစ္စည်းအရောင်းအဝယ်ကို လုပ်ကိုင်ကြရိုး ထုံးစံမရှိပါ။ ဤသို့ အရောင်းအဝယ်လုပ်၍ မဖြစ်သောအခါ အရှင်ရှိသောပစ္စည်းကို လှည့်လည်ရှာဖွေ ခိုးယူရတော့သည်။ ၄င်းမှစ၍ အနုပညာပစ္စည်း ခိုးယူမှုများ ကြုံလာရ၏။ ထိုအနုပညာသူခိုးတို့က ခိုးယူရရှိသော ပစ္စည်းကို အနုပညာပစ္စည်းရောင်းဝယ်သူ မှောင်ခိုသမားများထံသို့ ဈေးသွင်းရသည်။ ကြိုက်ဈေးပေး၍ ဝယ်သောကြောင့် ထိုမျှငွေမှာ မက်မောဖွယ်ရာလည်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖန် အနုပညာပစ္စည်းရောင်းဝယ်သူမှတစ်ဆင့် နိုင်ငံခြားဈေးကွက်သို့ တင်သွင်းကာ မူလဈေးထက် လေးငါးဆဈေးတင်ရောင်းသည်။ တစ်ဖန် တစ်ဆင့်ခံဝယ်သူက အနောက်ဥရောပသို့ မိမိဝယ်ရင်းဈေးထက် အဆမတန် ဈေးတင်ရောင်းချပြန်သည်။ ဤသို့ဖြင့် ရှေးဟောင်းအနုပညာပစ္စည်းတစ်ခု၏ တန်ဖိုးသည် တစ်ဟုန်ထိုး ကြီးထွားတိုးတက်လာလေသည်။

ကိုယ်တွေ့ဖြစ်ရပ်တစ်ခုကို တင်ပြလိုပါသည်။

မြန်မာ့ရှေးဟောင်းပစ္စည်း ဝယ်ယူသူများဟု အမည်ခံထားသော လူနှစ်ယောက်သည် ပခုက္ကူမြို့နယ် အရှေ့ကျေးလက်တောရွာများသို့ တစ်ရွာဝင် တစ်ရွာထွက် ရောက်လာခဲ့ဖူးသည်။ ဘုန်းတော်ကြီးကျောင်းများရှိ ကျောင်းထိုင်ဆရာတော်များထံသို့လည်းကောင်း၊ ရပ်ရွာလူကြီးအချို့ထံ၌လည်းကောင်း၊ သန္တလျင်းရှိက ဝယ်လိုကြောင်း၊ အဖိုးသားနားအတွက် ပစ္စည်းကိုကြည့်၍ ရာမှသည်ထောင်ချီလျက် သတ်မှတ်ပေးမည်ဖြစ်ကြောင်း စကားကမ်းလှမ်းကြသည်။ ယုတ်စွအဆုံး ကိုင်တွယ်မရလောက်အောင် ဆွေးမြေ့ပျက်စီးနေလို့လည်း ဝယ်မည်ဟုဆို၏။

ဒေသခံအများစုက သန္တလျင်းဆိုသည်ကို မကြားဖူး၍ မသိကြောင်း၊ မရှိကြောင်း အကြောင်းပြန်သည်။ ရှေးဟောင်းပစ္စည်းအဝယ်တော်များ စိတ်ပျက်ကာ ပြန့်လှည့်သွားကြသည်။ နောက်သုံးလေးရက်ခန့်တွင် ပခုက္ကူမြို့နယ်၊ ဆင်မင်းရွာ၊ ဘုန်းတော်ကြီးကျောင်းတိုက်မှ မြန်မာ့ရှေးဟောင်း ပစ္စည်းတစ်ခုဖြစ်သော သန္တလျင်းကို ငွေသုံးရာပေး၍ ဝယ်ယူရရှိသွားကြောင်း သတင်းကို ကြားရလေသည်။

စင်စစ် သန္တလျင်းဆိုသည်မှာ ကတ္တီပါအနက် (အရောင်အမျိုးမျိုးရှိပါသည်။) ခံတွင် ဘော်ကြယ်များ၊ ရွှေခြည်များဖြင့် စီခြယ်ထိုးချုပ်ထားသော ရှေးဟောင်းကတ္တီပါကားမျိုး (ယခုခေတ် အငြိမ့်များတွင်သုံးသော နောက်ခံကတ္တီပါ ပိတ်ကားမျိုး) ဖြစ်လေသည်။ ရှေးခေတ်မင်းမိဖုရားဆိုင်ရာ ဒုမင်္ဂလာပွဲများ၊ ဘုန်းကြီးပျံများတွင် အလောင်းတော်၊ သို့မဟုတ် ခေါင်းတလားကို ဖုံးလွှမ်းသောပစ္စည်းဖြစ်၏။

မြန်မာအဘိဓာန်အကျဉ်းချုပ်စာအုပ်တွင်လည်း မဟာလ္လတာတန်ဆာကို



သာ ဘုန်းကြီးပျံစသည်တွင် ခေါင်းတလားဖုံးအုပ်ရန် ကနုတ်ပန်းများ၊ ရုပ်ကြွများကို ရွှေခြည်ငွေခြည်ဖြင့် ထိုးချုပ်ထားသည့် အထည်လွှာဟု အနက်ပေးထားကြောင်း တွေ့ရပါသည်။

မည်သို့ဆိုစေ သန္တလျင်းမှာ ရှေးခေတ်အမင်္ဂလာ အခမ်းအနားများတွင်သာ သုံးစွဲခဲင်းကျင်းကြသဖြင့် အသုံးနည်းပါးသည့်အလျောက် ယခုအခါ ရှားပါးသော ရှေးဟောင်းပစ္စည်းကို ဝယ်ယူကြခြင်းမှာ ယဉ်ကျေးမှု အမွေအနှစ်ကို ဝယ်ယူထိန်းသိမ်းလို၍တော့ ဟုတ်ဟန်မတူပေ။ သန္တလျင်းကို နယ်စပ်မှောင်ခိုဈေးကွက်တွင် တင်ပို့ရောင်းချလို၍ပင်ဖြစ်သည်။ နိုင်ငံခြားဈေးကွက်တွင် သန္တလျင်တစ်ခု၏ တန်ဖိုးမှာ ဒေါ်လာတစ်ရာ၊ နှစ်ရာအထိ ဈေးရှိသည်ဟု သိရ၏။

အထက်ပါဖြစ်ရပ်ကို ကောက်ချက်ချလျှင် ရှေးဟောင်းအနုပညာပစ္စည်း၏ တန်ဖိုးကို မသိသူ၊ အလေးမထားသူ၊ မသိနားမလည်သူတို့ကြောင့် အနုပညာပစ္စည်းမှောင်ခိုသူတို့ထံ ရှေးဟောင်းအမွေအနှစ်များ ပါသွားရခြင်းဖြစ်သည်။ တစ်ဖန် မှောင်ခိုမသမာသူတို့ကလည်း ငွေရရှိရေးဟူသော လောဘဇောဖြင့် မိမိတို့၏ ဘိုးဘွားအမွေအနှစ်များကို ရောင်းစားနေကြခြင်းဖြစ်ကြောင်း သိနိုင်လေသည်။

ထို့ကြောင့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များအား အမျိုးသားရတနာများအဖြစ် ကာကွယ်စောင့်ရှောက်ရန် အရေးကြီးကြောင်းကို နိုင်ငံတော်အစိုးရက ပြည်သူလူထုအား ထိရောက်စွာ ပညာပေးရန် ကျယ်ပြန့်စွာ အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည်။ ထို့ပြင် ယဉ်ကျေးမှုဆိုင်ရာ ပစ္စည်းများ တရားမဝင်ရောင်းဝယ်မှုကို ပိတ်ပင်ဟန့်တားခြင်းနှင့် ထိုက်သင့်သလို အပြစ်ပေးအရေးယူခြင်းများကို ဆောင်ရွက်နေသည်။ ထို့မျှမက ရှေးဟောင်းပစ္စည်းများကို ဥပဒေမဲ့ ဖောက်ကားရောင်းဝယ်သမှု ပြုသူများကိုလည်း စာရင်းပြုစုထားသင့်သည်။

သို့တိုင် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်မှုဖြင့် ပြည့်စုံလုံလောက်ပြီဟု မဆိုသာပေ။ နိုင်ငံအတွင်းရှိ ပြည်သူလူထုက မိမိတို့၏ ဘိုးဘွားအမွေဖြစ်သော ရှေးဟောင်းအနုပညာလက်ရာ ပစ္စည်းများကို မဆုံးရှုံး မပျောက်ပျက်အောင်

www.burmeseclassic.com

www.burmeseclassic.com



တာဝန်သိသိ သစ္စာရှိရှိဖြင့် ထိန်းသိမ်းစောင့်ရှောက်ရန်မှာ အရေးကြီးသော အမျိုးသားရေးတာဝန်တစ်ရပ်ဟု ဆိုချင်ပါတော့သည်။

## ကျမ်းကိုးစာရင်း

### မှုရင်းအထောက်အထားများ

(၁) ဆင်ဖြူရှင်မင်းတရား ကောင်းမှုတော် ခေါင်းလောင်းစာ၊ ညောင်ဦးမြို့နယ်။
(၂) တိလောက ခေါင်းလောင်းစာ၊ မုံရွေး၊ ချောင်းဦးမြို့နယ်။
(၃) သျှင်ချစ်ဆုမ်ကောင်းမှု ခေါင်းလောင်းစာ၊ ပခန်းကြီး၊ ရေစကြိုမြို့နယ်။
(၄) ရှင်ပညာဂမ္ဘီ ခေါင်းလောင်းစာ၊ ပခန်းကြီး၊ ရေစကြိုမြို့နယ်။
(၅) ရွှေကြက်ယက်နေ အမြောက်မှူး ခေါင်းလောင်းစာ၊ ပခန်းကြီး၊ ရေစကြိုမြို့နယ်။
(၆) ဒီပင်္ကရာဘုရား၊ ခေါင်းလောင်းစာ၊ ကွမ်းရွာ၊ ပခုက္ကူမြို့နယ်။
(၇) သီဟိုဠ်ရှင်ဘုရားခေါင်းလောင်းစာ၊ ပခုက္ကူမြို့နယ်။
(၈) ဖိုဝင်တောင်ဘုရား ခေါင်းလောင်းစာ
(၉) ရွှေမြင်တင်ဘုရား ခေါင်းလောင်းစာ၊ မြိုင်မြို့။
(၁၀) ဗားကရားခေါင်းလောင်းစာ၊ မြိုင်မြို့။
(၁၁) ရှင်မတောင်ဘုရား ခေါင်းလောင်းစာ၊ ပခန်းကြီး၊ ရေစကြိုမြို့နယ်။
(၁၂) လက်စွတ်ရှင်ဘုရား ခေါင်းလောင်းစာ၊ ကျွန်းလှယဉ်၊ ရေစကြိုမြို့နယ်။
(၁၃) တာဝတိံသာဘုရားခေါင်းလောင်းစာ၊ ပခုက္ကူမြို့နယ်။
(၁၄) ဖောင်တော်ဦးဘုရား ခေါင်းလောင်းစာ၊ ပခုက္ကူမြို့နယ်။
(၁၅) ရွှေနတ်တောင်ဘုရား ခေါင်းလောင်းစာ၊ ရွှေတောင်မြို့။

www.burmeseclassic.com

www.burmeseclassic.com



(၁၆) လေးမျက်နှာဘုရား (ပတိမ်းမှူး) ခေါင်းလောင်းစာ၊ ရေစကြိုမြို့။
(၁၇) လေးမျက်နှာဘုရား(မောင်စို)ဘုရားခေါင်းလောင်းစသာ၊ ရေစကြိုမြို့။
(၁၈) ရွှေချက်သိုစေတီ ခေါင်းလောင်းစာ၊ ရွှေဘိုမြို့။
(၁၉) ပြည်ရွှေဆံတော် ခေါင်းလောင်းစာ၊ အမှတ် (၄)
(၂၀) မန့်နောင်ရွာဘုရား ခေါင်းလောင်းစာ၊ မိုးကောက်မြို့နယ်။
(၂၁) ရှင်ပင်ဘုန်းပေါင်ဘုရား ခေါင်းလောင်းစာ၊ ချောက်တောင်ရွာ၊ မြိုင်မြို့နယ်။
(၂၂) မြသလွန်ဘုရား ကောင်းမှုတော် ခေါင်းလောင်းစာ၊ မကွေးမြို့။
(၂၃) လေးမျက်နှာဘုရား (မယ်လှည့်) ခေါင်းလောင်းစာ၊ ရေစကြိုမြို့။
(၂၄) အဘိမဟာဃဏ္ဍာ ခေါင်းလောင်းစာ၊ ရွှေတိဂုံ၊ ရန်ကုန်။
(၂၅) မအူအောက်ဆိပ်ဘုရား ခေါင်းလောင်းစာ၊ ရေစကြိုမြို့နယ်။
(၂၆) မင်းကွန်းခေါင်းလောင်းတော်
(၂၇) စဥ့်ကူးမင်း ခေါင်းလောင်းတော်
(၂၈) သာယာဝတီမင်း ခေါင်းလောင်းတော်
(၂၉) ပြည်ရွှေဆံတော် (ပြည်တော်ပြန်) ခေါင်းလောင်း၊ ပြည်မြို့
(၃၀) စစ်ကိုင်းမင်းသားတော် ခေါင်းလောင်းတော်၊ ကောင်းမှုတော်ဘုရား၊ စစ်ကိုင်း။

# စာအုပ်စာတမ်းများ


၁။ ကုလား၊ ဦး-မဟာရာဇဝင်ကြီး (ပ၊ ဒု၊ တ)၊ ရန်ကုန်၊ မြန်မာနိုင်ငံ သုတေသနအသင်း၊ ၁၉၆၀။

၂။ ကျော်ထွန်း၊ ဦး-မြန်မာစာညွှန့်ပေါင်းကျမ်း (ဒုတိယတွဲ)၊ ရန်ကုန်၊ အစိုးရပုံနှိပ်တိုက်၊ ၁၉၅၂။

၃။ ပို-ဒေါ်၊ မြန်မာစာညွှန့်ပေါင်းကျမ်း (ဆဋ္ဌမတွဲ)၊ ရန်ကုန်၊ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးပညာ ပြန့်ပွားရေးစာစဥ်၊ ၁၉၉၃။

၄။ ကြန်၊ ဒေါ်- ရတနာပုံခေတ်စက်ရုံများ၊ စာပေနှင့် လူမှုရေးသိပ္ပံဂျာနယ်၊ အတွဲ (၁)၊ အမှတ် (၁)

၅။ စာပေဗိမာန် မြန်မာစွယ်စုံကျမ်း (အတွဲ - ၃၊ ၅) ရန်ကုန်၊ မြန်မာနိုင်ငံဘာသာပြန်စာပေမသင်း၊ ၁၉၆၁။

၆။ တင်၊ ဦး- မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းနှင့် ဘိုးတော်ဘုရား၏ ရာဇသတ်ခေါ်သော အမိန့်တော်တမ်းကြီး (ပထမတွဲမှ ပဉ္စမတွဲအထိ) ရန်ကုန်၊ အစိုးရပုံနှိပ်တိုက်။

၇။ ဒဂုန်နတ်ရှင်၊ မြန်မာရိုးရာလုပ်ငန်း ဆယ်ပွင့်ပန်း၊ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၇၈။

၈။ ထွန်းရှိန်၊ နတ်မောင်-မန္တလေးယဥ်ကျေးမှု အနုပညာ၊ ရန်ကုန်၊ ပညာ့ဗိမာန်ပုံနှိပ်တိုက်၊ ၁၉၇၉။

၉။ နဝဒေးကြီး၊ ပထမ၊ နဝဒေးရတုပေါင်းချုပ်၊ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၄။

၁၀။ ပုညု၊ ဦး-ဦးပုည မေတ္တာစာ။


www.burmeseclassic.com

www.burmeseclassic.com




၁၁။ ဖာနီဗယ်၊ ဂျေ။ အဲ့စ်နှင့် ဖေမောင်တင်၊ ဓမ္မုဒ္ဒီပဦးဆောင်းကျမ်း၊ ရန်ကုန်၊ မြန်မာနိုင်ငံ သုတေသနအသင်းစာစဉ် (၂)၊ ၁၉၆၀။

၁၂။ ဘကြီးတော်ဘုရား ခန့်အပ်သူများ၊ မှန်နန်းရာဇဝင်တော်ကြီး၊ (ပ၊ ဒု၊ တ) မန္တလေး၊ ပိဋကတ်စာအုပ်တိုက်။

၁၃။ မဟာဓေယျသခ်ယာ၊ ဝေါဟာရလီနတ္ထဒီပနီ၊ ရန်ကုန်၊ ဟံသာဝတီ ပုံနှိပ်တိုက်။

၁၄။ မဟာရဋ္ဌသာရ၊ ရှင်-စတုဓမ္မသာရကိုးခန်းပျို့။

၁၅။ မောင်မောင်တင်၊ ဦး-ကုန်းဘောင်ဆက် မဟာရာဇဝင်တော်၊ ရန်ကုန်၊ လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်။

၁၆။ ရွှေနန်းသုံးဝေါဟာရအဘိဓာန် (ပတွဲ)၊ ရန်ကုန်၊ သာသနာရေး ဦးစီးဌာန၊ ၁၉၇၅။

၁၇။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဌာနချုပ် - အခြေပြမြန်မာ့နိုင်ငံရေး သမိုင်း (ပ၊ ဒု)

၁၈။ ရှင်ထွေးညို၊ ပြည်စုံမော်ကွန်း၊ ရန်ကုန်၊ ဟံသာဝတီ၊ ၁၉၆၃။

၁၉။ ရွှန်း၊ ဦး-ဥမ္မာဒန္တီပျို့။

၂၀။ လှ၊ ဦး၊ လူထု၊ သတင်းစာများသည် သမိုင်းကိုပြောနေကြသည်။ မန္တလေး။ ကြီးပွားရေးပုံနှိပ်တိုက်၊ ၁၉၆၃။

၂၁။ သန်းထွန်း၊ ဒေါက်တာ နယ်လှည့်ရာဇဝင် (တွဲ- ၁၊ ၂၊ ၃) ရန်ကုန်၊ နံ့သာပုံနှိပ်တိုက်။

၂၂။ ------ အသစ်မြင်ဗမာ့သမိုင်း၊ မန္တလေး၊ သုခဝတီပုံနှိပ်တိုက်၊ ၁၉၇၅။

၂၃။ ဇမောင်၊ ဦး-ပုဂံကျောက်စာလက်ရွေးစင်၊ ရန်ကုန်၊ ပညာနန္ဒ ပုံနှိပ်တိုက်၊ ၁၉၅၈။

၂၄။ အဋ္ဌသမာဓိ၊ ရှင်-နေမိဘုံခန်းပျို့။

၂၅။ Reader's Digest, 1975